www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


သုတ်ိအရေး

အောင်သန်းထွန်း ၄။

ရွှေမင်းသား၊ ရွှေမင်းသမီး

လင်းနိုင်ဦး ၁၀။
သရုပ်ဆောင်အလုပ်ကို
ငယ်ငယ်ကတည်းက
ရူးသွပ်ခဲ့တယ်

One Minute Interview

လင်းနိုင်ဦး ၁၁။
ဝေလ
နီနီခင်ဇော်
ဆန်နီချိုးဘား

လူမှုဝန်းကျင်

လင်းနိုင်ဦး ၃၀။
ပလေးဘွိုင်သန်းနိုင်
ဂီတသက်တမ်း
နှစ် ၅၀ ပြည့်
အမှတ်တရဖျော်ဖြေပွဲ

ရွှေရုပ်ရှင်

မိုးကျော်ထွန်း ၂၄။
မြန်မာနှစ်ဆန်းမှာ
ကြည့်ရမယ့်
လော်မင်္ဂလာ

လင်းနိုင်ဦး ၄၄။
ထူးထူးခြားခြား
ရိုက်ပြထားတဲ့
ရာဇဝင်ရိုင်းသူများ

နိုင်ငံတကာစာမျက်နှာ

ဇာနည်ညိမ်း ၃၀။
အိမ်ထောင်ရှင်မ
ဂျူဖာလိုပက်ဇ်

ရာပြည့် ၅၀။
ပေါ့ပ်ဘုရင်မ
မဒေါနားနှင့်
တွေ့ဆုံခြင်း

ရွှေဝတ္ထု

၁၀၂။ ကြူးနွစ်
ဇာတ်ကောင်များ

၁၀၈။ နေနီ၊ ပင်လယ်ပြာ၊
သင်ရိုး

၁၁၈။ ဆေားဆော
အတိတ်ပန်းချီ

၁၃၄။ မွန်းထူး
နဂါးပွက်အိုင်က
အိမ်ထောင်ရေး

၁၄၄။ ငွေဇင်ယော်ဦး
၊မိုးကုတ်၊
သွေ့ဘက်

၁၅၂။ နိုင်မြင့်
ပစ်လိုက်သောမြား

၁၅၈။ ယဉ်ယဉ်နု၊ မန္တလေး၊
ဦးတင့်တယ်နှင့်
တွေ့ဆုံခြင်း

၁၆၄။ သျှင်ဆန်းမောင်
ခြေလေးချောင်းရှိသော
မိဘနှင့်
ခြေနှစ်ချောင်းရှိသောမိဘ

၁၈၀။ အရှုတ္တ
အဆန်ချောင်

၁၈၆။ ရွှေသင်
အပေးတစ်မူ၊
အယူတခြား
အပေးအယူ ညီမှာတဲ့လား

၁၉၂။ အောင်ဖြိုးကျော်၊ ပခုက္ကူ၊
ရေမွှန်းငါး

၁၉၈။ ရေအေး
တိမ်ဖုံးတဲ့လ

၂၀၆။ သံလျှင်ကို၊ မော်လမြိုင်၊
ညရဲ့အရိပ်များ

၂၁၂။ လမင်းမောင်မောင်
မုဆိုးတစ်ယောက်
မျက်စိလည်နေသည်




www.burmeseclassic.com

www.burmeseclassic.com

ရုပ်စုံမဂ္ဂဇင်း

အမှတ်၁၀၅၊ ဧပြီ၊ ၂၀၁၅

**ဝင်းငြိမ်း** စီစဉ်တည်းဖြတ်သည်




**ရွှေနှလုံးသား**

ရှုညီညီ့လေး ၇၆။
နေရာ

**ရွှေဝတ္ထုရှည်စ/ဆုံး**

သိုက်ထွန်းသက် ၉၂။
မြင်းခွာတစ်ဖက်မြောက်
ဂေါ်ဝိန်

ဒေါင်းနေမင်း ၁၂၄။
တစ်ခုလပ်၊ နှစ်လင်ကွာ
ကလေးပါ မုဆိုးမ

**ရွှေအခန်းဆက် ဝတ္ထုရှည်**

မောင်သာရ ၂၃၀။
အို ဘယ့်ဘယ်
အိုဘယ့်အမိငယ်

**ရွှေဝတ္ထုများကို**
**ပြန်လည်တူးဖော်ခြင်း**

သိန်းဖေမြင့် ၁၃၂။
ရှင်သုမန

**ရသစာတမ်း**

မြေလတ်မောင်မြင့်သူ ၈၆။
ကြယ်တစ်ကြွေစာ

**အမှတ်တရစာစု**

ဖြိုးထိန် ၁၄၀။
မောင်ခိုင်မာရဲ့
ဘဝကထာ၊ ဘဝကဗျာ

**ရွှေအသစ်**

———— ၂၂၀။
———— ၂၂၆။
———— ၂၃၂။

**ရွှေသုတ**

၆၂။ **မေပွင့်ကြူဦး**
ဟိမဝန္တာဒေသများသို့(၆)

၆၈။ **မသီတာ** (စမ်းချောင်း)
အနုပညာ၊
နိုင်ငံသား
အမှတ်လက္ခဏာနှင့်
နိုင်ငံသားခံယူစိတ်

၈၂။ **ခေတ်ဘုန်းသစ်**
သူတို့ ဘယ်လို
ဖန်တီးခဲ့သလဲ-၃
(ကလေးဖတ်ဖို့
ပုံပြင်၊ ဇာတ်လမ်း၊
ဝတ္ထု ဘယ်လိုရေးမလဲ။
ပုံပြင်၊
ဇာတ်လမ်းတွေထဲက
ဇာတ်ကောင်မွေးနည်း)

၉၀။ **မောင်ခင်မင်** (ဓနုဖြူ)
စကားသမုဒ္ဒရာထဲမှာ(၁၀)

၁၁၄။ **မောင်သန်းဆွေ**
(ထားဝယ်)
ခမည်းတော်တူ၊
သားတော်
အင်းဝဘုရင်မင်းခေါင်



အယ်ဒီတာအဖွဲ့-
တိုက် (၂၁/၂၃)၊ အခန်း (၃-၀၃)၊ ၅၂ လမ်း
(အောက်ဘလောက်)၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်။ ဖုန်း-၀၁-၉၀၁၀၁၁၅
Email :
nyeinfamily@gmail.com
မျက်နှာဖုံး၊ မေတ္တာလက်ဆောင်နှင့်
အတွင်းပုံနှိပ်သူ
ဦးညာဏ်လှိုင် (၀၅၂၃၃)၊
ငွေမှုတလှပုံနှိပ်တိုက်
အမှတ် ၁၁၁၀၊ ရွှေတောင်ကြား ၅ လမ်း၊
၆၃ ရပ်ကွက်၊ ဒဂုံမြို့သစ် တောင်ပိုင်း ရန်ကုန်မြို့။
ရွှေထုတ်ဝေသူ -
ဦးညာဏ်လှိုင် (၃၅၁၀)၊
အမှတ် ၁၃၃၊ လမ်း ၄၀၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ရွှေဖြန့်ချိရေး -
ငွေမှုတလှစာပေ၊ အမှတ် ၁၃၃၊ လမ်း ၄၀၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၁-၃၉၈၂၂၀
စာတိုက်သေတ္တာအမှတ် ၁၂၀၅
E-mail :
zabutalu@gmail.com
Available at :
iTune Store


www.burmeseclassic.com

www.burmeseclassic.com

# အကယ်ဒမီ ဝတ်မှုံရွှေရည်အတွက် ဂုဏ်ပြုပွဲ ကျင်းပပေးသည့် Huawei

၂၀၁၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု)ကို **နင်စေရင်** ဇာတ်ကားဖြင့် ရရှိခဲ့သည့် သရုပ်ဆောင် ဝတ်မှုံရွှေရည်အတွက် Huawei ဖုန်း ကုမ္ပဏီက အကယ်ဒမီ ဂုဏ်ပြုပွဲတစ်ရပ် ကျင်းပပေးသည်ဟု သိရပါသည်။ Huawei ၏ Brand Ambassador ဖြစ်သည့် ဝတ်မှုံရွှေရည်အား ကုမ္ပဏီက အကယ်ဒမီဆု ရရှိစဉ်ကတည်းက ဂုဏ်ပြုပွဲ ကျင်းပရန် စီစဉ်ခဲ့ပေမဲ့ ဝတ်မှုံရွှေရည် မအားလပ်သည့်အတွက် ၂၀၁၅ ခုနှစ် မတ်လ ၂၄ ရက်နေ့က အင်းလျားလိတ်ဟိုတယ်မှာ ကျင်းပခဲ့ခြင်း ဖြစ်ပါသည်။ ဝတ်မှုံရွှေရည်က အကယ်ဒမီ ရွှေစင်ရုပ်တု၏ ရွှေကြယ်ကို မော်ဘီမြို့ အောင်ဇမ္ဗူတောရကျောင်းတိုက်ရှိ မဟာမုနိရုပ်ပွားတော်ထံ ဆက်ကပ်လှူဒါန်းခဲ့ပြီးဖြစ်သကဲ့သို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ပံ့ပိုးကြသည့်ကုမ္ပဏီများက ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေကျပ် သိန်း ၂၀ ကိုလည်း အကယ်ဒမီဆုဆွတ်ခူးနိုင်အောင် သင်ကြားပြသရိုက်ကူးပေးခဲ့သည့် အကယ်ဒမီ ဒါရိုက်တာ ဝိုင်းကို ကန်တော့ခဲ့ပြီး ဖြစ်ပါသည်။ ❑




www.burmeseclassic.com

www.burmeseclassic.com



အကယ်ဒမီ ကျော်သူ



အကယ်ဒမီ စိုးသူ

# ကျော်သူ၊ စိုးသူ မတွဲဖြစ်

အနုပညာလောကနှင့်ကင်းကွာပြီး လူမှုရေး ပရဟိတ လုပ်ငန်းများကိုလုပ်ဆောင်နေသည့် အကယ်ဒမီ ကျော်သူက ဒါရိုက်တာ ခင်စောမျိုး ဖြန့်လည်ရိုက်ကူးမည့် ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား ရုပ်ရှင်ကားတွင် ဆရာကြီး မင်းသိခ်အား ဂုဏ်ပြုသည့်အနေဖြင့် ပါဝင်သရုပ်ဆောင်ပေးရန်လက်ခံခဲ့ပါသည်။ ထိုဇာတ်ကားတွင် ရန်အောင်၊ မင်းဦး အစရှိသည့် ကျော်သူ၏ညီငယ်ဟောင်းများပါဝင်သရုပ်ဆောင်မည် ဖြစ်သကဲ့သို့ အမျိုးသားရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ကြည်စိုးထွန်း ရိုက်ကူးခဲ့သော ဒိုး ဇာတ်ကားတွင် ကျော်သူနှင့် အတွဲညီခဲ့သည့် စိုးသူကိုလည်း စကားကမ်းလှမ်းထားကြောင်း ကြားသိရသည့်အတွက် အများစုက စိုးသူ သရုပ်ဆောင်ဖြစ်လိမ့်မည်ဟု မျှော်လင့်ခဲ့ကြပါသည်။

စိုးသူက ဒါရိုက်တာ ခင်စောမျိုးကို မတ်လ ၁၁ ရက်နေ့၌ အကြောင်းပြန်ပါမည်ဟု ဆိုထားသည့်အတွက် မတ်လ ၁၁ ရက်နေ့၌ ဒါရိုက်တာခင်စောမျိုးသည် စိုးသူထံ ရောက်ရှိခဲ့ပြီး ရိုက်ရက်များကအစ ပြေပြေလည်လည် ညှိနှိုင်း အဆင်ပြေခဲ့ပေမဲ့ ဤအချိန်အခိုက်အတန့်အတွင်းမှာပဲ အကြောင်းတစ်ခုကြောင့် စိုးသူ မရိုက်ဖြစ်တော့ဘဲ ပျက်သွားခဲ့ပါသည်။ ထို့ကြောင့် စိုးသူနေရာမှာ မူလက လျာထားသည့် ရဲအောင်ကို သရုပ်ဆောင်စေမည်ဖြစ်ပြီး မတ်လ ၁၈ ရက်နေ့က မြရိပ်ညို ရှိုင်ရယ်ဟိုတယ်မှာ ကန်တော့ပွဲနှင့်အတူ စတင်ရိုက်ကူးခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



We Are One Myanmar လူငယ်ပရဟိတအဖွဲ့ရဲ့အလှူငွေကျပ် သိန်း ၅၀ ကို Miss Universe Myanmar Organization မှ ဒေါ်စိုးယုဝေက လက်ခံရယူခဲ့ပါတယ်

# We Are One Myanmar ပရဟိတအဖွဲ့ ကျပ် သိန်း ၂၅၀ ကျော် လှူဒါန်း

ရှမ်းပြည်နယ် အရှေ့မြောက်ဘက် လောက်ကိုင်ဒေသရှိ တပ်မတော်သားများနှင့် စစ်ဘေးရှောင်ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်အတွက် မတ်လ ၂ ရက်နေ့နှင့် ၃ ရက် နေ့များက မန္တလေးမြို့မှာ အလှူငွေကောက်ခံခဲ့ကြသည့် We Are One Myanmar လူငယ်ပရဟိတအဖွဲ့၏ အလှူငွေပေးအပ်ပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ် မတ်လ ၁၂ ရက်နေ့ မွန်းတည့် ၁၂ နာရီအချိန်က ရန်ကုန်မြို့ရှိ M3 Food Center မှာ ပြုလုပ်ခဲ့ပါသည်။ အခမ်းအနားတွင် Myanmar Media 7 မှ မန်နေဂျင်း ဒါရိုက်တာ ဦးထွန်းနေစိုးက အလှူငွေများ ခွဲဝေလှူဒါန်းမည့် အစီအစဉ်များနှင့်ပတ်သက်၍ "ကျွန်တော်တို့ အလှူငွေ မကောက်ခံခင်ကတည်းက Miss Universe Myanmar Organization က ဒေါ်စိုးယုဝေတို့ကလည်း မြန်မာ့တပ်မတော်သားများအတွက် သွားရောက်လှူဒါန်းဖို့စီစဉ်နေတာကြောင့် သူတို့အဖွဲ့ကို ငွေကျပ် သိန်း ၅၀ လွှဲပြောင်းပေးသွားမယ်။ ကျန်တဲ့ သိန်း ၂၀၀ ကျော်ကိုတော့ လားရှိုးမြို့ရဲ့ မြို့ခံအနုပညာရှင်တစ်ဦးဖြစ်တဲ့ သီရိရှင်းသန့်နဲ့အတူ ကျွန်တော်တို့ရယ်၊ အမျိုးသားတေးသံရှင် လေး၊ ငါးဦးနဲ့ လှူဒါန်းပေးမှာပါ။ အဲဒီလိုလှူဒါန်းရာမှာ ငွေသားအဖြစ် လှူမှာမဟုတ်ဘဲ အဝတ်အထည်၊ ဆေးဝါး၊ အစားအသောက်များဝယ်ယူပြီး လောက်ကိုင်ဒေသမှာ ကူညီနေတဲ့ ကြက်ခြေနီ တစ်ဖွဲ့ဝင် သရုပ်ဆောင် ကိုဝေလျှံကျော်နဲ့ ချိတ်ဆက်ပြီး လှူဒါန်းသွားမယ်" ဟု ပြောကြားခဲ့ပါသည်။ □

## သူတို့အရေး

ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း အမှတ် ၁၀၅၊ ဧပြီ၊ ၂၀၁၅



We Are One Myanmar အဖွဲ့သားတွေက အမှတ်တရ ဓာတ်ပုံလည်း ရိုက်ခဲ့ကြပါတယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်းရင်းသားရိုးရာအကအလှများနဲ့လည်း တေးသံရှင် မွန်းအောင်က သီဆိုဖျော်ဖြေခဲ့ပါတယ်

## မွန်းအောင်က လွမ်းနေသည့်သူများအတွက် တေးသီချင်းများဖြင့် ဖျော်ဖြေ

နှစ်ပေါင်း ၂၅ နှစ်ကျော် ကြာပြီးသည့်အချိန်မှ မြန်မာနိုင်ငံသို့ တစ်ကျော့ပြန် ရောက်ရှိလာသည့် တေးသံရှင် မွန်းအောင်၏ ဝတ်မှုန်ကူးတဲ့ည တေးဂီတဖျော်ဖြေပွဲကို မတ်လ ၁၀ ရက်နေ့ညက ရန်ကုန်မြို့ အမျိုးသားစာတိုက်ရုံမှာ ကျင်းပခဲ့ရာ မွန်းအောင်ကို အားပေးကြသည့် ၄၀ ကျော် ၅၀ ဝန်းကျင် လူလတ်ပိုင်း ပရိသတ် အတော်များများ လာရောက်အားပေးခဲ့ကြပါသည်။ မွန်းအောင်၏ နာမည်ကျော်တေးသီချင်းများထဲက တေးသံရှင် ထူးအိမ်သင် ပြန်ဆိုထားသည့် *ကြွေးဟောင်းဆပ်ခွင့်ပြုပါအမေ၊* တေးသံရှင် ခင်မောင်တိုး ပြန်ဆိုထားသည့် *လွမ်းရတဲ့ညတွေ လွန်ပါစေ* သီချင်းများသည် လူကြိုက်များ အောင်မြင်ခဲ့သော တေးသီချင်းများ ဖြစ်ပါသည်။ မွန်းအောင်က *ဝတ်မှုန်ကူးတဲ့ည* တေးသီချင်းကို သီဆိုဖျော်ဖြေရာမှာ စိစစ်ရေးက ဖြတ်တောက်ထားသည့် စာသားများအတိုင်း မဆိုခဲ့ဘဲ သူ၏မူရင်းစာသားအတိုင်း ပြန်လည်သီဆိုခဲ့ပါသည်။ မွန်းအောင်က သူ၏အောင်မြင်ကျော်ကြားခဲ့သည့် တေးသီချင်းများထဲက အပုဒ် ၃၀ ကျော်ကို နှစ်ပိုင်းခွဲဖျော်ဖြေပေးခဲ့ပြီး လူလတ်ပိုင်းပရိသတ်များ၏ ပျော်ရွှင်စွာ အားပေးမှုကိုလည်း ရရှိခဲ့ပါသည်။ ❑



တစ်ကျော့ပြန်
လာရောက်ဖျော်ဖြေတဲ့
တေးသံရှင် မွန်းအောင်



www.burmeseclassic.com

www.burmeseclassic.com


အလင်္ကာစာပေဆု



ဥဒယကျေးရွာစာပေ ထုတ်ဝေခဲ့တဲ့
တောမင်းသမီး လုံးချင်းဝတ္ထုစာအုပ်မျက်နှာဖုံးပုံ

# တောမင်းသမီး
# အလင်္ကာစာပေဆု ရရှိ

ရွှေအမြုတေမဂ္ဂဇင်းမှာ အခန်းဆက်ဝတ္ထုရှည်အဖြစ် ဖော်ပြခဲ့သော စာရေးဆရာမ ခင်ခင်ထူး ရေးသားခဲ့သည့် တောမင်းသမီး ဝတ္ထုစာအုပ်ကို စတုတ္ထအကြိမ်မြောက် အလင်္ကာစာပေဆုအဖြစ် ရွေးချယ်လိုက်ပါသည်။ ယင်းစာအုပ်ကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် ဥဒယကျေးရွာ စာပေက လုံးချင်းဝတ္ထုစာအုပ်အဖြစ် ထုတ်ဝေခဲ့ပါသည်။ အလင်္ကာစာပေဆုကို ၂၀၁၅ ခုနှစ် မတ်လနောက်ဆုံးပတ်၌ ချီးမြှင့်ပေးသွားမည် ဖြစ်ပါသည်။ ပထမအကြိမ် အလင်္ကာစာပေဆု (၂၀၁၁ ခုနှစ်)ကို တိုးမြစ်စာအုပ်တိုက်က ထုတ်ဝေသည့် ဗိုလ်ချုပ်နော် အောင်ဆန်းနော် တေဇနော် စာအုပ်က ရရှိခဲ့ပြီး ဒုတိယအကြိမ် အလင်္ကာစာပေဆု (၂၀၁၂ ခုနှစ်) ကို စာရေးဆရာမ မသီတာ(စမ်းချောင်း) ရေးသားသည့် စမ်းချောင်း၊ အင်းစိန်၊ ဟားဗတ် စာအုပ်က ရရှိခဲ့ပါသည်။ ၂၀၁၃ ခုနှစ်အတွက် အလင်္ကာစာပေဆုကို ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော ရေးသားသည့် ဆိုင်းစုမှသည် မန်ဟိုင်းဆီသို့ စာအုပ်က ရရှိခဲ့ပါသည်။ အလင်္ကာစာပေဆုဆိုသည်မှာ မြန်မာစာပေလောက တိုးတက်မြင့်မားရန်နှင့် စာဖတ်ပရိသတ်ဗဟုသုတရရှိရန်စသည့် ရည်ရွယ်ချက်များဖြင့် ဖန်တီးခဲ့ခြင်းဖြစ်ပြီး တစ်နှစ်အတွင်း ထွက်ရှိခဲ့သည့် စာအုပ်များထဲက စာဖတ်သူစိတ်ကြိုက်ဖြစ်စေသည့်စာအုပ်ကို ဆုရွေးချယ်ချီးမြှင့်ခြင်း ဖြစ်ပါသည်။ ❑


၂၀၁၂ ခုနှစ် အလင်္ကာစာပေဆုရှင် စာရေးဆရာမ မသီတာ(စမ်းချောင်း)



www.burmeseclassic.com

www.burmeseclassic.com

# Yangon Run Way ရုပ်ရှင်ဇာတ်ကား မိတ်ဆက်



ဆန်နီချီးဘား၊ မိုမိုမြင့်အောင်နဲ့ အွန်ဆိုင်း

Living Songs Entertainment က ထုတ်လုပ်ရိုက်ကူးမည့် Yangon Run Way ရုပ်ရှင်ဇာတ်ကားမိတ်ဆက်ပွဲကို ရန်ကုန်မြို့ ကန်တော်ကြီးစောင်းမှာ အသစ်ဖွင့်လှစ်ထားသည့် Hotel Esperado Yangon တွင် ကျင်းပခဲ့ပါသည်။ ယင်းဇာတ်ကားတွင် ဂျပန်မင်းသမီးနှစ်ဦးနှင့်အတူ ဂျပန်မင်းသားကြီး ဆန်နီချီးဘားလည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ပြီး မြန်မာသရုပ်ဆောင်များထဲက အကယ်ဒမီ မိုမိုမြင့်အောင်၊ အွန်ဆိုင်းနှင့် အကယ်ဒမီ လူမင်းတို့ ပါဝင်မည်ဖြစ်သည်။ ဇာတ်ကားမိတ်ဆက်သည့်အခမ်းအနားတွင် Living Songs Entertainment က ကိုဂျော်မရန်၊ အကယ်ဒမီ မိုမိုမြင့်အောင်၊ အွန်ဆိုင်းနှင့် ဂျပန်မင်းသားကြီး ဆန်နီချီးဘားတို့က Yangon Run Way ဇာတ်ကားနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပါသည်။ ယင်းဇာတ်ကားကို မဟာသင်္ကြန်အပြီး စတင်ရိုက်ကူးမည်ဖြစ်သည်။ မြန်မာနိုင်ငံမှာ နှစ်ပတ်ကြာရိုက် ကူးမည်ဖြစ်ပြီး မိဘမေတ္တာဒရာမာဇာတ်ကားတစ်ကား ဖြစ်ပါသည်။ ဇာတ်ကားထုတ်လုပ်မှုအပိုင်းကို ၃ လလောက် အချိန်ယူပြုလုပ်ပြီးလျှင် ၂၀၁၅ ခုနှစ် သို့မဟုတ် ၂၀၁၆ ခုနှစ်နှစ်ဆန်းပိုင်းမှာ ရုံတင်ပြသနိုင်ရန် ကြိုးစားမည်ဟု သိရှိရပါသည်။ ■

**အောင်သန်းထွန်း**

**သူတို့အရေး**

ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း အမှတ် ၃၃၅ ဧပြီ ၂၀၁၅



Yangon Run Way ရုပ်ရှင်ဇာတ်ကားမိတ်ဆက်ပွဲ တက်ရောက်လာကြသူများ အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ရွှေအမြုတေ ပရိသတ်များ နှစ်စဉ် ဧပြီလ ကျရောက်တိုင်း ဧပြီလ ၁၀ ရက်နေ့ မွေးနေ့ကျရောက်တဲ့ စိုင်းစိုင်းခမ်းလှိုင်ရဲ့ မျက်နှာဖုံးကို ဆက်တိုက်ဆိုသလို မြင်တွေ့ခွင့် ရခဲ့ကြပါတယ်။ ဒီနှစ်မှာလည်း စိုင်းစိုင်းခမ်းလှိုင်နဲ့ မျက်နှာဖုံးဓာတ်ပုံရိုက်ဖို့ ချိတ်ခဲ့ပါသေးတယ်။ ဒါပေမဲ့ စိုင်းစိုင်းက ညီစတြေးလျ ဖျော်ဖြေရေးခရီးစဉ်ကို သွားရောက်ဖျော်ဖြေဖို့ အစီအစဉ်ရှိတဲ့အတွက် မျက်နှာဖုံး ရိုက်ဖို့ မမီနိုင်တော့တာကြောင့် မျက်နှာဖုံး အတွက် အနုပညာရှင် နောက်တစ်ဦးကို စဉ်းစားကြရာ လူငယ်တွေထဲက အောင်မြင်မှု များစွာရရှိနေပြီး ထုတ်လုပ်ရေးတိုက်တွေ အများကြီးနဲ့ရိုက်ဖြစ်နေတဲ့ ဇေရဲထက်ကို ရွေးဖြစ်ခဲ့ပါတယ်။

ဇေရဲထက်ကလည်း မျက်နှာဖုံးရိုက်ဖို့ စီစဉ်တဲ့ရက်မတိုင်ခင်မှာဘဲ ထိုင်းနိုင်ငံကို သွားရောက်မယ့်အစီအစဉ်ရှိတဲ့အတွက် မျက်နှာဖုံး ရိုက်ရင်ဝတ်ဖို့ လှပတဲ့ အဝတ်အစားတွေ ဝယ်ခဲ့

# သရုပ်ဆောင်အလုပ်ကို ပေါ်ပေါ်တာတည်းက ရူးသွပ်ခဲ့တယ်

**လင်းနိုင်ဦး**

ဓာတ်ပုံ- ကိုလင်း(Studio-K)



www.burmeseclassic.com

မယ်။ ကျွန်တော်က ရွှေအမြုတေပရိသတ်တွေကို လှလှပပလေး မြင်စေချင်တယ်လို့ ဇေရဲထက်က ပြောလာပါတယ်။ ဆရာ ဦးဝင်းငြိမ်းက ဇေရဲထက်နဲ့ ဓာတ်ပုံရိုက်တဲ့အခါ ပရိသတ်တွေ မြင်ကွင်းလှလှလေးနဲ့ မြင်ခွင့်ရအောင် Out Door ထွက်ရိုက်ဖို့ စီစဉ်ခဲ့ပေမဲ့ စီစဉ်ထားတဲ့ မှော်စင်ကျွန်းနဲ့ ကရဝိက်ဥယျာဉ်ဝင်းအတွင်းမှာ ဧည့်သည်တွေ အရမ်းများနေတဲ့အတွက် နောက်ဆုံးတော့ ကိုလင်း(Studio-K)ရဲ့ ဓာတ်ပုံစတူဒီယိုမှာပဲ မျက်နှာဖုံး ဓာတ်ပုံရိုက်ဖြစ်ခဲ့ပါတယ်။

ပရိသတ်များ စိတ်ဝင်စားမယ့် Cover Story အင်တာဗျူးကိုတော့ နောက်တစ်နေ့ ဒါရိုက်တာ သားညီ ရိုက်ကူးနေတဲ့ ပိုးမျှင်ကြိုး ဗီဒီယို ရိုက်ကွင်းမှာ ဇေရဲထက်နဲ့ တွေ့ဆုံပြီး မေးကြည့်ဖြစ်ခဲ့ပါတယ်။

**ညီလေး ဇေရဲထက်က အနုပညာလောက သရုပ်ဆောင်အလုပ်ကို ဘယ်လို စိတ်ကူးအိပ်မက်မျိုးတွေနဲ့ ဝင်ရောက်လာခဲ့တာလဲ။**

ကျွန်တော်က သရုပ်ဆောင်အလုပ်ကို ငယ်ငယ်ကတည်းက ရူးသွပ်ခဲ့တာပါ။ ကျွန်တော်ကျတော့ မျိုးရိုးလည်း မရှိ။ နယ်မှာလည်း ဖြစ်နေတော့ အလှမ်းဝေးကွာတာပေါ့။ မထင်မှတ်ဘဲ အန်တီဇာကြီး သမီးမြတ်ကျော်ပေါ့နော်။ ဦးအောင်မင်းသိမ်းမိန်းမနဲ့ ကျွန်တော့်အမေနဲ့က အရမ်းခင်တဲ့အတွက် ကျွန်တော့်ကို တွေ့တဲ့ အချိန်မှာ ကျွန်တော်က အနုပညာ အလုပ်ကို အရမ်းဝါသနာပါတယ်လို့ အန်တီဇာကြီးကို ပြောဖြစ်ခဲ့တယ်။ အန်တီဇာကြီးကလည်း ဖြစ်နိုင်တယ်။ မင်းမှာ ထူးခြားတဲ့ ရုပ်ရည်ရှိတယ်။ လုပ်ကြည့်ပေါ့လို့ ဆိုတာနဲ့ အနုပညာလောကို ရောက်ရှိလာတာပါပဲ။

**ရိုက်ဖြစ်တော့ ဘယ်လိုနေရာက ဘယ်လိုဇာတ်ရုပ်နဲ့ သရုပ်ဆောင်ခွင့် ရခဲ့တာလဲ။**

ပထမဦးဆုံး စ,ရိုက်ကတည်းက ခေါင်းဆောင်အနေနဲ့ပါပဲ။ သံလွင်ထုတ်လုပ်ရေးနဲ့ ပြောလို့မဖြစ်ဘူး ဗီဒီယိုဇာတ်ကားကို စပြီး ရိုက်ဖြစ်ခဲ့တာပါ။

**ညီလေးက ရိုက်ရိုက်ချင်း အဓိကသရုပ်ဆောင်အနေနဲ့ ရိုက်ခွင့်ရတာဆိုတော့ ကံကောင်းလို့လား၊ အဆက်အသွယ်ကောင်းလို့လား။**

ကံကောင်းတာပဲ ပြောရမှာပေါ့။ ကျွန်တော့်ကို ပံ့ပိုးပေးခဲ့တဲ့ အန်တီဇာကြီးရဲ့ ကျေးဇူးတွေ အများကြီး ပါပါတယ်။ အဲဒါကြောင့်လည်း ကျွန်တော် အဓိကသရုပ်ဆောင်အနေနဲ့ ရိုက်ခွင့်ရခဲ့တာပါ။

'ပြောလို့မဖြစ်ဘူး'





www.burmeseclassic.com

www.burmeseclassic.com

**ဇာတ်ကား ရိုက်ခွင့်ရစဉ်တုန်းက ဘယ်လို အားထည့်ခဲ့တာလဲ။ အနုပညာလမ်းကြောင်းမှာ ဘယ်လိုဆက်လျှောက်သွားဖို့ရည်ရွယ်ချက်နဲ့ ကြိုးစားဖြစ်ခဲ့တာလဲ။**

အဲဒီအချိန်တုန်းကတော့ အောင်မြင်ဖို့လည်း မစဉ်းစားရဲသေးဘူး။ တကယ်ရှူးသွပ်တယ်။ ကိုယ်တကယ် ဝါသနာပါတယ်။ ကိုယ်လုပ်ချင်ခဲ့တဲ့ သရုပ်ဆောင်အလုပ်ကို လုပ်ခွင့်ရတဲ့အချိန်မှာ အိပ်မက်မက်နေသလိုတော့ ဖြစ်တယ်။ တကယ်လက်တွေ့ ဖြစ်နေတော့ ငါဘယ်လိုကြိုးစားရမလဲ။ ငါ့မှာ ဘာတွေလိုအပ်လဲ။ အဝတ်အစားကိုရော ဘယ်လိုဝတ်ရင် ကောင်းမလဲ။ အန့်တီစာကြီးနဲ့ပဲ တိုင်ပင်ပြီး အဲဒီတုန်းက နေ့မအိပ် ညမအိပ် ကြိုးစားဖြစ်ခဲ့တယ်။ အဲဒီကားရိုက်စဉ်တုန်းက သရုပ်ဆောင်ရတာက အသံပြတ်နေတဲ့ ပုံစံနဲ့ သရုပ်ဆောင်ရတာ။ အဲဒီတော့ လုပ်ရတာလည်း နည်းနည်း ခက်တယ်။ ကိုယ့်ကိုယ်ပိုင်အသံနဲ့လည်း မဟုတ်ဘူးပေါ့။ အဝတ်အစားကိုတော့ ဖြစ်သင့်တာနဲ့ လှပတာကို ဝတ်ဖြစ်ခဲ့တယ်။

**ညီလေးက အဝတ်အစားအကြောင်းပြောတော့ ကားရိုက်တဲ့အခါ ဝတ်မယ့်ဝတ်စုံတွေအတွက် ဖက်ရှင်ဒီဇိုင်နာ သီးခြားထားလား။ Hair Stylist သီးခြားရော ရှိသေးလား။**

ကျွန်တော့်အနေနဲ့ လောလောဆယ်မှာတော့ အဝတ်အစားပိုင်းကို သေသေချာချာ စီစဉ်ပါတယ်။ Hair Style နဲ့ မိတ်ကပ်ကိုတော့ ပင်တိုင်ထားပါတယ်။ စံလေး ရှိပါတယ်။ အဝတ်အစားကိုတော့ ကျွန်တော်က အပြင်မှာ လူငယ်တွေလည်း ဝတ်နိုင်တယ်၊ အကုန်လုံး အပြင်မှာ ဝတ်လို့ရတဲ့ ပုံစံမျိုးလေးနဲ့ သဘာဝကျကျ Free Style လေးတွေ ကျွန်တော်ဝတ်ပါတယ်ခင်ဗျ။ ကြော်ငြာတို့ ဘာတို့ ရိုက်မယ်ဆိုရင်တော့ လှပြီး သစ်လွင်တဲ့ အဝတ်အစားတွေ ဦးစားပေး ဝတ်ဖြစ်ပါတယ်။

**ဇေရဲထက်က ဘာဖြစ်လို့ သဘာဝကျကျနဲ့ Free Style ဝတ်ဖြစ်တယ်လို့ ပြောရတာလဲ။**

ကျွန်တော်ကိုယ်တိုင်ကလည်း လွတ်လွတ်လပ်လပ်လေး ကြိုက်တယ်။ အပြင်နဲ့လည်း သဘာဝကျကျ ထပ်တူဖြစ်စေချင်တဲ့ စိတ်ကြောင့်ပါ။

**ဇေရဲထက် များသောအားဖြင့် ဝတ်တာတွေ တွေ့ရတာက အလန်းလေးတွေ၊ အလွှင့်လေးတွေ တွေ့ရတာများတယ်။ ဘာဖြစ်လို့လဲ။**

ကျွန်တော် အကြိုက်ဆုံး အရောင်က အဖြူနဲ့ အနက်ပါ။ အနက်ရောင်ကျတော့ ကျွန်တော် ကားတိုင်းလိုလိုမှာ ဝတ်လို့ မရဘူးလေ။





www.burmeseclassic.com

www.burmeseclassic.com

သရုပ်ဆောင်ဆိုတာက ကာရိုက်တာပေါ်မှာကြည့်ပြီးဝတ်ရတာလည်း ရှိတယ်။ Location ပေါ် ကြည့်ပြီး ဝတ်ရတာလည်း ရှိတယ်။ Location အဖြူပေါ်မှာ နောက်ထပ် အဖြူထပ်ဝတ်လို့ မဖြစ်ဘူးပေါ့။ နောက်က Back Ground အဖြူဆိုရင် ငါ ဘာလေးဝတ်လိုက်ရင် လိုက်မလဲ။ အဲဒီ ဆင်း(န)မှာ သရုပ်ဆောင်ရမယ့် မူ(ဒ)က ဘယ်လိုမူ(ဒ)လဲ။ အဲဒီမူ(ဒ)နဲ့ လိုက်မယ့် အရောင်လေးတွေရယ်၊ နောက်ခံ Back Ground ဆင်း(န)နဲ့လိုက်ဖက်မယ့် အရောင်လေးတွေ ချင့်ချိန်ပြီး ဝတ်ဖြစ်ပါတယ်။

**အခုလို အောင်မြင်လာဖို့ ဘယ်လို ကြိုးစားခဲ့ရတာလဲ။**

ကျွန်တော် အနုပညာလောကကို ရောက်ရှိလာတာ ၇ နှစ်လောက် ရှိပါပြီ။ ဒါပေမဲ့ ကျွန်တော် နာမည်ရလာတာကတော့ ၁ နှစ်ကျော် ၂ နှစ်လောက်ပဲ ရှိပါသေးတယ်။ အတိုချုံးပြောရင်တော့ တော်တော်လေးကို ကြိုးစားခဲ့ရပြီးမှ ပရိသတ် အသိအမှတ်ပြုတဲ့ နေရာလေး ရတာပါ။

**အခုဆိုရင် ဇာရဲထက်က ကိုယ်လုပ်ရမယ့် ကာရိုက်တာ၊ ကိုယ်ရိုက်ရမယ့် ဇာတ်လမ်းကို ရွေးချယ်ပိုင်ခွင့် ရှိနေပြီလား။**

ရွေးချယ်ပိုင်ခွင့် ရှိနေပါပြီ။ အဲဒီလို ရွေးချယ်ခွင့် ရှိတဲ့ အထဲက ကိုယ်တကယ်လည်း လုပ်နိုင်တယ်။ တကယ်လည်း ဖြစ်နိုင်မယ့် ဇာတ်လမ်းမျိုးတွေ ရွေးပါတယ်။ ကျွန်တော် ရိုက်ခဲ့တဲ့ ကားတွေက တစ်ခု မဟုတ် တစ်ခုတော့ မက်ဆေ့ချ်တွေ ပေးခဲ့တဲ့ကားတွေပါပဲ။

**ဇာရဲထက်က အဲဒီလို ပြောပေမဲ့ ရှေ့ပိုင်းမှာ ဟာသကားတွေပဲ ရိုက်ခဲ့သေးတယ်နော်။**

ဟုတ်ပါတယ်၊ ရိုက်ဖြစ်ခဲ့ပါတယ်။ ဟာသကားမှာလည်း ပရိသတ်ကို ဘယ်လိုပညာပေးမယ့် ဟာသကားမျိုးလဲဆိုတာ သေသေချာချာ ကြည့်တယ်။ ကျွန်တော့်ကို ကြိုက်ကြတဲ့ **ခြောက်လွှာမှာ ခြောက်နေတယ်** ဆိုတဲ့ ဗီဒီယိုကားဟာ သဘာဝမကျဘူးလို့ ထင်စရာရှိတယ်။ သေသေချာချာ ကြည့့်ကြည့်ပေးပါ။ ဒီကားမှာ မဂ္ဂမ်းပုံဆိုရင်လည်း မိန်းကလေးတို့ ထိန်းသိမ်းရမယ့် တာဝန်ဝတ္တရား အရ သူ ပျက်ကွက်မိတဲ့အတွက် သူ့ဘဝတစ်ခုလုံး ဆုံးရှုံးရတယ်ဆိုတဲ့ဟာကို ပြသပေးတဲ့ကားပါ။ အဲဒီမှာ ပရိသတ်ကို ဟာသလေးနဲ့ နှောပြီး ပြသပေးခဲ့တဲ့ကားပါ။

**ရွေးချယ်ခွင့်ရှိနေပြီဆိုတော့ ရုပ်ရှင်ရိုက်ဖို့ ကမ်းလှမ်းလာရင် ဘယ်လိုရွေးချယ်လဲ။ ဘယ်လို ဇာတ်ကောင်မျိုးဆိုရင် ရိုက်မလဲ။ ဒါမှမဟုတ် ရုပ်ရှင်ဖြစ်တဲ့အတွက် ကြေး(ဂျီး)မများဘဲ ရိုက်တာလား။**




www.burmeseclassic.com

www.burmeseclassic.com

ကားကြီးဖြစ်တိုင်းလည်း လက်မခံပါဘူး။ ကျွန်တော်ကိုယ်တိုင် ခေါင်းဆောင်အနေနဲ့ ရိုက်ရတဲ့အခါ စိုးရိမ်စိတ် ရှိတယ်။ အနုပညာရှင် အစုံအလင်နဲ့ ပရိသတ်ကို ချပြတဲ့အခါ အားရှိနေအောင်ပေါ့။ အဲဒီလိုမျိုး ရွေးချယ်ပါတယ်။ လက်တလော ရိုက်ထားတဲ့ကားမှာ ဟာသကားနှစ်ကားလည်း ပါပါတယ်။ ကိုဇော် (အရုဏ်ဦး) နဲ့ ရိုက်ထားတာပါ။ ကျေးလက်ဒေသ ဟာသတွေပါတယ်။ မြို့ပရိသတ် ကြိုက်မယ့် ဟာသတွေလည်းပါတယ်။ အရမ်းလည်း ချစ်ဖို့ကောင်းတယ်။ အောင်သီရိအတွက် ကိုလူမင်းရိုက်တဲ့ နို့ဘီလူး ဆိုရင်လည်း ကျွန်တော် အားရပါတယ်။ ကျွန်တော် နာမည်ကြီးဖို့ထက် ပရိသတ် စိတ်ဝင်စားဖို့ကိုပဲ အဓိကထား ရွေးပါတယ်။

ရုပ်ရှင်နဲ့ ဗီဒီယိုရိုက်တဲ့အခါ အဝတ်အစား ဖက်ရှင်ကို သီးခြားခွဲသေးလား။ အတူတူပဲလား။

ခွဲရတယ်ခင်ဗျ။ ရုပ်ရှင်ကားကြီးဆိုတာ အနည်းဆုံး နှစ်နှစ်လောက်ကြာမှ ရုံတင်ခွင့်ရတာဖြစ်လို့ အဲဒီကျရင် ဘာလေးတွေဖြစ်နိုင်မယ်ဆိုတာကို ချင့်ချိန်ပြီး ဝတ်ရတာလည်း ရှိတယ်။ ပြူးတူးပြဲတဲတွေ မဝတ်ဘဲနဲ့ ရုပ်အင်္ကျီတွေ၊ စပို့ရှပ်တွေ၊ တီရှပ်ပြောင်လေးတွေနဲ့ မျက်စိအေးမယ့်ဟာတွေကို ရွေးချယ်ပြီး ဝတ်ဖြစ်တယ်။ ဖက်ရှင်ကို ရုပ်ရှင်ကားကြီးမှ မဟုတ်ပါဘူး။ ဗီဒီယိုအတွက် ဆိုလည်း သေသေချာချာ ပြင်ဆင်တယ်။ ဗီဒီယိုမှာလည်း ဒီကာရိုက်တာမှာ ငါ ဘာလုပ်ရမလဲ။ ငါ့ကာရိုက်တာအတွက် ပီပြင်အောင် ဘယ်လိုဝတ်ရမလဲ ရွေးချယ်တယ်။ ကိုယ် မသိသေးဘူး





www.burmeseclassic.com

www.burmeseclassic.com

ဆိုရင်လည်း သိနိုင်တဲ့ သူကို ရွေးချယ်ပြီးတော့ မေးမြန်းတယ်၊ လေ့လာတယ်။ အပြင်မှာ မရှိဘူး ဆိုရင်တောင် ဇာတ်ကားတွေ ကြည့်ပြီး ဒီကာရိုက်တာမှာ ဘယ်လိုလုပ်သွားတယ်၊ ဘယ်လိုဝတ် သွားတယ် ဆိုတာလိုက်ပြီး လေ့လာတယ်။

**ဇေရဲထက်က ရုပ်ရှင်ကားကြီး ဘယ်နှကား ရိုက်ပြီးပြီလဲ။ နောက်ထပ် ဘယ်နှကားလောက် လက်ခံထားသေးလဲ။**

လက်ခံထားတာကတော့ ၁၈ ကား၊ ၁၉ ကားလောက် ရှိပါတယ်။ ရိုက်ပြီးခဲ့တဲ့ကားက ၄ ကားလောက်ပဲ ရှိပါသေးတယ်။ အခု ဦးညီညီထွန်းလွင်နဲ့ **အီဖေကို တို့ရွှေးကောက်ပွဲ** ရိုက်မယ်။ ဧပြီလပိုင်းကျရင် ဦးဝိုင်းနဲ့ ရိုက်မယ်။ ဇွန်လပိုင်းကျရင် ဦးညီညီထွန်းလွင်နဲ့ ထပ်ရိုက်မယ်။ အဲဒါပြီးရင် ကိုဇော် (အရုဏ်ဦး)နဲ့ ရိုက်မယ်။ ဦးကျော်ဇောလင်းနဲ့ ရိုက်မယ့်ကားလည်း ရှိပါသေးတယ်။ ဦးဝိုင်းနဲ့ ရိုက်မယ့်ကားကိုတော့ တော်တော်လေး အားထည့်ထားတယ်။

**ဝိုင်းနဲ့ ရိုက်မယ့်ကားကို ဘာဖြစ်လို့ အားထည့်ထားတယ်လို့ ပြောရတာလဲ။**

ဦးဝိုင်းနဲ့ ဆုံဖို့ကလည်း မလွယ်ပါဘူး။ ဦးဝိုင်းကလည်း အစ်ကိုတို့သိတဲ့အတိုင်း တစ်ကားဆိုတစ်ကား အကယ်ဒမီတွေရနေတော့ သူနဲ့ ဆုံခွင့်ရတဲ့အချိန် ကိုယ့်ဘက်က ပြည့်စုံအောင် ပြင်ဆင်ထားတာပါ။

**ဇေရဲထက် စိတ်ကူးထဲက ရိုက်ချင်တဲ့ ကာရိုက်တာက ဘယ်လိုမျိုးဖြစ်မလဲ။**

လတ်တလောမှာ ကျွန်တော် ဖြစ်နေတာတွေက မိခင်မေတ္တာဖွဲ့ ကားမျိုး ရိုက်ချင်နေတယ်။ မိသားစုဇာတ်မျိုး ရုပ်ရှင်ကားအနေနဲ့ ရိုက်ချင်တယ်။

**မိသားစုဇာတ် ဘာဖြစ်လို့ ရိုက်ချင်တာလဲ။ ခံစားချက်ရှိလို့လား။**

ခံစားချက်ကတော့ လူတိုင်းမှာ ရှိပါတယ်။ မိခင်ဆိုတာကလည်း အနန္တောအနန္တ ငါးပါးထဲမှာ တစ်ပါး ပါဝင်ပါတယ်။ ကျွန်တော် သရုပ်ဆောင်ခွင့်ရချိန်မှာ မိခင်မေတ္တာဖွဲ့ကားကို မှတ်မှတ်ရရလေး ရိုက်ချင်တယ်။ အောင်မြင်မှုရတာ်း မှတ်တိုင်





www.burmeseclassic.com

www.burmeseclassic.com



ထူနိုင်တဲ့ကားမျိုးပေါ့။ နောင်လည်း ငါ ရိုက်ခွင့်ရစဉ်က ဒီလိုလုပ်ခဲ့တယ်ဆိုတာ တစ်ချိန်ချိန်ကျရင် ကြည်နူးစိတ်ဖြစ်ချင်လို့ပါ။

**ဖေရဲထက်က အနုပညာလောကမှာ ဘယ်လိုဆက်လျှောက်သွားဖို့၊ ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ဆက်လက်လုပ်ကိုင်သွားဖို့ ရည်မှန်းထားလဲ။**

ကျွန်တော့်ကို လက်ခံအားပေးနေသရွေ့ ကျွန်တော့်ဘက်က အစွမ်းကုန်ကြိုးစားသွားမယ်။ လိုအပ်တာတွေလည်း ရှိသေးတဲ့အတွက် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေဆီက ပညာတွေလည်း ယူရပါဦးမယ်။ ပြင်လည်းပြင်ဆင်မယ်။ ပြင်ဆင်တဲ့အနေနဲ့လည်း ဝမ်းစာတွေ ဖြည့်သွားဦးမယ်။ အဲဒါမှလည်း အကောင်းဆုံး ချပြနိုင်မှာလေ။ ပရိသတ်ကတော့ အမျိုးမျိုးပါပဲ။ ဟာသကြိုက်တဲ့သူရှိသလို၊ ဒရာမာကြိုက်တဲ့သူ အမျိုးမျိုးပါပဲ။ ကျွန်တော်ကတော့ ကျရာဇာတ်ရုပ်က ပီပြင်စွာ သရုပ်ဆောင်နိုင်ဖို့ အဲဒါပဲ အားဆည့်ထားတယ်။ ကာရိုက်တာမျိုးစုံတော့ လုပ်ချင်ပါတယ်။ အကောင်းဆုံးဖြစ်ဖို့ ဆိုတဲ့အတွက် ကြိုးစားနေပါတယ်လို့ပဲ ပြောချင်ပါတယ်။

**နောက်ဆုံးအနေနဲ့ ရွှေအမြုတေမဂ္ဂဇင်းကို ဖတ်ရှုနေတဲ့ ပရိသတ်တွေကို ဘာများပြောချင်လဲ။**

ရွှေအမြုတေက ကျွန်တော်တို့ တစ်မိသားစုလုံး၊ ကျွန်တော်လည်း ငယ်ငယ်ကတည်းက ဖတ်ခဲ့တဲ့ စာအုပ်ပါ။ ဒီမှာ မျက်နှာဖုံး ရိုက်ခွင့်ရတဲ့အတွက် အရမ်းဝမ်းသာဂုဏ်ယူမိပါတယ်။ ဒီ့ထက်အောင်မြင်ပြီး၊ စာဖတ်ပရိသတ်အတွက် ဒီ့ထက်ပံ့ပိုးပေးနိုင်ပါစေ။ စာဖတ်ပရိသတ်တွေကိုလည်း နှစ်သစ်မှာရွှင်လန်းချမ်းသာပြီးတော့ ကိုယ်စိတ်နှစ်ဖြာ ချမ်းမြေ့ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

■

**လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com



မိုးရာသီမှာ ဆုရ့ထားငေ

ကခ်နုခ်ဓာဓာဓွက်

ရှင်ခိုန်ခဲ့တဲ့

စေလ

ဟေင်းနိုင်ဦး

# ONE MINUTE INTERVIEW
## ကြုံရာဆုံရာ တစ်မိနစ်တာ

www.burmeseclassic.com

www.burmeseclassic.com

တေးရေး ရွှေရော်ရော် ဦးဆောင်ပြီး ကျင်းပပေးခဲ့တဲ့ မြန်မာ့ဂီတထူးချွန်ဆု ချီးမြှင့်ပွဲရဲ့ မိုးရာသီဂီတဆုပေးပွဲမှာ တေးသံရှင် ဝေလက အကောင်းဆုံး ရော့ခ်သီချင်း ဆုရရှိခဲ့ပြီး နွေ၊ ဆောင်းနဲ့ တစ်နှစ်တာ ချီးမြှင့်တဲ့ ဂီတ ဆုပေးပွဲမှာလည်း ထူးထူးခြားခြား ဆု ၃ ဆု ထပ်မံ သိမ်းပိုက်သွားတဲ့အတွက် တေးသံရှင် ဝေလရဲ့ ခံစားချက်များကို မေးကြည့်ဖြစ်ခဲ့ပါတယ်။

**ဝေလအနေနဲ့ မိုးရာသီက ရခဲ့ပြီး နွေ၊ ဆောင်းနဲ့ တစ်နှစ်တာမှာရောထပ်ပြီး မျှော်လင့်ခဲ့သေးလား။**

အဲဒီလိုကြီးတော့ မမျှော်လင့်ထားဘူး။ တစ်နှစ်စာအတွက် ချီးမြှင့်တဲ့အစီအစဉ်မှာတော့ ရင်ခုန်မျှော်လင့်မိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က မိုးရာသီမှာ အကောင်းဆုံးဆု ရရှိထားတဲ့အတွက် နွေ၊ ဆောင်းမှာ ရတဲ့သူတွေနဲ့ ပြန်ပြီး ယှဉ်ပြိုင်ရမှာမို့ပါ။ အဲဒီအတွက် ရင်ခုန်ပါတယ်။

**ဘာဖြစ်လို့ ရင်ခုန်ဖြစ်တာလဲ၊ ရင်ခုန်ရတဲ့ အကြောင်းတွေလည်း ပြောပြပေးပါလား။**

ရင်ခုန်စရာ အလွန်ကောင်းပါတယ်။ ဒီပြင်ချီးမြှင့်တဲ့ဆုတွေလို ရောင်းအား အကောင်းဆုံးတို့၊ ပရိသတ်အကြိုက်ဆုံးဆိုတာမျိုး မဟုတ်ဘဲ ဂီတနဲ့ပတ်သက်တဲ့ ပညာရှင်တွေကိုယ်တိုင်က ရွေးချယ်ပေးကြတဲ့အတွက် ကျွန်တော်တို့အတွက်က တကယ့်ကို မက်မောစရာပါပဲ။ မိုးရာသီမှာ ရထားတော့ ဆောင်းနဲ့နွေမှာလည်း ပြန်ကြည့်ဦးမှာလေ။ ပြီးတော့ ဆန်ခါတင်ထဲလည်း ပါထားပြီဆိုတော့ ရင်ခုန်နေရပြီပေါ့။

**ဝေလချီးမြှင့်ခြင်းခံရတဲ့ဆုတွေကိုလည်း ပြောပြပေးပါဦး။**

ကျွန်တော်ရတဲ့ ဆု ၃ ဆုကတော့ တစ်နှစ်တာ အကောင်းဆုံးရော့ခ်သီချင်း သီဆိုသူဆု၊ တစ်နှစ်တာ အကောင်းဆုံးရော့ခ်သီချင်းဆု နဲ့ တစ်နှစ်တာဖန်တီးမှု အကောင်းဆုံး ရော့ခ်အယ်လ်ဘမ်ဆု တို့ပဲ ဖြစ်ပါတယ်။

**အဲဒီ ဆု ၃ ဆုအတွက် ကိုယ်နဲ့ယှဉ်ပြိုင်ရတာ တကယ့်ရော့ခ်ကကြီးနှစ်ယောက်ဖြစ်နေတော့ ဘယ်လိုခံစားရလဲ။**

ကိုလေးဖြူတို့ ကိုအဲငဲတို့ဆိုတာက ကျွန်တော်တို့ ကြိုက်နှစ်သက်ပြီးသား၊ လေးစားပြီးသား အဆိုတော်နှစ်ယောက်ဖြစ်လို့ သူတို့နဲ့ယှဉ်ရင် ကျွန်တော် တော်တော် သိမ်ငယ်ပါတယ်။ ပညာရှင်တွေက ရွေးချယ်ပေးခဲ့လို့သာ မဝံ့မရဲနဲ့ ယူခဲ့ရတာပါ။

**ဆု ၃ ဆု ရရှိခဲ့တဲ့ *မိတ်ကပ်မကြိုက်သောသီချင်းများ* အယ်လ်ဘမ် ဖြစ်တည်ခဲ့ပုံလေး ပြောပြပါလား။**

ဒီသီချင်းကတော့ ကျွန်တော် ဖြတ်သန်းခဲ့ရတဲ့ဟာတွေမှာ ခံစားခဲ့ရတဲ့ ဖီလင်တွေကိုပဲ ကျွန်တော် ရေးခဲ့တာပါ။ ဒါကို ကျွန်တော့်အမြင်၊ ကျွန်တော့်အတွေးတွေနဲ့ ရေးခဲ့တာပါ။ စပြီး လုပ်ပေးခဲ့တာက ကိုနော်နော်ပါ။ သူ့ကြောင့် ဖြစ်ခဲ့တာလေးပါ။ ဒီသီချင်းကို တီးပေးခဲ့တဲ့သူက ကျွန်တော့်ရဲ့ဆရာလည်းဖြစ်တဲ့၊ ကျေးဇူးရှင်လည်းဖြစ်တဲ့ ကိုညီညီမောင်ပါ။

**ဆု ၃ ဆု ရလိုက်တဲ့အတွက် ပထမတစ်ခါတုန်းက အမေကို ပေးခဲ့တယ်လို့ ကြားတယ်။ အခုဆုတွေ အတွက် ဘယ်လိုလုပ်သွားမလဲ။**

အလှူအတန်း ကျွန်တော်လုပ်သွားပါမယ်။ လောလောဆယ် စဉ်းစားထားတာက စိတ်ကျန်းမာရေးဆေးရုံမှာ လှူဒါန်းသွားဖို့ပါ။

**လှူဖို့နေရာတွေ အများကြီးရှိပေမဲ့ ဘာဖြစ်လို့ စိတ်ကျန်းမာရေးဆေးရုံကို ရွေးဖြစ်သွားတာလဲ။**

စိတ်ကျန်းမာရေးဆေးရုံကို ရွေးရတာက ကျွန်တော်က ပြည့်ပြီးသားအိုးတွေကို မဖြည့်ချင်ဘူး။ လိုအပ်မယ်၊ မပြည့်သေးဘူးလို့ ကျွန်တော့်အတွေးနဲ့ထင်လို့ပါ။ စိတ်ကျန်းမာရေးချို့တဲ့နေတဲ့ပြည်သူတွေကို သေသေချာချာလေး အစားအသောက်ဖြစ်ဖြစ် လှူချင်တဲ့စိတ်လေး နဂိုကတည်းက အာသီသရှိလို့ပါ။ ချို့တဲ့တဲ့ မိဘမဲ့ကလေးဂေဟာတွေကိုလည်း လှူဖို့ အာသီသ ရှိပါတယ်။

**အဲဒါဆိုရင် နောက်ဆုံးအနေနဲ့ ဆုတွေ အများကြီးရထားတဲ့ *မိတ်ကပ်မကြိုက်သောသီချင်းများ*အယ်လ်ဘမ်ကို ဒီဗီဒီ ဘယ်တော့ ဖြန့်ချိနိုင်မှာလဲ။**

ရိုက်ထားတာတော့ ၅ ပုဒ်လောက် ပြီးသွားပါပြီ။ ကျွန်တော် မှန်းတာက သင်္ကြန်အပြီး ဖြန့်နိုင်ဖို့ပါ။ အပ်ထားတဲ့ ဒါရိုက်တာက နည်းနည်းများတော့ သူတို့အားမယ့်အချိန်ကို စောင့်နေရလို့ပါ။ ကိုယ်ကြိုက်တဲ့ ဒါရိုက်တာတွေကို တစ်ပုဒ်၊ နှစ်ပုဒ်လောက်စီပဲ အပ်တယ်။ သူတို့ အများကြီးလည်း မစဉ်းစားရအောင်၊ အချိန်လည်း မကုန်အောင်လို့ပါ။ အဲဒါကြောင့် ခွဲအပ်ဖြစ်တယ်။ MTV ကို အကောင်းဆုံး ကြိုးစားပြီး ရိုက်ကူးနေပါတယ်လို့ပဲ ပြောထားချင်ပါတယ်-လို့ တေးသံရှင် ဝေလက ပြောကြားခဲ့ပါတယ်။

■ **လင်းနိုင်ဦး**

www.burmeseclassic.com

www.burmeseclassic.com



# ONE MINUTE INTERVIEW
## ကြုံရာဆုံရာ တစ်မိနစ်တာ



www.burmeseclassic.com

www.burmeseclassic.com

ဆုတွေ အများကြီး ဖန်ဆင်းပေးတဲ့

# မျှော်လင့်ချက် တစ်စုံတစ်ရာ

**လင်းနိုင်ဦး**

တေးသံရှင် နီနီခင်ဇော်က *မျှော်လင့်ချက်တစ်စုံတစ်ရာ* တေးစီးရီးနဲ့ *မာရီယို* တေးစီးရီး နှစ်ခွေသာ ထွက်နိုင်သေးပေမဲ့ သူ့ရဲ့ ဂီတအောင်မြင်မှုကတော့ တော်တော်လေး တာသွားနေပြီ ဖြစ်ပါတယ်။ ဒီသီချင်းနှစ်ခွေနဲ့ ဆုတွေ ဆွတ်ခူးနိုင်ခဲ့သလို မြန်မာဂီတထူးချွန်ဆု ချီးမြှင့်ပွဲမှာလည်း ဆု ၃ ဆု ထပ်မံသိမ်းပိုက်နိုင်ခဲ့တဲ့ နီနီခင်ဇော်ရဲ့ခံစားချက်များကို မေးကြည့်ဖြစ်ခဲ့ပါတယ်။

**နီနီခင်ဇော်က မြန်မာဂီတထူးချွန်ဆုချီးမြှင့်ပွဲက ရခဲ့တဲ့ဆုတွေကို ပြောပြပေးပါလား။**

**တစ်နှစ်တာအကောင်းဆုံး** ပြန်ဆိုမှု(မူသစ်)သီချင်းဆု၊ ဒီဆုကိုတော့ *အင်းလေး မှာရှာတဲ့မိုး* သီချင်းနဲ့ နီနီ ရခဲ့တာပါ။ နောက်တစ်ဆုက **တစ်နှစ်တာ အကောင်းဆုံး ပေါ့ပ်သီချင်းဆု**နဲ့ **တစ်နှစ်တာ အကောင်းဆုံးပေါ့ပ်သီချင်း အမျိုးသမီးသီဆိုသူဆု**ပါ။ **တစ်နှစ်တာ အကောင်းဆုံး** ပေါ့ပ်သီချင်းဆုကိုတော့ နီနီရဲ့ *မျှော်လင့်ချက်တစ်စုံတစ်ရာ* နဲ့ ရခဲ့တာပါ။

***မျှော်လင့်ချက်တစ်စုံတစ်ရာ* က ဆုတွေ အများကြီးရစေတဲ့ သီချင်းဖြစ်နေပြီလား။**

မှန်ပါတယ်။ *မျှော်လင့်ချက်တစ်စုံတစ်ရာ* က နီနီအတွက် ဆုတွေ အများကြီး ဖန်ဆင်းပေးခဲ့တဲ့၊ ဖန်တီးပေးခဲ့တဲ့သီချင်းပါ။

**ဒီပွဲကို တက်လာတော့ ဘယ်လိုဆုတွေ မျှော်လင့်မိခဲ့လဲ။**

နီနီက ဒီပွဲမှာ သီချင်းဆိုပေးရမယ်ဆိုတော့ သီချင်းဆိုဖို့ အဆင်ပြေပါ့မလားလို့ဘဲတွေးပြီး ပူခဲ့တာပါ။ ပါဖောမန့်တွေနဲ့လည်း တင်ဆက်မှာဖြစ်လို့ အဆင်မပြေမှာစိုးရိမ်တယ်။ *မျှော်လင့်ချက်တစ်စုံတစ်ရာ* နဲ့ဆုရလိမ့်မယ်လို့ မမျှော်လင့်ခဲ့မိပါဘူး။

**အခုတော့ ဆုတွေ သုံးဆုတောင် ဆွတ်ခူးနိုင်လိုက်တဲ့အတွက် ဘယ်လိုခံစားခဲ့ရလဲ။**

ပထမဆုံး *အင်းလေးမှာ ရှာတဲ့မိုး*နဲ့ နီနီကို ပြန်ဆိုတေး(မူသစ်)အဖြစ် အကောင်းဆုံး ဆုပေးလိုက်တယ်။ မထင်ထားဘူး။ အောက်မှာ စကားတွေ ပြောနေကြတာပါ။ ဆုကြေညာလိုက်တော့ အရမ်းပျော်သွားတယ်။ ပရိသတ်တွေကလည်း လက်ခုပ်တီး အားပေးကြတော့ အဲဒီအခိုက်အတန့်မှာ ဘယ်လို ခံစားလိုက်ရလဲဆိုတာကို မသိတော့တာပါ။ ဆု ၃ ဆုတောင်ဆိုတော့ ဂီတသက်တမ်းမှာရော၊ ဘဝမှာရော အမှတ်တရ အကြီးကြီး ရသွားပြီပေါ့။

**အဲဒီတော့ *မျှော်လင့်ချက်တစ်စုံတစ်ရာ* သီချင်းကို ရေးပေးခဲ့တဲ့ ကိုဆောင်းဦးလှိုင်နဲ့ ပတ်သက်လို့ရော ဘာပြောချင်လဲ။**

နီနီက ကိုဆောင်းဦးလှိုင် ရေးပေးခဲ့လို့ ဒီဆုတွေ ရတာပါ။ သူ့ကို အများကြီး ကျေးဇူးတင်ရမှာဖြစ်သလို ဆုနဲ့ပတ်သက်ပြီးတော့လည်း တစ်ခုခု ဂါရဝပြုသွားဖို့ အစီအစဉ်ရှိပါတယ်။ လောလော ဆယ်မှာတော့ ကိုဆောင်းဦးက မလေးရှားကို ရောက်နေလို့ပါ။

**နောက်ထပ် ဒီဆုတွေရဲ့ အားနဲ့ ဘာတွေဆက်လုပ်သွားဖို့ စီစဉ်ထားလဲ။**

နောက် တစ်ခွေမှာတော့ အချစ်တွေကနေ သွေဖည်တဲ့ သီချင်းမျိုး လုပ်သွားဖို့ စီစဉ်ထားပါတယ်။ ကိုယ့်ကို အားပေးတဲ့ပရိသတ်၊ ပံ့ပိုးပေးတဲ့သူတွေအတွက် နီနီ ပိုပြီးကြိုးစားရမယ်။ သူတို့အတွက် အကောင်းဆုံးတွေ ဆက်လက်ဖန်တီးပေးသွားဖို့ စီစဉ်သွားပါမယ်။ အဲဒီအတွက် သီချင်းကောင်းတွေ ရဖို့ နီနီ စုဆောင်းနေပါတယ်။

**အခုလောလောဆယ် ထွက်သွားတဲ့ *ဂယ်ဘဲ ဂယ်ဘဲ* Single Song အခြေအနေလည်း ပြောပြပေးပါဦး။**

အခြေအနေက ပျော်စရာကောင်းပါတယ်။ သီချင်းက ဒီနေ့ခေတ်နဲ့ လိုက်ဖက်သွားသလို MTV မှာ ရိုက်ကူးပေးထားတာတွေကို လည်း ပရိသတ်က သဘောကျတဲ့အတွက် နီနီ အများကြီး ပျော်ရပါတယ်-လို့ နီနီခင်ဇော်က ပြောကြားခဲ့ပါတယ်။

■ **လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

> မြန်မာနိုင်ငံကို မတ်လ ၇ ရက်နေ့က ရောက်ရှိခဲ့ပြီး တစ်ပတ်ကြာ နေထိုင်သွားတဲ့ ဟောလိဝုဒ်ရဲ့ ဂျပန်မင်းသားကြီး ဆန်နီချီးဘားက ရုပ်ရှင်ကားပေါင်း ၁၅၀၀ ခန့် ရိုက်ပြီးခဲ့ပေမဲ့ နောက်ထပ် အနုပညာအလုပ်တွေ လုပ်ချင်သေးသလို မြန်မာနိုင်ငံနဲ့ ပူးပေါင်းပြီးတော့လည်း ရုပ်ရှင်တွေ ရိုက်ချင်သေးတယ်။ မကြာမီ ပြန်လာပါဦးမယ်လို့ ပြောခဲ့တဲ့အတွက် သင်္ကြန်အပြီးမှာ စတင်ရိုက်ကူးမယ့် Yangon Run Way ရုပ်ရှင်ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်မယ့် မင်းသားကြီး ဆန်နီချီးဘားကို မေးကြည့်ဖြစ်ခဲ့ပါတယ်။
>
> ပထမဦးဆုံး သိချင်တာက မြန်မာနိုင်ငံကိုလာတာ Yangon Run Way ရုပ်ရှင်ကားအတွက် သက်သက်လား၊ ဒီပြင် ဘယ်လို အကြောင်းရာတွေ ရှိဦးမလဲ။
>
> ဒီကားအတွက် သက်သက်တော့ မဟုတ်ပါဘူး။ ဒီဟာအတွက် အဓိက လာတာမဟုတ်ဘူး။ မြန်မာတို့ရဲ့အရဏ်ဦးလို့ အမည်ပေးထားတဲ့ ရုပ်ရှင်ကားအတွက်

အခြေခံပြီးလာတာပါ။ ဒီကိုလာရင်း မြန်မာ့ရုပ်ရှင်တိုးတက်ရာတိုးတက်ကြောင်း လုပ်သွားချင်တယ်။ တတ်ထားတဲ့အနုပညာတွေကိုလည်း သင်ပေးသွားချင်တယ်။ မြန်မာရော၊ ဂျပန်ပါသမိုင်းမှာ တွင်ရစ်မယ့်၊ သမိုင်းကြောင်းကိုပြမယ့် ဇာတ်ကားအတွက် ရည်ရွယ်ပြီးလာတာပါ။

**ဒါဆိုရင် 'မြန်မာတို့ရဲ့ အရဏ်ဦး' ကို ဘယ်တော့ ရိုက်ဖြစ်မှာလဲ၊ ဘာတွေ စီစဉ်ထားပြီးပြီလဲ။**

ဒီကားကို ဘယ်တော့ ရိုက်မယ်ဆိုတာ မပြောနိုင်သေးပါဘူး။ ဒါပေမဲ့ ဒီကားအတွက် ကြိုတင် ပြင်ဆင်ဖို့ မြန်မာနိုင်ငံကို ရောက်လာတာပါ။

**ကား ၁၅၀၀ ခန့် ရိုက်ခဲ့ရတာ ဘာကြောင့်လဲ။ ဘာကြောင့် ဒီလောက်ကားများ သွားရတာလဲ။**

အဓိကကတော့ အမြဲတမ်း တစ်ခုခုကို လုပ်နေမယ်ဆိုတဲ့ ဆန္ဒရှိတယ်။ ဒါကို မဖြစ်ဖြစ်အောင်လည်း ကြိုးစားတယ်။ အဲဒီလို ကြိုးစားနေတဲ့ အာရုံ၊ ကိုယ့်ရဲ့စိုက်ထုတ်အား ပါဝါတွေကြောင့် ဒီလောက် ကားများများ ဖြစ်သွားရတာပါ။ အနုပညာစိတ် ရှိနေမယ်ဆိုရင် အသက်အရွယ်ကြီးရင့်တယ်ဆိုတာ မေ့သွားတာပါပဲ။ အနုပညာကြောင့်လည်း နုပျိုနေတာပါ။

**Yangon Run Way ကားမှာ ဆန်နီချီးဘား ပါမယ်ဆိုလို့ ပရိသတ်တွေက စိတ်ဝင်စားနေပါတယ်။ အဲဒါကို ဘယ်လိုခံစားရလဲ။ အခန်းဘယ်လောက်လောက် ပါဝင်သရုပ်ဆောင်မှာလဲ။**

ဒီရုပ်ရှင်ကားမှာ ပါဝင်ဖြစ်တာကလည်း ဆာမူရိုင်း ဆိုတဲ့ စိတ်ဓာတ်ကိုအရင်းခံပြီး ပါဝင်သရုပ်ဆောင်ပါမယ်။ စိတ်ဝင်စားနေတယ်ဆိုတော့ ကျေးဇူးတင်ပါတယ်။ ဘယ်နှခန်းလောက် ပါဝင်သရုပ်ဆောင်ရမယ်ဆိုတာတော့ မသိသေးပါဘူး။

**အနုပညာနာမည်ကို ဘာဖြစ်လို့ ဆန်နီချီးဘားလို့ မှည့်ခေါ်ခဲ့တာလဲ။ ဒီနာမည်မှာ ဘယ်လို အဓိပ္ပာယ်တွေ ရှိနေလဲ။**

ဆန်နီချီးဘားဆိုတာ ကိုယ့်ဟာကိုယ်ပေးခဲ့တဲ့ နာမည်မဟုတ်ပါဘူး။ အမေရိကန် ဟောလိဝုဒ်က နာမည်တပ်လိုက်လို့ ဒီနာမည် ဖြစ်လာတာပါ။

**ဆန်နီချီးဘားက ပြောသွားတာ ရှိပါတယ်။ မြန်မာ့ရုပ်ရှင်ကို နိုင်ငံတကာလို တိုးတက်စေချင်တယ်ဆိုတော့ ဘယ်လိုတွေ လုပ်ပေးသွားမှာလဲ။**

အဓိကကတော့ မြန်မာနဲ့ ဂျပန် ယဉ်ကျေးမှု၊ ရင်းနှီးတဲ့ ဆက်ဆံမှုတွေ အရင်ကတည်းက ခိုင်ခိုင်မြဲမြဲ ရှိခဲ့တယ်။ အဲဒါကို အခြေခံပြီး ဘယ်လိုကူညီပေးရမလဲ၊ ဘာလုပ်ပေးရမလဲ ဆိုတဲ့ဆန္ဒနဲ့ မြန်မာ့ရုပ်ရှင်ကို တိုးတက်စေလိုတဲ့ စိတ်ဆန္ဒ ဖြစ်လာတာပါ။ လုပ်ပေးနိုင်တဲ့ အပိုင်းတွေကိုလည်း တတ်နိုင်သလောက် လုပ်ပေးသွားပါမယ်။

**လွတ်လပ်ရေး မရခင်ကာလတုန်းက ဂျပန်နဲ့ မြန်မာတို့က အင်္ဂလိပ်ကို တိုက်ထုတ်ခဲ့တာကို ဘာကြောင့်ရုပ်ရှင်အဖြစ် ရိုက်ချင်တယ်လို့ ပြောရတာလဲ။**

သမိုင်းတစ်ခုဖြစ်ခဲ့တဲ့အတွက် သမိုင်းတွင်ရစ်စေချင်တာပါ။ ဒီနေ့ခေတ် လူငယ်တော်တော်များများက အဲဒီသမိုင်းကြောင်းကို သိပ်သိကြမှာ မဟုတ်ဘူး။ ဒါကြောင့် ဒါကို ပြန်ပြီး သိစေချင်တယ်။ သမိုင်းဆိုတာလည်း နိုင်ငံတစ်ခုအတွက် အရေးကြီးတဲ့ အချက်တစ်ချက်ပါ။ သမိုင်းမရှိရင် အားလုံး မေ့ပျောက်သွားမှာပါ။ ဒါကြောင့် သမိုင်းတွင်ရစ်ခဲ့တဲ့ အထောက်အထားတွေ ခေတ်လူငယ်တွေကို သိစေချင်တဲ့အတွက် ဒီရုပ်ရှင်ဖြစ် မြောက်ရေးအတွက် အိပ်မက်တစ်ခုကို ကြိုးစားနေတာပါ။

**မြန်မာနိုင်ငံကို နောက်တစ်ခေါက် ဘယ်တော့ ပြန်လာဦးမလဲ၊ ဘာတွေ လုပ်သွားဦးမလဲ။**

မကြာမီ ပြန်လာမှာပါ။ Yangon Run Way ကားအတွက်က ဧပြီလအတွင်းမှာ ပြန်လာမှာပါ။ ရိုက်ကူးဖို့ စီစဉ်ထားတဲ့ **မြန်မာတို့ရဲ့ အရဏ်ဦး** ကားအတွက်လည်း ပြင်ဆင်ညှိနှိုင်းစရာတွေ အများကြီးရှိလို့ ဒီသမိုင်းမှာ တွင်ကျန်ရစ်စေမယ့်ဆန္ဒနဲ့ မကြာမီ ပြန်လာပါဦးမယ်-လို့ ဆန်နီချီးဘားက မြန်မာစကားပြန် မှတစ်ဆင့် ဖြေကြားပေးခဲ့ပါ တယ်။ ■

**လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# မြန်မာနှစ်ဆန်းမှာ ကြည့်ရမယ့် လော်မင်္ဂလာ

**မိုးကျော်ထွန်း**

ထာဝရ
အလင်းတန်းများ
ရုပ်ရှင်ဇာတ်ကားနဲ့
အကယ်ဒမီဆုများစွာ
သိမ်းပိုက်ထားတဲ့
ရှိမြင့် ရုပ်ရှင်
ထုတ်လုပ်ရေးက
ကိုဇော်မြင့် စီစဉ်ပြီး
ဆွေမင်း(ရေနံမြေ)ရဲ့
မြိုင်ရာဇာတွက်ဝီ
ရုပ်ပြဇာတ်လမ်းကို
ဖိုးသာအောင်က
ဇာတ်လမ်းပြန်လည်
တည်ဆောက်ပြီး
လူရွှင်တော်
ချစ်စရာ(မန္တလေး)နဲ့
ကြည်နိုင်တို့က
ဇာတ်ညွှန်းရေးဖွဲ့ကာ
ဒါရိုက်တာ အကယ်ဒမီ
ထွန်းအောင်ဇော်
ရိုက်ကူးတင်ပြထားတဲ့
လော်မင်္ဂလာ
ဟာသရုပ်ရှင်ဇာတ်ကားကို
မြန်မာနှစ်ဆန်းမှာ
ရုံတင်ပြသနိုင်တော့မှာ
ဖြစ်တယ်လို့ သိရပါတယ်။
ရိုက်ကူးထားတာ



www.burmeseclassic.com

www.burmeseclassic.com





နှစ်နှစ်ခန့်ကြာပြီဖြစ်ပါတယ်။ မြန်မာရုပ်ရှင်ဇာတ်ကားများ ပြသရေးစနစ်က တန်းစီ စောင့်ရတဲ့စနစ် ဖြစ်တာကြောင့် ရုပ်ရှင် ဇာတ်ကားများ ရိုက်ကူး ပြီးစီးပေမဲ့ ပရိသတ် ရှေ့မှောက်ကို ချက်ချင်း ရောက်မလာနိုင်ဘဲ ဒီလိုပဲ နှစ်ပေါက် စောင့်ဆိုင်းရတဲ့ စနစ်ဖြစ်နေပါတယ်။ လော်မင်္ဂလာ ရုပ်ရှင် ဇာတ်ကားမှာ အကယ်ဒမီ လူမင်းက တွတ်ပီ၊ အကယ်ဒမီ မေသဉ္ဇာဦးက မသေးမျှင်၊ ဇာတ်မင်းသားလေး ဖိုးချစ်က ဗိုက်ကလေး၊

အကယ်ဒမီ နောင်နောင်က လူမော်၊ အိချောပိုက ခင်မျိုး အေး၊ မေသက်ခိုင်က ခင်မျိုး ထွေး၊ အကယ်ဒမီ မော့စ်က ဦးစိန်ရ၊ ဗေလုဝက ကိုချ ခင်၊ အကယ်ဒမီများရှင် ရဲ အောင်က သူကြီး ဦးဘ အကယ်ဒမီများရှင် မေသန်း က ဒေါ်ရွှေရင် စသဖြင့် ဇာတ် ကောင်အင်အားများစွာနဲ့ ရိုက် ကူးထားတဲ့ ဇာတ်ကားတ ကားဖြစ်ပါတယ်။

စာဖတ်ပရိသတ်များ ကြားမှာ မြိုင်ရာဇာတွတ် ဆိုရင် ရယ်ရတဲ့ ဟာသဇာ လမ်းတစ်ပုဒ်အဖြစ် သဘော ပေါက်ထားကြပြီးဖြစ်ပါတယ် ရီမြင့် ရုပ်ရှင်ထုတ်လုပ်ရေး တာမန္တလေးမြို့မှ အစဉ်အလာ ကြီးမားတဲ့ သကြန်ရှ ဒဏ္ဍာရီ၊ မမစိမ်း အစရှိ ရုပ်ရှင်ကားကြီးများကို ထု



www.burmeseclassic.com

www.burmeseclassic.com

လုပ်ခဲ့ဖူးတဲ့ ထုတ်လုပ်ရေး တစ်ခုအနေနဲ့ ဟာသဇာတ်ကားတစ်ကား ထွက်ရှိလာတဲ့ အပေါ် ဒါရိုက်တာဖြစ်တဲ့ အကယ်ဒမီ ထွန်းအောင်ဇော် ကို မေးကြည့်ခဲ့ပါတယ်။

'ဒီဇာတ်လမ်းကို ထုတ်လုပ်သူက ရွေးတာလား၊ ဒါမှမဟုတ် ကိုထွန်းအောင်ဇော်က ရွေးတာလား။'

'ကိုဇော်မြင့်က ဖိုးချစ်နဲ့ နောင်နောင်အတွက် ဇာတ်တစ်ပုဒ် ရှာခိုင်းတော့ နှစ်ယောက်ပါမယ့် လော်မဂ်လာက ကျွန်တော့်လက်ထဲမှာ အဆင်သင့် ရှိနေတဲ့အတွက် ရိုက်ဖြစ်ခဲ့တာပါ။ နောင်နောင်က ကျွန်တော် ရိုက်ခဲ့တဲ့ ထာဝရအလင်းတန်းများနဲ့ အကယ်ဒမီ ရထားပြီးသားသူ ဖြစ်တော့ သူ့အတွက်လည်း နေရာရရမယ်၊ ဖိုးချစ်ကလည်း ပရိသတ်ရှိပြီးသား မင်းသားလေးတစ်လက်ဆိုတော့ သူ့အတွက်လည်း နေရာ ရှိရမယ်။ ဒါကြောင့် လော်မဂ်လာ ကို ရွေးခဲ့တာပါ'

'လော်မဂ်လာ က မြိုင်ရာဇာတွတ်ပီ ဇာတ်လမ်းထဲက ဇာတ်ကောင်တွေကို ယူပြီး







www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ပိုင်ဓာတ်အိမ်ဖွဲ့တာလား၊ ဒါမှမဟုတ် မနုဖြူ ဆွေမင်းရဲ့ထွက်ပြီးသား ဓာတ်လမ်းလား"

"လော်မင်္ဂလာ က ကိုဆွေမင်းရဲ့ ထွက်ပြီးသား ဓာတ်လမ်းတစ်ပုဒ်ပါ။ ရုပ်ရှင်အနေနဲ့ ရိုက်တာယ်ဆိုတော့ နည်းနည်း ထပ်ဖြည့်ရတဲ့ ဓာတ်လမ်းတွေတော့ ရှိတာပေါ့"

"ဒီကားက ကိုမောင့်စ်လည်း ပါသေးတယ်ဆိုတော့ တော်တော်ကြာသွားပြီပေါ့"

"ဟုတ်ကဲ့ ကြာသွားပါပြီ။ အယ်လောက် ကြာသွားသလဲဆိုရင် ကမ္ဘာ့ပလား အပြီးမှာ ဝါကာ ဝါကာ ဆိုတဲ့သီချင်း နာမည်ကြီးခဲ့တယ်။ ကျွန်တော်က အဲဒီသီချင်းကို ရွာမှာလုပ်တဲ့ ရန်ပုံငွေပွဲမှာ မေသန်းနုနဲ့ မေသဉ္ဇာဦးတို့ က‌တဲ့သီချင်း အဖြစ် သုံးထားလိုက်တယ်။ အခု အဲဒီသီချင်း တော်တော်ဟောင်းသွားပြီ။ ဒါကြောင့် ကျွန်တော်တို့က ရုပ်ရှင်ကား အစ်အား ရိုက်မယ်ဆိုရင်





www.burmeseclassic.com

www.burmeseclassic.com



တော်တော်နဲ့ ရိုးမသွားနိုင်မယ့် ဇာတ်ကွက်မျိုးတွေကို ဖန်တီးနေရတယ်။ ရုံတင်ဖို့က နှစ်နှစ်လောက် စောင့်ကြရတာကိုး'

'ကိုထွန်းအောင်ဇော် ရိုက်တဲ့ ထာဝရအလင်းတန်းများ က အကယ်ဒမီတွေ အများကြီးရခဲ့တယ်ဆိုတော့ ဒီကားနဲ့ ပတ်သက်လို့ရော ပြောလင့်ချက်များရှိပါသလား'

'ထာဝရ အလင်းတန်းများ က ရုပ်ရှင်အကျိုးပြုတဲ့ ဇာတ်လမ်းတစ်ပုဒ်ပါ။ လော်မင်္ဂလာ ကတော့ ဟာသဇာတ်သန်းသက်သက်ဖြစ်ပါတယ်။ ဇာတ်လမ်းချင်းမတူတဲ့အတွက် ဆိုတော့မမျှော်လင့်ပါဘူး။ ဇာတ်ကောင်တွေကတော့ ထာဝရအလင်းတန်းများ ဇာတ်ကောင်အများစု ပါဝင်ထားကြပါတယ်။ ပရိသတ် ရယ်မော ပျော်ရွှင်တယ်ဆိုရင် ကျွန်တော်တို့ ကျေနပ်ရမှာပါ' လို့ ကိုထွန်းအောင်ဇော်က သူ့ကားနဲ့ပတ်သက်ပြီး ဖြေကြားခဲ့ပါတယ်။

မကြာမီ ရုံတင်တော့မယ့် လော်မင်္ဂလာ ကို ကြည့်ပြီး နှစ်သစ်တစ်နှစ်လုံး ပျော်ရွှင်ကြည်နူးနိုင်ကြပါစေလို့ ဆုတောင်းရပါတယ်။ ■

**မိုးကျော်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com

နှစ်ပေါင်းများစွာ ဂီတလောက၊ အနုပညာလောကမှာ အောင်မြင်ထင်ရှားခဲ့တဲ့ အဆိုတော်ကြီး ပလေးဘွိုင် သန်းနိုင်က သူ့ရဲ့ဂီတသက်တမ်း နှစ် ၅၀ ပြည့် အထိမ်းအမှတ် 50[th] Golden Jubilee Gold Flavour လို့ အမည်ပေးထားတဲ့ ဂီတဖျော်ဖြေပွဲကို ဖေဖော်ဝါရီလ ၂၈ ရက်နေ့ ည ၇ နာရီအချိန်က ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံမှာ ကျင်းပခဲ့ရာ ပလေးဘွိုင်သန်းနိုင်နဲ့အတူ ပလေးဘွိုင်သန်းနိုင်ရဲ့ သီချင်းများကို နာမည်ကြီး အဆိုတော်များစွာတို့က ဂုဏ်ပြုသီဆို ဖျော်ဖြေပေးခဲ့ ကြပါတယ်။ ပလေးဘွိုင် သန်းနိုင်က သူ့ရဲ့ 50[th] Golden Jubilee Gold Flavour ဂီတပွဲကို ပြီးခဲ့တဲ့ ဇန်နဝါရီလ ၃၀ ရက်နေ့က အမျိုးသားဇာတ်ရုံမှာပဲ ကျင်းပသွားဖို့ စီစဉ်ထားပေမဲ့ ပွဲမတိုင်ခင် ဖေဖော်ဝါရီလ ၂၉ ရက်နေ့ ညက ပလေးဘွိုင်သန်းနိုင် ကားအက်ဆီးဒင့် ဖြစ်သွားတဲ့ အတွက် ရက်ရွှေ့ခဲ့ရပြီး မတ်လ ၂၈ ရက်နေ့မှ ပြန်လည် ကျင်းပ ခဲ့တာပဲ ဖြစ်ပါတယ်။



တေးသံရှင် သျှီ



တေးသံရှင် ထွန်းထွန်း(Examplez)

တေးသံရှင် ဇော်ဝင်းထွဋ်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကားအက်ဆီးဒင့်ဖြစ်သွားခဲ့တဲ့အတွက် ပလေးဘွိုင်သန်းနိုင်တစ်ယောက် ဒဏ်ရာဒဏ်ချက်တွေ များစွာ ရခဲ့ပြီး အခုချိန်ထိလည်း အရှင်းမပျောက်သေးသလို ခါးကလည်း နာနေဆဲပဲ ရှိပါသေးတယ်။ ဒါပေမဲ့ ပလေးဘွိုင်သန်းနိုင်က ဂီတကို အလွန် မြတ်နိုးတွယ်တာသူဖြစ်လို့ သူ့ပွဲကိုလည်း မဖြစ်ဖြစ်အောင် ပြန်လည်ကျင်းပပြီး နှစ် ၅၀ ပြည့် အမှတ်တရပွဲဖြစ်လို့ ထူးထူးခြားခြား ပရိသတ်များ ခံစားရလေအောင် စီစဉ်တင်ဆက်ပေးခဲ့ပါတယ်။

ပလေးဘွိုင် သန်းနိုင်က သူ့ရဲ့ ဖျော်ဖြေပွဲမှာ သူကိုယ်တိုင်ပဲ *အားလုံးမှား ယွင်း၊ ကပ်ခွာလေး၊ နှလုံးသားမီးလျှံ* သီချင်းများနဲ့ စတင်ဖျော်ဖြေပေးပြီး *သုံးရာသီချစ်သူ* သီချင်းမှာတော့ သူနဲ့အတွဲညီခဲ့တဲ့ L ခွန်းရီနဲ့ သီဆိုပေးခဲ့ပါတယ်။ ဒီပွဲမှာ တီးခတ်ပေးတဲ့ တေးဂီတ အဖွဲ့ကတော့ ပြန်လည်ဖွဲ့စည်းထားတဲ့ ပလေးဘွိုင်တေးဂီတအဖွဲ့ပဲ ဖြစ်ပါတယ်။ ပလေးဘွိုင်သန်းနိုင်က သီချင်းတွေကို သူ့ပွဲမို့လို့ သူ တစ်ယောက် တည်း ဆိုတာမျိုး မဟုတ်ဘဲ သူ့သီချင်းတွေကို ဂုဏ်ပြုသီဆိုပေးကြမယ့် အဆိုတော်များက တစ်ပုဒ် အရင်သီဆိုပေးကြပြီးနောက် တစ်ပုဒ်မှာကျတော့ ပလေးဘွိုင်သန်းနိုင်နဲ့အတူ အတွဲသီဆိုပေးခဲ့ကြတာ ဖြစ်ပါတယ်။

ပါဝင်သီဆိုပေးကြတဲ့ အဆို တော်များကတော့ ဗစ်တာခင်ညို၊ ခင်မောင်ထူး၊ မေဆွိ၊ စိန်ဝင်းထွန်း၊ ဖြိုးကြီး၊ ပီတာဘသိန်း၊ ဂျေမောင်မောင်၊ ဘိုဘိုဟန်၊ ယုဇန၊ ပြည့်ဖြိုးအောင်၊ ရင်ဂို၊ ဘိုဘို၊ ဇော်ဝင်းထွဋ်၊ ဟေမာနေဝင်း၊ ခိုင်ထူး၊ သျှီ၊ တင်အောင်မိုး၊ ထွန်းထွန်း(Examplez)၊ အိုင်ရင်းဇင်မာမြင့်၊ ဂျက်မြသောင်း၊ ကော်နီနဲ့ ကိုအောင်ထွေးတို့ပဲ ဖြစ်ပါတယ်။ အားလုံးကလည်း ပလေးဘွိုင် သန်းနိုင်ရဲ့သီချင်းများထဲက သူတို့နဲ့လိုက်ဖက်မယ့်သီချင်းများကို ရွေးချယ်ပြီး သီဆိုဂုဏ်ပြုပေးခဲ့ကြတာပဲ ဖြစ်ပါတယ်။ ပွဲကို မြိုင်ဆိုင်ရလေအောင် ဟာမိုနီအဖွဲ့ ၅ ယောက်၊ ဒရမ်နှစ်ဖွဲ့တို့နဲ့ ဖျော်ဖြေတင်ဆက်ပေးခဲ့ပြီး ပါဖောမန့်တွေ အကအလှတွေနဲ့လည်း ထည့်သွင်းပေးခဲ့ပါတယ်။ ပလေးဘွိုင်သန်းနိုင် မဆိုမဖြစ် ဆိုပေးရမယ့် သီချင်းတွေရှိပေမဲ့လည်း ပလေးဘွိုင်သန်းနိုင်ကတော့ သူ့ရဲ့ပွဲမှာ ဂုဏ်ပြုသီဆိုပေးကြမယ့် အဆိုတော်များကိုပဲ ဦးစားပေးပြီး ပရိသတ်က ဆိုစေချင်တယ်ဆိုရင် သီဆိုပေးတဲ့ အဆိုတော်နဲ့ အတွဲ သီဆိုပေးလိုက်တာပဲ ဖြစ်ပါတယ်။

ပလေးဘွိုင်သန်းနိုင်ကို နာမည်ကြီး အဆိုတော်များက တေးသီချင်းများနဲ့ သီဆိုပြီး



အကအဖွဲ့တွေရဲ့ တင်ဆက်မှုတွေနဲ့လည်း
ပလေးဘွိုင် သန်းနိုင်က ဖျော်ဖြေပေးခဲ့ပါတယ်

www.burmeseclassic.com

ဂုဏ်ပြုရာမှာ ပလေးဘွိုင် သန်းနိုင်ကို အားလုံးက လေးစားတန်ဖိုးထား မြတ်နိုး ကြသူများဖြစ်လို့ သီဆိုဂုဏ်ပြုပေးရတဲ့ အဆိုတော်များ ကိုယ်တိုင်က ပျော်ရွှင်ကျေနပ်နေကြသလို ပလေးဘွိုင် သန်းနိုင်ကိုယ်တိုင်ကလည်း အပျော်ကြီးပျော်နေတဲ့အတွက် သူ ရရှိထားတဲ့ ဒဏ်ရာကို ခဏမေ့ထားပြီး တချို့သီချင်းတွေ ဆိုတဲ့အခါမှာ ကလို့ တောင် နေပါသေးတယ်။ ခင်ပေါ်က လုံး၀ မဆင်းဘဲ အစီအစဉ်တင်ဆက်သူအနေနဲ့ လည်းခေါ်ထားတဲ့သူ ရောက်လာလို့ သူကိုယ်တိုင်ပဲ အစီအစဉ်တင်ဆက်သူ လုပ်ပေးခဲ့ပြီး တစ်ခါတစ်ခါမှာတော့ ခါးနာလာတဲ့အတွက် နောက်နားမှာ သွားထိုင်နေရတာ တွေ့ရပါတယ်။ ဒါပေမဲ့ မကြာပါဘူး။ ချက်ချင်းထ၊ လာပြီး သူတစ်ယောက်တည်း ဆိုရမယ့် သီချင်း၊ စုံတွဲသီဆိုပေးရမယ့် သီချင်းတွေကို ပျော်ပျော်ကြီး သီဆိုပေးခဲ့တာ တွေ့ခဲ့ရပါတယ်။ အဲဒီထဲမှာ ဇော်ဝင်းထွဋ်က ပလေးဘွိုင် သန်းနိုင်ရဲ့ သီချင်း ၃ ပုဒ်အထိ သီဆိုဂုဏ်ပြုပေးခဲ့ပြီး ဇော်ဝင်းထွဋ်က ပလေးဘွိုင် သန်းနိုင်သာ မရှိခဲ့ဘူးဆိုရင် ကိုယ်လည်း အဆိုတော်ဖြစ်လာမှာ မဟုတ်ဘူးလို့ ဂုဏ်ပြုပြောကြားခဲ့ပါတယ်။



တေးသံရှင် ပြိုးကြီး

တေးသံရှင် ယုနေ

တေးသံရှင် စိန်ဝင်းထွန်း

www.burmeseclassic.com

တကယ်လည်း ဖော်ဝင်းထွဋ်က ပလေးဘွိုင်သန်းနိုင် သီချင်း တချို့ကို ပြန်လည်သီဆိုဖူးခဲ့ပြီး သူ့အလှည့်မှာလည်း အောင်မြင်မှု ဆက်လက်ရရှိလာခဲ့တာလည်းဖြစ်ပါတယ်။ ဖော်ဝင်းထွဋ်တစ်ယောက်တည်း မဟုတ်ပါဘူး။ ဒီပြင် အဆိုတော်တွေလည်း ပလေးဘွိုင်သန်းနိုင် သီချင်းတွေကို ပြန်လည် သီဆိုဖူးခဲ့ကြပြီး အများဆုံး ပြန်လည်သီဆိုတဲ့ အထဲမှာ ဖော်ဝင်းထွဋ်အပြင် မေဆွိလည်း ပါဝင်ပါတယ်။ မေဆွိ က *ပန်းသီးဖီလင်များ* ဆိုပြီး အခွေတောင် ထွက်ရှိခဲ့ပါ သေးတယ်။

ပလေးဘွိုင်သန်းနိုင် တစ်လှည့်၊ ဂုဏ်ပြုသီဆိုကြတဲ့ အဆိုတော်များကတစ်လှည့် အင်မတန် ပျော်စရာကောင်းတဲ့ အစီအစဉ်မှာ နောက်ထပ် တင်ဆက်ပေးတာကတော့ ပလေးဘွိုင်



တေးသံရှင် ခင်မောင်ထူး



တေးသံရှင် စိမ်းမိုမို



The Noon အဖွဲ့ရဲ့ ဖျော်ဖြေမှုကလည်း အံ့ဖွဲ့ညီခဲ့ပါတယ်



www.burmeseclassic.com

သန်းနိုင်က သူကိုယ်တိုင် ဒရမ်တီးခတ်သူတစ်ယောက် ဖြစ်လို့ သူ့ရဲ့ပွဲမှာ ဒရမ် ၅ စုံ စင်မြင့်ပေါ်တင်ပြီး လက်ရှိ အောင်မြင်နေတဲ့ ဒရမ်မာများက စုပေါင်း တီးခတ်ကြတဲ့ အစီအစဉ်ပဲ ဖြစ်ပါတယ်။ စင်မြင့်ပေါ်မှာ ဒီလို ဒရမ် ၅ စုံ တင်ပြီး တီးခတ်ပြတာ တစ်ခါမှ မကြုံဖူးတဲ့အတွက် ပရိသတ်တွေအတွက်ကတော့ တကယ့်ထူးခြားတဲ့ ခံစားမှုပဲ ဖြစ်ပါတယ်။ ပရိသတ်တစ်ဦးဆိုရင် ဒီလို ဒရမ် ၅ စုံစင်မြင့်ပေါ်တင်ပြီး တီးခတ် ပြတာ သူ့အသက် ၅၀ ကျော်အတွင်း တစ်ခါမှမမြင်ဖူးဘူးလို့တောင် ဖွင့်ဟပြောကြားလာပါတယ်။



တေးသံရှင် ဘိုဘိုဟန်

ပလေးဘွိုင်သန်းနိုင်နဲ့အတူ တွဲဖက်သီဆိုဖျော်ဖြေခဲ့တဲ့ တေးသံရှင် ဗစ်တာခင်ညို

The Noon အဖွဲ့ရဲ့သီဆိုဖျော်ဖြေမှုမှာ တေးသံရှင် ဂျင်ဂိုကလည်း ဒရမ်လက်စွမ်းပြတီးခတ်ပေးခဲ့ပါတယ်

www.burmeseclassic.com



တေးသံရှင် ဂျေမောင်မောင်နဲ့လည်း
တွဲဖက်သီဆိုဖျော်ဖြေခဲ့ပါတယ်

ဟာမိုနီလိုက်ကြသူများ



www.burmeseclassic.com

www.burmeseclassic.com



တေးသံရှင် ပီတာဘသိန်း

တကယ်လည်း ထူးခြားတဲ့ စီစဉ်တင်ဆက်မှုများနဲ့ ပလေးဘွိုင်သန်းနိုင် အောင်မြင်ခဲ့တဲ့သီချင်းတွေကို သီဆိုပေးကြ တဲ့ပွဲဖြစ်လို့ မကြည့်လိုက်ရတဲ့ ပရိသတ်တွေအတွက် နှမြောမိပါတယ်။ ဒီလောက်ကြီးကျယ်ပြီး ပျော်စရာကောင်းတဲ့ပွဲကို ဘယ်ရုပ်သံကမှလည်း ထုတ်လွှင့်မပြသခဲ့တဲ့အတွက် ရွှေအမြုတေ ပရိသတ်တွေ ခံစားကြည့်ရှုနိုင်ဖို့ မှတ်တမ်းပုံတွေကိုလည်းတင်ပြပေးလိုက်ရပါတယ်။ ပလေးဘွိုင်သန်းနိုင်က သူ့ရဲ့နှစ် ၅၀ ပြည့် ဂီတပွဲကိုကျင်းပပြီးရင် သီချင်းမဆိုတော့ဘူးလို့ ဆုံးဖြတ်ထားပေမဲ့ ကားအက်ဆီးဒင့်ဖြစ် လို့ ကံကောင်းထောက်မစွာနဲ့ အသက်မသေခဲ့တဲ့အတွက် နောက်ထပ် ဒီလိုဂီတပွဲတွေ ဆက်လုပ်ပြီး သီချင်းတွေ ဆက်လက်သီဆိုသွားဦး ပါမယ်လို့ ကတိပေးခဲ့ပါတယ်။ ■

**လင်းနိုင်ဦး**



တေးသံရှင် ဟေမာနေဝင်း

တေးသံရှင် ခိုင်ထူး



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ရုရှားဖာလိုဗက်ဂ်က သူ့အိမ်ခန်းထဲမှာ နွေးနွေးထွေးထွေး စောင်ခြုံထားပြီး မီးလင်းဖိုနံဘေးမှာ ရှိနေခိုက် အောက်ထပ်မှအော်သံကိုကြားရတယ်။ 'မေမေ'တဲ့။ အသက် ၆ နှစ်အရွယ်ရှိ သား မက်ဇ်နဲ့ သူ့အကြီးညီမ အဲမီတို့ စနေ့ရား သင်တန်းသွားတက်ရာက အိမ်ပြန်ရောက်လာပြီမို့ မိခင်ဖြစ်သူကို အငမ်းမရ ရှာဖွေနေကြခြင်းပါ။ 'မေမေ အပေါ်ထပ်မှာ'လို့ ဂျေလိုက အသံပြန်ပြုလိုက်တဲ့အချိန်မှာ ကလေးနှစ်ယောက်က စံအိမ်ကြီးရဲ့လှေကားထစ်တွေကို အပြေးအလွှားတက်လာခဲ့ကြပါတယ်။ မိခင်အပါးကို ရောက်လာတဲ့အချိန် သူတို့တစ်နေ့တာ လုပ်ဆောင်ခဲ့သမျှတွေနဲ့ ဂီတသင်တန်းက အကြောင်းတွေကို အလုအယက် ပြောနေကြပါတယ်။ နောက်ဆုံးမေးခွန်းကတော့ 'ဒီည ဘာစားရမှာလဲ မေမေ'တဲ့။ မိခင်ဖြစ်သူက သားတို့သမီးတို့အတွက် ညစာအဖြစ် ကြက်သားကို ချက်ထားပြီး အသီးအရွက်လည်း ကြော်ထားတဲ့အကြောင်း ပြောလိုက်တော့ သားနဲ့သမီးက ကျေနပ်သွားကြတယ်။ သူတို့မိသားစုကလေးကို ကြည့်ရတာ အင်မတန်ကြည်နူးစရာ ကောင်းပါတယ်။ ၂၀၁၁ ခုနှစ်က မိခင်ဖြစ်သူနဲ့လမ်းခွဲခဲ့တဲ့ ဖခင်ဖြစ်သူ မာ့ခ်အန်သိုနီနဲ့ကတော့ ရက်သတ္တပတ်ကုန်ဆုံးချိန်များမှာ ကန့်သတ်ပေးထားတဲ့အတိုင်း Face Time ကတစ်ဆင့် စကားပြောခွင့်ရကြပါတယ်။ အမ်မီကလေးက 'နောက် ၂ လဆိုရင် သမီးမွေးနေ့ရောက်တော့မယ်။ ၇ နှစ်ပြည့်တော့မှာ။ ၈ နှစ်၊ ၉ နှစ်၊ ၁၀ နှစ်၊ ၁၁ နှစ်၊ ၁၂ နှစ်ရောက်သွားရင် သမီး ကစားချင်တဲ့ လျှပ်စစ်ပစ္စည်းတွေနဲ့ ပိုကစားခွင့်ရတော့မယ်'လို့ ကြိုတင်မျှော်လင့်ထားတဲ့ သူ့စိတ်ကူးကို ပြောပြပါတယ်။

# အိမ်ထောင်ရှင်မ ဂျနမာလိုပက်ဇ်

ဇာနည်ညီမိုး

www.burmeseclassic.com

www.burmeseclassic.com





ကလေးတိုင်းမှာ ကြီးကြီးမားမား မျှော်လင့်ချက်တွေ ရှိတတ်ကြပါတယ်။ လူကြီးတွေက အမှတ်တမဲ့ဖြစ်ပေမဲ့ ကလေးတွေကတော့ သူတို့လုပ်ချင်တာကို လုပ်ခွင့်ရနိုင်ဖို့ ရောက်လာတော့မယ့် အချိန်ကို ကြိုတင်စောင့်စားမျှော်လင့်တတ်ကြပါတယ်။ ဂျေလို လို အသက် ၄၅ နှစ်အရွယ်မှာ ကမ္ဘာကျော်တစ်ယောက် ဖြစ်နေခဲ့ပြီးသူတွေအတွက် နောက်ထပ်မျှော်လင့်စရာတွေက တစ်ပုံတစ်ပင် ရှိနေဦးမှာပါ။ ဂျေလိုပါဝင်သရုပ်ဆောင်ထားတဲ့ သည်းထိတ်ရင်ဖိုရုပ်ရှင်ကားတစ်ကားဖြစ်တဲ့ The Boy Next Door ဆိုရင် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့မှာ ရုံတင်ပြသတော့မှာပါ။ ဂျေလိုက အချစ်နဲ့ပတ်သက်လာရင် စိတ်ရှည်သည်းခံမှုနဲ့ ခွန်အားကို ရယူတတ်လို့ ဆိုပါတယ်။ 'ကျွန်မက သူတစ်ပါးကို မှီခိုအားထားပြီး နှစ်သိမ့်မှုရှာဖွေရတဲ့သူတစ်ယောက် ဖြစ်နေတယ်' လို့ သူ့ကိုယ်သူ အားမရတဲ့စကားဆိုပါတယ်။ အိမ်ထောင် ၃ ဆက်ကျခဲ့ပြီး အမျိုးသားကချေသည် ကာစပါနဲ့လမ်းခွဲခဲ့ပြီးဖြစ်တာကြောင့် ဂျေလိုအနေနဲ့ အချစ်နဲ့ပတ်သက်တဲ့ သင်ခန်းစာ၊ တစ်ယောက်တည်းနေရတာက ဘဝမှာ ပိုပြီးကောင်းတယ် ဆိုတာကို သိခဲ့ပုံရပါတယ်။ 'ကျွန်မ ရင်ထဲမှာ ခံစားခဲ့ရတဲ့ ဝေဒနာတွေကို တစ်ယောက်တည်း ကျိတ်ပြီး ခံစားရုံနဲ့ ပြေပျောက်နိုင်ပါ့မလားလို့ တွေးခဲ့မိတယ်။ တစ်စုံတစ်ယောက်က ကျွန်မ ဝေဒနာတွေကို ကုစားပေးမှသာ ပျောက်ကင်းလိမ့်မယ်လို့လည်း ယုံကြည်ခဲ့တာပါ' လို့ ဆိုခဲ့ဖူးပေမဲ့ အခုတော့ သားနဲ့သမီး အနားမှာ ရှိနေရုံနဲ့ သူ့ရင်ထဲက အချစ်ဝေဒနာတွေ ပျောက်ကင်းစပြုနေပါပြီ။

ဂျေလိုကို တွေ့တဲ့အခါမှာ အင်မတန် မာန်မာနကင်းပြီး ဘဝမမေ့တဲ့ စူပါစတားတစ်ယောက်ဖြစ်တယ်ဆိုတာ တွေ့ရပါတယ်။ သားသမီးများအပေါ်မှာ မိခင်ကောင်းတစ်ယောက် ပီသစွာ ပြုစုစောင့်ရှောက်တဲ့သူလည်း ဖြစ်ပါတယ်။ ချစ်တဲ့သူ ကာစပါနဲ့ လမ်းခွဲပြီး ချိန်ကစပြီး အချစ်ဆိုတာကို သူ ပြန်ပြောင်းလှည့်မကြည့်တော့ပါဘူး။ ဂျေလိုက အရာရာကို စည်းစနစ်နဲ့ လုပ်ဆောင်တတ်သူတစ်ယောက် ဖြစ်တာကြောင့် အကဲဖြတ်တစ်ယောက်အဖြစ် သူဆောင်ရွက်ပေးနေတဲ့ American Ido သီချင်းဆိုပြိုင်ပွဲအတွက် သီးသန့်အချိန် ပေးနိုင်သလို ABC ရုပ်မြင်သံကြားအစီ အစဉ်က ရိုက်ကူးတဲ့ The Fosters ဇာတ် လမ်းတွဲအတွက်လည်း အချိန်ပေးနိုင်ပါ တယ်။ ဒီကြားထဲမှာ အရောင်းရဆုံး စာ ရင်းဝင်ဖြစ်တဲ့ မှတ်တမ်းစာအုပ်တစ်အုပ် ရေးနိုင်ခဲ့သလို သီချင်းဆိုဖို့အချိန်၊ သရု ဆောင်ဖို့အချိန်၊ ကဖို့အချိန်တွေကိုလည် သီးခြားစီ ခွဲထားနိုင်ပါတယ်။ ဒါပေမ သူ့ဘဝမှာ သား မက်စ်နဲ့ သမီး အမ် တို့ဟာ အရာရာရဲ့ရှေ့ဆုံးမှာ ရှိတယ် ဆိုပါတယ်။ အသက် ၆ နှစ်သာရှိသေး တဲ့ သူ့သားနဲ့သမီးကို မပျက်မစီး အောင် ထိန်းသိမ်းဖို့ အရေးကြီး လည်း ဆိုပါတယ်။ ဆန္ဒရှိနေစွ



www.burmeseclassic.com

www.burmeseclassic.com

တောင်ကြားကို အပေါ်စီးကနေ မြင်နေရတဲ့ သူ့အိမ်ကို သွားရောက်တွေ့ဆုံတဲ့အခါမှာ ဂျေလိုက အမျိုးသားများနဲ့ ပတ်သက်ပြီးတော့လည်း ပွင့်ပွင့်လင်းလင်းဆိုပါတယ်။ သူ့အနေနဲ့ အခုအချိန်မှာ အမျိုးသားများနဲ့ ကင်းရှင်းနေပေမဲ့ နောင်တစ်ချိန်မှာ မပတ်သက်လာဘူးလို့ မဆိုနိုင်ဘူးလို့ ပြောကြားခဲ့ပါတယ်။ 'အချစ်ဆိုတာဟာ လိုအပ်တဲ့ကိစ္စတစ်ခုပါ။ ဒါပေမဲ့ ကျွန်မအတွေ့အကြုံအရ တစ်စုံတစ်ယောက်ဆီကနေ ကျွန်မ လိုချင်တဲ့အချစ်ကို မရနိုင်ဘူးလို့ ထင်ပါတယ်။ ကိုယ်ကပဲ ချစ်နေရတာကောင်းပါတယ်' လို့ ဆိုခဲ့ပါတယ်။

အချစ်ဆိုတာဟာ ကောင်းမှန်းသိပေမဲ့ ကျွန်မကတော့ တစ်ယောက်တည်းပဲ နေတော့မယ်လို့ စဉ်းစားထားပါတယ်။ ကျွန်မ ဘဝခရီးမှာ ဘယ်အမျိုးသားမှ မလိုတော့ပါဘူး။ ဘယ်လိုပုံစံ၊ ဘယ်လိုအချိုးအစားနဲ့မှ ကျွန်မဘဝထဲကို ဝင်လာလို့ ရနိုင်မယ်မထင်ပါဘူး။ ငယ်ငယ်တုန်းကလည်း ကျွန်မတစ်ယောက်တည်းပဲ နေခဲ့တာပဲ။ ငယ်ငယ်တုန်းကဆိုရင် ညီမနှစ်ယောက်နဲ့ အတူတူအိပ်ခဲ့ကြတယ်။ ကျွန်မ အောင်မြင်လာတဲ့အခါ ဝိုင်းဝိုင်းလည်လာကြတယ်။ ကျွန်မအနားမှာ ရည်းစားတစ်ယောက် ဒါမှမဟုတ် ယောကျ်ားတစ်ယောက် ဟုတ်တစ်ယောက် ရှိနေခဲ့တယ်။ အခုတော့ သူတို့အစား ကျွန်မသားသမီးလေးတွေက အနားမှာ ရှိနေခဲ့ပြီ။ သူစိမ်းယောကျ်ားတစ်ယောက်ထက် ကျွန်မမွေးထားတဲ့ သားနဲ့သမီးကို ဦးစားပေးနိုင်လိမ့်မယ်လို့ ထင်ပါတယ်လို့လည်း ဂျေလိုက ဆိုပါတယ်။

**အတိတ်က အမှားများ**

ကျွန်မတို့ဘဝပုံစံဆိုတာက ပြောင်းလဲရ တော်တော်ခက်ပါတယ်။ ဒါပေမဲ့ ကျင့်သုံးနေတဲ့ပုံစံတွေက ဘဝမှာ အဲ့ဒီ ခွင်ကျမဖြစ်တော့တဲ့အခါ ကိုယ့်ကိုယ်ကို ပြန်မေးရတယ်။ ကျွန်မ အိမ်ထောင်သက် ၃ ဆက်စလုံးနဲ့ အဆင်ပြေအောင် နေခဲ့တာပါပဲ။ ဒါပေမဲ့ အဆင်မပြေခဲ့





www.burmeseclassic.com

www.burmeseclassic.com

ဘူး။ ဒါကြောင့် မျက်ရည်ကျခဲ့ရတဲ့ အချိန်တွေလည်း ရှိခဲ့ဖူးပါတယ်။ အဲဒီလိုအခြေအနေမျိုးတွေကို ကျွန်မ သိပ်မုန်းပါတယ်။ ကျွန်မ အားနည်းချက်က တစ်ယောက်တည်းနေရမှာကို ကြောက်တဲ့အားနည်းချက်ပါပဲ။ ဒါကြောင့် ကျွန်မ တစ်သက်တာရည်မှန်းချက်က အမြဲတမ်းတစ်ယောက်တည်း နေသွားဖို့တော့ မဟုတ်ပါဘူး။ အဆင်ပြေတဲ့အိမ်ထောင်တစ်ခုကိုတော့ ထူထောင်ဖြစ်မှာပါ။ ကျွန်မက ကြောက်တတ်တဲ့အခါ အမှားမှားအယွင်းယွင်းတွေ ဖြစ်တတ်တယ်။ အဲဒီလိုအခါမျိုးမှာ အားကိုးရာရယ်လို့ အိမ်ထောင်ဖက်တစ်ယောက်ကို ရွေးချယ်မိတယ်။ အဲဒီလိုရွေးချယ်ခြင်းကိုက အမှားဖြစ်သွားပြန်ရော။

ကျွန်မစိတ်ထင် ပြောရရင် အသက် ၂၀ နဲ့ ၃၀ အရွယ်များဟာ အမှားအများဆုံး အရွယ်တွေ ဖြစ်ပါလိမ့်မယ်။ ၄၀ ကျော်လာတဲ့အခါမှာတော့ အမှားတွေကိုလည်း သိခဲ့ပြီ။ အသက် ၂၀ ကျော်အရွယ် ၁၉၉၇ ခုနှစ်တုန်းက လက်ထပ်ခဲ့တဲ့ Ojani Noa ကိုလည်း ကျွန်မ အသက်ထက်ဆုံးမေ့မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်မစိတ်ထင်ပြောရရင် အဲဒါက စောလွန်းတယ်ထင်တယ်။ သူနဲ့ပတ်သက်ပြီး သင်ခန်းစာတွေအများကြီး ရခဲ့တယ်။ ၂၀၀၁ ခုနှစ်မှာ သရုပ်ဆောင် ကချေသည်တစ်ဦးဖြစ်တဲ့ Cris Juddနဲ့ လက်ထပ်ခဲ့တယ်။ အချိန်အတိုင်းအတာတစ်ခုထိတော့ အဆင်ပြေခဲ့ပါတယ်။

## အသည်းကွဲခဲ့ပေမဲ့ မမုန်းတတ်သေးပါဘူး

ကျွန်မက ငယ်စဉ်ကတည်းက ပျော်ရွှင်စွာ ပေါင်းဖက်ကြလေသတည်း ဆိုတဲ့ နတ်သမီးပုံပြင်တွေကို ခုံမင်စွဲလမ်းခဲ့သူဖြစ်ပါတယ်။ ဒါကြောင့် လူတစ်ယောက်ကို ချစ်မိပြီဆိုရင် စွဲစွဲလမ်းလမ်းချစ်မိပြီး နတ်သမီးပုံပြင်ထဲကလို ရာသက်ပန်ပျော်ရွှင်စွာ ပေါင်းဖက်ကြလေသတည်းဆိုတာမျိုးကို မျှော်လင့်ပါတယ်။ အိမ်ထောင်ရေးမှာလည်း အဲဒီ





www.burmeseclassic.com

www.burmeseclassic.com





ာတိုင်းပါပဲ။ လူနှစ်ယောက် ပေါင်းဖက်ကြတယ်ဆိုတာ ရာသက်ပန်လက်တွဲသွားကြဖို့ ဆုံးဖြတ်ချက်ချပြီး ပေါင်းသင်းကြတာပါပဲ။ ဒါပေမဲ့ မျှော်မှန်းသလို ဖြစ်မလာတဲ့အခါမှာ လမ်းခွဲကြတာပါပဲ။

ဒါကြောင့် ကျွန်မကိုယ်ကျွန်မ အမြဲသတိပေးနေရတာက ဘယ်တော့မှ အတည်တကျအိမ်ထောင်မပြုဖို့ပါဘဲ။ အိမ်ထောင်ပြုလိုက်ပြီဆိုရင် ကျွန်မဘက်က ပေးလိုက်ရတာတွေက အများကြီး ကျွန်မကလေးတွေ၊ ကျွန်မဘဝ၊ ကျွန်မအချစ်တွေကို ပုံပြီးပေးလိုက်ရတာ တဲ့အတွက် ကျွန်မဘက်ကလည်း တူ ရုလဒ်မျိုးကို မျှော်လင့်ပါတယ်။ ပေမဲ့ အခုနေအခါမှာတော့ တစ်ယောက်တည်းနေတာက အကောင်းဆုံး ပါပဲ။ လောလောဆယ်မှာ ဘယ်သူ့ကိုမှ လက်တွဲဖို့ မစဉ်းစားသေးသလို တွေ့လည်း မတွေ့သေးပါဘူး။

## အဆင့်တွေ မြှင့်ထားတယ်

နှစ်ယောက်တစ်ဘဝ ဆိုတဲ့နေရာမှာ ရိုးသားမှုဟာ အင်မတန် အရေးကြီးပါတယ်။ ဒီတော့ ကျွန်မအနေနဲ့ လေးစားလောက်တဲ့စိတ်ထားရှိသူမျိုး၊ ကျွန်မပေးတဲ့အချစ်နဲ့ ထပ်တူညီမျှတဲ့ အချစ်ကို တုံ့ပြန်ပေးနိုင်မယ့်သူမျိုးကိုပဲ မျှော်လင့်ချင်ပါတော့တယ်။ ကျွန်မတစ်ယောက်တည်းကိုသာ ရာနှုန်းပြည့်ချစ်သူလည်း ဖြစ်ရမယ်ပေါ့။ အောင်မြင်သူဖြစ်ခြင်းမဖြစ်ခြင်းကို ကျွန်မ ဂရုမစိုက်ပါဘူး။ ဒါပေမဲ့ ကျွန်မကမ္ဘာထဲကို ဝင်လာမယ့်သူဖြစ်ခြင်းကြောင့် သူ့မှာလည်း အရည်အချင်းတစ်ခု ရှိမယ်ဆိုရင်တော့ ပိုကောင်းမှာပေါ့။ အထူးသဖြင့် ကလေးတွေနဲ့ ပတ်သက်ရမှာဆိုတော့ ကျွန်မ တော်တော်စဉ်းစားရပါမယ်။ တကယ်လို့ လက်တွဲချင်ပါတယ်လို့ ဆိုလာသူ ရှိဦးတော့ "ကျွန်မ ကလေးတွေအပေါ် ကောင်းနိုင်ပါ့မလား၊ ချစ်နိုင်ပါ့မလား၊ ကြင်နာနိုင်ပါ့မလား" ဆိုတာတွေကို စဉ်းစားရပါဦးမယ်။

❑

ဂျေလိုက အိမ်ထောင် ၃ ဆက် ကွဲခဲ့ပြီး ကမ္ဘာသိချစ်သူတစ်ဦးနဲ့ လမ်းခွဲခဲ့သူ ဖြစ်ပါတယ်။ ဒါပေမဲ့ သူ့ရင်ထဲမှာ ယောကျ်ားတွေကို မမုန်းနိုင်သေးတာတော့ သေချာလှပါတယ်။

■

စာနည်းညီမ်း

*Ref:People, Feb.2.2015*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ထူးထူးခြားခြား ရိုက်ပြသသွားတဲ့

# ရာဇဝင်ရှိုင်းသူများ

ကောင်းနိုင်ဦး

www.burmeseclassic.com

www.burmeseclassic.com

ရာဇဝင်ရိုင်းသူများမှာ ပါဝင်သရုပ်ဆောင်သွားမယ့် အကြောင်းအရာများနဲ့ ပတ်သက်ပြီး ရှင်းလင်းပြောကြားကာ ညနေ ၅ နာရီက စတင်ပြီးဇာတ်ဝင်ခန်းတချို့ကို ရိုက်ကူးခဲ့ကြတာ ဖြစ်ပါတယ်။

ရိုက်ကူးတဲ့ ဇာတ်ဝင်ခန်းကတော့ မောင်မြင့်မိုရ်(ပြေတီဦး)နဲ့ မစင်သီယာ(လိုင်လာခမ်း)တို့ရဲ့ မင်္ဂလာဧည့်ခံပွဲ အခမ်းအနားကို သင်္ဘောရဲ့ အပေါ်ထပ်မှာ ရိုက်ကူးခဲ့ကြတာဖြစ်ပါတယ်။ မင်္ဂလာဧည့်ခံပွဲ ဆင်း(န)တစ်ဆင်း(န)တည်း ဖြစ်ပေမဲ့ ညနေ ၅ နာရီ လောက်ကတည်းက ရိုက်ကူးလိုက်တာ ည ၉ နာရီခွဲလောက်မှာ စိတ်တိုင်းကျ ပြီးစီးခဲ့ပါတယ်။ မင်္ဂလာ ဧည့်ခံပွဲ ရိုက်ကူးရာမှာ မင်္ဂလာဧည့်ခံပွဲကို ဧည့်ပရိသတ်များ လာရောက်ကြတဲ့ သင်္ဘောပေါ်အတက် ဇာတ်ဝင်ခန်းများကို အရင်ဆုံးရိုက်ကူးပြီး မင်္ဂလာဧည့်ခံပွဲ အခမ်းအနား စတင်ကျင်းပတဲ့အခါ သင်္ဘောကြီးက ဆိပ်ကမ်းကနေ ထွက်ခွာပြီး ရန်ကုန်မြစ်ထဲ ခုတ်မောင်းနေတာကို နောက်ထပ် သင်္ဘောတစ်စင်းနဲ့လည်း ရိုက်ကူးခဲ့တာ တွေ့ခဲ့ရပါတယ်။

သင်္ဘောပေါ်မှာ ဆက်လက်ရိုက်ကူးခဲ့ကြတာကတော့ ပြေတီဦးနဲ့ လိုင်လာခမ်းတို့ အနောက်တိုင်း မင်္ဂလာဝတ်စုံများ ဝတ်ဆင်ပြီး ခရစ်ယာန်ထုံးတမ်းစဉ်လာအရ လက်ထပ်ထိမ်းမြားမှာဖြစ်လို့ ဧည့်သည်တော်များကြားကနေ မင်္ဂလာစင်မြင့်ရှေ့ကို သတို့သားအဖြစ် သရုပ်ဆောင်တဲ့ ပြေတီဦးက အရင်ဆုံး ရောက်ရှိနေရာယူခဲ့ပါတယ်။ အဲဒီနောက်မှာ မင်္ဂလာသတို့သမီး လိုင်လာခမ်းကို သူ့ရဲ့ဖခင်က လက်တွဲခေါ်ယူလာပြီး သတို့သားလက်ထဲ အပ်နှံပေးတာပဲ ဖြစ်ပါတယ်။ အဲဒီလို အပ်နှံတဲ့ အစီအစဉ်မှာ တကယ့်လက်တွေ့အဖြစ်အပျက်လို လိုင်လာခမ်းရဲ့ ဖခင်ကိုယ်တိုင်က အဖေအဖြစ် ပါဝင်သရုပ်ဆောင်ပြီး ကူညီပေးခဲ့တာ တွေ့ခဲ့ရပါတယ်။

မင်္ဂလာသတို့သားထံ သတို့သမီးကို ဖခင်ဖြစ်သူက အပ်နှံပြီးတဲ့အခါ ဖာသာကြီးက ခရစ်ယာန်ထုံးတမ်းစဉ်လာအရ လက်ထပ်ထိမ်းမြားပေးခဲ့ပါတယ်။ ခရစ်ယာန် ဖာသာကြီးအဖြစ် သရုပ်ဆောင်ပေးသူက ဦးဝင်းမြိုင်ပဲ ဖြစ်ပါတယ်။ သတို့သားက သတို့သမီးကို မင်္ဂလာအနမ်းပေးတဲ့ အစီအစဉ်ကို ရိုက်ကူးတဲ့အချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



အားလုံးသော ဧည့်ပရိသတ်များက လက်ခုပ်တီးပြီး ဂုဏ်ပြုပေးကြပါတယ်။ ထုံးစံအတိုင်း မင်္ဂလာသတို့သမီးက သူ့ရဲ့ မင်္ဂလာလက်ကိုင်ပန်းကို နောက်မှ အပျိုလေးများကို ပစ်ပေးပြီး ပျော်နေတုန်းအချိန်မှာပဲ သူတို့ရဲ့ သင်္ဘောဆီကို နောက်က Speed Boat နဲ့လိုက်လာပြီး မင်္ဂလာလက်ဖွဲ့ပေးတဲ့ဇာတ်ဝင်ခန်းကိုလည်း ရိုက်ကူးခဲ့ကြပါတယ်။

ဒီဆင်း(န) တစ်ဆင်း(န) ရိုက်ဖြစ်ဖို့အတွက် ဧည့်ခံစရိတ်အပါအဝင် အဲဒီနေ့က ငွေကျပ် ၅၄ သိန်းကျော် အကုန်ကျခံခဲ့ရတယ်လို့ သိရပါတယ်။ ဒီလို အကုန်ကျခံခဲ့တာနဲ့ ပတ်သက်ပြီး ဒါရိုက်တာ မောင်မျိုးမင်းက "တကယ်တော့ ဒီဇာတ်လမ်းထဲမှာ မောင်မြင့်မိုရ်နဲ့ စင်သီယာတို့ မင်္ဂလာပွဲကျင်းပဖို့အတွက် ပြေတီဦးက ဆီဒိုးနားဟိုတယ်မှာ ဘွတ်ကင်ယူပြီးသား။ ဒါပေမဲ့ သူတို့ရဲ့ မင်္ဂလာပွဲကို မြင့်မြတ်က လာနှောင့်ယှက်မှာ အရမ်းကြောက်တဲ့အတွက် ဘယ်သူမှ လိုက်မလာနိုင်တဲ့ လှိုင်းရေကန်နဲ့ သတ်ပြီးတော့ သင်္ဘောပေါ်မှာ မင်္ဂလာဆောင်တယ်။ အဲဒီအတွက်ကြောင့် သူစိမ်းပါလာရင်လည်း ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



သိနိုင်သလို အန္တရာယ်ပြုမယ့် သူပါလာရင်လည်း အဲဒီလူက သင်္ဘောပေါ်ကနေ ခုန်ချထွက်ပြေးဖို့ မလွယ်ဘူး။ ဒါ့အပြင် မင်္ဂလာပွဲကို နှောင့်ယှက်ဖျက်ဆီးတဲ့သူပါလာခဲ့ရင်လည်း သူ့ကိုယ်သူကာကွယ်ဖို့ ပြေတီဦးက သူ့ရဲ့ကုတ်အင်္ကျီထဲမှာ သေနတ်ဆောင်ထားသေးတယ်။ ဒီကြားထဲ မလိုလားအပ်တဲ့ဟာတွေမဖြစ်ရအောင် လက်ဖွဲ့ခြင်းသည်းခံပါလို့ ဖိတ်စာမှာရေးထားတယ်။ အဲဒီကြားထဲကမှ နောက်ကျနေလို့ဆိုပြီး Speed Boat နဲ့ အတင်းလိုက်လာကာ လက်ဖွဲ့ပေးတဲ့သူကလည်း ရှိသေးတယ်။ ပြေတီဦးရဲ့သွေးပျက်မှုတွေကို မြင်ရမှာပါ။ အဲဒါကြောင့်လည်း ကျွန်တော်က အားလုံး မလာနိုင်တဲ့နေရာဆိုရင် ဘယ်နေရာကိုရိုက်ပြမှာလဲ။ သင်္ဘောပေါ်လိုနေရာမျိုးကတော့ စိတ်ချရတယ်။ အဲဒါကြောင့် ဒီသင်္ဘောကြီးပေါ်မှာ မင်္ဂလာဆောင်ခန်းကို ရိုက်ရတာပါ' လို့ မောင်မျိုးမင်းက ပြောပြခဲ့ပါတယ်။

ဆက်လက်ပြီး မောင်မျိုးမင်းက 'ကျွန်တော် ဒီကားနဲ့ ပတ်သက်ပြီး ပရိသတ်ကို ပြောချင်တာက အရင်ကားထက် မညံ့အောင် ပုံစံမျိုးစုံနဲ့ အားထုတ်ထားတယ်။ အားထုတ်တဲ့ပုံစံတွေ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ရဲ့ ရိုက်ချက်တွေ၊ ပြေတီဦးရဲ့ အိုက်တင်၊ မြင့်မြတ်ရဲ့ အိုက်တင်၊ ပက်ထရစ်ရှာတို့ လိုင်လာခမ်းတို့ရဲ့အိုက်တင်တွေကအစ အရင်ကားတွေနဲ့ မတူတဲ့ ကာရိုက်တာတွေနဲ့ သွားထားတယ်။ ရသအသစ်ကိုဖြစ်စေပါမယ်။ ပရိသတ်အတွက် ထူးခြားတဲ့ ရသတစ်ခုအနေနဲ့ အရင်ကျွန်တော် ဗီဒီယိုအဖြစ် ရိုက်ခဲ့တဲ့ **မိုးတစ္ဆေ**ကို ကြည့်ဖူးတဲ့သူဖြစ်ပါစေ ဒီကားကို ပြန်ကြည့်တဲ့အခါ လုံးဝအသစ်လို ပြန်ဖြစ်နေရမယ်။ အဲဒီဟာတွေအတွက် ဘာလုပ်ထားသလဲဆိုရင် အရင်ကားရဲ့ ဇာတ်သိမ်းခန်းအတိုင်း ရိုက်ပြထားတယ်။ ဒါပေမဲ့ အဲဒါကို ဒီကားမှာ အိပ်မက် လုပ်လိုက်တယ်။ ရိုက်ကူးမှုပုံစံ၊ တင်ဆက်မှုပုံစံ ကွဲပြားခြားနားသလို ကျွန်တော် အရင် ရိုက်ဖူးတဲ့ ပရိသတ်တွေ မြင်ဖူးတဲ့ အိမ်တွေမှာ ပြန်မရိုက်ဘူး။ ရိုက်ရင်လည်း အရေးမကြီးတဲ့ ဇာတ်ဝင်ခန်း တချို့ကိုပဲ ရိုက်တယ်။ ဒီသင်္ဘောပေါ်မှာ ရိုက်လိုက်ရင် ထူးခြားသွားမယ်။ ဒါပေမဲ့ ပိုကုန်ကျမယ်။ ဒါပေမဲ့ ထုတ်လုပ်သူ ကိုဝင်းကြည် ဘက်ကလည်း ကားကောင်းဖို့ပဲကြည့်တာကြောင့် ကုန်ကျမယ်မှန်း သိလျက်နဲ့ ပရိသတ် ထူးထူးခြားခြား ကြည့်ခွင့်ရဖို့ ဒီသင်္ဘောကြီးပေါ်မှာ ရိုက်လိုက်တာပါ။ နောက်ထပ် စိတ်ဝင်စားမယ့် ဇာတ်ဝင်ခန်း တစ်ခုပါပါသေးတယ်။ မသမာတဲ့လူတစ်ဦးက လက်ဖွဲ့ပုံးထဲမှာ အစာငတ်နေတဲ့ မြွေဟောက်တစ်ကောင် ထည့်ပြီး ပို့လိုက်တယ်။ အဲဒီအတွက် ကျွန်တော်တို့က တကယ့် မြွေဟောက်အစစ်နဲ့ ရိုက်ခဲ့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြွေဟောက်အစစ်ဆိုပေမဲ့ အစွယ်ချိုးထားလိုက်ရင် သူ့ဆီမှာ မာန်တွေ မရှိတော့ဘူး။ မာန်စွယ်ကျိုးနေတဲ့မြွေဆိုတော့ ပါးပျဉ်းလည်း မထောင်နိုင်တော့ဘူး။ အဲဒီလိုမြွေမျိုးနဲ့ ရိုက်ပြလိုက်မယ်ဆိုရင် လက်ဖွဲ့ပုံးကို ဖွင့်လိုက်တာနဲ့ မြွေက ပါးပျဉ်းထောင်ပြီး ဒေါသထွက်လာမှာ မဟုတ်ဘဲ ပုံးထဲက ထွက်ပြီး တော်ရာလျှော်ရာကို လျှောခနဲ ထွက်သွားမယ်။ ဒါကို သိလို့ အန္တရာယ်ရှိတဲ့ကြားထဲက ကျွန်တော်တို့လည်း ကိုယ့်အသက်ကိုယ် နှမြောပါတယ်။ ပရိသတ်ကြည့်လိုက်ရင် ကြောက်စရာကောင်းဖို့၊ ပီပြင်စေဖို့အတွက် ကျွန်တော် အစွယ်မချိုးထားတဲ့ မြွေဟောက်အစစ်နဲ့ ရိုက်ပြထားပါတယ်"လို့ ရာဇဝင်ရိုင်းသူများနဲ့ပတ်သက်ပြီး မောင်မျိုးမင်းက ပြောပြခဲ့ပါတယ်။ ■

**လင်းနိုင်ဦး**





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

'သူထွက်လာပြီပေ့'ဆိုတဲ့ က,ကွက်တာဝန်ခံရဲ့အသံက အခန်းတွင်း အသံချဲ့စက်ကနေတစ်ဆင့် ထွက်ပေါ်လာပါတယ်။ 'အားလုံးချိုနဲ့မျက်နှာဖုံးတွေတပ်ထားကြပါ'လို့လည်း က,ကွက်တာဝန်ခံက ဆက်လက်ဆော်ဩနေပါတယ်။ ၂၀၁၅ ခုနှစ် ဂရမ်မီဆုပေးပွဲမတိုင်မီ နှစ်ရက်အလိုမှာပါ။ အပြစ်ဆိုစရာမရှိအောင် ကျစ်လျစ်တဲ့ ခန္ဓာကိုယ်ပိုင်ရှင် အမျိုးသားကချေသည် ၂၂ ယောက်တို့က အပေါ်ပိုင်းအင်္ကျီမပါ၊ ဗလာကျင်းထားပြီး ကျောက်မျက်အလှတွေ စီခြယ်ထားတဲ့ မျက်နှာဖုံးကိုယ်စီစွပ်ကာ အန္တရာယ်ပေးနိုင်စွမ်းရှိပုံပေါ်တဲ့ ကျွဲချိုတွေ ဦးခေါင်းထက် တပ်ဆင်ထားကြပါတယ်။ သူတို့တွေဟာ ကယ်လီဖိုးနီးယားပြည်နယ် Culver City မြို့က ဆိုနီရုပ်ရှင်လုပ်ငန်းရဲ့ အစမ်းဇာတ်တိုက်လေ့ကျင့်ရာ စတူဒီယိုဇာတ်ခုံထက်မှာ တန်းစီရပ်စောင့်ရင်း အဆိုတော် Madonna ရဲ့စစ်ဆေးမှုကို ခံယူဖို့ အသင့်ပြင်ထားကြတာ ဖြစ်ပါတယ်။ စတူဒီယိုတစ်ဖက်အစွန်းက အဝတ်လဲခန်းတစ်ခုကနေ ဆံပင်အလှပြင်သူ၊ မိတ်ကပ်အလှပြင်သူတွေ ခြံရံထွက်ပေါ်လာတဲ့ Madonna က အဆင်သင့် တန်းစီစောင့်ဆိုင်းနေတဲ့ အမျိုးသားကချေသည်တွေကို အနည်းဆုံး တစ်ဦး စက္ကန့်သုံးဆယ်လောက်ကြာအောင် အသေအချာ ကြည့်ရှုစစ်ဆေးပါတယ်။ အသားကပ် သားရေထည်ဝတ်စုံနဲ့ မျက်နှာဖုံးတွေ တပ်ဆင်ထားပုံမှာ အမှားအယွင်း နည်းနည်းလေးမှ မရှိရလေအောင် အသေးစိတ်ကြည့်တာပါ။ 'ကိုယ်ပေါ်မှာ ဘာဆီမှ လိမ်းထားတာ မလိုချင်ဘူး။ အဲဒီဆီကြောင့်ဘူမလည်း ဗီဒီယိုရိုက်ရာမှာ ပြဿနာတွေတွေ့ခဲ့ရပြီးပြီ။ Body Moisturizer တော့ သုံးနိုင်ကြပါတယ်'လို့ Madonna က မှတ်ချက်ပေးပါတယ်။

နောက်ခံသံပြိုင်အဖွဲ့ သီဆိုပေးမယ့် နှစ်ဆယ့်ရှစ်ဦးကလည်း ထိုင်ခုံတန်းအနီးမှာ စောင့်ဆိုင်းနေကြပါတယ်။ Madonna က သူတို့တစ်ဦးချင်းကို ပိုပြီး အာရုံစိုက်စစ်ဆေးပါတယ်။ သူတို့တွေ ဝတ်ဆင်ထားတဲ့ အနီရောင်ဝတ်ရုံမှာ Madonna ရဲ့ အယ်လ်ဘမ်အသစ် *Rebel Heart* အမည်နဲ့ အမှတ်တံဆိပ်ရေးထိုးထားပါတယ်။ အနုစိပ်ထိုးထားလိုက်တာ ပုံထွက်ကောင်းလှတဲ့ HD ကင်မရာနဲ့တောင် မမြင်ရလောက်အောင်ပါပဲ။ သံပြိုင်ပိုဒ်ဆိုမယ့်သူတွေထဲက မျက်မှန်တပ်ထားသူတွေကို ချွတ်လို့ရရင် ချွတ်ထားဖို့လည်း Madonna က မှာပါတယ်။ ဆံပင်ပုံစံတွေကို အကြံပေးသွားသလို အချို့တွေကိုတော့ ရုံဖန်ရံခါမှာ ဆံပင်ညှပ်ပေးဖို့လည်း အကြံပေးခဲ့ပါတယ် (ဆံပင်ရဲ့ ဘောင်းကွက်တစ်ခုက ညှပ်ထားပြီး ပြန်ရှည်လာတတ်တာပါပဲ။)။ မုတ်ဆိတ်မွေးထားပုံနဲ့ နားသယ်စပ်က Sideburn ဆံပင်ထားပုံစတာတွေကိုလည်း Madonna က ထောက်ပြအကြံပြုပေးပါတယ်။ အမျိုးသမီးတစ်ယောက်ရဲ့ဆံပင်ကိုတော့ သူကိုယ်တိုင်

# ပေါ့ပ်ဘုရင်မ
# မဒေါနား နှင့် တွေ့ဆုံခြင်း

ရာပြည့်



ကိုယ့်ကိုယ်ကိုတော့
ပေါ့ပ်ဘုရင်မ
တစ်ယောက်လို့
ထင်တာပေါ့
ဒါပေမဲ့
ပေါ့ပ်ဘုရင်မ
ဆိုတာ
ကိုယ်
တစ်ယောက်တည်း
လို့တော့
မထင်ဘူး
တခြားဘုရင်မတွေ
အတွက်လည်း
နေရာတွေ ရှိနေတာပဲ
ကိုယ့်နယ်ပယ်နဲ့
ကိုယ်တော့
ဘုရင်မတွေချည်းပဲပေါ့



www.burmeseclassic.com

www.burmeseclassic.com

ဆံကျစ်ကျစ် ပေးခဲ့ပါသေးတယ်။

ဒါတွေအားလုံးက ရုပ်မြင်သံကြား ပေါ်မှာ ငါးမိနစ်စာလောက်ပဲ ကြာမြင့်မယ့်ပြကွက်တွေပါ။ *Living for Love* လို့ အမည်ရတဲ့ သူ့ရဲ့ဆင်ဂဲလ်သီချင်းအသစ်တစ်ပုဒ် ပွဲဦးထွက်တင်ဆက်ဖို့ အစမ်းလေ့ကျင့်ဇာတ်တိုက်နေတာဖြစ်ပါတယ်။ *'ချစ်ခြင်းမေတ္တာက ငါ့ကို မိုးမြင့်ထက်ဆီ ပို့ဆောင်ပေးလိမ့်မယ်'* ဆိုတဲ့ သီချင်းအဆုံးက စာသားနဲ့ ကိုက်ညီအောင်လို့ သိုင်းကြိုးတပ်ဆင်ထားတဲ့ Madonna ကို လဲလျောင်းလျက် အနေအထားကနေ မြေပြင်အထက် ၁၅ ပေ လောက်အထိ ကောင်းကင်ကြိုးနဲ့ ဆွဲတင်ရင်း ဖျော်ဖြေမှုကို အဆုံးသတ်ရမှာပါ။ လေထဲမှာ ဝဲပျံတက်သွားတဲ့ Madonna ရဲ့ ပုံစံက တကယ့်ကို ကြည့်လို့ကောင်းလှပေမဲ့ မေးကြည့်လို့ ကောင်းနေတုန်းမှာပဲ 'ငါ့ရင်သားတွေ ဝတ်စုံအပြင်ကို ထွက်ကျလာသလား' လို့ မေးလိုက်တဲ့ Madonna ရဲ့အသံက ထွက်ပေါ်လာခဲ့ပါတယ်။

နောက်သီချင်းတစ်ပုဒ် မကူးခင်မှာ ကလေးငယ်တစ်ယောက် ဇာတ်စင်ပေါ်တက်လာကြတယ်။ နှစ်ယောက်လုံးက ကိုးနှစ်အရွယ်လောက်ပါပဲ။ ယောက်ျားလေးက David ဖြစ်ပြီး မိန်းကလေးက Mercy လို့ခေါ်ပါတယ်။ ကလေးနှစ်ယောက်က 'ဟိုင်း- မမ်' လို့ ပြိုင်တူ နှုတ်ဆက်လိုက်တော့ Madonna က အပြုံးနဲ့အတူ ကလေးတွေကို မွှေးမွှေးပေးဖို့ လက်ကမ်း ဆီးကြိုလိုက်ပါတယ်။

နောက်ထပ် စက္ကန့်အနည်းငယ်ကြာမှာတော့ စောင့်ဆိုင်းရတာကို စိတ်ရှည်တော့ပုံ မရတဲ့ Madonna က 'ဒီည နားလိုက်ကြရတော့မှာလား' လို့ မိုက်ခရိုဖုန်းကနေ လှမ်းအော်ရင်း 'ပြန်လို့ရပြီလား၊ လုပ်စရာတွေ အများကြီး ရှိသေးတာ' လို့လည်း ဆိုလိုက်ပါတယ်။

အဲဒီနောက် လေးရက်အကြာမှာတော့ မန်ဟက်တန် အထက်ပိုင်းရဲ့ အရှေ့ခြမ်းက နေအိမ်ကို Madonna ပြန်ရောက်လာပါတယ်။ တတိယထပ် ဧည့်ခန်းမှာ လက်ရာမြောက် ပန်းချီကားတွေ ချိတ်ဆွဲထားတာ တွေ့ရပါတယ်။ ပြင်သစ်ပန်းချီကျော် Fernand Leger ရဲ့ ပန်းချီကားတစ်ချပ်ကို မီးလင်းဖိုအထက်မှာ ချိတ်ဆွဲထားသလို မက္ကဆီကိုနိုင်ငံသူ အမျိုးသမီးပန်းချီကျော် Frida Kahlo ရဲ့ Mi Nacimiento အမည်ရ ပန်းချီကားကိုလည်း စာအုပ်ပုံတစ်ပုံ အထက်မှာ တင်ထားတာ တွေ့ရပါတယ် (Kahlo ဟာ ကိုယ်တိုင်ရေးပုံတူ ပန်းချီကားတွေနဲ့ နာမည်ကျော်သူဖြစ်ပြီး Mi Nacimiento ဆိုတာက ကျွန်ုပ်၏ဖွားမြင်မှုလို့ အဓိပ္ပာယ်ရပါတယ်။)။ မှန်စားပွဲတစ်လုံးရဲ့ အစွန်းမှာတော့ Madonna ငယ်စဉ်က ပုံတွေအပါအဝင် မိသားစုဓာတ်ပုံတွေ တွေ့ရပါတယ်။ သမီးလေး Mercy ရဲ့ ဂီတသင်ခန်းစာအတွက်ကိုလည်း အခန်းထောင့်က စန္ဒရားပေါ်မှာ တင်ထားပါတယ်။ စာအုပ်စင်တွေပေါ်မှာလည်း စာအုပ်ကောင်းမျိုးစုံကို အသေအချာ ရွေးချယ်စုဆောင်းထားတာ တွေ့ရပါတယ်။ ၂၀ ရာစုခေတ် နာမည်ကျော် အမေရိကန်စာရေးဆရာ Hubert Selby Jr ရဲ့ အကျော်ကြားဆုံး စာအုပ်တွေထဲက တစ်အုပ်ဖြစ်တဲ့ Last Exit to Brooklyn လို စာအုပ်ကနေ ၁၉၉၉ ခုနှစ်အတွင်းမှာ အတ္တလန္တိတ်သမုဒ္ဒရာပေါ် လေယာဉ်ပျက်ကျ ကွယ်လွန်ခဲ့တဲ့ နာမည်ကျော် အမေရိကန်သတင်းသမား၊ ရှေ့နေ၊ မဂ္ဂဇင်းထုတ်ဝေသူ John F.Kennedy Jr ရဲ့အတ္ထုပ္ပတ္တိစာအုပ်အထိ တွေ့ရပါတယ်။

နို့နှစ်ရောင် ကော်ဖီစားပွဲပေါ်မှာလည်း နောက်ထပ် စာအုပ်တွေ အစီအရီ ထပ်ထားပါသေးတယ်။ နယူးယောက်မြို့က မိန်းမလျာ(Gay)တွေ ကျင်လည်ကျက်စားရာ ဘားဆိုင်တွေ၊ ကလပ်တွေကို မြေပုံလမ်းညွှန် ပြုစုပေးထားတဲ့ **Gay New York** စာအုပ်၊ ဘယ်လ်ဂျီယမ်နိုင်ငံဖွား စာရေးဆရာ Luc Sante ရဲ့ **Lone Life** အမည်ရ အောက်မန်ဟက်တန်အရပ်ရဲ့ ၁၉ ရာစုနှစ်လယ်ကနေ ၂၀ ရာစုအစောပိုင်းကာလအထိ သမိုင်းကြောင်း ခင်းထားတဲ့ စာအုပ်၊ နယူးယောက်တိုင်းမ်စ် သတင်းစာရဲ့ ရောင်းအားကောင်း စာရေးဆရာစာရင်းဝင် Curtis Sittenfeld ရဲ့ **Sisterland** အမည်ရ ဝတ္ထုစာအုပ်တွေကိုလည်း တွေ့ကြရပါတယ်။ အဲဒီစာအုပ်တွေနဲ့အတူ အမည်းရောင် အနှောင့်နဲ့ ချုပ်ထားတဲ့ ဓာတ်ပုံ စာအုပ်ကိုလည်း တွေ့ရပါတယ်။ ဓာတ်ပုံတွေက Madonna ရိုက်မယ့် ဇာတ်ကားအတွက်ပါ။ ၂၀၁၃ ခုနှစ်ထုတ် **The Impossible Lives of Greta Wells** အမည်ရ ဝတ္ထုဇာတ်လမ်းကို အခြေခံ ရိုက်ကူးမှာပါ။ စာရေးဆရာ Andrew Sean Greer ရေးသားတဲ့ ဝတ္ထု ဖြစ်ပါတယ်။

ကော်ဖီစားပွဲပေါ် စာရေးသူရဲ့ အ[illegible]ဂျစ်တယ် အသံဖမ်းစက်တွေလည်း တင်ထားပါတယ်။ Madonna ရောက်လာ[illegible]တော့ ကော်ဖီစားပွဲပေါ်က ပစ္စည်းတွေကို ပိုပြီး ညီညီညာညာဖြစ်အောင် စီ[illegible]



www.burmeseclassic.com

www.burmeseclassic.com

'အို့ မင်းဝတ်ထားတာ
မျက်နှာများတဲ့ မိန်းမလို
ပြည့်တန်ဆာမလို
ကျနေတာပဲ။ မင်းဟာ
အတော်နုံတဲ့သူပဲ'
ဆိုတာမျိုး။ ဒါမှမဟုတ်
'မင်းက လိင်စိတ်
နိုးဆွတာပဲ။ မင်းဟာ
ပြည့်တန်ဆာမပဲ
လူတွေ
အာရုံစိုက်အောင်
ဒါကိုလုပ်တာ
မင်းကို
အရည်အချင်း
ရှိတာ
မဟုတ်ဘူး'
ဆိုတာမျိုးတွေ
ကြားရတာပေါ့





www.burmeseclassic.com

www.burmeseclassic.com



ရင်း "ကျွန်မမှာ OCD ရောဂါရှိတယ်" လို့ ဆိုလာပါတယ်(OCD-Obsessive-Compulsive Disorder ဆိုတဲ့ ရောဂါက စိတ်ဖိစီးမှုအားကြီးပြီး ပူပင်တတ်လွန်းတဲ့ ရောဂါတစ်မျိုးပါ။)။ ပြီးတော့ စာရေးသူရဲ့ မွေးဖွားရာ ရာသီခွင်သင်္ကေတကို မေးလာပါတယ်။ Taurus(ပြိဿရာသီခွင်)လို့ စာရေးသူက ဖြေလိုက်တော့ "စိတ်ခေတ်ပြင်းထန်တဲ့သူတွေပဲ" လို့ Madonna က လက်ခံနိုင်တဲ့ဟန်နဲ့ ဆိုပါတယ်။ "သူတို့တွေက အပြောင်းအလဲကို မကြိုက်ဘူး။ ဒါပေမဲ့ သစ္စာရှိတယ်"လို့လည်း သူက ဆိုပါတယ်။

သူစကားကြားတော့ စာရေးသူက ရယ်မိပေမဲ့ ဗေဒင်ပညာကို မလေးစားတဲ့ပုံ မဖြစ်အောင်လည်း ကိုယ့်ကိုယ်ကို သတိထားနေလိုက်ပါတယ်။ "အိုကေ ကောင်းတယ်"လို့ Madonna က ဆိုပါတယ်။ "ဒါကို ရယ်စရာလုပ်ရင် မင်းက လူတော့ မဖြစ်နိုင်ဘူး။ ဒါက သိပ္ပံပညာပဲလေ။ တကယ့်ကို သိပ္ပံနည်းကျတာ။ အတုအယောင်သမားတွေ အများကြီးရှိတယ်ဆိုပေမဲ့ ယေဘုယျအားဖြင့်တော့ သိပ္ပံနည်းကျ ပညာရပ်တစ်ခုပါ"လို့ သူက ဆိုပါတယ်။

"ညလုံးပေါက် ခလယာဉ်စီးလာရတာကိုပဲ ကျေးဇူးတင်ရမလိုပါဘဲ။ ဆယ်စုနှစ်တွေနဲ့ချီပြီး ညဘက်ညဘက် အိပ်မပျော်ခဲ့ရတာတွေကို ပြောပြစရာ မလိုတော့ဘူးပေါ့"လို့ ဆိုလာတဲ့ Madonna က ပင်ပန်းနွမ်းနယ်နေပုံပါ။ "အရင်တုန်းကတော့ ယောဂကျင့်စဉ်တွေ လေ့ကျင့်တယ်"လို့ သူက ဆိုပါတယ်။ Madonna ဟာ Dolce & Gabbana တံဆိပ်အနက်ရောင် လည်ထောင်အင်္ကျီနဲ့ လိုက်ဖက်တဲ့ စကော်ဝတ်ဆင်ထားပြီး Prada ဘွတ်ဖိနပ်စီးထားကာ လည်ပင်းမှာတော့ လက်ဝါးကပ်တိုင်အသေးတစ်ခု ဆွဲထားပါတယ်။ သွားတွေကို ရွှေကွပ်ထားပြီး Jacob the Jeweler တံဆိပ်လက်ပတ်နာရီကိုလည်း လက်မှာ ပတ်ထားသေးတယ်။ "ယောဂကျင့်တော့ လူသေကောင်ပုံစံမျိုးနဲ့ အိပ်မောကျသွားခဲ့ဖူးတယ်။ ယောဂကျင့်စဉ်ဆိုတာက သေခြင်းတရားအတွက် ပြင်ဆင်တာပဲလေ။ ယောဂကျင့်သူတွေက သူတို့ရဲ့နှလုံးခုန်နှုန်း နှေးသွားအောင် လေ့ကျင့်ကြရတာ။ ဒီလိုနဲ့အသက်ကြီးလာတော့ တောထွက်၊ အခင်းတစ်ခုပေါ်မှာဖြစ်ဖြစ်၊ တခြားတစ်နေရာမှာဖြစ်ဖြစ် တရားထိုင်ကြပြီး နှလုံးခုန်တာကိုရပ်နိုင်ဖို့ လုပ်ကြတာ။ ဒါကတော့ ယောဂကျင့်စဉ်အကြောင်းပေါ့။ ဒါက မှန်ကြွပ်တစ်ခုလို ချိုးလိမ်လိုက်တာမျိုး မဟုတ်ဘူး။ သေခြင်းတရားအတွက် ပြင်ဆင်ခြင်းပါပဲ။ လိုအင်ဆန္ဒတွေကို စွန့်လွှတ်ပစ်ပယ်တာပေါ့။ ကဲ တွေ့ဆုံခန်းတစ်ခုစဖို့ ဘယ်လောက်ကောင်းလိုက်တဲ့နည်းလမ်းလဲ"လို့ Madonna က ဆိုပါတယ်။

ဒီလိုနဲ့ စာရေးသူတို့ရဲ့ တွေ့ဆုံခန်းလေး အစပြုလိုက်ပါတယ်။

**Brian Hiatt: နောက်ခံအဆိုတော်တွေနဲ့ ကချေသည်တွေကို တစ်ယောက်ချင်း အသေးစိတ်စစ်ဆေးတာကြည့်ပြီး တော်တော် သဘောကျမိပါတယ်။ ကိုယ်တိုင်အနေနဲ့ရော ဘယ်လိုများ ရှိပါသလဲ။**

**Madonna:** ကျွန်မက အမြဲတမ်း အဲဒီလို လုပ်နေကျပါပဲ။ ဒီအလေ့အထ ရလာတာ ကြာတော့ ကြာပါပြီ။ အလုပ်တွေ ပိုလုပ်လာတော့ အထူးသဖြင့် ရုပ်ရှင်ရိုက်ကူးရတဲ့အခါ ဒီလို စစ်တာဆေးတာ ပိုလုပ်ဖြစ်လာတယ်။ ဘာကိုပဲဖြစ်ဖြစ် ကိုယ်တိုင် မြင်တွေ့ချင်တာ။ ကိုယ့်အနီးဝန်းကျင်မှာ ရှိနေပြီး ကိုယ့်အစီအစဉ်ရဲ့ တစ်စိတ်တစ်ပိုင်းလည်း ဖြစ်တယ်ဆိုရင် အဲဒီအရာတွေအားလုံးမှာ ကျွန်မပါဝင်ဖို့ လိုအပ်တယ်။ ဂီတဖန်တီးတာကနေ ဇာတ်ခုံကြမ်းခင်း၊ တစ်ယောက်ချင်းစီရဲ့ ဆံပင်ပုံစံ၊ ကြယ်သီးတပ်ပုံ၊ ဖိပွင့်ချည်ပုံ၊ ဇစ်တပ်ပုံ၊ ဓာတ်ပုံရိုက်တာကအစ အရာအားလုံးပဲဆိုပါတော့။ ဘယ်ကစလာတာလဲဆိုတာ မသိပေမဲ့ အဲဒီလို စစ်တဲ့အကျင့်က ပိုပိုဆိုးလာတာလေ။(ရယ်မောလျက်)

**Brian Hiatt: ပိုကောင်းလာတာလို့ ဆိုလိုတာလား။**

**Madonna:** ပိုကောင်းလာတာလား၊ ဟုတ်ပါရဲ့။ အဲဒီအသေးအမွှားလေးတွေက အရေးပါတယ်လို့ ကျွန်မက ထင်တာကြောင့်ပါ။

**Brian Hiatt: အယ်လ်ဘမ်သစ်တစ်ခု ဖန်တီးတဲ့အခါမှာ အရင်လုပ်ခဲ့တာတွေရဲ့ ဖိအားသက်ရောက်မှုတွေကို ဘယ်လို ရင်ဆိုင် ကိုင်တွယ်ပါသလဲ။**

**Madonna:** အဟောင်းတွေကို ကျွန်မ ဘယ်တော့မှ မစဉ်းစားဘူး။ ကျွန်မက တော့ ရှေ့သို့ပဲ။ ဆိုလိုတာက ရယ်စရာ တော့ ကောင်းပါရဲ့။ ကိုယ့်လူတွေနဲ့ အလုပ်လုပ်တဲ့အခါမှာ သူတို့တစ်တွေက တခြားဟာတွေကို ညွှန်းချင်ကြတာ။ ဆော့စ်တီးတဲ့ Diplo ကလည်း Vogue သီချင်းထဲက ဆော့စ်အလုံးတွေလို၊ La Isla Bonita သီချင်းထဲက ဆော့စ်အလုံးတွေလိုဟာမျိုးတွေကိုပဲ ထပ်ကာထပ်ကာ တီးချင်နေတာ။ ကိုယ်ကတော့ "အိုကေ- ဆက်လုပ်ပေါ့"လေ။ အဟောင်းတွေကို ကိုယ်က မေ့ပစ်လိုက်တာ။ တစ်စုံတစ်ခုအပေါ်မှာ ရှင်သန်နေရတာမျိုးအပေါ် မခံစားတတ်ဘူးလေ။ ကျွန်မက ကိုယ်ရေးပြချင်တဲ့ အကြောင်းအရာကိုပဲ စဉ်းစားတာ။

**Brian Hiatt: အဟောင်းတွေကို ... ထားတယ်လို့ ပြောတဲ့အချိန်နဲ့ တစ်ပြိုင်တည်းမှာပဲ Veni Vidi Vici ဆိုတဲ့ ကိုယ့်အကြောင်းကိုယ် ရည်ညွှန်း... သားထားတဲ့ သီချင်းအသစ်တစ်ပုဒ်... သီချင်းဟောင်း ခေါင်းစဉ်တွေ... တာ တွေ့ရတယ်နော်။**



www.burmeseclassic.com

Madonna: *ဟုတ်ပါတယ်။ တစ်ခါ* ...မှာတော့ အတိတ်ဆိုတာကို ပြန် ...ကြည့်လို့ ကောင်းပါတယ်။ ဒက် ...မြို့က ကောင်မလေးတစ်ယောက် ...ယောက်ကို ဘယ်လိုရောက်လာသ ...လို့ ပြောပြတဲ့အခါမျိုးမှာပေါ့။

**Brian Hiatt: သိပ်ကောင်းတဲ့ ဓာတ် ...လေးတစ်ပုဒ်လို့ ဆိုလိုချင်တာပါ။ ...ကို အခု မှတ်မိပါသေးလား။**

Madonna: (တိုးညင်းစွာဖြင့်)ဆန်း ...ဆန်းတယ်။ ကျွန်မဘဝမှာ ဖြစ် ...ခဲ့တာတွေနဲ့ ရင်ဆိုင်ဖြတ်သန်းခဲ့ရ ...တွေက ဒီအကြောင်းတွေ တကယ် ...အမိတဲ့အခါ အံ့သြစရာကောင်းတဲ့ ...တစ်ခုကို ငါ ပိုင်ဆိုင်တာပါလား ...လို့ တွေးမိတယ်။ ပြီးတော့ လူကောင်း ...တွေ အများကြီးကိုလည်း ကြုံတွေ့ခဲ့ရ ...တယ်။ *Like A Prayer* သီချင်းထုတ်ပေး ...တဲ့ ထုတ်လုပ်သူ Nile Rodgers ကို ...မီဆုပေးပွဲမှာတွေ့တော့ သူ့ကို ...အကြာကြီး ထွေးပွေ့ဖက်ထားလိုက် ...တယ်။ ကိုယ့်ကိုယ်ကို ရှင်သန်နိုင်ခဲ့ပြီ။ ...တွေ့အကြုံတွေ အများကြီး ရင်ဆိုင် ဖြတ်သန်းနိုင်ခဲ့ပြီလို့ ခံစားရတာပေါ့။ ...တစ်ခါတလေတော့လည်း အဲဒီလို ...ပြစ်ကင်းစင်တဲ့ အချိန်ကာလတွေကို ...ပြီး တမ်းတလွမ်းဆွတ်နေမိတယ် ...။ ဘဝက ခြားနားသွားခဲ့ပါပြီ။ ...ယောက်ဆိုတာကိုက ကွဲပြားခြား ...နေတာကိုး။ ဂီတလုပ်ငန်းဆိုတာက ...လည်း အရင်ကနဲ့ မတူတော့ဘူး။ ကျွန်မ ...မှာရှိခဲ့တဲ့ ရိုးသားမှုအပြည့်နဲ့ ပကတိ ...ဖြင့်တဲ့သူတွေတိုင်းကို သတိရနေမိတယ်။

**Brian Hiatt: တချို့လူတွေက 'ပေါ့ပ် ...တရဲ့ ဘုရင်မဟာ ဘယ်သူလဲ' ဆိုတာ ...ပြောချင်ကြတယ်။ ပေါ့ပ်ဘုရင်မ ...ဆိုတာကို စိတ်ဝင်စားမှုရှိပါသလား။**

Madonna: ကိုယ့်ကိုယ်ကိုတော့ ပေါ့ပ် ဘုရင်မတစ်ယောက်လို့ ထင်တာပေါ့။ ...ပေမဲ့ ပေါ့ပ်ဘုရင်မဆိုတာ ကိုယ်တစ် ...ယောက်တည်းလို့တော့ မထင်ဘူး။ ...ခြား ဘုရင်မတွေအတွက်လည်း ...နေရာတွေ ရှိနေတာပဲ။ ကိုယ့်နယ်ပယ်နဲ့ *ကိုယ်တော့ ဘုရင်မတွေရှည်းပဲပေါ့။*

**Brian Hiatt: Madonna ဆီက သရုပ်ကို Lady Gaga က ရယူသိမ်းမယ်လို့ ပြောနေကြတာနဲ့ ပတ်သက်ပြီး 'အသုံးမကျတဲ့ သူ့သရုပ်ကို မလိုချင်ပါဘူး' လို့ Lady Gaga က Howard Stern ကို ပြောခဲ့ဖူးတယ်နော်။**

Madonna: ကျွန်မကလည်း သူလိုချင်မယ်လို့ မထင်ပါဘူး။ ကိုယ်တွေ ရှင်သန်နေရတဲ့ လောကကြီးမှာက မိန်းမတွေကို အချင်းချင်း အားပြိုင်တာ မြင်ချင်နေကြတဲ့လူတွေ ရှိတယ်။ အဲဒါကြောင့်ပဲ ကိုယ်နဲ့ဘဝတူ အမျိုးသမီးတွေကို ထွေးပွေ့ကြိုဆိုတဲ့ အယူအဆကို မြတ်နိုးခဲ့ရတာပါ။ တစ်ယောက်နဲ့တစ်ယောက် ဖေးမကြဖို့ရာ အင်မတန်အရေးကြီးပါတယ်။ Lady Gaga အပေါ် တစ်ခါပဲ ကျွန်မ ဝေဖန်ခဲ့ဖူးပြီး အဲဒီတုန်းကလည်း ကျွန်မရဲ့ သီချင်းတစ်ပုဒ်ကို ဖျက်လိုဖျက်ဆီး လုပ်ခဲ့တာကြောင့်ပါ။ အဲဒါဟာ ကျွန်မသရုပ်ကို သူက သိမ်းယူမယ်ဆိုတာမျိုး၊ ကျွန်မရဲ့ နယ်ပယ်ထဲကို သူ ရောက်လာနေပြီဆိုတာမျိုးနဲ့တော့ လုံးလုံး မသက်ဆိုင်ပါဘူး။ သူ့မှာလည်း ကိုယ်ပိုင်ဟန် ရှိပါတယ်။ Gaga ဟာ အရည်အချင်း တကယ်ပြည့်ဝတဲ့ တေးရေးအဆိုတော်တစ်ယောက်လို့ ထင်ပါတယ်။ ပြဿနာက အဲဒီတစ်ခါလေးပဲ ရှိခဲ့တာပါ။ ဒါကို လူတွေက ရန်ပွဲကြီးတစ်ခုလို ပြောင်းပစ်ခဲ့ကြတာ။ ဒါဟာ တကယ်ငြီးငွေ့ဖို့ကောင်းတဲ့ ကိစ္စတစ်ရပ်လို့သာ မြင်ပါတယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ သိတဲ့အတိုင်းပဲ ကျွန်မက ဂရုစိုက်နေမှာ မဟုတ်ပါဘူး။ တစ်နေ့ကျရင်တော့ အဲဒီလိုဖြစ်အောင် လုပ်တဲ့သူတွေ ပါးစပ်ပိတ်သွားကြရမှာပါ။ တွေ့ကြရပါလိမ့်မယ်။ ကျွန်မရဲ့ အစီအစဉ်တွေကို။

**Brian Hiatt: ဂျာနယ်တွေကို သိမ်းထားတတ်သလား။ ဘယ်သူ့ကိုမှ ပေးမဖတ်ဖြစ်တဲ့ ကဗျာတွေကိုရော ရေးဖြစ်ပါသလား။**

Madonna: မေးခွန်းနှစ်ခုစလုံးအတွက် *ဟုတ်တယ်လို့ ဆိုရမှာပေါ့။ တစ်နေ့မှာ* ကျွန်မရဲ့ လက်ထောက်တစ်ယောက်က ကျွန်မအကြောင်းပါတဲ့ ၁၉၉၁ ခုနှစ် ဂျာနယ်တစ်စောင်ကို တွေ့သွားခဲ့တာ။ ကျွန်မက အခုလိုပဲ ညဘက်ညဘက် အိပ်မပျော်တတ်တာကို ၉၁ ခုနှစ်တုန်းကလည်း ပြောနေတာပဲလေ။ အဲဒီလိုပဲ တချို့အရာတွေက ဘယ်တော့မှ ပြောင်းလဲမသွားကြပါဘူး။ ဒီလိုပဲ နှစ်သိမ့်ရတာပဲလေ။

**Brian Hiatt: ၈၀ ခုနှစ်တွေတုန်းကလည်း ဒီလိုပဲ ညဘက်အိပ်မရတဲ့ အကြောင်း ပြောတယ်နော်။ ဘယ်တုန်းကစပြီး ဒီလိုမျိုး ညဘက်အိပ်မရ ဖြစ်ခဲ့တာလဲ။**

Madonna: မေမေဆုံးတဲ့ အချိန်လောက်က စ,ခဲ့တာဖြစ်မလားဘဲ။ သေသေချာချာသိတာတော့ မဟုတ်ဘူး။ အဲဒီလောက်ကတည်းက အိပ်စက်ခြင်းဟာ ကိုယ့်အတွက် မလွယ်တဲ့အရာ တစ်ခု ဖြစ်လာခဲ့တာပါ။

**Brian Hiatt: ဒီလိုဆိုတော့ တစ်ညသုံးနာရီပဲအိပ်ပြီး ရှင်သန်နေတာလား။**

Madonna: ခြောက်နာရီလောက်အိပ်ရရင် တစ်နေ့လုံးလုံး နေနိုင်တယ်။ ကိုယ်က အလုပ်ကိုလည်း ခင်တွယ်၊ သားသမီးတွေအပေါ်လည်း ဂရုစိုက်တဲ့မိခင်တစ်ယောက်ဖြစ်ချင်တာဆိုတော့ အလုပ်နားချိန်တွေ ခဏခဏယူပြီး ကလေး





www.burmeseclassic.com

www.burmeseclassic.com

တွေဆီသွားရတယ်။ ပြီးတော့ အလုပ်ရှိရာကို ပြန်ရတာပေါ့။ အသံသွင်းစတူဒီယိုမှာဆိုရင် ညနှစ်နာရီမတိုင်ခင် အလုပ်ပြီးလေ့မရှိဘူး။ နောက်နေ့မနက် ၇ နာရီဆို အိပ်ရာက ပြန်ထရတယ်။ ဒီလိုနဲ့အိပ်ရေးမဝတဲ့ရက်တွေ များလာတာ။

**Brian Hiatt: ဘယ်တော့မှ မအိပ်ဘူးဆိုတာကို ကြော်ငြာပေးနေတာ ဖြစ်နိုင်တာပေါ့။**

**Madonna:** လုံးဝအိပ်မရဘူးဆိုရင် အဲဒီကနေစပြီး ရူးတာပဲ။ ဒါပေမဲ့ တစ်နေ့ကို ၁၂ နာရီလောက် အိပ်တဲ့သူတွေကိုတော့ ဘယ်လိုမှ နားလည်ပေးလို့ မရဘူးလေ။ နေမွန်းတည့်တဲ့အထိ အိပ်တဲ့သူတွေဟာ စိတ်ကို အလိုလိုက်လွန်းသူတွေပဲလို့ မြင်တယ်။ အိပ်ရဲလိုက်ကြတာ။ ကိုယ်ဖြင့် ဆယ်ကျော်သက် ဘဝကတောင် အဲဒီလို မအိပ်ခဲ့ရဘူး။

**Brian Hiatt: ကိုယ်က မျှော်မှန်းချက်ကြီးမားတာကိုး၊ ဟုတ်တယ်နော်။**

**Madonna:** နောက်ကနေ မီးထိုးပေးနေတာကိုဆိုလိုတာလား။ ဟုတ်တယ်လေ။ ဒါတော့ အမှန်ပဲ။ အချိန်ဖြုန်းဖို့ မရှိဘူး။

**Brian Hiatt: တချို့လူတွေကတော့ ဖိအားပေးမောင်းနှင်တဲ့ ရည်ရွယ်ချက်တစ်ရပ်လိုမျိုးရှိကြတာ မဟုတ်ဘူးလေ။**

**Madonna:** ကျွန်မလည်း ဒီလိုပဲ ထင်ပါတယ်။ အဲဒီလို လူတွေနဲ့တော့ မပတ်သက်တော့ဘူးပေါ့။

**Brian Hiatt: Whiplash ဇာတ်ကား ကြည့်ဖြစ်လိုက်သေးလား။**

**Madonna:** ကြည့်ဖြစ်လိုက်တယ်။ ကြိုက်လည်း ကြိုက်တယ်။ အဲဒီဇာတ်ကားကို အပြည့်အဝကို ဆက်နွှယ်ခံစားနိုင်တယ်။ ကလေးတွေနဲ့အတူ သွားကြည့်တာလေ။ အားလုံးလည်း တော်တော်ကြိုက်ကြတယ်။ အဲဒီကား ကြည့်ပြီးတော့ ဘာမှ မပြောနိုင်အောင် ဖြစ်မိတယ်ထင်တယ်။ သားလေး David ကတော့ အဲဒီအကြောင်း အပြောဆုံးပဲ။ သူက ကလေးအားလုံးထဲမှာ စကားအတတ်ဆုံးလေ။ "ငါ့လက်ကို သွေးတွေထွက်အောင် လုပ်လိုက်မယ်"ဆိုတာမျိုး သူက ပြောတတ်တယ်။ဇာတ်ကားထဲမှာ ဇာတ်ကောင်က "အသက် ၉၃ နှစ်အထိနေပြီး ဘာမှ လုပ်မသွားတာထက်စာရင် ကိုယ့်အသက်ကိုရင်းပြီး တစ်ခုခု စမ်းလုပ်တတ်တဲ့ အသက် ၃၄ နှစ်အရွယ် ပါရမီရှင်တစ်ယောက်လောက် ဖြစ်စမ်းချင်တယ်။ မူးယစ်ဆေးဝါး အထိုးလွန်ပြီး သေတာမျိုးပဲဖြစ်ဖြစ်ပေါ့"လို့ ပြောလိုက်တာမျိုးကို ကျွန်မ အရမ်းသဘောကျတယ်။ ဒါမျိုးကို "ယက်စ်"လို့ အသံရှည်ရှည်ကြီးနဲ့ကို ပြောလိုက်ချင်တာ။

**Brian Hiatt: ကိုယ့်ကိုယ်ကိုပျက်စီးရာပျက်စီးကြောင်းလုပ်တဲ့အပိုင်းမျိုးလား။**

**Madonna:** မဟုတ်ဘူး၊ မဟုတ်ဘူး။ ဒါပေမဲ့ ကိုယ့်ကိုယ်ကို ယုံကြည်မှုနဲ့ ဘာကိုပဲဖြစ်ဖြစ် လုပ်ချင်တဲ့စိတ် ရှိတာမျိုးကိုပြောတာ။ ကိုယ်တကယ်လုပ်ချင်တာဆိုလို့ရှိရင် မီးထဲဖြတ်ပြီး လမ်းလျှောက်ရ လျှောက်ရဆိုတာမျိုးပေါ့။ ဖျော်ဖြေပွဲအတွက်အသွား တီးမှောက်ခဲ့တဲ့ကားထဲကနေ သွေးအလိမ်းလိမ်းနဲ့ ထွက်လာနိုင်တာမျိုးဆိုပါတော့။ အဲဒါကျွန်မပဲလေ။

**Brian Hiatt: ဒါပေမဲ့ Whiplash ဇာတ်ကားထဲက J.K Simmon ရဲ့ ဇာတ်ကောင်လိုမျိုး သင်ကြားပြသပေးမယ့်သူ ဘယ်တုန်းကမှ မရှိခဲ့ဘဲ၊ မှန်းဆကြည့်ရမလား။**

**Madonna:** အဲဒီလိုမျိုး သင်ကြားပြသပေးမယ့်သူတွေရှိခဲ့တာ အသေအချာပါ။

**Brian Hiatt: အထက်တန်းကျောင်းမှာတုန်းက Christopher Flynn ဆိုတဲ့ အကနည်းပြတစ်ယောက် ရှိခဲ့တယ်။ သူက Madonna ဘဝမှာ အရေးပါတဲ့သူတစ်ယောက်လည်း ဖြစ်ခဲ့တယ်။ အဲဒီလို သင်ကြားပြသသူမျိုးလား။**

**Madonna:** အို. . . ဟုတ်တာပေါ့။ သူက ရက်စက်တယ်၊ ကြမ်းတမ်းတယ်။ တုတ်တစ်ချောင်းကိုင်ပြီး လျှောက်ကြည့်နေတာ။ တုတ်နဲ့လည်း ရိုက်တယ်လေ။ အထိတ်တလန့်ဖြစ်အောင်လည်း ပြောတတ်သေးတယ်။ "ငါ့အခန်းထဲလာပြီး ဒီလိုမျိုး မဝတ်တတ်ရပ်မနေနဲ့၊ အခုထွက်သွား" စတာမျိုးတွေပြောတာ။ ဆင်ခြေတက်တာ၊ အပျင်းခိုတာမျိုးဆိုလည်း သူက သည်းမခံဘူး။ သူက ရုပ်ရှင်ဇာတ်ကားထဲက ဇာတ်ကောင်နဲ့ တော်တော်များများကို တူတာ။ ကိုယ်က ကောင်းတာတစ်ခုခုလုပ်ပြလိုက်နိုင်ရင်လည်း သူက ချီးမွမ်းစကားနဲ့ တုံ့ပြန်တတ်တယ်။ တစ်ခါပဲဖြစ်ဖြစ်ပေါ့။ "ဒီကနေထွက်ပြီး နယူးယောက်ကိုသွားတော့၊ မင်းမှာ မွေးရာပါအရည်အချင်းရှိတယ်"လို့ ကျွန်မကို ပြောခဲ့တာလည်း သူပါပဲ။

**Brian Hiatt: အဲဒီသင်တန်းကို များမတက်ဖြစ်ခဲ့ဘူးဆိုရင် Madonna ရဲ့ ဘဝလမ်းကြောင်းက သိသိသာသာ ပြောင်းလဲခြားနားသွားမှာလား။**

**Madonna:** ဟုတ်တာပေါ့။ တကယ်လို့သာ ကျွန်မဘဝမှာ ဖြစ်ပျက်ခဲ့တာတွေ အများအပြားသာ ဖြစ်မလာခဲ့ရင် အရာရာဟာ တော်တော်လေး ခြားနားပြောင်းလဲသွားမှာပါ။ မေမေသာ မဆုံးပါးခဲ့ဘဲ ကျွန်မလည်း မိသားစုနဲ့ ဆက်သိုက်ဝန်းဝန်းသာ ကြီးပြင်းခွင့်ရခဲ့မယ်ဆိုရင် မီချီဂန်မြို့မှာပဲ အခုထိနေနေပြီး





www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆရာမတစ်ယောက် ဖြစ်လာ ယောက်ဘဲ။ ကျွန်မ ဆုံစည်းခဲ့ရတဲ့ ဆရာ သမားတွေနဲ့ တွေ့ဆုံမှုတွေဟာလည်း ဘုရားသခင်က ကောင်းချီးပေးတာ တစ်ခုပါပဲ။ ကျွန်မရဲ့ အနုပညာဆရာမ၊ အင်္ဂလိပ်ဆရာမ၊ ပြီးတော့ ရှုရှားသမိုင်း သင် ဆရာမ စတဲ့ ဆရာမတွေအားလုံး ဟာ ကျွန်မရဲ့ အနုပညာဝိညာဉ်ကို လမ်း ညွှန်မှုပေးရာမှာ အရေးပါတဲ့သူတွေချည်း ပါပဲ။ ငယ်စဉ်ဘဝတစ်လျှောက်လုံးမှာ (အမေရိကန် အမျိုးသမီး ပန်းချီကျော်) Georgia O'Keeffe လို ဖြစ်ချင်ခဲ့တာ။ တစ်နေ့မှာ ကျွန်မရဲ့ အနုပညာ ဆရာမ က ကျွန်မဆီ ရောက်လာပြီး တခြား ဆရာမတွေလိုပဲ စက္ကူလိပ်နဲ့ ကျွန်မ ခေါင်းကို ခေါက်ပါတယ်။ 'မင်းက စိတ်ပျက်စရာပဲ။ မင်း ဘယ်တော့မှ အနု ပညာသည် ဖြစ်မှာမဟုတ်ဘူး။ မင်းက ရှုပ်ပွစားတဲ့ မိန်းကလေးပဲ။ အခု ဒီက ထွက်သွား' လို့ ကျွန်မကို ပြောခဲ့တာ။

တကယ်တော့ သူတို့တွေအားလုံး ဟာ ကျွန်မရဲ့ အမေလိုပါပဲ။ ကျွန်မရဲ့ ဘဲလေးအက သင်တန်းဆရာ Christopher ဟာ ကျွန်မ ပထမဆုံး ဆုံတွေ့ရတဲ့ ဂေး(မိန်းမလျာ)တစ် ယောက်ပါ။ သူက ဂေးတစ်ယောက်ဆို တာကို ကျွန်မ သိနေခဲ့တာ။ အထက် တန်းကျောင်း တက်နေတုန်းက ကျွန်မ ကို ဂေးကလပ်ဆီ ပထမဆုံး တိတ် တိတ်လေး ခေါ်သွားပေးတာလည်း သူ ပါပဲ။ ကျွန်မရဲ့ မျက်လုံးတွေ ဖွင့်ပေးပြီး လောကကြီးကို သိမြင်စေခဲ့တာလည်း သူပါပဲ။ ဂေးတွေရဲ့ ယဉ်ကျေးမှု အလေ့ အထတွေသာမက ကွဲပြားခြားနားတဲ့ အယူအဆတွေ၊ စိတ်ကူးစိတ်သန်းတွေ ကိုပါ မြင်တွေ့စေခဲ့သူ ဖြစ်ပါတယ်။

**Brian Hiatt: သီချင်းအသစ်** ***Rebel Heart*** **ဟာ Madonna ရဲ့ ပင်ကိုခံစား ချက်လား။ ဘယ်ကလာတဲ့ ခံစားချက် ဖြစ်မယ်ထင်ပါသလဲ။**

**Madonna:** ဒုက္ခတွေကို ဖန်တီးသူ အဖြစ်လား(ရယ်မောလျက်)။ ကြီးပြင်း လာရတာက တောနယ်၊ ဆင်ခြေဖုံး ဒေသ၊ သဘောထားကျဉ်းမြောင်းတဲ့သူ တွေနေတဲ့ ပတ်ဝန်းကျင်။ ကိုယ်နဲ့ သဟ ဇာတမဖြစ်တဲ့ ခံစားချက်တွေ၊ လျစ်လျူ ရှု အပယ်ခံရတဲ့ ခံစားချက်တွေနဲ့ဆိုတော့ ကျောင်းမှာများ တခြားသူတွေက ကိုယ့် ကို လက်မခံတာမျိုးဆိုရင် ကျွန်မက ပိုပြီး တွန်းအားတွေ ပေးတော့တာပဲ။ 'ကောင်းပြီ မင်းတို့က ငါ့ကို မကြိုက် ကြဘူး။ မင်းတို့ကို ငါ အရေးမစိုက် ဘူး။ ဆက်လုပ်ဦးမှာ။ ချိုင်းမွေးထူတဲ့ သူတွေကို ဘယ်လို ကြိုက်ကြတာလဲ' လို့ ကျွန်မက တွေးတာ။ အဲဒီစိတ်က ကျွန်မရဲ့ မျိုးရိုးဗီဇမှာကို ပါလာတာ။ ကိုယ့်မှာက အမေရှိတာ မဟုတ်ဘူး။ အဲဒါက အရမ်းကို တာသွားတာလေ။ 'မင်း ဒီလိုမလုပ်သင့်ဘူး' လို့ အမေ့လို ပြောပြမယ့်သူမှ မရှိတာ။ ဒါပေမဲ့ အဖေ ရှိတယ်။ အစ်ကိုတွေရှိတယ်။ မိထွေး လည်းရှိတယ်။ ဒါပေမဲ့ ကျွန်မက မိထွေးလုပ်သူနဲ့ မပတ်သက်ဘူး။ ဒီလိုနဲ့ ကိုယ့်မှာက စံထားရမယ့်သူ မရှိဘဲ ဖြစ် လာတာ။

**Brian Hiatt: ကိုယ်မရတဲ့ လွတ်လပ် ခွင့်မျိုးကို ကိုယ့်အစ်ကိုတွေ ရကြတာကို လည်း မြင်ခဲ့တယ်ပေါ့။**

**Madonna:** ဟုတ်တာပေါ့။ အဖေက ကျွန်မဆို စည်းကမ်း သိပ်တင်းကျပ် တာ။ သူတို့တွေရတဲ့ လွတ်လပ်ခွင့်မျိုး ကိုယ်မရတာရဲ့ အကြားက တရားမျှတမှု မရှိတဲ့ ကွဲပြားခြားနားမှုကို သိနေခဲ့ တယ်။ ကိုယ်ကတော့ တာဝန်တွေအများ ကြီး ယူရပြီး သူတို့ကျတော့ ဘာတာဝန် မှ မယူကြရတာလည်း ပါတာပေါ့။ ကက်သလစ်ဘုရားကျောင်း သွားတော့ လည်း စည်းကမ်းတွေက များပါ့။ ဒါပေမဲ့ ကိုယ်ကျတော့ ဘုရားကျောင်း တက်ဖို့ ဝတ်စုံအပြည့်ဝတ်ရပြီး သူတို့ကျ တော့ ဘောင်းဘီရှည်နဲ့ပဲ။ အဖေ့ကို မေး မိတယ်။ 'သမီး ဘောင်းဘီဝတ်သွားရင် ယေရှုခရစ်တော်က အချစ်လျော့သွားမှာ လား။ ဒါမှမဟုတ် ငရဲကျစေမှာလား' လို့။ လူတွေက စည်းကမ်းဆိုတာတွေကို ဘာဖြစ်လို့ မျက်စိစုံမှိတ်ပြီး လိုက်နာကြရ တာလဲ။ မိန်းကလေးတွေ လုပ်ရတာမျိုး တွေကို ယောကျ်ားလေးတွေက ဘာဖြစ် လို့ လုပ်ဖို့ မလိုတာလဲဆိုတာတွေကို သိချင်လာမိခဲ့တယ်။ လူမှုအဖွဲ့အစည်း ဆိုတာက အားလုံးကို တို့ပြောသလိုပဲ လုပ် ဆိုတာမျိုးလား။ ကျွန်မရဲ့ ဆယ် ကျော်သက်အရွယ် သက်တမ်းက အဖြေ မရတဲ့ မေးခွန်းတွေနဲ့ ပြည့်နှက်နေခဲ့တာ ပါ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့တွေ ကိုလည်း ဘယ်သူကမှ အဲဒီအဖြေတွေ ပြောမပြဘူးလေ။ မီးလင်းဖိုကို မီး မပြတ်အောင် ဆွပေးရင်းနဲ့ပဲ တစ်ကိုယ် တည်း စကားပြောနေခဲ့ရတယ်။

**Brian Hiatt: လူထုမြင်ကွင်းကို ရောက်လာလာချင်းမှာရော။**

**Madonna:** ဟုတ်ပါရဲ့၊ ဒီစကား ဆက် ရမှာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ 'ဘာကြောင့်လဲ' ဆိုတဲ့ အမေးစကားတွေ ပြည့်နေတဲ့ ပရိသတ်ရှေ့ ကွင်းပြင်ကို



www.burmeseclassic.com

www.burmeseclassic.com

နောက်ပိုင်းမှာ ကျွန်မ ရောက်သွားခဲ့လို့ပဲ။ 'အိုး မင်းဝတ်ထားတာ မျက်နှာများတဲ့ မိန်းမလို၊ ပြည့်တန်ဆာမလိုကျနေတာပဲ။ မင်းဟာ အတော်နုံတဲ့သူပဲ' ဆိုတာမျိုး။ ဒါမှမဟုတ် 'မင်းက လိင်စိတ်နိုးဆွတာပဲ။ မင်းဟာ ပြည့်တန်ဆာမပဲ။ လူတွေ အာရုံစိုက်အောင် ဒါကိုလုပ်တာ။ ပင်ကိုအရည်အချင်းရှိတာ မဟုတ်ဘူး' ဆိုတာမျိုးတွေ ကြားရတာပေါ့။ ဒီအခါမှာ 'ဘာကြောင့်လဲ' ဆိုတဲ့ စကားပဲ ပြန်ပေါ်လာတယ်။ 'ဘာကြောင့်လဲ၊ ဘာဖြစ်လို့ ညို့ငင်နိုင်တဲ့လူ မဖြစ်ရမှာလဲ၊ ဘာဖြစ်လို့ ငါက ဉာဏ်ရည်ထက်တဲ့လူ မဖြစ်ရမှာလဲ။ စင်မြင့်ပေါ်မှာ အဆိုတော် Mick Jagger တို့လို ငါက ဘာဖြစ်လို့ မျက်နှာများလို့ မရတာလဲ။ အဖျိုမလေးလို အိမ်တွင်းအောင်း မနေနိုင်တာ ဘာဖြစ်လို့လဲ။ ဘာကြောင့်လဲ' ဆိုပြီးတော့ မေးခွန်းတွေ ထပ်ကာထပ်ကာ မေးနေမိတော့တယ်။

**Brian Hiatt: ဒါမှမဟုတ် Prince လိုလား၊ တစ်ချိန်တည်းမှာပဲ။**

**Madonna:** အတိအကျပဲ။ ကျေးဇူးတင်ပါတယ်။ ဟုတ်ကဲ့ပါ။

**Brian Hiatt: အထက်တန်းကျောင်းမှာတုန်းကလိုပဲ၊ 'ငါဝတ်စားပုံကို မင်းတို့ မကြိုက်ကြဘူး' ဆိုပြီး တုံ့ပြန်တတ်တုန်းပဲလား။ ဒီစာအုပ်ကရော ဘယ်လိုနေလဲ။**

**Madonna:** အတူတူပဲ။ ဟုတ်ပါတယ်။ ကိုယ့်သဘာဝကိုက ရန်လိုနေတာလေ။ ဒါတော့အမှန်ပဲ။ ကိုယ့်ကိုယ်ကို မထိန်းနိုင်ဘူး။ ဒါပေမဲ့ အမြဲတမ်း ကောင်းတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ခဲ့တာပါ။

**Brian Hiatt: Modanna ရဲ့ ၂၀၀၅ ခုနှစ်ထုတ် I'm going to tell you a secret အမည်ရ မှတ်တမ်းရုပ်ရှင်တစ်ခုမှာ ကိုယ့်ကိုယ်ကို 'တေး' လို့ ပြောခဲ့တယ်နော်။ ဒီစကားလုံးက တော်တော်လေး ပြင်းထန်လှပါတယ်။**

**Madonna:** ဟိုတုန်းက Modonna နဲ့ အခုလက်ရှိ Modanna တို့မှာ ခပ်တုံးတုံးလုပ်ရပ်တွေ အများကြီး ရှိတယ်။ တစ်ကိုယ်ကတော့ အမြဲတမ်း တေးတစ်ယောက်ဖြစ်တယ်လို့ ဆိုလိုတာပါ။ ဒါကို ရင်ဆိုင်ကြရမှာပါ။

**Brian Hiatt: အရင်တုန်းက Modanna ကို နည်းနည်းလောက် ပိုပြီး ဖက်တွယ်ခဲ့တာများ ရှိလား။**

**Madonna:** ဖြစ်နိုင်ပါတယ်။ အခုဆို ဘာဖြစ်လို့ ကိုယ့်ကိုယ်ကို တေးလို့ ပြောခဲ့တာလဲဆိုတာတောင် မေ့နေပြီ။ ကိုယ့်ကိုယ်ကို ဝေဖန်တာ နည်းနည်းပြင်းသွားတာနေမှာပါ။ အဲဒါက ကိုယ့်ရဲ့ စိတ်ခံစားမှုအပေါ် မူတည်နေတာ။ ဘဝမှာ ကိုယ်ရောက်နေတဲ့နေရာအပေါ် မူတည်နေတာ အသေအချာပေါ့။ ဟုတ်ပါတယ်။ ကျွန်မက ကိုယ့်ကိုယ်ကို ပြန်ပြီးဖက်တွယ်ထားသူပါ။ ဒီလိုပဲ အလုပ်လုပ်တတ်တာပါ။(ရယ်မောလျက်)

**Brian Hiatt: ကျွန်တော်တို့အားလုံး ရောပဲလား။**

**Madonna:** အားလုံးရောပဲလားဆိုတော့ ဟုတ်တာပေါ့။ အတိအကျပဲ။ တချို့လူတွေကတော့ ဒီလိုမဟုတ်ဘူး။ တချို့လူတွေက သူတို့ကိုယ်သူတို့ တစ်ချိန်လုံး ကုစားနေကြတာဆိုတော့ ကိုယ့်ကိုယ်ကို ပြန်ပြီး ဖက်တွယ်စရာ မလိုဘူးလေ။ မခံစားတတ်ရင် ဖက်တွယ်လို့မရပါဘူး။

**Brian Hiatt: အခုထက်ထိရော စိတ်ကို နိုးဆွနေတုန်းပဲလား။**

**Madonna:** ဟုတ်တယ်(ရယ်လျက်)။ ရှင့်ကို ကျွန်မ ဆွပြရမလား။ ဆိုလိုတာက အဖြေမသိလို့ ဒီမေးခွန်းကို မေးတာမဟုတ်ဘူး။ မှန်ရဲ့လား ကျွန်မပြောတာ။

**Brian Hiatt: တစ်ခါတုန်းကတော့ အဲဒီလို အလေ့အထတွေ အတိတ်မှာထားခဲ့ပြီလို့ ပြောခဲ့ဖူးသလားလို့။**

**Madonna:** တကယ်လား၊ ကျွန်မ အဲဒီလို ပြောခဲ့လို့လား။ ကျွန်မက ဒီလိုမလုပ်တတ်တဲ့ အချိန်တစ်ချိန်တော့ ရှိကောင်းရှိခဲ့မှာပါ။ အဲဒါက ကျွန်မ မင်္ဂလာဆောင်တဲ့အခါတုန်းကပေါ့။

**Brian Hiatt: မင်္ဂလာဆောင်တဲ့အခါမှာ အဲဒီလို စိတ်ခံစားမှုရလာအောင် လုပ်ပေးခဲ့တာက ဘယ်အရာပါလဲ။**

**Madonna:** ကျွန်မ ခင်ပွန်းဟောင်းကတော့ ဒါကို သိပ်ပြီး ကြိုက်မယ်မထင်ပါဘူး။ ဒါမှမဟုတ် ဒါကို သူနားမလည်တာလည်း ဖြစ်နိုင်ပါတယ်။ စင်ပေါ်မှာ Britney Spears ကို ကျွန်မ နမ်းလိုက်တာကိုလည်း သူက အားပေးတာမဟုတ်ဘူး။ ဥပမာ ပြောတာပါ။ ဒါဟာ စိတ်ကို နိုးဆွတာလား။ အဲဒီတုန်းကတော့ ဟုတ်တယ်လို့ ထင်ခဲ့တာ။ အခုတော့ မဟုတ်ပြန်ဘူးပေါ့။

**Brian Hiatt: သူ လက်ထပ်တဲ့သူဟာ ဘယ်လိုလူလဲဆိုတာ အတိုင်းအတာတစ်ခုအထိတော့ သူ သိထားသင့်တာပေါ့။**

**Madonna:** ဟုတ်ပါတယ်။ ဒါပေမဲ့ လူတစ်ယောက်ယောက်နဲ့ အတူနေခွင့်ရလာတဲ့အခါ အဲဒီလူကို ပြောင်းလဲပစ်နိုင်မယ်လို့ လူတိုင်းက ထင်မှတ်မှားကြတာလေ။ ဒါပေမဲ့ တကယ်တမ်းတော့ မပြောင်းလဲနိုင်ကြပါဘူး။ လူတွေက သူတို့ နဂိုအတိုင်းပဲ။ သူ့အချိန်ကျမှသာ ပြောင်းလဲတတ်ကြတာ။

**Brian Hiatt: အဲဒီ မင်္ဂလာသက်တမ်းအတွင်းမှာ ဘီယာတွေ ဘာတွေ သောက်ဖြစ်ခဲ့တယ်နော်။**

**Madonna:** (ရယ်မောရင်း) သောက်ခဲ့မိပါတယ်၊ ရောမမှာတုန်းက။ အင်္ဂလန်ရောက်တော့လည်း အင်္ဂလိပ်တွေရဲ့ အလေ့အထတွေ အားလုံးကို လက်ခံခဲ့တာပဲ။ ဘီယာဆိုင်တွေလည်း သွားတာ ခဏခဏပါပဲ။ ဘီယာဆိုင်တစ်ဆိုင်ကို ဝင်မယ်ဆိုရင်တော့ အရက်ပြင်းတွေကို တန်ဖိုးထားဖို့ သင်ယူရလိမ့်မယ်။

**Brian Hiatt: ပင်ကိုက ဆန့်ကျင်တွန်းလှန်လိုတဲ့စိတ်နဲ့ သားသမီးတွေ အပေါ် မိခင်ကောင်းတစ်ယောက်ဖြစ်လိုတဲ့စိတ်၊ နှစ်ခုကို ဘယ်လိုများ ဟန်ချက်ညီအောင် လုပ်ခဲ့ရပါသလဲ။**

**Madonna:** ကလေးတွေ အိမ်စာလုပ်နိုင်းဖို့လား။ ကျွန်မက သူတို့ကို မေးလေ့ရှိတယ်။ 'ကမ္ဘာကြီးကို ပြောင်းလဲပစ်ချင်တာလား၊ နာမည်ကျော်ချင်တာလားလို့'။ Rocco က Bob Marley လိုလူကို အထင်ကြီးတာ။ သားလေး David ကတော့ Michael Jackson ကို



www.burmeseclassic.com

www.burmeseclassic.com

...တောကျတယ်။ သူတို့ကို ကျွန်မက ...ညာတတ်ခြင်းဟာ ပုန်ကန်တတ်သူ ...တစ်ယောက်ဖြစ်ခြင်းရဲ့ ကြီးမားတဲ့ ...တ်အပိုင်းတစ်ရပ်ပဲ'လို့ ပြောလေ့ ...ရှိခဲ့တယ်။ စည်းကမ်းပိုင်းမှာလည်း ...တူပါပဲ။ ၄ပ်မိသဲတိုင် တက်နိုင် ...ကျက်ဆိုတာက ဘဝမှာ တစ်စုံတစ် ...ခုကိုမြောက်အောင် လုပ်ဆောင်ခြင်း ...အတွက် အဓိကကျတဲ့ အချက်ပါပဲ။

**Brian Hiatt: ကောင်းလိုက်တဲ့ ...ဖြတ်လဲချက်။ ဒါက အလုပ်ကော ...ဖြစ်ခဲ့လား။**

Madonna: ဖြစ်တာပေါ့။ ပြီးတော့ ...ခြားလက်နက်တစ်ခု ရှိသေးတယ်။ ...ဆိုကားက 'ကမ္ဘာပေါ်မှာ ကျောင်း ...တက်ချင်လှချည့်ရဲ့ဆိုပေမဲ့ တက်ခွင့် ...မရတဲ့ကလေးတွေ အများကြီး ရှိတယ်။ ...တို့ ဒီမှာလာပြီး ဆင်ခြေထိုးမနေနဲ့။ ...ပ်ပိတ်ပြီး ကျောင်းသွားကြ'လို့ ...ပြောလိုက်တာမျိုးပေါ့။ သူတို့တွေက ...ဒရိုကကို ကျွန်မနဲ့ အတူလိုက်ပြီး ...မှာ ကျွန်မ ဆောက်ပေးထားတဲ့ ...ကျောင်းကို လာတက်တဲ့ကလေးတွေ ...မြင်ဖူးထားတာလေ။ အခန်း နှစ်ခန်း ...လည်းရှိတဲ့ ကျောင်းအဆောက်အဦထဲ ...မှာ မည်ကာမတ္တ စားပွဲ၊ ကုလားထိုင် ...နဲ့ ထိုင်ပြီး စာသင်ရဖို့အတွက် ခြေ ...လျှောက်လာနဲ့ အဝေးကြီးက လမ်း ...လျှောက်လာခွင့် ရတာကိုပဲ သူတို့ခမျာ ...ကျေးဇူးတွေတင်နေကြရှာတာ။ အဲဒီ ...ကလေးတွေက စာသင်ခွင့်ရလို့ ဘယ် ...လောက် ကျေးဇူးတင်နေတယ်ဆိုတာ ...ကိုလည်း ကျွန်မကလေးတွေ မြင်ခဲ့ကြ ...ရတာလေ။

**Brian Hiatt: ဟိုအရင်နှစ်တွေတုန်းက ဘယ်လိုမိခင်မျိုး ဖြစ်ချင်သလဲလို့ မေးတော့ Modonna က 'မေတ္တာတရား ပြည့်ဝတဲ့ မိခင်မျိုး၊ ဒါပေမဲ့ အာဏာရှင် ...ဆန်မယ့် မိခင်မျိုး ဖြစ်ချင်တယ်'လို့ ပြောခဲ့ဖူးတယ်နော်။**

Madonna: အာဏာရှင်ဆန်တယ် ဆိုတာက ဘယ်လိုအဓိပ္ပာယ်လဲဆရာကြီး လုပ်လွန်းတာမျိုးလား။ ဘယ်လို မိခင်မျိုး မဖြစ်ရမှာလဲ။ ဆိုလိုချင်တာက ကလေးတွေရဲ့ ဘဝတွေထဲကို အရမ်းကို ပါဝင်ပတ်သက်နေပြီး ခိုင်မာတဲ့ သဘောထားအမြင်တွေလည်း ထားတယ်။ ဒါပေမဲ့ ကျွန်မသမီးက ကောလိပ်ကျောင်း တက်နေပြီ။ ဒါဟာ တစ်နေ့တော့ လက်လွှတ်လိုက်ရမယ်ဆိုတဲ့ သင်ခန်းစာတစ်ရပ်ပဲ။ သူ့အပေါ် ဆက်ပြီး လွှမ်းမိုးနေချင်လို့ မရတော့ဘူး။ သူ ဆန္ဒရှိတာကိုသာ သူ လုပ်တော့မှာ။ အဲဒါက ကျွန်မရဲ့ အာဏာရှင်ဆန်တဲ့ လွှမ်းမိုးမှုတွေ လျှော့ချဖို့ အကူအညီ ဖြစ်စေပါတယ်။

**Brian Hiatt: Modonna ဟာ တခြား ဖန်တီးမှု အနုပညာရှင်တွေနဲ့ မတူဘဲ ကိုယ့်ကိုယ်ကို ဖျက်ဆီးတတ်တာမျိုး မရှိဘူးနော်။**

Madonna: လူတိုင်းလူတိုင်းမှာ ကိုယ့်ကိုယ်ကို ပျက်စီးစေမယ့် သဘာဝလေးတွေ ရှိတတ်ကြတာပါပဲ။ အဲဒါကို ကျွေးမွေး၊ မွေးမြူထားသလား၊ မထားသလားဆိုတာပဲ ကွာတာပါ။ ကိုယ့်ကိုယ်ကို ပျက်စီးရာပျက်စီးကြောင်း ဖြစ်စေဖို့အတွက် ပေါ့ပ်စတားတစ်ယောက် ဖြစ်စရာမလိုပါဘူး။ တကယ်တော့ ကိုယ့်ကိုယ်ကို ပျက်စီးရာ ပျက်စီးကြောင်း ပြုတယ်ဆိုတာဟာ ကိုယ့်ကိုယ်ကို စွဲလမ်းလွန်းတာပါပဲ။ အဲဒီလို ကိုယ့်ကိုယ်ကို စွဲလမ်းဖို့ဆိုတာ ကလေးတွေ ထိန်းကျောင်း ပျိုးထောင်နေရတဲ့ မိခင်တစ်ယောက်အတွက်တော့ တကယ့်ကို ဖြစ်နိုင်စရာ မရှိပါဘူး။ ဘာသာရေး ကိုင်းရှိုင်းတဲ့သူ ဖြစ်မယ်ဆိုရင် ပန်းချီကားချပ်ကြီးတစ်ချပ်ထဲက ဆေးလေးတစ်စက်အဖြစ် ကိုယ့်ကိုယ်ကို ရှုမြင်ဖို့ လမ်းညွှန်ခံရမှာပဲ။ ဒီလိုပဲ လူသားဖြစ်တည်မှုအတွက် တာဝန်ထမ်းဆောင်ရမယ်ဆိုတဲ့ အတွေးမျိုး၊ ကိုယ့်လောက် မလုပ်နိုင်တဲ့ သူတွေထဲကို ကိုယ်တိုင်ဝင်ရောက် ဆောင်ရွက်ပေးမယ်ဆိုတဲ့ အတွေးမျိုးတွေလည်း ပေးလာမှာ။ ဘဝကိုကြောင်းကျိုးကျမြင်တတ်ရမှာလေ။

**Brian Hiatt: ယဉ်ကျေးမှု အရွေ့တစ်ရပ်အတွက် အားစိုက်ခဲ့ရတာတွေက ပြင်းထန်တဲ့ ဝေဖန်မှုတွေကို ရင်ဆိုင်စေခဲ့ပေမဲ့ အခုတော့ အဲဒီအရွေ့တွေကို လူတွေက အထိတ်တလန့် ဖြစ်မနေတော့ဘူး ဆိုရမှာပဲ။**

Madonna: ဟုတ်ပါရဲ့ *Truth or Dare* သီချင်းထွက်လာတော့ လူတွေ ဘယ်လောက်ဒေါသ ဖြစ်ခဲ့ကြတယ်ဆိုတာ တွေး ကြည့်မိသေးတယ်။ အခုတော့ ရုပ်/သံပေါ်မှာတောင် Reality Show တွေ ပြနေပြီ။ ဘယ်သူကမှ နှစ်ခါပြန် စဉ်းစားမနေကြတော့ဘူး။ ကျွန်မရဲ့ Sex စာအုပ်အတွက် အပြင်းအထန် ဝေဖန်ပုတ်ခတ်တာတွေ ခံခဲ့ရပေမဲ့ Kim Kardashian ကိုတော့ ဘယ်သူကမှ ဝေဖန် ပုတ်ခတ် မနေကြတော့ဘူး။ ကျွန်မကတော့ ဓားစားခံ ဖြစ်ခဲ့ရတာလို့ပဲ ကိုယ့်ကိုယ်ကို မှတ်ယူပါတယ်။

**Brian Hiatt: ဂျူးဘာသာဝင်တစ်ယောက်အဖြစ် ကိုယ့်ကိုယ်ကို ဘယ်လောက် အတိုင်းအတာအထိ ပြမှုနေထိုင်ပါသလဲ။ အဲဒါကရော အမည်ကောင်း ရဖို့အတွက်ပဲလား။**

Madonna: (ရယ်လျက်)မဟုတ်ပါဘူး။ ကျွန်မက ဘယ်ဘာသာရယ်လို့ အတိအကျကြီး မဟုတ်ပါဘူး။ မတူညီတဲ့ အယူဝါဒတွေ အားလုံးကို ဆက်နွှယ်ကြည့်တယ်။ အဲဒီမှာ ဘာသာတရား ယုံကြည်သက်ဝင်မှု အားလုံးကို သွယ်တန်းထားတဲ့ ကြိုးမျှင်လေးကို သွားတွေ့တယ်။ Judaism ကိုလည်း ကူးပြောင်း မထားပါဘူး။ Kabbalah အယူဝါဒကိုလည်း အများကြီး နှစ်ပေါင်းအတော်ကြာ လေ့လာခဲ့ဖူးတယ်။ အဲဒီတော့ ကျွန်မ လုပ်တာကိုင်တာတွေ အတော်များများက Judaism ကိုလည်း ကျင့်သုံးနေသလို ဖြစ်ခဲ့တယ်။ Torah ကျမ်းစာဖတ်သံကို စနေနေ့ မနက်တိုင်း ကျွန်မ နားထောင်တယ်။ သီတင်းတစ်ပတ်ရဲ့ နောက်ဆုံးနေ့မှာ အလုပ်နားပြီး ဘုရားရှိခိုး ဝတ်ပြုတ်ရတဲ့ Shabbat ဓလေ့ကို လိုက်နာတယ်။ သားကိုလည်း ဂျူးဓလေ့ထုံးတမ်းအရ လူပျိုဝင် အခမ်း



www.burmeseclassic.com

www.burmeseclassic.com

အနား လုပ်ပေးထားတယ်။ ဒီတော့ ကျွန်မက ဂျူးဘာသာဝင်တစ်ယောက်လို ဖြစ်နေတာပေါ့။ ဒါပေမဲ့ ဘာသာတရားဆိုတာတွေက ဘဝရဲ့ သစ်ပင်လိုပဲ၊ အကိုင်းအခက်တွေ ဆက်နေတာ။ အစ္စရေးတစ်ယောက်အဖြစ်နဲ့ လုပ်ချင်တာတွေလည်း အများကြီး ရှိသေးတယ်။ ဂျူးဘာသာဝင်အဖြစ် မဟုတ်ဘူးနော်။ အစ္စရေးလူမျိုးစုတွေက Judaism ဘာသာမပေါ်ခင်ကတည်းက ရှိနေခဲ့ကြတာ။ ကိုယ့်သမိုင်းတော့ ကိုယ်ရေးကြရမှာပေါ့၊ ဆိုတော့··· ကျွန်မက ဂျူးလား။ တချို့တွေကတော့ ပြောမယ်၊ ဂျူးတွေလုပ်တတ်တာ တော်တော်များများကို လိုက်လုပ်တာဆိုတော့ ဂျူးလို့ပေါ့။ ဒါပေမဲ့ ကျွန်မပြောချင်တာက Judaism မတိုင်ခင်က လူတွေလုပ်တာ အများကြီးကို ကျွန်မလိုက်လုပ်တာလို့။ ကျွန်မလုပ်တာက ဘာသာတရားထက်ကို လေးနက်တာတွေပဲလို့ ယုံကြည်တယ်။ အဲဒီအလေ့အထတွေက Judaism, ခရစ်ယာန်၊ အစ္စလာမ် စတဲ့ ဘာသာတရား အားလုံးကို ဆက်နွယ်စုစည်းပေးထားတာလေ။

**Brian Hiatt: Modonna က လက်ဝါးကပ်တိုင်လေး လည်မှာ ဆွဲထားတယ်နော်။**

**Madonna:** လက်ဝါးကပ်တိုင်တွေကို ကျွန်မ နှစ်သက်တယ်။ လက်ဝါးကပ်တိုင်ပေါ်က ခရစ်တော်ကိုကြည့်ရတာ စိတ်ထဲမှာ ခံစားရတယ်။ ယေရှုခရစ်က ဂျူးတစ်ယောက်ပဲ။ သူက ပြောင်းလဲခြင်းကို ပြုလုပ်သူလို့ ကျွန်မ ယုံကြည်တယ်။ သူက လူတွေနဲ့ အတိုက်အခံဖြစ်ရတာက သူ ပေးချင်တဲ့ သတင်းစကားကိုက အိမ်နီးနားချင်းကို ကိုယ့်ကိုယ်ကိုချစ်သလို ချစ်ရမယ်ဆိုတာကြောင့်ပဲ။ တစ်မျိုးပြောရမယ်ဆိုရင် ဘယ်သူမှ တခြားလူတစ်ယောက်ထက် ပိုမကောင်းနိုင်ဘူးပေါ့။ သူက လူတိုင်းကို ကြိုဆိုတယ်။ လမ်းပေါ်က သူတောင်းစားဖြစ်ဖြစ်၊ ပြည့်တန်ဆာမပဲဖြစ်ဖြစ်ပေါ့။ Torah ကျမ်းစာရဲ့ စည်းမျဉ်းတွေကို လိုက်နာမှုမရှိတဲ့ ဂျူး လူမျိုးတစ်စုကို အသိပေး တရားပြတယ်။ ဒီတော့ လူ အတော်များများကို ဒေါသဖြစ်စေတော့တာပေါ့။

**Brian Hiatt: ဆန့်ကျင်တွန်းလှန်တဲ့ နှလုံးသားလို့ ပြောချင်တာလား။Rebel Heart ပေါ့။**

**Madonna:** သေချာတာပေါ့။ သူ့မှာ ဆန့်ကျင်တွန်းလှန်ဝံ့တဲ့ Rebel Heart နှလုံးသားရှိတယ်။

**Brian Hiatt: Madonna ရဲ့ သီချင်းအသစ်သုံးပုဒ်ကို တွဲဖက်ထုတ်လုပ်ပေးတဲ့ အဆိုတော် Kanye West ကရော ဘယ်လိုလဲ။**

**Madonna:** သူက အရမ်းတော်တဲ့ ဂီတကို ရူးသွပ်သူတစ်ယောက်ပေါ့။ သူ့ကိုယ်သူတော့ မထိန်းနိုင်ဘူး။ သူများလုပ်သလို မလုပ်နိုင်၊ သူများနေသလို မနေတတ်ဘဲ မတော်တလျော်တွေလည်း ပြောတတ်သူပါ။ ဒါပေမဲ့ စတူဒီယိုထဲမှာတော့ အရမ်းကောင်းတဲ့ အကြံဉာဏ်တွေ သူ့ဆီက ထွက်တယ်လေ။ သူ့ကို တကယ် ဂရုတစိုက် လုပ်အောင် ပြောနိုင်ရင်ပေါ့။ သူက ဝင်လာမယ်၊ ထွက်သွားမယ်။ ဂနာမငြိမ်ဘူး။ သူက ကျွန်မကို တကယ် ရူးအောင် လုပ်မှာ။ သူ့ဘဝထဲမှာက အများကြီး တွေ့ကြုံဖြစ်ပျက်နေတာလေ။ အဲဒါက ကျွန်မ ဓာတ်ပြားရဲ့ ဦးတည်ချက်အကြောင်း အရာပဲ။ ဖုန်းကို လက်ကမချနိုင်။ Twitter ပေါ်မှာ ရေးတာ မရပ်နိုင်၊ သီချင်းတစ်ပုဒ်ကို အာရုံစူးစိုက်ပြီး ပြီးအောင်မလုပ်နိုင်တဲ့ လူတွေနဲ့ အလုပ်လုပ်နေရတာ။ တကယ့်ကို ကျွန်မကို ရူးစေခဲ့တယ်။ လိပ်ပြာဖမ်းတဲ့ ပိုက်ကွန်ကိုင်ပြီး ပတ်ပြေးနေရတာမျိုးပဲ။ ဒါပေမဲ့ ဂီတလောကက သူ့ကို လိုအပ်တယ်လို့ ကျွန်မ ခံစားမိလာတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတိုင်းက နိုင်ငံရေးသဘောတရားအရတော့ မှန်နေတာပဲ။ သိပ်ပြီး ဘေးရန်ကင်းတာပေါ့။ သူပြောသမျှ အားလုံးကိုလည်း သဘောတူတယ်တော့ မဟုတ်သလို သူ့သီချင်းတိုင်းကိုလည်း ကြိုက်တာ မဟုတ်ပါဘူး။ ဒါပေမဲ့ သူက ချစ်စရာ အရူးပ်ထုပ်ပဲ။ ကျွန်မ သူ့ကို သဘောကျပါတယ်။

**Brian Hiatt: သူ့ကိုယ်ထဲမှာ အရင်တုန်းက Madonna ကိုများ တွေ့မိသလား။**

**Madonna:** တကယ်ကို မတွေ့တာပါ။

**Brian Hiatt: (ဆုပေးပွဲ)စင်မြင့်တွေပေါ်မှာ ဘယ်တော့မှ ခုန်တာ မတွေ့ဘူးနော်။**

**Madonna:** ဟုတ်တယ်၊ သူက ဆုပေးပွဲတွေကို တော်တော်အလေးထားတာ။ ကျွန်မကတော့ ဘယ်သူ ဆုရတယ်၊ မရဘူးဆိုတာ သိပ်ပြီး ခံစားနေတာ မဟုတ်ဘူး။ ရိုးရိုးလေးပြောရရင်တော့ အဲဒါတွေက အရေးပါတယ် မထင်လို့ဘဲ။ အဲဒါကြောင့် တချို့ သူလုပ်တာတွေနဲ့ မပတ်သက်တာ၊ တစ်ယောက်ယောက်အတွက် တိုက်ပွဲဝင်ပေးတာမျိုး၊ ဒီလူကတော့ ရသင့်တယ်ဆိုတာမျိုးတွေ ပြောရမှာပေါ့။ တရားမျှတမှုကို ရှာချင်ရင် ဆုပေးပွဲတွေကို မလာပါနဲ့။

**Brian Hiatt: ဂရမ်မီဆုပေးပွဲမှာ Taylor Swift နဲ့အတူ တွေ့လိုက်ရတယ်။ Taylor Swift က Madonna နဲ့ ဗီလာဆန့်ကျင်သူ များဖြစ်ပေမဲ့ သူက Madonna နဲ့ အတူဆုံးလည်း ဖြစ်နိုင်တယ်။ ၈၀ခုနှစ်တွေတုန်းကModanna ချက် ဖော်တာက ပြောစမှတ် ဖြစ်ခဲ့တာ။ Swift ရဲ့ ချက်ကိုတော့ ဘယ်တုန်းကမှ ပြခဲ့တာ မဟုတ်ဘူး။**

**Madonna:** ရည်ရွယ်ပြီးများ လုပ်တာလား။ ကျွန်မကတော့ အဲဒါကို သတိမထားမိခဲ့ပါဘူး။ သူ့မှာက အတွေးအမြင်ကောင်းတွေ ရှိတယ်။ သူက သာမန်စံနဲ့ ဆန့်ကျင်ပြီး သွားနေတာ။ အဲဒါကို လေးစားတဲ့အနေနဲ့ သူက ကျွန်မနဲ့တူတယ်ဆိုတာကို ဟုတ်တယ်လို့ ပြောရမှာပဲ။ ပြီးတော့ လူတွေက



www.burmeseclassic.com

www.burmeseclassic.com

သူကို တစ်ချိန်လုံး အခက်တွေ့အောင် လုပ်နေကြတာ။ အဲဒါကြောင့် သူ့ကို ကျွန်မက ကြိုဆိုတွေ့ဆုံချင်ခဲ့တာပါ။

**Brian Hiatt:** ငယ်ငယ်ရွယ်ရွယ်နဲ့ ရေညှိကျော်ကြားတဲ့ ပေါ့ပ်စတား မိန်းကလေးတိုင်းဟာ ရယ်စရာပုံရိပ်ထွက် ... လှိုင်းတွန့်မှန်ထဲက Madonna ရဲ့ ပုံရိပ်လိုပဲ ဖြစ်ရတယ်။ ဘယ်လိုများ ... ပြီး လုပ်တာပါလဲ။

**Madonna:** ကျွန်မစိတ်ရဲ့ တစ်စိတ်တစ်ဒေသက မနာလိုဖြစ်တတ်တာ။ '... အခုခေတ်များ နာမည်ကြီးဖို့ လွယ်... တာ' လို့ တွေးမိတာမျိုးပါ။ တခြား... တစ်ခေါက်သားမှာတော့ ပိုပြီး ကြိုးစား... တာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ကြိုးစားတဲ့ပရိသတ် မရှိဘဲနဲ့ ဘယ်လို အနုပညာရှင်တစ်ယောက်အဖြစ် ပြသ ... ဖို့ အခွင့်အရေးရမလဲ။ ကျွန်မတို့ ကြီးပြင်းလာရတဲ့ ခေတ်ကာလတုန်းက အင်တာနက်ဆိုတာ မရှိဘူး၊ လူမှုကွန်ရက်ဆိုတာ မရှိဘူး။ ဒါတွေ ဘာမှ ရှိခဲ့တာ မဟုတ်ဘူး။ ပွဲတွေပဲ တစ်ပွဲပြီး တစ်ပွဲပေါ့။ တစ်နေ့နေ့မှာ ကိုယ့်ကို သတိပြုမိလာ ကြလိမ့်မယ်လို့ မျှော်လင့်ချက်နဲ့ ကြိုးစားခဲ့ရတာ။ ကိုယ်ပေးသမျှ အချိန်က ကိုယ့်ကို တိုးတက်မှုဖြစ်စေတာ။ ဒါကိုလည်း လူမသိ၊ သူမသိ လုပ်နေရတယ်။ ဒါပေမဲ့ အဲဒီလိုလုပ်တာ ကိုယ့်အတွက် တကယ် အထောက်အကူဖြစ်တယ်။ အနုပညာရှင်တစ်ယောက်အဖြစ်နဲ့ ကြီးပြင်းဖို့သာမက ကိုယ်ဘာလဲဆိုတဲ့ စိတ်ခွန်အား၊ ယုံကြည်မှုတွေကိုပါ တိုးပွားစေတယ်။ အသက် ၁၈ နှစ်အရွယ်နဲ့ပဲ ပရိသတ်ရဲ့ အကဲဖြတ်၊ စင်တော်ကောက်ခံရဖို့ ဖြစ်လာတဲ့ အဲဒီမိန်းကလေးတွေကို မနာလို မဖြစ်မိတော့ပါဘူး။ ဒါက သိပ်ပြီးတော့ များသွားပြီလေ။

**Brian Hiatt:** *Joan of Arc* သီချင်းထဲမှာ 'သူတို့ဓာတ်ပုံ တစ်ခါရိုက်တိုင်း ပြန်မရမယ့် အစိတ်အပိုင်းတစ်ခုကို ငါ ဆုံးရှုံးရတယ်' လို့ ဆိုထားတယ်။ ဒီစကားက ပုံနှိပ်မီဒီယာအပေါ် Sean Penn ရဲ့ သဘောထားလိုများ အသံထွက်နေသလားလို့။

**Madonna:** ဓာတ်ပုံရိုက်တာက ဝိညာဉ်ရဲ့ မျက်နှာစာအလှကို နုတ်ယူတယ်လို့ ဒဏ္ဍာရီဆန်တဲ့ ယုံကြည်မှုတစ်ခု ရှိတယ်။ ဒါပေမဲ့ အဲဒါထက်ကျော်ပြီး တင်စားတွေးကြည့်လိုက်ရင် ဓာတ်ပုံရိုက်တာဟာ ဓာတ်ပုံထဲမှာ ကိုယ့်ကို ဖမ်းထားလိုက်တာပဲလို့ တွေးနိုင်တယ်။ အဲဒီမှာ ကိုယ့်အကြောင်း တင်စားတာတွေ သန်းနဲ့ချီပြီး ဖြစ်လာမယ်။ အဲဒီအခိုက်အတန့်မှာ ကိုယ်က အမြဲတမ်း မလှုပ်မယှက် ပိတ်မိနေပြီး အဲဒီအချိန်အခိုက်အတန့်လေးထဲမှာ အစုအဖွဲ့တစ်ခုအဖြစ် ထင်မြင်လာစေတယ်။ ဟုတ်တယ်လေ၊ ဒါဟာ အမြင်အာရုံလှည့်စားတာမျိုးပဲပေါ့။

**Brian Hiatt: တစ်ခါတလေမှာတော့ အဲဒီအချိန် အခိုက်အတန့်လေးက ကိုယ့်ကို စကားပြန်ပြောတာ ရပ်သွားတယ်။ Birdman ဓာတ်ကားထဲကလိုပဲလို့ ထင်တယ်။**

**Madonna:** (ရယ်လျက်) ဟုတ်တယ်၊ အတိအကျပဲ။ ဒါက အစွန်းနှစ်ဖက် ထွက်တာမျိုးပဲ။ ဓာတ်ပုံအရိုက်ခံရတာကို ကျွန်မ ကြိုက်တယ်၊ ဓာတ်ပုံပညာကို မြတ်နိုးတယ်လို့ ဆိုရမလားဘဲ။ ဒါက ကိုယ့်ကို ဓာတ်ပုံရိုက်ယူတဲ့ လူတွေအကြောင်းပဲ။ စကားလုံးတွေက ပြန်ပြီး ရုပ်သိမ်းလို့ မရသလို ဓာတ်ပုံတွေကလည်း ပြန်ရုပ်လို့ရတာ မဟုတ်ဘူး။ ဘယ်အရာကိုမှ ပြန်ပြီး ယူလို့ မရနိုင်ဘူးလေ။

**Brian Hiatt: တစ်နေ့မှာ သေဆုံးခြင်းအဖြစ် ရောက်ရမယ်ဆိုတာရော စဉ်းစားပါသလား။**

**Madonna:** ရှထောင့်တချို့က ပြောရရင် ကျွန်မ ဘယ်တော့မှ မသေဘူး။ ဘာဖြစ်လို့လဲဆိုတော့ အနုပညာဆိုတာက ပျောက်ပျက်သွားနိုင်တာမျိုး မဟုတ်လို့ဘဲ။ လောကကြီးထဲမှာ ကိုယ်ချန်ထားရစ်ခဲ့တာတွေ၊ ကိုယ်ဖန်တီးခဲ့တာတွေ၊ စိုက်ထုတ်ခဲ့တဲ့ စွမ်းအားတွေက အဆုံးမရှိပါဘူး။ ရုပ်ခန္ဓာကြီးဆိုတာက ကုလားထိုင်တစ်လုံး၊ အဆောက်အဦတစ်လုံး၊ ပန်းတစ်ပွင့်လို ဖွဲ့စည်းထားတာမျိုးပဲ။ ဒါပေမဲ့ ကိုယ်တွေ စ,ခဲ့တဲ့ တော်လှန်ပြောင်းလဲမှုတွေ၊ ကိုယ်တွေ မေတ္တာအပြည့်နဲ့ လွှမ်းမိုးပေးခဲ့ရသူတွေကလည်း အဆုံးမရှိပါဘူး။ ဆိုတော့၊ အဲဒီရှထောင့်က ကြည့်မယ်ဆိုရင် ကိုယ်တွေအနေနဲ့ ဘယ်တော့မှ ပျောက်ပျက်မသွားနိုင်တာကို ရပြီးသား။ အဲဒီအတွေးက ကိုယ့်ကို ကြောက်ရွံ့စိတ် လျော့ပါးစေပါတယ်။

**Brian Hiatt: နောက်ငါးနှစ်၊ ဆယ်နှစ်လောက်နေတဲ့အခါ Madonna ရဲ့ ဘဝကို ဘယ်လိုများ ဖြစ်စေချင်ပါသလဲ။**

**Madonna:** ဒီကမ္ဘာပေါ်မှာ ရှိနေသရွေ့ သက်တမ်းအပြည့် ရှင်သန်ကြီးရင့်သွားချင်တယ်။ အစီအစဉ် အတိအကျတော့ မရှိပါဘူး။ မိခင်ကောင်းတစ်ယောက် ဖြစ်ချင်တယ်။ သားသမီးတွေအတွက် ကြိုးပမ်း လုပ်ကိုင်ပေးချင်တယ်။ အနုပညာရှင်တစ်ယောက်အဖြစ်နဲ့ ဆက်ပြီး ကြီးရင့်သွားချင်တယ်။ ကိုယ်ပြောချင်တဲ့ စကားကို လွတ်လွတ်လပ်လပ်ပြောပြီး ပရိသတ်အပေါ် လွှမ်းမိုးနိုင်တဲ့ လောကကြီးထဲမှာ ရှင်သန်နေထိုင်ရင်း အနုပညာကို အမြဲတမ်း ဖန်တီးနိုင်တဲ့အစွမ်း ရချင်ပါတယ်။ ဘယ်လိုပုံစံနဲ့ ဖြစ်မလဲတော့ မသိဘူးပေါ့။

**Brian Hiatt: အချစ်တွေပေးဖို့အတွက်ရော ခံစားချက်တွေ ပွင့်လန်းတုန်းပဲလား။**

**Madonna:** အသေအချာပေါ့။

**Brian Hiatt: ဖြေတာမြန်လှချည့်လား။**

**Madonna:** ကျွန်မက အချစ်ကို တစ်စက္ကန့်လေးလောက်တောင် သံသယမဖြစ်တတ်သူပါ။ ချစ်ခြင်းမေတ္တာအတွက် ရှင်သန်နေတာပဲလေ။ ကျွန်မသီချင်းတွေ နားထောင်ကြည့်လိုက်စမ်းပါ။ ■

**ရာပြည့်**

*Reference: Live to Tell*
*by Brian Hiatt,*
*Rolling Stone Magazine*

www.burmeseclassic.com




# ဟိမဝန္တာဒေသများသို့ . . . (၆)

မေဗွာဦး


တိဘက်လက်ရာနဲ့ ဟိုတယ်ဧည့်ခန်း

ဇူလိုင်လ ၃ ရက်နေ့ မှာတော့ မနက်စောစော ပူရီနဲ့ အာလူးပလာတာတို့ကို မနက်စာစားခဲ့ကြပြီး လေယာဉ်ကွင်းကို မနက် ၉ နာရီကတည်းက ထွက်လာခဲ့ကြပါတယ်။ ယာဉ်ကြော ကျပ်မှာရော၊ လေယာဉ်ကွင်းကို နှစ်နာရီ စောရောက်ရမှာရောကြောင့်ပါ။ လေယာဉ်က မနက် ၁၁ နာရီခွဲ မှာ ခတ္တမန္ဒူမြို့ကနေ တိဘက်မြို့တော် လာဆာ(Lhasa)ကိုသွားပြီး လာဆာမြို့ ကို ၃ နာရီ ၁၅ မိနစ်ရောက်မယ့် အစီအစဉ်ပေါ့။ လေယာဉ်ပျံက တစ်နာရီခွဲနောက်ကျပြီးမှ



www.burmeseclassic.com

www.burmeseclassic.com


လာဆာမြို့အဝင် လိုဏ်ခေါင်း

ထွက်ခဲ့တော့ လေယာဉ်ကွင်း နားနေဆောင်မှာ လေအေးပေးစက် မရှိ၊ ခရီးသည်တိုင်း ထိုင်နိုင်အောင် လုံလောက်တဲ့ ခုံတွေ မရှိတာမို့ အင်မတန် စိတ်ညစ်ဖို့ကောင်းတဲ့ လေယာဉ်ကွင်းမှာ လေယာဉ်စောင့်ခဲ့ရတာပါ။

လေယာဉ်ပေါ်ရောက်တော့ ကျွန်မဘေးမှာ စင်ကာပူမှာ ကျောင်းတက်နေတဲ့ တရုတ်နိုင်ငံက ကျောင်းသားနှစ်ယောက်နဲ့ ဆုံခဲ့ပါတယ်။ နွေရာသီ တက္ကသိုလ်ပိတ်တုန်း လာဆာကို လာလည်ကြတာတဲ့။ ခရီးသွားရင် မထင်မှတ်တာတွေ ဖြစ်လေ့ရှိတာကို ကြုံခဲ့ရပါတော့တယ်။ ကျွန်မတို့ လေယာဉ်ရဲ့ လေယာဉ်မှူးက လာဆာမှာ မိုးတွေ အလွန်ရွာနေလို့ လေယာဉ်ဆက်မသွားနိုင်တော့ဘဲ တရုတ်နိုင်ငံ ချန်ဒူ (Chendu) မြို့ကို လမ်းကြောင်းပြောင်း ပျံသန်းနေကြောင်း ကြေညာခဲ့တော့တာပါ။ ကျွန်မတော်တော် စိတ်ပျက်သွားခဲ့ပါရဲ့။ ကျွန်မတို့ လာဆာမြို့ကို တစ်ရက်ကြိုပြီး သွားခဲ့ရတာ။ ပင်လယ်ရေမျက်နှာပြင်ထက် ပေတစ်သောင်း တစ်ထောင့်ရှစ်ရာနီးပါးမြင့်တဲ့မြို့မှာ အောက်ဆီဂျင်နဲ့ သွားတာကို ခံနိုင်ရည်ရှိအောင် နေကျင့်ရအောင် ကြိုတင်လာခဲ့ရတာ။ ခုတော့ တရုတ်နိုင်ငံ ချန်ဒူမြို့ကို ရောက်ရပြန်ခဲ့တာလေ။ ခရီးတွေသွားတိုင်း ကိုယ်နဲ့သဘောနဲ့ မဖြစ်တာတွေက ကြုံရစမြဲဆိုတာ နှလုံးသွင်းခဲ့ပြီး ချန်ဒူမြို့လေဆိပ်ကို ရောက်ခဲ့ရပါရဲ့။ လေဆိပ်ရောက်ခဲ့ချိန်မှာ တရုတ်ကျောင်းသားက သူ့ရဲ့လာဆာမြို့လမ်းညွှန်ကို ဖုန်းအဆက်အသွယ်ရခဲ့ပြီး စကားပြောခဲ့တော့ လာဆာမြို့မှာ မိုးမရွာဘဲ ရာသီဥတု အင်မတန်မှ ကောင်းသတဲ့။

Air China လေကြောင်းက နားလည်ပါးလည် လုပ်ခဲ့တာပါ။ ခရီးသည်မပြည့်တဲ့လေယာဉ်နဲ့ ခက်ဆီအကုန်ခံပြီး လာဆာမြို့ကို မသွားတော့ဘဲ ချန်ဒူမြို့ကို ပြန်သွားခဲ့တာပါ။ နောက်တစ်ရက် ချန်ဒူမြို့ကနေ လာဆာမြို့ကို သွားတဲ့လေယာဉ်မှာ ချန်ဒူက ခရီးသည်တွေရော၊ ခတ္တမန္တူက ခရီးသည်တွေကိုရော အပြည့်တင်ပြီး သွားခဲ့တာပါ။ ကျွန်မတို့ကို ညတာကျွေးပြီး ချာတူးလံဟိုတယ်မှာ တစ်ည အိပ်ခေခဲ့ပါရဲ့ ခြင်လည်းကိုက်၊ ရေချိုးခန်းကလည်း ညစ်


ဂျိုကဲန်ဘုရားကျောင်း



www.burmeseclassic.com

www.burmeseclassic.com



နော်ဘူလင်းခါ နန်းတော်အဝမှာ





နန်းတော်တွင်းမှာ
တိဘက်သူနဲ့အတူ

ပတ်နဲ့ ဒုက္ခခံခဲ့ရတဲ့ ချန်ဒူ ညတစ်ညပေါ့။ မနက် ငါးနာရီ လေဆိပ်ဆင်းရတာမို့ မနက် လေးနာရီ အိပ်ရာကထခဲ့ရတာလေ။ ချန်ဒူလေဆိပ်ကတော့ အင်မတန်မှ ကြီးကျယ်ခမ်းနားလှတာပါ။ ကျွန်မတို့နဲ့အတူ ခတ္တာမန္တူက အတူတူအဖွဲ့ကျခဲ့တဲ့ ဂျာမန်အမျိုးသမီးနဲ့ ဘာလင်လေယာဉ်ကွင်းက ချန်ဒူလေယာဉ်ကွင်းနဲ့စာရင် ဆင်နဲ့ ဆိတ်လို ကွာခြားကြောင်း ပြောပြီး ရယ်ပွဲဖွဲ့ခဲ့ကြပါတယ်။

ချန်ဒူလေယာဉ်ကွင်းမှာ တိဘက်သွားတဲ့ လေယာဉ်ထွက်မယ့် ဂိတ်ဝအသွား စစ်ဆေးရေးကလည်း စစ်ဆေးမှု အဆင့်ဆင့်နဲ့ အတော်လေး ကြာခဲ့ပါတယ်။ တိဘက်ဗီဇာကို သီးသန့်စာရွက်မှာ ရိုက်နှိပ်ထားတာကို စစ်လိုက်၊ တံဆိပ်နှိပ်လိုက်လုပ်နေတာကို အခိုက ကတော့ ပြန်ယူဖို့မမေ့ဖို့ပါဘဲ။ လေယာဉ်ကလည်း ၇ နာရီခွဲ ထွက်မယ့်အစား ၈ နာရီ ၄၅ မိနစ်မှ ထွက်ခဲ့ပါတယ်။ ခရီးသွားချိန်မှာ စောင့်ဆိုင်းခြင်းကို အနုပညာတစ်ပါးလို့ပဲ တင်စားထားရတာလေ။ နေ့လယ် ဆယ့်တစ်နာရီခွဲမှ လာဆာမြို့ကို ရောက်ခဲ့ပါတော့တယ်။ ရှာလည်တယ်ဆိုတာ ဒါမျိုးထင်ပါရဲ့။ ရောက်ရမယ့်နေရာကို နာရီနှစ်ဆယ်လောက်နောက်ကျပြီးမှ ရောက်ခဲ့တာပါ။

လာဆာမြို့ကတော့ ဂီဖဲလ် (Gephel)တောင်ခြေမှာရှိပြီး တိဘက်ရဲ့ မြို့တော်ပါ။ ကျွန်မကို နှစ်ပေါင်းများစွာ ဆွဲဆောင်ထားခဲ့တဲ့မြို့တစ်မြို့ပါပဲ။ လာဆာမြို့ကို ကျွန်မအတွေးထဲမှာ ရှေးဟောင်း မြို့တော်ကြီးတစ်ခု၊ ရိုးရာအိမ်တွေနဲ့ ငြိမ်သက်နေတဲ့မြို့၊ ရာသီဥတုအေးလှပြီး ရိုးရာဝတ်စုံတွေနဲ့ လူတွေသွားလာနေတဲ့မြို့၊ အချိန်တွေကို နောက်ပြန်ဆွဲထားနိုင်တဲ့မြို့ပေါ့။ ဒလိုင်လားမားတွေ အစဉ်အလာအတိုင်း နေထိုင်ခဲ့တဲ့မြို့လည်း ဖြစ်ခဲ့ပါတယ်။ ၇ ရာစုမှာ တိဘက်ဘုရင် ဆွန်ဂဲန်ဂမ်ပို (Songtsen Gampo)က အာဏာစက်ကလည်း ကျယ်ပြန့်၊ အမြော်အမြင်ကလည်းရှိတာမို့ မင်းနေပြည်တော်ကို ယာလန်(Yarlung)က
နေ လာဆာကို ပြောင်းခဲ့ပါတယ်။ အ
အချိန်မှာ လူဦးရေ ငါးသိန်းနီးပါး(တိ
ဘက်မှာ ဒုတိယလူဦးရေအများဆုံး)ရဲ့
ပင်လယ်ရေမျက်နှာပြင် အထက် ၈၀၀
ပေနီးပါး အမြင့်မှာရှိတဲ့ မြို့ပါ။ ကမ္ဘာရဲ့
အမြင့်ဆုံးနေရာမှာရှိတဲ့ မြို့ပေါ့။ ဒါ
ကြောင့် ကမ္ဘာ့ခေါင်မိုးမြို့လို့ တင်စား
ခေါ်ကြတာလေ။ လာဆာရဲ့အဓိပ္ပာယ်က
တော့ "နတ်ဘုရားများနေရာ" လို့ အဓိပ္ပာယ်
ရသတဲ့။

၉ ရာစုမှာ မင်းဆက်ပြိုလဲခဲ့ပါ
တယ်။ ဗုဒ္ဓဘာသာနိုင်ငံဖြစ်ပေမဲ့ ဒ
ရာစုကတည်းက အစ္စလာမ်တွေလည်း
လာဆာမှာအခြေချခဲ့သတဲ့။ ဒလိုင်လား
မား(V)က တိဘက်ကို စည်းလုံးခဲ့ပြီ
သူ့ရဲ့အုပ်ချုပ်ရေးဌာနကို ၁၆၄၂ ခုနှစ်မှာ
လာဆာကို ပြောင်းလာခဲ့ပါတယ်။ ၁၇
ရာစုအဆုံးမှာ လာဆာက ဖွံ့ဖြိုးလာခဲ့
ခရစ်ယာန်ဘာသာ သာသနာပြုတွေ
လည်း အခြေချခဲ့တာပါ။ ၁၉ ရာစုမှာ

www.burmeseclassic.com

www.burmeseclassic.com



တိဘက်လက်ရာနဲ့
အိပ်ခန်း

တိဘက်နိုင်ငံရဲ့ လာဆာမြို့တော်ကြီးမှာ ဗုဒ္ဓဘာသာထွန်းကားပြီး လူမျိုးစုံနေထိုင်ကြွယ်ဝခဲ့တာလေ။ ၁၉၅၀ ခုနှစ်မှာ တရုတ်က ဝင်ရောက်သိမ်းပိုက်ခဲ့တာတဲ့။

လာဆာမြို့မှာ တစ်ချိန်က ဥယျာဉ်ကြီးနှစ်ဆယ့်နှစ်ခုနဲ့ ဝန်းရံထားခဲ့တာလေ။ အခုအချိန်မှာ သုံးခုသာ ကျန်ပါတော့တယ်။ ၁၉၈၇-၈၉ ခုနှစ်တွေမှာ ဘုန်းတော်ကြီးတွေ၊ သီလရှင်တွေက တရုတ်အစိုးရကို ဆန္ဒပြခဲ့တာလေ။ ၁၉၉၂ ခုနှစ်မှာတော့ အထူးစီးပွားရေးဇုန်နယ်မြေအဖြစ်သတ်မှတ်ခဲ့ချိန်မှာ တရုတ်နိုင်ငံက ဟန်(Han)လူမျိုးတွေ အများအပြားဝင်ရောက်ခဲ့တာမို့ အခုအခါ "စီရွမ်းပြည်နယ်လေး" လို့ သရော်ပြီး ခေါ်နေခဲ့ကြတဲ့အထိပါပဲ။

လာဆာမြို့ကို လေယာဉ်ဆိုက်တာနဲ့ လှဝင်မှုကြီးကြပ်ရေးက သေသေချာချာကိုစစ်ဆေးခဲ့တော့တာပါ။ ဘူတန်လိုပါပဲ။ ရောက်ရမယ့်နေ့နဲ့ ထွက်ခွာရမယ့်နေ့တွေ ဗီဇာထဲမှာ အသေအချာရိုက်နှိပ်ထားခဲ့ပါပြီ။ တရုတ်ဗီဇာ မရှိဘဲ တရုတ်နိုင်ငံ ဝင်ခဲ့တဲ့အတွက် လျှောက်ထွက်အောင် ရှင်းပြခဲ့ရပါရဲ့။ လေယာဉ်ကွင်းပတ်လည်မှာ ဟိမဝန္တာတောင်တွေက ဝန်းရံထားပါတယ်။ တောင်တန်းတွေက ၁၈၀၀၀ ပေအထိ မြင့်သတဲ့။ ကျွန်မတို့ကို လေယာဉ်ကွင်းမှာပဲ ဧည့်လမ်းညွှန်က လာရောက်ကြိုဆိုခဲ့ပါတယ်။ လေယာဉ်ကွင်းက ကားရပ်ရာနေရာကို ကျွန်မတို့လျှောက်လာခဲ့ချိန်မှာ ရာသီဥတုက အင်မတန်မှ ပူနွေးနေတာမို့ ကျွန်မ စိတ်ကူးထားတဲ့ အေးချမ်းလှတဲ့ လာဆာ မဟုတ်ခဲ့ပါဘူး။ ကျွန်မတို့ ခရီးစဉ်မှာ ဧည့်လမ်းညွှန်တစ်ဦးနဲ့ ကားမောင်းသမားတစ်ဦးက ခရီးစဉ် အစအဆုံး တာဝန်ယူသွားမှာဖြစ်သတဲ့။ တိဘက် ရိုးရာအရ ရောက်ရောက်ချင်း ပဝါအဖြူတွေကို လည်ပင်းမှာ ချည်ပေးကြပါတယ်။ ပင်လယ်ရေမျက်နှာပြင်နဲ့စာရင် လေထဲမှာ အောက်ဆီဂျင်က ၆၈ ရာခိုင်နှုန်းပဲ ရှိတာပါ။ ကျွန်မတို့အောက်ဆီဂျင်ဓာတ်နည်းတဲ့ ပတ်ဝန်းကျင်မှာ ကျင့်သားရအောင် နာရီနှစ်ဆယ်လောက် နားနားနေနေနေရမယ့် အစီအစဉ်ပျက်ခဲ့ပြီး ရောက်တဲ့နေ့မှာပဲ လာဆာမြို့ကို လှည့်လည်ခဲ့ရပါတော့တယ်။

ကျွန်မစိတ်ကူးထဲက လာဆာနဲ့ တကယ်မြင်ရတဲ့ လာဆာကတော့ ကွာမှကွာလို့သာ ရေးရတော့မှာပါ။ တရုတ်မြို့ကြီးတစ်မြို့ ဖြစ်နေပါပြီ။ ကျွန်မတို့ ဟိုတယ်သွားရာလမ်းမှာ တိဘက်ရိုးရာ ရပ်ကွက်လေးတစ်ခု တွေ့ခဲ့ရပါရဲ့။ တိုးရစ်တွေအတွက် မဖြိုဘဲ ချန်ခဲ့တာတဲ့။ ကျွန်မတို့ဟိုတယ်ကတော့ တိဘက်ရိုးရာပုံသဏ္ဌာန်နဲ့ အတွင်းရော အပြင်ပါ ပြင်ဆင်ထားတာမို့ ကျေနပ်ခဲ့ရပါတယ်။ လေယာဉ်တစ်စီးတည်း ခရီးနှင်ခဲ့ကြတဲ့ ဂျာမန်မိသားစုကလည်း ကျွန်မတို့နဲ့ ဟိုတယ်တစ်ခုတည်း တည်းခိုခဲ့ကြတာမို့ အဖွဲ့ကျခဲ့ပြန်တာပါ။ ဟိုတယ်မှာပဲ နေ့လယ်စာကို စားခဲ့ကြပြီး ခေတ္တနားခွင့်ရခဲ့ပါတယ်။

နေ့လယ် သုံးနာရီမှာ ဧည့်လမ်းညွှန်က လာဆာမြို့က ဘုရားနဲ့ နန်းတော်တွေ သွားကြည့်ဖို့ လာကြိုခဲ့တာပါ။ ကျွန်မတို့အရင်ဆုံး နော်ဘူလင်းခါ (Norbulingkha) နန်းတော်နေရာကို ထွက်ခဲ့ကြတာပါ။ ၁၇၅၅ ခုနှစ်မှာ ဒလိုင်းလားမား(VII)က ဥယျာဉ်နဲ့ ခေတ်မီနန်းတော်ကြီးကို တည်ဆောက်ခဲ့ပြီး နွေရာသီမှာ စံအိမ်အဖြစ် နေထိုင်ခဲ့တာပါ။ နော်ဘူလင်းခါဆိုတဲ့ အဓိပ္ပာယ်ကတော့ "ရတနာဥယျာဉ်" ဖြစ်ပါသတဲ့။ နော်ဘူလင်းခါနန်းတော်နဲ့ ဥယျာဉ်ကို ၂၀၀၁ ခုနှစ်မှာ ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် UNESCO က သတ်မှတ်ပေးခဲ့ပါတယ်။ အဲဒီနေ့က အပူချိန်အတော်လေးမြင့်တာမို့ ဥယျာဉ်ထဲလျှောက်ပြီး နန်းတော်ဝင်းထဲက တိဘက်ဗိသုကာ အဆောက်အဦတွေ လေ့လာရတာ ပူအားကြီးပါပဲ။ နေထိုင်ရာ အဆောက်အဦတွေ၊ ဘုရားကျောင်းတွေ၊ ရေကန်တွေ၊ ပန်းခြံတွေ အများကြီးပေါ့။ ဒီနေရာကို ၁၇၅၅ ခုနှစ်ကနေ ဒလိုင်းလားမား(အမှတ်



www.burmeseclassic.com

www.burmeseclassic.com



ဂျိုကန့် ဘုရားကျောင်းဆီမှာ





ဘာခေါ်ရင်ပြင်ရောက် [illegible]



ဂျိုကဲန့်ဘုရားကျောင်းက လှမ်းမြင်ရတဲ့ ပိုတာလာနန်းတော်

၁၄)အထိ အစဉ်အဆက်အတိုင်း နေခဲ့ကြပြီး ဒလိုင်လားမား(အမှတ် ၁၃ နဲ့ ၁၄)က တိဘက်ပုံစံနဲ့ အနောက်တိုင်းပုံစံတွေ ရောဖက်ပြီးအဆောက်အဦတွေ တည်ဆောက်ခဲ့ရုံမက ပရိဘောဂတွေရော၊ ရေချိုးရေစိမ်ကန်တွေရော ဒလိုင်လားမား (အမှတ် ၁၄)က ဥရောပစတိုင်နဲ့ ဖြည့်စွက်ခဲ့ပါတယ်။ တိရစ္ဆာန်ရုံငယ်ရော၊ ရုပ်ရှင်ရုံငယ်ရော ရှိတဲ့နေရာပါ။ ဒလိုင်လားမား (အမှတ် ၁၄)က ၁၉၅၉ ခုနှစ်မှ အိန္ဒိယကို ထွက်သွားခဲ့တာလေ။

ရ၉ ဧက ကျယ်တဲ့ ဒီနန်းတော် ဥယျာဉ်ကြီးကတော့ တိဘက်မှာ အကြီးဆုံးလူတွေ ဖန်တီးထားတဲ့ ဥယျာဉ်ကြီးပါပဲ။ ကျွန်မတို့ နေပူကြီးထဲမှာ လမ်းလျှောက်ခဲ့ရတာရော၊ အောက်ဆီဂျင်နည်းတာရောကြောင့် လူတွေမောလာခဲ့လို့ ဥယျာဉ်အတွင်း ကားနဲ့သွားရင် ရတာမို့ ကားငှားစီးသွားခဲ့ကြပြန်ပါရဲ့။ အခန်းပေါင်း ၃၇၄ ခန်းရှိတဲ့ နန်းတော်တစ်ခုလုံးရဲ့ အခန်းတိုင်းကိုတော့ ဝင်ကြည့်ဖို့ အချိန် ဘယ်ရပါ့မလဲ။ ကျွန်မတို့ တက်ကြည့်ခွင့်ရတဲ့ ဘုရားကျောင်းတွေ၊ ဝင်ကြည့်ခွင့်ရခဲ့တဲ့ နန်းတော်အခန်းတွေ ဝင်ကြည့်ခဲ့ပါတယ်။ အီတာလျံ ရောမမီးဆိုင်းတွေ၊ တိဘက်ကော်ဇောတွေ၊ အိန္ဒိယက ရုပ်တုတွေ၊ နံရံဆေးရေးပန်းချီတွေက ကြည့်စရာစုံလှသလို၊ ဒလိုင်လားမား(အမှတ် ၁၄)ရဲ့ တရားထိုင်တဲ့အခန်း၊ အိပ်ခန်း၊ စည်းဝေးခန်းနဲ့ ရေချိုးခန်းတွေကိုလည်း ကြည့်ခွင့်ရခဲ့ပေမဲ့ ဓာတ်ပုံရိုက်ခွင့် မရခဲ့ပါဘူး။

ကျွန်မတို့အံ့ဩတာကတော့ အမြင့်ပေ တစ်သောင်းနှစ်ထောင်နီးပါး အမြင့်မှာ ပန်းမျိုးစုံ၊ အသီးပင်မျိုးစုံနဲ့ ဆေးဖက်ဝင်အပင်တွေ၊ ဟင်းခတ်အမွှေး အကြိုင်အပင်တွေအပြင် ဝါးပင်တွေ စိမ်းနေအောင် ဖူးပွင့်သီးနေတာပါပဲ။ ကျွန်မအနှစ်သက်ဆုံး အဆောက်အဦတွေကတော့ ဒလိုင်လားမား (အမှတ် VII)ရဲ့ ကဲလ်ဆဲန်နန်းတော်(Kelsang)နဲ့ ရေကန်နန်းတော်တို့ပါပဲ။ ရေကန်နန်းတော်က ရေကန်ထဲမှာ နန်းတော်ငယ်သုံးခု ကျွန်းတစ်ခုစီမှာ ဆောက်ထားပြီး တံတားနဲ့ ကူးသွားနိုင်တာပါ။ စိတ်ဝင်စားဖို့ကောင်းတဲ့ နန်းတော်ကတော့ ဒလိုင်လားမား (အမှတ် XVI)ရဲ့ နှစ်ထပ်နန်းတော်ပေါ့။ "နန်းတော်သစ်" လို့ခေါ်ပြီး အခန်းများစွာ၊ ခန်းမများစွာနဲ့ နန်းတော်ဖြစ်ပြီး ၁၉၅၄–၅၆ နှစ်တွေမှာ ဆောက်ခဲ့တာမို့ ခေတ်မီပါတယ်။ ပထမထပ်မှာ ပန်းချီကားပေါင်း သုံးရာကျော်ရှိပြီး နန်းတော်ဝင်းထဲမှာ ဘုရားကျောင်း၊ ပန်းခြံ၊ ရေပန်းနဲ့ ရေကန်တွေနဲ့မို့ပါ။ ယဉ်ကျေးမှုတော်လှန်ရေးကာလမှာနော်။ ဘုရား... ခါ နန်းတော်ဝင်းကြီး အတော်ပျက်စီးခဲ့ပါတယ်။ ၂၀၀၃ မှာ တရုတ်အစိုးရက



www.burmeseclassic.com

www.burmeseclassic.com



နှစ်ထပ်နန်းတော်
(ဒုလိုင်လျားအား ၁၄ တည်မီ)

ရှင်းပုံစံဖြစ်အောင် ပြန်လည်ပြုပြင်ခဲ့တာ ခေါ်လာ ၈၊၁၄ သန်း ကုန်ကျခဲ့တယ်တဲ့။

ကျွန်မတို့ ဂျိုကဲန်ဘုရားကျောင်း (Jokhang)ဘက်ကို ဆက်သွားခဲ့ပါတယ်။ ဒီဘုရားကျောင်းကတော့ လာဆာမှာရော၊ တိဘက်မှာရော ကိုးကွယ်သူတွေ အများဆုံးလာရောက်တဲ့ ဘုရားကျောင်းလို့ပြောရမှာပါ။ ၆၄၂ ခုနှစ်မှာ တိဘက်ဘုရင် ဆွန်ဆဲန်ဂမ်ပိုက တည်ခဲ့တာလေ။ လာဆာမြို့ရဲ့ဘာခေါ်(Barkhor)ရင်ပြင်မှာ တည်ရှိပါတယ်။ ဘုရားကျောင်းရဲ့ ဗိသုကာပုံစံက အိန္ဒိယ၊ တရုတ် တဲန်(Tang)မင်းဆက်နဲ့ နီပေါဒီဇိုင်းတွေ ရောမွှေထားတာပါ။ ဒီဘုရားကျောင်းကို ဂမ်ပိုဘုရင်ကြီးရဲ့ မိဖုရားနှစ်ပါးဖြစ်တဲ့ တရုတ်(တဲန်မင်းဆက်)တော်ဝင်မင်းသမီးနဲ့ နီပေါတော်ဝင်မင်းသမီးတို့က သူတို့တိုင်းပြည်က ဗုဒ္ဓရုပ်ပွားတော်တွေ သယ်ယူခဲ့ပြီး ဘုရင်ကိုဗုဒ္ဓရုပ်ပွားတော်တွေအတွက် ဘုရားကျောင်းတည်နိုင်ခဲ့တာတဲ့ ။ ဒီဘုရားကျောင်းကလည်း UNESCO ရဲ့ ကမ္ဘာ့အမွေအနှစ်နေရာအဖြစ်သတ်မှတ်ထားပါတယ်။ The House of Mysteries လို့လည်းခေါ်တာပါ။

ကျွန်မတို့ ရောက်သွားတဲ့ အချိန်မှာ ဘုရားကျောင်းရှေ့မှာ လက်ထပ်မင်္ဂလာပွဲတစ်ခု နေပူကျဲကျဲအောက်မှာ ကျင်းပနေခဲ့တာကို နှုတ်ဆက်ရာ ကျီးမော့ခဲ့ပြန်ပါရဲ့။ ဘုရားကျောင်းထဲကို လူဦးရေသတ်မှတ်ပြီး ဝင်ခွင့်ပြုခဲ့တာမို့ ဝင်ဖို့အချိန်ကို စောင့်ခဲ့ရပြန်ပါရဲ့။ ဘုရားကျောင်းက လေးထပ်ရှိပြီးအမိုးကတော့ ကြေးရောင်ခေါင်မိုးနဲ့ပါ။ ကျွန်မရဲ့ ခရီးဖော် ကာယ်ရီကတော့ ဘုရားကျောင်းတွေရောက်တိုင်း လှေကားတွေပေါ်တက်ရတာ ညည်းညူနေခဲ့ပါတယ်။ အတွင်းဘက်က ဝက်ပါလိုဖြစ်ပြီးမှောင် နေတာရော၊ ဖယောင်းတိုင်တွေ၊ အမွှေးတိုင်တွေ၊ ထောပတ်တုအဆီတွေကို ဖယောင်းတိုင်လိုမီးထွန်းတာရောကြောင့် အငွေ့တွေနဲ့အနံ့တွေက ကျွန်မကိုမွန်းကျပ်စေပါရဲ့။ နှုတ်ဘုရားရုပ်တုတွေ၊ ဗောဓိသတ္တရုပ်တုတွေက လန့်စရာအတော်ကောင်းလှပါတယ်။ စတုရန်းမီတာ နှစ်သောင်းငါးထောင်ကျော်ရှိတာမို့ နည်းတဲ့အဆောက်အဦကြီးမဟုတ်ပါဘူး။

ကျွန်မက မဟာယာန ဗုဒ္ဓဘာသာနဲ့ အကျွမ်းဝင်သူ မဟုတ်တာမို့ ရုပ်ပွားတော် အများအပြားကို မသိခဲ့ပါဘူး။ ဧည့်လမ်းညွှန်ရဲ့ အင်္ဂလိပ်စကားပြောအသံကဲလွန်းတာမို့ တစ်ခါတစ်ခါ သူဘာပြောနေမှန်းကို မသိခဲ့ရသလောက်ပါပဲ။ ထူးခြားတာကတော့ ခတ်သတ္တုတွေနဲ့ လုပ်ထားတဲ့ ရုပ်တုပေါင်း ရှစ်ရာ၊ Thangkas ခေါ်တဲ့ လိပ်လို့ရတဲ့ ပန်းချီကားပေါင်း ထောင်ကျော်ရှိတာပါပဲ။ ဘူတန်မှာရော တိဘက်မှာပါ ဘုရားရုပ်တုတွေကို လိုက်ကာကြီးတွေနဲ့ ကာထားတာလေ။ လိုက်ကာကြီးတွေက ထောပတ်ဆီချေးတွေနဲ့ ညစ်ပတ်နေတာပါပဲ။ ၇-၉ ရာစုအတွင်းက ရုပ်တုတွေကို လည်းသိမ်းဆည်းထားတဲ့ ဘုရားကျောင်းကြီးပါ။ ကျွန်မတို့ဘုရားကျောင်း ခေါင်မိုးပေါ်ရောက်မှ အသက်ရှူလို့လည်းဝ၊ ရင်ပြင်ကြီးတစ်ခုလုံးကိုရော၊ မြို့အလှကိုရော ကောင်းကောင်း မြင်ရတဲ့အပြင် နာမည်ကျော် ပိုတာလာ(Potala)နန်းတော်ကြီးမြင်ကွင်းကိုလည်း အားရပါးရ ဓာတ်ပုံရိုက်ခွင့် ရခဲ့ပါရဲ့။

ဘာကော်ရင်ပြင်ကနေ ကျွန်မတို့ ဟိုတယ်ကို လမ်းလျှောက်ပြန်လာခဲ့ပြီး ညစာကို ဟိုတယ်ရဲ့ လသာဆောင်မှာ စားခဲ့ပါတယ်။ ပိုတာလာနန်းတော်ကို နေဝင်ချိန်မှာ လှမ်းမြင်ရလို့ အထူးကျေနပ်ခဲ့တာပါ။ မအိပ်ခင် အနှိပ်သည်ကို ကျွန်မတို့ အိပ်ခန်းထဲမှာ လာနှိပ်ပေးဖို့ ငှားခဲ့တာလေ။ လာဆာမြို့မှာ အိပ်စက်ခွင့်ရခဲ့ပါပြီ။

မှဒီတာတရားပွားများနိုင်ကြပါစေ

■

**မေထွာဒီ**



www.burmeseclassic.com

# အနုပညာ၊ နိုင်ငံသားအမှတ်လက္ခဏာနှင့် နိုင်ငံသားခံယူစိတ်

**မသီတာ၊ ခ**

သူ့ကို စတွေ့ရသည့်အချိန်က ၂၀၁၄၊ မတ်လလယ် တရုတ်(ထိုင်ဝမ်)၏ မြို့တော်တိုင်ပေမှာ ဖြစ်သည်။ သူ့ကို မိတ်ဆက်ပေးသည့်နေရာက စားသောက်ဆိုင်တစ်ဆိုင်၊ မိတ်ဆက်ပေးသူက တရုတ်(တိုင်ပေ)၏ ယဉ်ကျေးမှုဝန်ကြီး အမျိုးသမီး လုံရင်းထိုင် (Lung Ying-tai)။ ဧည့်သည်တော်အဖြစ် ဧည့်ခံကျွေးမွေးသည့် နေ့လယ်စာမှာ အခြားအရေးပါသောသူများကိုပါ မိတ်ဆက်ပေးမည်ဟုဆိုကာ မိတ်ဆက်ပေးရာ သူ့ကိုတော့ 'ရုပ်ရှင်ဒါရိုက်တာ မီဒီဇီ(Midi Z)ပါ။ သူက တိုင်ပေရဲ့ဂုဏ်ယူရတဲ့သူပေါ့။ ဒါပေမဲ့ သူက မြန်မာနိုင်ငံမှာ မွေးတဲ့သူ'တဲ့။ မီဒီကလည်း 'ကျွန်တော်က မြန်မာနိုင်ငံက လာတာပါ။ အစ်မကို တွေ့ရတာဝမ်းသာပါတယ်။ တိုင်ပေက မြန်မာတန်းကို သွားလည်ချင်ရင် ကျွန်တော်လိုက်ပို့မယ်'ဟု စ,ပြောတော့သည်။ စင်စစ် နိုင်ငံတကာမှာ တရုတ်တန်းရှိသကဲ့သို့ တရုတ်(တိုင်ပေ)မှာ မြန်မာတန်းက အထင်အရှား အခိုင်အမာရှိနေသဖြင့် မီဒီက စတွေ့တွေ့ချင်း မြန်မာတန်းကိုသွားစေချင်ကြောင်း ပြောသည်မှာ သူ မည်မျှမြန်မာဖြစ်နေသေးကြောင်း သက်သေပြနေသလိုပင်။

သို့နှင့် မီဒီနှင့် စတင်သိကျွမ်းဖြစ်ခဲ့ပြီးနောက်မှာ သူ့ကောင်းသတင်းများကို ကြားလာရသည်။ သူ့လက်ရာ **ရေခဲအဆိပ်**(Ice Poison) က ဘာလင်ရုပ်ရှင်ပွဲတော်အပါအဝင် နိုင်ငံတကာရုပ်ရှင်ပွဲတော်များမှာ ဆုများ ဆွတ်ခူးကြောင်း ကြားသိလိုက်ရသည်။ သူ့ကိုမိတ်ဆက်ပေးခဲ့သည့် ယဉ်ကျေးမှုဝန်ကြီးအမျိုးသမီးက သူ့ကို ဖက်လှဲတကင်းရှိရုံမက 'ငါတို့ရဲ့ ဂုဏ်ယူရတဲ့သား၊ ငါ့သား၊ ထိုင်ဝမ်ရဲ့သား'ဟုပင် တဖွဖွ ပြောနေခဲ့ပုံကို ပြန်လည်မြင်ယောင်မိသည်။ ထိုင်ဝမ့်သားတဲ့။ မီဒီကိုယ်တိုင်ကဖြင့် သူ့ကိုယ်သူ မြန်မာပါဟု ဆိုမြဲ။ ကိုယ့်လူကို သူ့ဘက်သားအဖြစ် ဂုဏ်ယူဝင့်ကြွားနေသည့် ထိုင်ဝမ်ယဉ်ကျေးမှုဝန်ကြီး၏ ဖွင့်ထားသောစိတ်ကို သဘောကျမိသည့်တိုင် ကိုယ့်လူကို ကိုယ်တိုင်အပါအဝင် အခြားအခြားသော ကိုယ့်လူများက သေချာမသိသေးဟု ခံစားလိုက်ရသည်။ ကမ္ဘာက အသိအမှတ်ပြုခံနေရပြီဖြစ်သော လူငယ်ဒါရိုက်တာလေး မီဒီဇီကို မြန်မာနိုင်ငံသား ထူးချွန်သူဟု မြန်မာနိုင်ငံသားများက ခံစားရပါပြီလား။






www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် မီဒီဇီနှင့်အဆက်အသွယ် မပြတ်ခဲ့ဘဲ သည်တစ်ခါ ရန်ကုန် ပြန်လာလျှင် တွေ့ရအောင်ဟု ဆိုဖြစ်သည်။ ခု မီဒီဇီ ရန်ကုန်ကို ရောက်လာခဲ့ပြီ။ သူနှင့်အတူ ထိုင်ဝမ်သရုပ်ဆောင် ဝူကရှီ (Wu Ke Xi)နှင့် ဇာတ်ညွှန်းတစ်ပုဒ် ပါလာခဲ့သည်။ မီဒီဇီက ခုချိန်ထိ သူ့ရုပ်ရှင်အားလုံးလိုလိုကို မြန်မာနိုင်ငံအကြောင်းနောက်ခံမှာသာ ဇာတ်အိမ်တည်ထားဆဲ။ သည်တစ်ခါ ဇာတ်လမ်းကလည်း **မန္တလေးသို့လမ်း(Road to Mandalay)**တဲ့။ စင်စစ် သူ့အကြောင်းကို သေသေချာချာ မမေးဖြစ်ခဲ့စဖူး။ ခုမှ မေးမြန်းရတော့မည်။ သူ့တင်မက သူ့မင်းသမီးကိုပါ မေးမြန်းဖြစ်ပြီပေါ့။

ထိုင်ဝမ်သူ သရုပ်ဆောင် ဝူကရှီ (Wu Ke-Xi)မှာ ဟာစ်ဟော့ပ်ရက်ပါတစ်ဦးဖြစ်သကဲ့သို့ စင်မြင့်ပြဇာတ်များအတွက် သရုပ်ဆောင်လည်း ဖြစ်သည်။ ၂၀၀၉-၁၀ လောက်မှာ မီဒီ၏ရုပ်ရှင်ကားတစ်ကား နမူနာတင်ဆက်မှုကို စင်မြင့်ဖျော်ဖြေပွဲအသွင်လုပ်ခဲ့ရာမှ ဝူကရှီကို မီဒီ၏ထုတ်လုပ်သူက စတင်သတိထားမိခဲ့သတဲ့။ 'ကျွန်တော်က သူ့ကိုတွေ့ပြီး ဇာတ်တစ်ပုဒ်ရိုက်မယ် စဉ်းစားခဲ့တယ်။ ၂၀၁၀ နှစ်ကုန်ကတည်းက မြန်မာနိုင်ငံတွင်းမှာ ရိုက်မယ်လို့ စဉ်းစားထားတဲ့ဇာတ်တစ်ခု ရှိခဲ့တယ်'ဟု မီဒီက ဆိုသည်။ 'အဲဒီအချိန်က အပြင်မှာ လူတွေအများစုက မြန်မာနိုင်ငံထဲမှာ အပြောင်းအလဲတွေ ဖြစ်လာတော့မယ်လို့ ပြောပြောနေကြတာလေ'ဟု ဝူကရှီက ဖြည့်စွက်ပြောလိုက်သည်။

ထိုဇာတ်လမ်းရုပ်ရှင်ကားကို **မြန်မာနိုင်ငံသို့အပြန်(Return to Burma)** ဟု အမည်ပေးထားကာ ထိုင်ဝမ်ရောက် မြန်မာနိုင်ငံသားတစ်ဦးက ဆောက်လုပ်ရေးအလုပ်သမားအဖြစ် ပင်ပင်ပန်းပန်း အလုပ်လုပ်နေရာမှ ရွေးကောက်ပွဲကာလတွင် အိမ်ပြန်ပြီး စုထားငွေဖြင့် တစ်ခုခုလုပ်ရန် စိတ်ကူးခဲ့သော်လည်း သူ့ငွေများကို



www.burmeseclassic.com

www.burmeseclassic.com

ခွေမျိုးသားချင်းတစ်ဦးက လိမ်သွားကာ အပြန်အလှန် လူသတ်မှုဖြစ်သည်ဆိုသော ဇာတ်ပင်။

'ဒါပေမဲ့ အဲဒီအချိန်မှာ နိုင်ငံခြားသားတွေကို ပြည်တွင်းမှာ ဝင်ပြီး အဲဒီလို ဇာတ်လမ်းမျိုး ရုပ်ရှင်ရိုက်ဖို့က လွယ်ဦးမှာ မဟုတ်ဘူးလို့ တွေးမိတယ်။ အဲဒီအချိန်မှာ မြန်မာနိုင်ငံအကြောင်း ဇာတ်လမ်းရုပ်ရှင်ဆိုတာက ဈေးကွက်သိပ်မရှိသေးဘူး။ ဒါကြောင့် အဲဒီဇာတ်အတွက် ဘတ်ဂျက်လည်း မရခဲ့ဘူး။ အရှေ့တောင်အာရှမှာ တည်တဲ့ဇာတ်လမ်းတွေအတွက် ဘတ်ဂျက်က ခက်တယ်လေ။ ဒီလိုနဲ့ပဲ ကျွန်တော်က မှတ်တမ်းရုပ်ရှင်သဘောမျိုး ဖြစ်သွားအောင် ဇာတ်တိုသွားအောင် ပြင်လိုက်ဖြစ်တယ်'ဟု မီဒီက ဆိုသည်။


မီဒီ၏ နောက်ဆုံးကျော် Ice Poison မှ ဇာတ်ဝင်ခန်းတစ်ခု

သို့ဖြင့် သူ၏ 'မြန်မာနိုင်ငံအပြန်'က ဇာတ်ကြောင်းပြောင်းသွားသည်ဆိုသည့်တိုင် မြန်မာနိုင်ငံအကြောင်း ဖြစ်နေသေးသည်။ ပြည်ပရောက် မြန်မာနိုင်ငံသားတစ်ဦးက ဆောက်လုပ်ရေးအလုပ်သမားအဖြစ် ပင်ပင်ပန်းပန်း အလုပ်လုပ်နေရာမှ ရွေးကောက်ပွဲကာလတွင် မျှော်လင့်ချက်များစွာဖြင့် အိမ်ပြန်ရန် စိတ်ကူးနေသော်လည်း ပြည်တွင်းရှိ သူ၏မိသားစုထဲမှ အခြားမောင်နှမများကလည်း မည်သည့်အပြောင်းအလဲကိုမျှ မျှော်လင့်နိုင်မည်မဟုတ်ဟု ယူဆကာ ပြည်ပသို့သာ ထွက်ခွာနိုင်ရန် ကြိုးပမ်းနေသည်ကို သိလိုက်ရသည့် ခံစားချက်အကြောင်း ရိုက်ကူးမည့်ရုပ်ရှင် ဖြစ်လာသည်။

မီဒီက နောက်ပိုင်းမှာ မြန်မာလို မပြောတော့ဘဲ အင်္ဂလိပ်လိုသာ ပြောတော့သည်။ ဘဝဖြတ်သန်းမှုအရ သူ့စိတ်ထဲမှ ပြောချင်သမျှကို ထုတ်ဖော်နိုင်ရန် အင်္ဂလိပ် သို့မဟုတ် တရုတ်ဘာသာစကားက ပိုအဆင်ပြေသည်ဟု သူက ပြောပြန်သည်။ 'အဲဒီကားက ဘာဇာတ်ညွှန်းမှ ဟုတ်တိပတ်တိ မရှိလိုက်ရဘူး။ ဆင်းရဲသားကားလို့ ပြောရမယ်။ ပိုက်ဆံလည်း မရှိတော့ ဖြစ်သလို ရိုက်ရတာပဲ။ စုစုပေါင်း လူသုံးယောက်နဲ့ရိုက်ထားခဲ့တာလေ။ ကျွန်တော်ရယ်၊ ထိုင်ဝမ်သား ရိုက်ကွင်းလှေ့လာရေးနဲ့ အသံဖမ်းပညာရှင်တစ်ယောက်ရယ်၊ ထုတ်ဝေသူရယ်ပေါ့။ ကျွန်တော်တို့မှာ ငွေကလည်း မရှိတော့ ထုတ်ဝေသူကပဲ အဲဒီဇာတ်မှာ သရုပ်ဆောင်လုပ်ပြီး ရိုက်လိုက်တယ်။ ပြည်တွင်းက သူငယ်ချင်းတွေကလည်း မှတ်တမ်းရုပ်ရှင်ငယ်လေးထဲက မင်းသားဆိုတာမျိုး သရုပ်ဆောင်ပေးဖို့ စိတ်မဝင်စားကြဘူးလေ'ဟု မီဒီက ဆိုသည်။

သို့ရာတွင် သည်မှတ်တမ်းရုပ်ရှင်က နိုင်ငံတကာရုပ်ရှင်ပွဲတော်များမှာ ပေါက်သွားသည်။ ရုပ်ရှင်ပွဲတော်ပေါင်း ၇၈ ခုက ထို **Return to Burma** ကို ပြသရန် ရွေးချယ်ခဲ့ကြပြီး ဆု ၂ ဆုရခဲ့သည်။

'မီဒီက ကျွန်မကို မြန်မာစကားသင်ချင်လားလို့ မေးပါတယ်။ သူ့ရုပ်ရှင်ကိုရိုက်ဖို့ ကျွန်မက မြန်မာလို ပြောတတ်ရမယ်လေ။ ဒါနဲ့ပဲ တစ်နှစ်လောက် နယ်စပ်က လူတွေပြောသလို မြန်မာစကားနဲ့ ရှမ်းစကား ပြောတတ်အောင် သင်ထားဖြစ်ခဲ့တယ်'ဟု ဝူကရိုက ဝင်ပြောသည်။ သြော် သဏ္ဌာန်လုပ် သရုပ်ဆောင်နိုင်ဖို့ စကားသင်ချိန်ကပဲ တစ်နှစ်အနည်းဆုံးပေါ့။ 'အဲဒီအချိန်က ပြည်တွင်းကို တစ်ခါမှ မရောက်ဖူးသေးဘူး။ Return to Burma ရုပ်ရှင်ရိုက်ပြီးတော့မှ မြန်မာနိုင်ငံတွင်းကို ပထမဆုံး ရောက်ဖူးတာ။ အဲဒီကျမှ သရုပ်ဆောင်ဖို့ သင်ယူဖြစ်တာ'ဟု ဖြည့်စွက်ပြန်သည်။

'တကယ်တော့ ရယ်စရာကောင်းပါတယ်။ ငွေမတတ်နိုင်တော့ သရုပ်ဆောင်ကို မြန်မာအစစ် မရခဲ့ဘဲ ရိုက်ခဲ့ရတာပါ။ ဒါပေမဲ့ ရုပ်ရှင်ပွဲတော်တွေမှာ အောင်မြင်ပြီး ကော်ပီရိုက်ကို ရောင်းချလိုက်နိုင်ပါတယ်။ အမေရိက ဥရောပနဲ့ တရုတ်တို့မှာပြတဲ့ VOD

www.burmeseclassic.com

www.burmeseclassic.com

(video on demand) ဘီစ္စီမှာ ပြသခွင့် ဆောင်းလိုက်နိုင်တယ်။ ပြောရရင် ငွေ အေးကြေးလေး ရလာခဲ့တယ်ပေါ့ဗျာ' ဟု မီဒီက ဇာတ်ကြောင်းပြန်နှဲ့သည်။

သို့ဖြင့် မီဒီတို့ စတူဒီယိုတစ်ခု တည်ထောင်လိုက်နိုင်သည်။ ကမ္ဘာ ဘစ်ဝန်းမှ ကွန်ရက်ကိုလည်း ချိတ်လာ နိုင်သည်။ 'အဲဒီမှာ ကျွန်တော် စ,တွေးမိ လာတာက ငါတို့ရုပ်ရှင်ရိုက်ဖို့ ငွေအများ ကြီးမလိုဘူးလို့ပေါ့။ ခုဆို အိုင်ဖုန်းနဲ့ လည်း ရုပ်ရှင်ကြီးတွေ ရိုက်လာကြ တယ်လေ။ လူတွေအများကြီး ပိုက်ဆံ အများကြီးနဲ့ ပစ္စည်းတွေအများကြီးနဲ့မှ ရုပ်ရှင်ရိုက်နိုင်တာ မဟုတ်ဘူးလို့ တွေး မိလာတော့ နောက်ထပ်ဇာတ်တစ်ခု စဉ်း စားတယ်။ ထိုင်း-မြန်မာနယ်စပ်က ဇာတ်လမ်းပေါ့'ဟု မီဒီက ရှင်းပြသည်။ သည်ဇာတ်က သူ၏ မန္တလေးသို့လမ်း ဖြစ်လာလိမ့်မည်။

သို့ရာတွင် မီဒီ့ကို စောဒကတက် စရာရှိလာသည်။ သည်မှာက ရုပ်ရှင်သမားတိုင်းလိုလိုက ကမ္ဘာ့အဆင့်မီမဖြစ်ရ သေးခြင်းမှာ ပစ္စည်းကိရိယာနှင့် ငွေများ မလုံလောက်သေးဟု။ မီဒီကတော့ သည် စကားနှင့် ဆန့်ကျင်ဘက် ဘာမှမရှိသေးဘဲ ရုပ်ရှင်ကားကောင်းဖြစ်နိုင်သလို ပြောနေပြီ။ ကဲ ရှင်းစမ်း၊ လင်းစမ်းဦးပေါ့။

'ကျွန်တော်တို့ ရုပ်ရှင်ရိုက်ဖို့ ဘာမှမလိုပါဘူး။ ဘာမှမရှိလည်း ရိုက်နိုင်ပါတယ်။ နောက်ဆုံး ဘရက်ပစ်တို့ တွမ်ခရုစ်တို့တောင်မှ လွှတ်လပ်တဲ့ရုပ်ရှင်ကားတစ်ကား အတွက် အခကြေးငွေမယူဘဲ ရိုက်ပေးတာတွေလည်း ရှိနေတာပဲ။ ဒီကလူတွေက ဟောလိဝုဒ်ရဲ့ပေါ်ပြူလာအက်ရှင်ကားတွေကိုပဲ ကြည့်တာများတော့ မသိတာ ဖြစ် မယ်ထင်တယ်။ ငွေကြေးနည်းနည်းနဲ့ ရိုက်တဲ့ရုပ်ရှင်မျိုးတွေကို သူတို့နာမည် ကြီးတွေကလည်း ရိုက်ကြပါတယ်။ ဘာလို့လဲဆိုရင် သရုပ်ဆောင်ဆိုတဲ့ သက်မွေးဝမ်းကျောင်းအတွက် တိုး တက်မှုလိုချင်တယ်လေ။ ဒီလိုအက်ရှင် ချည်းပဲ သရုပ်ဆောင် တတ်တယ်ဆိုတာ မျိုး မဖြစ်ချင်ကြဘူးလေ။ အခု နာမည် ကြီးလာတဲ့ ကောလင်းဘရားသား ဆို လည်း ၁၉၇၀-၈၀ လောက်မှာ ငွေ ကြေးနည်းနည်းနဲ့ ရိုက်တဲ့ရုပ်ရှင်တွေ ကို ရိုက်ခဲ့ဖူးပါတယ်။ အနုပညာဖန်တီး မှုအတွက် အတားအဆီးတွေရှိတာမှာ ငွေကြေးလည်း ပါခဲ့ဖူးပါတယ်။ ခုတော့ ဟောလိဝုဒ်မှာတောင် ပြောနေကြပါပြီ။ ရုပ်ရှင်ကားကောင်း တစ်ကားရိုက်ဖို့ အိုင်ဖုန်းတစ်လုံးနဲ့ ခေါင်းဦးနှောက်ပဲ လိုပါ တယ်လို့ပေါ့'ဟု မီဒီက ဖြေလိုက်သည်။


ထိုင်ဝမ်အခြေစိုက် မြန်မာဒါရိုက်တာ မီဒီဇီ


မြန်မာဇာတ်ကောင်အဖြစ် သရုပ်ဆောင်မည့် ထိုင်ဝမ်မင်းသမီး ဝူကရှီ

အင်း..မြန်မာနိုင်ငံသားလေးက ရုပ်ရှင်ရိုက်ရန် ငွေမလိုဘဲ ဦးနှောက်ပဲ လိုသည်ဟု ယုံကြည်သတဲ့။ သူ့နောက် ကြောင်းကို သိချင်လာသည်။ သူ ခုရော မြန်မာနိုင်ငံသားနိုင်ငံကူးလက်မှတ် ကိုင် ဆောင်သူလား၊ ထိုင်ဝမ်သားနိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူလား။ သူ့အနုပညာကို သူက ယုံသည်ဆိုတော့ သူ့ ဖြတ်သန်းမှုကို ပိုသိချင်လာသည်။ သူ့အမှတ်လက္ခဏာ ကိုလည်း သူက မြန်မာဟု ဆိုဆဲ။ ကဲ..ထပ်ရှင်းပါဦးပေါ့။

'ကျွန်တော့်ကို နိုင်ငံတကာက မြန်မာရုပ်ရှင်ဒါရိုက်တာလို့ပဲ သိပါတယ်။ ထိုင်ဝမ်မှာတော့ ထိုင်ဝမ်ရုပ်ရှင်ဒါရိုက်တာလို့ ခေါ်ကြတယ်။ ကျွန်တော့်ကို လားရှိုးမှာ မွေးပါတယ်။ အမေက တရုတ်နိုင်ငံနယ်စပ်မှာ မွေးတဲ့တရုတ်သွေးပါသူပါ။ အမေက မူဆယ်မှာ မွေးတဲ့ရှမ်းသွေးပါသူ ဖြစ်ပါတယ်။ သူတို့နယ်စပ်မှာ တွေ့ပြီး လက်ထပ်ပြီး ၁၉၅၂ လောက်မှာ လားရှိုးကို ရောက်လာခဲ့ပါတယ်။ ကျွန်တော်တို့အရမ်းကို ဆင်းရဲ ခဲ့ပါတယ်။ အမေက အလုပ်ကြမ်း လုပ်ခဲ့ရသူပါ။ ဒီတော့ ရွေးချယ်စရာလည်း များများစားစားမရှိခဲ့ဘူးလေ။ ရန်ကုန်ဆင်းလာဖို့က အမျိုးအဆွေ မရှိတော့ မလာ နိုင်ခဲ့ဘူး။ ကျွန်တော် အရွယ်ရောက်တော့ ဆယ်တန်းဖြေမယ့်နှစ်မှာပဲ ထိုင်ဝမ်အစိုးရက တရုတ်လို ပြောနိုင်ရေးနိုင်သူတွေကို စာမေးပွဲဖြေခိုင်းပြီး သူ့ဆီမှာ ကျောင်းဆက်



www.burmeseclassic.com

www.burmeseclassic.com

တက်နိုင်အောင် အလုပ်လုပ်နိုင်အောင် လုပ်ပေးတယ်လို့ သိရတော့ ကျွန်တော် ကြိုးစားမယ်ဆိုပြီး ဖြေဖြစ်တယ်။ သူငယ်ချင်းတွေလည်း ဝင်ဖြေကြတာပေါ့။ လူ ၅၀ လောက် ရှိမယ်။ အဲဒီအချိန်က ၁၉၉၇ ခုနှစ်ပေါ့။ ကျွန်တော့်အသက် ၁၆ နှစ်။ ကံကောင်း တော့ ကျွန်တော် အဲဒီစာမေးပွဲ အောင်တယ်။ ဒါပေမဲ့ ထိုင်းဝမ်သွားဖို့က ပတ်စ်ပို့လုပ်ရမယ်။ ပိုက်ဆံက မရှိဘူး။ ဒီတော့ သူများဆီမှာ ချေးရတယ်။ ဘန်ကောက်မှာ အလုပ်သွားလုပ်နေတဲ့ အစ်မက ငွေချေးပေးပြီး ၁၉၉၈ ဇူလိုင်မှာ ပတ်စ်ပို့နဲ့ လေယာဉ်လက်မှတ်ဖိုး တတ်နိုင်ပြီဆိုပြီး ထိုင်ဝမ်ကို ထွက်လာခဲ့တယ်။ ဆယ်တန်းလည်း မဖြေခဲ့ရဘူး။ ဒါပေမဲ့ သိတဲ့အတိုင်းပဲ အမျိုးတွေ အသိတွေထဲက စတက်ရတယ်။ တကယ်တော့ အလုပ်ပဲ လုပ်ချင်တာလေ။ ကျွန်တော့်လက်ထဲမှာ ဒေါ်လာ ၂၀၀ ပဲ ပါလာတာ။ ကျောင်းစရိတ်က ဒေါ်လာ ၂၀၀၀ ရှိတယ်။ ဒီတော့ ကျောင်းသားတွေအတွက် အလုပ်လုပ်ဖို့ ခွင့်မပြုတော့ တရားမဝင် အလုပ်လုပ်တယ်။ ဆောက်လုပ်ရေးအလုပ်ကြမ်းမျိုး လုပ်တာပေါ့




မီဒီစီ၏ ရုပ်ရှင်များအားလုံးကို
ပြည်တွင်း၌သာ ရိုက်ကူးခဲ့သည်

ပညာတတ်တွေအားလုံးလိုလို က သူ့ဝမ်းမှ သူ ကောင်းကောင်းမကျောင်းနိုင်ကြတာတွေ မြင်နေရတော့ ပညာရေးကိုလည်း သိပ်စိတ်မဝင်စားဘူး။ ထိုင်ဝမ်သွားချင်တာက အလုပ်လုပ်မယ်၊ ငွေရှာမယ်၊ ငွေတွေရရင် အိမ်ပြန်နိုပြီး အိမ်ပြင်ဆောက်ပေးမယ် ဒါပဲ တွေးတတ်ခဲ့တာ"တဲ့။ သည်မှာ စိတ်ဝင်စားစရာက စ,လာပြီ။ မီဒီ့ဘဝမှာ အနုပညာသည် အိပ်မက်မဟုတ်ခဲ့။ သူ့အိပ်မက်က မြန်မာနိုင်ငံတစ်နံတစ်လျားက သာမန်လူငယ်များအတိုင်း နိုင်ငံခြားသွား၊ ငွေရှာ၊ ပြန်လာ အိမ်ဆောက်။ ရိုးစင်းလွန်းလှချည့်။

"ထိုင်ဝမ်ရောက်တော့ သက်မွေးပညာသင်အထက်တန်းကျောင်း ဆိုတာကို ဖျာ။ ကျောင်းမဖွင့်ခင် ၂ လမှာ အလုပ်လုပ်တော့ ကျောင်းစရိတ်ရသွားတယ်။ အထက်တန်းကျောင်းပြီးတော့ ဆက်နေဖို့ ပါမစ်လိုချင်တော့ နောက်ထပ်မာဇတာ တက်မယ်လို့ လုပ်လိုက်တယ်။ အလုပ်လည်း တစ်ဖက်က လုပ်ရင်းပေါ့။ တက်တဲ့ဘာသာက Visual Design ပါ။ ကျောင်းမှာ ဇူးတတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသား ဖြစ်ပေမဲ့ ငွေလိုချင်တော့ ဘင်မရောကိုင်ပြီး ဓာတ်ပုံဆိုင်မှာ အလုပ်လုပ်တယ်။ ကျောင်းပြီးခါနီး နောက်ဆုံးနှစ်မှာပရောဂျက်တစ်ခုလုပ်ရတယ်။ ရုပ်ရှင်ကားတိုလေးလုပ်ရတာပေါ့။ ခေါင်းစဉ်က ထိုင်ဝမ်က ခိုးမွေးမြူရေးအကြောင်း ရိုက်ထားတဲ့ Paloma Balanca တဲ့။ အဲဒီကားတိုလေးကို ကျွန်တော့်ဆရာက ပို့လိုက်တော့ ဘာလင်ရုပ်ရှင်ပွဲတော်၊ ဖူဆန်ပွဲတော်တွေဆီ ရောက်သွားတယ်။ တကယ်တော့ ၂၀၀၅ လောက်မှာ မြန်မာနိုင်ငံ ပြန်ချင်စိတ်ဖြစ်လွန်းတော့ ပြန်တော့မယ်ပဲတွေးတယ်။ ငွေလည်း နည်းနည်းစုမိနေပြီလေ။ ကံကောင်းချင်တော့ အဲဒီရုပ်ရှင်လေးက ဆုရသွားတယ်။ အဲဒီမှာ ထိုင်ဝမ်ကြော်ငြာအေဂျင်စီက တွေ့ပြီး သူတို့ဆီမှာ အလုပ်လုပ်ဖို့ ဖိတ်လာတယ်။ အဲဒီလိုနဲ့ ထိုင်ဝမ်ကနေ အလုပ်လုပ်ခွင့်ပါမစ် ရသွားတယ်။ အဲဒီမှာ အလုပ်ကတော့ မျိုးစုံလုပ်ရတယ်။ ပင်ပန်းပေမဲ့ ပိုက်ဆံတွေ အများကြီးရလိုက်တယ်။ လားရှိုးက အမေ့ဆီ ပိုက်ဆံတွေ ပြန်ပို့တာပေါ့။ အိမ်အသစ်ဆောက်လိုက်နိုင်တယ်။ သီတဲ့အတိုင်း မြန်မာအလုပ်သမားတွေရဲ့ဘဝပန်းတိုင်က ရွာမှာ အိမ်ဆောက်နိုင်ဖို့လေ။ ဒါဆို ကျွန်တော့်ဘဝပန်းတိုင်က ပြီးနေပြီလေ'ဟု မီဒီက ဆိုသည်။

'ဒါဖြင့် နောက်ပိုင်း ဆက်လုပ်ဖြစ်တာက...'

'အစ်မရေယ် ကျွန်တော့်မှာ နောက်ထပ်ပန်းတိုင်တွေ ရှိသေးတယ်လို့ တွေးတာပေါ့။ ထိုင်ဝမ်မှာလည်း ဆက်နေချင်နေတယ်။ ဒီမှာက အလုပ်မလုပ်တော့ရင် ကျောင်းတက်နေမှ ပါမစ်ကရမှာကိုး။ ကျွန်တော်က ခုထိ မြန်မာနိုင်ငံကူးလက်မှတ် ကိုင်ထားတဲ့သူလေ။ ဒီတော့ မာစတာ ဆက်တက်ဖို့ ဖြစ်လာတယ်။ Information Design ကို တက်ဖြစ်သွားတယ်။ ဒီကြားမှာ ကျွန်တော့်ပါမောက္ခက နယူးယောက်မှာ ဖလင်ကျောင်းသွားတက်ဖို့ တိုက်တွန်းသေးတယ်။ ကျောင်းကို လျှောက်လွှာတင်တော့ လက်ခံတယ်။ ကျောင်းတက်ခွင့်ရပေမဲ့ ကျောင်းစရိတ်က မတတ်နိုင်တော့ဘူး။ ငွေအားလုံးက ရွာမှာ အိမ်အသစ်ဖြစ်သွားပြီလေ။ ဒီတော့ အမေရိကကို မသွားနိုင်တော့ဘဲ ထိုင်ဝမ်မှာပဲ ကျောင်းဆက်တက်ဖြစ်တာ'





ရုပ်ရှင်ကားသစ်အတွက် ပြည်တွင်းသို့ လေ့လာရေးခရီး ရောက်ခဲ့သည့် မင်းသမီးနှင့် ဒါရိုက်တာ

မည်သို့ပင်ဖြစ်စေ မီဒီ၏ နောက်ပိုင်း ရုပ်ရှင်လက်ရာအားလုံးမှာ မြန်မာနိုင်ငံအကြောင်းသာ ဖြစ်နေပြန်သည်။ သူက 'အိမ်နဲ့ခွဲခွာနေရပြီး အဝေးရောက်နေသူတွေအားလုံးဟာ မွေးရပ်မြေ ဇာတိမြစ်ရှိရာကိုပဲ တစ်ချိန်လုံး ရွဲလမ်းနေတတ်တယ်။ အိမ်ပြန်နေချင်တယ်'ဟု ပြည့်ပမီဒီယာတစ်ခုမှာ ပြောခဲ့ဖူးသူ။ သူ့အိမ်အပြန်ကရော။ ထိုင်ဝမ်မှာ ကျောင်းတစ်ဖက် အလုပ်တစ်ဖက်နှင့် ပင်ပန်းစွာ ရုန်းကန်အပြီး ၁၀ နှစ်အကြာ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီမှာ သူ ပထမဆုံးအကြိမ် အိမ်ပြန်ဖြစ်သတဲ့။ သည်တစ်ခါ ထိုင်ဝမ်ကို မည်သည့်ပါမစ်ဖြင့် ပြန်လာမည်နည်း။ မေးစရာ ရှိပြန်ပြီ။

'ကျွန်တော့်မှာ ထိုင်ဝမ်မှာ အမြဲနေထိုင်ခွင့်လက်မှတ်ရှိတယ်လေ။ ထိုင်ဝမ်သမ္မတက ပေးတာပါ။ ကျွန်တော်က ထိုင်ဝမ်ရဲ့ဂုဏ်ထူးဆောင်နိုင်ငံသားပေါ့။ ဘာလို့လဲဆိုတော့ ကျွန်တော့်ရုပ်ရှင်အားလုံးဟာ မြန်မာနိုင်ငံအကြောင်းချည်းပဲဆိုပေမဲ့ ထိုင်ဝမ်ကို အခြေပြုပြီး ထုတ်လုပ်ထားတဲ့ ထိုင်ဝမ်ရဲ့ထုတ်ကုန်သဘောဖြစ်ပြီး မြန်မာနိုင်ငံအပြန်ရုပ်ရှင်က ဆုတွေရတာကိုး။ မြန်မာနိုင်ငံနဲ့ထိုင်ဝမ်က တရားဝင်သံတမန်



www.burmeseclassic.com

ဆက်ဆံရေးလည်း မရှိတော့ အဲဒီနည်းနဲ့ နှစ်နိုင်ငံချစ်ကြည်ရေးကို ပြချင်တာ'တဲ့။

ဝူကရှီကလည်း ဖြည့်စွက်လာသည်။ 'အနုပညာဆိုတာ သံတမန်ဆက်ဆံရေးလိုပဲ နှစ်နိုင်ငံအကြားက ချစ်ကြည်ရေးကို ဖွင့်နိုင်တယ်လေ'ဟု ဆိုလိုက်သည်။ အနုပညာ၊ ချစ်ကြည် ရေးသံတမန်။ နိုင်ငံသားအမှတ်လက္ခဏာနှင့် နိုင်ငံသားခံယူချက်။

'ကျွန်တော်က Ice Poison ကို သိပ်အားရတယ်။ မြန်မာနိုင်ငံထဲက မူးယစ်ဆေးဝါးပြဿနာအကြောင်း ရိုက်ထားတာ။ ပြီးတော့ အရမ်းကို အောင်မြင်ခဲ့တယ်'

'ဟုတ်တယ်။ အဲဒီရုပ်ရှင်ဟာ ထိုင်ဝမ်ကို ကိုယ်စားပြုတယ်လေ။ ထိုင်ဝမ်မှာ ဒီကိစ္စ စကားအများကြီးပြောကြတယ်။ မီဒီယာတွေကလည်း ရေးကြသားကြတယ်။ ရုပ်ရှင်က တစ်ကားလုံး မြန်မာနိုင်ငံအကြောင်းပဲဖြစ်ပြီး ဘာဖြစ်လို့ ထိုင်ဝမ်ကို ကိုယ်စားပြုတယ်လို့ သတ်မှတ်တာလဲဆိုပြီး ပြောကြတာပေါ့။ ထိုင်ဝမ်က ဒီမိုကရေစီကို တန်ဖိုးထားတယ်။ ထိုင်ဝမ်မှာ တိုင်းရင်းသားလူမျိုးစုတွေ အများကြီးရှိကြတယ်။ မြန်မာနိုင်ငံကနေ ပြောင်းလာတဲ့သူတွေလည်း နေကြတယ်။ လူနည်းစုတွေဖြစ်ပေမဲ့ သူတို့ကို ထိုင်ဝမ်က အလေးထားတယ်လေ။ ဒီရုပ်ရှင်က ထိုင်ဝမ်ကို ကိုယ်စားပြုပြီး ရုပ်ရှင်ပွဲတော်တွေဆီ ရောက်သွားတာ။ ထိုင်ဝမ်အနေနဲ့ ရုပ်ရှင်ပွဲတော်တွေမှာ ဆုရဖူးတာ ဒီတစ်ကားက ပထမဆုံးပဲ။ ဒါကြောင့်ပါ'



ထိုင်ဝမ်မီဒီယာများက ထိုင်ဝမ်ဒါရိုက်တာအဖြစ် မီဒီကို ပုံဖော်ကြသည်ဟု ဝူကရှီက ပြောပြီး မီဒီက သူ့ကိုယ်သူ မြန်မာဒါရိုက်တာအဖြစ်သာ မိတ်ဆက်လေ့ရှိသည်

မီဒီနှင့်ဝူကရှီက အပြန်အလှန် ငြင်းနေကြသည်။ ဝူကရှီက ရေခဲအဆိပ် ကို ထိုင်ဝမ်ကိုယ်စားပြုဟု ပြောတိုင်း မီဒီက နောက်ကနေ အသံကျယ်ကျယ်ဖြင့် တစ်ကားလုံး မြန်မာနိုင်ငံထဲမှာ ရိုက်ခဲ့ခြင်းဖြစ်သည်ဟု အဆက်မပြတ် လိုက်ပြောနေသည်။ မြန်မာနိုင်ငံသားက မြန်မာနိုင်ငံကိုယ်စားပြုရုပ်ရှင်ဖြစ်ချင်ခြင်းမှာ မဆန်း။ ထိုင်ဝမ်သူကလည်း သူ့နိုင်ငံကိုယ်စားပြုဟု ပြောလိုခြင်းမှာ မဆန်း။ သို့သော် မြန်မာနိုင်ငံသား၏မြန်မာနိုင်ငံအကြောင်းရုပ်ရှင်မှာ မြန်မာနိုင်ငံသူအဖြစ် ထိုင်ဝမ်သူက သရုပ်ဆောင်ရန် လက်ခံခြင်းကတော့ ဆန်းသလိုရှိသည်။

ဝူကရှီဘက် မျက်နှာမူလိုက်မိပြီ။ သူမကလည်း ထိုင်ဝမ်သူအမှတ်လက္ခဏာကို ကျော်လွှားကာ မြန်မာမလေးအဖြစ် နယ်စပ်မှာ ၃-၄ လ သောက်သွားနေပြီး ဘာသာစကားတွေကို သင်ဦးမည်။ ခုလည်း မြန်မာနိုင်ငံထဲ အကြိမ်ကြိမ်လာကာ မြန်မာစကားကို ကျွမ်းသလို ယဉ်ကျေးမှုကို လေ့လာနေသည်။ ရုပ်ရှင်ကားတစ်ကားအတွက် သူမ ပေးဆပ်နေသောအရာနှင့်ပြန်ရမည့်အရာ။ ထိုင်ဝမ်ဟစ်ဟော့ပ်သမားတစ်ဦး၏ သရုပ်ဆောင်ဘဝအတွက် ရင်းနှီးမြှုပ်နှံမှုများနှင့် အိပ်မက်။ နားဆင်ချင်စရာ

မဟုတ်ဘူးလား။

'ကျွန်မက ဟစ်ဟော့ပ် က,တယ်၊ ရုပ်ရှင် ရိုက်တယ်။ ဒါပေမဲ့ ကျောင်းမှာတုန်းက ယူခဲ့တာက Turkish ပါ။ တူရကီဘာသာစကားပေါ့။ ကျွန်မက လေးနက်တဲ့ လှုပ်ရှားမှုတွေကို စိတ်ဝင်စားတယ်။ အဓိပ္ပာယ်ရှိတဲ့ ပရောဂျက်မျိုးမှာ ပါဝင်ချင်တယ်။ အဝတ်အစား အလှအပလေးဝတ်ရုံ၊ ရုပ်လေးပြရုံမျိုးတော့ မလုပ်ချင်ဘူး။ ဒါကြောင့် တစ်လျှောက်လုံးမှာ အဓိပ္ပာယ်ရှိတဲ့သရုပ်ဆောင်မှုမျိုး လုပ်ခွင့်ကို ရှာနေခဲ့ပါတယ်။ မီဒီကို သိခွင့်ရခဲ့ပြီး မြန်မာနိုင်ငံကိုလည်း မြင်တွေ့သိခွင့်ရခဲ့ပြီးမှာ စိတ်တွေ အလွန်လှုပ်ရှားဖြစ်ခဲ့ပါတယ်။ ဘယ်လိုရှင်းကန်ခဲ့ရတယ်။ အပြောင်းအလဲတွေက ဘယ်လိုပြင်ဆင်နေတယ် ဒါတွေ သိရ



www.burmeseclassic.com

www.burmeseclassic.com

တာ သိပ်တန်ဖိုးရှိပါတယ်။ အခုတစ်ခေါက် လာတာဆို ၇ ကြိမ်မြောက် ရှိပြီထင်ပါတယ်။ ရန်ကုန်နဲ့မန္တလေး တင်မကဘူး၊ လားရှိုးမှာပါ အပြောင်းအလဲတော်တော်များများ ရှိလာနေပါတယ်။ ဒီလိုကြီးမားတဲ့အပြောင်းအလဲကာလအတွက် အနုပညာလက်ရာတစ်ခုမှာ ပါဝင်သရုပ်ဆောင်ခွင့်ရတာကို ဂုဏ်ယူ



နေတာပါ'တဲ့။ ခြောက် လေးနက်ပြီး အဓိပ္ပာယ်ရှိသည့်သရုပ်ဆောင်မှုမျိုးလုပ်ခွင့်ရဖို့ ရှာနေသူက မြန်မာဇာတ်လမ်းမှာ သရုပ်ဆောင်ရမှာမို့ ဂုဏ်ယူသတဲ့လား။

'သရုပ်ဆောင်တစ်ယောက်အတွက် ကျွန်မ သရုပ်ဆောင်ရမယ့်ဇာတ်ရုပ်က ထိုင်းနယ်စပ်ရောက် မြန်မာရွှေ့ပြောင်းအလုပ်သမတစ်ယောက်လေ။ တကယ့်ကို စိန်ခေါ်မှုတွေ ပြည့်နေတဲ့ ဇာတ်ရုပ်ပါ။ ကျွန်မအတွက် ဘာသာစကားက အစ အနေအထိုင်၊ ပတ်ဝန်းကျင်ပါ ပြောင်းသွားမှာဆိုတော့ တကယ်ကိုစိတ်လှုပ်ရှားရင်ခုန်မိပါတယ်။ ဒီဇာတ်ရုပ်ကို ဘာလို့လက်ခံခဲ့လဲဆိုရင် မီဒီတို့ ရိုက်တဲ့ရုပ်ရှင်ကို ကြည့်တဲ့အခါ ကျွန်မ အရမ်းလန့်သွားတယ်။ ထိုင်ဝမ်မှာ ကျွန်မ ဆင်းရဲမွဲတေမှုဆိုတာကို မသိခဲ့ဖူးပါဘူး။ ဒီအသက်အရွယ်အထိ အေးအေးချမ်းချမ်း ကြီးပြင်းခဲ့ရတော့ တကယ့်ဆင်းရဲမွဲတေမှုဆိုတာ တကယ်မသိခဲ့ပါဘူး။ ထိုင်ဝမ်က လူငယ်တစ်ယောက်က ကျွန်တော် ဆင်းရဲတယ်ဆိုရင်တောင် သူက နောက်ဆုံးပေါ် အိုင်ဖုန်းကိုမကိုင်နိုင်လို့ ပြောတာမျိုးပါ။ ကျွန်မတို့ကိုယ်တိုင် သတင်းအမှောင်ချခံခဲ့ရတာမို့ ကိုယ့်အကြောင်းတောင် ကိုယ် သေချာ မသိခဲ့ဖူးတာလည်း ဝန်ခံပါတယ်။ ထိုင်ဝမ်ရဲ့ အတိတ်ဖြစ်ရပ်တချို့ဟာ မြန်မာနဲ့ ဆင်နေတာလည်း သတိထားမိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အရာရာဟာ ဆက်စပ်နေတာပါပဲ။ ဒီကားမှာ သရုပ်ဆောင်မယ်ဆိုတာ ကျွန်မကိုယ်ကျွန်မသိအောင်လုပ်တာလည်းဖြစ်သလို ကမ္ဘာကြီးအကြောင်း သိအောင်လုပ်တာလည်းဖြစ်တာပဲလေ။ ရှင်တို့က ကလောင်ကိုင်ပြီး တာဝန်ကျေသလို ကျွန်မကလည်း ကျွန်မရဲ့ခန္ဓာကိုယ်ကို အသုံးပြုပြီး တာဝန်ကျေမှာပေါ့။ ကျွန်မတတ်တဲ့ အကတို့ အဆိုတို့အားလုံးပေါင်းရင် ရုပ်ရှင်သရုပ်ဆောင်မှုနဲ့ နီးစပ်သွားပြီလေ။ ဒီရုပ်ရှင်က ဇာတ်လမ်းတွဲတွေလိုမဟုတ်ဘဲ တကယ့်ဘဝတကယ့်အခြေအနေဆီ ခေါ်ဆောင်ပေးသွားဦးမှာလေ'တဲ့။

ဒါရိုက်တာနှင့် သရုပ်ဆောင်တို့အကြားမှာ အပြန်အလှန် ကံကောင်းခြင်းကို ခံစားလိုက်ရသည်။ သည်နှယ်သရုပ်ဆောင်မျိုးမို့ သည်နှယ်ဇာတ်မျိုးသည်နှယ်ရုပ်ရှင်မျိုးမှာ သရုပ်ဆောင်ခြင်း၊ သည်နှယ် ဒါရိုက်တာမျိုးမို့ သည်နှယ်သရုပ်ဆောင်မျိုးကို သည်နှယ်ရုပ်ရှင်မျိုးမှာ သရုပ်ဆောင်စေခြင်း။

'မီဒီ မြန်မာနာမည်က ဘာလဲ'

'ဗေဒင်ဆရာ ပေးထားတဲ့နာမည်က သိပ်ခက်တယ်။ သိန်းမင်းလွင်တဲ့။ ဟားဟား'တရုတ်စကားနှင့် အင်္ဂလိပ်စကားကိုသာ ကျွမ်းကျင်စွာ ပြောတတ်တော့သော မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသည့် မီဒီက ရယ်မောပျော်ရွှင်စွာ ဖြေလိုက်သည်။ ထိုင်ဝမ် အခြေစိုက် မြန်မာရုပ်ရှင်ဒါရိုက်တာဟု သူ့ကိုယ်သူ ခံယူထားပြီး ထိုင်ဝမ်မီဒီယာများက မြန်မာနိုင်ငံက လာသော ထိုင်ဝမ်ဒါရိုက်တာဟု ပုံဖော်ခံရသော မီဒီဇီ။ သူကား ချစ်ကြည်ရေးသံတမန် အနုပညာသမား။

■

**မသီတာ၊စမ်းချောင်း**

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဝန်ခံပါတယ်ကိုကို
သူများ ကိုကို့ကို တစ်ရက်မှ မေ့မရခဲ့ဘူး
ခြေထောက်က ဒဏ်ရာပျောက်လို့
သင်တန်း ပြန်တက်ဖြစ်တယ်
ကိုကိုနဲ့ ဆုံဖူးခဲ့တဲ့ နေရာရောက်တိုင်း
တွေ့မလားဆိုတဲ့အသိနဲ့
သတိထားရှာမိတယ်။ မတွေ့ဘူး ကိုကို



မျက်ဝန်းကို
မှေးမှိတ်လိုက်စဉ်
ညနေခင်းမှ
ပုံရိပ်တို့က
စိတ်အစဉ်တွင်
ရုပ်ရှင်
အနေးပြကွက်
တစ်ခုလို
ပြန်ပေါ်လာကြသည်။
ကြင်နာမှုနွေးထွေးသည့်
ကိုကို့မျက်ဝန်းလေးများကို
မြင်ယောင်မိစဉ်
နှုတ်ခမ်းအစုံက
ယောင်ယောင်လေး
ပြုံးမိသွားသည်။
ဘေးမှာရှိနေသည့်
ဖက်လုံးပြာပြာလေးကို
ခပ်တင်းတင်း
ဖက်ကာ ခွလိုက်စဉ်
ညာဒူးဆီမှ
ခပ်စူးစူး
နာကျင်မှုကြောင့်
မျက်နှာထက်မှ
အပြုံးက တစ်ပိုင်းတစ်စနှင့်
ရုပ်တန့်သွားသည်။
နှုတ်ဖျားမှ စကားသံ
တချို့ပင် ယောင်၍

www.burmeseclassic.com

www.burmeseclassic.com

ထွက် သွားသည်။

'မုန်းလိုက်တာ...'

'ဟုတ်တယ်ကိုကို။ သူများ အဲဒီဘီးကို သိပ်မုန်းတာပဲ။ ခုလည်း သူ့ကြောင့် သူများဒူးမှာ ဒဏ်ရာရတာ။ စက်ဘီးတာယာကြီးကလည်း အတုတ်ကြီး၊ ပြီး ဘုထိုးဘုထစ်နဲ့။ ရှေ့ဘီးနဲ့ နောက်ဘီးကို ဆက်ထားတဲ့ သံပိုက်လုံး ကွေးကွေးကြီးနဲ့ အနီမှိုင်းအမြင့် ညိုလို့ရတဲ့ စပရင်ဖောက်ကြီးကလည်း ရုပ်ဆိုးလိုက်တာ ကိုကိုရယ် တာတေကိုလံလို့။ ပါဝါရိန်းဂျားကားထဲက မိစ္ဆာကြီးအတိုင်းပဲ။ သူများတို့မြို့က အတက်အဆင်းများတဲ့ တောင်ပေါ်မြို့လေးဆိုတော့ စက်ဘီးက ဂီယာချိန်းရတာလည်း ခဏခဏနဲ့ အလုပ်သိပ်ရှုပ်တာပဲ။ စီးနေတုန်းတာ မသိသာတာ၊ မ,ရွှေ့ရရင် အလေးကြီးပဲ။ အီစလန်ကို ဝေရော။ သင်တန်းပြီးလို့ အိမ်ပြန်မယ်လုပ်ရင် သူများဘီးနားမှာ စည်းမရှိ ကမ်းမရှိ ရပ်ထားတဲ့ဘီးတွေ တွေ့လိုက်ရရင် သေချင်စော်တောင်နံလာတယ် ထင်ရတယ်။ သူများဘီးဖယ်ရ ကိုယ့်ဘီးကို မ,ရွှေ့ရနဲ့ လက်တွေကို ကျိန်းစပ်လို့၊ ငိုချင်စိတ်တောင် ပေါက်တယ်။ ငယ်တုန်းကလို ငိုချလိုက်လို့ မရဘူးဆိုတာတော့ သိတာပေါ့ ကိုကိုရဲ့။ ခုနေ သူများငိုချရင် ကူညီပေးမှာထက် ဝိုင်းစ,ကြမှာ သေချာတယ်။ မှတ်မိဦးမလား မသိဘူးကိုကို။ ငယ်တုန်းက သင်ခဲ့ရတဲ့ စာထဲမှာလေ။ 'လဲနေသူထူပေးပါ၊ အားငယ်သူ အားပေးပါ' ဆိုတဲ့ စာကို သူများ

> လူတစ်ယောက်
> အတွက်
> ပျော်စရာနေ့က
> တစ်ရက်တည်း
> မဟုတ်ဘူး
> ဆိုတာ
> သူများ
> လက်ခံသွားပြီ
> ကိုကို
> ဘာလို့လဲ
> ဆိုတော့
> ဒီနေ့ ကိုကို့ကို
> ဒုတိယအကြိမ်
> အဖြစ်
> ထပ်တွေ့
> လိုက်ရလို့ပေါ့

တော့ မှတ်မိသေးတယ်။ လူတွေကလည်း ခက်ပါတယ်။ သူများဖြင့် နားကို မလည်နိုင်တော့ဘူး။

ဖေဖေကလည်း ခက်ပါတယ်။ သူများအပေါ်ကို ဖေဖေက နားမလည်ဘူး။ သူများကလည်း ဖေဖေ့ကို နားမလည်နိုင်တော့ဘူး။ စက်ဘီးဝယ်ပေးတာကိုလည်း ကြည့်လေ။ သူများလိုချင်တာ ကိုရီးယားဘီးလေးတွေ၊ ပေါ့ပေါ့ပါးပါးနဲ့ ပုံစံလေးကချစ်စရာလေး။ ဖေဖေဝယ်ပေးတဲ့ဘီးလို ပုံဆိုးပန်းဆိုးကြီး မဟုတ်ဘူး။ ဖေဖေ့ဘီးကြီးက တက်လိုက်ရင်လည်း ကိုးရိုးကားရား၊ စီးလိုက်တော့လည်း ကုန်းကုန်းကွကွနဲ့ တကယ်ပဲ မပြောလိုက်ချင်ဘူး။ ဣန္ဒြေကို မရဘူး။ မမကိုကျတော့ မြန်မာဆန်ဆန် ဣန္ဒြေရရနေနိုင်းပြီး သူများကျမှ ဟင်း။ ယောကျ်ားလေးလိုချင်ရင် ဟိုးတုန်းကတည်းက နောက်တစ်ယောက် ထပ်မွေးပါလား။ အဝတ်အစားကိုလည်း မမကျတော့ ဖက်ရှင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး၊ သူများကျတော့ တစ်ခါလာလည်း ဂျင်းပဲန်နဲ့တီရှပ်။ ဂျင်းသား ကြမ်းကြမ်းကြီးတွေကို မုန်းလှပြီ။ ဖေဖေဝတ်သလို စတိုင်ပဲန် ဘောင်းဘီသားမျိုးကျ ဝယ်လည်းမပေးဘူး။ ချုပ်လည်း မပေးဘူး။ ဒီလောက်တောင်ရှိတာ နောက်တစ်ခါဆို တက်တူးကို ထိုးပစ်လိုက်ဦးမယ်။ ရုပ်ရှင်မင်းသမီးတချို့တောင် တက်တူးထိုးနေကြတာ။

နာမည်ပေးတာတောင် မမနာမည်ကျ သီတာကျော်တဲ့။ ဖေဖေ့နာမည် နောက်ကပါပေမဲ့ လှတယ်၊ မိန်းမဆန်တယ်။ သူများနာမည်ကျ ကဗျာမဆန်ဘူး ပေးထားပုံကိုက ဟင်း။ လမင်းကျော်တဲ့။ ဘယ်လောက်ဆိုးလိုက်သလဲ။ မှတ်ပုံတင်ထဲက နာမည် ဘယ်လိုပဲရှိရှိ သူများနာမည်ကို စန္ဒာကျော်လို့ ပြောင်းထားလိုက်တယ်။ ခင်တဲ့ သူငယ်ချင်းတွေ အားလုံးက စန္ဒာလို့ပဲ ခေါ်တယ်။ သူများနာမည် စန္ဒာဆိုတာ ကိုကို့ကို မပြောလိုက်ရဘူးနော်။ မြင်းမိုရ်ဆိုတဲ့ ကိုကို့နာမည်ကို သူများဘာကြောင့် သိသွားရပါလိမ့်။ တစ်ယောက်နဲ့တစ်ယောက် မိတ်မဆက်ဖြစ်ခဲ့ကြဘဲနဲ့လေ။ ဪ သိပြီ၊ ကိုကို့သူငယ်ချင်း ကိုဝတုတ်ကြောင့် ဖြစ်မယ်ထင်တယ်။"

'မြင်းမိုရ် ငါတို့ လမ်းထိပ် လက်ဖက်ရည်ဆိုင်က စောင့်မယ်'

ကိုကိုက စကားထဲတွင် နှစ်ခါ၊ သုံးခါ ကိုဝတုတ် နာမည်ထည့် ပြောခဲ့သေးသည်။ သူများမမှတ်မိတော့၊ ဝင်းတင်ဆိုလား၊ ဝင်းလွင်ဆိုလားပဲ။ ညနေခင်းတုန်းကတော့ သူများ ကိုကို့သူငယ်ချင်းဆိုသူကို မုန်းခဲ့သည်။ သူ့ကြောင့်ပင် သူများစက်ဘီးလဲခဲ့ရခြင်းဖြစ်သည်။ သူသာ ကိုကို့ကို လမ်းမထက်သို့ တွန်းတိုက်မပစ်လိုက်ဘူးဆိုလျှင် သူများစက်ဘီးလဲကာ ဒူးဒဏ်ရာရခဲ့မည် မဟုတ်ချေ။

ခပ်မြင့်မြင့် ကုန်းတက်တစ်ခုမို့ သူများစက်ဘီးကို အရှိန်နှင့် အားစိုက်နင်းနေမိသည်က ညနေခင်းသင်တန်းတစ်ခုမှ အပြန်တွင်ဖြစ်သည်။ ရှေ့မှ လမ်းဘေးလျှောက်နေသည့် လူသုံးယောက်ထဲမှ တစ်ယောက်က တစ်ဖက်တစ်ယောက်၏ ပယောဂဖြင့် စက်ဘီးရှေ့သို့ ယိုင်ထွက်လာသောအခါ တိုက်မိမှာစိုးစိတ်ဖြင့် ဘရိတ်ကို စုံအုပ်လိုက်မိသည်။ စက်ဘီးက တုံ့ခနဲ ရပ်သွားသည်။ နောက် ဖုန်းခနဲ လဲကာ ကုန်းဆင်းဘက်သို့ အနည်းငယ် လျှောသွားသေးသည်။ သူများအနားသို့ ပထမဆုံး ရောက်လာသူမှာ ကိုကိုဖြစ်ကြောင်း အသိစိတ်

www.burmeseclassic.com

www.burmeseclassic.com

ချိန်တွင် သိလိုက်ရသည်။ ကျောက်သားရောသည့် မြေနီ ထက်တွင် လဲနေသည့် များအပေါ်မှာ ပိနေသည့် ဘီးကို ဖယ်ရှားပေးသူမှာ ကိုဖြစ်သည်။ ရှက်စိတ်၊ ကြောင့်ဝမ်းနည်းစိတ်များဖြင့် ခေါင်းငုံ့ကာ အံကြိတ်ထား ကိုက်မိသည်။ အရှယ်ရောက် သည့်မှုစ၍ အိပ်ခန်းမှလွဲပြီး သည့်နေရာတွင်မျှ မျက် ည်ကျမိစေရန် ခ်ဋ္ဌာန်မှုက နေရာတွင် အဆင်ပြေသွား သည်။ လုံးဝ မျက်ရည်မကျ ရ။

စိုးရိမ်စိတ်ဖြင့် တတွတ် တွတ်မေးနေသည့် အသံရှင် ကို မော်ကြည့်မိသည့် ...။ ပထမ ခန္ဓာကိုယ်မှ ကျင်မှုတို့ကို မေ့သွား သည်။ နောက် ဝန်းကျင်ကို လျော့သွားသည်။ ထို့ နောက် သူမျှားကိုယ်သူမျှား လျော့သွားသည်။

'ချောလိုက်တာ၊ အို ကိုရယ် ချောလိုက်တာ။ ယောက်ျားလေးတစ်ယောက် က ဒီလောက်ထိချောဖို့ လိုအပ်ဘူးလေ။ ကိုကိုရဲ့ အသံချိုချိုကို တစ်ဆိတ် လောက် မာပစ်လိုက်ပါ။ ကျေးဇူးပြု၍ မျက်ဝန်းထဲက အကြင်နာတွေကို တစ်ဝက် လောက် လျှော့ချပေးပါ ကိုကို။ ကျေးဇူးပြု၍ပေါ့'

သတိထားမိချိန်တွင် သုံးစုံသော မျက်လုံးများ အောက်တွင် ခေါင်းကိုငုံ့ကာ ပြန်းစုတ်သွားသည့် ဒူးမှဒဏ် ရာကို အုပ်ကိုင်ထားလိုက် သည်။ 'ရော့ ရော့'ဆိုသည့် ပ်အစ်အစ်အသံနှင့်အတူ ကိုဝတုတ်က ညစ်ထပ်ထပ်

ဒီနေ့
သူမျှား
ဒိုင်ယာရီလေး
ဝမ်းနည်းနေတယ်
ဆိုတာ
သိရဲ့လားကိုကို
ကိုကို
သိပ်ရက်စက်တာပဲ
အို
ကိုကိုက
ရက်စက်တာမှ
မဟုတ်တာ
ကံကြမ္မာက
ရက်စက်တာပဲ
ဉစ္စာ

ပဝါကို လှမ်းပေးလိုက်သည်။ သူမျှား မယူချင်ပါဘူး ကိုကို။ ခိုက်မိသည့်ဒဏ်ရာထက် ပဝါ ညစ်ကြီးဆီက ရောဂါပိုးတွေ ကူးကုန်ရင်အခက်။ သူမျှား သဘောထားကို ရိပ်မိသွား သည့်ကိုကိုက ဂျင်းကျောပိုး အိတ်ဘေးရှိ အိတ်လေးထဲမှ ပိုးလက်ကိုင်ပဝါဖြူလေးကို ထုတ်ပေးသည်။ တစ်ဆက် တည်း ပြောလိုက်သေးသည်။ တစ်ခါမှ မသုံးရသေးတဲ့ ပဝါ လေးပါဗျာတဲ့။ ဘယ်လောက် ချစ်ဖို့ကောင်းလဲ။

အဲဒီနောက်မှာတော့ သူငယ်ချင်းနှစ်ယောက်ကို လမ်းထိပ်လက်ဖက်ရည်ဆိုင် တွင်ချိန်း၍ ကိုကိုက သူမျှား ဘီးကိုနင်းကာ အိမ်လိုက်ပို့ခဲ့ သည်။ သက်သောင့်သက် သာ ထိုင်လိုက်ရခြင်း မဟုတ် သော်လည်း ကိုကို့ရင်ခွင် အတွင်း ရောက်နေသလိုဖြစ် ၍ သူမျှား သိပ်မုန်းသည့်ဘီး ကို အကောင်းမြင်စိတ်ဝင်ကာ လက်ကိုင်တန်းလေးကို စည်း ချက်နှင့်အညီ ပုတ်ခဲ့မိသေး သည်။

ခုချိန်ဆို ကိုကို ဘာလုပ် နေမှာပါလိမ့်။ သူမျှားကတော့ ခိုက်မိထားသည့် ဒဏ်ရာ အားလုံး အရက်ပြန်နှင့်ဆေး၍ ဆေးထည့်ပြီးသွားပြီ။ ကိုကို ပေးခဲ့သည့် ပိုးပဝါလေးကို ယွန်းဘူးထဲတွင် သေချာ ထည့်သိမ်းပြီးသွားပြီ ဖြစ် သည်။ ပြန်ပေးဖို့ စိတ်ကူးမရှိ တော့။ ပြန်ပေးရအောင်လည်း ရုပ်ရှင်ရိုက်နေတာမှ မဟုတ် တာ။ ရုပ်ရှင်ထဲမှာဆိုရင်တော့ ကိုကိုနှင့်သူမျှား တစ်ချိန်ချိန် တွင် ပန်းခြံထဲ ပတ်ပြေးရဦး မှာ သေချာသည်။

ဒိုင်ယာရီစာအုပ်ကို အသာလှန်လိုက်သည်။ ရိုး ရှင်းသော စကားလုံးတချို့ကို ချရေးလိုက်သည်။

'ဒီနေ့ ကိုကိုနှင့် ဆုံ စည်းခဲ့သောနေ့ဖြစ်သည်။ သူမျှားဘဝထဲသို့ ကိုကိုဝင် ရောက်လာသောနေ့ဖြစ်သည်။ သူမျှားမုန်းတီးသော အရာ များကို ချစ်စိတ်ဝင်ခဲ့မိသော နေ့လည်းဖြစ်သည်'

အတွေးနှင့်အတူ နံရံ တွင်မှီထားသည့် စက်ဘီး လေးကို မြင်ယောင်မိလိုက် သည်။ ခုတင်ဘေးရှိ စားပွဲ တင်မီးလေးကို ပိတ်လိုက် သည်။ မျက်ဝန်းတွေကို မှေးမှိတ်လိုက်စဉ် နှုတ်ဖျားမှ စကားသံက တိုးတိုးလေး ထွက်သွားသည်။ တကယ့်ကို တိုးတိုးလေးဖြစ်သည်။

'ဂွတ်ဒ်နိုက် ကိုကို'

❑

'ဝန်ခံပါတယ်ကိုကို။ သူမျှား ကိုကို့ကို တစ်ရက်မှ မေ့မရခဲ့ဘူး။ ခြေထောက်က ဒဏ်ရာပျောက်လို့ သင်တန်း ပြန်တက်ဖြစ်တယ်။ ကိုကိုနဲ့ ဆုံဖူးခဲ့တဲ့ နေရာရောက်တိုင်း တွေ့မလားဆိုတဲ့အသိနဲ့ သတိ ထား ရှာမိတယ်။ မတွေ့ဘူး ကိုကို။ ယောက်ျားလေးအုပ်စု တွေ့တိုင်း ကိုကိုများ ရှိနေ မလားဆိုတဲ့ အတွေးနဲ့ ခပ် လှမ်းလှမ်းက ကြည့်မိတတ် တယ်။ တချို့ကောင်ကလေး တွေက ပါးစပ်သရမ်းတယ်။ တချို့ကျတော့လည်း မျက်လုံး က မိုက်ရိုင်းတယ်ကိုကိုရယ်။ ကိုကိုကတော့ အဲဒီအမျိုး အစားထဲမှာ မပါဘူးဆိုတာ သူမျှား သိပါတယ်။

တစ်ခါတစ်ခါတော့ ကိုကိုထိုင်ဖူးတဲ့ လက်ဖက် ရည်ဆိုင်ကို သွားထိုင်ရမလား ဆိုပြီး ခပ်ရူးရူး စဉ်းစားမိဖူး တယ်။ ကိုကိုနဲ့များ တွေ့လို တွေ့ငြားပေါ့။ မဖြစ်ပါဘူး ကိုကို။ သူမျှားက သိပ်ရှက်တတ် တယ် ကိုကိုရဲ့။ စွပ်ကျယ် ချိုင်းပြတ်၊ ချိုင်းမွေးထူလပြစ် နဲ့ အဖျော်ဆရာကြီးကိုလည်း ရွံတယ်။ လက်မည်းမည်း ကြီးနဲ့ ဂျုံမှုန့်တွေနယ်နေတဲ့ နှုတ်ခမ်းမွေးတသသနဲ့ မုန့် ဆရာကြီးကိုလည်း ရွံတယ်။ ကွမ်းသွေးတဖွီးဖွီးနဲ့ တစ်ခါ တစ်ခါ သလိပ်ဟပ်တတ်တဲ့ လူအချို့သောက်ထားတဲ့

www.burmeseclassic.com

လက်ဖက်ရည်ခွက်နဲ့ သောက်ရမှာကိုလည်း ရွံတယ်ကိုကို။ လက်ဖက်ရည်ဆိုင် ထိုင်ဖြစ်ရင်လည်း အချိုရည်ဘူးတို့ အအေးပုလင်းတို့ပဲ မှာဖြစ်တယ်။ အဲဒါတွေက ပိုက်တပ်ပြီး သောက်ရုံပဲ မဟုတ်လား။

လူတစ်ယောက်အတွက် ပျော်စရာနေ့က တစ်ရက်တည်း မဟုတ်ဘူးဆိုတာ သူများ လက်ခံသွားပြီကိုကို။ ဘာလို့လဲဆိုတော့ ဒီနေ့ ကိုကို့ကို ဒုတိယအကြိမ်အဖြစ် ထပ်တွေ့လိုက်ရလို့ပေါ့။ ဝမ်းသာလိုက်တာ ကိုကိုရယ်။ ကျေးဇူးလည်း တင်မိပါရဲ့။ သူများက အတွေးလွန်နေမိတာ။ ကိုကိုက လှမ်းခေါ် လိုက်လို့သာပေါ့'

ဒီတစ်ခါတော့ ကိုကို့ သူငယ်ချင်းနှစ်ယောက်ကလည်း သူများအပေါ်မှာ ရင်းရင်းနှီးနှီးပဲ။ ကိုကိုတို့နှင့်အတူ လမ်းထိပ်လက်ဖက်ရည်ဆိုင်မှာ ထိုင်ဖြစ်ခဲ့သည်။

'ဘာသောက်မလဲ…'

သူများ ကိုကို့မျက်နှာကြည့်ပြီး ခေါင်းယမ်းပြမိသည်။ နောက်တော့ ကိုကိုသောက်သလို မှာပေးသည့် ပေါ့ဆိမ့်တစ်ခွက်ကို သောက်ရင်း အဖျော်ဆရာနှင့် မုန့်ဆရာတို့၏ ပုံရိပ်များကို မေ့လျော့သွားသည်။ အိုအိရှိ (အရသာ ရှိလိုက်တာ)ဟု ထအော်ချင်လောက်အောင်ပင် ကိုကိုမှာပေးသည့် လက်ဖက်ရည်က ကောင်းလွန်းလှသည်။ ကိုကိုက သူ့ဘဝအကြောင်းအရာတချို့ကို ပြောပြရင်း သူများ အကြောင်းကိုလည်း ပြောပြလာချင်အောင် မေးတတ်သည်။ တက်ထား

> လူတစ်ယောက်
> အတွက်
> ဝမ်းနည်းစရာ
> ဆိုတာ
> တစ်ရက်တည်းနှင့်
> ကုန်ဆုံး
> မသွားဘူး
> ဆိုတာကိုတော့
> ဒီနေ့မှပဲ
> သိလိုက်
> ရတော့တယ်
> ကိုကို

သည့်သင်တန်းတွေကို ဘယ်နေရာတွေမှာ အသုံးချမလဲ ဆိုသော မေးခွန်းမျိုးဖြင့် အလုပ်မလုပ်သေးဘူးလားဆိုသည့် အဓိပ္ပာယ်သက်ရောက်သော မေးခွန်းမျိုးကိုလည်း မေးတတ်သေးသည်။

ကိုကို့ဖေဖေက သမားတော်ကြီးတစ်ဦးဖြစ်ကြောင်းနှင့် ဒီမြို့ကို ပြောင်းလာသည်မှာလည်း မကြာသေးကြောင်း သိလိုက်ရသည်။ ကိုကို့မေမေ၏ ဆောက်လုပ်ရေးကုမ္ပဏီကြီးတွင် ဝန်ထမ်းနေရာအတွက် ပြောပေးနိုင်ကြောင်းကို ဂုဏ်ယူဝင့်ကြွားဟန်မပေါ်စေရဘဲ သူများကို သိစေခဲ့သည်။

'ကျေးဇူးပါကိုကို။ သူများ ကိုကို့ဆီက ဘာအခွင့်အရေးမှ မလိုချင်ပါဘူး။ သူငယ်ချင်းထက်ပိုတဲ့ ရင်းနှီးခင်မင်ခွင့်လေးပါ။ ကိုကို့ဆီက မေတ္တာကိုလည်း…။ ဟင့်အင်း နိမ့်ပါးတဲ့ သူများအခြေအနေနဲ့ သူများဘဝကို နားလည်ပါတယ်။ သူများကပဲ ချစ်နေချင်တာပါ ကိုကိုရယ်။ စကားမစပ် ကိုကို့မျက်လုံးလေးတွေက သိပ်ရိုးသားတာပဲနော်။ သူများအသက်ဆယ့်ခြောက်နှစ်ကျော်ကတည်းက ကိုးဆယ်ရာခိုင်နှုန်းသော ယောကျ်ားတွေရဲ့ ရွံစရာကောင်းတဲ့ မျက်လုံးတွေကိုပဲ တွေ့ဖူးခဲ့တယ်။ ကျန်တဲ့ ရိုးသားကြည်စင်တဲ့ ဆယ်ရာခိုင်နှုန်းသော ယောကျ်ားလေးတွေထဲမှာ ကိုကိုပါတယ် သိလား။

ခုနောက်ပိုင်းဆို သူများရဲ့ဒိုင်ယာရီက ကိုကို့အကြောင်းပဲ ဖြစ်နေတာကို ကိုကိုသိပါရဲ့လား။ ကိုကိုအဖွဲ့နဲ့ လက်ဖက်ရည်ဆိုင် မကြာခဏ ထိုင်ဖြစ်တာ၊ ရုပ်ရှင်ဇာတ်ကားသစ်တင်တိုင်း ကြည့်ဖြစ်တာ၊ ကြည့်ဖြစ်တဲ့ ဇာတ်ကားတိုင်းက ကိုကို့အကြိုက် အက်ရှင်ဇာတ်ကားချည်း ဖြစ်နေတတ်တာ။ ကိုကိုတို့ တက်နေတဲ့ ကရာတေးသင်တန်းကိုလည်း ကိုကိုတို့နဲ့အတူတူ နေ့တိုင်းရောက်ဖြစ်တယ်။ မိန်းကလေးတွေလည်း သင်နေကြတာပဲဆိုတဲ့ ကိုကို့စည်းရုံးမှုနဲ့အတူ သူများ သင်တန်းတက်ရန် စိတ်ဝင်စားမိသေးတယ်။ လေ့ကျင့်ရင်း သွားကျိုးကာ သွေးထွက်သံယိုဖြစ်သွားတဲ့ သင်တန်းသူနှစ်ဦးကိုကြည့်ပြီး သင်တန်းတက်ရန်ကိစ္စကို အကန့်အသတ်မရှိ နောက်ဆုတ်လိုက်တယ်။'

သူများ မနှစ်သက်သည့်အပြုအမူတွေ ကိုကို့ဆီမှာ မရှိခဲ့သော်လည်း ကိုကို့ကြောင့် သူများ စိတ်ဆင်းရဲဝမ်းနည်းခဲ့ရသည်။ ထိုအကြောင်းအရာကို ကိုကိုက လျှို့ဝှက်မထားသော်လည်း ထိမ်ချန်ထားခဲ့ခြင်းဖြစ်သည်။ ကိုကို့မှာ စေ့စပ်ထားသည့် ကောင်မလေး ရှိသည်။ ထိုကောင်မလေးသည် ကိုကို့ချစ်သူဖြစ်သည်။ သူများပြောချင်တာက မိဘသဘောတူထားသူမဟုတ်။ နှစ်ယောက်စလုံး အပြန်အလှန် ချစ်ကြသည့် ချစ်သူတွေဆိုတာကိုဖြစ်သည်။ သူများဒဏ်ရာကို စည်းဖို့ပေးလိုက်သည့် ပိုးပဝါလေးသည်ပင် ကိုကို့ကောင်မလေးက ပေးထားသည့် ပဝါလေးဖြစ်သည်။

ရှက်စိတ်၊ ဝမ်းနည်းအားငယ်စိတ်နှင့် အပေါ်ထပ်ရှိ သူများအခန်း ပြတင်းပေါက်မှ ပိုးပဝါလေးကို လွှတ်ချပစ်လိုက်သည်။ လွင့်လွင့်ဝဲဝဲ ပဝါလေးနှင့်အတူ သူများနှလုံးသားပါ လိုက်ကျသွားသလို ခံစားလိုက်ရတယ်ကိုကို။ မြက်ခင်းစိမ်းပေါ် ကျသွားသည့် ပဝါဖြူလေးမှာလည်း အပြစ်မရှိပါဘူး။ ပဝါဖြူလေးပိုင်ရှင် ကိုကို့မှာလည်း အပြစ်မရှိဘူး။ ကိုကို့ကို ပဝါဖြူလေး ပေးခဲ့သည့် ကိုကို့ချစ်သူမှာ



www.burmeseclassic.com

www.burmeseclassic.com

…ည်း အပြစ်မှမရှိတာ။ …ပြစ်မရှိဘဲ မြက်ခင်းစိမ်း …ပေါ် ပစ်ချခံထားရသည့် ပိုး …ပါဖြူလေးကို သနားစိတ် …ဖြင့် အပေါ်ထပ်မှ ပြေးဆင်း …ကောက်ယူခဲ့လိုက်သည်။ …ို့နောက် သူများအဏ်ရာကို …သည်းနောင်ဖူးသည့် ပဝါလေး …နှင့် မျက်ရည် မသုတ်ရက် …သဖြင့် စားပွဲပေါ်မှ တစ်သျှူး …နှင့်သုတ်ကာ ပဝါဖြူလေးကို …တော့ ယွန်းဘူးထဲ ထည့်သိမ်း …လိုက်သည်။

'ဒီနေ့ သူများဒိုင်ယာရီ …လေး ဖမ်းနည်းနေတယ်ဆိုတာ သိရဲ့လားကိုကို။ ကိုကို သိပ် ရက်စက်တာပဲ။ အို ကိုကိုက ရက်စက်တာမှ မဟုတ်တာ။ …ကံကြမ္မာက ရက်စက်တာပဲ …ဥစ္စာ။ ကိုကိုရက်စက်တယ်ဆို …သော စာကြောင်းကို ခြစ်ပစ် …လိုက်သည်။ နောက် ဒိုင်ယာ …ရီလေးကို ပိတ်လိုက်ပြီး မျက် …ခွံနဲ့တွေကို မှိတ်လိုက်သည်။ …တိုးတိုးလေး ဆုတောင်းလိုက် သည်။ တကယ့်ကို တိုးတိုး …လေး။'

'ဝွတ်ဒ်လပ်ခ် ကိုကို'

❏

လူတစ်ယောက် အတွက် ဖမ်းနည်းစရာဆိုတာ …တစ်ရက်တည်းနှင့် ကုန်ဆုံး …မသွားဘူးဆိုတာကိုတော့ …ဒီနေ့မှပဲ သိလိုက်ရတော့တယ် …ကိုကို။ ကိုကိုနှင့် သူငယ်ချင်း …နှစ်ယောက် အပြင်းအထန် …ဆွေးနွေးနေသည့် အကြောင်း …အရာဟာ သူများအကြောင်း …ဆိုတာကို သိခဲ့လျှင် ချောင်း …နားမထောင်ခဲ့ပါဘူး ကိုကို။ …အစကတော့ ဘာရယ်မဟုတ် …ဘူး နောက်ပြောင်ချင်စိတ်နှင့် …သင်တန်းခန်းမတံခါးနှင့် ကွယ်ပုန်းနေခဲ့တာ။ ကိုကိုတို့ အသံတွေ ကျယ်လာတော့မှ တချို့အကြောင်းအရာကို သိလာခဲ့ရသည်။ အို ကိုကို လက်ထပ်တော့မည် ဆိုပါ လား။ ဘုရားရေလို့ နာမည် ကျော် စာရေးဆရာမတွေ၏ မင်းသမီးတွေလို မရေရွတ်မိ ပါဘူး။ ရှေ့လထဲမှာဆိုတော့ သိပ်မလိုတော့ဘူးပေါ့။ သူများ တစ်နေ့ကြုံရမည့် ဒီ သတင်းအတွက် ပြင်ဆင်ပြီး သားပါကိုကို။

'မင်း သူ့ကို ပြောပြ ထားသင့်တယ်။ နောက်ပြီး မင်္ဂလာပွဲကိုလည်း သူငယ် ချင်းတစ်ယောက်အနေနဲ့ ဖိတ် သင့်တယ်။ မင်းလုပ်ပုံက နည်းနည်း စိတ်ကူးယဉ်ဆန် လွန်းတယ် မြင်းမိုရ်'

ကိုကို ဘာပြောမလဲဆို သော အတွေးနှင့် သူများနား တွေကို ပိုပြီး အာရုံစိုက်ထားမိ လိုက်တာ မှားသွားပြီကိုကို။

'ငါ ဒီနေ့ပဲ ပြောမှာပါ။ သူ့ကို ညီငယ်တစ်ယောက် လို၊ သူငယ်ချင်းတစ်ယောက် လိုပဲ သဘောထားတယ်။ ငါခင်တာ စန္ဒာကျော်ဆိုတဲ့ ဂေးစိတ်ဝင်နေတဲ့ လူတစ် ယောက်ကို မဟုတ်ဘူး။ လမင်းကျော်ဆိုတဲ့ ယောကျ်ား တစ်ယောက်အဖြစ် ပြောင်း လာမယ့် သူ့ကိုခင်တာ။ သူ့ ဘဝကို ပြောင်းပေးချင်တယ်။ လူတစ်ယောက် သူယုံကြည် လက်ခံထားတဲ့ အခြေအနေ တစ်ခုကို ပြောင်းဖို့ဆိုတာ ပတ်ဝန်းကျင် လိုတယ်။ သူငယ်ချင်းကောင်းလိုတယ်။ အဲဒီအတွက် ငါတို့ရပ်တည် နေတာပဲ။ ငါ့မင်္ဂလာဆောင် မှာ မင်းတို့နဲ့အတူ သတို့သား အရန်လုပ်ဖို့ သူ့ကို ကမ်းလှမ်း မယ်။ သူလက်ခံလာအောင် တော့ ပြောရမှာပေါ့။ လက်ခံ မယ်ဆိုရင်တော့ အိုကေ။ နောက်ပိုင်း ကြုံလာရမယ့် အခက်အခဲတွေ၊ ပြဿနာ တွေကို ကူညီဖြေရှင်းပေးဖို့ အသင့်ပဲ။ လက်မခံဘူးဆိုရင် တော့ ဂက်ဒ်အောက်ပေါ့။ မင်္ဂလာပွဲလည်း လာစရာ မလိုဘူး။ သူငယ်ချင်းအဖြစ် လည်း ပတ်သက်စရာ မလို တော့ဘူးပေါ့။ သူငယ်ချင်း တစ်ယောက်ကို အခြောက်ပုံစံ နဲ့ မင်္ဂလာပွဲ မတက်စေချင်တဲ့ ငါ့စေတနာက မမှားဘူးမို့ လား ဝင်းလွင်'

❏

ရက်စက်လိုက်တာ ကိုကိုရယ်ဆိုသော စာသား ကို သုံးကြိမ်မြောက် ရေးပြီး နောက် စာအုပ်ကို ပိတ်လိုက် သည်။ နောက် ဂျပ်ဘူးထဲ ထည့်ကာ တိပ်အထပ်ထပ် ပတ်ကာ ပိတ်သည်။ ဘယ် တော့မှ ပြန်မဖွင့်ဖြစ်တော့ မည့်စာအုပ်မဟုတ်လား။ ထို့ နောက် မျက်ဝန်းတွေကို မှေး မှိတ်ထားလိုက်သည်။

လူတွေက အရှိတရား ကို ဘာကြောင့်များ လက်မခံ နိုင်ကြပါလိမ့်။ တစ်ဦးဘဝကို တစ်ဦးက ပြောင်းလဲပေးနိုင် သည်ဟု ယူဆကာ ပြောင်း လဲဖို့ ကြိုးစားနေကြသည်။ တကယ်ရော ပြောင်းလဲသွား နိုင်ပါရဲ့လား။ ဖေဖေလည်း သူများဘဝကို ပြောင်းလဲစေ လိုသည်။ ကိုကိုကလည်း သူများဘဝကို ပြောင်းလဲစေ လိုသည်။ ကျား၊ မ ပညတ် ချက်က လူ့လောကအတွက် ပိုအရေးပါသလား။ လောက ကောင်းကျိုး ဆောင်ရွက်ပေး နိုင်ဖို့အတွက် သယ်ပိုးလိုစိတ် ကရော အဓိကမကျဘူးလား။ ပန်းတစ်ပွင့် ပွင့်ဖို့အတွက် ရေ လောင်းသူက အဓိကလား။ ရေက အဓိကလား။ အဲဒါတွေ ကို ကိုကိုရော၊ ဖေဖေပါ ဘာ ကြောင့် မေ့နေရတာလဲ။

ကိုကိုလည်း အများ ထက် အနည်းငယ်သာသည့် ယောကျ်ားတစ်ယောက်သာ ဖြစ်သည်။ သူများလိုချင် သည့် သူငယ်ချင်းထက်ပို သည့် ရင်းနှီးခင်မင်ခွင့်ကို တော့ မပေးနိုင်တာ သေချာ သည်။ ကိုကိုခင်းပေးသည့် လမ်းမထက် မလျှောက်လှမ်း နိုင်သော်လည်း ကိုကို့ကိုတော့ ဖြင့် ကျေးဇူးတင်ပါသည်။ သူများလျှောက်ချင်သည့်၊ လျှောက်ရမည့်လမ်းကို သွယ် ဝိုက်သည့်နည်းဖြင့် ပြပေး လိုက်သောကြောင့် ဖြစ်သည်။ လူတစ်ယောက်အတွက် ထိုက်တန်သည့် နေရာတစ်ခု ရှိနေတယ်ဆိုတာကိုတော့ ကိုကို သိစေချင်ပါသည်။ မိတ်ကပ်ပညာရှင်အဖြစ် ထူးချွန်အောင် ကြိုးစားမည်။ ကိုကို့မင်္ဂလာဆောင်မှာ လက်မခံလိုသည့် သူများကို မင်္ဂလာပွဲတွေမှာ အရေးတယူ ဖိတ်ကြားရသည့်၊ လှပသည့် ပန်းကလေးတွေအတွက် ပိုမို လှပအောင် ဖြည့်စွက်ဖန်တီး ပေးနိုင်သူဖြစ်အောင် ပံ့ပိုးပေး နိုင်သူအဖြစ် ကြိုးစားမည်။ နှုတ်ဖျားမှ တိုးတိုးလေး ရေရွတ်လိုက်သည်။ တကယ့် ကို တိုးတိုးလေးဖြစ်သည်။

'ဝွတ်ဒ်ဘိုင် ကိုကို'

■

**ရှည်ညိုလေး**



www.burmeseclassic.com

www.burmeseclassic.com

ကလေးပုံပြင်၊
ဇာတ်လမ်းတွေထဲက
ဗီလိန်ကာရိုက်တာကို
ရေးဖွဲ့တဲ့အချိန်မှာ လူကြီးဝတ္ထုတွေ၊
ဇာတ်လမ်းတွေမှာလိုမဟုတ်ဘဲ
ရှောင်ရမယ့်၊
ထိန်းသိမ်းရမယ့်အရာလေးတွေ
ရှိပါတယ်။ ကလေးပုံပြင်တွေထဲက
ဗီလိန်ဟာ လူဆိုးဖြစ်ပေမဲ့
(စိတ်ကောင်းမရှိတာမှန်ပေမဲ့)
ရက်စက်ယုတ်မာလွန်းတဲ့ဇာတ်
ရုပ်မျိုးတော့ မဖြစ်သင့်ပါဘူး။
ဗီလိန်ကိုရေးဖွဲ့တဲ့အခါမှာ
မူလဇာတ်ကောင်
ဟီးရိုးထက်ပိုပြီးတော့
ဗီလိန်ကို ကလေး
အားကျလာလောက်တဲ့အထိ
ရေးမပြရပါဘူး။
ကလေးဖတ်မယ့် စာအုပ်ထဲက
ကလေး(သို့မဟုတ်)
လူကြီးဗီလိန်ဟာ
စိတ်ထားမကောင်းတဲ့၊
မနာလိုစိတ်ရှိတတ်တဲ့၊
ဇာတ်ကောင်ဟီးရိုးကို
အမြဲပဲ ဒုက္ခပေးဖို့
ကြံစည်နေတတ်တဲ့၊
အနိုင်ကျင့်တတ်တဲ့လူတွေ
ဖြစ်လို့ရပါတယ်။
ဒါပေမဲ့ ဒီဗီလိန်ဇာတ်ရုပ်ဟာ
ရက်စက်တဲ့လူသတ်သမား၊
ဖဲသမား၊ အရက်သမား၊
အကွက်ကျကျ
လိမ်လည်တတ်တဲ့လူလိမ်၊
ကောက်ကျစ်သူစတဲ့သူမျိုးတွေတော့
မဖြစ်ရပါဘူး။ အရက်ကို
ကျကျနနစိမ်သောက်တဲ့အခန်းမျိုး၊
ဖဲလိမ်ရိုက်တဲ့အခန်းမျိုးတွေကို
ကလေးဖတ်ဖို့ စာအုပ်တွေထဲမှာ
ထည့်မရေးရပါဘူး။
နောက်တစ်ခုသတိပြုရမှာကတော့
စကားအသုံးအနှုန်းပဲ ဖြစ်ပါတယ်။
ကလေးဖတ်ဖို့အတွက်
ရေးတဲ့စာအုပ်တွေထဲမှာ

ရယ်ရပေမဲ့လည်း အဓိပ္ပာယ်နှစ်ခွထွက်တဲ့၊ ညစ်ညမ်းတဲ့ အသုံးအနှုန်းပါတဲ့ စကားလုံးမျိုးကို ထည့်မရေးရပါဘူး။ ဆဲရေးတဲ့စကားလုံး၊ ရိုင်းစိုင်းတဲ့စကားလုံး ဒီစကားလုံးတွေကို စာရေးသူဟာ



ရှောင်ကိုရှောင်ရပါမယ်။ ဗီလိန်ဇာတ်ရုပ်ကို ရေးဖွဲ့တဲ့အချိန်မှာ တကယ်လို့ ဗီလိန်ဟာ လူကြီးဗီလိန် ဖြစ်ခဲ့မယ်ဆိုရင်တောင်မှ ဖတ်နေသူကလေး ကြောက်ရွံ့ထိတ်လန့်၊ ရွံ့ရှာသွားရလောက်တဲ့အထိ

ကလေးဖတ်ဖို့
အတွက်
ရေးတဲ့စာအုပ်တွေထဲမှာ
ရယ်ရပေမဲ့လည်း
အဓိပ္ပာယ်နှစ်ခွထွက်တဲ့
ညစ်ညမ်းတဲ့
အသုံးအနှုန်းပါတဲ့
စကားလုံးမျိုးကို
ထည့်မရေးရပါဘူး
ဆဲရေးတဲ့စကားလုံး
ရိုင်းစိုင်းတဲ့စကားလုံး
ဒီစကားလုံးတွေကို
စာရေးသူဟာ
ရှောင်ကိုရှောင်ရပါမယ်



www.burmeseclassic.com

www.burmeseclassic.com

…ကြီးဗီလိန်ဟာ ကလေးဇာတ်ကောင်ပေါ်ကို မယုတ်မာ၊ မကောက်ကျစ်ရပါဘူး။ …န်မတို့ဟာ ကလေးဖတ်ဖို့အတွက် ပုံပြင်တွေ၊ ဇာတ်လမ်းတွေကိုရေးနေတာမို့လို့ …န်မတို့ရဲ့စာဖတ်ပရိသတ်ဟာ အင်မတန်မှ စိတ်ထားဖြူစင်၊ နုနယ်သေးတဲ့ကလေး …တွေဆိုတာကို အမြဲပဲ စိတ်ထဲမှာ သွင်းထားဖို့ လိုပါတယ်။

❑

၁။ ဟာသဇာတ်ကောင်

၂။ အဓိကဇာတ်ကောင်ရဲ့အနားက အကြံပေးတတ်တဲ့ အကြံပေးသမား၊ ပညာရှိ

၃။ သူငယ်ချင်းဇာတ်ကောင်များ



…ရံဇာတ်ကောင်များ

ပုံပြင်ဇာတ်လမ်းတစ်ပုဒ်ကို ဖန်တီးတော့မယ်ဆိုရင်ဖြင့် ကလေးပုံပြင်ပဲရေး …ရေး၊ လူကြီးဝတ္ထုပဲရေးရေး ဇာတ်ကောင်တွေကတော့ ပါရမြဲပဲ ဖြစ်ပါတယ်။ ဇာတ်ရှိန် …ကို တက်အောင်လို့ လုပ်ပေးတဲ့ ဗီလိန်ဇာတ်ကောင်အပြင် ဝတ္ထု၊ ဇာတ်လမ်းတွေထဲမှာ …ပါလာတတ်တဲ့ ဇာတ်ကောင်များကတော့-

ပါပဲ။

သူတို့အားလုံးဟာ တစ်ခါတလေ ဇာတ်ကောင်ရဲ့သူငယ်ချင်း ဖြစ်ချင်လည်း ဖြစ်မယ်၊ ဒါမှမဟုတ် ဆရာ သမား၊ မိတ်ဆွေ စသူတို့လည်း ဖြစ်ချင်



www.burmeseclassic.com

www.burmeseclassic.com

လည်းဖြစ်တတ်ပါတယ်။ ဥပမာနာမည်ကြီးကာတွန်းဇာတ်ကားတစ်ခုဖြစ်တဲ့ Shrek မှာဆိုရင်ဖြင့် မြင်းပုလေးဟာ ဒီဇာတ်လမ်းရဲ့ဟာသဇာတ်ရုပ်ပါ။

ကလေးပုံပြင်ဇာတ်လမ်းကိုပဲ ရေးရေး၊ လူကြီးပုံပြင်ဇာတ်လမ်းကိုပဲ ရေးရေး အရေးကြီးဆုံးကတော့ ကိုယ်ရေးဖွဲ့တဲ့ ပုံပြင်ဇာတ်လမ်း၊ ဝတ္ထုတွေထဲက ဇာတ်ကောင်အားလုံးရဲ့ဇာတ်ကောင်စရိုက်ဟာ ပီပြင်အသက်ဝင်ဖို့ပါပဲ။

**အသက်ဝင်တဲ့ ဇာတ်ကောင်**

ကလေးပုံဝတ္ထုမှာပဲ ဖြစ်ဖြစ်၊ လူကြီးဝတ္ထုတို၊ ဝတ္ထုရှည်မှာပဲ ဖြစ်ဖြစ် ဇာတ်ကောင်ဟာ သိပ်ကိုမှအရေးကြီးတဲ့၊ ပုံဝတ္ထုတို့ရဲ့ပင်မအသက်သွေးကြောကြီးတစ်ခုပဲဖြစ်ပါတယ်။ ဇာတ်ကောင်ဟာ ဇာတ်လမ်းထက် ပိုပြီးတော့ အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စာရေးသူဟာ ဇာတ်လမ်း(story) မည်မည်ရရ မရှိဘဲနဲ့ **(ဇာတ်လမ်းကို အားမပြုဘဲနဲ့) ဇာတ်ကောင်များနဲ့ချည်းပဲ ပုံ၊ ဝတ္ထုတို့ကိုရေးဖွဲ့နိုင်ပါတယ်။ ဒါပေမဲ့ ဇာတ်ကောင်မရှိဘဲနဲ့တော့ ဇာတ်လမ်း(Story) ချည်းသက်သက်နဲ့ ဘယ်လို ပုံ၊ ဝတ္ထု၊ ဇာတ်လမ်းကိုမှ မရေးဖွဲ့နိုင်ပါဘူး။** ဒါကြောင့်မို့လို့ ဇာတ်ကောင်(Character) ဟာ ဇာတ်လမ်းတစ်ခုအတွက် သိပ်ကိုမှအရေးကြီးတယ်လို့ ပြောရတာပါပဲ။

ဝတ္ထု၊ ပုံပြင်၊ ဇာတ်လမ်းတွေထဲမှာ ပါဝင်နေတဲ့ဇာတ်ကောင်များဟာ(ဇာတ်လိုက်၊ အရံဇာတ်ကောင်၊ ဗီလိန်)သူတို့ရဲ့ဇာတ်ကောင်စရိုက်အတိုင်း ဇာတ်ကို ပုံဖော်သွားတဲ့ ဇာတ်လမ်း၊ ပုံပြင်၊ ဝတ္ထုမျိုးကို ဇာတ်ကောင်အသားပေး ပုံ ဝတ္ထုများလို့ ကျွန်မတို့ ပြောကြတာပဲ ဖြစ်ပါတယ်။ ဥပမာ-နာမည်ကျော် ကလေးပုံ ဝတ္ထုဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ ဟယ်ရီပေါ်တာဇာတ်လမ်းစီးရီးများမှာဆို ရင်ဖြင့် ဇာတ်ကောင်စရိုက်ကို အသားပေးဖော်ပြထားတဲ့ဇာတ်လမ်းတွဲများပဲ ဖြစ်ပါတယ်။ (နိုင်ငံတကာကလေးပုံပြင်၊ ဇာတ်လမ်းများက ကျွန်မတို့နိုင်ငံမှာ ဘာသာပြန်ထားပြီးသား နည်းလွန်းလှသေးတာမို့လို့ ဥပမာပေးတဲ့အချိန်မှာ စာဖတ်သူများ မျက်လုံးထဲမှာ ပေါ်လာအောင်လို့ ကျွန်မအနေနဲ့ လူကြီးဇာတ်လမ်းတွေထဲက (ဘာသာပြန်ပြီးသားတွေထဲက) တချို့ကို ကောက်နုတ်ဥပမာပေးချင်ပါတယ်။ ဇာတ်လမ်းမည်မည်ရရ မရှိပါဘဲနဲ့ ဇာတ်ကောင်တွေနဲ့ချည်း ရေးဖွဲ့သွားတဲ့ ဝတ္ထုတစ်ပုဒ်ကတော့ အမေရိကန် စာရေးဆရာကြီး ဂျွန်စတိုင်းဘတ်ရဲ့ **တော်တီးယားဖလတ်** ဝတ္ထုပါ။ ဒီဝတ္ထုကို ဆရာမောင်ထွန်းသူက **တို့ဘဝ၊ တို့ကမ္ဘာ** ဆိုတဲ့နာမည်နဲ့ ဘာသာပြန်ခဲ့ပါတယ်။

**ဇာတ်ကောင်ကို အသက်ဝင်အောင် ဘယ်လိုမွေးမလဲ**

လူကြီးပုံဝတ္ထုပဲရေးရေး၊ ကလေးပုံဝတ္ထုပဲရေးရေး ပုံဝတ္ထုတွေ ရေးတော့မယ်ဆိုရင်ဖြင့် ဇာတ်ကွက်(Plot) လေးတွေတော့ ပါရစမြဲပါ။ စာရေးမယ့် **စာရေးသူဟာ ကိုယ်ရေးတဲ့ဇာတ်ထဲက ပါဝင်မယ့်ဇာတ်ကောင်တွေရဲ့အကြောင်းကို နှောကျေနေအောင်လို့ သိထားဖို့လိုပါတယ်။**

လူတိုင်း၊ လူတိုင်းရဲ့တကယ့်လက်တွေ့ဘဝတွေထဲမှာ ကိုယ်ပိုင် ပုံ၊ ဝတ္ထုလေးတွေ ရှိကြစမြဲပါ။ လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် ရုပ်ပိုင်းဆိုင်ရာမှာ (ဖြူတာ၊ မည်းတာ၊ ဝတာ၊ ပိန်တာ)စသဖြင့် ကွဲပြားသလိုပဲ၊ ဖြတ်သန်းလာရတဲ့ဘဝပေါ်မှာ အခြေခံပြီးတော့ စိတ်နေစိတ်ထား၊ အတွေးအခေါ်၊ အကျင့်စရိုက်၊ လူ့ဘဝပေါ် ရှုမြင်သုံးသပ်မှု၊ နာကျင်မှု၊ ခံစားမှုတွေဟာ တစ်ယောက်နဲ့တစ်ယောက် မတူဘဲ ကွဲပြားကြပါတယ်။ တကယ့်ဘဝထဲမှာ လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုမှ တစ်ထပ်တည်းမတူနိုင်သလိုပဲ ကျွန်မတို့ဖန်တီးမယ့် ပုံ၊ ဝတ္ထုဇာတ်လမ်းတွေထဲမှာ ပါတဲ့ဇာတ်ကောင်များဟာလည်း တစ်ယောက်နဲ့တစ်ယောက် ဇာတ်ကောင်စရိုက် (ကာရိုက်တာ)ချင်း မတူကြပါဘူး။

ဇာတ်ကောင် တစ်ကောင်ချင်းစီမှာ သူတို့ရဲ့ကိုယ်ပိုင်ကျောရိုးဇာတ်ကွက်လေးတွေ ရှိကြပါတယ်။ ဥပမာ-ကမ္ဘာကျော်ဇာတ်လမ်းတစ်ခုဖြစ်တဲ့ Matilda မှာဆိုရင်ဖြင့် မူလဇာတ်လိုက်ဖြစ်တဲ့ Matilda မှာ ကိုယ်ပိုင်နောက်ခံဖြတ်သန်းမှုဇာတ်ကွက်ရှိသလိုပဲ၊ မာတီလ်ဒါရဲ့ဆရာမမှာလည်း ကိုယ်ပိုင်ဇာတ်ကွက်ရှိပါတယ်။ မာတီလ်ဒါရဲ့နောက်ခံဇာတ်ကွက်နဲ့ ဆရာမရဲ့နောက်ခံဇာတ်ကွက်ဟာ မတူပါဘူး။ ကွဲပြားပါတယ်။ စာရေးဆရာဟာ ဒီကွဲပြားမှုကို ပေါ်လွင်အောင်ရေးသားထားတာကို ဒီဇာတ်လမ်းမှာ ကျွန်မတို့ တွေ့ရပါတယ်။ ဒီလိုပေါ်လွင်အောင်ရေးသားနိုင်တာကိုပဲ ဇာတ်ကောင်တွေ အသက်ဝင်တယ်၊ ဇာတ်ကောင်စရိုက် ကြွတက်တယ်လို့ ဆိုကြတာပါပဲ။

ဇာတ်ကောင်စရိုက်ကို ပေါ်အောင်လို့ရေးဖွဲ့တဲ့အချိန်မှာ စာရေးသူဟာ ကိုယ် ရေးဖွဲ့မယ့် ဇာတ်ကောင်ရဲ့အားနည်းချက်၊ အားသာချက် စတာတွေကို သေသေချာချာသိနေဖို့ လိုပါတယ်။ ဆိုလိုတာက ဇာတ်ကောင်တစ်ကောင်ကို မွေးမယ်ဆိုရင် စာရေးသူဟာ ဇာတ်ကောင်ကို မမွေးခင်ကတည်းက သူနဲ့ပတ်သက်သမျှတွေကို ကြိုတင်စဉ်းစားထားဖို့ပါပဲ။ ဇာတ်ကောင်ရဲ့ပြုလုပ်လိုက်တဲ့အပြုအမူ(action)တိုင်းရဲ့ နောက်မှာ အကြောင်းလေးတွေကို ချိတ်ဆက်ထားရပါမယ်။ ဥပမာ-ဝတ္ထုထဲက ဇာတ်ကောင်တစ်ကောင်ဟာ ခွေးသိပ်ကြောက်တတ်တယ်ဆိုပါတော့။ ဒီဇာတ်ကောင်ဟာ ငယ်ငယ်တုန်းက ခွေးကိုက်တာကို ခံထားဖူးတဲ့ဇာတ်ကောင်ဖြစ်ရပါမယ်။ ဒါကြောင့် ဒီဇာတ်ကောင်ရဲ့တုံ့ပြန်မှုဟာ ခွေးကိုမြင်တာနဲ့ သိပ်ကြောက်နေတယ်ဆိုတာမျိုး ထည့်ရေးရမှာပါ။ ဒီဥပမာရဲ့ဆိုလိုရင်းက ဘာလဲဆိုတော့ ပုံပြင်၊ ဝတ္ထု၊ ဇာတ်လမ်းတွေထဲက ဇာတ်ကောင်တိုင်းရဲ့ဝတ္ထုထဲမှာ ပါတဲ့ လှုပ်ရှားမှုတိုင်း၊ အပြုအမူတိုင်းဟာ အကြောင်းမဲ့တွေ ဖြစ်မနေရဘူး။ သူတို့ရဲ့နောက်ခံဖြစ်တဲ့ ဖြတ်သန်းလာရတဲ့



www.burmeseclassic.com

www.burmeseclassic.com

ဘဝ၊ စိတ်နေ၊ စိတ်ထား၊ ကြောက်ရွံ့မှု၊ နှင်းသက်မှုစတာတွေနဲ့ ပတ်သက်နေဖို့ လိုတယ်လို့ဆိုလိုတာပါ။ ဒါကို ဇာတ်ကောင်စရိုက်မှန်တယ်လို့ ဆိုလိုတာပါပဲ။

တချို့စာရေးသူများဟာ ဇာတ်ကောင်တွေရဲ့အကြောင်းကို ရေးဖွဲ့တဲ့အချိန်မှာ ဒီဇာတ်ကောင်အကြောင်းကို အသေးစိတ်လျှောက်ပြီးတော့ ရေးတတ်ကြပါတယ်။ သူ ဘာကြိုက်တယ်၊ ဘာစားတယ်၊ သူ့အမေက ဘယ်လို၊ သူက ဘယ်က၊ သူ့သူငယ်ချင်းက ဘယ်သူ စသဖြင့်ပေါ့။ တကယ်တော့ ဇာတ်ကောင်တွေကို ပုံဖော်တဲ့နေရာမှာ ကျွန်မတို့ သိထားရမှာက ကလေးဝတ္ထုပဲရေးရေး၊ လူကြီးဝတ္ထုပဲရေးရေး ကျွန်မတို့ဟာ စာရေးနေတာမို့လို့ ဇာတ်ကောင်တွေရဲ့အကြောင်းကိုမပြောဘဲနဲ့ အပြလေးတွေနဲ့ စာဖတ်သူ သိအောင်လို့ ရေးသွားဖို့ ရတယ်ဆိုတာပါပဲ။

ဇာတ်စင်ပေါ်မှာ ပြဇာတ်ကသလို မျိုး သီတာက ဦးဘဝင်းနဲ့ဒေါ်ဒေါ်အေးရဲ့သမီးလေ။ သူ့အဖေက ဆရာဝန်ကြီးလည်းဖြစ်၊ သူက ရုပ်က ချောတော့သူက လူတွေကြားထဲမှာ ထင်ရှားတော့ တာပေါ့။ သူ့မိဘအသိုင်းအဝိုင်းကလည်း တောင့်၊ အိမ်မှာ ခိုင်းဖို့စေဖို့ လူတွေကလည်း ရှိ စသဖြင့် ပြဇာတ်တွေထဲမှာ ပြဇာတ်ဆရာက ဇာတ်ကောင်နဲ့မိတ်ဆက်ပေးဖို့အတွက် မိုက်ခရိုဖုန်းကြီးရှေ့မှာ အဲဒီဇာတ်ကောင် အကြောင်းကိုပြောသလိုမျိုး ဝတ္ထုတွေ၊ ပုံပြင်၊ ဇာတ်လမ်းတွေမှာ မပြောရပါဘူး။

**ဇာတ်ကောင်အသေများ**

စာရေးတဲ့အချိန်မှာ ဇာတ်ကောင်ကို ရင်ထဲမှာ အရင်မမွေးဘဲနဲ့ ဇာတ်လမ်းကို အရင်စဉ်းစားခြင်းဟာလည်း စာရေးသူတိုင်းလိုလို မှားလေ့ရှိတဲ့ အမှားတစ်ခုပဲဖြစ်ပါတယ်။ ဇာတ်လမ်းကို အရင်စဉ်းစားအကွက်ချပြီးတော့မှ ဇာတ်ကောင်တွေကို ဇာတ်လမ်းထဲမှာ ဖြည့်လိုက်ကြတာကြောင့် ဇာတ်ကောင်များဟာ လွတ်လပ်စွာ လှုပ်ရှားလို့မရတော့ဘဲနဲ့ ဇာတ်လမ်းထဲမှာ ပိတ်မိနေကြပါတော့တယ်။ အဲဒီအခါမှာ ဇာတ်ကောင်များရဲ့စရိုက်ဟာ ကြွသင့်သလောက် (အသက်ဝင်သင့်သလောက်) ကြွတက်မလာနိုင်တော့ပါဘူး။

တကယ်တော့ ကျွန်မတို့ရဲ့ တကယ့်အပြင်က လက်တွေ့ဘဝထဲမှာ ဇာတ်လမ်းတွေက အရင်လာတာမဟုတ်ပါဘူး။ ကျွန်မတို့ရဲ့နေ့စဉ်ဖြတ်သန်းနေရတဲ့အဖြစ်အပျက်တွေ၊ ကြုံရတဲ့လူတွေ(ဇာတ်ကောင်တွေ)နဲ့ တစ်နေ့ချင်းစီဖြတ်သန်းလာရမှုတွေထဲကနေ ဇာတ်လမ်းတွေ ဖြစ်လာရတာပါ။ တကယ့်ဘဝကို ဝတ္ထုတစ်အုပ်လို တွေးကြည့်မယ်ဆိုရင်ဖြင့် တကယ့်ဘဝထဲမှာ ကျွန်မတို့ကိုယ်တိုင်ကိုက သက်ရှိဇာတ်ကောင်တွေ ပါပဲ။ ကျွန်မတို့ ဒါပြီးရင် ဘာဖြစ်မယ်၊ မနက်ဖြန်မှာ ဘာတွေကို ကြုံတွေ့ရနိုင်တယ်ဆိုတာမျိုးကို ကျွန်မတို့ကိုယ်တိုင်ကြိုမသိနိုင်ပါဘူး။ တကယ့်ဘဝမှာ ဇာတ်လမ်းက အရင်မလာဘူး။ ဇာတ်လမ်းကို ကြိုတင်ဖတ်ထားလို့ မရပါဘူး။ တကယ့်ဘဝထဲက ကျွန်မတို့ တစ်ဦးချင်းစီရဲ့ဇာတ်လမ်းများဟာ ကျွန်မတို့ရဲ့ပြုမူပုံ လှုပ်ရှားပုံ၊ စိတ်ထားပုံ၊ ကြုံရပုံတွေကနေတစ်ဆင့် နေ့စဉ်ဖြတ်သန်းနေရတဲ့ ကျွန်မတို့ရဲ့ဇာတ်ကောင်စရိုက်အတိုင်းဖြစ်လာတဲ့ဇာတ်လမ်းတွေပါပဲ။

ဇာတ်ကောင် အသေဖြစ်ရမှုထဲမှာ စာရေးသူများ **နောက်ထပ်မှားတတ်တဲ့ အမှားတစ်ခုကတော့ ကိုယ်ကိုယ်တိုင်နဲ့ ကိုယ့်ရဲ့ဇာတ်ကောင်ကိုမခွဲခြားနိုင်ခြင်း ပါပဲ။ အထူးသဖြင့် ကလေးပုံပြင်၊ ဇာတ်လမ်းတွေကိုရေးမယ့် စာရေးသူဟာ ဒီအချက်ကို အထူးသတိပြုဖို့လိုပါတယ်။** ကိုယ်ရေးနေတဲ့ ဇာတ်ကောင်ရဲ့အသက်အရွယ်၊ အနေအထား၊ စိတ်ခံစားချက်ကို စာရေးသူဟာ ဘယ်တော့မှမေ့လျော့မထားရပါဘူး။ စာရေးသူဟာ ဆယ်နှစ်အရွယ် မိန်းကလေးအကြောင်းကို ရေးနေတယ်ဆိုရင်ဖြင့် ဆယ်နှစ်အရွယ် မိန်းကလေးရဲ့ပြောဆိုမှု၊ တွေးမှုဟာ ဆယ်နှစ်အတွေးဖြစ်ရပါမယ်။ ကိုယ့်ရဲ့အတွေး၊ ကိုယ့်ရဲ့အပြောတွေကို ဇာတ်ကောင်ကိုယ်စား ဝင်ဝင်ပြီးတော့ မပြောရ၊ မတွေးရပါဘူး။

ဇာတ်လမ်းထဲမှာပါတဲ့ အဓိကဇာတ်ကောင်၊ ဗီလိန်၊ သူငယ်ချင်း၊ အကြံပေးမိတ်ဆွေစတဲ့ ဇာတ်ကောင်များဟာ စက်ရုံတစ်ရုံထဲကထွက်တဲ့ အမှတ်တံဆိပ်ပါ ခဲတံလေးများလို ပုံတူအရောင်ကွဲလေးတွေ မဖြစ်ရပါဘူး။ ဇာတ်ကောင်တွေ အားလုံးဟာ သူတို့နောက်မှာ ကိုယ်ပိုင်ဇာတ်လမ်းလေးတွေ ကိုယ်စီနဲ့ ရှိကြတာမို့လို့ ဒီဇာတ်ကောင်လေးတွေ ပေါင်းဖွဲ့ လှုပ်ရှားရင်းကနေ ဇာတ်လမ်းကြီးတစ်ခု ဖြစ်လာရမှာပါ။

အဓိကဇာတ်ကောင်ဟာ ဇာတ်လမ်းကြီးတစ်ခုလုံးရဲ့ ပင်မကျောရိုးကြီးပဲ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ပြောရမယ်ဆိုရင် အားလုံးသိကြတဲ့ ဟယ်ရီပေါ်တာပါပဲ။ ဟယ်ရီပေါ်တာရဲ့ ဇာတ်ကောင်စရိုက်ဟာ ဒီဇာတ်လမ်းရဲ့ အဓိက ပင်မကျောရိုးဇာတ်ကောင်စရိုက်ပါ။ တခြားဇာတ်ကောင်များဟာ ဟယ်ရီပေါ်တာကို မှီပြီးတော့ ဖြစ်လာရတဲ့ ဇာတ်ကောင်များပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဇာတ်လမ်းတစ်ခုမှာ အဓိကဇာတ်ကောင်ဟာ သိပ်ကိုမှ အရေးကြီးတဲ့ဇာတ်ကောင်ပဲ ဖြစ်ပါတယ်။

အဓိကဇာတ်ကောင် ဘယ်လောက်အရေးကြီးတယ်။ ကလေးတို့ဖတ်မယ့် စာအုပ်ထဲက အဓိကဇာတ်ကောင်ကို ရေးဖွဲ့တဲ့အခါမှာ ဘယ်လိုအရာတွေကို ရှောင်ကြဉ်ရမယ်၊ ဘယ်လိုအရာတွေကိုတော့ ထည့်သွင်းရေးဖွဲ့ရမယ်ဆိုတဲ့ အကြောင်းကို နောက်အပတ်မှာ ကျွန်မ ဆက်လက်ဆွေးနွေးတင်ပြပါဦးမယ်။

**■ ခေတ်ဘုန်းသစ်**


*Ref: Children Literature by Parayno,S.M.*

*How to write a Great Children's Book by Robyn Opie Parnell.*

*How to write Children Book by Saoirse O'Mara.*

*How to write children short story by Jerry Dunne.*




www.burmeseclassic.com

www.burmeseclassic.com



# ကြယ်တစ်ပွင့်စာ ပြေလတ်ဟောင်းမြင့်သူ

ရုပ်စုံမဂ္ဂဇင်း

ရသစာတမ်း

အမှတ် ၃၀၅၊ မေ၊ ၂၀၁၅

(၁)

ငါတို့ရွာကလေး၏

မြောက်ဘက်တွင်

သင်္ချိုင်းကုန်းရှိသည်။

သင်္ချိုင်းကုန်းသည် နေရာမကျယ်လှ။

သို့ရာတွင် ကွယ်လွန်သူမှန်သမျှတို့၏

တစ်ခုတည်းသော နေအိမ်ဖြစ်လေသည်။

ဤသင်္ချိုင်းကုန်းကလေးသည်

ရွာကလေး၏ အသက်နှင့်အမျှ

ဖြစ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

*သူ့ကို ရွာသူရွာသားတို့ မချဉ်းကပ်ချင်ကြသော်လည်း မပစ်ပယ်နိုင်သော နေရာကလေးဖြစ်သည်။*

❑

*သို့ရာတွင် ငါတို့သည် သင်္ချိုင်းကုန်းကလေးအနီးသို့ မကပ်ဝံ့။ သင်္ချိုင်းကုန်းကလေးရှိရာသို့ ငါတို့ရဲရဲပင် မကြည့်ဝံ့။ မြေပဲကောက် သွားကြသောအခါ သူ့နားကို မတတ်သာ၍ ဖြတ်သွားကြရလျှင်လည်း ခြေမှန်ကို နဖူးတို့၍ ခပ်သုတ်သုတ် သွားတတ်ကြသည်။ လှုပ်နေသော တန်ဆောင်းပြာသာဒ်ပင်၊ ဆူးခက်အုံထားသော မြေပုံမို့မို့ကလေးများကို မဝံ့တဝံ့ကြည့်၍ ဖြတ်လာခဲ့ကြသည်။ နေဝင်ရီးရီအချိန် အိမ်ပြန်လာသောအခါ သင်္ချိုင်းကုန်းကလေးသည် မလှုပ်မယှက် ငြိမ်သက်လျက်ပင် ရှိသော်လည်း ထိုသို့ငြိမ်သက်ခြင်းသည်ပင် စိတ်ချောက်ချားဖွယ်ဖြစ်ပြန်သည်။*

❑

*သင်္ချိုင်းမြေတွင် ဖုတ်တစ္ဆေတို့ နေသလိုလို ပြောကြသဖြင့် ကျော့ချမ်းမိသည်။ ညအခါများတွင် သင်္ချိုင်းမြေသည် အတိတ်ဆိတ်ဆုံးနေရာဖြစ်သည်။ ရံဖန်ရံခါ သင်္ချိုင်းဘက်တွင် မီးရောင်တလက်လက် မြင်ရတတ်သည်ဟု ငါ့သူငယ်ချင်းများက ပြောကြသည်။ ကလေးမသာ ချလေသလား၊ သိုက်ဆရာ အောက်လမ်းဆရာများ အလောင်းဖော်လေသလား၊ သရဲမီးပြလေသလား၊ ငါတို့ တပ်အပ်မသိချေ။*

*မည်သို့ပင် ဖြစ်စေ ငါတို့သည် သင်္ချိုင်းကုန်းကို စက်ဆုပ်ထိတ်လန့်ကြသည်မှာကား သေချာသည်။ သင်္ချိုင်းကုန်းကို လှည့်မကြည့်ချင်သည်မှာလည်း သေချာသည်။*

❑

(၂)

ဆရာတင်မိုး၏ သင်္ချိုင်းကုန်းမှာ စာတမ်းထဲက ကျွန်တော်ရွေး၍ မျဉ်းသားထားသော စာကြောင်းများကို ဖတ်ရင်း ဆင်ပေါင်ဝဲမြို့နယ်က ကျွန်တော့်ဇာတိရွာ စာရပေ အနောက်စုရှိသင်္ချိုင်းကုန်းကို သွားအမှတ်ရမိနေပါသည်။

ဆရာတင်မိုးတို့ရွာက သင်္ချိုင်းကုန်းနှင့် ကျွန်တော့်ရွာက သင်္ချိုင်းကုန်းတို့၏အနေအထားက တော်တော်တူပါသည်။ ကျွန်တော်တို့ရွာက သင်္ချိုင်းကုန်းကလည်း ကျွန်တော်တို့ရွာ၏ အနောက်မြောက်ဘက်တွင် ရှိသည်။ ရွာနှင့် သိပ်မဝေးလှ။ တစစနှင့် ရွာအနောက်ပိုင်းတွင် ကွက်သစ်တွေ တိုးလာလို့ ဖြစ်သည်။ အနောက်ရေခပ်ဆိပ်သို့ သွားလျှင်သော်လည်းကောင်း၊ အနောက်အရပ်ရှိ ယာခင်းများဆီသို့ သွားလျှင်သော်လည်းကောင်း ထိုသင်္ချိုင်းကုန်းအနီးမှ ဖြတ်သွားကြရသည်။

ရွာအရှေ့ပိုင်းသားတွေထက်စာလျှင် အနောက်ပိုင်းသားများနှင့် အနောက်မြောက်အရပ်တွင် ယာခင်းရှိသော ရွာသားအချို့ကတော့ ထိုသင်္ချိုင်းကုန်းနှင့် သိပ်မစိမ်းတော့ပါ။ နေ့စဉ်နှင့်အမျှ ဖြတ်သွားဖြတ်လာ ဖြစ်နေလို့ဖြစ်ပါသည်။

မှန်တာပြောရလျှင် ကျွန်တော်ကတော့ ရွာက သင်္ချိုင်းကုန်းကို နှစ်ခေါက်ပဲ ရောက်ဖူးသည်။ အဖေဆုံးစဉ်က တစ်ခါနှင့် ညီငယ်မောင်နိုင် ဆုံးစဉ်က တစ်ခါဖြစ်၏။ ကျွန်တော့်အမေကမူ အခုထိ အသက်ရှည်သူပီပီ သူ့လောက် အသက်မရှည်သော လင်ယောကျ်ားသေတာလည်း ကြုံဖူးပြီ။ သားနှစ်ယောက် သေတာကိုလည်း ကြုံဖူးပြီ။ အခြားဆွေမျိုးသားချင်းတွေ သေတာလည်း ကြုံဖူးပြီမို့ သင်္ချိုင်းကုန်းကို ဘယ်နှခေါက်ရောက်ဖူးပြီးလဲ မပြောတတ်ပါ။

အသက်ရှည်သူဖြစ်၍ ဘာပစ္စည်းဥစ္စာမျှ ပြစရာ စုမိဆောင်းမိ မရှိသော်လည်း မရဏာနုဿတိတရားကိုတော့ တော်တော်လေး စုဆောင်းမိပြီ ထင်ပါရဲ့။ လူ့ဘဝတွေမှာ အသေမြတ်ဖို့အတွက် အဲသည်လို သတိတရားလေးနှင့် နေတတ်ဖို့လည်းလိုသည်ပဲ မဟုတ်ပါလား။

ယခုအခါ ရွာသင်္ချိုင်းကုန်းကလေးမှာ အလှူရှင်၏စေတနာကို အကြိမ်ကြိမ်သာဓုခေါ်မိသည်။ ကောင်းလေစွ။ ကောင်းလေစွ။

❑

(၃)

စင်စစ် လူဆိုသည်မှာ သေမျိုးဖြစ်၏။ သေမျိုးတွေ ရှိနေသမျှ သင်္ချိုင်းကုန်းနှင့် မကင်းနိုင်။ သင်္ချိုင်းကုန်းကို လွှဲရှောင်၍ မရ။ ထိုမလွန်ဆန်နိုင်သော လူ့လောက သဘာဝအရ လူတို့သည် မွေးဖွားခြင်းနှင့်စ၍ သေဆုံးခြင်းမှာ နိဂုံးချုပ်ကြရ၏။ ထိုနိဂုံး မည်ရွေ့ မည်မျှလှမည်၊ မလှမည်ကိုမူ ကြိုမတွေးမိကြ။ တချို့က သေလျှင်ပြီးပြီဟု အလွယ်ထင်ကြလေသလား မသိ။ သေဖို့ပြင်ရကောင်းမှန်းပင် မသိကြပေ။

တရားတော်ကတော့ ဆုံးမပါသည်။ အနေတတ်မှ အသေမြတ်မည်တဲ့။ အနေတတ်ခြင်းဟူသည် စိတ်နေစိတ်ထားမြင့်မြတ်ရန်နှင့် နှလုံးသားမြင့်မြတ်အောင်နေခြင်းကို ဆိုလိုသည်။ ရာဇဝင်ဝယ် နာမည်တစ်လုံး သမိုင်းတွင်အောင် ထူးချွန်ပြောင်မြောက်ခဲ့သော လူစွမ်းစား သူရဲကောင်းတို့ကား အနေတတ် အနေမြတ်၍ အသေမြတ်ခဲ့သည့် လူသူတော်ကောင်းတွေဖြစ်သည်။

ထိုသူတို့သည် ဆရာဇော်ဂျီ၏ ကဗျာထဲကလို 'သင်သေသွားသော်၊ သင်ဖွားသောမြေ၊ သင်တို့မြေသည်၊ အခြေတိုးမြှင့်၊ ကျန်ကောင်းသင့်၏' ဆိုသော နှလုံးသားပိုင်ရှင်များဖြစ်သည်။ တစ်နည်းသေသူကို ရှင်သူက တ,ရသူများလည်းဖြစ်သည်။

အနေမတတ်၍ အသေမမြတ်သူများလည်း ဒုနှင့်ဒေးရှိပါသည်။ ထိုသူတို့သည် ရာဇဝင်ဝယ် နာမည်ဆိုး တွင်ရုံမျှမက၊ သမိုင်းကိုလည်း အကုန်လုံး တန်စေခဲ့သူတွေဖြစ်သည်။ တချို့ဆိုလျှင် အသက်ရှင်စဉ်က အနေမြင့်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com

ည်း အနေမမြတ်ခဲ့သဖြင့် သေခြင်းအဆုံးတွင် နိဂုံးမလှဖြစ်ခဲ့ရသည်။

ထိုထက်ဆိုးသည်ကား လူမသေဘဲနှင့် နာမည်သေနေသူများဖြစ်၏။ ထိုနာမည်ဆိုး နာမည်ပျက်ရှိသူများသည် အနောက်တိုင်းစကားပုံအရ တစ်ဝက်ကြိုးပေး အသတ်ခံရပြီးသူများဖြစ်သည်။ ထိုသေနည်းမျိုးကား ပို၍ရှက်စရာကောင်း၏။ ရွံစရာလည်းကောင်းပါ၏။

ကျွန်တော်တို့ ဘယ်လိုသေကြမည်နည်း။

သမိုင်းတွင် အနေမြတ်၍ အသေမြတ်ခဲ့သည့် ဂန္ဒီကြီးတို့လို၊ ဗိုလ်ချုပ်အောင်ဆန်းတို့လို သေမလား။

အနေမမြတ်လို့ အသေမမြတ်ခဲ့သည့် ဟစ်တလာတို့လို၊ ဂျွန်စောတို့လို သေမလား။

ဒါမှမဟုတ် လူတို့၏ နှုတ်ဖျားတွင်သာမက နှလုံးသားအထိပါ အခါခါတစ်ဝက်ကြိုးပေးအသတ်ခံနေရသော နာမည်ဆိုးများလို အသက်ရှင်မလား။

❑

သေခြင်းတရားကို အလျားဆွဲဆန့်ရင်း ဟိုတလောက သူငယ်ချင်းတစ်ယောက် ပြုလုပ်သွားသည့် အလှူတစ်ခုအကြောင်း အတွေးဂယက်တွေ ဆက်စပ်သွားမိပြန်ပါသည်။ သူ့အလှူက သူ့ဇနီးကွယ်လွန်သည့် ဆယ့်နှစ်လမြောက် အထိမ်းအမှတ် အလှူဖြစ်၏။ သူ ငယ်ငယ်က နေခဲ့ပြီး ယခုတိုင် သူကိုးကွယ်နေသည့်စာသင်တိုက်မှာ ဆွမ်းပဒေသာပင်အဖြစ် ငွေကျပ်သုံးသိန်းလှူဒါန်းခြင်းနှင့် မိတ်သင်္ဂဟတွေကို နံနက်စာကျွေးခြင်းဖြစ်သည်။

ဤလို အထိမ်းအမှတ်အလှူမျိုးနှင့် ပတ်သက်၍ တစ်လတန်သည်၊ တစ်နှစ်တန်သည် ပြုလုပ်ကြသည်မှာ အဆန်းမဟုတ်သဖြင့် ကျွန်တော် ထူးပြီးမအံ့ဩမိပါ။

သို့သော်-

'ဒီကောင်က ချီးကျူးဖို့တော့ကောင်းတယ်ကွ။ သူများတွေက ဒီလိုအလုပ်မျိုး အလှူမျိုးကို တစ်ခါနှစ်ခါပဲလုပ်တာ။ ဒီကောင်ကတော့ သူ့မိန်းမသေပြီးကတည်းက လစဉ်မပြတ် သူ့မိန်းမအတွက် ရည်စူးပြီး လုပ်လာတာ ဒီအကြိမ်ပါဆိုရင် ဆယ့်နှစ်ကြိမ်ရှိပြီကွ။ အရင်အကြိမ်တွေတုန်းက မင်းကမြောက်ဒဂုံက လာရတာဆိုတော့ အားနာလို့ မဖိတ်တာတဲ့'

သူတို့လှူသော ဘုန်းကြီးကျောင်းတွင် နှစ်ပေါင်းများစွာကတည်းက ကျွန်တော်နှင့်အတူ ဝေယျာဝစ္စဆောင်ရွက်ခဲ့ဖူးသည့် အခြားသူငယ်ချင်းတစ်ယောက်က ခုလိုပြောတော့ ကျွန်တော် မျက်လုံးပိုပြူးသွားသည်။ တစ်လတစ်ကြိမ်၊ ဆယ့်နှစ်ကြိမ်အထိ အလှူမြောက်အောင် ဆောင်ရွက်နိုင်ဖို့ဆိုသည်မှာ လွယ်တော့ မလွယ်လှ။

သည့်အတွက် အလှူနှင့်ပတ်သက်သော သူတို့မိသားစု၏ သဒ္ဓါတရားကိုတော့ သံသယမဝင်လိုပါ။ မုဒိတာပင်ပွားလိုက်မိပါသေး၏။ သို့သော် ကွယ်လွန်သူအတွက် ဆယ့်နှစ်ကြိမ်မြောက် အထိမ်းအမှတ်အဖြစ် တသသဖြစ်ရလောက်အောင်ဟူသော မိသားစုခံစားမှုကိုကျတော့ ရာနှုန်းပြည့်အမှတ်ပေးရန် ကျွန်တော့်ကိစ္စ မဟုတ်ပါ။

ကျွန်တော့်ခေါင်းထဲမှာ ဝင်လာသည့်အတွေးနှင့်အတူ မေးခွန်းတွေကသာ အစီအရီပေါ်လာသည်။

ဆိုကြပါစို့။ ကွယ်လွန်သူအပေါ် အခုလိုမျိုး ဆယ့်နှစ်ကြိမ်မြောက်အထိမ်းအမှတ်ပြုရလောက်အောင်အထိ သူမမသေခင်က သူမ စိတ်ချမ်းသာတဲ့ချစ်မေတ္တာမျိုးဖြင့် ၁၂ ခါပြည့်အောင် နားလည်ပေးခဲ့ဖူးပါသလား။ တုံ့ပြန်ပေးဆပ်ခဲ့ဖူးပါသလား။

တစ်ခါတစ်ရံ လူဆိုတာမျိုးက တစ်ယောက်မရှိတော့မှ တစ်ယောက်တန်ဖိုးကို သိတတ်ကြလို့ဖြစ်သည်။ ထိုနှောင်တမျိုးဖြင့် အခုမှ အတိုးချပြီးအကြွေးဆပ်နေတာဆိုလျှင်ကော။ လူတွေ၏ စိတ်ဆိုတာက အသိရခက်သလို ပြောရတာလည်း ခက်ပါသည်။

ထိုအရာထက် ပိုခက်တာက အဲဒီလို ကိုးလိုးကန့်လန့်အတွေးမျိုး တွေးတတ်သည့် ကျွန်တော့်ဉာဉ်ကိုပဲ ဖြစ်သည်။ ကောင်းပြီ။ သည်သို့ဆိုလျှင် နောက်တစ်မျိုး လှည့်တွေးပါဦးမည်။ ထိုသူငယ်ချင်းမှာလည်း သူ့အမေကွယ်လွန်သွားတာ ၁၅ နှစ်ခန့်ရှိခဲ့ပြီ။ အမေ့အတွက်ဟုဆိုကာ သည်လို အမှတ်တရ အလှူမျိုး ဘယ်နှခါ လုပ်ဖူးသလဲဆိုလျှင် ဘယ်လိုဖြေမည်မသိ။

ကျွန်တော့်အဖေ ကွယ်လွန်သွားသည်မှာ ဆယ်စုနှစ်တစ်ခုနီးပါး ရှိပြီ။ မှန်ရာဝန်ခံရမည်ဆိုလျှင် အဖေ့အတွက် အထိမ်းအမှတ်ဟု ဆိုတ,ကာ ကျွန်တော်တော့ တစ်ခါမျှ မလှူဒါန်းမိခဲ့ဖူးပါ။ ကျွန်တော် သေလျှင်ကော ကျွန်တော့်မိန်းမက ဘယ်နှကြိမ်မြောက်အထိ ထိုအထိမ်းအမှတ်မျိုးဖြင့် အလှူလုပ်နိုင်မည်လဲ။ မပြောနိုင်ပါ။ ကျွန်တော့်မိန်းမအရင်သေခဲ့လျှင်ကော ကျွန်တော် အဲသည်လို လုပ်နိုင်မည်လား။ မသေချာပါ။ အာမ,မခံနိုင်ပါ။

တကယ်တော့ မသေခင် လွမ်းတတ်ကြလျှင် ဘယ်လောက်ကောင်းလိုက်မလဲ။

❑

(၄)

လူ့ဘဝဆိုသည်မှာ ကြယ်တစ်ခါကြွေစာမျှသာ ရှိပါသည်။ ကြယ်တစ်ကြွေစာဘဝခဏလေးတွင် ရှင်သန်ခြင်းအဓိပ္ပာယ်လှဖို့အတွက် လူမသေဘဲနာမည်မသေဖို့ လိုသလို မေတ္တာမသေဖို့လည်း အရေးမကြီးပေဘူးလားဟု သာသာထိုးထိုး တွေးနေမိသည်။

ထိုသို့ဆိုလျှင် ကြယ်တစ်ကြွေစာဘဝ၏ လားရာနိဂုံး သင်္ချိုင်းကုန်း အဝင်ဝအတွက်လည်း လိပ်ပြာမသန့်စရာမလိုဟု ယုံကြည်မိပါသည်။

■

**ခြေလတ်မောင်မြင့်သူ**



www.burmeseclassic.com

www.burmeseclassic.com

ဘာသာစကားနှင့် ပထဝီဝင်ဒေသ

အကျယ်ပြန့်ဆုံးအသိအမှတ်ပြုကြသော ဘာသာစကားသွင်ပြင်တစ်ခုမှာ ပြောဆိုသူတို့နေထိုင်ရာ ပထဝီဝင်ဒေသကို အခြေပြု၍ ကွဲပြားသောဒေသ ဒေသိယစကား(Regional Dialect)ဖြစ်သည်။ဘာသာစကားများသည် လည်းကောင်း၊ ဘာသာစကားတစ်ခု၏အသွင်ကွဲဖြစ်သော ဒေသိယစကားများ သည်လည်းကောင်း ပြောဆိုသူတို့၏နေရာဒေသဆိုင်ရာအကြောင်းများကို ဖော်ပြနိုင်သည်။ သို့သော် ဘာသာစကားကိုလိုက်၍ ထိုအကြောင်းများ ကွဲပြားမှု အတိုင်းအတာ အမျိုးမျိုး ရှိနိုင်သည်။ သာဓကအားဖြင့် ဆွီးဒစ်(Swedish) စကား ပြောသူများသည် ဆွီဒင်(Sweden)မှ ဖြစ်ရမည်ဟု ပြောနိုင်သော်လည်း ပေါ်တူဂီ(Portuguese) စကားပြောသူများသည် ပေါ်တူဂီ(Portugal)မှ ဖြစ်ရမည်ဟု ကျိန်းသေမပြောနိုင်ပါ။ ပေါ်တူဂီစကားပြောသူသည် ဘရာဇီး(Brazil)မှလည်း ဖြစ်နိုင်သည်။ အင်ဂိုလာ(Angola)မှလည်း ဖြစ်နိုင်သည်။ မိုဇမ်ဘစ်(Mozambique)မှလည်း ဖြစ်နိုင်သည်။



အခြားနိုင်ငံများမှလည်း ဖြစ်နိုင်သည်။

ပြင်သစ်စကားပြောသူများဆိုလျှင် နိုင်ငံ ၄၀ လောက်က ဖြစ်နိုင်သည်။ အင်္ဂလိပ်စကားဆိုလျှင် နိုင်ငံ ၅၀ ကျော်အထိ ဖြစ်နိုင်သည်။ ဒေသိယစကားက ဘာသာစကားတစ်ခုလုံးထက်ပို၍ နေရာဒေသ သီးသီးသန့်သန့် ရှိသည်။ ဒေသိယစကားဟုဆိုလိုက်လျှင် ကျေးလက်ဒေသိယ(Rural form)များကိုသာ အာရုံပြုမိတတ်ကြသည်။ ဒေသိယစကားများ တိမ်ကောပျောက်ကွယ်လျက် ရှိနေပြီဟု ပြောဆိုတတ်ကြသည်။ သို့သော်လည်း မြို့ပြဒေသိယစကား (Urban Dialect)များ ယနေ့တိုးပွားနေသည်ကို သတိမမူမိကြပေ။ အချို့က ဒေသိယစကားကို အဆင့်အတန်းနိမ့်သူများပြောသောအဆင့်နိမ့် အသွင်ကွဲစကားအဖြစ် မှတ်ယူတတ်ကြသည်။ စံစကားထက် အဆင့်နိမ့်သည်ဟု ယူဆတတ်ကြသည်။ မြို့ပြတွင် သုံးနေသော စံစကားသည်လည်း အခြား ဒေသိယစကားများကဲ့သို့ပင် ဒေသိယစကား တစ်မျိုးဖြစ်ကြောင်း သတိမပြုမိဘဲ ရှိတတ်ကြသည်။ အချို့က လူအရေအတွက် အပေါက် နည်းသော အရပ်ဒေသများမှ စာအရေးအသားမရှိသော စကားများကို ဒေသိယစကားဟုနာမည်တပ်ကြသည်။

ဘာသာဗေဒအမြင်အရမူ ဘာသာစကားအားလုံးသည် နေရာဒေသအရ ဖြစ်စေ၊ လူမှုနောက်ခံအရဖြစ်စေ ဒေသိယစကားများ ကွဲပြားကြသည်ပင် ဖြစ်သည်။ ထိုအမြင်အရ လူတိုင်းလူတိုင်းသည် မြို့ပြဒေသိယဖြစ်စေ၊ ကျေးလက်ဒေသိယဖြစ်စေ၊ စံဒေသိယ ဖြစ်စေ၊ စံမဟုတ်သော ဒေသိယဖြစ်စေ၊ အထက်တန်းလွှာမှ ဒေသိယဖြစ်စေ၊ အောက်တန်းလွှာမှ ဒေသိယဖြစ်စေ ဒေသိယစကား တစ်မျိုးမျိုးကိုတော့ ပြောဆိုသည်ပင် ဖြစ်သည်။ ဘာသာစကားဖွဲ့စည်းပုံအရ ကြည့်လျှင် ဒေသိယစကားအားလုံး တန်းတူပင်ဖြစ်သည်။ ဒေသိယစကားတစ်ခုက တစ်ခုထက် အဆင့်မြင့်သည်၊ နိမ့်သည်ဟူ၍ မရှိ။ ထိုသို့ သတ်မှတ်ခြင်းသည် ဘာသာစကားကို အခြေပြုသော သတ်မှတ်ချက် မဟုတ်၊ လူမှုရေး အဆင့်အတန်းကို အခြေပြုသော သတ်မှတ်ချက်သာ ဖြစ်သည်။

ဘာသာစကားနှင့် ဒေသိယစကားကို ဘယ်လိုခွဲခြားမည်နည်း။ ထိုပြဿနာသည် အခက်ဆုံးပြဿနာတစ်ခု ဖြစ်သည်။ အပြန်အလှန် နားလည်နိုင်ခြင်း ဟူသော မှတ်ကျောက်ဖြင့် ခွဲခြားနိုင်သည်ဟု ဆိုကြသည်။ တစ်ယောက်

www.burmeseclassic.com

ပြောသောစကားကို တစ်ယောက် နားမလည်လျှင် သီးခြားဘာသာစကား များကို ပြောဆိုခြင်း ဖြစ်သည်။ ပြောဆို မှု ကွဲပြားသော်လည်း တစ်ယောက် ပြောသောစကားကို တစ်ယောက်က နားလည်လျှင် ဘာသာစကားတစ်ခု တည်း၏ ဒေသိယစကားများကို ပြော ဆိုခြင်းဖြစ်သည်ဟု သတ်မှတ်ကြသည်။ သို့သော် ထိုသတ်မှတ်ချက်သည် ထင်သလောက် မလွယ်လှပါ။ သာဓက အားဖြင့် အင်္ဂလိပ်စကားပြောသည့် ဗြိတိန်မှာပင် တစ်နေရာနှင့် တစ်နေရာ နားမလည်သည့် အခြေအနေရှိသည်။ အခြားနိုင်ငံများမှ အင်္ဂလိပ်စကားပြော သူများနှင့်ပြောလျှင် ပို၍ အခြေအနေ ဆိုးသည်။ သို့သော် ထိုသူများအားလုံး စာအရေးအသားစနစ် တစ်မျိုးတည်းကို အတူတူ သုံးနေကြသည့်အတွက် ထိုကွဲ ပြားမှုများကို ဘာသာစကားတစ်ခု တည်း၏ ဒေသိယစကားများဟု မှတ် ယူကြသည်။

တစ်ခုနှင့်တစ်ခု နေရာဒေသချင်း တစ်ဆက်တစ်စပ်တည်းရှိသော ဒေသိယစကားစဉ်တန်းကြီးတွင်လည်း အပြန်အလှန် နားလည်နိုင်မှု အတိုင်း အတာ ကွာခြားသည်။ ဒေသချင်း ကပ် လျက်ရှိလျှင် ဒေသိယစကားချင်း ကွာ ခြားမှု နည်းသဖြင့် အပြန်အလှန် နား လည်နိုင်သော်လည်း ဒေသချင်း ကပ် လျက်မဟုတ်ဘဲ ဝေးကွာလျှင်မူ ထို ဒေသိယစကားချင်း အပြန်အလှန် နားမလည်နိုင်ပါ။ ဒေသိယစကားစဉ် တန်း၏ အစွန်းနှစ်ဖက်မှ ဒေသိယ စကားနှစ်ခုမှာမူ တစ်ခုနှင့်တစ်ခု လုံးဝ နားမလည်နိုင်တော့ပါ။ သာဓကအား ဖြင့် နယ်သာလန်၊ ဂျာမနီနှင့် ဩစတြီး ယားနိုင်ငံများတစ်လျှောက် တည်ရှိနေ သော ဒေသိယစကားစဉ်တန်းကြီးတွင် အနီးကပ်ဒေသိယများ အပြန်အလှန် နားလည်နိုင်ပါသော်လည်း အရှေ့ဆွစ် ဇာလန်မှ လူများနှင့် အရှေ့ဘယ်လ်ဂျီ ယမ်မှ လူများသည် စကားကို အပြန် အလှန် နားမလည်ကြတော့ပါ။

ဘာသာစကားတစ်ခုနှင့်တစ်ခု နယ်နိမိတ်ပိုင်းခြားရာတွင်လည်း ပြဿနာများ ရှိသည်။ ဘယ်ဘာသာ စကားသည် ပထဝီဝင်အရ ဘယ်နေရာ မှ စ၍ ဘယ်နေရာမှာ ဆုံးသည် ဟု တိတိကျကျပြောရန် မလွယ်ပါ။ ဘာ သာစကားနယ်နိမိတ်နှင့် နိုင်ငံနယ်နိမိတ် တို့သည်လည်း ခြားနားပါသည်။ ဘာသာစကားတစ်ခုသည်ပင် နိုင်ငံကို လိုက်၍ ဒတ်ချ်စကားဖြစ်လိုက် ဂျာမန် စကားဖြစ်လိုက် နာမည်ပြောင်းသွား သည်။ စပိန်စကားဖြစ်လိုက်၊ ပေါ်တီဂူ စကားဖြစ်လိုက် နာမည်ပြောင်းသွား သည်။ ဆွီဒင်စကားဖြစ်လိုက်၊ နော်ဝေ စကားဖြစ်လိုက် နာမည်ပြောင်းသွား သည်။ ထိုသတ်မှတ်ချက်သည် နိုင်ငံ ရေးအရ၊ သမိုင်းအရ သတ်မှတ်ချက် သာ ဖြစ်သည်။ ဘာသာစကားအရ သတ်မှတ်ချက် မဟုတ်။

ဒေသ ဒေသိယစကားများကို စနစ်တကျ လေ့လာသော ပညာရပ်ကို ဒေသိယဗေဒ (Dialectology)၊ ဒေသိယ ပထဝီဝင် (Dialect Geography)၊ ဘာသာစကား ပထဝီဝင် (Linguistic Geography) ဟု အမျိုးမျိုး ခေါ်သည်။ သို့သော် ဝေါဟာရချင်း အဓိပ္ပာယ် ကွဲပြားမှုများ ရှိသည်။

ဒေသိယဗေဒသည် ယခင်က ဒေသ ဒေသိယစကားများကို ပဓာနပြု ၍ လေ့လာခဲ့သည်။ ယခုနှစ်များတွင် ဒေသိယဗေဒပညာရှင်များသည် ဘာ သာစကား ကွဲပြားမှု ပမာဏကို ရှင်းပြ နိုင်ရန်အတွက် လူမှုရေးနယ်ပယ်၊ ပထဝီဝင်နယ်ပယ်တို့ကို ပို၍ အာရုံပြု လာကြသည်။ ဒေသဆိုင်ရာအချက်များ အပြင် ပြောဆိုသူတို့၏ အသက်အရွယ်၊ ကျား၊ မ၊ လူမှုအဆင့်အတန်း၊ မျိုးနွယ်စု စသည့် အချက်များကို အလေးထား လေ့လာကြသည်။

ယနေ့ နိုင်ငံအများအပြားတွင် ရေဒီယို အသံလွှင့်အစီအစဉ်များ၌ ဒေသိယစကား ကွဲပြားပုံများ လွှင့်ထုတ် သည့်အစီအစဉ် ရေပန်းစားလျက် ရှိ သည်။ ဒေသိယစကား အချက်အလက် များကို သဒ္ဒါ၊ အဘိဓာန်၊ ရိုးရာပုံပြင်၊ အသုံးပြုပုံလမ်းညွှန် စသည့် ပုံစံများဖြင့် ဖော်ထုတ်လျက်ရှိသည်။ ဒေသိယစကား များကို ခေတ်ပြိုင် ပြည်သူ့ယဉ်ကျေးမှု နှင့် သမိုင်းနောက်ခံလေ့လာမှုအတွက် ပဓာနကျသော အရင်းခံများအဖြစ် မှတ် ယူကြသည်။ ဘာသာစကား ပြောင်းလဲ မှုကို လေ့လာရာတွင်လည်း ဒေသိယ စကား ကွဲပြားမှုကို ကဏ္ဍတစ်ရပ်အဖြစ် လေ့လာကြသည်။

ပညာရေးနယ်ပယ်တွင်လည်း ဒေသိယဗေဒကို အသုံးချမှုသည် အရေးပါသည်။ ကလေးများအနေနှင့် ဒေသိယစကားကို သတိမူမိခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ၎င်းတို့၏ နေရာ ကို သိမြင်ရေးအတွက် အရေးပါသည်။ ကလေးများသည် မိမိတို့ အသုံးပြုနေရ သော စံဘာသာစကားကိုရော၊ မိမိတို့၏ ဒေသိယစကားကိုပါ တန်ဖိုးထားတတ် သည့် အလေ့အကျင့်များ ဖွံ့ဖြိုးလာ စေရန် ဒေသိယဗေဒက အထောက်အပံ့ ပြုနိုင်ပါသည်။

ဒေသ ဒေသိယစကားများတွင် အသံထွက်ချင်း၊ ဝေါဟာရချင်း ကွဲပြား ခြားနားမှုများ ထင်ရှားသည်။ သဒ္ဒါ ကွဲပြားမှု အတန်အသင့် ရှိသည်။ ဒေသ ဒေသိယစကားများတွင် ရှေးကျသော စကားများကို ထိန်းသိမ်းထားတတ် သည့်အလျောက် ဘာသာစကားတစ်ခု ၏ ရှေးခေတ်သွင်ပြင်များကို ဒေသိယ စကားများတွင် တွေ့နိုင်သည်။ (သာဓကပြရလျှင် ရခိုင်၊ ထားဝယ်၊ အင်းသား၊ တောင်ရိုး၊ ဓနု၊ ယော စသည့် မြန်မာဒေသိယစကားများတွင် ပေါရာဏဟု ခေါ်သည့် ရှေးစကားများ ပါဝင်နေပြီး ယခုတိုင် အသုံးပြုလျက် ရှိနေသည်ကို တွေ့ရပါသည်။) ■

**မောင်ခင်မင်(ဓနုဖြူ)**

*Ref: David Crystal(1997).*
*The Cambridge Encyclopedia of Language Chapt 8.*

www.burmeseclassic.com

www.burmeseclassic.com

# မြင်းစွာတစ်ဖက်မြောက် ဂေါဝိန်

## သိုက်ထွန်းသက်



www.burmeseclassic.com

www.burmeseclassic.com



အမှတ် ၃၀၅၊ ဧပြီ၊ ၂၀၁၅
ရုပ်စုံမဂ္ဂဇင်း
ဝတ္ထုရှည်



www.burmeseclassic.com

www.burmeseclassic.com

၁။ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ် ကျော်က မန္တလေးမြောက်ပြင် ဥပုသ်တော်ရပ်ကွက်မှာရှိတဲ့ ကျွန်တော့်အိမ်လေးဆီကို



စာတိုက်ကနေ စာတစ်စောင် ထူးဆန်းစွာ ရောက်လာခဲ့ပါတယ်။ *'သိုက်ထွန်းသက်၊ စာရေးဆရာ သိုက်ထွန်းသက်၊ ဦးသိန်းဇော် နန်းရှေ့ဈေးအနီး၊ နန်းရှေ့ မန္တလေး'* တဲ့။ စာအိတ်ပေါ်မှာ ရေးထားတဲ့ လိပ်စာက မပြည့်မစုံ၊ နေရပ်ကအလွဲလွဲ အမှားမှား။ ဒါနဲ့များတောင် ကျွန်တော့်လက်ထဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလေတော့ တအံ့တသြနဲ့ပဲ စာအိတ်အောက်ခြေ လက်ဝဲဘက်ထောင့်က ပေးပို့သူအမည်ကို ဖတ်ကြည့်မိပါတယ်။ *'ဒေါ်ခင်သောင်းရွှေ (ဆရာမဟောင်း) မိတ္ထီလာ'* တဲ့။

စာအိတ်နောက်ကျောဘက်မှာတော့ တံဆိပ်ခေါင်းကပ်ပြီးကြောင်း အင်္ဂလိပ်စာနဲ့ ရေးထားပြီး ၂၄ · ၈ · ၉၂လို့လည်း ရက်စွဲထိုးထားရဲ့။

စိတ်လှုပ်ရှားလွန်းလို့ စာအိတ်လေးကို စိတ်ရှည်လက်ရှည် သေသေသပ်သပ် ဖောက်နိုင်စွမ်း မရှိတော့ဘဲ ကြုံသလိုဆွဲဖြဲဖွင့်လိုက်မိပါတယ်။ မျဉ်းကြောင်းပါတဲ့ လျှောက်လွှာစာရွက်နှစ်ရွက်ပေါ်မှာ ရှေ့ရောနောက်ပါ လေးမျက်နှာအပြည့်ရေးထားတဲ့ဆရာမရဲ့စာကို ကသောကမျော ဖတ်နေမိပါတော့တယ်။

စာကို စ,ဖတ်တော့ *'သို့ ···မောင်ဇော်ရေ'* လို့ အစချီရေးထားတဲ့ စာရဲ့အထက်ဘက်မှာ ခေါင်းစဉ်လေးတစ်ခု ထိုးထားတာ တွေ့ရတယ်။ ကြံ့ခိုင်တည်ငြိမ် မြတ်ဂေါဝိန်တဲ့။ ဆရာမက ၁၉၉၂ ခုနှစ်၊ ဩဂုတ်လထုတ် မဟေသီမဂ္ဂဇင်းထဲမှာ ကျွန်တော်တို့သားအဖ ဓာတ်ပုံပါ စာအုပ်သတင်းတစ်ပုဒ်နဲ့ ကျွန်တော့်ရဲ့ ဂေါဝိန် ဝတ္ထုတိုတစ်ပုဒ်တို့ကို တွေ့လို့ ဖတ်မိပြီး ရေးလိုက်တဲ့စာ ဖြစ်ပါတယ်။ ဓာတ်ပုံလေးက ကျွန်တော့်ရဲ့ ပထမဆုံး ဂျီဩမေတြီ ဂေါဝိန် ဝတ္ထုတိုစုစာအုပ် ထွက်လာလို့ စာအုပ်သတင်းနဲ့အတူ ဆရာ ဖေလင်းသစ် ထည့်ပေးခဲ့တာပါ။ အဲဒါတွေ ဖတ်ပြီး ဆရာမမှာ ဝမ်းသာဝမ်းနည်း ဖြစ်ရတယ်ကွယ်လို့လည်း ရေးထားပါတယ်။

ဒီစာကို ၂၃ နှစ်တောင်ကြာမှ အခေါက်ခေါက် ပြန်ဖတ်နေမိတယ်။ ဒီစာလေးနဲ့အတူ ၁၉၉၀ လွန် နှစ်များဆီ ပြန်လည် ရောက်ရှိသွားပါတယ်။ ဒီတုန်းက ၁၇ နှစ်ကြာ တည်ဆောက်ထားတဲ့ မိသားစုဘဝလေးဟာ မှန်လေးတစ်ချပ်လို ဖျတ်ခနဲ ကွဲသွားတယ်။ မှန်ကွဲစတွေက ကျွန်တော်နဲ့ ဥမမည် စာမမြောက် သမီးလေးနှစ်ယောက်ကို ထိရှပြီး သွေးစိမ်းရှင်ရှင် ထွက်စေခဲ့ပါတယ်။ ဒါတောင် ဘဝခြားသွားပြီဖြစ်ပါလျက်နဲ့ မကျွတ်မလွတ်သေးတဲ့ တစ္ဆေတစ်ကောင်လို စွဲလမ်းရာနောက်ဆီ တကောက်ကောက်လိုက်နေမိတယ်။ ဝမ်းသာစရာ ကောင်းတာက အဲဒီလို လိုက်နေရင်းကပဲ နှစ်ပေါင်းများစွာကြာအောင် ကွဲကွာနေခဲ့တဲ့ ဆရာမကို ပြန်တွေ့ခွင့်ရခဲ့တာပဲဖြစ်ပါတယ်။

ဆရာမတို့ကျောင်းကနေ ကျွန်တော် ကျောင်းပြောင်းသွားတော့ ကျွန်တော့်အသက်က ဆယ့်သုံးနှစ်သားလောက်ပဲ ရှိဦးမယ်။ ဆရာမက သုံးဆယ့်လေး၊ သုံးဆယ့်ငါးအရွယ်လောက်။ အခု ပြန်တွေ့ကြတော့ ကျွန်တော့်အသက်က လေးဆယ်၊ ကျွန်တော့်ဆရာမက ခြောက်ဆယ့်ငါးနှစ်။ တပည့်မိုက်က ကိုယ့်အပူမီးကို အသက်အရွယ် ကြီးရင့်နေပြီဖြစ်တဲ့ ဆရာမကြီးဆီ ကူးစက်စေခဲ့တယ်။

ဆရာမတစ်ယောက်တည်းမဟုတ်။ ကျွန်တော် ကျောင်းပြောင်းလာခဲ့တဲ့ အမှတ် (၁၇) အထက်တန်းကျောင်းက ဆရာရင်းကိုယောက်ကိုလည်း ကျွန်တော့်အပူတွေ ကူးစက်ပြီး ညနေ၊



www.burmeseclassic.com

www.burmeseclassic.com

ညနေတိုင် ကျွန်တော့်အိမ်လေးဆီ မရောက်ရောက်အောင် လာကြည့်ပေးနေရှာတယ်။ ဆရာ့အမည်က ဦးမြင့်။ ဆရာက စာရေးဆရာတစ်ယောက်လည်းဟုတ်၊ ကလောင်အမည်က မောင်ဘနောက်။ ဆရာ့အိမ်နဲ့ ကျွန်တော့်အိမ်က အိမ်ချင်းမနီးပေမဲ့ စက်ဘီးစီးပြီးလာရင် မဝေးလောက်တော့ အလုပ်လုပ်နေဆဲဖြစ်တဲ့ နန်းရွှေကျောင်းကနေ မြောက်ပြင်အိမ်ပြန်ရောက်ပြီး အမောဖြေပြီးတာနဲ့ ကျွန်တော့်အိမ်လေးဆီပဲ ရောက်လာလေ့ရှိပါတယ်။ ကျွန်တော်နဲ့ သမီးလေးတွေ အားရှိအောင် လာပေးတာဆိုပါတော့။ စကားတွေ တောင်ရောက်မြောက်ရောက်ပြောရင်း တောင်တောင်ဤဤတွေ ကျွန်တော်မတွေးဖြစ်အောင် နေပေးတာပါ။ အပူမီးကို ကူငြိမ်းပေးတဲ့ ကျွန်တော့်ဆရာဆီ ကျွန်တော့်အပူတွေ ဘယ်လောက် ကူးစက်ပြီး စိတ်ဆင်းရဲနေရှာမလဲဆိုတာကို အဲဒီတုန်းက မစဉ်းစားခဲ့မိတာလည်း အမှန်။

ဆရာ ဦးမြင့်က နာမည်တစ်ခုပြောတယ်။ အဲဒီနာမည်ကို ကျွန်တော် မေ့နေခဲ့ပြီ။ အဲဒီလူက ရွှေကောက်ပွဲကော်မရှင် အဖွဲ့ဝင်တဲ့။ ရွှေကောက်ပွဲပြီးရင် စစ်တန်းလျား ပြန်ပါမယ်လို့ ဗိုလ်ချုပ်မှူးကြီး စောမောင် ကတိပေးပြီး ကျင်းပခဲ့တဲ့ ၁၉၉၀ ခုနှစ် အထွေထွေ ရွေးကောက်ပွဲကြီးတုန်းက ရပ်ကွက်ကော်မရှင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့တဲ့ သူတစ်ယောက် ဆိုပါတော့။ သူက သမီးတို့အမေရပ်ကွက်ကောင်စီ ရုံးစာရေးမနဲ့အတူ ရွေးကောက်ပွဲကော်မရှင်မှာ အတူလုပ်ခဲ့ကြတဲ့ လုပ်ဖော်ကိုင်ဖက်တစ်ယောက်လည်း ဖြစ်ပါတယ်။ သူ့အိမ်က ဆရာတို့ကျောင်းနားမှာ။ ကျွန်တော်လေ ကိုယ်နဲ့ သူစိမ်းပြင်ပြင်ဖြစ်သွားပြီဖြစ်တဲ့ သူတစ်ယောက်အကြောင်း အဟောင်းဟောင်းများကို ပြန်မကြားကောင်းဘူးရယ်လို့ မဆင်ခြင်နိုင်လောက်အောင် ရေလိုက်လွှဲနေခဲ့မိတယ်။ သွားသင့်သလား၊ မသွားသင့်ဘူးလား မစဉ်းစားနိုင်ခဲ့ဘဲ အဲဒီလူရဲ့ အိမ်ပေါက်ဝအထိ အရောက်သွားပြီး မိတ်ဆက်မိတာကို ခုနေ ပြန်စဉ်းစားပြီးလည်း ရှက်ဖွယ်လိလိ ဖြစ်ခဲ့ပါတယ်။

ဆရာ ဦးမြင့် ကျွန်တော့်အိမ်ရောက်လာတော့ အဲဒီလူရဲ့ အိမ်ကို သွားခဲ့မိတဲ့အကြောင်း ပြောပြဖြစ်တယ်။ ဆရာက ဘာလို့ သွားရတာလဲဆိုပြီး ကျွန်တော့်ကို ဆူပါတယ်။ ပြီးတော့မှ မင်း ခင်မျိုးမြင့်ရွှေနဲ့ရော တွေ့ခဲ့လားလို့ မေးပါတယ်။ ကျွန်တော်က ခင်မျိုးမြင့်ရွှေဆိုတာ ဘယ်သူလဲ ဆရာလို့ မေးတော့ အဲဒီလူရဲ့ ဇနီးတဲ့။ ဒီတော့မှ အဲဒီနာမည်ကို ကျွန်တော်သိတယ်ဆရာ။ ခင်မျိုးမြင့်ရွှေဆိုတာ ကျွန်တော့် သူငယ်ချင်းပဲ။ သူ့အမေနဲ့ သူ့အဘိုး သင်တဲ့ကျောင်းမှာ ကျွန်တော် ငါးတန်းအထိ နေခဲ့တာလို့ ပြန်ပြောမိတယ်။ ဆရာက ဟုတ်မယ်။ သူ့အမေကြီးကလည်း ကျောင်းဆရာမကြီးပဲ။ သူနဲ့အတူနေတယ်လို့ ကျွန်တော့်စကားကို အတည်ပြုပေးတယ်။

ကျွန်တော် အဲဒီအိမ်ဆီ တစ်ခေါက်ရောက်သွားပြန်တယ်။ အိမ်ရှေ့မှာ စက်ဘီးရပ်လိုက်တာကို လှမ်းမြင်တဲ့ ကော်မရှင် လူကြီးမင်းရဲ့ မျက်နှာက စိတ်ရှုပ်ထွေးသွားတဲ့ပုံပဲ။ မနေ့က တစ်ခေါက်လာခဲ့တဲ့ ဒီလူ လာပြန်ပြီလားဆိုတဲ့ အတွေးနဲ့ လှမ်းကြည့်နေတာ။ ဒါပေမဲ့ သူ့ဧည့်သည်ပဲဆိုပြီး ထွက်ကြိုဖော်တော့ ရပါတယ်။ ဒါပေမဲ့ သူ့ဧည့်သည်မဟုတ်တော့တဲ့ ကျွန်တော်က ကိုအဟ့ာကို ခင်ဗျားဆီလာတာ မဟုတ်ဘူး၊ ဆရာမ ဒေါ်ခင်မျိုးမြင့်ရွှေဆီ လာတာ။ ဒေါ်ခင်မျိုးမြင့်ရွှေ ရှိလားလို့ ပြောထွက်သွားတယ်။ ကျွန်တော့်အသံကြားလို့ ထင်ပါရဲ့ အိမ်ထဲက အမျိုးသမီးတစ်ယောက် ထွက်လာတယ်။ သူ့မျက်နှာ မြင်မြင်ချင်း ကျွန်တော့်သူငယ်ချင်း ခင်မျိုးမြင့်ရွှေမှန်း သိလိုက်ပေမဲ့ သူက ကျွန်တော့်ကို မသိဘူးဘဲ တွင်တွင်ငြင်းနေတယ်။ ငါ သိန်းဇော်လေ၊ နင်တို့ကျောင်းမှာ အတူနေခဲ့တာလို့ ပြောလည်းမရ။ အဲဒါနဲ့ ဆရာမကြီးရှိလားလို့ မေးရတယ်။ အဲဒါကိုတော့ အိမ်နောက်ဘက်ပိုင်းဆီ မေးဆတ်ပြပြီး ဖြေတယ်။ ကျွန်တော်လည်း ဝင်းထရံနဲ့ အိမ်ကြားက လွတ်နေတဲ့ လမ်းလေးအတိုင်း အိမ်နောက်ထဲဆီ ဝင်သွားလိုက်တယ်။ အိမ်နောက်ဘက်ပိုင်း ဝင်းထရံဘေးနားမှာ ပက်လက်ကုလားထိုင်တစ်လုံးနဲ့ ထိုင်နေတဲ့ အဘွားအိုတစ်ယောက်ကို တွေ့ရတယ်။ ဆရာမ ဒေါ်ခင်သောင်းရွှေပဲ။ ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်နေတဲ့ ဆရာမက ငယ်ငယ်တုန်းကထက် ပို ဝ,လာတယ်။ ခေါင်းပေါ်က ဆံပင်တွေလည်း ဖွေးပြီး ပါးနေပြီ။ ကျွန်တော့်ကို မော့ကြည့်တဲ့ မျက်လုံးတွေကလည်း ငယ်ငယ်တုန်းကလို ဝင်းလက်တောက်ပမနေတော့ဘူး။ မျက်လုံးတွေ အားနည်းမှိန်ဖျော့နေသလို ဘယ်သူလဲလို့ မေးလိုက်တဲ့ လေသံကလည်း ခပ်သဲ့သဲ့လေးပဲဖြစ်တယ်။ ကျွန်တော် သိန်းဇော်လေ ဆရာမ၊ ဆရာမ မှတ်မိတယ် မဟုတ်လားဆိုတဲ့ စကားကို အနားမှာထိုင်ပြီး ပြောလိုက်တဲ့အခါ ကျွန်တော့်လက်ကို ဆုပ်ကိုင်ထားတယ်။ ဦးသိန်းတန်၊ ဒေါ်တင်တင်ငြိမ်းသားလေ။ အဲ… ဦးအေးမောင်၊ ဒေါ်တင်မေသားလေ ဆရာမ။ စကားကို ချက်ချင်း ပြင်ပြောတဲ့ ကျွန်တော့်ကို မော့ကြည့်ရင်း ဆရာမ ပြုံးရှာတယ်။ သူတို့ရော နေကောင်းကြရဲ့လားလို့ ကျွန်တော့်မိဘအရင်းနဲ့ မွေးစားမိဘများကို မေးလိုက်တယ်။ အဖေ ဦးသိန်းတန်တစ်ယောက်ပဲ ကျန်တော့တယ် ဆရာမ။ အားလုံး မရှိကြတော့ဘူး။ ဆရာမက သက်ပြင်းတစ်ချက် ရှိုက်လိုက်တယ်။ အေးလေ နှစ်တွေက ကြာခဲ့ပြီပဲလို့ တိုးတိုးလေး ပြောတယ်။

အဲဒီနောက်တော့ ဆရာမက ရိုက်မစစ်ရပါဘဲလျက် နုတ်သံနှောမိပြန်တယ်။ ဆရာမကို အပူတွေ ပေးလိုက်မိပြန်ပေါ့။ ဆရာမ မျက်ရည်ကျတာ မြင်ရတော့မှ မှားမှန်း သိလိုက်တယ်။ ချက်ချင်း စကားဖြတ်ပြီး ယူလာတဲ့ စံပယ်ဖြူမဂ္ဂဇင်းစာ

www.burmeseclassic.com

အုပ်ကို ထုတ်ပြပြီး အဲဒီထဲမှာ ကျွန်တော်ရေးတဲ့ **ကိတ္တိမ အလွမ်း**ဆိုတဲ့ ဝတ္ထုလေးပါ ကြောင်းနဲ့ ဆရာမ ဖတ်ရအောင် ထားခဲ့မယ်ဆိုတဲ့ အကြောင်း ပြောပြီး ဆရာမကို - ကန်တော့လိုက်တယ်။ ဆရာမက ဆုတွေအကြာကြီး ပေးနေပါသေးတယ်။ ကျွန်တော့်မျက်ဝန်းထဲမှာလည်း စိုစွတ်နေတယ်။ အိမ်ရှင်လင်မယားကို နှုတ်ဆက်ပြီး အဲဒီအိမ်ဝင်းထဲက ထွက်လာတော့ ကျွန်တော့်တစ်ကိုယ်လုံး ပေါ့ပါးသွားတယ်။ ခံစားနေရတဲ့ ပီယေဟိ ဝိပ္ပယောဂေါဒုက္ခောလည်း ဘယ်ရောက်သွားမှန်း မသိတော့ဘူး။

အဲဒီနောက်လည်း ဆရာမဆီ မရောက်ဖြစ်တော့ဘူး။ ကော်မရှင်လူကြီးမင်းကိုလည်း သွားမတွေ့တော့ဘူး။ ခင်မျိုးမြင့်ရွှေနဲ့တော့ နောက်တစ်ပတ်အကြာမှာ မျက်နှာချင်းဆိုင်သွားတိုးတယ်။ သမီးငယ်လေးသင်္ချာ ရည်ချွန် စာမေးပွဲဖြေဖို့ စာမေးပွဲစစ်တဲ့ကျောင်းကို လိုက်ပို့ရင်း သူနဲ့တွေ့တာ။ ဟော့ကောင် သိန်းဇော်တဲ့။ မမှတ်မိဘူးဆိုတဲ့ သူကပဲ စ,နှုတ်ဆက်တာ။ နင် ငါ့ကို အခုမှတ်မိပြီလားလို့ မေးလိုက်တော့ မှတ်မိတာပေါ့။ နင့်မျက်နှာ ခွေးချီသွားတောင်မှတ်မိတယ်။ အမြင်ကတ်လို့ မသိဘူးပြောလိုက်တာရယ်လို့ မျက်စောင်းချီရင်း ပြောတယ်။ ကျွန်တော်က ငါသိပြီ ငါသိပြီ၊ နင့်ယောက်ျားက တောင်မေးမြောက်မေး လုပ်နေမှာစိုးလို့ မဟုတ်လား။

> မျိုးချစ်စိတ်ဓာတ်
> ရှိရမယ်လို့တော့
> တစ်လျှောက်လုံး
> ဟောနေတာပဲ
> ဒါပေမဲ့
> မိုလ်ချုပ်
> အောင်ဆန်း
> နာမည်တောင်
> ဆရာ
> ဆရာမတွေ
> ကျောင်းထဲမှာ
> ကျယ်ကျယ်
> မပြောရဲအောင်
> လုပ်ထားခဲ့တဲ့
> ကာလတစ်ခု
> ရှိခဲ့တာက
> ဘာမှ
> မကြာသေးဘူး

မိန်းမတွေများ ဉာဏ်ချည်းပဲလို့ ပြန်ပြောလိုက်တဲ့အခါကောင်စုတ်၊ နင်သာ ဉာဏ်မရှိလို့ ခံလိုက်ရတာလို့ ကျွန်တော့်ကို ပြန်နှက်တယ်။

အဲဒါက ၁၉၉၁ ခုနှစ်ထဲမှာ။ ဆရာမရေးလိုက်တဲ့စာ ကျွန်တော့်ဆီ ရောက်လာတာက နောက်တစ်နှစ် ၁၉၉၂ ခုနှစ်။ ခင်မျိုးမြင့်ရွှေတို့အိမ်ကနေ မိတ္ထီလာကို ပြောင်းသွားခဲ့တာပေါ့။ မိတ္ထီလာမြို့ ဆရာအတတ်သင်သိပ္ပံ အရှေ့ဘက်မှာ သမီးလေး ခင်မိုးစန္ဒာရွှေနဲ့အတူ အိမ်ငှားနေနေတဲ့ အခိုက် ဖြစ်ပါတယ်။

ကြာပြီ။ ကြာခဲ့ပါပြီ။ နှစ်ပေါင်း အစိတ်လောက်တောင် ရှိလောက်ပါပြီ။

❑

၂။

လွန်ခဲ့တဲ့ နှစ်ပေါင်း အစိတ်ခန့်က မိတ္ထီလာမြို့ကနေ ဆရာမရေးလိုက်တဲ့ စာလေးတစ်စောင်ကို စာပေါင်းစုအိတ်ကြီးထဲကနေ သွန်ချမွှေနှောက် ရှာဖွေတွေ့ရှိတဲ့အချိန်မှာ ကျွန်တော့်အသက် ၆၃ နှစ် ရှိပါပြီ။ ဆရာမလည်း သက်ရှိထင်ရှား ရှိနေဦးမယ်ဆိုရင် အသက် ၉၀ ကျော်ရောပေါ့။

ဧရာဝတီမြစ်ရေ အလျဉ်က တသွင်သွင် စီးဆင်းနေဆဲပါဆရာမ။ မနေ့က ဂေါဝိန်ဆိပ်ကမ်းကို ထိကပ်ရိုက်ပုတ်နှုတ်ဆက်ထွက်ခွာသွားတဲ့ မြစ်ရေဟာ ဒီနေ့မြစ်ရေမှ မဟုတ်တော့တာပဲကလား။ ဒီနေ့မြစ်ရေဆိုတာတောင် စက္ကန့်နဲ့အမျှ ပြောင်းလဲနေမင့်ဟာကို။ ပြောရရင် လွန်ခဲ့တဲ့ နှစ်ပေါင်း အစိတ်လောက်က ကျွန်တော့်ခန္ဓာကိုယ်မှာ စွဲလောင် နှိပ်စက်ခဲ့တဲ့ အပူတွေ လုံးဝ မရှိတော့ပါဘူး။ ဒါပေမဲ့ ကျွန်တော့်ရဲ့ နှလုံးအိမ်ထဲအထိ နက်ရှိုင်းစွာ ထိခိုက်နေတဲ့ ခံစားချက်တွေကတော့ တစ်နေ့ထက်တစ်နေ့ ကင်ဆာရောဂါဆိုးလို အမြစ်တွယ် ပွားများနေပါတော့တယ်။ ပုဂ္ဂလိက ခံစားချက်တွေလားဆိုတော့ လုံးဝ မဟုတ်ပါဘူး ဆရာမ။ မြန်မာတစ်နိုင်ငံလုံးက ပြည်သူတွေ ခံစားနေရတဲ့ ခံစားချက်ပါပဲ။ ကိုယ့်အသက်အရွယ်နဲ့အမျှ ကြုံတွေ့ဖြတ်သန်း နားလည်သဘောပေါက်လာတဲ့ ဘဝပေးအသိနဲ့အတူ အရှေ့တောင်အာရှမှာသာမက အာရှတိုက်တစ်ခုလုံးအတွင်း လင်းလက်ထည်ဝါခဲ့တဲ့ ကိုယ့်အမိနိုင်ငံကြီးဟာ ကမ္ဘာ့အလယ်မှာ ရှက်ဖွယ်လိလိ အခြေအနေဆိုးတွေနဲ့ ကြုံတွေ့နေရတဲ့အပေါ်မှာ အခြေခံတဲ့ စိတ်သောကဖြစ်ရမှုတွေပါပဲ ဆရာမ။ နှစ်ပေါင်း ၆၀ ကျော်အတွင်း ရောဂါမျိုးစုံနဲ့ ကျွန်တော့်ခန္ဓာကိုယ် တဖြည်းဖြည်း ဆုတ်ယုတ်ချည့်နဲ့လာတဲ့အတိုင်း ကိုယ့်အမိနိုင်ငံကြီးကို တစ်ထပ်တည်း မြင်နေရရင်း ရောဂါတွေ ပိုဆိုးလာသလိုပဲ ဆရာမ။ အဲဒီခံစားချက်နဲ့ပဲ ကျွန်တော့်ဆီ ဆရာမ စာရေးခဲ့တဲ့ စာလေးတစ်စောင်ကို မတွေ့တွေ့အောင် ပြန်ရှာပြီး အခေါက်ခေါက် ဖတ်နေမိပြီပါတယ်။

ဆရာမက ကျွန်တော် ဖြတ်သန်းခံစားခဲ့တဲ့ ဂေါဝိန်ကို သူလည်း ဖြတ်သန်းခံစားခဲ့ရပါတယ်တဲ့။

'ငါ ဆယ်နှစ်လောက်မှာ ဖေဖေဆရာကြီး ဦးသိန်းဘောက ငါ့ကို ဂေါဝိန်ဘက် လမ်းလျှောက်ခေါ်သွားတယ်၊ ဧရာဝတီမြစ်ကို နောက်ခံ ဆောက်ထားတဲ့ ဂေါဝိန်ဆိပ်က ကျူးကျော်တဲလေးတွေကို လက်ညှိုးထိုးပြပြီး အဲဒီတဲထဲကလူတွေရဲ့ ဘဝကို ငါ စာနာတတ်အောင် သွန်သင်ပေးတယ်။ ဒီလူတွေရဲ့ စားဝတ်နေရေးက ဘယ်လို၊ ထမင်းတစ်လုတ်စားဖို့ ဆင်းပင်ပန်းအောင် လုပ်ရတာ ဘယ်လိုဆိုပြီးပေါ့ မြစ်ဘက်



www.burmeseclassic.com

www.burmeseclassic.com

ထိုး ဆောက်ပေးနေထိုင် အညစ် အကြေးစွန့်လို့ သူတို့ကျန်းမာ ရေးဘေနေ မြို့သူမြို့သားတွေ ရဲ့ ကျန်းမာရေးအထိ ထိခိုက် ခံတာယ်ဆိုတာရော၊ သူကိုယ် တိုင် ပါဝင်ပြုပြင် ထိန်းသိမ်း ခဲ့တဲ့ တာရိုးကြီး ပျက်စီးသွား ပြီး မြစ်ရေကြီးတဲ့အခါမှာ အန္တရာယ် ကျရောက်နိုင်တယ် ဆိုတာရောပေါ့'။

'ပြီးတော့ မြန်မာဘုရင် ခေါက်ကို အင်္ဂလိပ်တွေက ဘယ်လိုဖမ်းသွားခဲ့တယ်ဆို တာ ပြောပြတော့ ဇာတိမာန် စိတ်တွေ တဖွားဖွား တက် လာခဲ့လို့ ငါလည်း လွတ်လပ် ရေးဟောသံဃ အဖွဲ့နဲ့ရော၊ ခေါက်တာဘမော်အဖွဲ့နဲ့ရော၊ သခင်နု၊ သခင်သန်းထွန်း၊ သခင်စိုး စတဲ့ နိုင်ငံရေး ခေါင်းဆောင်တွေ ဦးဆောင် တဲ့ နိုင်ငံရေးလုပ်ငန်းတွေနဲ့ ရော၊ အင်္ဂလိပ်လက်အောက် ခံအောက်တော်လှန်ရေးနဲ့ပါ ပါဝင်ခဲ့တယ်။ ငါတရားတွေ ဟော၊ စာတမ်းတွေဖတ်၊ ဆောင်ကျနဲ့ လှုပ်ရှားခဲ့တယ်။ ဒီတုန်းက ဂေါဝိန်ကမ်းနား ဈေး တောင်ဘက်က တာရိုး ကြီးပေါ်မှာ ကုလားဘုန်းကြီး ဆာဒူးကြီးနေတဲ့ ညောင်ပင် ကြီးထိ လမ်းလျှောက်ရင်း ဖေဖေက ဇာတိမာန်စိတ်တွေ သွင်းပေးခဲ့တာပေါ့။ သူက လည်း ဂျီစီဘီအေခေတ်က တည်းက စပြီး နိုင်ငံရေးလုပ် ခဲ့တဲ့သူလေ။ သူဖွင့်ထားတဲ့ ကျောင်းကိုက အင်္ဂလိပ်မြန်မာ နှစ်ဘာသာသင်တဲ့ ဗုဒ္ဓဘာ သာ သာသနာပြုအထက် တန်းကျောင်း(AVBM)ဆိုတာ မင်းနေခဲ့တဲ့ကျောင်း မင်းသိ မှာပေါ့။ ဘာသာရေး မတိမ် ကောရအောင် မြန်မာကလေး တွေကို သိမ်းသွင်းပြီး စာ သင်ပေးခဲ့တယ်။ မြန်မာ ကလေးတွေ ဘုရားရှိခိုးကြတဲ့ အခါ တခြားဘာသာဝင် ကလေးတွေက လက်ပိုက်ပြီး နေစေရတယ်လေ'။

ဆရာမ ဒေါ်ခင်သောင်း ရွှေရဲ့ဖခင် ဆရာကြီး ဦးသိန်း ဘေ တည်ထောင်ဖွင့်လှစ်တဲ့ ဗုဒ္ဓဘာသာ သာသနာပြု အထက်တန်းကျောင်းက မန္တလေး စိန်ပန်းရပ်ကွက် ဝွမ်းရုံဈေးဟောင်းအနီးမှာ ရှိပါတယ်။ ဆရာကြီးမိသားစု နေတဲ့အိမ်မှာပဲ ကျောင်းအဖြစ် ဖွင့်ထားပြီး သူငယ်တန်းကနေ ဆယ်တန်းအထိ ပညာသင် ပေးပါတယ်။ ကျောင်းသား ကျောင်းသူပေါင်း ၄၀ လောက် ရှိပါတယ်။ အဲဒီ ကျောင်းသားတွေကို ဆရာ ကြီးနဲ့ဆရာမ နှစ်ဦးတည်း ဒိုင်ခံသင်ပေးတာ ဖြစ်ပါ တယ်။

ဆရာမစာထဲမှာပါတဲ့ အတိုင်း ကျောင်းတက်ရင် ဘုရားရှိခိုးရပါတယ်။ ပြီးရင် ဆရာကြီးစားပွဲရှေ့မှာ အား လုံး ဝိုင်းထိုင်ပြီး ဆရာကြီး ပြောပြတဲ့ မှတ်သားစရာ စကားတွေကို နားထောင်ရပါ တယ်။ ဆရာကြီးက ဘုရား အလောင်းတော် မဟောသဓာ ဇာတ်တော်ကြီး ဒါမှမဟုတ် ဝေဿန္တရာဇာတ်တော်ကြီး စာအုပ်တစ်အုပ်ကိုင်ပြီး တစ် နေ့တစ်ခန်းလောက် နည်း နည်းချင်း ပြောပြတတ်ပါ တယ်။ တစ်ခါတစ်ခါကျ ငါးရာ့ငါးဆယ်နိပါတ်တော် တွေထဲက အကြောင်းအရာ တွေကိုလည်း ပြောပါတယ်။ မြန်မာ့သမိုင်းထဲက သူရဲ ကောင်းတွေအကြောင်းလည်း ပြောတတ်ပါတယ်။ လွတ် လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တော်လှန်ရေးနေ့၊ မေဒေးနေ့နဲ့ အာဇာနည်နေ့တို့ နီးလာရင် လည်း မြန်မာ့လွတ်လပ်ရေး တိုက်ပွဲသမိုင်းနဲ့ ပတ်သက် တာတွေ၊ နယ်ချဲ့အစိုးရလက် ထက်မှာ တောင်သူလယ် သမားတွေ၊ အလုပ်သမား တွေ၊ တိုင်းရင်းသားပြည်သူ တွေ ဘယ်လောက် ဒုက္ခ ရောက်ကြတယ်ဆိုတဲ့အကြောင်း တွေ၊ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ အာဇာနည် ခေါင်းဆောင်ကြီးတွေရဲ့ ဆောင်ရွက်ချက်တွေကို မမော နိုင်၊ မပန်းနိုင် ပြောပြတတ်ပါ တယ်။ အဲဒီလိုပြောတိုင်း ရွှေ ကိုင်းမျက်မှန်အောက်က ဆရာကြီးရဲ့ မျက်လုံးတွေက အခါတိုင်းနဲ့မတူဘဲ တစ်မျိုး ဖြစ်နေတတ်တယ်။ သာမန် အချိန်တွေမှာ ကျောင်းသား တွေကိုကြည့်တဲ့ ဆရာကြီး မျက်လုံးတွေဟာ အေးချမ်း ပြီး ကရုဏာအငွေ့အသက် တွေ လွှမ်းနေတတ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ စာမရ တဲ့အခါ၊ ကျက်ခိုင်းထားတဲ့ စာတွေ အလွတ်မပြန်နိုင်တဲ့ အခါကျ စောစောက အေး ချမ်းနေတဲ့ ဆရာကြီးမျက်လုံး တွေ တစ်မျိုးဖြစ်သွားတတ် တာကို ကြိမ်လုံးသေးသေး လေးနဲ့အတူ တွဲမှတ်မိနေတဲ့ ကျွန်တော့်အဖို့ ဆရာကြီး ပုံ ပြောချိန်မှာ တွေ့ရတတ်တဲ့ ထူးဆန်းသော မျက်လုံးများ ကိုလည်း ယခုတိုင် အမှတ်ရ နေမိပါတယ်။

'ဂေါဝိန်တာရိုးကြီး ပေါ်မှာ ဝေလမင်းသားလာ စဉ်က ကမ်းလုံးညွတ်သမျှ စည်ကားခဲ့တာကို ဖေဖေပြော ပြမှ သိရပေမဲ့ သူ့အစ်ကို ဦးဝိလာသဆရာတော် မကွေး ထောင်ကနေ အင်္ဂလိပ်အပြေး မှာ လွတ်လာတော့ အဲဒီ ဂေါဝိန်မှာပဲ အဖေအမေနဲ့အတူ သပြေပန်းတွကိုင်ပြီး ကြိုဆိုခဲ့ တာကို မှတ်မိသေးတာပေါ့။ အဲဒီတုန်းက ဆရာမအသက် က ၁၄ နှစ်ထဲပဲ ရှိဦးမယ်။ အဲဒီနေ့က သခင်နုလည်းပဲ ထောင်ကလွတ်လာလို့ ဆရာ တော်ဆင်းပြီးနောက် သူ လည်း ဆင်းလာတာ တွေ့ရ တယ်။ ဆရာတော်က ဖေဖေ နဲ့ သူ့တပည့်တွေ အစီအစဉ်နဲ့ သံလျက်မှော်ရပ်၊ ခရေပင် ကျောင်းတိုက်ကို ကြွခဲ့တယ်။ အဲဒီမှာလည်း ဗိုလ်ချုပ် နေဝင်းရဲ့ညီ ကိုလှထွန်းက ဖျားနေတယ်။ စစ်က အရေး ကြီးတော့ သူ့အစ်ကို ဂရု မစိုက်နိုင်ဘူး။ ဖေဖေပဲကြည့် ပေးရတယ်။ ဆရာတော် တောင်ပန်းဆွဲ ကြက်ချောင်း သုံးဆယ်ကိုပြန်ဖို့ ဗိုလ်ချုပ် နေဝင်းတို့ စီစဉ်ပြီး ဗိုလ်ချုပ် အောင်ဆန်းက ပြန်ခေါ်သွားရ တာပေါ့။ ဆရာတော်က အင်္ဂလိပ်ရန်သူ နံပါတ် ၁၂ ပေါ့။ အခုတော့ ပျံတော်မူပါ ပြီ'။

'အဖေလည်း တို့ဗမာ အစည်းအရုံးအနောက်နယ်မှူး အနေနဲ့ စစ်သားစုဆောင်း လိုက်တာ တော်တော်များများ ရတယ်။ ငါတော့ မင်းအစ်ကို ဗိုလ်မှူးချစ်ခွေတစ်ယောက်ကို ပဲ မှတ်မိတော့တယ်။ သူက လည်း ဘီအိုင်အေဖျက်သိမ်း လို့ ဘီဒီအေပြန်အဖွဲ့မှာ တို့က



www.burmeseclassic.com

www.burmeseclassic.com

လက်ခံပေးလိုက်ရတယ်လေ။ သူကတော့ မော်ကွန်းဝင် ပထမအဆင့် ဖြစ်သွားပါတယ်'။

ဗိုလ်ကြီးချစ်ရွှေက ဆရာမရဲ့ ခင်ပွန်းပါ။ တာဝန်ကျရာ တပ်မတော်မှာ နေရမယ့် ဗိုလ်ကြီးချစ်ရွှေနောက်ကို ဆရာမ လိုက်မနေနိုင်ပါဘူး။ ဗိုလ်ကြီးချစ်ရွှေ ပြန်လာတဲ့အခါမျိုးမှာတော့ ကျွန်တော်တို့ ကျောင်းသားတွေက ဆရာမနဲ့ စာမသင်ရလို့ အူမြူးနေတတ်ကြပါတယ်။ ဗိုလ်ကြီးလည်း ပြန်သွားပြီး သုံးလလောက် ကြာတဲ့အခါ ဆရာမ ဗိုက်ကလေးလည်း ပူလာပါရော။ ဆရာမ မီးဖွားရင်လည်း ကျွန်တော်တို့ တစ်ခါ ပျော်ရပြန်ပါတယ်။ ကျွန်တော်တို့က အရိုက်ကြမ်းတဲ့ဆရာမ စာသင်တာထက် ရိုက်ရမယ်ဆိုရင်တောင် ကြိမ်လုံးလေးနဲ့ အသာအယာပဲ ရိုက်တတ်တဲ့ ဆရာကြီးနဲ့ပဲ စာသင်ချင်ကြတာကိုး။

ဆရာကြီး ဦးသိန်းဘေက အရပ်အမောင်းက သိပ်မမြင့်ဘူး။ ခပ်ပြတ်ပြတ်ရယ်။ အသားအရေက ဝါဝင်းပြီး ကျက်သရေရှိတယ်။ ဆံပင်ဖြူဖွေးဖွေးကို ခပ်ပါးပါးညှပ်ထားတယ်။ အပြင်သွားစရာရှိရင်တော့ ခေါင်းပေါင်းနဲ့၊ တိုက်ပုံနဲ့၊ ပိုးလုံချည်နဲ့။ ဆရာကြီးတို့၊ ဆရာမတို့နဲ့ ကျွန်တော်တို့ကျောင်းသားတွေ ကျောင်းအပြင်မှာ အမှတ်တမဲ့ ဆုံတွေ့ကြပြီဆိုရင် ဘယ်နေရာတွေ့တွေ့ ထိုင်ကန်တော့ရတာလည်း မှတ်မိနေပါတယ်။

တစ်ခါတော့ ဆရာမက ဝပ်အစ်ယူအာနိမ်းလို့ မေးတယ်။ ကျွန်တော်က မိုင်နိမ်းအစ် သိန်းဇော်လို့ဖြေတယ်။ ဆရာမက ဝပ်အစ်ယူအာဖားသားစ်နိမ်းလို့ ထပ်မေးတယ်။ ကျွန်တော်က မိုင်ဖားသားစ်နိမ်းအစ် ဦးသိန်းတန်လို့ ဖြေတယ်။ ဆရာမက နိုးနိုး ယူအာဖားသားစ်နိမ်းအစ် ဦးအေးမောင်လို့ ပြောတယ်။ ပြီးတော့ အမေနာမည်ကိုလည်း ဆက်မေးတယ်။ ကျွန်တော်က ဒေါ်တင်တင်ငြိမ်းလို့ ဖြေတော့ ခုံပေါ်ကို ကြိမ်လုံးနဲ့ ဖြန်းခနဲရိုက်ပြီး ဒေါ်တင်မေလို့ ပြင်ပြောခိုင်းတယ်။ ကျွန်တော် တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေတော့ ကြိမ်လုံးကို တဖြန်းဖြန်းဆက်ရိုက်တယ်။ ကြောက်တော့ ကျွန်တော်ငိုတယ်။ ငိုပေမဲ့ ဆရာမက သူခိုင်းတဲ့အတိုင်း ကျွန်တော်ပြောအောင် ဆက်လုပ်တယ်။ အဲဒီအကြောင်းကို အမေသိသွားတော့ ကျောင်းကို လိုက်လာပြီး ဆရာမနဲ့ တွေ့တယ်။ အမေနဲ့ ဆရာမ စကားတွေအများကြီး ပြောကြတယ်။ နောက်တစ်နေ့မှာ မိဘကျေးဇူးမသိတဲ့ ကလေးတစ်ယောက်အကြောင်း ပုံပြင်တစ်ပုဒ် ကျောင်းသားတွေကို ပြောပြပြီး ကျွန်တော့်ကို သွယ်ဝိုက်ဆုံးမတော့ ကျောင်းသားတွေကြား အရှက်ရခဲ့တာလည်း မှတ်မိနေခဲ့တယ်။ အဲဒီအကြောင်းတွေကို ကိတ္တိမအလွမ်းဆိုတဲ့ ဝတ္ထုလေး ရေးဖြစ်ခဲ့တယ်။

ဆရာမနဲ့ ပြန်ဆုံရတဲ့နေ့မှာ အဲဒီဝတ္ထုပါတဲ့ စံပယ်ဖြူမဂ္ဂဇင်းကို ဆရာမလက်ထဲ ထည့်ပြီး ဆရာမကို ကန်တော့ခွင့်ကြုံခဲ့တယ်။

အဲဒီအကြောင်းကိုလည်း 'ဘဝသံသရာထဲမှာ အနန္တော အနန္တ ငါးပါးဂုဏ်ကျေးဇူးကို မမေ့အပ်ဘူးကွယ့်။ မင်းကို မေ့နေလို့ ပြောတာ မဟုတ်ပါဘူး။ မင်းလက်ဆောင်ပေးခဲ့တဲ့ မဂ္ဂဇင်းထဲက ဝတ္ထုလေးကိုဖတ်ပြီး သြော် ငါ့စေတနာ ဝေဒနာ ဖြစ်ခဲ့ရပါလားဆိုပြီး ဝမ်းနည်းနေမိတယ်။ ငါ ဒေါသကြီးခဲ့ပေမဲ့ မဟုတ်တာတစ်ခုမှ ခုရွယ်အထိ မလုပ်ခဲ့ပါဘူးကွယ်'လို့ ရှင်းပြတယ်။

ဆရာမမှာ ခင်နေဝင်းရွှေ၊ ခင်မျိုးမြင့်ရွှေ၊ ခင်စိုးတင့်ရွှေ၊ ခင်မောင်မောင်ရွှေ၊ ခင်မိုးစန္ဒာရွှေဆိုတဲ့ သားတွေ သမီးတွေ မွေးခဲ့တယ်။ ဒီစာရေးတော့ သမီးငယ်လေးနဲ့ မိတ္ထီလာမှာ အိမ်ငှားနေတယ်တဲ့။ ကျန်တဲ့သားသမီးတွေ ဘယ်မှာနေကြတယ်ဆိုတာ ကျွန်တော် မသိဘူး။ ဆရာမရဲ့ခင်ပွန်း ဗိုလ်ကြီး ချစ်ရွှေလည်း ကွယ်လွန်သွားခဲ့ပြီ။ ဆရာကြီးတို့၊ ဆရာမတို့ လေးစားချစ်ခင်တဲ့ ဗိုလ်ချုပ်အောင်ဆန်းလိုပဲ စွန့်ပြီး မစားခဲ့တဲ့သူမို့ စားပြီး မစွန့်ခဲ့သူတွေလို ဘာမှ ချန်ထားပေးနိုင်ခဲ့ပုံလည်း မရဘူးပေါ့။

ဒီကြားထဲကပဲ ဆရာမက သမီးလေးကို ပြုစုပျိုးထောင်ပေးနေတဲ့ ကျွန်တော့်ကို သာခုခေါ်ပါတယ်။ ဘဝသံသရာထဲမှာ အမျိုးမျိုး ကြုံတွေ့ခဲ့ရပေမဲ့ ဂေါဝိန်ကတော့ အခုလည်း ကြံ့ခိုင်တည်ငြိမ်ဆဲပါနော်လို့ ပြောခဲ့တယ်။

အာရှလူငယ်အဖွဲ့ထဲ မျိုးစောင့်လုံမပျို့မှူးတာဝန်နဲ့ ဂေါဝိန်မှာ လူးလာခေါက်ပြန် လမ်းလျှောက်သွားရင်း ဂေါဝိန်ကို သံယောဇဉ်တွယ်ငြိခဲ့တဲ့ ဆရာမက…

*'မြစ်မင်းရော တန်ဆာဆင်သော*
*ဂေါဝိန်ရွှေခင်း မျှော်မှန်းရင်းဖြင့်*
*လွမ်းခြင်းမပြေ*
*မန်းဌာနေကို*
*မသွေမြင်ရ*
*ဘယ်ကာလဟု*
*တွေးဆလို့သာ*
*ဆွေးနေပါသည်*
*ဘယ်ခါလေလဲ*
*ဘယ်တော့လဲ'*လို့

လည်း ကဗျာလေးနဲ့ သူ့စာကို နိဂုံးချုပ်ထားလိုက်ပါတော့တယ်။

လွမ်းစရာကောင်းလှပါဘိ။

❑

၃။

ဆရာမ ဒေါ်ခင်သောင်းရွှေက ၁၉၉၂ ခုနှစ်မှာ ရေးပို့လိုက်တဲ့ စာလေးကို ၂၀၁၅ ခုနှစ်ရောက်ပါမှ မတွေ့တွေ့အောင် ရှာဖတ်နေမိတဲ့ ကျွန်တော့်ဆီကို မတွေ့ရတာ တစ်နှစ်ကျော်လောက် ကြာသွားပြီဖြစ်တဲ့ သူငယ်ချင်းတစ်ယောက် ရောက်လာပါတယ်။ သူကလည်း ကျွန်တော့် ဂေါဝိန်ဝတ္ထုတွေထဲက ဇာတ်ဆောင်တစ်ယောက်ပါပဲ။ ငွေအောင်လေ။ လွန်ခဲ့တဲ့ အနှစ်ငါးဆယ်က ဂေါဝိန်ဆိပ်ကမ်း ကမ်းနားဈေးကြီးထဲက မိဘများဈေးရောင်းတဲ့ ဆိုင်



www.burmeseclassic.com

www.burmeseclassic.com

တွေမှာ လိုက်ရင်း အတူပြေးသွား ဆော့ကစားကြီးပြင်းခဲ့တဲ့ သူငယ်ချင်းဋ္ဌေးအောင်။ ကျွန်တော့်သူငယ်ချင်း အဘိုးအိုလေးရဲ့ ခေါင်းပေါ်မှာ ဖုန်တွေဖွေးလို့။ မင်းကလည်းကွာ၊ သူများတွေဆိုင်ကယ်စီးနေတာ စက်ဘီးပဲစီးနေတော့ ဝင်ပန်းမှာပေါ့လို့ ဆီးပြောတယ်။ မင်းက လာပါဦးလို့ သမီးနဲ့မှာလို့ လာရတာလေ။ ဆိုင်ကယ်မစီးရဲပေါင်။ မင်းတို့ ကမ်းနားလမ်းကလည်း ချုံ့တွေက အလုံးလိုက်၊ သဲဘားတွေက ကျကျန်ခဲ့တဲ့သဲတွေက လမ်းပေါ်မှာ တစ်ဒိုက်လောက်ရှိတယ်။ စက်ဘီးမလဲအောင် စီးရတယ်။ လမ်းပေါ်တက်နင်းရင်လည်း ဘားတွေက ပွတ်တိုက်သွားမှာ စိုးရတယ်။ သူငယ်ချင်းကို ရေတစ်ခွက် ဆီးတိုက်တယ်။ သူက ရေသောက်ပြီး ချွေးသုတ်နေရှာတယ်။

'အေးပါကွာ။ ငါ မလာနိုင်လို့ပါ။ တိုက်ပုံအင်္ကျီတွေက ငါ့ခန္ဓာကိုယ်ကြီးနဲ့ တော်တော့လို့ ငါ့ကို ကိုယ်တိုင်းပြန်တိုင်းပေးဦး'။ သူက ရွှေလေးမြို့ရဲ့ နာမည်ကျော် ဘလျာဏမိတ္တ တိုက်ပုံဆိုင်ကြီးရဲ့ စိတ်ချရတဲ့ ကိုယ်တိုင်း တိုင်းထွာလက်ခံပေးတဲ့ သူတစ်ယောက်လည်း ဖြစ်လေတော့ သူကိုယ်တိုင် ဘက်ခံတဲ့ နှင်းဆီရုံ ဒုတိယဘပ်အထိ မသွားတော့ဘဲ အိမ်ခေါ်ပြီး နှိပ်စက်လိုက်တာဲ ဖြစ်တယ်။

ကိစ္စပိစ္စတွေပြီးတော့ သူငယ်ချင်းနှစ်ယောက် လက်ဘက်ရည်အတူသောက်ရင်း ရှေးဟောင်းနှောင်းဖြစ်များ ပြောဖြစ်ကြတယ်။ ကျွန်တော်က ဆရာမရေးလိုက်တဲ့စာ သူ့ကို ထုတ်ပြတယ်။ သူက အတော်ကြာအောင် ဖတ်နေပြီး ကျွန်တော့်ကို ပြန်ပေးရင်း 'အခုနေခါမှာ ကျောင်းသားတွေကို မျိုးချစ်စိတ်သွင်းပေးတဲ့ ဆရာ၊ ဆရာမတွေလည်း သိပ်မရှိတော့ပါဘူးကွာ'လို့ ဆိုတယ်။

'မျိုးချစ်စိတ်ဓာတ် ရှိရမယ်လို့တော့ တစ်လျှောက်လုံး ဟောနေတာပဲ။ ဒါပေမဲ့ ဗိုလ်ချုပ်အောင်ဆန်းနာမည်တောင် ဆရာ၊ ဆရာမတွေ ကျောင်းထဲမှာ ကျယ်ကျယ်မပြောရဲအောင် လုပ်ထားခဲ့တဲ့ ကာလတစ်ခု ရှိခဲ့တာက ဘာမှ မကြာသေးဘူး မဟုတ်လား'

အဲဒီနောက်တော့ ကျောင်းတွေမှာ ကျင်းပတဲ့ အာဇာနည်နေ့အကြောင်း ရောက်သွားတယ်။ အာဇာနည်နေ့ အခမ်းအနားကို အိမ်တော်ရာဘုရား ၁၄ ခန်းဇရပ်မှာ ကျင်းပတော့ ကျောင်းကနေ ချီတက်ကြရတဲ့အကြောင်း၊ မြို့တော်ခန်းမ (၁)မှာ ကျင်းပတော့လည်း သူ့ကျောင်းကိုယ့်ကျောင်း ပန်းခွေတွေ ကိုယ်စီကိုင်ပြီး ချီတက်အလေးပြုရတဲ့အကြောင်းကို ပြောကြတယ်။

'ငါတို့တုန်းက အာဇာနည်နေ့ဆိုရင် ဟောပြောပွဲလုပ်တယ်ကွ၊ ငါတောင် အမှတ် (၁၇) ကျောင်းတုန်းက ရှစ်တန်းကျောင်းသားဘဝနဲ့ စင်ပေါ်တက်ပြီး ဟောပြောခွင့်ရခဲ့သေးတယ်။ ငါတို့ဆရာ ဦးအောင်သန်းက စာကြည့်တိုက်ဗီရိုဖွင့်ပေးပြီး ဗိုလ်ချုပ်အောင်ဆန်းအကြောင်းပါတဲ့ စာအုပ်တွေထုတ်ပေးပြီး ဖတ်ခိုင်းခဲ့တာလေ။ မှတ်မိတယ် **အောင်သန်းရဲ့ အောင်ဆန်း၊** ပြီးတော့ ဦးပုကလေးရေးတဲ့ **ငါတို့ဗိုလ်ချုပ် ဘာတွေလုပ်ခဲ့သလဲ**စာအုပ်၊ တခြားစာအုပ်တွေလည်း ပါတယ်။ အဲဒီစာအုပ်တွေထဲက ထုတ်နုတ်ပြောရတာ။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ **အာဇာနည်ဗိမာန် လေးချိုးကြီး**ရွတ်ပြီး နိဂုံးချုပ်ခဲ့တာပေါ့'။

ကျွန်တော် အလေးအနက်ပြောတော့ 'အထောက်အထားရှိလို့လား'။ လုပ်ပြီ။ စပ်ဖြဖြနဲ့ ဋ္ဌေးအောင်က ကျွန်တော့်ကိုလုပ်ပြီ။ ဘာကွဆိုတော့ 'ဟုတ်တယ်လေ။ ဓာတ်ပုံလေးတစ်ပုံလောက် ပြစရာအထောက်အထား ရှိလားလို့ မေးရတာ။ ငါကြားဖူးတာကတော့ အမေရိကန်သမ္မတလောင်းတစ်ယောက် အတန်းထဲမှာ အမြဲတမ်း ပထမရတယ်လို့ အကြွားသန်မိတာ တကယ်သွားစစ်တော့ ဘယ်တော့မှ အဆင့် ၁၀ အတွင်း မဝင်ဘူးဆိုလား။ အဲဒါနဲ့ သူ့ပါတီက သမ္မတလောင်း စာရင်းက ပယ်ပစ်လိုက်တယ်တဲ့။ မင်းလည်း အဲဒီလိုဖြစ်နေမှာစိုးလို့'ဆိုပြီး ရယ်နေတယ်။ ကျွန်တော်လည်း သူ့နောက်လိုက်ရယ်ပြီး ဓာတ်ပုံလေးတစ်ပုံလောက်မှ ရိုက်မထားမိလေခြင်းကွာလို့ ပြောလိုက်တယ်။ပြီးတော့မှ 'ငါက သမ္မတဝင်ပြိုင်မယ့်ကောင်မှ မဟုတ်တာ။ ပြီးတော့ မင်းကို ကြွားရမှာလားကွ၊ ငါက ကြွားချင်လို့ပြောတာ မဟုတ်ဘူး။ ငါတို့ဆရာတွေက ဒီလိုဆိုတာ ပြောချင်လို့ပါ'လို့ ပြောရတယ်။

'မင်း အမှတ် (၁) ကျောင်း ရောက်တော့လည်း ဆုတွေဘာတွေ ရတယ်မဟုတ်လား။ သတင်းစာထဲတောင် ပါသေးတယ်လေ၊ ဟုတ်တာလည်း ငါမှတ်မိပါတယ်ကွ'။ 'အေး မင်းသိရင်ပြီးတာပဲ။ ငါဆယ်တန်းကျပြီး အမှတ် (၁) ရောက်တော့ လွတ်လပ်ရေးနေ့ စာပေပြိုင်ပွဲမှာ ဝတ္ထုတိုပထမဆု ရတယ်လေ။ ဆယ်တန်း၊ တက္ကသိုလ်နဲ့ ပြင်ပသုံးဆင့်ပေါင်း ပြိုင်တဲ့အထဲမှာ ပထမရတာလေကွာ။ ပါမောက္ခချုပ်ဆရာကြီး ဦးလှရွှေကိုယ်တိုင် ဆုပေးခဲ့တဲ့ ဓာတ်ပုံ ရှိပါတယ်။ အာဇာနည်နေ့ စာစီစာကုံးပြိုင်ပွဲမှာတော့ ဒုတိယရတယ်။ ကဗျာမှာတော့ ငါက ပထမပဲကွ။ တျာချင်းရေးပြီးပြိုင်တာ ကဗျာတစ်ပုဒ်လုံး မမှတ်မိပေမဲ့ နောက်ဆုံးအချပိုဒ်ကို ခုထိ ငါ မှတ်မိပါတယ်။ *သွေးဖြိုင်သည့် စနစ်ရှယ်အလွှာ အကြင်နာနည်းလှသည်။ မေ့နိုင်သည့်အဖြစ်မဟုတ်ပါ၊ ရင်မှာစွဲလှသည်ဆိုပြီပေါ့*'လို့ ဒီတစ်ကြိမ်ကျမှ တကယ်လက်မထောင်ကြွားလိုက်တယ်။

အဲဒီနောက်တော့ ကျောင်းတွေမှာ ဆယ်နှစ်ကျော်လောက်တောင် အာဇာနည်နဲ့ ပတ်သက်တာ မလုပ်ခဲ့တော့တဲ့အကြောင်း၊ နိုင်ငံတော် အခမ်းအနားတွေမှာတောင် အလေးပြုရမယ့် အစီ



www.burmeseclassic.com

www.burmeseclassic.com

အစဉ်မျိုးပါလာရင် 'ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ' ဆိုတဲ့ စာသားကိုဖြုတ်ပြီး 'ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများအား အလေးပြု' ဆိုပြီး အတိုချုပ် လုံးချပစ်လိုက်တဲ့အကြောင်း၊ ငွေစက္ကူတွေထဲမှာပါတဲ့ ဗိုလ်ချုပ်ပုံတွေကို တရားမဝင်လုပ်ပြီးရော၊ တရားဝင်အနေနဲ့ပါ တဖြည်းဖြည်း သိမ်းယူဖျောက်ဖျက်ပစ်သလို ဗိုလ်ချုပ်ကို ရာဇဝင် စာမျက်နှာထဲကနေ ဖြုတ်ထုတ်ချင်ကြပုံရတဲ့ အကြောင်း၊ ကျုံးရေပြင်ထဲမှာ ထည်ထည်ဝါဝါ ရှိနေပြီဖြစ်တဲ့ မြင်းစီးကြေးရုပ်ကို မနော်ရမ္မချုပုတ်တွေထဲ သွားပစ်ထားခဲ့ကြတဲ့အကြောင်းများ ပြောဖြစ်ကြတယ်။

အဲဒီမှာ ငွေအောင်က စကားတစ်ခွန်း ဆိုတယ်။

'ဗိုလ်ချုပ်မြင်းစီး ကြေးရုပ်ဆိုလို့ ငါတစ်ခု စဉ်းစားမိတယ်ကွာ။ မြင်းစီးကြေးရုပ်တွေမှာ အဓိပ္ပာယ်ရှိတယ်ဆိုတဲ့ စာတစ်ပုဒ် ငါ ဖတ်ဖူးတယ်။ ဘာတဲ့ မြင်းရုပ်က ရှေ့ခွာနှစ်ဖက်မြှောက်ထားရင် တိုက်ပွဲမှာ ရန်သူနဲ့ ရင်ဆိုင်တိုက်ခိုက်ရင်း ကျဆုံးတဲ့ သူရဲကောင်းဆိုတဲ့ အဓိပ္ပာယ်ရှိတယ်တဲ့။ မြင်းခြေထောက်တစ်ဖက်တည်း အဲ…မြင်းခွာတစ်ဖက်တည်း မြှောက်ထားရင်တော့ ဒါရန်သူက လုပ်ကြံလို့ ကျဆုံးရတယ်ဆိုတဲ့ အဓိပ္ပာယ်တဲ့ သိလား'။

'အေးလေ၊ တိုင်းပြည်တာဝန် ထမ်းဆောင်နေတုန်းမှာ ရန်သူလုပ်ကြံခံရလို့ ကျဆုံးခဲ့တာပဲ'။ ကျွန်တော့်စကားကို ငွေအောင်က ခေါင်းခါတယ်။

'ဂဠုန်ဦးစောက ဗိုလ်ချုပ်ရဲ့ ရန်သူမဟုတ်ဘူး။ နိုင်ငံလွတ်လပ်ရေးအတွက် အတူလုပ်ခဲ့ကြတဲ့ နိုင်ငံရေးခေါင်းဆောင်ကွ။ ဗိုလ်ချုပ်ကိုယ်တိုင်က ဘီအေအမ်အေ မအောင်ဘဲနဲ့ ကိုယ်ထူးကိုယ်ချွန် ကြိုးစားပြီး ထိပ်တန်းခေါင်းဆောင်ဖြစ်လာတဲ့ ဦးစောကို ချီးမွမ်းဖူးတယ်တဲ့။ ပြီးတော့ ဗိုလ်ချုပ်တို့၊ သခင်နုတို့ကိုယ်တိုင် တက္ကသိုလ်ထဲဖိတ်ပြီး တရားပွဲလုပ်ပေးခဲ့ဖူးတယ်တဲ့။ ဆိုလိုတာက ဦးစောဟာ ရန်သူ မဟုတ်ဘူး။ ရန်သူမဟုတ်လို့ သူလက်နက်စုဆောင်းနေတယ်ဆိုတဲ့သတင်း၊ လုပ်ကြံဖို့ ကြံစည်နေတယ်ဆိုတဲ့ သတင်းတွေ ရထားလျက်နဲ့ ဗိုလ်ချုပ်က မယုံတာပေ့ါ။ ဗိုလ်ချုပ်က ဂျူးလီယက်ဆီဆာလို နောက်ကျောကနေ ဓားနဲ့ အထိုးခံရတာ'။

'မင်းဆိုလိုတာက ဦးစောက ဂျူးလီယက်ဆီဆာကို နောက်ကျောက ဓားနဲ့ထိုးတဲ့ ဘရူးတပ်လို လူစားပေ့ါ။ ငါတော့ ဦးစောကို အဲလို မထင်ဘူး။ ဒါပေမဲ့ နောက်ထပ် ဘရူးတပ်တွေ တစ်ယောက်ပြီးတစ်ယောက်က ကျဆုံးလေပြီးသော ငါတို့ဗိုလ်ချုပ်ကို ထပ်ကျဆုံးအောင် အမျိုးမျိုး ကြံစည်ခဲ့ကြတာကိုတော့ ငါ လက်ခံတယ် မောင်'

ကျွန်တော်တို့နှစ်ယောက် ကျွန်တော့်တိုက်ခန်းလေးထဲကနေ ဇရာဝတီမြစ်ဘက်ကို အဝေးကြာအောင် မျှော်ကြည့်နေမိတယ်။ မြစ်ထဲမှာ မြူတွေရှိနေတော့ မင်းဝံတောင်တန်းကြီးကို မမြင်ရပါဘူး။

'ဒါဖြင့် ရန်သူမဟုတ်တဲ့ ဂဠုန်ဦးစောကလုပ်ကြံလို့ ကျဆုံးရတဲ့ ငါတို့အာဇာနည်ဖခင်ကြီးရဲ့ မြင်းစီးကြေးရုပ်ကိုထုတဲ့ နေရာမှာ မြင်းရုပ်ရဲ့ ရှေ့ခွာတစ်ဖက် မြှောက်သင့်သလား၊ နှစ်ဖက် မြှောက်သင့်သလား၊ ဒါမှမဟုတ် ကိုယ့်လူလုပ်ကြံတာ ခံခဲ့ရတာမို့ နောက်ခွာတစ်ဖက်ပဲ မြှောက်ထားရမလား စဉ်းစားရမှာပေ့ါ'

ငွေအောင်က အတည်ပြောသလိုလို ရွှတ်နောက်နောက် ပြောသလိုလိုနဲ့ ကျွန်တော့်သဘောသိရအောင် မေးတစ်ချက်ဆတ်ပြီး တောင်းလိုက်တယ်။

'တော်ပါတော့ သူငယ်ချင်းရာ ပေါက်တတ်ကရတွေ ပြောမနေပါနဲ့။ တိုင်းပြည်အတွက် နေ့မအိပ်၊ ညမအိပ် အလုပ်လုပ်နေတဲ့ အမျိုးသားခေါင်းဆောင်ကြီးကို ရက်ရက်စက်စက် လုပ်ကြံမှတော့ ဦးစောဟာ တစ်မျိုးသားလုံးရဲ့ ရန်သူပဲပေ့ါ။ မင်းပြောသလိုဆို မြင်းခွာနှစ်ဖက်စလုံးလည်း မြှောက်မရ၊ တစ်ဖက်တည်းလည်း မြှောက်မရနှင့် ဗိုလ်ချုပ်မြင်းစီး ကြေးရုပ်ထုတဲ့လူတွေ ခေါင်းစားနေပါလိမ့်မယ်။ နောက်ခြေထောက်လည်း မမြှောက်ခိုင်းလိုက်ပါနဲ့။ ကြည့်မကောင်းပါဘူး။ တစ်မျိုးသားလုံးအတွက် အလုပ်လုပ်တဲ့လူဆိုတာ တိုက်ပွဲမှာသာ အန္တရာယ်ရှိတာ မဟုတ်ဘူး၊ အတွင်းမှာလည်း ရန်သူတွေ ရှိနိုင်တယ်ဆိုတာ သင်ခန်းစာတစ်ခုတော့ ရခဲ့တာပါ။ ဒါတော့ မင်းသဘောတူတယ် မဟုတ်လား'။

အဲဒီတော့လည်း ကျွန်တော့်သူငယ်ချင်း အဘိုးကြီးလေးက 'တူတယ်၊ တူတယ် ဗိုလ်ချုပ်ကို လုပ်ကြံတဲ့သူ တို့ရန်သူ' လို့တောင် ဆိုလိုက်တယ်။

■

## သိုက်ထွန်းသက်

*စာကြွင်း*

သူရဲကောင်းမြင်းစီးရုပ်တွေမှာ မြင်းခွာတစ်ဖက်မြှောက်ဟန်၊ ခြေနှစ်ချောင်းစုံရပ်ဟန် အစရှိသဖြင့် မတူကွဲပြားတဲ့ ဟန်တွေရှိပါတယ်။ ဒါကြောင့် ဆရာကောင်းလွန်းကို ဆက်သွယ်မေးမြန်းကြည့်ပြီး ပြန်ကြားချက်ရခဲ့တာမို့ ဆရာရဲ့ပြန်ကြားချက်ကို ဖော်ပြပေးလိုက်ပါတယ်။

*ဆရာသိုက်မေးတဲ့ မေးခွန်း အဖြေရပါပြီခင်ဗျ။ သူရဲကောင်းမြင်းစီးရုပ်အကြောင်းမှာ ခြေလေးချောင်းမြေထိနေရင် တိုက်ပွဲမှာ ဘာမှမဖြစ် (မိုးရိုးသေ)၊ မြင်းရှေ့ခွာတစ်လုံး မြှောက်ထားရင် သူရဲကောင်း တိုက်ပွဲမှာ ဒဏ်ရာရ (သေခြင်းနဲ့မဆိုင်)၊ ရှေ့ခွာနှစ်လုံးမြှောက်ရင် တိုက်ပွဲမှာ သေ။ အဲဒီမှာ အဆိုတွေ၊ ကွဲလွဲမှုတွေ ရှိပါတယ်။ တချို့ပညာရှင်တွေက ဒါဟာ မဟုတ်ဘူးလို့ ပြောသလို၊ ဟုတ်တယ်လို့ ပြောသူတွေလည်း ရှိပါတယ်။ မဟုတ်ဘူး ပြောသူက ဝါရှင်တန်မှာ ရှိတဲ့ ဗိုလ်ချုပ်ကြီးအင်ဒရူးဂျက်ဆင်ရဲ့ မြင်းစီးရုပ်မှာ ရှေ့ခြေနှစ်ဖက်လုံး မြှောက်ထားတယ်။ ဒါပေမဲ့ ဂျက်ဆင်ဟာ ဘယ်တိုက်ပွဲမှာလည်း ဒဏ်ရာမရဖူးဘူး။ သေတော့လည်း တီဘီရောဂါကြောင့် သေတာ။ ဂျက်ဆင်ဟာ အမေရိကန်လွတ်လပ်ရေးအတွက် အရေးပါသူဖြစ်ပါတယ်။ အင်္ဂလိပ်တွေကို အမေရိကန်မြေပေါ်ကနေ တိုက်ထုတ်ခဲ့တဲ့ သူရဲကောင်းပါ*

ကောင်းလွန်း



www.burmeseclassic.com

www.burmeseclassic.com

လင်းလွန်းခင်စာပေတိုက်




တန်ဖိုး - ၄၅၀၀ ကျပ်



တန်ဖိုး - ၁၅၀၀ ကျပ်




တန်ဖိုး - ၁၅၀၀ ကျပ်




တန်ဖိုး - ၂၅၀၀ ကျပ်

# ထွက်ပြီ

ဖြန့်ချိရေး လင်းလွန်းခင်စာပေ

တိုက်( D)၊ ပထမထပ်(လယ်)၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com

# ဇာတ်ကောင်များ

# ကျးနှစ

ရွှေထူးတို့၏နေအိမ်က သွပ်မိုးပျဉ်ထောင်ခြေတံရှည် အိမ်ဖြစ်သော်လည်း ခြံစည်းရိုး အရံအတားဟူ၍ မရှိ။ အိမ်ရှေ့ မျက်နှာစာက ဟင်းလင်းပွင့်နေသည့်တိုင် ခေါင်းရင်းအိမ်၊ ကျောချင်း ကပ်အိမ်နှင့် ခြေရင်းအိမ်တို့က သစ်ဝါးခြံစည်းရိုးများ သပ်သပ်ရပ်ရပ် တည်ဆောက်ထားကြ သဖြင့် ရွှေထူးတို့အတွက်ပါ ဘယ်ညာ၊ နောက်ကျောဘက် သုံးဖက်သုံးတန် ခြံစည်းရိုး ခတ်ပေး ထားသလို လုံခြုံမှုရနေသည်။ ရွှေထူး၏ မွေးသဖခင် ကော်တရာ လူကတ်ဖဲ့ စစ်ပြန်အညာသား ကြီးက ဝန်းကျင်သုံးအိမ်ကို ကြေညာချက် ထုတ်ပြန်ထားသည်။

'ခင်ဗျားတို့ ခြံစည်းရိုး ခတ်ချင်ခတ်ကြ၊ ကျုပ်ခြံကိုတော့ ဘာစည်းရိုးမှ မခတ်ဘူး။ ကျုပ်က မြေလည်း မမက်ဘူး။ အရင်တုန်းကမှ သေသွားရင်တောင် မြေ ခြောက်ပေ- လေးပေလောက် ပိုင်သေးတယ်။ ဒီခေတ်မှာ သေရင် မြေတင် လက်မတောင် မပိုင်တော့ဘူး။ မီးသင်္ဂြိုဟ်စက်ထဲ ထိုးထည့်ခံရပြီး အစ,ပျောက် သွားမှာ။ ဟုတ်တယ်နော်'

အိမ်နီးချင်းတွေက ပြုံးရုံသာ ပြုံးကြသည်။ မျက်နှာထား မှုန်ကုပ်ကုပ်၊ စကား ပြောလျှင် ကတ်တီးကတ်ဖဲ့ နိုင်လှသော လက်မောင်းတစ်ဖက် မရှိသည့် စစ်ပြန်ကြီးကို အိမ်နီးချင်းတွေက အပေါ်ယံ ပြုံးပြုံး၍ မေးထူးခေါ်ပြော သာ ဆက်ဆံလေ့ရှိကြသည်။ 'ကမ္ဘာကျော် လက်တစ်ဖက် ဓားသိုင်း သမား' ဟောင်ကောင်ရုပ်ရှင်ထဲမှ ဇာတ်လိုက် 'ဒေးဗစ်ချန်း' နှင့် နှိုင်းယှဉ် ကာ စစ်ပြန်ကြီး ကို 'ဒေးဗစ်ချန်း' ဟု အရပ်ထဲမှ လူအများက ကွယ်ရာမှာ မကြားနိုးနား ခေါ်တတ်ကြသည်။ တစ်ဖက်သား အကြောင်း စပ်စပ်စုစုလုပ်ပြီး အပုပ်ချတတ်သူများကတော့ 'ဒေးဗစ် ချန်း' က တိုက်ပွဲမှာ သေနတ်မှန်ပြီး လက်ဖြတ်လိုက်ရတာ မဟုတ်ဘူး တဲ့။ ရွှေတန်းကအပြန် စီးလာတဲ့ကားပေါ်မှာ ညဘက်ကြီး ပြတင်းပေါက်ကနေ လက်ကို အရမ်းထုတ် လိုက်တော့ သံမဏိတံတားပေါင်နဲ့ ရိုက်မိပြီး လက်ဖြတ်လိုက်ရတာတဲ့' ဟု တိုးတိုး ကျိတ်ကျိတ် ပြောကြသည်။

စစ်ပြန်ကြီးသည် တြိဂံဇောက်ထိုးပုံစံ စုတ်ချွန်း ချွန်းမျက်နှာပေါက်၊ ကိုယ် လုံး ကျစ်ကျစ်နှင့် အသားညိုသည်။ စကားပြော လျှင် တပ်ထဲတုန်းက ကျယ်ကျယ်လွင့်လွင့်သံပြတ်နှင့် ပြောတတ်သည်။ လမ်းလျှောက်လျှ တစ်ဖက်တည်းသော ကျန်တော့သော ဝဲဘက် လက်မောင်းက

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မာန်ပါပါ ဟန်ပါပါလွှဲ၍ လျှောက်တတ်သဖြင့် အရပ်သားဘဝရောက်နေသည့်တိုင် စစ်သွေးစစ်မာန် မကင်းစင်သေးသလိုထင်ရသည်။ အင်္ကျီဝတ်လျှင်လည်း လက်မောင်းတံဆိပ်မပါတော့သည့် မြင်းချေးရောင် အင်္ကျီဟောင်းကြီးကိုသာ ရာသီအချိန်မရွေး ဝတ်ဆင်ထားလေ့ရှိသည်။

ကျွန်တော်သည် စစ်ပြန်ကြီးကို ကျွန်တော့်ဝတ္ထုတစ်ပုဒ်ထဲမှာ အရေးပါသော ဇာတ်ကောင်အဖြစ် ထည့်သွင်းဖွဲ့နွဲ့ရေးသားနိုင်ရန် ကြံစည်ထားခဲ့သည်က ကြာလှပါပြီ။ ခုချိန်ထိ မရေးဖြစ်သေးပါ။ သူ့နာမည်က ဦးစိန်မောင်း ဖြစ်သည်။

'ငါ့နာမည် စိန်မောင်းနော် စိန်မောင်း စိန်မောင်း၊ စိန်မောင် မဟုတ်ဘူး။ ဝစ္စနှစ်လုံးပေါက်ထည့်ဖို့ မမေ့နဲ့။ မင်းတို့ကိုယ်မင်းတို့ ဘွဲ့ရဆိုပြီး ခပ်ပေါ့ပေါ့ လပေါ်သရေ မလုပ်နဲ့ကွ။ နာမည်မှန်အောင်ရေး၊ စိန်မောင်း စိန်မောင်း ဟုတ်ပြီနော်'

သန်းခေါင်စာရင်းနှစ်လှုပ်ရှားမှုလောက်တုန်းက လုပ်အားပေး စာရင်းကောက်သူ လူငယ်ကလေးတွေကိုလည်း ဦးစိန်မောင်းက သဟောက်သဟက် အမိန့်ပေးသေးသည်။ လူငယ်ကလေးတွေမှာ ဒုက္ခိတလက်ပြတ်ကြီးက မာရေကျောရေ ဆက်ဆံသည်ကို အောင့်အည်း၍ သည်းခံခဲ့ကြရ၏။

'ဒီလက်ပြတ်ကြီးနဲ့ တစ်ခါပဲ ဆက်ဆံရတာ ဘုရားမ,တာပဲ'ဟု လူငယ်တစ်ယောက်က မှတ်ချက်ချ

ကျုပ်က<br>
မြေလည်း<br>
မမက်ဘူး<br>
အရင်တုန်းကမှ<br>
သေသွားရင်တောင်<br>
မြေ ခြောက်ပေ<br>
လေးပေလောက်<br>
ပိုင်သေးတယ်။<br>
ဒီခေတ်မှာ<br>
သေရင် မြေ<br>
တစ်လက်မတောင်<br>
မပိုင်တော့ဘူး<br>
မီးသင်္ဂြိုဟ်စက်ထဲ<br>
ထိုးထည့်ခံရပြီး<br>
အစပျောက်<br>
သွားမှာ<br>
ဟုတ်တယ်နော်

သည်။

ဦးစိန်မောင်း၏ဇနီး ဒေါ်ချိုက ဈေးထဲမှာ ကုန်ခြောက်ဆိုင်ကလေးဖွင့်ထားသောဈေးသည်ဖြစ်သော်လည်း အနေအထိုင်အေးဆေးပြီး စကား အလွန်နည်းသည်။ အသားဖြူဖြူ၊ ပုပြတ်ပြတ်၊ ပိန်သေးသေးဖြစ်ပြီး၊ လူထွားကြီး ဦးစိန်မောင်းနှင့် တွဲဖက်မညီသော်လည်း လင်မယား ကတောက်ကဆတ်ဖြစ်ကြသည်မျိုးကို ကျွန်တော် မကြားသိခဲ့ရဖူးပါ။ ဒေါ်ချိုကို ဝတ္ထုတစ်ပုဒ်ထဲမှာ အသက်သွင်းသရုပ်ဖော်ကြည့်ဖို့ ကျွန်တော် စိတ်ကူးမရခဲ့ပါ။ ဒေါ်ချိုက Flat-character (ခ)အငြိမ်စရိုက် ဖြစ်နေသည်။

သူတို့မှာ သားသမီး ၃ ယောက်ရှိကြသည်။ ရွှေထူးက အကြီးဆုံးသားဖြစ်၍ ညိုညိုနှင့် ကြည်ကြည်ဟူသော သမီးနှစ်ယောက်တို့က အငယ်တွေ ဖြစ်ကြသည်။ ထိုအပျိုနှစ်ယောက်တို့သည် မိခင်၏ ဈေးဆိုင်ကိုလည်း ကူကြ၍ အိမ်တွင်းမှုကိစ္စတွေကိုလည်း နှစ်ယောက်အတူ ဆောင်ရွက်ကြသည်။ အိမ်တွင်းမှုကိစ္စများတွင် ရွှေထူးကို အစားအသောက် ခွံ့ကျွေးခြင်း၊ ရွှေထူး၏ အဝတ်အစားတွေကို လျှော်ဖွပ်ပေးခြင်းများ ပါဝင်သည်။

ရွှေထူး၏ အသက်အမှန်ကို ကျွန်တော် မသိပါ။ အစိတ်ဝန်းကျင်တော့ရှိမည် ထင်သည်။ နှစ်နှစ်သားလောက်မှာ အပြင်းဖျားရာမှ အညှော်မိပြီး သွက်ချာပါဒဝေဒနာဝင်ရောက် စွဲကပ်ကာ ရွှေထူးကို လူစဉ်မမီဘဝသို့ တွန်းချလိုက်သည်ဟုသာ ပတ်ဝန်းကျင်မှာ စပ်စုရာက ကျွန်တော် သိခွင့်ရသည်။ ရွှေထူးသည် ကိုယ်လက်အင်္ဂါ ပုံမှန်အတိုင်း ဖွံ့ဖြိုးခြင်း မရှိခဲ့ပါ။ ခြေတွေလက်တွေ မသန်စွမ်းဘဲ အကြောဆွဲနေရှာသည်။ စကားပြောလျှင် အကြောလိုက်ပြီး ပါးရွဲ့နှာရွဲ့နှင့် မပီမသ ဗလုံးဗထွေး ဖြစ်နေတတ်သည်။ ပါးစောင်မှ တံတွေးအမြုပ်တွေ ထွက်အန်လွင့်စဉ်နေတတ်သဖြင့် ရှိုတတ်သူတွေအဖို့ အော့နှလုံးနာစရာဖြစ်ပြီး ကြင်နာတတ်သူတွေအဖို့ ကရုဏာသက်ဖွယ် ကောင်းလှသည်။

ရွှေထူးသည် ကျွန်တော်၏ ဝတ္ထုတစ်ပုဒ်အတွက် 'စရိုက်ထူး၊ အသွင်ထူး' ဇာတ်ကောင်ဖြစ်နိုင်သည်။ အော်စကာ နှစ်ဆုရ **My Left Foot** ရုပ်ရှင်ထဲမှ သွက်ချာပါဒဝေဒနာသည် ပန်းချီဆရာ၊ စာရေးဆရာ 'ခရစ္စတီဘရောင်း'သည် ရွှေထူးနှင့် ကံတူအကျိုးပေး ဖြစ်သည်။ လမ်းမလျှောက်နိုင်သော ရွှေထူးအတွက် ရွေ့လျားသွားနိုင်ရန် သူ ငယ်စဉ်ကတည်းက သစ်သားလက်တွန်းလှည်းကလေး စီစဉ်ပေးထားရသည်။ လှည်းပေါ်မှာထိုင်ရင်း အိမ်နီးချင်းကလေးများနှင့် ဘောလုံးပစ်တမ်းကစားနေသော ၁၀ နှစ်အရွယ် ရွှေထူးကိုကြည့်ကာ စစ်ပြန်ကြီး နှုတ်ခမ်းမဲ့သည်။

'အကျိုးဆော့ အကန်းမော့ဆိုတာ ဒါပဲ'ဟု မလိုတမာ မြည်တမ်းလိုက်သေးသည်။ သို့သော် စစ်ပြန်ကြီးက သားတော်မောင် ရွှေထူးကို ရပ်ကွက်ထဲက မူလတန်းကျောင်းမှာ စတုတ္ထတန်းအောင်သည်အထိတော့ ပညာဆည်းပူးခွင့် ပေးခဲ့ပါသည်။ ကားလမ်းမကြီးကို ကူးဖြတ်မှ ရောက်နိုင်သော အလယ်တန်းကျောင်းသို့ ရွှေထူး တက်ရောက်ဆည်းပူးခွင့် မရှိတော့ပါ။

ကံတရား ပို့ချရာအတိုင်း ကျွန်တော်သည် ရွှေထူးတို့အိမ်နှင့် မျက်နှာချင်းဆိုင်အိမ်ကို ဝယ်ယူဖြစ်ခဲ့ပါသည်။ အိမ်နှစ်လုံးကြားမှာ ပေ ၂၀ ခန့်ကျယ်သော ရပ်



www.burmeseclassic.com

www.burmeseclassic.com

ကျက်လှူသွားလမ်း ခြားနေသော်လည်း ကျွန်တော့်အိမ် အပေါ်ထပ် လသာဆောင်ကနေ ရွှေထူးတို့အိမ်ကို အပေါ်စီးမှ မြင်နိုင်သည်။

ရွှေထူးကို စတင်မြင်တွေ့ချိန်က ရွှေထူးသည် အသက် ၂၀ ခန့် လူပျိုကြီးဖြစ်နေသော်လည်း ကိုယ်ကာယဖွံ့ဖြိုးမှု နှေးကွေးသောကြောင့် ၁၂ နှစ်သားအရွယ် ကိုယ်ကာယမျိုးသာရှိပြီး မျက်နှာသွင်ပြင်က ရင့်ကျက်ကြမ်းတမ်းနေသည်။ သို့ဖြစ်ခြင်းမှာ သူ၏ နေထိုင်မှုပုံစံကြောင့်ဟု ထင်သည်။ သူတို့အိမ်က ခြေတံရှည်အိမ်မြင့်ကလေးဖြစ်ရာ ရွှေထူးသည် လှေကားမတက်နိုင်သဖြင့် အိမ်အောက်မြေပြင်ပေါ်ရှိ သစ်သားကွပ်ပျစ်ကြီး ပေါ်မှာ ပဲနေရရှာသည်။ အိမ်အောက်မှာ နံရံအကာတစ်ဖက်သာရှိ၍ နေပူလေပူဒဏ်ကို နေ့စဉ်ရက်ဆက် ထိတွေ့နေရသည်။ မိုးနှင့်ဆောင်းမှာတော့ ဝါတာဖလူး(ခ)ပလတ်စတစ်မိုးရေကာဖျင်ကြီးများဖြင့် ရွှေထူးကို ကာရံပေးကြသည်။

'အဲဒီ ဒုက္ခိတကလေး အိမ်သာ အတက်ရခက်မယ်နော်' ဟု ကျွန်တော့်အိမ်သို့ အလည်လာသောမိတ်ဆွေ တစ်ယောက်က စူးစမ်းသည်။

မှန်သည်။ ရွှေထူးအတွက် အခင်းကြီး အခင်းလေးကိစ္စကတော့ အလွန်ပင် ကရိကထ များပါသည်။ ထိုအရေးတကြီးတာဝန်ကို တောက်လျှောက် မညည်းမညူတမ်း ဆောင်ရွက်ပေးသူမှာ ရွှေထူး၏မိခင် ဒေါ်ချိုပင် ဖြစ်ပါသည်။ ဒေါ်ချိုသည် ရွှေထူးကို မနိုင်မနင်း ကုန်းပိုး၍ အိမ်သာဆီသို့ သယ်ယူသွားပါသည်။ အိမ်သာထဲတွင် ရွှေထူးကို နေရာချ၍အိမ်သာတံခါးကို ဒေါ်ချိုက ပိတ်လိုက်သည်။

'အ…မေ…ပြီးပြီ…'ဟူသော အသံကြားမှ တံခါးကိုဖွင့်ပြီး ရွှေထူးကို ကုန်းပိုးရပြန်သည်။ ထို့နောက် ဒေါ်ချိုသည် အိမ်သာသို့သွားရောက်ကာ ဆေးကြောသန့်စင်သည်။ အညစ်အကြေးသန့်စင်ရာမှာ သုံးသော စက္ကူတွေကို မီးရှို့ပစ်သည်။ ရွှေထူးမှာ 'အကျဉ်းကျထောင်သားများကဲ့သို့' တစ်နေ့လျှင် တစ်ကြိမ်သာ အညစ်အကြေးစွန့်ဖို့ ခက်ခက်ခဲခဲ အကျင့်လုပ်ထားရကြောင်း ကျွန်တော် သိခွင့်ရခဲ့ပါသည်။

ရွှေထူးကို ကျွန်တော်၏ ဝတ္ထုထဲတွင် အသွင်ထူးစရိုက်ထူး ဇာတ်ကောင်အဖြစ် 'ကြွ'နေအောင် သရုပ်ဖော်ဖို့ ကျွန်တော် စိတ်အားထက်သန်နေခဲ့ပါသည်။ ရွှေထူး၏ သွင်ပြင်ပုံပန်းကတော့ စိတ်နှလုံးချမ်းမြေ့ဖွယ် မရှိလှ။ ဘဲမြီးဆံတောက်၊ ပါးစပ်ပြဲပြဲ၊ ပုံယွင်းသော အရိုးအဆစ်များ၊ ခန္ဓာက အပေါ်ကြီး အောက်ရှုး၊ အဝတ်အဆင်က အပေါစား အညံ့စား တီရှပ်နှင့် ချည်အကြမ်းပုဆိုး ခပ်ညစ်ညစ်တွေသာ များသည်။ ဆောင်းရာသီများတွင် ဖလန်နယ် ရှပ်အင်္ကျီကွက်ကျားကြီးတစ်ထည် ဝတ်ဆင်ထားလေ့ ရှိသည်။

'ရွှေထူးကို သိုးမွေးဆွယ်တာ တစ်ထည်လောက် ဝယ်ပေးဦးမှ'ဟုမိခင် ဒေါ်ချိုက စစ်ပြန်ကြီးကို တိုင်ပင်သည်။ စစ်ပြန်ကြီးက ဇနီးကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

'ရွှေထူးက အရပ်ထဲက အပျိုတွေဆီ လူပျိုလှည့်ထွက်နိုင်တာမှ မဟုတ်ဘဲကွ၊ ရှိုးထုတ်ဖို့ မလိုပါဘူး'

'ညဘက် အချမ်းသက်သာအောင်ပေါ့ရှင်'

'မင်းဆိုင်မှာ ဂုန်နီအိတ်ခွံတွေ ရှိသားပဲ။ ဒီကောင်ချမ်းရင် ဂုန်နီအိတ်တွေ ခြုံထားပါစေ။ ဂုန်နီအိတ်က သိုးမွေးဆွယ်တာထက်တောင် နွေးသေးကွ၊ ဟုတ်တယ်နော်'

အမှန်ဆိုရလျှင် ဒေါ်ချိုက စကားနည်းရန်စဲသမားလည်းဖြစ်၊ စစ်ပြန်ကြီးကိုလည်း ကြောက်ရွံ့ ရိုကျိုးရှာသည်။ စစ်ပြန်ကြီးက ဘူးဆိုဖရုံမသီးရဲတော့။ ရွှေထူးက ရုပ်ပိုင်း ချွတ်ယွင်းနေသော်လည်း စိတ်ပိုင်းအားနည်းချက် မရှိလှပါ။ ဖခင်ကြီး၏ 'လက်ပေါက်ကတတ်'သော စရိုက်ကို နားလည်ထားပြီး ဘာမှ ပူဆာတောင်းဆိုလေ့မရှိ။

'အလုပ်မရှိတိုင်း ဆေးလိပ်ချည်း နင်းသောက်နေရသလားကွ၊ မင်း ဖင်က မီးခိုးထွက်နေပြီ'ဟု စစ်ပြန်ကြီးက တစ်ခါ ကြိမ်းပြီးကတည်းက ရွှေထူးသည် အိမ်မှာ ဖခင်မရှိမှ ဆေးပေါ့လိပ် ခိုးသောက်ရရှာသည်။

ရွှေထူးမှာ ရင်းနှီးသော အပေါင်းအသင်းဆို၍ ကျောင်းနေဖက် ငယ်သူငယ်ချင်း အောင်စိုးတစ်ယောက်သာ ရှိသည်။ အောင်စိုးကလည်း ရှူနာရှိုက်ကုန်း။ အောင်စိုးက ရွှေထူးအတွက် ဖတ်စရာ စာအုပ်များနှင့် သောက်ဖွာဖို့ ဆေးပေါ့လိပ်တွေ ယူလာပေးတတ်သည်။

တစ်နေ့တော့ အောင်စိုးက ရွှေထူးကို လက်တွန်းလှည်းပေါ်တင်ပြီး ကျွန်တော့်အိမ်ရှေ့သို့ ရောက်လာသည်။ ရွှေထူးသည် ဆေးပေါ့လိပ် တစ်လိပ်ကို မီးခိုးခြောင်းခြောင်းထွက်အောင် ဖွာလျက်ရှိသည်။

'ဦး…ဦးက စာ‥စာရေးဆရာဆိုတော့ ဗေ…ဗေဒင် ဗေဒင်စာအုပ်တွေ ဦး…ဦးမှာ ရှိ….ရှိမှာပေါ့' ဟု ရွှေထူးက ပြုံးရန် ကြိုးစားပြီး ပြောသည်။ သူ ပြုံးပုံက ပြုံးသည်နှင့်မတူ။ မဲ့ရွဲ့ပြောင်လှောင်ပြသလို ဖြစ်နေသည်။

'မင်းက ဗေဒင်စာအုပ် ဖတ်မလို့လား၊ ဗေဒင်စာအုပ်က နားလည်ရခက်တယ်နော်'

'ကျ…ကျ…ကျနော် ကြိုးစားပြီး ဖတ်…ဖတ်မယ်'

နောက်ရက် အနည်းငယ်ကြာတော့ အခြေခံ ဗေဒင်ပညာကို လူပြိန်းနားလည်အောင် ရေးထားသည့် တစ်ပွဲတိုး ဗေဒင်စာအုပ် သုံး၊ လေးမျိုးကို ရန်ကုန်စာအုပ်အဟောင်းဈေးကွက်ထဲမှာ

www.burmeseclassic.com

ကျွန်တော် မွှေနှောက်ရှာဖွေပြီး ရွှေထူးအတွက် ဝယ်ပေးလိုက်သည်။ ရွှေထူးလို ၄ တန်းသာအောင်ခဲ့သူတစ်ယောက်အဖို့ အလွယ်ဆုံး ဗေဒင်ဟောနည်းစာအုပ်ကပင်လျှင် တက်မပါ၊ ရွက်မပါဘဲနှင့် လှေကလေးတစ်စင်းကို ရေပြင်မှာ ဖြတ်ကူးရန် ကြိုးစားသည်နှင့် တူနေလိမ့်မည်။

'မင်း ဗေဒင်ပညာကို လေ့လာချင်ရင် အကောင်းဆုံးကတော့ ဗေဒင်ကျူရှင်တစ်ခုခုမှာ တက်ဖို့ပဲ။ ဆရာက သေချာရှင်းပြပေးမှ မင်း ဗေဒင်ပညာကို ရှင်းရှင်းလင်းလင်း သဘောပေါက်မှာ' ဟု ကျွန်တော်ကပြောသော် ရွှေထူးက ပါးစပ်ရွဲ့ပြပါသည်။ မချိပြုံး ပြုံးပြရန် ကြိုးစားခြင်းလည်း ဖြစ်နိုင်သည်။

'ကျ…ကျနော် ဗေ ဗေဒင်သင်ချင်တဲ့အကြောင်း ပြော…ပြောတော့ အ… အဖေက…သောက်… သောက်အ,က စ…စကား များ…များချင်လို့ လား… လို့ ဆူ…ဆူတယ် ဗျ'

ရွှေထူးကို ဗေဒင်ဟောနည်းစာအုပ်ကလေးတွေ ဝယ်ပေးလိုက်ရခြင်းအတွက် ကျွန်တော် ကြည်နူးအားရမိပါသည်။ စစ်ပြန်ကြီးကတော့ ကျွန်တော့်ကို ကျေးဇူးမတင်ရုံသာမက ပြဿနာရှာ ရန်လုပ်နိုင်သည်။ တကယ့် လူ့ခွစာကြီးပါ။

ငါးနှစ်နီးပါးမျှ နေ့စဉ်လိုလို တွေ့မြင်သတိထားမိခဲ့၊ ရင်မောခံစားမိခဲ့၊ မချိတရိ စာနာမိခဲ့သော ရွှေထူးကို

ငါ့နာမည်
စိန်မောင်းနော်
စိန်မောင်း
စိန်မောင်း
စိန်မောင်
မဟုတ်ဘူး
ဝစ္စနှစ်လုံးပေါက်
ထည့်ဖို့ မမေ့နဲ့
မင်းတို့ကိုယ်မင်းတို့
ဘွဲ့ရခိုပြီး
ခပ်ပေါ့ပေါ့
လပေါ်သရေ
မလုပ်နဲ့ကွ
နာမည်
မှန်အောင်ရေး
စိန်မောင်း
စိန်မောင်း
ဟုတ်ပြီနော်

ကျွန်တော်က စာပေဖန်တီးမှုနည်းနာဖြင့် သီးခြား အသက်သွင်း ဘဝပြောင်းရန် ဆုံးဖြတ်မိခဲ့ပါပြီ။ ရွှေထူးသည် ကျွန်တော့်ဝတ္ထုထဲမှာ သူရဲကောင်းတော့ မဟုတ်။ ဦးဆောင်ဇာတ်လိုက်၊ မသန်သော်လည်း စွမ်းသူ My Left Foot ဝတ္ထုထဲက အိုင်းရစ်လူမျိုး ပါရမီရှင် ခရစ္စတီဘရောင်းလို၊ ကမ္ဘာကျော် ရူပဗေဒပညာရှင် စတီဖင်ဟော့ကင်းလို 'လူမစွမ်းနတ်မ' သည့် ထူးကဲလူသားတစ်ယောက် ဖြစ်ရမည်။

ကျွန်တော်သည် အခွင့်အခါသင့်တိုင်း ရွှေထူးနှင့် စကားစမြည်ပြောကြည့်ခဲ့ပါသည်။ အခြေအနေကိုကြည့်၍ စစ်ပြန်ကြီးနှင့်လည်း ရှေးဟောင်းနှောင်းဖြစ်တွေကို တူးဆွကြည့်ပါသည်။ စစ်ပြန်ကြီးက ဒုက္ခိတသားကို အာရုံထားပုံမရ။

'ကံပဲ၊ ကံပဲ။ ရှေးအတိတ် အကုသိုလ်ကံပဲ။ ဘယ်သူမှ မတတ်နိုင်ဘူး။ ကုန်ကုန်ပြောမယ်။ ဒီကောင့်အတွက် ဘုရားတောင် မတတ်နိုင်ဘူး။ ဒီကောင် ရောဂါဖြစ်ခါစ,တုန်းက ကျုပ်တို့ အင်္ဂလိပ်ဆေးနည်း၊ ဗမာ ဆေးနည်း နည်းမျိုးစုံနဲ့ အကုန်ကုခဲ့တာပဲလေ။ ကုလို့မှ မရတာ။ ကံနာဝဋ်နာလေ။ ကံနာဝဋ်နာဆိုတာ ဂိတ်ဆုံးနေပြီလေ ဟုတ်တယ်နော်'

ကျွန်တော်က စစ်ပြန်ကြီးကို မချိပြုံးသာ ပြုံးပြလိုက်ပါသည်။ စစ်ပြန်ကြီးက ရွှေထူးအပေါ် ရင်သွေးတစ်ယောက်အဖြစ် ခံစားပုံမပေါ်ဘဲ ပေါ့ရွှတ်ရွှတ်ပြောနေသည်ဟုသာ ကျွန်တော် တနုံ့နုံ့ တွေးမိသည်။ ကျွန်တော့်မှာသာ ရွှေထူးလို ဒုက္ခိတသားတစ်ယောက်ရှိနေခဲ့လျှင် ယခုလက်ရှိ ကျွန်တော်၏စိတ်အခြေအနေမျိုး ကျွန်တော့်မှာ ရှိနေလိမ့်မည် မဟုတ်။

ကျွန်တော်က စာရေးစားပွဲမှာထိုင်ရင်း ဇာတ်ကောင် ရွှေထူး၏ ဝိညာဉ်ထဲသို့ စိမ့်ဝင်ပူးကပ်ကြည့်ရန် ကြိုးစားကြည့်သည်။ လမ်းပေါ်မှာ ဖြတ်သွားကြသော မိန်းမပျိုကလေးများကို တွေ့လျှင် သစ်သားတွန်းလှည်းကြီးပေါ်ကနေ လည်ပင်းကြီးကို လိမ်စောင်းပြီး ရွှေထူးက လိုက်ငေးနေပုံ။ သွားပါးစပ်ကြီးက ဖြဲဟလျက် သွားရည်အချို့စီးကျနေပုံ၊ သူ၏လက်တွေခြေတွေ တဆတ်ဆတ်တုန်ခါနေပုံတို့ကို ကျွန်တော် မြင်ယောင်ကြည့်သည်။

ကျွန်တော် စာရေးသောနေရာမှ ရွှေထူးတို့အိမ်ကို ရှင်းရှင်းလင်းလင်း မြင်နေရပြီး တွန်းလှည်းပေါ်မှာထိုင်ရင်း ဆေးလိပ်သောက်နေသည့် ရွှေထူး၏ လှုပ်လှုပ်ခတ်ခတ် ဂနာမငြိမ်သောရုပ်ပုံကိုလည်း ရုပ်ရှင်ကြည့်ရသလို တွေ့နေ၊ မြင်နေသည်။ နံရံသုံးဖက်မှာ ကာရံထားပြီး မျက်နှာစာနံရံမရှိဘဲ ဟင်းလင်းပွင့်နေရာ အဆီးအတားမဲ့ တိုးဝင်လာသော အရှေ့အရပ်မှ နေရောင်ခြည်သည် တွန်းလှည်းကလေးပေါ်မှ ရွှေထူးပင်ကို ညိုမှိုင်းမှိုင်း သွင်ပြင်ရုပ်လုံးကို ရွှေရောင်ကဲ့သို့ ဝင်းပနေစေသည်။ လင်းလဲ့တောက်ပသောရောင်ခြည်စက်ဝန်းထဲတွင် ဒုက္ခိတ၏ လှုပ်ရှားဟန်မှာ အနုသုခုမ ကခြေသည် တစ်ဦး ဂီတမပါဘဲ ကဗျာလွတ် ကကြိုးသီနေသကဲ့သို့ ထင်ရသည်။

ယခုတစ်လော ရွှေထူးတို့ခြံထဲသို့ လူဝင်လူထွက်များနေသည်။ ရွှေထူးထံ ဗေဒင်လာမေးကြသူများ ဖြစ်ကြသည်။ ကျွန်တော့်ထံမှ ဗေဒင်ဟောနည်းစာအုပ် ငှားသွားပြီး မကြာမီ ရွှေထူး ဗေဒင်ဟောရန် စိတ်ကူးရလာခြင်း ဖြစ်မည်ဟု ကျွန်တော် ထင်ပါသည်။ 'ပိဋကသုံးပုံ၊ ဗေဒင်လေးပုံ' ဟူသော ဆိုရိုး



www.burmeseclassic.com

www.burmeseclassic.com

စကားအသံက ကျွန်တော့်နားစည်ကို ရိုက်ခတ်လာ၏။ ကိစ္စမရှိ။ ဆေးတက္ကသိုလ်မှာ ၇ နှစ်၊ ၇ မိုး ပညာဆည်းပူးပြီးမှ တရားဝင် ဆေးဝါးကုသခွင့်ရသော ဆရာဝန်ရှိသလို ပြင်ပဆေးဝါး သင်တန်း ၆ လလောက်တက်ပြီး တောကျေးလက်မှာ ရဲရဲတင်းတင်း ဆေးကုနေကြသော (လူနာများကလည်း ယုံကြည်ကြသော)ဆေးသမားများလည်း ရှိနေကြသည်မှာ အထူးအဆန်း အခြင်းအရာမဟုတ်တော့။ ဒုက္ခိတ ရွှေထူးဗေဒင်ဟောစားခြင်း သည် သူ့ဘဝ၏ ထွက်ပေါက်၊ သူ့ဘဝတည်မြဲရာ၊ သူ့ဘဝ၏ လူရာဝင် အမှတ်အသားပဲ ဖြစ်ပါစေတော့။

ရွှေထူး၏ သစ်သားလက်တွန်းလှည်းနေရာမှာ နီကယ်ရောင် ပြောင်လက်နေသော ဆေးရုံသုံး 'ဗှီးချဲ'တစ်စီးရောက်ရှိလာသည်။ ရွှေထူး ရပ်ကွက်ထဲသို့ လှည့်လည်လိုလျှင် သူ၏ တစ်ဦးတည်းသော သူငယ်ချင်း အောင်စိုးက လှည်းကိုတွန်းလေသည်။ ဩ… ရွှေထူး စီးကရက်တွေ ဘာတွေ ခဲလို့ ပါကလား။ အံမယ် ဘဲနွတ်သီးဦးထုပ်တွေဘာတွေနဲ့။

မကြာမီ ရွှေထူး၏ ဝတ်စုံပြောင်းလဲသွားသည်။ ကော်ဖီမှုန့်ရောင် ပုဆိုးနှင့် ကော်ဖီမှုန့်ရောင် ရှပ်အင်္ကျီလက်ရှည်။ ပန်းနုရောင် ပိုးပဝါကလေးကို အုပ်ပေါင်းပေါင်းထားသည်။ ရွှေထူး စီးကရက်ကို လက်ထဲက မချတော့။ ညဘက်တွင် သူ့အခန်းကလေးထဲမှာ အမွှေးတိုင်အနံ့တွေ ပျံ့ဝဲကာ အမွှေးတိုင်ငွေ့တွေက တစ်ခြံလုံးမှာ လူးလွန့်မျောပါနေကြသည်။

'ဆရာ ဝိဇ္ဇာထူး… ဆရာ ဝိဇ္ဇာထူး… ဆရာ ဝိဇ္ဇာထူး'

ရွှေထူးကို ဂုဏ်ပြုခေါ်ဝေါ်သံ၊ ဆည်းကပ်ပူဇော်သံတွေကလည်း တသိမ့်သိမ့် မြည်ဟည်းလာကြသည်။

ရွှေထူးတို့ အိမ်ရှေ့သို့ တိုယိုတာ(မတ်တူး)အမျိုးအစား ဆလွန်းကားသစ်ကြီး တစ်စီး ၂ ရက်ခြား ၃ ရက်ခြား ထိုးဆိုက်လာတတ်သည်ကို ကျွန်တော်တွေ့နေရသည်။ ကားပေါ်မှ သက်လတ်ပိုင်းလူကုံထံ အမျိုးသမီးကြီး နှစ်ဦး ဆင်းလာလေ့ရှိကြောင်း သတိပြုမိသည်။ ဝတ်ပုံစားပုံ ခေတ်မီ၍ ဖွံ့ဖြိုးလှပသူများဖြစ်ကြောင်း အဝေးကနေ ကျွန်တော် ပြောရဲသည်။

တစ်နေ့မှာ အောင်စိုးက ရွှေထူးကို ပွေ့ချီပြီး ဆလွန်းကားထဲသို့ သွတ်သွင်းနေရာချပေးသည်။ အောင်စိုးပါ ထိုကားဖြင့် ပါသွားသည်။ ဘယ်ဆီ ဘယ်ဝယ်သို့ သွားကြလေမှန်း ကျွန်တော် တိတိကျကျ မသိ။ သိနိုင်အောင် စပ်စုခြင်းလည်း မပြုပါ။

ရွှေထူး၏ဖခင် စစ်ပြန်ကြီးက အဝတ်အဆင် ပြောင်ပြောင်ရောင်ရောင် ဖြစ်လာသည်။ စကားသံ ပိုမိုကျယ်လောင်လာသည်။

'ငါ့သားက မစွမ်းပေမဲ့ သန်သကွ၊ ငါ့သားရဲ့ ယတြာက နာဂစ်မုန်တိုင်းကိုတောင် တားနိုင်တယ်နော့'

စစ်ပြန်ကြီး အကောင်းစားဝီစကီတွေချည်းသောက်ပြီး အလုပ်မသွားတော့ဟု ကြားရသည်။

ရွှေထူး၏မိခင်နှင့် နှမကလေးတွေမှာလည်း နေ့ချင်းညချင်း မိုးကျနတ်မိမယ်တွေလို ရွှေတဝင်းဝင်း ငွေတဝင်းဝင်းနှင့်။ ရွှေထူးတို့ခြံဝင်းထဲမှာ (ငါးသုံးလုံး) စီးကရက် မီးခိုးတိမ်တိုက်ကလေးများ ၂၄ နာရီပတ်လုံးပြည့်နှက်လှုပ်ရှနေကြသည်။(မတ်တူး)ကားဖြူကြီးသည် ရွှေထူးကို နေ့စဉ်လာခေါ်ပြီး ည ၉ နာရီလောက်မှ အိမ်ပြန်ပို့သည်။

အပေါ်စားဂျာနယ်တစ်စောင်ထဲမှာ အကြားအမြင်ဗေဒပညာရှင် ဝိဇ္ဇာရွှေထူး၏ လုပ်ငန်းကြော်ငြာပါလာသည်။ ဒီတော့မှပဲ ရွှေထူးသည် ကျွန်တော့်ထံမှ ငှားယူသွားသော ဗေဒင်အလွယ်ဟောနည်းတက်ကျမ်းစာအုပ်ကလေးကို ပြန်မပေးသေးကြောင်း ကျွန်တော် သတိရလာသည်။ ကျွန်တော် သတိရချိန်က ညကြီးမင်းကြီး သန်းခေါင်ကျော်ကျော်။

နောက်တစ်နေ့ အိပ်ရာထမှာပဲ ကျွန်တော်က ရွှေထူးတို့အိမ်ဘက်သို့ ကူးသွားသည်။

ရွှေထူးသည် ဆံပင်တိုနံ့နံ့ စုတ်ထောင်းထောင်း အဝတ်အစားညစ်ညစ်နှင့် ဆေးပေါ့လိပ်တိုကို မီးခိုးခြောင်းခြောင်းထ,အောင် ဖွာရှိုက်ရင်း သစ်သားတွန်းလှည်းစုတ်ကြီးပေါ်မှာ မျက်နှာမသာမယာနှင့် ထိုင်နေသည်။ သူ၏ မိဘနှစ်ပါးနှင့် ညီမနှစ်ယောက်တို့ အိမ်မှာရှိကြပုံ မရ။

'ရွှေထူး မင်း ဗေဒင်ဟောတာ ဝင်ငွေရပြီ မဟုတ်လား' ဟု ကျွန်တော်က မေးလိုက်ပါသည်။

ရွှေထူးသည် လည်တိုင်ကိုစောင်း၊ နှုတ်ခမ်းကိုရွဲ့၍ ကျွန်တော့်ကို မော့ကြည့်သည်။ သူ၏ လက်နှစ်ဖက်စလုံး လေထဲမှာ လှုပ်ယမ်းနေကြသည်။

'သူ…သူငယ်ချင်းတွေကို…အ…အ…အလကားဟောပေးနေတာပါဆရာ။ ပက်…ပက်ဆံ မ…မရပါဘူးဗျာ…'

မျက်နှာချင်း နှစ်ပေခန့်သာ ကွာဝေးသဖြင့် ရွှေထူး၏ပါးစပ်မှ အာပုပ်နံ့တွေ ကျွန်တော့်ဝင်သက်ထဲသို့ ထိုးဆောင့်၍ ဝင်လာကြသည်။

'တကယ်လို့ကွာ… မင်း ဗေဒင်ဟောရင်း အောင်မြင်သွားလို့ ငွေတွေ အများကြီးဝင်လာမယ်၊ ချမ်းသာလာမယ်ဆိုရင် မင်း…ဘာလုပ်မလဲ'

ရွှေထူးက ဆေးလိပ်မီးခိုးများထဲမှာ ရယ်ရန် ကြိုးစားနေပုံရသည်။ ပြီးလျှင် အားယူအသံမြှင့်၍ ရင်ခေါင်းသံကြီးဖြင့် ပြောလိုက်သည်။

'မ…မ…မိန်း… မိန်းမ ယူမယ်'

ကျွန်တော်ရယ်လိုက်တော့ ရင်အုံထဲမှာ မျက်ခနဲ နာကျင်သွားပါသည်။

■

**ကြူးနှစ်**

www.burmeseclassic.com

ပိတ်လှောင်ထားတဲ့ အရာဝတ္ထုများ ထိုးထွက်နေသကဲ့သို့ နေရောင်များသည် နှင်းထုကို ဖောက်ထွက်နေသည်။ ဟိုတစ်စ ဒီတစ်စ မှိန်ဖျော့စွာ ရောက်လာကြသော ရောင်နီများသည် ကျူးသစ်ရွက်များပေါ်တွင် အရိပ်ထိုးနေကြလျက်။ သို့သော် တိုးဝှေ့တိုက်လာသောလေနှင့်အတူပါလာသည့် နှင်းမှုန်များသည် ကျူးသစ်ရွက်များပေါ်တွင် ကပ်လျက်ပင် ရှိသေးသည်။

မည်သည့်သတ္တဝါတစ်ကောင်မျှ အကြောင်းကိစ္စကြီးတစ်ခုမရှိဘဲ အပြင်သို့ ထွက်ဝံ့ကြမည်မဟုတ်။ နေထိုင်ရာ အသိုက်အုံတစ်ခုတွင် ကုပ်ကပ်၍ မှေးအိပ်နေကြမည်သာ။ အအေးဒဏ်သည် အမွေးထူထူ သတ္တဝါတစ်ကောင်ကိုပင် တဆတ်ဆတ် တုန်ယင်နေစေလိမ့်မည်။

သို့သော် ခပ်မြင့်မြင့်သစ်ပင်၏တစ်နေရာရှိ အသိုက်ဝတစ်ခုတွင်တော့ အနက်ရောင် အမွေးအတောင်များရှိသော ငှက်ပို့မှာ

ငှက်မသည် ယခုတစ်ကြိမ်အတွက် မျှော်လင့်ချက်ကြီးကြီး ထားခဲ့ပါသည်။
သန္ဓေသားဥကလေးကို စတင်လွယ်ထားစဉ်ကပင် ရှက်ရှိုး၍ အိပ်ရာတကျ
အချိန်အတော် ကြာအောင် ကိုယ်တိုင်ရက် ရွှစ်ချုပ်သည်
ယခုတော့ ထိုရွက်ရိုင်းအိပ်ရာပေါ်တွင် အသသေတစ်ခု ဖြစ်နေပြီ

# ဓနုပေါက်မယ်ပြာ

## သဦး

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

နှင်းကို အန်တုရ၍ ပေရပ်နေဆဲပင်။ ငှက်ဖိုမှာ ထိုအသိုက်ဝတစ်နေရာတွင် ရက်ပေါင်းများစွာ မလှုပ်မယှက် ရှိနေခဲ့ပါသည်။

မြင့်သောသစ်ပင်ထိပ်တွင် အသိုက်သစ်ကို ကြိုးစားဆောက်စဉ်ကတည်းက ငှက်ဖိုက ကောင်းမွန်စွာ အနားမယူရတော့ပေ။ လေကွယ်ရာ တောင်ဘက်တွင် အသိုက်လုပ်ရာနေရာကို စိတ်ကြိုက်ရွေးချယ်၍ မကြာမကြာ ကျရောက်လာသော နှင်းမုန်တိုင်း၏ အန္တရာယ်ကိုလည်း ကြိုတင်ခန့်မှန်းကာ ဘေးလွတ်ရာအတွက် တွေးပူခဲ့ရသည်။ မျိုးတူငှက်များ၊ မျိုးမတူသော ငှက်ရိုင်းများ၏ အန္တရာယ်မှ ရှောင်ကွင်းနိုင်ရန် အကွက်ကျကျ စီစဉ်ထားရသည်။

ငှက်ဖို၏ ပြူထွက်နေသော ခေါင်းမှ နက်မှောင်စူးရှသော မျက်လုံးအစုံသည် မြင်မြင်သမျှ လှုပ်ရှားမှုများကို စောင့်ကြည့်နေဆဲ ဖြစ်သည်။ ကင်းစောင့်နေသော ငှက်ဖို၏ သိမ်းစုထားသော အမွေးများပေါ်တွင် နှင်းမှုန်များ ကပ်နေသည်။ ငှက်ဖိုမှာ ချမ်းလွန်း၍ တုန်ခိုက်နေပါသည်။

အနည်းငယ်မှောင်၍ နွေးနေသော ထိုအသိုက်အုံ၏ ထောင့်တစ်နေရာတွင် ကပ်၍ လှဲနေသော ငှက်မမှာ ပိန်ချုံးကျုလျက် ရှိသည်။ အစာရေစာလည်း ကောင်းကောင်း မစားရ။ ညဘက်များတွင်လည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်ခြင်းမပြုရ။ ငှက်မသည် အားအင်ကုန်ခန်းလျက် ရှိသည်။

ရက်ပေါင်းများစွာ
အသိုက်ဝတွင်
ကင်းစောင့်
နေခဲ့သော
ငှက်ဖိုမှာလည်း
ကလေးလေးကို
မျက်ခြည်မပြတ်
ကြည့်နေခဲ့ပြီ
ရှည်လျား၍
ပြန့်ကားသော
အတောင်များကို
ကုပ်၍
ကလေး၏
အနီးသို့
တိုးကပ်လာသည်

အဖြူရောင် ဥတစ်လုံးကို ဥ,ချလိုက်စဉ်ကတည်းက အသိုက်အုံထဲတွင် နွမ်းလျစွာ မှေးစက်နေခဲ့ရသည်။ ဆင်းရဲဒုက္ခ အမျိုးမျိုးခံ၍ ဥ,ချခဲ့ရသည်။ အေးသော ရာသီဥတုဒဏ်ကြောင့် အချိန်တန်သော်လည်း သားပေါက်မလာသောအခါ ငှက်မသည် စိတ်ပူပန်စွာဖြင့် ငိုကြွေးခဲ့ရသည်။ နွေးထွေးသောရင်ငွေ့ကို ပေး၍ ဥကလေးကို အသက်ဆက်ပေးထားရသည်မှာ ရက်ပေါင်းများစွာ ကြာခဲ့ပါသည်။ ငှက်မသည် ယခုတစ်ကြိမ်အတွက် မျှော်လင့်ချက်ကြီးကြီး ထားခဲ့ပါသည်။ သန္ဓေသားဥကလေးကို စတင်လွယ်ထားစဉ်ကပင် ရွက်ရိုင်းအိပ်ရာကို အချိန်အတော်ကြာအောင် ကိုယ်တိုင်ရက်လုပ်ခဲ့ပါသည်။

ယခုတော့ ထိုရွက်ရိုင်းအိပ်ရာပေါ်တွင် ဘဝသစ်တစ်ခု စ,ဖြစ်နေပြီ။ စောင့်ဆိုင်းနေသော နေ့တစ်ရက်သို့ ရောက်လာခဲ့ပြီကို သိသော ငှက်မမှာ အသစ်ဖြစ်လာသူကို စိတ်ဝင်တစား ငေးမောလျက်။ အဖြူရောင် ဥခွံသည် လုံးဝ ပေါက်ကွဲထွက်သွားခဲ့ပြီ။ ကွဲထွက်သွားသော ဥခွံစများကြားတွင် ရုန်းကန်ထွက်လာနေသော ခပ်သေးသေး သတ္တဝါတစ်ကောင်။ မွေးစကပင် ကိုယ့်အားကိုယ်ကိုးပြီး ရုန်းထွက်နေရသည်။ ငှက်မသည် အားမလိုအားမရ ဖြစ်နေမိသော်လည်း ထိုနေရာအနားသို့ လုံးဝတိုးကပ်မသွားတော့ပေ။

မကြာမီ ငှက်ကလေးမှာ တစ်ကိုယ်လုံး ရုန်းထွက်နိုင်ခဲ့ပြီ။ သို့သော် အသစ်ကမ္ဘာသို့ အားအင်ချည့်နဲ့စွာ ထွက်လာပုံရသည်။ ငှက်မမှာ အမှောင်ထောင့်၌ နေ၍ပင် ငှက်ကလေးကို ငေးကြည့်နေသည်။

ရက်ပေါင်းများစွာ အသိုက်ဝတွင် ကင်းစောင့်နေခဲ့သော ငှက်ဖိုမှာလည်း ကလေးလေးကို မျက်ခြည်မပြတ် ကြည့်နေခဲ့ပြီ။ ရှည်လျား၍ ပြန့်ကားသော အတောင်များကို ကုပ်၍ ကလေး၏အနီးသို့ တိုးကပ်လာသည်။ နီညိုရောင်အမွေးများ ကျိုးတိုးကျဲတဲ ပေါက်နေသော ငှက်ကလေးမှာ အသက်ကို ခပ်မှျင်းမှျင်းသာ ရှူနေသည်ကို တွေ့သောအခါ ငှက်ဖိုမှာ စိတ်ပူနေမိသည်။ အားနည်းသော ငှက်ကလေးတစ်ကောင်ပင်။

'မင်းက အထီးလေးပါလား'

ငှက်ဖိုသည် ပျော်ရွှင်စွာဖြင့် အတောင်ကို တစ်ချက်ခါထုတ်လိုက်သည်။ လှဲအိပ်နေသော ငှက်မ၏ မျက်လုံးများသည်လည်း တစ်ချက်တောက်ပသွားပါသည်။ ငှက်သားလေးတစ်ကောင် ရခဲ့ပြီ။ ကြံ့ခိုင်သော ငှက်သားလေးတစ်ကောင်ဖြစ်ရန်သာ လိုတော့သည်။

ခပ်ချွဲချွဲအရည်များ ကပ်နေဆဲဖြစ်သော ငှက်ကလေးမှာ တအီအီ အော်မြည်လျက်ရှိသည်။ ငှက်ဖိုသည် ထိုအရည်များကို လျှာနှင့် လျက်ပစ်ရန် ကြိုးစားနေသည်။ သို့သော် သူ့မှာ မကျွမ်းကျင်။ ရှည်လျားသော နှုတ်သီးများသည် သားငယ်၏ နီထွေးထွေး အသားစိုင်များကို မကြာခဏ ထိုးမိလျက် ရှိသည်။ ငှက်သားလေးမှာ နာကျင်မှုကြောင့် အဆက်မပြတ် အော်မြည်ငိုကြွေးလျက်။ ငှက်ဖိုမှာ ပျာယာခတ်စွာ အမျိုးမျိုး ကြိုးစားသော်လည်း အရာမထင်။

အချိန်အတော်ကြာသော်လည်း ငှက်သားအဖမှာ အဆင်မပြေနိုင်ဖြစ်နေကြသောအခါ ငှက်မသည် အားကုန်နေလျက်ပင် ထ,ခဲ့ပြီ။ မြင်



www.burmeseclassic.com

www.burmeseclassic.com

တွန်တောက်တီးရင်း ငှက်ဖို၏ ကိုယ်လုံးကိုတိုက်ကာ သားငယ်ရှေ့တွင် နေရာဝင်ယူသည်။

ငှက်မမှာ ရှည်လျားသော နှုတ်သီး၏ အောက်ဘက်ရှိ ကြမ်းရှရှ ပါးစောင်မွေးများဖြင့် ငှက်သားလေး၏ တစ်ကိုယ်လုံးကို မရပ်မနား ပွတ်သပ်ပေးသောအခါ အမွေးနုနုများသည် ပွ၍ ပွ၍ ခြောက်သွေ့လာကြပြီ။ မျက်လုံးနှစ်လုံးကို ကြိုးစားဖွင့်နေသော ငှက်သားလေးမှာ မိခင်ငှက်မကြီးကို မြင်သောအခါ ခေါင်းတိုးဝှေ့ရှာသည်။

'ဒီကောင်လေး အသက်ရှင်ပါ့မလား'

မွေးကတည်းက ပျော့ညံ့နေပုံပေါ်သော ငှက်ကလေးကို ကြည့်၍ ငှက်မက စိုးရိမ်တကြီး ရေရွတ်လိုက်သည်။ ပြန့်ကားသော တောင်ပံဖြင့် ငှက်မသည် သားငယ်ကို အုပ်မိုးထားသောအခါ ငှက်သားငယ်မှာ ခေါင်းတစ်လုံးသာ အပြင်ဘက်သို့ ထုတ်၍ မိခင်၏ ရင်ငွေ့ကို ခံယူရှာသည်။

အပြင်ဘက်တွင် နေကို မမြင်ရသေးပါ။ နှင်းမှုန်များသည် အသိုက်အုံအထိပင် ဝင်လာသည်။ ငှက်ဖိုသည် အသိုက်ဝသို့ ပြန်ထွက်သွားသည်။ ထို့နောက် ပတ်ဝန်းကျင်တစ်ခွင်သို့ တစ်ချက်စူးစမ်းကြည့်လိုက်သည်။ နှင်းခဲများသီးနေသော သစ်ခက်သစ်ကိုင်းများကို မြင်သောအခါ ငှက်ဖိုမှာ စိုးရိမ်စိတ်ဖြင့် ခေါင်းခါလိုက်သည်။

'အချိန်တန်ပြီထင်တာပဲကွယ်'

အသိုက်ဝသို့ မျက်နှာမူလျက်ပင် မပြောချင်ဆုံးစကားကို ငှက်ဖိုက ပြောလိုက်ရပြီ။ ငှက်သားအမိဘက်သို့ လုံးဝ လှည့်မကြည့်။ အဆမတန် စိုးရိမ်နေသော်လည်း ဤအရာသည် ရှောင်လွှဲမရသော လုပ်ရိုးလုပ်စဉ်တစ်ခုပင်။

ငှက်ဖို၏ စကားကို ကြားသော ငှက်မမှာ သားငယ်ကို ပို၍ တင်းကျပ်စွာ အုပ်မိုးထားလိုက်သည်။ ငှက်မသည် တုန်ယင်လာပါသည်။

ရင်ထဲတွင်လည်း တစစ်စစ် နာကျင်လာပါသည်။ ငှက်မသည် သားငယ်လေးကို ရင်ထဲတွင်သာ တစ်သက်လုံး ထားလိုက်ချင်ပါသည်။ နွေးထွေးမှုကို လိုအပ်နေသော သားငယ်ကလေး။ ထိုသားငယ်ကလေးကို ရင်ထဲမှ ဆွဲထုတ်လိုက်ရမည်ကို တွေးမိလျှင်ပင် ပူပန်လာသည်။

'ခဏလေးနေပါဦးရှင် သားလေးကို အချိန် နည်းနည်းပေးပါဦးရှင်၊ သူ့ခမျာ တော်တော်လေး အားနည်းနေပုံပဲ'

ငှက်ကလေးမှာ အခြေအနေအရပ်ရပ်ကို မသိရှာ။ ငှက်မ၏ ရင်ခွင်သို့ တိုးဝှေ့လျက်ပင်။

အချိန်အနည်းငယ် ကြာလာသော်လည်း ငှက်မမှာ သားငယ်ကို မခွာထုတ်နိုင်သောအခါ အသိုက်ပေါက်မှ ငှက်ဖိုသည် တရွေ့ရွေ့ လာခဲ့ရပြီ။ ထို့နောက် ငှက်မ၏ တောင်ပံများကြားမှ ငှက်ကလေးကို ဆွဲထုတ်တော့သည်။ ငှက်မက တားမြစ်စကား မဆိုတော့။ သို့သော် တောင်ပံများက သားငယ်ကို အားနှင့်ပွေ့ဖက်ထားလျက်ပင်။ ငှက်ဖိုက တစ်ဖန်ပြန်၍ အားဖြင့် ဆွဲထုတ်သော်လည်း ငှက်မမှာ လုံးဝ မလွှတ်။ ဖွတ်မိုတ်၍ ပွေ့ဖက်ထားဆဲဖြစ်သည်။

လွန်ပွဲတစ်ခုလိုပင်။ ငှက်သားလေး၏ စူးရှသော အော်သံထွက်လာမှပင် သူတို့ ရပ်တန့်ကြသည်။ ငှက်မမှာ မျက်ရည်များ စီးကျလာခဲ့ပြီ။

'ကျွန်မတို့ မလုပ်ကြရင် ကောင်းမယ်ထင်တယ်။ အရင် ကျွန်မတို့ ကလေးနှစ်ယောက်လည်း အသက်ဆုံးခဲ့ပြီးပြီ။ ဒီကလေးကို ကျွန်မ အဆုံးရှုံးမခံနိုင်တော့ဘူး။ ကျွန်မတို့ လုပ်ထုံးလုပ်နည်းကို ဖောက်ဖျက်…'

'လုံးဝ မဖြစ်နိုင်ဘူး။ မင်းရောငါရော ဒီအဖြစ်ကို ဖြတ်လာရတာပဲ။ ဒါကြောင့် မင်းရော၊ ငါရော အသက်ဆက်ရှင်နေကြတာ။ ဟောဒီ နှင်းတောထဲမှာ ကြံ့ကြံ့ခိုင်ခိုင်နဲ့ အသက်ရှင်ဖို့က ဒီတစ်နည်းပဲ ရှိတယ်'

ငှက်မမှာ တိတ်တဆိတ် ငိုကြွေးမိပြီ။ သို့သော် ငှက်ဖို၏ စကားကိုလည်း မကန့်ကွက်ဝံ့တော့။ ဤအရာသည် ရှောင်လွှဲလျှင် ဆိုးကျိုးကိုသာ ရမည်ကို သိနေပါလျက် လက်မခံနိုင်အောင် ဖြစ်နေသည်။

အသိုက်အုံသည် ပို၍ တိတ်ဆိတ်သွားသည်။ အတန်ကြာအောင် အသံမထွက်လာကြ။ ငှက်ဖိုမှာလည်း ငြိမ်ဝပ်လျက်ပင် ရှိသည်။

ငှက်မသည် သားငယ်ကို ရင်အုံထဲမှ စိတ်မကောင်းစွာထုတ်လိုက်ရပြီ။ ငှက်ကလေးမှာ လေအေးအေးကြောင့် ညည်းတွားလာသည်။ မိခင်ရင်ခွင်သို့ အတင်းတိုးဝင်နေသော်လည်း ငှက်မမှာ မျက်နှာလွှဲရပြီ။

ချက်ချင်းပင် ငှက်ဖိုမှာ သားငယ်ကို ကိုက်ချီတော့သည်။ ကျွမ်းကျင်စွာနှင့် နှုတ်သီးနှစ်လွှာကြားတွင် နေသားတကျဖြစ်အောင်ထား၍ တိတ်ဆိတ်နေသော အသိုက်အုံသည် အသံထွက်လာခဲ့ပြီ။ ငှက်ကလေး၏ ကြောက်လန့်တကြား အော်သံတစ်ခု၊ ငှက်မ၏ ဝမ်းနည်းရှိုက်ငိုသံ။

အသိုက်သည် အရှိန်ဖြင့် တုန်ခါသွားသည်။ ငှက်ဖိုသည် အသိုက်နှုတ်ခမ်းကို ခြေဖြင့်ကန်၍ တောင်ပံခတ်နေပြီ။ ငှက်မမှာလည်း နွမ်းလျနေလျက်ပင် နှင်းမှုန်ကြားထဲ ပျံသန်းနေသော ငှက်ဖိုနောက်မှ ထက်ကြပ်မကွာ လိုက်လာခဲ့သည်။

ငှက်လင်မယားနှစ်ကောင်မှာ အရှိန်ဖြင့် တည့်တည့်မတ်မတ် ပျံဝဲနေလျက်။ ခပ်ရေးရေး မြင်နေရသော အမြင့်ဆုံးတောင်စွယ်တစ်ခုဆီသို့ တည့်မတ်စွာ။



www.burmeseclassic.com

www.burmeseclassic.com

> ငှက်မမှာ ရှည်လျားသော နှုတ်သီး၏ အောက်ဘက်ရှိ ကြမ်းရှရှ ပါးစောင်မွေးများဖြင့် ငှက်သားလေး၏ တစ်ကိုယ်လုံးကို မရပ်မနား ပွတ်သပ် ပေးသောအခါ အမွေးနုနုများသည် ပွ၍ ပွ၍ ခြောက်သွေ့ လာကြပြီ မျက်လုံးနှစ်လုံးကို ကြိုးစား ဖွင့်နေသော ငှက်သားလေးမှာ မိခင်ငှက်မကြီးကို မြင်သောအခါ ခေါင်းတိုးဝှေ့ ရှာသည်

ငှက်ဖိုမှာ မောနေသော်လည်း နောက်သို့ လုံးဝ လှည့်မကြည့်တော့။ ငှက်ကလေး၏ တအီအီအော်မြည်သံကိုလည်း ဥပေက္ခာပြု၍ တောင်ပံများကို အားဖြင့် ဝဲခတ်နေဆဲပင်။

နှင်းမှုန်များသည် သူတို့ခန္ဓာကိုယ်အနှံ့ ထိုးဖောက်ဝင်ရောက်နေခဲ့ပြီ။ လေရှိန်နှင့် ထိတွေ့နေသော ငှက်ကလေး၏ အမွေးနုနုများတွင်လည်း နှင်းဥများ သီးနေကြသည်။ ငှက်ကလေးမှာ တဆတ်ဆတ် တုန်နေပါသည်။ မကြာမီ တောင်စွယ်သို့ ခြေချနိုင်ခဲ့သည်။ နှင်းမှုန်များကကျနေဆဲ။ ခပ်လှမ်းလှမ်းတွင် သစ်ပင်တန်းများ။ ငှက်ဖိုမှာ ထိုနှင်းပြင်များပေါ်တွင် ငှက်ကလေးကို ချလိုက်ပါသည်။

ထိုအခိုက် သူတို့အောနားမှာ လှုပ်ခတ်နေသော အရာနှစ်ခု။ နှင်းလွှာများကို လက်ဖြင့် ခြစ်နေကြသော အခြား အခြားငှက်လင်မယားနှစ်ကောင်။ ရှိုက်ကြီးတငင်ငိုကြွေးနေကြသည်။ သို့သော် တွန့်ဆုတ်မနေကြ။ မကြာမီပင် ထိုနေရာမှ အထက်သို့ ပျံတက်သွားကြသည်။ အထက်မှ နှင်းမှုန်များကြားတွင် ဝင်ရောက်ပျောက်ကွယ်သွားသည်အထိ ထိုလင်မယား၏ အော်ငိုသံကို ကြားနေရဆဲ။ နှင်းလွှာပြင်များကြားတွင်တော့ မို့မောက်နေသောနေရာတစ်ခု ကျန်ရစ်ခဲ့သည်။

မြင်ရသော နှင်းလွှာမို့မို့ကြောင့် ငှက်မသည် ပို၍ တုန်လှုပ်သွားခဲ့ပြီ။ နှင်းလွှာကြားတွင် အခင်းအကာမဲ့ ရှိနေသော သားငယ်ကလေးကို နွေးထွေးမှုပေးရန် အနားသို့ ကပ်လာခဲ့သည်။ ငှက်သားငယ်မှာ အဆက်မပြတ် ငိုကြွေးနေပါသည်။

ငှက်ဖိုမှာ ချက်ချင်းပင် ငှက်မကို တားဆီးလိုက်ပါသည်။ ထို့နောက် ထိုနေရာမှ တရွတ်တိုက်ဆွဲခေါ်သွားတော့သည်။ ငိုကြွေးနေသော သားငယ်ကို ထားရစ်ခဲ့ပြီ။

ခပ်လှမ်းလှမ်းရှိ အပင်တန်းများဆီမှ သူတို့ စောင့်ကြည့်နေကြပါသည်။ ငှက်ဖိုမှာ သားငယ်ကို စူးစိုက်ငေးကြည့်နေလျက်။ သူ့ရင်ထဲတွင် စိုးရိမ်စိတ်အပြည့် ဖြစ်နေသည်။

သစ်ကိုင်းများပေါ်တွင် ငှက်မမှာ ဟိုပြေးဒီပြေး ဖြစ်နေပါသည်။ စိတ်မငြိမ်နိုင်။ တောင်ပံများကို ဖြန့်ကြက်ထားလိုက်၊ သိမ်းစုလိုက်နှင့် ဂနာမငြိမ်ဖြစ်လျက်။ သားငယ်၏ အော်ငိုသံကို ကြားသောအခါ သူ့မှာ နေရခက်စွာ တောင်ပံကို တဖျပ်ဖျပ် ခတ်နေမိသည်။

'ကျွန်မသားလေး တောင့်ခံထားနိုင်ပါ့မလား၊ အရင် နှစ်ကောင်လိုပဲ…'

ငှက်မ၏ စိတ်ပူပန်စွာ ရေရွတ်လိုက်သံ။

ဤနေရာသည် ငှက်မအတွက် ငရဲကမ္ဘာလိုပင်။ ကိုယ်တိုင်ဝမ်းနှင့်လွယ်၍ ခက်ခက်ခဲခဲ ဥ,ချထားရသော ငှက်ကလေးနှစ်ကောင်ကို ဤနေရာ၌ပင် သင်္ဂြိုဟ်ခဲ့ရသည်။ ငှက်မ၏ ရင်အစုံသည် ပေါက်ကွဲမတတ် ခံစားခဲ့ရသည်မှာ နှစ်ကြိမ်တိုင်ခဲ့ပြီ။ ငှက်သားလေး၏ အော်သံကို ကြားတိုင်း သူ့အသည်းမှာ ကွဲထွက်သွားမတတ်။

'ဒီတစ်ကြိမ်ဆိုရင်တော့ ကျွန်မ သေလိမ့်မယ်'

ငှက်ဖိုမှာ မမှိတ်မသုန်ကြည့်နေဆဲပင်။ ငှက်မ၏ စကားများကိုလည်း ဂရုမစိုက်နိုင်။ ငှက်ကလေး၏ ခန္ဓာကိုယ်အနှံ့သို့ နှင်းမှုန်များ မြန်မြန်ဖုံးသွားရန်သာ စိတ်ထဲ၌ အဆက်မပြတ် ဆုတောင်းနေလျက်။ နှင်းမှုန်များ အမြန်ဆုံးဖုံးသွားမှ ငှက်ကလေးကို ပြန်လည် ကိုက်ချီခွင့် ရှိမည်။ သူ့ရင်ထဲတွင် ထိုစိတ်ဖြင့် ပူလောင်လျက်ရှိသည်။

မလှုပ်နိုင်သော ငှက်ကလေး၏ အသားစိုင်များသို့ နှင်းမှုန်များ သိပ်သည်းစွာ ကပ်နေလေပြီ။ ငှက်ကလေး၏ အားကုန်ညှစ်၍ အော်နေလိုက်သံမှာ အကျယ်ဆုံးဖြစ်ခဲ့ရပြီ။ မကြာမီပင် အသံမှာ တဖြည်းဖြည်း တိုး၍ လုံးဝ မထွက်လာတော့။ ငှက်မမှာ ဆက်လက်တောင့်ခံထားဖို့ အင်အားမရှိတော့။

ထိုအကိုင်းမှနေ၍ တစ်ဖွတ်ထိုးပြေးထွက်သွားသည်။ သနားစရာ ငှက်ကလေးဆီသို့။ လေဟုန်ပေါ်တွင်ပင် ငှက်ဖိုမှာ ငှက်မ၏ ရှေ့တွင်ပိတ်၍ တားဆီးလိုက်သည်။ ငှက်လင်မယား၏ တောင်ပံခတ်သံသည် ကျယ်လောင်စွာ ထွက်ပေါ်နေပါသည်။

'ကျွန်မ ဘာမှ နားမလည်ဘူး။ ဟိုမှာ ကျွန်မသားလေး သေတော့မယ်။ ကျွန်မ ဆုံးရှုံးမခံနိုင်တော့ဘူး၊ ရှိပါစေတော့။ ကျွန်မသားက ပျော့ညံ့ချူချာတဲ့ ငှက်တစ်ကောင်ဆိုလည်း တစ်သက်လုံး ကျွန်မရင်ခွင်ထဲမှာပဲ ထားမယ်။ ကျွန်မ တစ်သက်လုံး လုပ်ကျွေးသွားမယ်'

ငှက်မ၏ အော်သံသည် နှင်းလွှာကိုဖောက်၍ ထွက်ပေါ်နေသည်။ သို့သော် ငှက်ဖိုမှာ လုံးဝ အလျှော့မပေး။ တောင်ပံများဖြင့် ငှက်မ၏ သွားလမ်းကို ကာထားလျက်ပင်။



www.burmeseclassic.com

www.burmeseclassic.com

'ဒီလောက်စမ်းသပ်တာကိုမှ မကျော်နိုင်ရင် ဒီငှက်က ပျော့ညံ့ချုချာတဲ့ငှက်ပဲ။ ချုချာတဲ့ငှက်ပေါက်စဟာ နှင်းတောထဲမှာ အသက်ဆက်ရှင်နေစရာ ဘာအကြောင်းမှ မရှိဘူး။ ငါတို့မျိုးနွယ်ထဲမှာ ငှက်ပျော့ ငှက်ညံ့တစ်ကောင်ဖြစ်ရတာနဲ့စာရင် သေသွားတာပဲ ပိုကောင်းတယ်'

ငှက်မက နောက်ဆုံးတွင် တရွှတ်ရွှတ် ငိုလျက် သစ်ပင်ဆီသို့ ပျံသွားခဲ့သည်။ သစ်ပင်ခြေရင်းအောက်တွင် ငြိမ်သက်စွာ ရပ်လျက်။ အားအင်များ လုံးဝ ကုန်ဆုံးသွားသကဲ့သို့ ခေါင်းငိုက်စိုက်ကျလျက်။

အချိန်အတော်ကြာအောင် ထိုနေရာတွင် တိတ်ဆိတ်နေခဲ့သည်။ ငှက်ကလေး၏ အော်ညည်းသံကိုလည်း လုံးဝမကြားရတော့။ နှင်းမှုန်များသည် ငှက်ကလေး၏ ခန္ဓာကိုယ်အနှံ့သို့ ဖုံးအုပ်သွားခဲ့ပြီ။

ငှက်ဖိုမှာ ဖြည်းညင်းစွာ ရေရွတ်လိုက်သည်။

'အချိန်တန်ပြီ'

သို့သော် ငှက်ဖို၏ အသံတွင် မျှော်လင့်ချက်မဲ့နေသည်။ ဟုတ်သည်။ အသံမထွက်တော့သော ငှက်ကလေးတစ်ကောင်အတွက် မျှော်လင့်ချက်က သိပ်မရှိလှ။ အပင်အောက်မှ ငှက်မမှာ တစ်ချက်တုန်သွားသော်လည်း ပြန်၍ ငြိမ်သက်ဆဲပင်။ သွားရောက်ကြည့်ရှုဖို့ အင်အားမရှိတော့။ နှင်းမှုန်ကြားတွင် သေဆုံးနေသော ရင်သွေးသားပေါက်၏ အလောင်းကို နှစ်ကြိမ်တိုင်တိုင် မြင်တွေ့ခဲ့ပြီးပြီ။ အသည်းများ ပေါက်ထွက်လုမတတ် ခံစားချက်ကို ထပ်မံ ခံစားရလျှင် ငှက်မမှာ သေရုံသာ ရှိတော့မည်။

ငှက်ဖိုမှာ လေကိုခွင်း၍ ပြေးသွားသည်။ ငြိမ်သက်နေသော သားငယ်၏ ခေါင်းပိုင်းကို ချစ်မြတ်နိုးစွာ ကြည့်သည်။ အချိန်အတော်ကြာကြာ သို့ငှက်ထားသော မျက်လုံးအိမ်မှ တိတ်တခိုး မျက်ရည်စသည် နှင်းထဲသို့ ကျရောက်ပျောက်ကွယ်သွားပါသည်။ ငှက်ဖိုမှာ တစ်ကောင်တည်း ငိုနေပါသည်။

သားငယ်၏ ခန္ဓာကိုယ်အနှံ့ ဖုံးနေသော နှင်းမှုန်များကို ညင်သာစွာဖြင့် ဖယ်ထုတ်ပေးလိုက်သောအခါ နီကြင်ကြင် အမွေးများ ပေါ်လာခဲ့ပြီ။ လုံးဝငြိမ်သက်နေသော သားငယ်ကလေး။ ငှက်ဖိုမှာ ကြမ်းရှသော ပါးစောင်မွေးများဖြင့် သားငယ်၏ အမွေးများကြားတွင် ကပ်သီးနေသော နှင်းဥများကို ဖယ်ထုတ်ပေးသည်။ ယခုတော့ ကျွမ်းကျင်နေရပြီ။ နှင်းမှုန်များကြားမှာ ပျော့တိပျော့ဖပ် အေးစက်နေသော ငှက်ကလေး၏ ခန္ဓာကိုယ်ကို ဆွဲထုတ်၍ ရင်ခွင်ထဲသို့ ထွေးပွေ့အုပ်မိုးလိုက်ပါသည်။

ထိုအခိုက် မျှော်လင့်ချက် မထားထားသော ငှက်ဖိုမှာ သားငယ်ကို ရင်ခွင်မှ ချက်ချင်း ပြန်ခွာထုတ်မိသည်။ မယုံကြည်နိုင်စရာပင်။ ငှက်ဖိုမှာ အံ့ဩလွန်း၍ ငှက်သားငယ်၏ ရင်ဘတ်သို့ တစ်ဖန်ပြန်တိုးကပ်၍ နားထောင်မိသည်။ ခပ်နွေးနွေး အသက်ရှူသံတစ်ခု။

'အသက်ရှူနေတယ်၊ တို့… တို့သားလေး အသက်ရှူနေတယ်ဟေ့၊ သူ ရှင်နေတုန်းပဲ'

ငှက်မဆီသို့ အံ့ဩဝမ်းသာစွာ အော်ဟစ်လိုက်သော ငှက်ဖို၏အသံမှာ စိတ်လှုပ်ရှားမှုကြောင့် တုန်ယင်နေပါသည်။ အပင်အောက်တွင် ခေါင်းငိုက်စိုက်ကျနေသော ငှက်မမှာ ချက်ချင်းပင် တစ်ဟုန်ထိုး ပြေးထွက်လာခဲ့သည်။

ငှက်မမှာ တုန်တုန်ယင်ယင်ဖြင့် သားငယ်ကို ထွေးပွေ့လိုက်သည်။ ငှက်ကလေးမှာ မျက်လုံးများဖြင့် တဖြည်းဖြည်း ပွင့်လာခဲ့ပြီ။

'ကျွန်မသားလေး၊ ဒါ ကျွန်မသားလေး သူ လုပ်နိုင်ခဲ့ပြီ'

ငှက်သားလေးကို တစ်လှည့်စီ ရင်ငွေ့ပေးနေသော ငှက်လင်မယားနှစ်ကောင်မှာ တဖြည်းဖြည်း တစ်ဖန်ပြန်၍ နွေးထွေးလာသော သားငယ်၏အသားစိုင်များကို တင်းကျပ်သထက် တင်းနေအောင် ပွေ့ဖက်ထားပါသည်။

ထို့နောက် ငှက်လင်မယားမှာ တစ်ကောင်ကို တစ်ကောင်ကြည့်၍ တိုင်ပင်ထားသလိုပင် အလွန်ကျယ်လောင်သော အသံဖြင့် ပြိုင်တူ တွန်ကျူးလိုက်ကြသည်။

သူတို့ မျက်လုံးများတွင်တော့ မျက်ရည်များ ခြောက်သွေ့ခဲ့ရပြီ။

■

**နေ့ပင်လယ်ပြာ၊**

**အယ်ဒီတာအဖွဲ့**

**အခန်း (၃-ဝ၃)**
**တိုက်အမှတ် ၂၁/၂၃**
**၅၂လမ်း**
**(အောက်ဘလောက်)**
**ဗိုလ်တထောင်မြို့နယ်**
**ရန်ကုန်**
**ဖုန်း-ဝ၁-၉ဝ၁ဝ၁၁၅**
**E-mail:**
**nyeinfamily@gmail.com**

www.burmeseclassic.com

# ခမည်းတော်တူ သားတော် အင်းဝဘုရင်မင်းခေါင်

**မောင်သန်းဆွေ၊ ထားဝယ်၊**

'ခမည်းတော်တူ သားတော် အင်းဝဘုရင်မင်းခေါင်' မှာ ထီးသံနန်းသံဖြင့် ခေါင်းစဉ်တပ်လိုက်ရသော်လည်း အမှန်မှာ ယခုခေတ်စကားနှင့် ပြောရလျှင် 'ဖအေတူသား မင်းခေါင်' ဟူ၍သာ ဆိုလိုက်ချင်ပါသည်။ အကြောင်းမှာ ၆၈ ကြိမ်မြောက် ပြည်ထောင်စုကပွဲသဘင်ကို ၁၂.၂.၂၀၁၅ နေ့က နေပြည်တော် မြို့တော်ခန်းမရှေ့

*နိုင်ငံတော်သမ္မတကြီး ညွှန်ခံသော* ညစာစားပွဲအပြီးတွင် ဧည့်သည်တော်များအား တင်ဆက်ခဲ့ပါသည်။ ထိုကပွဲသဘင်၌ တိုင်းနှင့်ပြည်နယ်များမှ ယဉ်ကျေးမှုအကများဖြင့် လာရောက်တင်ဆက်ကြရာ တနင်္သာရီတိုင်းကိုယ်စားပြု ထားဝယ်ယဉ်ကျေးမှုအဖွဲ့မှ **'ထားဝယ်သူ ဆံရှည်မ'** ယိမ်းဖြင့် ကပြဖျော်ဖြေခဲ့ပါသည်။ ထိုယိမ်းအကသည် စာရေးသူတို့ ထားဝယ်သားများအနေဖြင့် မြင်ဖူးလှပြီ ဖြစ်ပါသည်။ ထားဝယ် ရာဇဝင်လာ ဇာတ်လမ်းတစ်ပုဒ်ကို အခြေခံ၍ ကပြတင်ဆက်ခြင်း ဖြစ်ပါ၏။

ထားဝယ်သူများသည် ဆံပင်ရှည်ခြင်း၏အလှကို ရခဲ့သည်မှာ ရာဇဝင်နှင့် ဖြစ်၏။ ထားဝယ်ရာဇဝင်တွင် 'ဆံရှည်မ' ဟူ၍ရှိသည်။ စာဖတ်ပရိသတ်များအနေဖြင့် မြန်မာ့ရုပ်မြင်သံ





www.burmeseclassic.com

www.burmeseclassic.com

မောင်ကြီးမိန့်တော်သံကို နှမလေး ကြားရ၍ ဖီဆန်ရန် အကြောင်း မရှိပါ
နှမကလေးက ကြည်ဖြူသဖြင့် ရှိပါသော်လည်း
နောင်ကို မောင်ကြီး မပျော်ပိုက်မှာသာ စိုးရိမ်လှပါသည်
နှမလေး၏ မိဘတို့ထံ သားသမက်ပြုပါမည့်အကြောင်း ခွင့်ပန်တောင်းပေတော့
မောင်ကြီးရှင့်



www.burmeseclassic.com

ကြားမှ ထားဝယ်ရိုးရာယဉ်ကျေးမှု အကအဖွဲ့၏ 'ဆံရှည်မယိမ်း' ကြည့်ဖူးကြမည်ထင်ပါသည်။ ထားဝယ်သူ ဆံရှည်မ အကြောင်းမှာ-

'ကောဇာသက္ကရာဇ် ၇၂၉ ခုနှစ်တွင် မင်းကြီးစွာစော်ကဲသည် ရတနာပူရ အင်းဝရွှေနန်းကို သိမ်းမြန်းတော်မူရာ သားတော်ကြီး တရဖျားမင်းသားကို အိမ်ရှေ့အရာပေး၏။ သားတော်အငယ် မင်းဆွေကို သဃ်ရာဇာဆရာတော်ထံ အပ်နှံကာ ပညာသင်ကြားစေသည်။

မင်းဆွေသည် အဋ္ဌာရသ ၁၈ ပါးသော အတတ်ပညာများကို တတ်မြောက်သဖြင့် လက်စွဲတော် ငခင်ညို၊ ငခင်ဘတို့နှင့် တိတ်တဆိတ်တိုင်ပင်ကာ မြင်းကိုယ်စီ စီးလျက် ဆရာတော်ကျောင်းမှ ထွက်ခွာလာကြသည်။ မြို့ကြီး၊ ရွာငယ်အသွယ်သွယ်သော ဒေသများကို ဖြတ်ကျော်လာကြပြီးနောက် အောက်ပြည်တစ်ရိုး၊ ပဲခူး၊ မုတ္တမ၊ မောရ ရွှေမြိုင်(မော်လမြိုင်)၊ ခရိုင်လုံးစုံ၊ မုဒုံတစ်လီ၊ ကျိုက္ခမီတစ်သွယ်၊ ရေးနယ်တစ်လျှောက် ဆိုက်ရောက်ကာ မကြာမဆိုင်း ဒူရကတိုင်း၊ မြို့ထားဝယ် ဆန်းကြယ်(ဆန်းချီ)ချောင်းကမ်းပါးသို့ ရောက်ကြလေ၏။

**မှတ်ချက်။** ။(မှန်နန်းရာဇဝင်တော်ကြီးတွင် မင်းဆွေသည် လက်စွဲတော် နှစ်ယောက်နှင့် အင်းဝမှ ခွာလာသည်ဟုသာ ပါသည်။ အောက်ပြည်အောက်ရွာ ထားဝယ်သို့ ရောက်သည်ဟူ၍ မပါပါ။)

ဆန်းကြယ်ချောင်းကို ဖြတ်ကူးရာ မင်းဆွေ၏မြင်းခြေထောက်၌ ဆံပင်များ ထွေးလုံးရစ်ပတ်ငြိတွယ်နေသည်ကို မြင်သဖြင့် မြင်းပေါ်မှ ဆင်း၍ ဆံပင်ရှင်ကို ရှာလေရာ ဆံပင်၏အဆုံး မနီးမဝေး၌ ပင် ကျောက်ဖျာပေါ်တွင် ထိုင်၍ ခေါင်းလျှော်နေသည့် ဆံရှည်မကို တွေ့ရလေသည်။ ၎င်းနှင့် မနီးမဝေးမှာလည်း အပျိုဖော်တစ်စုတို့မှာ ရေကစားသူကစား၊ ခေါင်းလျှော်သူလျှော် ပြုလုပ်နေကြသည်။ ထူးခြားသည်မှာ သူတို့

> ဆံရှည်မ၌
> သားယောက်ျား
> မွေးလာ၏
> မှာခဲ့သည့်အတိုင်း
> အင်းဝနန်းသို့
> လိုက်သွားကာ
> နဝရတ်လက်ဝတ်နှင့်
> ဖခင် အရှာထွက်၏
> ထိုအချိန်တွင်
> မင်းဆွေသည်
> အင်းဝနန်း၌
> မင်းခေါင် အမည်နှင့်
> ဘုရင်ဖြစ်နေလေပြီ

အားလုံး၏ဆံပင်များသည် အရိုးတစ်ရပ်မက ရှည်ကြ၍ ၎င်းတို့အထဲ၌ မင်းဆွေရှာနေသည့် ဆံရှင်၊ ဆံရှည်မသည် ဆံပင်အရှည်ဆုံး ဖြစ်၏။

မင်းဆွေသည် ဆံရှည်မနှင့် လက်နှစ်ကမ်းလောက်အကွာမှ နှုတ်ဆက်လိုက်၏။

'ဤရွာ မည်သည့်ရွာဟု ခေါ်ပါသနည်း နှမရယ်၊ နှမအမည်ကရော မည်လိုခေါ်ပါသနည်း'

'ဆန်းကြယ်ရွာ(ဆန်းချီရွာ)ဟု ခေါ်ပါသည်။ ကျွန်မအမည်ကမူ ဆံပင်ရှည်တဲ့အတွက် အားလုံးကပဲ ဆံရှည်မဟု ခေါ်ကြပါသည်ရှင့်'

'နှမ၏ မိဘများမှာ မည်သူပါနည်း'

'ကျွန်မ၏ဖခင်မှာ သည်ရွာ ရွာသူကြီးဖြစ်ပါသည်ရှင့်'

မင်းဆွေနှင့် ဆံရှည်မတို့သည် အချီအချ စကားလက်ဆုံကျပြီးနောက် သူသည် မည်သူမည်ဝါဖြစ်ကြောင်း၊ သူ၏ဆရာတော်က သုတပည့်မှာ ဇာတာဆန်းလက်ညှိသည့်အတွက် စိုးရိမ်မကင်းသောကြောင့် ဝေးရာသို့ ၃ နှစ်ခန့် တိမ်းရှောင်နိုင်း၍ အောက်ပြည်အောက်ရွာသို့ လက်စွဲတော် ငယ်ကျွန်နှစ်ယောက်နှင့်အတူ မြင်းကိုယ်စီ စီး၍ လာခဲ့ကြပါကြောင်း ပြောပြလေသည်။

'ပရံပရ ဘဝအဆက်ဆက်က ချဖူးသောရေစက်၊ ပန္နက်ဖူးသော သစ္စာကြောင့်၊ ဖူးစာရေးနတ်များက လမ်းညွှန်ပြသဖြင့် မြင်းတွင် ဆံရစ်၊ ယင်းသနစ်ဖြင့် အခင်းဆိုက်မြိုက် တိုက်တိုက်ကြုံလာ၊ သေချာကျနု၊ နှမတို့နေရာ ဤဒေသသို့ မောင်တော်တို့ ရောက်လာခဲ့ရပါသည်။ သဒ္ဓါကြည်ဖြူပါက၊ နောင်နန်းသူ ဖြစ်လာပါလိမ့်မည် နှမရယ်'ဟု ဆိုလိုက်ရာ ဆံရှည်မက မင်းသားအား နန်းတော်သုံး အမူအရာ ယဉ်ကျေးပျူငှာစွာနှင့်-

'မောင်ကြီးမိန့်တော်သံကို နှမလေး ကြား၍ ဗီဆန်ရန် အကြောင်း မရှိပါ။ နှမကလေးက ကြည်ဖြူသဒ္ဓါရှိပါသော်လည်း နောင်ကို မောင်ကြီး မပျော်ပိုက်မှာသာ စိုးရိမ်လှပါသည်။ နှမလေး၏ မိဘတို့ထံ သားသမက်ပြုပါမည့်အကြောင်း ခွင့်ပန်တောင်းပေတော့ မောင်ကြီးရှင့်' ဟု ဖြေကြားခဲ့လေသည်။

ဆံရှည်မ၏ အိမ်သို့ရောက်သောအခါ အကြောင်းစုံသိရ၍ ဆန်းကြယ်ရွာသူကြီး လင်မယားတို့ကလည်း သဘောတူကြည်ဖြူသဖြင့် နေ့ကောင်းရက်သာရွေး၍ လက်ဆက်ပေးလိုက်လေသည်။

သုံးနှစ်ခန့် ကြာသောအခါ ဆံရှည်မတွင် ကိုယ်လေးလက်ဝန် ရှိလာသည်။ မင်းဆွေသည် အင်းဝသို့ ပြန်ရတော့မည့်အကြောင်း ဆံရှည်မအား ပြောပြီး နဝရတ်လက်ဝတ်ကို ပေး၍ သားယောက်ျားမွေးက နဝရတ်လက်ဝတ်နှင့်တကွ သူ့ထံ လွှတ်လိုက်ပါ။ မိန်းကလေးမွေးမူ ဤနဝရတ်လက်ဝတ်ကို ရောင်းချပြီး သုံးစွဲရန်မှာကြား၍ပြန်သွားလေသည်။

ဆံရှည်မ၌ သားယောက်ျား မွေးလာ၏။ မှာခဲ့သည့်အတိုင်း အင်းဝနန်းသို့ လိုက်သွားကာ နဝရတ်လက်ဝတ်နှင့် ဖခင် အရှာထွက်၏။ ထိုအချိန်တွင် မင်းဆွေသည် အင်းဝနန်း၌ မင်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

...ည်နှင့် ဘုရင်ဖြစ်နေလေပြီ။ ဘိသိက်... မပဟေသီမိဖုရားကြီးနှင့်လည်း ...တော် ထွန်းကားနေပြီ ဖြစ်သည်။ ...ည်မ၏သားကို နဝရတ်လက်ဝတ် ...တွ မြင်ရသောအခါ သူ၏သား ...ပင်ဖြစ်သည်ကို သိရလေသည်။ ...ကြောင့် အင်းဝရောက် ဆံရှည်မ၏ ...အား ဒူကရတိုင်း(ထားဝယ်)သို့ ...၍ မြို့ရွာတည်ထောင်ကာ မင်းပြု ...သဖြင့် ဆံရှည်မသားမှာ မင်းခေါင် ...သား၊ မင်းတရားအမည်ဖြင့် 'မုတ္တ ...နဂရ' မြို့တည်၍ စိုးစံသည်။ ယခု ...မုတ္တိးဘုရား တည်ရှိရာ ရှင်မုတ္တိးရွာ ...သည်။ ထိုကမှ ရှင်မုတ္တိးရာဇဝင် ...၍ ဖြစ်ပေါ်လာသည်။

ထားဝယ်ရာဇဝင်နှင့် ပတ်သက် ...သည့် အင်းဝဘုရင်မင်းခေါင်အကြောင်း ...ကို ဖော်ပြပြီးနောက်၊ သူ၏ခမည်းတော် အင်းဝဘုရင် မင်းကြီးစွာစော်ကဲ အကြောင်းကို ဆက်ဖော်ပြပါမည်။

အခါတစ်ပါး မိုးညှင်းမြို့စား ကျိန်း ...ကြီးသည် မြေဒူးမြို့ကို ကျူးကျော် ...ပါးလာသည်။ သို့ကြောင့် မင်းကြီး ...စော်ကဲသည် မြေဒူးမြို့သို့ ချီတက် ...တော်မူရသည်။ လမ်းခရီးတွင် စစ်ကိုင်း ...မြို့ မြောက်ဘက်တွင်ရှိသည့် ကန်စွန်း ...နိမ့်ရွာသို့အရောက်တွင် ခေတ္တ စခန်းချ ...တော်မူသည်။

ဤတွင် မင်းခေါင်၏ မယ်တော်နှင့် မင်းကြီးစွာစော်ကဲတို့ အကြောင်း ဆုံခဲ့ကြသည်။ ထိုစဉ်က မင်းခေါင်၏ မယ်တော်ဖြစ်လာမည့် မိဘေဇာခေါ် သည့်အမျိုးသမီးငယ်သည် ချစ်သူနှင့် လက်ထပ်မည့်ဆဲဆဲအချိန်တွင် ဖြစ် သည်။ မင်းကြီးစွာစော်ကဲက မြင်တော်မူ၍ တော်ကောက်ခြင်းခံရသဖြင့် ချစ်သူ သတို့သားနှင့် ကွဲခဲ့ရသည်။ ကန်စွန်းနိမ့်ရွာသူ မိဘေဇာ၌အကြောင်း တစ်ရပ်ရှိခဲ့သည်။ မိဘေဇာ ရွှေရင်သိမ်းစ အရွယ်တွင် ရင်ဝတ်အထက်ဆင်၌ ထူးဆန်းစွာ ပျားစွဲခဲ့သည်ဟူ၏။ ရွာသူကြီးမှအစ တစ်ရွာလုံး သိခဲ့ကြသည်။ ထိုအချိန်က မြန်မာတို့တွင် အတိတ်၊ နိမိတ်၊ စနည်း၊ တဘောင်၊ ဘဝေါ၊ အိပ်မက်၊ အသားလှုပ်၊ ကျီးနား၊ ပျားစွဲတို့ကိုမူတည်၍ ဟောကိန်းထုတ်၍ ကောင်းကျိုး၊ ဆိုးပြစ်ကို နိမိတ်ဖတ်လေ့ရှိသည်။ သို့ကြောင့် မိဘေဇာ ရင်ဝတ်အထက်ဆင်တွင် ပျားစွဲခြင်းနှင့်ပတ်သက်၍ တစ်နေ့ကောင်းစားမည် ဟူသော အတိတ်၊ နိမိတ်ကို အဟောခံရ၏။

ဤထူးခြားနိမိတ်သည် မင်းကြီးစွာစော်ကဲနှင့်တွေ့ရန် ဖန်လာသော နိမိတ် ဖြစ်သည်။ မိဘေဇာကို တော်ကောက်ပြီးနောက် မင်းကြီးစွာစော်ကဲသည် ကန်စွန်းနိမ့်ရွာတွင် ခေတ္တစံနေတော်မူသည်။ ထိုနောက် မြေဒူးသို့ ချီတက် လုပ်ကြံတော်မူ၏။ မြေဒူးအရေးတော်ပုံ အောင်မြင်ပြီး နောက်အပြန်တွင် ကန်စွန်းနိမ့်ရွာမှာပင် ခေတ္တစခန်းချ နားတော်မူသည်။ မိဘေဇာ၏ သံယောဇဉ်ကြောင့် ဖြစ်၏။

မင်းကြီးစွာစော်ကဲ အင်းဝနေပြည်တော်သို့ မပြန်မီ မိဘေဇာ၌ ပဋိသန္ဓေရှိနေသည်ကို သိတော်မူသွားသည်။ သို့ဖြစ်၍ မင်းကြီးက မိဘေဇာအား လက်ဝတ်တော်ပေးပြီး သားယောကျ်ားမွေးလျှင် ဤလက်ဝတ်တော်ယူပြီး အင်းဝနေပြည်တော်သို့ လိုက်ခဲ့ရန် မှာကြားတော်မူခဲ့သည်။ မိဘေဇာသည် ဝမ်းနည်းစွာနှင့် ကန်စွန်းနိမ့်ရွာတွင် ကျန်ရစ်ခဲ့ရလေသည်။

နေ့စေ့ လစေ့သောအခါ မိဘေဇာသည် သားယောကျ်ားလေး ဖွားမြင်သည်။ မင်း၏ရင်သွေး မင်းဆွေစိုးမျိုးအစစ်ဖြစ်ပေသည်ဟု တွေးကာ သားငယ်ကို မင်းဆွေဟု အမည်ပေးခဲ့သည်။ မင်းဆွေသည် မင်းခေါင်၏ ငယ်မည်ပင် ဖြစ်သည်။ ရွာသူကြီးအမှူးပြုသော ရွာမှလူကြီးသူမများက မိဘေဇာကို လက်ဝတ်တော်ပြ၍ အင်းဝနန်းသို့သွားရန် တိုက်တွန်းကြသည်။ သို့ကြောင့် မင်းကြီး ပေးသနားတော်မူခဲ့သည့် လက်ဝတ်တော်ကိုပြကာ အင်းဝနန်းတွင်းသို့ အဖော်တစ်စုနှင့် သွားခဲ့သည်။ မင်းကြီးရှေ့တော်မှောက်တွင် သားတော်မင်းဆွေကို လက်ဝတ်တော်နှင့်တကွ ဆက်သလိုက်သည်။ သားတော်ကိုမြင်တွေ့ရ၍ မင်းကြီး လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်သည်။ မိဘေဇာကို မိဖုရားမြှောက်၏။ သို့နှင့် ကန်စွန်းနိမ့်ရွာသူ မိဘေဇာသည် မိဖုရားဖြစ်လာသည်။ နောက်ပိုင်းတွင် သားတော် ရှင်သိဒ္ဓတ်နှင့် သမီးတော် သုပဘာဒေဝီဘွဲ့ခံ ရှင်မြတ်လှတို့ကို ဖွားမြင်ခဲ့သည်။

မင်းကြီးစွာစော်ကဲတွင် မိဖုရားလေးပါးရှိသည့်အနက် တောင်နန်းမိဖုရားကြီးမှ သားတော် တရဖျား အပါအဝင် သားတော် သမီးတော် ငါးပါးရှိသည်။ ထိုသားတော်ကြီး တရဖျားကို မင်းကြီးစွာစော်ကဲ အမရပူရ အင်းဝထီးနန်းကို သိမ်းမြန်းတော်မူသောအခါ အိမ်ရှေ့အရာပေး၏။ သားတော်အငယ် မင်းဆွေကို သဃ်ရာဇာ ဆရာတော်ထံ အပ်နှံကာ ပညာသင်ကြားစေသည်ဆို၏။ ထိုသည်မှစ၍ ထားဝယ်ရာဇဝင်နှင့် ဆက်စပ်မိသွားလေသည်။

သို့ကြောင့် မင်းကြီးစွာစော်ကဲကလည်း ကန်စွန်းနိမ့်ရွာသူ မိဘေဇာကို တော်ကောက်၍ ကိုယ်ဝန်ရှိသောအခါ လက်ဝတ်တော်ကိုပေးခဲ့ပြီး သားယောကျ်ားမွေးပါက လက်ဝတ်တော်ပြ၍ နန်းတွင်းသို့ လိုက်လာရန် မှာခဲ့သဖြင့် သားတော်မင်းဆွေသည် အင်းဝဘုရင်မင်းခေါင် ဖြစ်လာရလေသည်။

မင်းဆွေသည်လည်း ထားဝယ်သူ ဆံရှည်မနှင့် ရသောအခါ နဝရတ်လက်ဝတ်တော်ကို ပေးခဲ့၍ သားယောကျ်ားမွေးလာသောအခါ အင်းဝနန်းသို့ လိုက်လာရန် မှာခဲ့သည့်အတိုင်း လိုက်သွားသဖြင့် ထားဝယ်ရာဇဝင် မင်းခေါင်ကြီးသားတော် 'မင်းတရား'အမည်ဖြင့် မုတ္တသုခနဂရမြို့တည်မင်း ဟူ၍ ပေါ်ပေါက်ရပေသည်။

ထို့ကြောင့် စာရေးသူက အင်းဝဘုရင်မင်းခေါင်ကို 'ဖအေတူသားမင်းခေါင်'ဟု ခေါ်လိုက်ရခြင်း ဖြစ်ပါသည်။ ■

**မောင်သန်းဆွေ၊ထားဝယ်၊**

www.burmeseclassic.com

အိပ်မောကျနေသော ဘွားဘွား၏ မျက်နှာကို ငြိမ်မှုငေးကြည့်နေမိသည်မှာ နာရီအနည်းငယ် ကြာခဲ့ပြီ။ ဘွားဘွား၏ အသက်ရှူသံက ဖြည်းဖြည်းမှန်မှန် ဖြစ်နေ၍ အိပ်မောကျနေမှန်း ငြိမ်မှ ခန့်မှန်းကြည့်နိုင်တာဖြစ်သည်။ ပထမဆုံးအကြိမ် ဆေးရုံတက်ရသည့် လွန်ခဲ့သော ခြောက်လခန့်မှစ၍ ဘွားဘွားသည် အကြောင်းအရာကို ပင် မပြောင်းလဲသော အကျိုးတရားနှင့် ပြောကြပေလိမ့်ဦးမည်။ ပြီးလျှင် မေမေသည် ထုံးစံအတိုင်း ငိုကြွေးပေလိမ့်မည်။ ငြိမ်မှသည်လည်း ဘွားဘွားကို တိုး၍ သနားရပေဦးမည်။

❑

'ဒီလို သာဆို ဘန်ကောက် ထပ်သွားပြီး

# အတိတ်ပန်းချီ ဓားစာ

ဖေဖေနဲ့မေမေ
အတွက်တော့
သားက
သားမိုက်ပါ
မေမေ တဲ့
ဘွားဘွားက
တစ်ခွန်းပဲ
ပြောခဲ့တယ်
သူတို့တွေ
ဘယ်လို
ပြောကြပါစေ
စွပ်စွဲပါစေ
မေမေ့အတွက်
ငါ့သားလေးက
သူတော်ကောင်း
သူရဲကောင်း
မေမေတို့
အတွက်နဲ့တော့
သားလေး
ဝမ်းမနည်းနဲ့

BURMESE CLASSIC

စကားမဆိုတော့သလောက်နည်းသွားပြီး အိပ်ရာပေါ်မှာဖြစ်စေ၊ ပက်လက်ကုလားထိုင်ပေါ်မှာဖြစ်စေ အိပ်နေသည်လား၊ မှိန်းနေသည်လား ခန့်မှန်းရခက်အောင် ငြိမ်သွားသည်။ ဆရာဝန်ကပင် အခြေအနေမကောင်းဘူး ယူဆသည့် ရောဂါသည်းသော နှစ်ကြိမ်လုံး ဘွားဘွား ပြန်လည်ထူထောင်လာနိုင်ခြင်းမှာ မျှော်လင့်ချက်တစ်ခုကြောင့်သာ ဖြစ်မှန်း သိနေသည့် ငြိမ်မှတို့မှာ ဘွားဘွားကို သနားလှပါသည်။ ဘွားဘွားအိပ်ခန်း နံရံပေါ်ရှိ ဓာတ်ပုံထဲမှ လေးလေးနိုင်သည် မပြုံးမရယ် မျက်နှာနှင့် ငြိမ်မှကို တစ်ခုခုပြောချင်ဟန် စိုက်ကြည့်နေသည်။ ယနေ့ည ငြိမ်မှတို့ အချိန် ည ၈ နာရီတွင် လေးလေးနိုင်နှင့် ငြိမ်မှမေမေသည် တူညီသော

လျှောက်ရင်လည်း ရစရာမမြင်ပါဘူး မောင်လေးရယ်။ တခြား ကိုယ်လိုလူတော့ မိဘကျွန်းမာရေးဆိုရင် အလည်နဲ့လာလို့ရသေးတာကို မောင်လေးကျမှ လွန်ခဲ့တဲ့ ၁၅ နှစ်က အသံလွှင့်ဖူးတာကိုပါ အပြစ်ပိုထောက်ပြီး အထောက်အထားရအောင်ရှာ၊ သူတို့ကပဲ အငြိုးတကြီးပုံစံက တရားမဲ့လွန်းတယ်ပဲ မမတော့ ထင်တယ်'

ကြားနေရသော မေမေ့စကားသံ တိုးတိုးတိတ်တိတ်လေးက ငိုသံစွက်နေသဖြင့် ငြိမ်မှပါ ဝမ်းနည်းလာရသည်။

'မေမေ့ကို သနားလှပြီမောင်လေးရယ်။ ပထမတစ်ခေါက်ဖြစ်တုန်းက သားနိုင်ရအောင် ပြန်လာမယ်ဆိုတာကို တကယ် ယုံကြည်ရှာတယ်။ သားနိုင် ပြန်လာ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တယ်လို့ အိပ်မက်မက်တယ်လို့ ငြိမ့်ကို ပြောတယ်တဲ့'

မမေ ငိုလေပြီ။ ဖုန်းပြောပြီး ကျိတ်ရှိုက်နေသော မမေ့ကို နှစ်သိမ့်လိုစွာ ငြိမ့်က မမေ့ပခုံးကို သွားထိတော့ ငြိမ့်လက်ကလေးကို ပြန်ဆုပ်ကိုင်ရင်း မမေ မျက်ရည်သုတ်သည်။ ငြိမ့်ကိုဆို ကလေးတစ်ယောက်လိုသာ သဘောထားခဲ့သော မမေသည် ဘွားဘွားရောဂါဖြစ်ချိန်ကတည်းက လူကြီးတစ်ယောက်ကဲ့သို့ တူတူတန်တန် အားကိုးလာသည်ဟု ငြိမ့်ထင်သည်။ ငြိမ့်လက်ကို အားကိုးသဖွယ် ဆုပ်ကိုင်ရင်း မမေက ဘွားဘွားအခန်းသို့ လျှောက်သွားသည်။ မှိန်းနေသော ဘွားဘွားခုတင်ဘေး ခုံမှာ ဝင်ထိုင်ရင်း ဘွားဘွားလက်ကလေးကို ဆုပ်ထွေးသည်။

'မမေ သမီးခုပဲ သားနိုင်နဲ့ ဖုန်းပြောခဲ့တာ မမေ့အတွက် မွေးနေ့လက်ဆောင် သူဆွဲထားတဲ့ ပန်းချီကားလေး ပို့လိုက်ပြီတဲ့။ ဒီရက်ပိုင်း အိမ်ကိုရောက်လိမ့်မယ်တဲ့။ သူ့ကိစ္စလည်း အဆင်ပြေတော့မှာပါတဲ့။ သမီးလည်း မေမေဖုန်းပြောဖို့ထိ အားမပြည့်တာကလွဲရင် နေကောင်းနေပြီလို့ သားနိုင်ကို ပြောလိုက်ပါတယ်'

ဘွားဘွားကို အားပေးနေသော မမေ့အသံမှာ အခုတော့ ပကတိ ကြည်မြနေသည်။ မမေပြောတာ နားထောင်ပြီး မှိန်းနေသော ဘွားဘွားမျက်နှာသည်လည်း ပြုံးလာသည်။

'သားနိုင်ဆီက ဘာသတင်းထူးသေးလဲ' ဟု ဘွားဘွား မေးတတ်တော့တာ မှတ်မှတ်ရရ နှစ်လကျော်သွားပြီဟု ငြိမ့် တွက်ကြည့်မိသည်။ လေးလေးနိုင် ဒုတိယအကြိမ်မြောက် ဘန်ကောက်မှ လှည့်ပြန်သွားရသော အချိန်ကစ ဘွားဘွားသည် စကားသိပ်မပြောတော့ပေ။

'မမေယုံကြည်တယ်၊ မမေပို့သတဲ့ မေတ္တာနဲ့ သားနိုင်လေး မမေ့ဆီရောက်ကို လာဦးမှာ'

ရနိုင်သမျှ နည်းလမ်းဖြင့် ကြိုးစားကြည့်ဦးမည်ဟု ဝမ်းနည်းပန်းနည်း ဖုန်းဆက်လာသော လေးလေးနိုင်ကိုတော့ ဘွားဘွားက နှစ်သိမ့်နိုင်ခဲ့သေးတာ ငြိမ့် မှတ်မိသည်။

**မမေ့ရဲ့**
**သားနိုင်ပါ**
**မမေ**
**မမေ့ကို**
**သား**
**ဦးသုံးကြိမ်**
**ကန်တော့ပါတယ်**
**မမေ့အပေါ်**
**ကာယကံ၊ ဝစီကံ**
**မနောကံနဲ့**
**ပြစ်မှားခဲ့မိတာ**
**ရှိခဲ့ရင်**
**သားကြောင့်**
**မမေ**
**စိတ်ဆင်းရဲ**
**ကိုယ်ဆင်းရဲရှိခဲ့ရင်**
**အတွက်**
**တောင်းပန်**
**ရှိကျိုးစွာလည်း**
**ကန်တော့ပါတယ်**
**မမေ**

❑

ဘွားဘွားမွေးနေ့ မရောက်မီ နှစ်ရက်အလို ဒီဇင်ဘာ ၃ ရက်နေ့တွင် လေးလေးနိုင်၏ မွေးနေ့လက်ဆောင် ပန်းချီကားသည် ဘွားဘွားထံသို့ ရောက်ရှိလာသည်။ အလျားအနည်းငယ်ရှည်သည့် ၂၂ လက်မဆိုက် ရေဆေးပန်းချီကားထဲတွင် ရယ်မောနေသော ငါးနှစ်၊ ခြောက်နှစ်အရွယ် ကျောင်းဝတ်စုံ အဖြူအစိမ်းနဲ့ ကောင်ကလေးငယ်က မရန်းရောင် ပန်းပွင့်သေးသေးများ ပွင့်နေသော ပန်းခင်းဘေးမှာ ဆောင့်ကြောင့်ထိုင်ရင်း လက်ခုပ်တီးနေဟန်ရှိသည်။ ညာဘက်လက်ဖြင့် ကလေး၏ ကျောင်းလွယ်အိတ် အစိမ်းရောင်ကို ကိုင်ထားသည့် မိခင်ဖြစ်သူက ခါးညွတ်ရင်း ဘယ်လက်က ကလေးကို ကမ်းလင့်နေဟန် သရုပ်ဖော်ထားသည်။ ထိုနေ့မနက်ခင်းက ဘွားဘွားသည် တစ်ခုခုကို စောင့်မျှော်ဟန်ကို ဖုံးမရစွာ ယခင်ထက် ရွှင်လန်းတက်ကြွနေပြီး ဧည့်ခန်းရှိ ပက်လက်ကုလားထိုင်မှာ ထွက်ထိုင်နေခဲ့သလို ပန်းချီကား ရောက်လာချိန်မှာလည်း ငြိမ့်တို့ထင်ထားသည်ထက် ပြုံးမြပျော်ရွှင်နေသည့် ဘွားဘွားမျက်နှာကြောင့် ငြိမ့်နှင့် မမေပါ ပျော်ရသည်။

'မမေ ဒီပန်းကလေးတွေက ကိုးနာရီပန်းကလေးတွေမို့လား၊ ကြည့်စမ်းပါဦး ဖိုးနိုင် ပျေင်းလေးက ဒီပန်းကလေးတွေကို အမှတ်ရရှာတာပဲ'

မမေ၏ ချစ်စနိုးပြောဟန်ကို ဘွားဘွားက ပြုံးရင်းခေါင်းညိတ်ပြသည်။ မမေပြောမှ ငြိမ့်သည် ဘွားဘွားရှေ့က ပန်းချီကားကို ထပ်ကြည့်မိသည်။ ငြိမ့် အလယ်တန်းကျောင်းသူအရွယ် ယခုနေသည့် မြောက်ဒဂုံခြံလေးကို ပြောင်းလာခါစ အချိန်က ဘွားဘွား တယုတယ စိုက်ဖူးသည့် ပန်းတွေဖြစ်မှန်း ငြိမ့် အမှတ်ရသွားသည်။ တစ်နေ့တာလုံး အိပ်နေသယောင် ညိုးနွမ်းနေတတ်ပြီး မနက်ကိုးနာရီတိုင်း ငွားငွားစွင့်စွင့် ပွင့်လာတတ်သည့် မရန်းရောင် ပန်းကလေးတွေပင်။ ငြိမ့်တို့ရပ်ကွက် ရေလျှံသည့်နှစ်က ထိုမြေလျှောက် ပန်းကလေးတွေအားလုံး သေသွား၍ ဘွားဘွား သိပ်နှမြောခဲ့သည်။

'သားနိုင်က ဒီပန်းကလေးတွေနဲ့ ရေစက်ရှိတယ်နော် မမေ၊ သမီးမှတ်မိတယ်။ သူ သူငယ်တန်း စတက်ရတဲ့ စစ်ကိုင်းအိမ်ဝင်းထဲမှာလည်း ဒီပန်းလေးတွေရှိတယ်။ ကျောင်းမသွားချင်လို့ သူဂျီကျတိုင်း မေမေက ဒီပန်းကလေးတွေနဲ့ ချော့ခဲ့ရတာလေ။ သားလေး ကျောင်းမတက်ရင် ဒီပန်းကလေးတွေက ဝမ်းနည်းပြီး အိပ်သွားရောလို့ ပြောခဲ့ရတာလေ။ ဒီပန်းလေးတွေ ပွင့်တာမြင်မှ ကျောင်းသွားလို့ သမီးတို့ပါ ကျောင်းခဏခဏ နောက်ကျခဲ့တာပေါ့'။ ပန်းချီကားလေးကို မမိတ်မသုန် ကြည့်ရင်း မမေပြောတာ နားထောင်

www.burmeseclassic.com

ကာ ဘွားဘွားသည် မျက်လုံးရော နှုတ်ခမ်းပါပြုံးလာသည်။

'ဟော သူ လေးတန်းမှာ ဖေဖေ ရန်ကုန်ပြောင်းရ ရချင်း နေရတဲ့ မြောင်းကြီးလမ်းမှာလည်း သူ့ကျောင်းသွားရင် ဖြတ်သွားရတဲ့ ဆရာဝန်ကြီးအိမ်ရှေ့မှာ အဲဒီပန်းကလေးတွေ ရှိပြန်ရောဗျ။ လူလည်လေး သားနိုင်က ဒီအရွယ်ကျတော့ ဒီပန်းလေးတွေအကြောင်း သိနေပြီလေ။ မေမေသားကို ညာတယ်တာပြောတာ၊ အဲဒီပန်းတွေ နားရောက်ရင် ပန်းပွင့်တာ ကြည့်ချင်သေးတယ်နဲ့ သူ့ကို ကျောင်းပို့တိုင်း အမြဲဆွဲခေါ်ခဲ့ရတာလေ'

ငြိမ့်မေမေသည်လည်း သူ့ထက် ဆယ်နှစ်နီးပါးငယ်သော၊ နှစ်ပေါင်းနှစ်ဆယ်ကျော် ခွဲခွာနေရသော မောင်အငယ်ဆုံးလေးအကြောင်းကို ဘွားဘွားကိုပြောရင်း အလွမ်းဖြေနေပုံရသည်။ ငြိမ့်ကတော့ မေမေပြောတာတွေ နားထောင်ပြီး ကျေနပ်သဘောကျစွာ ပြုံးနေသည့် ဘွားဘွားနှင့် လေးလေးနိုင်၏ ပန်းချီကားကို တစ်လှည့်စီကြည့်ရင်း မိခင်နှင့်သား၏ စိတ်ချင်းဆက်နွယ် မေတ္တာတရားကို အံ့သြနေမိသည်။ ဘွားဘွားနေထိုင် မကောင်းချိန်တိုင်း မမြင်မတွေ့ရတာ နှစ်များစွာကြာသည့် အချစ်ဆုံး သားထွေးကို ပို၍ အောက်မေ့ဟန်ရှိသည်။ ထိုအချိန်တိုင်း အိပ်ရာကနိုးလာလျှင် ဘွားဘွားပြောတတ်သည်။

'ညက အိပ်မက်ထဲမှာ သားနိုင်ရယ်လေ ကိုးနာရီပန်းတွေနဲ့ ဆော့နေ ပျော်နေလိုက်တာဆိုတာ၊ ထုံးစံအတိုင်း အိပ်မက်ကလည်း သူကလေးဘဝအရွယ်တွေပဲ။ တစ်ခါတလေများ အခု လက်ရှိ အရွယ်လောက် မက်ပါဦးလား အိပ်မက်ရယ်လို့၊ အင်း သူ သုံးဆယ်ကျော်သွား၊ လေးဆယ်ကျော်သွားတဲ့ အချိန်တွေက ဘယ်ကဲ့သို့ ရှိတယ်မသိရတဲ့အမေမို့ ဖြစ်မယ်။ ကိုယ့်အနား သူနေခဲ့တဲ့ ကိုယ်ပိုင်ခဲ့တဲ့ အရွယ်လေးပဲ မသိစိတ်က မက်မောနေတယ် ထင်ပါရဲ့'။ ဒီလို စိတ်အခံလေးရှိရှာသည့် ဘွားဘွားအတွက် လေးလေးနိုင်၏ ပန်းချီကားသည် ဘယ်မျှ စိတ်အားရှိစေမည်ကို ငြိမ့်က ခန့်မှန်းမိနိုင်ပါသည်။

> တိတ်ဆိတ်
> ငြိမ်သက်နေသော
> ဘွားဘွား
> အခန်း၏နံရံပေါ်မှ
> ပန်းချီကားကို
> ငြိမ့်
> ငေးကြည့်
> နေသည်မှာ
> နာရီအနည်းငယ်
> ကြာခဲ့ပြီ
> ယနေ့ည
> ဘွားဘွားကို
> အထူးတလည်
> လွမ်းဆွတ်လှရင်း
> ကပင်
> ငြိမ့်အတွေး
> တွေလည်း
> ရှုပ်ယှက်
> ခတ်နေမိသည်

ထိုနေ့က ပန်းချီကားလေးကို တစိမ့်စိမ့်ကြည့်ရင်း ဘွားဘွား စိတ်ရွှင်လန်းနေပုံရ၍ ငြိမ့်နှင့်မေမေလည်း စိတ်ချမ်းသာရသည်။ အစားကိုလည်း ပုံမှန်ထက် ပိုစားသည်။ ငြိမ့်ကို အယ်လ်ဘမ်အဟောင်းလေးယူစေ၍ လေးလေးနိုင်၏ ငယ်ဘဝ ဓာတ်ပုံလေးတွေကို ကြည့်သည်။ ငြိမ့် ငယ်စဉ်ကတည်းက ဘွားဘွားနှင့်အတူတူ မကြာခဏ ကြည့်နေကျဖြစ်၍ ဓာတ်ပုံလေးတွေအားလုံး၏ ရာဇဝင်ကို သိနေပါသည်။

'ဒါက လေးလေးနိုင် ဒုတိယတန်းနှစ်မှာ အတန်းတင်စာမေးပွဲ ပထမဆုရတဲ့ပုံ၊ ဒါက လေးနိုင် လေးတန်းကျောင်းသားအရွယ်က ပြည်ထောင်စုနေ့ ပန်းချီပြိုင်ပွဲမှာ ဒုတိယဆု ရတဲ့ပုံ။ ဘွားဘွားက ပုံစုဆောင်းတာ တော်လိုက်တာနော်၊ လေးလေးနိုင်ဆုရတဲ့ပန်းချီကားဓာတ်ပုံလေးကိုတောင် သိမ်းထားနိုင်တယ်'

ဓာတ်ပုံ ဆေးသား အနည်းငယ် ပြယ်လွင့်နေသည့် လေးနိုင်၏ ငယ်လက်ရာ ခဲရေးပန်းချီကားလေးကို ငြိမ့် သေချာပြန်ကြည့်မိသည်။ တိုင်းရင်းသားများ စုပေါင်း၍ ပင်လုံကျောက်တိုင်ကို အလေးပြုဟန်နှင့် ကျောက်တိုင်၏ အပေါ် စက်ဝိုင်းပြောက်ထဲတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ပုံကို အလေးပြုနေသော တိုင်းရင်းသားများက စိတ်မှာ ရည်မှန်းနေပုံဖြင့် ထည့်သွင်းရေးဆွဲထားသည်မို့ ဆယ်နှစ်အရွယ် ကလေးတစ်ယောက်၏ စိတ်ကူးအနေဖြင့် တော်တော်လေး လှပသည်ဟု ငြိမ့် ချီးကျူးမိသည်။

'ဒါက လေးနိုင် အာအိုင်တီကျောင်းသားဘဝ ပထမဆုံးနေ့ ကျောင်းလိုက်ပို့တဲ့ အဖေနဲ့အမေကို ချွဲနေတဲ့ပုံ။ ကြည့်ပါဦး လေးလေးနိုင်က ဘွားဘွားကို တော်တော်ချစ်တာပဲနော်၊ ဘိုးဘိုးခမျာ ဓာတ်ပုံထဲမှာ သူနဲ့မဆိုင်သလိုဘေးမှာ တစ်ယောက်တည်း တောင့်တောင့်ကြီး ရပ်နေရတယ်။လေးနိုင်က ဘွားဘွားကိုပဲ ဖက်ထားတယ်နော်။ ဘွားဘွားဆိုတာလည်း ပြုံးရယ်နေလိုက်တာ သူ့သားချစ်ကလေးနဲ့ဆိုတော့။ ဒါက အဆောင်မှာ သူ့သူငယ်ချင်းတွေနဲ့ ပျော်နေတဲ့ပုံ၊ ဟုတ်တယ်ဟုတ်'

ငြိမ့်၏ ရယ်ရွှန်းဖတ်ရွှန်းဖြင့် ပုံညွှန်းနေတာကို ပြုံးနားထောင်ပြီး သား၏ပုံလေးတွေကို တမက်တမောကြည့်နေသော ဘွားဘွား၏ မျက်အိမ်ထောင့်စွန်းမှာ မျက်ရည်စတချို့ ခိုတွဲလာသည်။

ငြိမ့် ကလေးဘဝက အိပ်ရာဝင်ပုံပြင်လေးတွေ ပြောပြတတ်သော ဘွားဘွားသည် သားဖြစ်သူကို သူအောက်မေ့သတိရလွန်းသည့်အခါ ပုံပြင်လေးတွေအစား လေးလေးနိုင်အကြောင်းကို ငြိမ့်ကိုပြောပြရင်း အလွမ်းဖြေတတ်သည်။ လိမ္မာသိတတ်သော၊ ဉာဏ်ရည်ထက်မြက်သော၊ ငြိမ့်အပြင်မှာ မတွေ့မမြင်ဖူးသော ငြိမ့်၏ ဦးလေးအငယ်သည် မြိတ်မှာနေသော ဦးလေးအကြီးကဲ့သို့ ဘွားဘွား

www.burmeseclassic.com

ဆီကို ဘာကြောင့် မလာနိုင်ရသလဲဟု ငြိမ့် အံ့သြခဲ့ဖူးသည်။ စိတ်မာပြီး ပျော်ပျော်နေတတ်သည်ဟု ငြိမ့် ထင်ခဲ့သော ဘွားဘွားသည် ရေဒီယိုသံ တကျစ်ကျစ်ကနေ သူ့လွမ်းဆွတ်သော သား၏ အသံကို အားစိုက်နားထောင်ရင်း မျက်ရည်ကျတာကို ငြိမ့် မကြာခဏ မြင်ဖူးခဲ့သည်။ ဘွားဘွား ရေဒီယိုနားထောင်ချိန်ဆိုလျှင် ဘွားဘွားအနားသို့ ငြိမ့်သွားသည်ကိုမကြိုက်သော မေမေ မရှိသည့်အချိန်များမှာ ငြိမ့်က ဘွားဘွားနှင့် အတူတူ သွားနားထောင်လျှင် ဘွားဘွားသည် မျက်ရည်သုတ်ရင်း ငြိမ့်ကို စိတ်လွတ်သူလို ပြောတတ်သည်။

'သမီးရဲ့လေးလေးနိုင်ကလေ ဘိုးဘိုးဆုံးတုန်းက ဘွားဘွားကို ပြောခဲ့တယ်၊ ဖေဖေနဲ့မေမေအတွက်တော့ သားက သားမိုက်ပါမေမေတဲ့။ ဘွားဘွားက တစ်ခွန်းပဲ ပြောခဲ့တယ်။ သူတို့တွေ ဘယ်လိုပြောကြပါစေ၊ စွပ်စွဲပါစေ၊ မေမေ့အတွက် ငါ့သားလေးက သူတော်ကောင်းသူရဲကောင်း၊ မေမေတို့အတွက်နဲ့တော့ သားလေး ဝမ်းမနည်းနဲ့လို့။ ကြည့်ပါဦး နှစ်တွေသာ ဒီလောက်ကြာတယ် သားနိုင်စိတ်ဓာတ် သံမဏိပဲ၊ ခုထိမပြောင်းလဲဘူး'

ဆေးအရှိန်နှင့် အိပ်မောကျသွားသော ဘွားဘွား၏ မျက်နှာကိုငေးရင်း ငြိမ့် ငယ်စဉ်ကသိခဲ့သော ဘွားဘွား၏ သားနှင့်ပတ်သက်သော စိတ်ရင်းသည် ယခုတိုင် ခိုင်ကျည်နေဆဲလားဟု ငြိမ့်သိချင်လာသည်။ ငြိမ့်ကိုယ်တိုင်ကတော့

ပြတင်းဝမှာ
သွားရပ်ရင်း
မျက်ဝန်းတစ်ဆုံး
မြင်ရသည့်
ကောင်းကင်ကြီးကို
စိတ်လွတ်
ကိုယ်လွတ်
မော့ကြည့်မိသည်။
မိုးသားတိမ်စ
ရှိသောညဖြစ်၍
ထင့် တစ်လုံးစ
နှစ်လုံးစ
လင်းသည့်
ကြယ်ရောင်
မှိန်မှိန်ကလွဲလျှင်
ပကတိ
မည်းမှောင်နေသော
ကောင်းကင်
သည်လည်း
ငြိမ့်ကို ခက်ထန်စွာ
အုပ်မိုး
ကြည့်နေသည်

လေးလေးနိုင်တို့လို၊ဘွားဘွားတို့လို သံမဏိစိတ်တွေကိုပင် မှန်းချင်သလို မှန်းကြည့်တတ်သည့် မေမေ၏သမီး မဟုတ်လား။

'ငြိမ့် ကလေးအရွယ်ရောက်ပြီဆိုတော့ ဘာစာတွေဖတ်သလဲ၊ ငါ့တူမကလေး ဘဝအတွက် ဘာရည်ရွယ်ချက်တွေရှိသလဲ'

ငြိမ့်တက္ကသိုလ်ရောက်သည့် ယခင်နှစ် ဆောင်းဦးပေါက်က လေးလေးနိုင်နှင့် ငြိမ့် ဖုန်းပြောကြရင်း လေးလေးနိုင်ကမေးတော့ ဘာအတွက်မှ ရေရေရာရာ ရည်ရွယ်ချက် မရှိထားသည့် ငြိမ့်က ပြန်မဖြေနိုင်။ လေးလေးနိုင် ရွတ်ပြသော နာမည်တွေ၊ အကြောင်းအရာတွေကိုလည်း ငြိမ့်မသိ၊ နားမလည်ခဲ့။ ထိုစဉ်က ငြိမ့်မေမေသည် လေးလေးနိုင်ကို စကားမမာစဖူး မာခဲ့သည်။

'သားနိုင် မမက ငြိမ့်ကိုလေ သူ့အရွယ်လေးနဲ့သူ သိသင့်သလောက်ပဲပေးသိတယ်၊ အဲဒါတွေ မောင်လေးပြောလည်း သူသိမှာ၊ နားလည်မှာမဟုတ်ဘူး။ သားနိုင်လို တော်ဖို့ ထက်ဖို့လည်း ငြိမ့် အပေါ်ကို မမ လောဘမကြီးဘူး။ ဘာလို့လဲဆိုတော့ မမက မေမေလိုမဟုတ်ဘူး။ ငြိမ့်သာ တစ်ခုခုဆို မမအရင်သေမှာ'

ဒီနောက်တော့ လေးလေးနိုင်ထံမှ ငြိမ့်မဖြေနိုင်သော နားမလည်သော မေးခွန်းများ၊ စကားများ မကြားရတော့ပေ။ မေမေ၏ သာမန်ထက်ပိုသော ငြိမ့်နှင့် ပတ်သက်သည့် စိတ္တဇကိုလည်း ငြိမ့်တတ်နိုင်သမျှ နားလည်ပေးခဲ့ရသည်။ ငြိမ့် တက်ချင်သော မြို့ပြင်တက္ကသိုလ်အတွက် ကတိပေါင်းများစွာ မေမေ့ကို ပေးခဲ့ရသည်။ အတန်းဖော် သူငယ်ချင်းတစ်ယောက်ထံမှ မိတ္တူရလာသည့် ကြေးမုံဦးသောင်း၏ စာအုပ်တစ်အုပ်ကို ငြိမ့်ထံမှ မေမေတွေ့သွား၍ ငြိမ့်ကို ကျောင်းဆက်မထားရန် ဆုံးဖြတ်သည်ထိ မေမေ ဒေါသပုန် ထ,ခဲ့ဖူးသည်။ ဖေဖေနှင့် ဘွားဘွားကြောင့်သာ ငြိမ့် ကျောင်းပြန်တက်ခွင့်ရခဲ့သည်။ ရန်ကုန်မြို့တွင်းမှာ အသံတစ်ခုခုကြားရသည်နှင့် ငြိမ့်မှာ တစ်ယောက်တည်း အပြင်ထွက်ခွင့် အမြဲ ပိတ်ခံရသည်။ ငြိမ့်နှင့်မေမေ ထိုကဲ့သို့ အခြေအနေတွေ တင်းမာပြီဆိုလျှင် ဘွားဘွားသည် စိတ်မကောင်းဖြစ်မြဲ။ မေမေ့ကို စကားမပြော စိတ်လုပ်နေသော ငြိမ့်ခေါင်းလေးကို ဖွဖွပုတ်ပြီး အဝေးကြီးကိုငေးကာ စိတ်လွတ်သူကဲ့သို့လည်း ဘွားဘွား ရေရွတ်တတ်သည်။

'ငြိမ့်ကလေး မေမေ့ကို ချုပ်ချယ်လွန်းတယ်လို့ မမြင်ပါနဲ့။ သူ့ခမျာ သူမျှော်လင့်ထားတဲ့ လိမ္မာတဲ့ မောင်ကလေးက ကျောင်းတစ်ပိုင်းတစ်စနဲ့ တိုင်းပြည်အပြောင်းအလဲမှာ ဝင်ပါလို့ မိဘနဲ့ မောင်ကလေးရဲ့ ကွဲကွာခြင်းသောကကိုလည်း မြင်တွေ့ခံစားရ၊ သူကိုယ်တိုင်လည်း သူ့အချစ်ဆုံး မောင်လေးကို ရှင်ကွဲခွဲရနဲ့ စိတ်ဒဏ်ရာတော်တော်ကြီးရခဲ့တာလေ။ ဘွားတို့လည်း ဝဋ်ကြွေးပဲ ထင်ပါရဲ့ မြေးရယ်။ သားကို တွေ့ချင်လွန်းလှလို့ ခက်ရခဲဆစ်နဲ့ တစ်ကြိမ်သာ တွေ့ခဲ့ရပါရဲ့၊ ပိုတောင် ရင်နာရသေးတယ်။ သားနိုင်ကလည်း သူနေတဲ့ နိုင်ငံကနေ ဘန်ကောက်ကို တက်လာ၊ ဘွားဘွားနဲ့ သမီးဘိုးဘိုးရယ်၊ သားကြီးရယ်က ဘန်ကောက်ကိုဆင်းနဲ့၊ သူ့ဘဝမှာ တစ်ခါမှ မျက်ရည်ကျတာ မမြင်ဖူးခဲ့တဲ့ သမီးဘိုးဘိုးဆိုတာ အိမ်ပြန်လာခွင့်မရှိတဲ့ သားကိုကြည့်ပြီး မျက်ရည်ကျခဲ့ရတယ်။ ငြိမ့်ကလေး သုံးနှစ်သမီးကဆိုတော့ တော်တော်ပဲ ကြာခဲ့ပြီ။ သမီးဘိုးဘိုးတော့ အဲ့တစ်ခါက



www.burmeseclassic.com

www.burmeseclassic.com

သူ့အတွက် သားကို နောက်ဆုံးတွေ့ခြင်းလို့ ကြိုသိခဲ့လို့ မျက်ရည်ကျခဲ့တာ ဖြစ်မယ်လို့ ဘွားဘွား အခုမှပဲ တွေးမိတယ်။ အင်း…ဘွားဘွားလည်း သားကို ထပ်တွေ့ရဖို့ မသေချာပါဘူးလေ။ တချို့အရာတွေက ငြိမ့်ကလေးတွေးထင်ကြည့်တာတွေထက် ကြောက်စရာကောင်းတယ်'

ငြိမ့်သည် ရောဂါသက်သာ၍လား၊ ပိုသည်းနေ၍ပဲလား မသေချာစွာ မှိန်းမောနေသော ဘွားဘွားကိုငေးရင်း ငြိမ့်နှင့်အရင်လို စကားတွေအများကြီး ပြောနိုင်သည်ထိ ဘွားဘွားကို ကျန်းမာစေလိုလှပြီ။ ဘွားဘွားနေမကောင်းနေသည့် ကာလအတွင်း မေမေ၏ တိုင်ပင်ဖော်အဖြစ်ထိ အရွယ်ရောက်လာသော ငြိမ့်မှာ ဘွားဘွား ပြောဖူးခဲ့တာတွေအတွက်၊ ငြိမ့်နားမလည်နိုင်ခဲ့တာတွေအတွက်၊ ဘွားဘွားကို အားနာမိတာတွေအတွက် ဘွားဘွားကို အတိုးချ အဖော်ပြုပေးနိုင်ရန် ငြိမ့် ဘွားဘွားကို အရင်အတိုင်း ကျန်းမာစေလိုလှပြီ။ ငြိမ့် မည်မျှပင် ဆုတောင်းခဲ့ပါစေ၊ မျှော်လင့်ခဲ့ပါစေ၊ မျှော်လင့်သလို ဖြစ်မလာစေဖို့သာ ကံတရားက ဆုံးဖြတ်ခဲ့ဟန်ရှိသည်။ လေးလေးနိုင်၏ ပန်းချီကား လက်ဝယ်ရပြီး ရက်သတ္တပတ် သုံးပတ်မြောက်နေ့တွင် တရားစာရွတ်ပေးနေသော ငြိမ့်လက်ကို ဘွားဘွားလက်က တစ်ချက်လာထိပြီး ဘွားဘွား သတိလစ်သွားခဲ့သည်။

ဆေးရုံပေါ်တွင် တစ်ရက်နှင့် တစ်ညတိတိ ဘွားဘွား မေ့မြောနေခဲ့သည်။ အသက်ကယ်ဆေးအရှိန်နှင့် အသက်ငွေ့ငွေ့ ရှူနေဆဲ ဘွားဘွားကို ကြည့်ရင်း လေးလေးနိုင်၏ ဘွားဘွားအား ကန်တော့နေသံကို ဖုန်းစပီကာမှတစ်ဆင့် ကြားနေရသည်မှာ ငြိမ့်အတွက် အိပ်မက်တစ်ခုလိုပင်။

'မေမေ သားအသံကို ကြားနေတယ်မို့လား။ မေမေ့ရဲ့ သားနိုင်ပါ မေမေ။ မေမေ့ကို သားဦးသုံးကြိမ်ကန်တော့ပါတယ်။ မေမေ့အပေါ် ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ပြစ်မှားခဲ့မိတာရှိခဲ့ရင်၊ သားကြောင့် မေမေ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ရှိခဲ့ရင် အတွက် တောင်းပန်ရိုကျိုးစွာလည်း ကန်တော့ပါတယ် မေမေ။ မေမေ့အတွက် ဒီကနေ နေ့စဉ် နိုင်သမျှ ပြုခဲ့တဲ့ ကောင်းမှုကုသိုလ်တွေလည်း နှလုံးသွင်း သာဓုခေါ်ပါ မေမေ'

ငိုသံမစွက်အောင် ထိန်းထားသည့် လေးလေးနိုင်၏ အဖျားခတ်တုန်ယင်သော အသံက ဆို့နင့်စွာ တိတ်ဆိတ်သွားသည့် မနက်သုံးနာရီတွင် ဘွားဘွားသည် ငြိမ့်တို့ကို ထာဝရ ခွဲခွာသွားခဲ့သည်။

❑

တိတ်ဆိတ်ငြိမ်သက်နေသော ဘွားဘွားအခန်း၏ နံရံပေါ်မှ ပန်းချီကားကို ငြိမ့်ငေးကြည့်နေသည်မှာ နာရီအနည်းငယ် ကြာခဲ့ပြီ။ ယနေ့ည ဘွားဘွားကို အထူးတလည် လွမ်းဆွတ်လှရင်းကပင် ငြိမ့်အတွေးတွေလည်း ရှုပ်ယှက်ခတ်နေမိသည်။ ငြိမ့်ကို အဆုံးစွန် နားလည်အောင် ဘွားဘွား ပြောပြမသွားသည့်ဘွားဘွား မကြောက်ခဲ့သော ငြိမ့်အတွက် အကြောက်တရားကိုလည်း ငြိမ့် ဆက်တွေးကြည့်ချင်သေးသည်။

မေမေရှုံ့ရှာသည့် တူညီသောအကြောင်းတရားနှင့် မပြောင်းလဲသော အကျိုးတရားကိုလည်း ငြိမ့် ဉာဏ်မီသလောက်နှင့် အဖြေရှာကြည့်ချင်သေးသည်။ ဆယ်နှစ်သားအရွယ် နှလုံးသားလှလှနှင့်ပင် ပြည်တောင်စုပန်းချီကားလေးကို အဆင့်မြင့်မြင့် ဖန်တီးခဲ့ဖူးသော လေးလေးနိုင်ကဲ့သို့ မိခင်ရင်ခွင် ပြန်ဝင်ခွင့်မရသည့် အမေ့သားတွေနှင့် ဘွားဘွားကဲ့သို့ သေသည်ထိ သားပြန်လာနိုင်ဖို့ မျှော်လင့်ချက်မယိုင်နဲ့သွားသည့် မိခင်တွေအတွက်လည်း ရက်စက်နိုင်လွန်းအားသည့် တချို့သော နှလုံးသားများအကြောင်းကိုလည်း ငြိမ့်က အံ့သြဘနန်း သိချင်စမ်းလှသေးသည်။

ငြိမ့်သည် စိတ်အတွေးတွေ ရှုပ်ယှက်နွှမ်းလျလျက် ဘွားဘွားအိပ်ခန်း ပြတင်းဝမှာ သွားရပ်ရင်း မျက်ဝန်းတစ်ဆုံး မြင်ရသည့် ကောင်းကင်ကြီးကို စိတ်လွတ်ကိုယ်လွတ် မော့ကြည့်မိသည်။ မိုးသားတိမ်စရှိသော ညဖြစ်၍ ထင့် တစ်လုံးစ၊ နှစ်လုံးစ လင်းသည့် ကြယ်ရောင်မှိန်မှိန်ကလွဲလျှင် ပကတိ မည်းမှောင်နေသော ကောင်းကင်သည်လည်း ငြိမ့်ကို ခက်ထန်စွာ အုပ်မိုးကြည့်နေသည်။

■

**သေးသေး**

**အယ်ဒီတာအဖွဲ့**

အခန်း (၃-၀၃)
တိုက်အမှတ် ၂၀/၂၃
၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၁၁၅
E-mail:
nyeinfamily@gmail.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

၁။

ကျွန်မဘဝ
သက်တမ်းတစ်လျှောက်
ယောကျ်ား ၃ ယောက်နဲ့
ညားခဲ့ဖူးတယ်။
ဒီယောကျ်ားတွေဟာ
တည်ငြိမ်နေတဲ့
ကျွန်မဘဝထဲကို
ကိုယ့်နည်းကိုယ့်ဟန်နဲ့
တိုးဝင်လာကြသူတွေ
ချည်းပါပဲ။ ပြီးတော့လည်း
လှုပ်လှုပ်ခတ်ခတ်ဖြစ်အောင်
ဖန်တီးခဲ့ကြသူတွေပါ။
ယောကျ်ားတွေကို
မကောင်းဘူးလို့
မပုတ်ခတ်ချင်ပါဘူး။
တစ်ယောက်စီတိုင်းမှာတော့
အကြောင်းအရာတွေ၊
အဖြစ်အပျက်တွေ
ကိုယ်စီနဲ့ပါ။
ကောင်းတာတွေ ရှိသလို၊
ဆိုးတာတွေလည်း ဒုနဲ့ဒေး။

# တစ်ခုလပ်နှစ်လင်ကွာ တလေးဝါမုဆိုးမ

ဒေါ်ငြိမ်းနေမင်း

အမှတ် ၃၀၅၊ မေ ၂၀၁၅

ရုပ်စုံမဂ္ဂဇင်း

အကြည် ၈/ဆုံး

ခု ကျွန်မ
အဲဒီယောကျ်ားတွေအကြောင်း
ပြောပြပါ့မယ်။ ကျွန်မ
အိမ်ထောင်သည်ဘဝကို
ဦးဆုံးရောက်ခဲ့ရတဲ့
ခိုင်အောင်ဆိုတဲ့
ယောကျ်ားအကြောင်းကို
စ, ပြောမယ်။
ကျွန်မဘက်က
အပြောမတတ်တာ
ရှိရင်လည်း
ခွင့်လွှတ်ပေးပေါ့။
❑

၂။
ခိုင်အောင်နဲ့ ကျွန်မက
သက်တူရွယ်တူ။
စ,တွေ့ကြတာလား။
အဆန်းတကြယ်
မဟုတ်ပါဘူး။ ကျွန်မက
ဟင်းရွက်စုံရောင်းတဲ့
ကုန်စိမ်းသည်လေ။
သူက ကန်စွန်းခင်းပိုင်ရှင်။
ကန်စွန်းရွက်
ဖောက်သည်လိုချင်ရင်
ကျွန်မ သူ့ဆီသွားရတာ။
အဲဒီတော့ နေ့တိုင်းလိုလို
ဆုံဖြစ်ကြတယ်။ သူက
ကျွန်မကို ကြိုက်နေတာ
ဆိုတော့ ကန်စွန်းရွက်ကို





www.burmeseclassic.com

www.burmeseclassic.com

အမြဲတမ်း ပိုပိုသာသာ ပေးလိုက်တာပါပဲ။ ကျွန်မမှာက အမေတစ်ခု၊ သမီးတစ်ခု။ အဖေဆုံးတာကြာပြီ။ အမေနဲ့ ကျွန်မ တူတာတစ်ခုက နှစ်ယောက်စလုံး မဟုတ် မခံ၊ ဆတ်ဆတ်ကြဲတွေ။ မိန်းမသားတွေပဲဆိုပြီး ထိကပါးရိကပါးလုပ်တာမျိုး၊ အနှောင့်အယှက်ပေးတာမျိုး၊ မဟုတ်တာလုပ်တာမျိုးတွေဆို တွေးမနေနဲ့၊ စိတ်ကူးမနေနဲ့၊ ဒုက္ခပေးလာဖို့ကြံလာရင်တော့ အမေက ရှေ့က တုတ်ဆွဲ၊ ကျွန်မက ထဘီတိုတို ဝတ်ပြီးလိုက်တော့တာ။ အော်ဟစ်ဆဲဆို ကြိမ်းမောင်းလိုက်တာနဲ့ တင် တစ်ဖက်က အမြီးကုပ်နေပြီ။ အဲဒါကြောင့် တချို့က ဖြုံတယ်။

တစ်ခုတော့ ရှိတယ်။ ကျွန်မအမေက ဖဲဝါသနာပါတယ်။ ကျိတ်ဝိုင်းလေးတွေမှာ ဝင်ဝင်ဆော့တယ်။ အမေဖဲကစားတာ ပါးနပ်တယ်။ ထမင်းဖိုး၊ ဟင်းဖိုးလေးရတယ်ဆို ထ,ပြန်လာရော။ တကယ်တော့ ဝါသနာကြီးတာ။ ဘယ်မှာမှ ဝိုင်းမဖြစ်ဘူးဆိုရင် ကျွန်မကို အတင်းခေါ်ပြီးရိုက်တော့တာ။ အစက ကျွန်မ ဖဲအကြောင်း ဘယ်နားလည်ပါ့မလဲ။ နောက်တော့ အမေ သင်ပေးရင်း သင်ပေးရင်း နည်းနည်းပါးပါး တတ်လာတယ်။ မှန်ရာပြောရရင် ကျွန်မ ဖဲရိုက်ရတာကို အာရုံသိပ်မရဘူး။ ပျင်းတယ်။ အမေကတော့ ကျွမ်းကျင်တဲ့ အဆင့် ရောက်နေပါပြီ။ ဖဲ-ခေါ်လွန်းဆို တစ်ရပ်ကွက်လုံး သိတယ်။

❑

ခိုင်အောင်နဲ့
ကျွန်မက
သက်တူရွယ်တူ
စတွေ့ကြတာလား
အခုဆန်းတကြယ်
မဟုတ်ပါဘူး
ကျွန်မက
ဟင်းရွက်စုံ
ရောင်းတဲ့
ကုန်စိမ်းသည်လေ
သူက
ကန်စွန်းခင်းပိုင်ရှင်
ကန်စွန်းရွက်
ဖောက်သည်
လိုချင်ရင်
ကျွန်မ
သူ့ဆီသွားရတာ

၃။

ခိုင်အောင်က ကျွန်မကာ ချစ်တယ်လို့ ပြောလာတဲ့ အချိန်မှာ ကျွန်မ ရင်ခုန်မိတာ တော့အမှန်ပဲ။ အပျိုစစ်စစ်လေးကိုး၊ မနူးမနပ်လေးကိုး။ အဲဒီတုန်းက ကျွန်မအသက် အလွန်ဆုံးရှိမှ ၁၇ ထက် မပိုပါဘူး။ အတွေ့အကြုံဆိုတာလည်း ဘာမှမရှိ။ ခိုင်အောင်ဟာ ရိုးသားတယ်။ ဘယ်လိုအလုပ်ကြမ်းမျိုးမဆို လုပ်နိုင်တယ်။ အရက်မသောက်၊ လောင်းကစားမလုပ်ဘူး။ အမေ့ကို မရဲတရဲ ပြောကြည့်တော့-

'ညည်းကြိုက်ရင် ယူလိုက်လေ၊ ခိုင်းစားလို့ ရတာပေါ့'

ကြည့်၊ အမေ ပြောပုံက ဒွဲ(တဲ့)ကြီး။ ငါ့သမီး ငယ်ပါသေးတယ်လို့လည်း တစ်ခွန်းမှ မဟာဘူး။ ပူပင်သောကလည်း ရှိပုံမရဘူး။ အမေက ခိုင်အောင့်အကြောင်း သိနေသူ။ ဒါကြောင့်လည်း ဘာမှ ထွေထွေထူးထူး မပြောတာလည်း ဖြစ်နိုင်တယ်။ ထားပါတော့။ ဒါနဲ့ပဲ ကျွန်မနဲ့ ခိုင်အောင် သမီးရည်းစားတွေ ဖြစ်သွားကြတယ်။

ဒီနေရာမှာ ပြဿနာ ဖြစ်လာတာက သူ့အမေနဲ့ သူ့အစ်မတွေပဲ။ သူတို့က ကျွန်မကို ကုန်စိမ်းသည်၊ ဖဲသမားရဲ့ သမီးနဲ့ မပေးစားနိုင်ဘူးလို့ ဆိုလာတယ်။ အဲဒီစကား အမေ့နားရောက်တော့ ဘယ်ပြောကောင်းပါ့မလဲ၊ ဒေါသတွေ တဖွားဖွားနဲ့ ပေါက်ကွဲတော့တာပေါ့။ သိတယ်မဟုတ်လား။ အမေပဲ။ ခိုင်အောင့်အိမ်ကို သွားပြီး ပွဲကြမ်းတော့တာပေါ့။

အဲဒီအချိန် ခိုင်အောင်လည်း အိမ်မှာရှိနေတယ်။ သူ့အစ်မတွေက ကျွန်မတို့ကို ချိုးချိုးဖွဲ့ဖွဲ့တွေပြော၊ အမေကလည်း သူတို့ ငယ်ကျိုးငယ်နာတွေဖော်။ အို…ဖြစ်လိုက်ကြတာ၊ ရပ်ကွက်က လာကြည့်တဲ့လူတွေတင် မနည်းဘူး။ ကျွန်မမှာ ရှက်လွန်းလို့ အမေ့ကို အတင်းဆွဲပြီး ပြန်ကြဖို့ပဲ အတန်တန်ပြောနေရတာ။ ဒီနေရာမှာ အမေက ခပ်ပြတ်ပြတ်ပဲ။

'ဟေ့ကောင် ခိုင်အောင်'

'ဗျာ'

ငြိမ်ငြိမ်ကုပ်ကုပ်လေး ထိုင်နေတဲ့ ခိုင်အောင့်မျက်လုံးတွေက မျောက်မျက်လုံးလေးတွေနဲ့ တစ်ပုံစံတည်း။ ကလယ်ကလယ်နဲ့ ဟိုဘက်ကြည့်လိုက်၊ ဒီဘက်ကြည့်လိုက်။

'မင်း…ငါ့သမီးကို တကယ်ချစ်တာလား'

ချက်ချင်း မဖြေနိုင်သေးဘူး။ သူ့ကြည့်ရတာ လည်ချောင်းထဲ အလုံးကြီးတစ်လုံး ဆို့နေသလိုပဲ။

'ပြောလေ'

ခပ်ထန်ထန်လေး အော်လိုက်မှ ကြောက်လန့်ပြီး ထစ်ထစ်ငေါ့ငေါ့နဲ့-

'ဟုတ်…ဟုတ်…ဟုတ်ကဲ့'

အဲဒီလိုပြောတော့ အစ်မတစ်ယောက်က တံမြက်စည်းနဲ့ ခိုင်အောင့်ကို ဖြောင်းခနဲ ဖြောင်းခနဲနေအောင် ရိုက်တော့တာပဲ။ သူ ဘာမှ ပြန်မလုပ်ရှာဘူး။ မျက်ရည်လေးဝဲပြီး ပေခံတယ်။

'ဟဲ့ ဘာလို့ ကျွဲရိုက်၊ နွားရိုက် ရိုက်နေတာတုံး'

'ရှင်နဲ့ဘာဆိုင်လဲ။ ဒါ ကျုပ် မောင်၊ ကျုပ်မောင်ကို ကျုပ် ရိုက်တာ ဘာဖြစ်လဲ။ ခွေးဖြစ်မယ့်ကောင်'

အမေက မျက်နှာကြော ကို ထပ်တင်းလိုက်ပြီး-

'ဟေ့ ခိုင်အောင်'

'ဗျာ'

အသံက တိုးတိုးတိမ်တိမ်…။

'မင်း ငါ့သမီးကို တကယ်ယူရဲလား'

'ဟုတ်… ဟုတ်ကဲ့တွေ့ပြီ။ သူ့အမေက



www.burmeseclassic.com

www.burmeseclassic.com

လက်မောင်းခေါက်တင်လိုက်ပြီး ဝင်ဖျင်းတော့တာ။ ကျောကုန်းတွေထု၊ တုတ်တွေနဲ့ ရိုက်၊ တစ်ချောင်းကျိုး တစ်ချောင်းယူ။ ပါးတွေချ။ ကျွန်မလေ ကြည့်ရင်းကြည့်ရင်း အသည်းတွေယားလာပြီ။ ဖြစ်နိုင်ရင် နပန်းဝင်လုံးလိုက်ချင်တာ(စိတ်ကူးထဲမှာတော့ နပန်းဝင်လုံးလိုက်ပါတယ်။ ဆံပင်တွေဆွဲဆောင့်၊ ခေါင်းကို မြေကြီးနဲ့ တိုက်။ လက်နှစ်ဖက်က ဘယ်ပြန်၊ ညာပြန် ပါးနှစ်ဖက်ကို ရိုက်။ အို အရသာရှိလိုက်တာ။)။ ဒါပေမဲ့ လက်တွေ့မှာတော့ တကယ် မလုပ်ဖြစ်ခဲ့ပါဘူး။ အမေက မဲ့ပြုံးလေးပြုံးလိုက်ပြီး–

'အေး မင်း ငါ့သမီးကို တကယ်ယူရဲတယ်ဆိုရင် အချိန်မရွေး ငါ့အိမ်လာခဲ့။ ငါကိုယ်တိုင် ရုံးမှာ သက်သေလက်မှတ်ထိုးပြီး ပေးစားမယ်'

ဒါပဲပြောပြီး ကျွန်မတို့ ပြန်လာခဲ့တယ်။ ဘာကြာလိမ့်မလဲ။ ခိုင်အောင် ပေါက်ချလာတယ်။ အမေက သူ့ကတိအတိုင်း ရုံးခေါ်သွားပြီး သက်သေနေရာမှာ သူကိုယ်တိုင် လက်မှတ်ထိုး ပေးစားလိုက်တာ။ နောက်ပိုင်း ခိုင်အောင်တို့ဘက်က အသံထွက်လာတယ်။ သူ့သားကို 'အမွေပြတ်' တဲ့။ အမေကြားတော့ ခွက်ထိုးခွက်လန်ရယ်တာပေါ့။

'အမယ်လေးဟဲ့၊ ဒင်းတို့က အမွေတွေ သိပ်ရှိတာကိုး။ နေတော့ တဲစုတ်၊ သောက်တော့ ရွှံ့ရည်၊ စားတော့ ကောက်ရိုး၊ ကျူးကျော်ကန်စွန်းခင်းလေးတစ်ခင်း ပိုင်ပါတယ်။ ဒါကို အဟုတ်ကြီးမှတ်ပြီး အမွေပြတ်ဦးမတဲ့တော် ဟား…ဟား…ဟား၊ အရပ်ကတို့ရေ တွေးသာတွေးကြည့်ကြပါတော့'

မင်္ဂလာဆောင်ဖို့လား။ ဝေးသေး။ အရှေ့ခုနစ်အိမ်၊ နောက်ခုနစ်အိမ် လူကြီးတွေ လောက်သာ ဖိတ်ပြီး ပုဆိုးတန်းတင် အကြင်လင်မယားအဖြစ် အသိအမှတ်ပြုလိုက်ရတာ။

❑

၄။

ခိုင်အောင် သူ့အိမ်ဘယ်ပြန်လို့ရပါ့မလဲ။ ကျွန်မတို့နဲ့ အတူနေတာပေါ့။ ယောကျ်ားတစ်ယောက်ကို တကယ်ယူကြည့်တော့မှ အဲဒီယောကျ်ားရဲ့ အားနည်းချက်တွေကို တစ်စတစ်စ သိလာရတယ်။ ရိုးသားတာ မှန်ပါတယ်။ မသောက်မစား၊ လောင်းကစားမဖက်တာ မှန်ပါတယ်။ ကြမ်းကြမ်းတမ်းတမ်းလုပ်နိုင်ကိုင်နိုင်တာ မှန်ပါတယ်။ ဒါပေမဲ့ ဘယ်တော့မှ ခေါင်းမသုံးဘူး။ ဉာဏ်ကို မလွှာတတ်ဘူး။ ခိုင်းရင်ခိုင်းသလောက်တော့ အကုန်လုပ်တယ်။ ပိုမလုပ်ဘူး။ အဲဒီလောက်ထိ သစ္စာရှိတာ။ နောက်ပြီး ကန်စွန်းရွက်ခူးတာကလွဲရင် တခြားအသက်မွေးဝမ်းကျောင်းပညာဘာမှ မတတ်ဘူး။ ပညာအရည်အချင်းက ၄ တန်း။

ဒီတော့ ကျွန်မက လက်သမားလေး၊ ပန်းရန်လေး သင်ခိုင်းရတယ်။ သင်ဆိုရင်တော့ သင်ပါတယ်။ ဆရာတွေနောက် လူကြမ်းလိုက်လုပ်ရင်း သင်ရတာ။ ဒါပေမဲ့ ထုံတာ၊ ထိုင်းတာ၊ မသွက်တာကြောင့် တော်တော်လေး သင်ယူရတယ်။ ကျွန်မမှာ ဗိုက်ကြီးတကားကားနဲ့ ဟင်းရွက်စုံရောင်းတဲ့ဘဝက မလွတ်သေးပါဘူး။

ကျွန်မ သားဦးလေး မွေးတယ်။ နာမည်ကိုတော့ တနင်္လာသားမို့ ချမ်းမြေ့လို့ပဲ ရိုးရိုးလေးပေးလိုက်တယ်။ သားလေး ၂ နှစ်အရွယ်လောက်ရောက်တော့ ခိုင်အောင့် လက်သမားဆရာက ပျဉ်းမနားမှာ အလုပ်သွားလုပ်ဖို့ရှိတယ်။ စီမံကိန်းအိမ်ရာတွေဆောက်ရမှာတဲ့။ လနဲ့ချိုပြီးအလုပ်လုပ်ရမယ်။ အိမ်ကိုတော့ တစ်လတန်သည်၊ နှစ်လတန်သည် တစ်ခေါက်လောက် ပြန်ခွင့်ရမတဲ့။ နေ့စားခကလည်း မဆိုးဘူး။

အဲဒီတုန်းက ဒီမှာ အလုပ်တွေရှားနေချိန်။ လိုက်သွားပေါ့။ ကျွန်မ ခွင့်ပြုလိုက်ပါတယ်။ ပထမတော့ တစ်လ တစ်ခေါက် မှန်မှန်ပြန်ရောက်တယ်။ ရတာလည်း အကုန်ပြန်အပ်တယ်။ အရက်မသောက်၊ ကွမ်းမစား၊ ဆေးလိပ်မဖွာတော့ အသုံးစရိတ်သက်သာတယ်။ နောက်ပိုင်းတော့ နှစ်လတစ်ခါ၊ သုံးလတစ်ခါသာ ပြန်ရောက်လာတော့တယ်။

'အလုပ်တွေ ကျပ်နေလို့ပါ တင်ကြည်မရယ်'

'နင် လိမ်နေတာမဟုတ်ဘူးနော်'

'တကယ်… တကယ်ပြောတာပါ'

မျောက်မျက်လုံးနဲ့တူတဲ့ သူ့မျက်လုံးတွေက ပေကလတ်၊ ပေကလတ်နဲ့ သိပ်ဂနာမငြိမ်ချင်ဘူး။ သူ့ဆရာဆီ ဖုန်းဆက်မေးကြည့်တော့လည်း ဟုတ်ပါတယ်တဲ့။

'ကဲပါ၊ ထားပါတော့ ဘာလို့ ရတဲ့လစာတွေ လျော့လာရတာလဲ'

'ငါ နည်းနည်း အသုံးလွန်သွားလို့ပါ။ အပေါင်းအသင်းနဲ့တွေ့တော့လည်း ကိုယ့်ဘက်က အကုန်ကျမခံလို့ မဖြစ်ဘူးလေ'

တစ်နှစ်ကျော်လောက်ကြာတော့ သတင်းဆိုးတစ်ခုကြားလာရတယ်။ ဒီကောင်ဟိုမှာ မိန်းမရနေပြီ၊ ကလေးတောင် မွေးခါစလေးတဲ့။ မိန်းကလေးဆိုလားပဲ။ ကျွန်မ ခေါင်းတွေမီးတောက်ရပြီ။ ဒီလောက်နုံအ,တဲ့ကောင် ခုလိုဖြစ်တာ ကျွန်မ မယုံဘူး။ သူ့ဆရာဆီ ဖုန်းဆက်တော့ စက်ပိတ်ထားတာ၊ ဆက်သွယ်မှုပြင်ပဧရိယာရောက်နေတာ၊ ဖုန်းမကိုင်တာ။

'တောက်'

ကျွန်မ ဒေါသတွေပေါက်ကွဲသွားတာ အလိပ်လိုက် အလိပ်လိုက်ပါပဲ။ ကျွန်မ ချက်ချင်းပဲ ကလေးကို အမေ့နဲ့ထားခဲ့ပြီး ပျဉ်းမနားကို လိုက်သွားတယ်။ တွေ့ပြီ။ ရထားတဲ့ သတင်းက ကွက်တိပဲ။ အလုပ်သမားတွေနေဖို့ ဆောက်ထားတဲ့ တဲလေးထဲမှာ။ ကောင်မလေးက ကျွန်မထက်ငယ်



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ကလေးက မွေးခါစ နီတာရဲလေး။ သုံးယောက် ဆုံချိန်မှာပဲ ကျွန်မက ထဘီ တိုတို ပြင်ဝတ်လိုက်ပြီး-

'ဟဲ့ကောင် ပြောစမ်း၊ ဒါ နင်နဲ့ရတဲ့ကလေးလား'

သူ့အသားတွေ တဆတ် ဆတ်တုန်ပြီး ဘာပြန်ပြောရ မှန်း မသိတဲ့ပုံစံမျိုး။ ကြောက် လည်းကြောက်နေတယ်။

'ဟဲ့ကောင်၊ ငါ မေးနေ တယ်လေ၊ မြန်မြန်ပြောစမ်း'

အတော်လေးကြာမှ သူ က ခေါင်းကို အသာညိတ် တယ်။ ကျွန်မရင်ထဲ ပူခနဲ နင့်ခနဲ။ ထိန်းမရတော့ဘူး။ ကျွန်မ ချက်ချင်း ဝုန်းဆို သူ့ အနားတိုးကပ်သွားပြီး ဆံပင် တွေဆွဲဆောင့်၊ ပါးတွေရိုက်၊ ကိုယ်တွေထု၊ ဝုန်းဒိုင်းကိုကြဲ ကုန်တော့တာပါ။ သူ တစ် စက်မှ ပြန်ခံမလုပ်ဘူး။ လက် နှစ်ဖက်နဲ့ကာတာလောက်ပဲ။ မကျေနပ်ဘူး။ လုံးဝ မကျေ နပ်ဘူး။ ဒါဟာ ဖြစ်သင့်တဲ့ အရာလား။ ကောင်မလေး က ကလေးကို ရင်ခွင်ထဲ ပိုက် ပြီး လက်အုပ်လေးချီလို့-

'အစ်မလေးရယ်၊ သမီး တို့ကို ခွင့်လွှတ်ပါ။ သမီးတို့ မှားမိပါတယ်။ ကိုလေးကို မရိုက်ပါနဲ့။ တောင်းပန်ပါ တယ်။ အစ်မလေးရယ် သမီး တောင်းပန်ပါတယ်'

ကောင်မလေးက မျက် ရည်တွေ ပိုးပိုးပေါက်ပေါက် ကျပြီး ရှိခိုးတောင်းပန်တာ။

'ဘာခွင့်လွှတ်ရမှာလဲ။ ဘာမှ ခွင့်မလွှတ်နိုင်ဘူး။ ဒီ အမျိုးယုတ်၊ လူယုတ်မာကို သတ်ပစ်မှ အေးမှာ။ ဟဲ့ ကောင် နင့်ကို သတ်ပစ်မှ အေးမှာ'

ကျွန်မအာမေကော
ဖဲဝါသနာပါတယ်
ကျိတ်ဝိုင်းလေးတွေ
မှာ
ဝင်ဝင်ဆော့တယ်
အမေ
ဖဲကစားတာ
ပါးနပ်တယ်
ထမင်းဖိုး
ဟင်းဖိုးလေးရ
တယ်ဆို
ထပြန်လာရော
တကယ်တော့
ဝါသနာကြီးတာ
ဘယ်မှာမှ
ဝိုင်းမဖြစ်ဘူးဆိုရင်
ကျွန်မကို
အတင်းခေါ်ပြီး
ရိုက်တော့တာ

'မလုပ်ပါနဲ့ အစ်မလေး ရယ်၊ မလုပ်ပါနဲ့'

ကျွန်မ အနားက ဝက် ခုတ်ဓားကိုကောက်ကိုင်လိုက် တယ်။ သူက မကြောက်မရွံ့ ထိုင်လျက်နဲ့ လည်စင်းခံနေ တယ်။ ကျွန်မမျက်လုံးထဲ မီး ဝင်းဝင်းတောက်ပြီး ဘာမှ မမြင်တော့ဘူး။ ရှေ့ကို တိုး လာတုန်း ဘီယာဘူးခွံနင်းမိ တာနဲ့ ခြေထောက်နဲ့ကန်ထုတ် လိုက်တယ်။ တိုက်တိုက်ဆိုင် ဆိုင် ကလေးကိုသွားမှန်တယ်။ ကလေးခမျာ အာခေါင်ချစ် ပြီး ငိုရှာပါလေရော။ ကျွန်မ တစ်ကိုယ်လုံး ကျင်စက်နဲ့ အတို့ခံလိုက်ရသလို တုံ့သွား တယ်။ တစ္ဆေသူရဲတစ် ကောင် ဝင်ပူးနေသလိုပါပဲ။

အဲဒီတုန်း သူ့ဆရာနဲ့ အလုပ်သမားတချို့ ကမျော သောပါး ရောက်လာကြပြီး ကျွန်မကို ချုပ်လိုက်တယ်။ ကျွန်မပါးစပ်ကတော့ အသံ နက်နက်ကြီးနဲ့ 'ဒီကောင့်ကို သတ်မယ်' ဆိုတာချည်းပဲ အော်နေတော့တာ။

'ငါ မှားသွားပါတယ် တင်ကြည်မရယ်'

'ဒါ… ဒါ မှားစရာ လား၊ မှားစရာလားဟဲ့'

'သမီး အစက ဒီလိုမှန်း မသိခဲ့လို့ပါ အစ်မလေးရယ်၊ ပေးချင်တဲ့ အပြစ်ပေးပါ။ သမီးလေးမျက်နှာထောက်ပြီး ကျွန်မတို့ကို ခွဲမသွားပါနဲ့ နော်'

'ညည်းတို့ကို ခွဲမသွား ပါနဲ့ဆိုတော့ ငါက ငါ့လင်ကို ခွဲရတော့မှာပေါ့၊ ဟုတ်လား'

အဲဒီနေ့က ကမ္ဘာပျက် တဲ့နေ့ပါပဲ။ ကျွန်မတစ် ယောက်တည်း ကြမ်းနေ တာ။ မိန်းမကြမ်းကြီးကိုဖြစ် လို့။ နောက်တော့ ကျွန်မ သွေးအေးအေးနဲ့ စဉ်းစား တယ်။ မိန်းမသားချင်းလည်း ကိုယ်ချင်းစာတာမို့-

'ကောင်းပြီ၊ ခုချိန်က စပြီး ငါ့ကိုရော၊ နင့်သားကို ပါ ဘာမှ မသက်ဆိုင်တော့ ဘူးမှတ်လိုက်'

သူ့ကို စာချုပ်မှာ ကွာရှင်းလက်မှတ်ထိုးခိုင်းပြီး ကျွန်မ ပြန်လာခဲ့တယ်။ ဘာ များတတ်နိုင်ဦးတော့မှာလဲ။ စိတ်ထဲမှာတော့ တကယ့်ကို နာကြည်းခဲ့ရပါတယ်။

□

၅။

ဒုတိယ ယောက်ျား အုံ့မောင်ကို ယူဖြစ်တာလည်း အမေနဲ့ဖဲကစားဖက် ဒေါ်သိန်း ငွေကြောင့်ပါ။

'မိန်းမသားဆိုတာ လင် ယောက်ျားမရှိရင် ဘယ်တင့် တယ်ပါ့မလဲ တင်ကြည်မ ရယ်။ တို့က ရေရှည်ကိုကြည့် ပြီး ပြောတာနော်'

ပတ်ဝန်းကျင် က ကလေးတစ်ယောက်နဲ့ဖြစ်နေ တဲ့ ကျွန်မကို အမျိုးမျိုး ဝိုင်းပြောကြတာပါ။ ကျွန်မ အတန်တန် ငြင်းပါသေး တယ်။ ကလေးတစ်ဖက်နဲ့ ရုန်းနေရတဲ့လမ်းကြောင်းမှာ လည်း အတော်ပန်းနေပြီ။ အဓိကက အားကိုးချင်တာ။ နောက်ပိုင်း အုံ့မောင်ဆိုတဲ့လူ နဲ့ မိတ်ဆက်ပေးတယ်။ အပိုး ကျိုးကျိုးပါပဲ။ စာလေးဘာ လေးဖတ်တယ်။ ဗဟုသုတ လေးကြွယ်တယ်။ ဘယ် အတန်းထိ တက်ခဲ့ဖူးတယ်ဆို တာတော့ ကျွန်မ မမေးမိ ဘူး။ ရုပ်မဖြောင့်ပေမဲ့ သပ် သပ်ရပ်ရပ်နေတယ်။ လက်ရှိ ရေသန့်စက်ရုံမှာ အလုပ်လုပ် တယ်။ လစာမဆိုးဘူးလို့ ပြောတယ်။ သူက လူပျို။ ကျွန်မက ကလေးတစ် ယောက်နဲ့ မုဆိုးမ။

'ချမ်းမြေ့လေးကို ကိုယ့် သားလို သဘောထားပါ့ မယ်'

ကိုအုံ့မောင်ဟာ ကျွန်မ ထက်ကြီးတယ်။ အမေ့ အပေါ်လည်း သိတတ်လိုက် တာ အလွန်ပါ။ ဒေါ်သိန်းငွေ က ကျွန်မကို ခဏခဏ နားချတယ်။

'ကိုယ့်ဘေးနား

www.burmeseclassic.com

ယောကျ်ားတစ်ယောက်ရှိတော့ လုံခြုံစိတ်ချရတာပေါ့အေ’

ကျွန်မ အမေ့ကိုတိုင်ပင်တော့ ‘ညည်းသဘော’တဲ့။

နောက်တော့ ကျွန်မကိုအုံ့မောင်ကို ယူလိုက်တယ်။ ပထမတော့ ဟုတ်မလိုလိုပါဘဲ။ နောက်မှ ကျွန်မ မှားသွားပြီဆိုတာ သိလိုက်ရတယ်။ ကိုအုံ့မောင်က လိမ်တတ်၊ ညာတတ်သူ။ လက်ကြောမတင်းတဲ့သူ။ အရက်ကို ညနေတိုင်း မှန်မှန်သောက်တတ်သူ။

သူ ရေသန့်စက်ရုံမှာ လုပ်တယ်ဆိုလို့ အထင်ကြီးလိုက်တာ။ ဘယ်ဟုတ်ပါ့မလဲ။ စာကယ်တော့ အပေါက်စောင့်။ လစာက မဖြစ်စလောက်နဲ့။ ပြီးတော့ အကြွေးက ပတ်လည်ဝိုင်းလို့။ ကျွန်မကို ယူလိုက်တော့ သူ့အကြွေးတွေက ကျွန်မဆီကူးစက်တော့တာပေါ့။ ယောကျ်ားကြီးတစ်ယောက်လုံးဖြစ်ပါရဲ့ သိက္ခာမရှိဘူး။ ကတိမတည်ဘူး။ ဘာမှကို လေးလေးနက်နက် မထားတာ။ မနက်စာ စားနေရရင် ညစာအတွက် မပူဘူး။

နောက်ပိုင်း ပိုဆိုးလာတာက အရက်ကို အရင်ထက် ပိုသောက်လာတာပဲ။ ကျွန်မနဲ့ စကားများရတာ ခဏ ခဏ။ သူက ပညာတတ်လိုလို၊ ပညာရှင်လိုလို စကားလုံးအကြီးကြီးတွေနဲ့ ကိုင်ကိုင်ပေါက်တာ။ ကျွန်မ သူပြောတဲ့စကား တော်တော်များများကို နားမလည်ဘူး။ ဘာပဲပြောပြော ကျွန်မအမေရဲ့ ဝါးရင်းတုတ်ကို သူ လန့်တယ်။ အမေရောက်လာတာနဲ့ တစ်နေရာရာကို ရှောင်ပြေးတော့တာပဲ။

ကျွန်မမှာတော့ ဈေးတောင်း ခေါင်းပေါ်ရွက်ဘဝက လွတ်မလားလို့ စိတ်ကူးခဲ့ပေမဲ့ မလွတ်ခဲ့ပါဘူး။ ကျွန်မသား ချမ်းမြေ့ သူ့အနားကို ဘယ်တော့မှ မကပ်ဘူး။ ကလေးတစ်ယောက်အပေါ် အကြင်နာတရား ပြသဖို့လည်း သူ ဘယ်တော့မှ စိတ်မကူးဘူး။

တစ်ရက်။ သူ စက်ရုံက အလုပ်ပြုတ်သွားတယ်။ လုပ်ငန်းခွင်မှာ ခဏ ခဏ အရက်ခိုးသောက်တာ မိသွားလို့ပါ။ အလုပ်ပြုတ်တော့ ကျွန်မနဲ့ စကားများကြတာပေါ့။ အဲဒီနောက် သူ ဘယ်ကိုမှ ဝင်မလုပ်တော့ဘူး။ ဒင်း(သင်း)က တိုတိုထွာထွာလေးတွေ လုပ်တတ်တယ်။ စက်ပစ္စည်းပြင်တာ၊ လျှပ်စစ်အကြောင်း နားလည်တာ၊ တီဗွီလေး၊ အောက်စက်လေးပြင်တတ်တာ။ ဒါလေးနဲ့ပဲ စက်ဘီးတစ်စီးနဲ့ အပြင်ထွက်၊ အရက်ဆိုင်မှာ သောက်ရင်းစနည်းနာ၊ ခေါ်တာလေးလိုက်ပြင်၊ အရက်ဖိုးရတော့ ထပ်သောက်၊ ဒီလိုနဲ့ အရက်သမားစစ်စစ်ဘဝကို ရောက်ခဲ့တာ။

မနက်ဆို ထွက်၊ သူ ရတာလေးနဲ့ အပြင်မှာစား၊ အပြင်မှာသောက်။ ညတိုင်း မူးပြီးပြန်လာတာ။ တစ်ခုတော့ တော်ပါသေးတယ်။ ဘယ်လောက်မူးမူး ပြန်လာရင် စကားမများဘူး။ ရန်မလုပ်ဘူး။ ပတ်ဝန်းကျင်ကို စိန်မခေါ်ဘူး။

‘ရှင် ကျွန်မကို ဘာမှ မပြောတော့ဘူးလား’

‘ဘာမှ ပြောစရာ မကျန်တော့ဘူး။ အရက်ဆိုင်မှာ အကုန်ပြောခဲ့ပြီးပြီ’

နောက်…ခေါင်းထိုးအိပ်တော့တာ။ ရစ်လို့လည်း သူ မရဘူး။ အမေ ရှိနေတာကိုး။ ကျွန်မကသာ သူ့ကို ကြည့်ပြီး စိတ်နာလို့ ပူညံပူညံလုပ်တတ်တာ။ မပူညံလို့လည်း မရဘူး။ ကျွန်မမှာ နောက်ထပ် ဗိုက်ကြီးနေပြီ။ လက်လွန်သွားပြီမို့ ကျွန်မလည်း မတတ်နိုင်တော့ဘူး။ ဒီတော့ ဝဋ်ရှိသမျှ ခံပေဦးပေါ့။

သမီးလေးမွေးတယ်။ သန်သန်စွမ်းစွမ်း မဟုတ်ဘူး။ မွေးကတည်းက ပိုလီယိုရောဂါ ပါလာတာ။ သူက နည်းနည်း နှာခေါင်းရှုံ့ချင်တယ်။ ဒါ အဖေတဲ့လား။ ကျွန်မမှာတော့ ဝမ်းနဲ့လွယ်မွေးထားရတာမို့ ကျိုးကျိုးကန်းကန်း မသန်စွမ်းလည်း ချစ်ရမှာပဲ။ ကျွန်မက ကလေးငယ်သေးပေမဲ့ ရသလောက်ကုမယ်လို့ ဆုံးဖြတ်ထားပြီးသား။ ဒင်း(သင်း)က ကလေးအနားကို တော်ရုံ မကပ်ဘူး။ ခပ်ရှောင်ရှောင်။

‘ရှင် ဒီအတိုင်းပဲ ကြည့်နေတော့မှာလား’

‘ကြည့် မနေတော့လည်း ငါတို့က ဘာလုပ်တတ်တာမို့လဲ’

‘ရှင့် အတွေးအခေါ်တွေ၊ ဒဿနတွေ ဒါအကုန်ပဲလား’

အမေကတော့ တတ်သမျှ မှတ်သမျှလေးတွေနဲ့ ပြုစုရှာပါတယ်။ အဲဒီနောက်ပိုင်း သူ အရက်တွေပိုသောက်လာတယ်။ ပိုပိုဆိုးလာတယ်။ သမီးလေး အခါလည် အရွယ်သားရောက်တော့ ကိုအုံ့မောင် အရက်ကြောင်ကြောင်တော့တာပဲ။ တစ်ယောက်တည်း စကားတွေ ပြောလို့ပြော၊ ညလည်း သိပ်မအိပ်တော့ဘူး။ အရက်ဆိုင်မှာ အရက်ခွက်တွေ သွန်လို့သွန်၊ လမ်းသွားလမ်းလာတွေကို မဟုတ်ကဟုတ်က ပြော။ ဘာတွေပြောမှန်းလည်း မသိဘူး။ နောက်ပိုင်း တဖြည်းဖြည်း ပိုဆိုးလာတယ်။ တချို့က-

‘နင့်ယောကျ်ား ရူးသွားပြီ၊ ရွာသာကြီးပို့လိုက်’

အမေက ရှက်လို့ဆိုပြီး လက်မခံတော့ဘူး။ အိမ်က နှင်ချရော။ ဒီတော့ လမ်းပေါ်အိပ်၊ လမ်းပေါ်သောက်ပေါ့။ အစားအသောက် မမှန်တော့ လူက ပိန်ချုံးလာတယ်။ အဖြစ်က တော်တော်ဆိုးပါတယ်။ နောက်ဆုံး ရပ်ကွက်လူကြီးတွေ မနေနိုင်တော့ဘဲ စရိတ်စိုက်ပြီး ရွာသာကြီး ပို့လိုက်ကြတယ်။

နောက် ရွာသာကြီးကနေ ထွက်ပြေးသွားတယ်ဆိုတဲ့ သတင်းထွက်လာပြီး စုံးစုံးကိုမြုပ်သွားတော့တာ။ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိ။ ဒါဟာ ကျွန်မအတွက် ကံကောင်းတယ် ပြောရမှာပါ။ တော်ပါပြီ။ ကျွန်မ ယောကျ်ားတွေကို တော်တော်လန့်သွားခဲ့တာ။ ကျွန်မ ရင်ထဲမှာတော့ သူဟာ သေသွားပြီ။

❑

ဇ။

ကျွန်မ တွေးကြည့်ဖူး[illegible]



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် ကိုယ်နဲ့သွေးသားမတော်စပ်တဲ့ သူစိမ်းနဲ့ ပေါင်းဖို့ဖြစ်လာတဲ့အခါ ထိထိုးရသလိုပဲဆိုတာ။ တချို့လင်ကကောင်းပါလျက်နဲ့ မယားက ဆိုးတာ။ တချို့ကျတော့လည်း လင်ရော၊ မယားရော လိုက်ဖက်ညီလိုက်တာ။

ကျွန်မကံကိုက ဆိုးတာပါ။ ကျွန်မ သူတို့အပေါ် မဟုတ်တာ မလုပ်ခဲ့ဘူး။ မဖောက်ပြန်ခဲ့ဘူး။ မလော်မာခဲ့ဘူး။ ဒါပေမဲ့ အတိတ်ဘဝက အကုသိုလ်ကံတွေ သိပ်ကြီးလွန်းတော့ အခုလိုအဖြစ်မျိုးတွေ ကြုံတွေ့ရတယ်ထင် ပါတယ်။

ကျွန်မ အမေ့အားကိုးနဲ့ ဘဝကို ကြံ့ကြံ့ခံ ဆက်ရုန်းခဲ့တယ်။ ဒီနေရာမှာ အမေသာ မရှိရင် ချာချာလည်ပြီ။ အမေ့ကျန်းမာရေးက ဒေါင်ဒေါင်မြည်လို့ မပြောနိုင်ဘူး။ ဟိုဟာလေး ကောက်ဖြစ်လိုက်၊ ဒီဟာလေး ကောက်ဖြစ်လိုက်၊ ဒီလိုနဲ့ ချမ်းမြေ့ ၅ နှစ်နဲ့ အငယ်မ လင်းလက် ၃ နှစ်အရွယ် ရောက်ခဲ့ပြီ။ လင်းလက်မှာ လမ်းလျှောက်ဖို့ ဝေလာဝေး။ ခေါင်းကိုတောင် ကောင်းကောင်း မမတ်နိုင်ရှာသေးဘူး။ သွားရည်တွေကထွက်၊ စကားပြောချင်ရှာပေမဲ့ ဝူးဝူး ဝါးဝါးပဲ။

သားလေး ချမ်းမြေ့က သမီးလေး လင်းလက်ကို အရမ်းချစ်ရှာတာပါ။ အသစ်အကြေးကိစ္စတွေကို သူကိုယ်တိုင် ရှင်းတယ်။ ရေချိုးပေးတယ်။ သနပ်ခါးလူးပေး

အမေကာ
မဲ့ပြုံးလေး
ပြုံးလိုက်ပြီး
'အေး
မင်း ငါ့သမီးကို
တကယ်
ယူရဲတယ်
ဆိုရင်
အချိန်မရွေး
ငါ့အိမ်လာခဲ့
ငါ ကိုယ်တိုင်
ရုံးမှာ သက်သေ
လက်မှတ်ထိုးပြီး
ပေးစားမယ်
ဒါပဲပြောပြီး
ကျွန်မတို့
ပြန်လာခဲ့တယ်

ထားတာများ ညီလို့။ ထမင်းကျွေးတယ်။ ကစားရင်လည်း အတူတူ။ ညီမလေးကို ကျောပိုးပြီး လမ်းကိုထွက်တာ။ အမေကလည်း မြေးနှစ်ယောက်စလုံးကို ချစ်ရှာတာပါ။ အမေ အိမ်မှာ ရှိနေတာဆိုတော့ စိတ်အေးရတယ်။ အရင်လို အိုးပစ်အိမ်ပစ် ဖဲဝိုင်းလည်း သိပ်မသွားတော့ပါဘူး။

တစ်နေ့… ကျွန်မတို့အိမ်နားကို ဦးကျော်လှဆိုတဲ့ လူတစ်ယောက် အိမ်ငှားအဖြစ်နဲ့ ပြောင်းလာတယ်။ လူပျိုကြီးပါ။ ဥပမိရုပ်က မဆိုးဘူး။ ပိန်ပိန်သွယ်သွယ် ဆိုပေမဲ့ အသားလတ်တယ်။ မျက်ခုံးကောင်းတယ်။ နှုတ်ခမ်းပါးပြီး မျက်လုံးတွေက တောက်နေတယ်။ အနေတည်တယ်။ ပတ်ဝန်းကျင်နဲ့ ရောရောနှောနှော မလုပ်ဘူး။ သူ့အလုပ်က ကိုယ်ပိုင် TAXI မောင်းတာ။ မိုးလင်းဆိုထွက်၊ မိုးချုပ်မှ ပြန်လာတာမို့ အိမ်မှာရှိတဲ့အချိန် နည်းတယ်။ တစ်ခါတစ်ခါ သူစိတ်မပါတဲ့ ရက်တွေဆို ထွက်ချင်မှ ထွက်တာ။ အဲဒီအခါ စာအုပ်နဲ့ မျက်နှာ မခွာတော့ဘူး။ သူ့အပေါင်းအသင်းတွေ လာလည်တတ်တယ်။ အဲဒီအခါကျတော့လည်း ပြောလိုက်တဲ့ စကား၊ ဘာတွေပြောနေကြမှန်းတော့ မသိပါဘူး။

နည်းနည်းလေးကြာတော့ ရပ်ကွက်ကပြောတာ ဒီလူဟာ နိုင်ငံရေးသမား၊ ထောင်ကျဖူးတယ်တဲ့။ အစကတော့ ကျွန်မတို့အိမ်နဲ့ ခပ်တန်းတန်းပါ။ နောက်တော့ ကလေးတွေနဲ့ စ,ခင်သွားတာ။ သူက ကလေးချစ်တတ်တဲ့လူကိုး။ အိမ်မှာ သူ့အရိပ်အခြည်မြင်ရင် ချမ်းမြေ့တို့က သွားလည်တော့တာ။ မုန့်ကောင်းကောင်းတွေ စားရတာကိုး။ ပြန်ရောက်ရင် ဘဘက အရမ်းသဘောကောင်းတဲ့အကြောင်း ကြွားရတာ အမော။ မုန့်ကျွေးတာ အလကားကျွေးတာတော့ မဟုတ်ဘူး။ လိမ္မာရေးခြားရှိအောင် သွန်သင်ဆုံးမတာတွေကို လိုက်နာပါ့မယ်ဆိုတဲ့ ကတိနဲ့တဲ့။ နောက်တော့မှ ကျွန်မတို့နဲ့ တစ်စတစ်စ ရင်းနှီးသွားတာပါ။

❑

၇။

ကျွန်မ သူ့ကို အိမ်နီးချင်းကောင်းလို့ ယုံကြည်တယ်။ အမှတ်တမဲ့ဆိုသလို သစ်ပင်၊ ပန်းပင်လေးတွေ စိုက်တာ။ ငှက်ကလေးတွေ အစာကျွေးတာ၊ လေလွင့်ခွေးတွေကို တစ်ပတ်တစ်ခါ သူကိုယ်တိုင် ချက်ကျွေးတာ။ ခွေးပဲဆိုပြီး ဘယ်တော့မှ ပစ်စလက်ခတ်မကျွေးဘူး။ ကျကျနနကို ကျွေးတာ။ ဘာကြောင့်မှန်းတော့ မသိဘူး။ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့၊ ရာအိမ်မှူးတို့ကို ခပ်တန်းတန်းပဲ ဆက်ဆံတယ်။ အရောတဝင် မလုပ်ဘူး။ ကျွန်မကို စကားတစ်ခွန်း ပြောဖူးတယ်။ 'ဒီကောင်တွေ သာကူးတွေ' တဲ့။

ကျွန်မကတော့ ကျွန်မနဲ့ ပတ်သက်ခဲ့ဖူးတဲ့ လင်နှစ်ယောက်အကြောင်းကို ခရေစေ့တွင်းကျပြောပြလိုက်တယ်။ တစ်ချိန်လုံး ငြိမ်ပြီး နားထောင်နေပေမဲ့ ဘာတစ်ခွန်းမှ ဝင်မပြောဘူး။ အကောင်းအဆိုး ဘာမှ မဝေဖန်ဘူး။ ပြောနေရတဲ့ ကျွန်မကသာ ဖတ်ဖတ်ကိုမောလို့။

သူ အားလို့ ကျွန်မတို့ မရှိရင် ကလေးတွေကို ဂရုစိုက်ပါတယ်။ အမေ အစာအိမ်ဖြစ်တုန်းကလည်း ဆေးရုံတင်ရတယ်။ သူ့ကားနဲ့ လိုက်ပို့ပေးတာပါ။ ကျွန်မတို့ အိမ်တွင်းရေး၊ ငွေရေး၊ ကြေးရေး အကျပ်အတည်း ကြုံတာ သိရင်လည်း ကျ[illegible] တတ်တယ်။ ကျွန်မပေါင်း လာခဲ့တဲ့ ယောကျ်ားတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com

ချက်လုံးနဲ့ ဦးကျော်လှရဲ့ ချက်လုံး ခြားနားတာတော့ အမှန်ပဲ။ ဘယ်လို မတူတာ မှန်းတော့ ကျွန်မလည်း မပြောတတ်ဘူး။

ခပ်တိုတို ပြောရရင် တစ်နှစ်လောက်ကြာတော့ ကျွန်မအမေရဲ့ ကျန်းမာရေး အခြေအနေ တော်တော် ဆိုးဝါးလာတယ်။ အစာအိမ်၊ သွေးတိုး၊ ဆီးချို၊ အို… စုံနေတာပါပဲ။ ဆေးရုံတင်ရတာ အကြိမ်ကြိမ်။ အိပ်ရာထဲကကို မထ,နိုင်တော့တာ။ နာတာရှည်သဘောမျိုး။ ကျွန်မ တော်တော်ကြီး ဒုက္ခရောက်သွားပြီ။ ကလေးတွေက တစ်ဖက်၊ အမေ့ရဲ့ဆေးဖိုးဝါးခ၊ ကျွန်မ ရှာနိုင်တဲ့အင်အား၊ ဘယ်လိုမှ အချိုးမညီတော့ဘူး။ ဒီနေရာမှာ ဦးကျော်လှသာ မကယ်ရင် ကျွန်မ သူတောင်းစားဖြစ်ပြီ။ အဲဒီအချိန်မှာ ကလေးနှစ်ယောက်နဲ့ ဦးကျော်လှရဲ့သံယောဇဉ် ထုထည်ဟာလည်း တော်တော် ကြီးမားနေပါပြီ။ သားလေး ချမ်းမြေ့ကိုလည်း နောင်နှစ်ကစပြီး ကျောင်းထားပေးမယ်လို့ ပြောတယ်။

ဒါဟာ ကျွန်မသားတင် မဟုတ်ပါဘူး။ ရပ်ကွက်ထဲ တော်တော်ဆင်းရဲပြီး ကျောင်းမတက်နိုင်တဲ့ကလေးတွေဆို ကျောင်းထားပေးတယ်။ စာအုပ်နဲ့ စာရေးကိရိယာတွေ ဝယ်ပေးတယ်။ မုန့်ဖိုးလည်း ပုံမှန်သတ်မှတ်ပြီးပေးတယ်။ ဒါတင်မကပါဘူး။ ချွတ်ခြုံကျနေတဲ့ နာရေးဆိုလည်း သိသိ, မသိသိ ဆုံးခန်းတိုင် ကူညီလိုက်တာပါ။ ကျွန်မရှေ့မှာ နိုင်ငံရေးစကားမပြောဘူး။ ပြောလည်း ကျွန်မ နားလည်မှာမှ မဟုတ်တာ။ စုံးစုံးမြုပ်သွားတဲ့ ဓမ္မစေတီ ခေါင်းလောင်းအကြောင်း၊ မိချောင်းကန်ကိစ္စ၊ မြေသိမ်းတဲ့ကိစ္စ၊ ကျူးကျော်တဲတွေ ဖျက်တဲ့ကိစ္စ။ လက်ပံတောင်း ကိစ္စလောက်တော့ ဈေးထဲမှာ ပြောကြဆိုကြတာနဲ့တင် ကျွန်မ သိသားပေါ့။ ဒီထက်တော့ အာရုံမစိုက်နိုင်ပါဘူး။ စားဖို့ရှာရ ဖွေရတာနဲ့တင် လူမှာ လုံးချာလည်လိုက်နေပြီ။ သူပြောတာတစ်ခုတော့ မှတ်မိပါတယ်။ လူတွေအားလုံးရော၊ မျိုးဆက်သစ်ကလေးတွေရော ခုချိန်မှာ အရေးတကြီး လိုအပ်နေတာ 'ပညာ'တဲ့။ ပညာမတတ်လို့ ဖြစ်ကို မဖြစ်တော့တာတဲ့။

တစ်နေ့…။ အဲဒီတစ်နေ့ဟာလည်း ကျွန်မအတွက် တော်တော်တုန်လှုပ်ခဲ့ရတဲ့နေ့ပါ။ အမေက အိပ်ရာထဲမှာ။ ဦးကျော်လှက အမေသောက်ဖို့ ဆေးတွေ လာပေးတာ။ ကျွန်မက မီးဖိုချောင်မှာ ဆန်ပြုတ်ပြုတ်နေတုန်း၊ အမေ့ရဲ့လေသံသဲ့သဲ့လေးကို ကြားနေရတယ်။

'ကိုကျော်လှ'

'ခင်ဗျာ'

'ငါ မရှိတော့ရင် ငါ့သမီးလေးနဲ့ မြေးလေးတွေကို အစစအရာရာ စောင့်ရှောက်ပါကွယ်'

'စိတ်ချပါ၊ ကျွန်တော် တတ်နိုင်သလောက် ကူညီပါ့မယ်'

'ကူညီရုံတင် မဟုတ်ဘူးကွဲ့၊ တစ်သက်လုံးစောင့်ရှောက်ပေးဖို့'

'ဗျာ'

'ကိုယ့်ရဲ့ဇနီးမယားတစ်ယောက်အနေနဲ့ပေါ့ကွယ်'

ကျွန်မ မျက်လုံးပြူးသွားတယ်။ အမေ ဒီလိုပြောလာလိမ့်မယ်လို့ ထင်မှ ထင်မထားတာ။ သူ့ဘာသာသူရှိနေတဲ့ကိစ္စကို ဘာလို့သွားနှောင့်ယှက်ရတာလဲ။ ဘယ်လိုမှ မဖြစ်နိုင်တာ။ ကျွန်မ ဒရောသောပါး မီးဖိုချောင်ထဲက ထွက်လာမိတယ်။

'အမေ ဘာတွေပြောနေတာလဲ'

သူက ကျွန်မကို လက်ကာပြတယ်။ ဘာမှ ဆက်မပြောနဲ့ဆိုတဲ့သဘော။ ကျွန်မမှာ အားနာလိုက်ရတာ။ ရှက်လွန်းလို့ နားရင်းတွေ ထူပူနေတယ်။ မကြာခင်မှာပဲ အမေ ဆုံးတယ်။ နာရေးကိစ္စ အဝဝကို သူနဲ့သူ့သူငယ်ချင်းတွေ ဦးဆောင်ဦးရွက် လုပ်ပေးပါတယ်။

အမေဆုံးပြီး လနည်းနည်းကြာတော့ သူက လေးလေးနက်နက် စကားတစ်ခွန်း ဆိုပါတယ်။

'နင် ငါ့ကို လက်ထပ်နိုင်မလား'

ကျွန်မ ရင်ထဲ ဆို့တက်လာပြီး ကျူကျူပါအောင် ငိုတော့တာပေါ့။ ကျွန်မလို သုံးစားမရတော့တဲ့မိန်းမကို သူ့လိုလူက တာဝန်ယူမယ်ဆိုလာတော့ ဝမ်းမနည်းဘဲ နေပါ့မလား။ ကျွန်မအနေနဲ့ သူ့အပေါ် အထင်ကြီးလေးစားနေတဲ့အချိန်၊ လက်ရှိ အားကိုးနေရတဲ့ကျေးဇူးရှင်။ တကယ်ဆို ကျွန်မ မေ့လဲမတတ် ဖြစ်ခဲ့ရတာပါ။

ကျွန်မ သူ့ကို ယူဖြစ်သွားတယ်။ ငှားနေတဲ့အိမ်ကို ပြန်အပ်ပြီး ကျွန်မတို့နဲ့ အတူနေတယ်။ ကျွန်မ သူ့ကို လင်ယောကျ်ားလိုတစ်မျိုး၊ အဖေလို တစ်မျိုး ရိုသေတယ်။ လေးစားတယ်။ ကိုင်းရှိုင်းတယ်။ ညညဆို ရှိခိုးဦးချပြီးမှ အိပ်တာပါ။ ဒီတစ်ခါတော့ ကျွန်မဘဝ အဆိုးအညံ့တွေက ကင်းပြီလို့ ယုံကြည်လိုက်တယ်။ ကျွန်မကို လမ်းတကာ မလျှောက်ခိုင်းတော့ဘူး။ အိုးမကွာ၊ အိမ်မကွာ ပစ္စည်းစုံစုံလေးနဲ့ ဆိုင်ဖွင့်ပေးတယ်။ သူ့မိဘဆီက ရထားတဲ့ အမွေတွေ ကျွန်မလက်ထဲ အပ်တော့ အံ့အားသင့်ပြီး ငိုလိုက်ရတာ။ ကျွန်မ ဘယ်လို ထိန်းသိမ်းနိုင်မှာလဲ။ ပိုက်ဆံတောင် များများစားစား ကိုင်ဖူးတာ မဟုတ်ဘူး။ သူ့လက်ထဲပဲ ပြန်အပ်လိုက်ပါတယ်။ ခုချိန်မှာတော့ ကျွန်မတို့ မိသားစုလေးရဲ့ ရိပ်မြုံရှေ့မှာ နေမင်းကြီးကို ထင်းထင်းကြီး မြင်နေရပြီပေါ့ရှင်။ ကလေးတွေကလည်း ပျော်လို့ရွှင်လို့။ ❑

၈။

အဲဒီလို စုတ်ချက် သေသေသပ်သပ်နဲ့ လှပနေတဲ့ ပန်းချီကားတစ်ချပ်ပေါ် ဆေးခွက်မှောက်ကျတဲ့အဖြစ်မျိုး တစ်နေ့မှာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပါတယ်။ ပထမ ခိုင်အောင်ပါ။ ငယ်ပေါင်းလို ဖြစ်နေတဲ့ သူငယ်ချင်းမ ကြည်ကြည်ဦးက–

'ခိုင်အောင် သူ့အမေအိမ် ပြန်ရောက်နေတယ်ဟဲ့၊ ထောင်ကလွတ်လာတာတဲ့။

www.burmeseclassic.com

www.burmeseclassic.com

သူ့မိန်းမနဲ့ ကွဲခဲ့တာလည်း ကြာပြီ'တဲ့။

ထောင်ကထွက်လာတာဆိုတော့ နည်းနည်း ထူးဆန်းနေတယ်။ ကျွန်မ သူ့ကို မေ့ထားတာ ကြာပါပြီ။ ခုလည်း သူ့အဖြစ်ကို မကြားချင်ပေမဲ့ -

'လူသတ်မှုတဲ့။ သူ့လက်သမားဆရာကို သတ်ပစ်လိုက်တာ။ အမှန်က သူ့မိန်းမနဲ့ လက်သမားဆရာဟာ အစကတည်းက အလုပ်လုပ်ရင်း ဘာဘာညာညာဖြစ်ခဲ့ကြတာ။ ဒါကို ငတုံးငအ ခိုင်အောင်က သိတာ မဟုတ်ဘူး။ ကိုယ်ဝန်ရလာတော့ ဓာတ်လမ်းဆင်ပြီး ခိုင်အောင့်ကို ချောင်ပိတ်ဖမ်းလိုက်တာ။ ပြီးတော့ နင့်ဆီ လှမ်းအကြောင်းကြားလိုက်တာပဲ။ နင့်ကို မလှန်သာလို့သာ ကွာရှင်းပေးလိုက်ရပေမဲ့ သူ့စိတ်ထဲမှာ တော်တော် ထိခိုက်ခဲ့တာ။ နောက်တော့ ခိုင်အောင် အဲဒီအကြောင်းတွေသိသွားရော။ မတရားပေါက်ကွဲသွားပြီး အဲဒီလူကို သတ်ပစ်လိုက်တာ။ သူ့မိန်းမကိုပါသတ်ဖို့။ အပြေးကောင်းလို့ လွတ်သွားတာ။ ရဲစခန်း ကိုယ်တိုင်သွားပြီး အဖမ်းခံတယ်။ ဖြောင့်ချက်ပေးတယ်။ ထောင်ဘယ်နှနှစ်ကျသလဲတော့ ငါ မသိဘူး။ သူ ပြန်ရောက်လာတာ တစ်ပတ်လောက်ပဲရှိသေးတယ်။ ငါသူနဲ့တွေ့တော့ အကူအညီတစ်ခုတောင်းတယ်။ သူ့သားလေးကိုတွေ့ပါရစေတဲ့'

ကျွန်မ ခေါင်းတွေရှုပ်သွားတယ်။ ပြီးပြီလို့ထင်မှတ်ထားခဲ့သမျှ မပြီးသေးပါလားလို့ တွေးပြီး ရင်မောရတယ်။

အမယ်လေးဟဲ့
ဒင်းတို့က
အမွှေတွေ
သိပ်ရှိတာကိုး
နေတော့ တဲစုတ်
သောက်တော့
ရွှံ့ရည်
စားတော့
ကောက်ရိုး
ကျူးကျော်
ကန်စွန်းခင်းလေး
တစ်ခင်း
ပိုင်ပါတယ်
ဒါကို
အဟုတ်ကြီး
မှတ်ပြီး
အမွေပြတ်ဦးမတဲ့
တော်

ကျွန်မ ဦးကျော်လှကို ပြောပြတော့ တည်တည်ငြိမ်ငြိမ်နဲ့ပဲ။

'သူ့သားပဲ၊ အဖေတစ်ယောက်အနေနဲ့ တွေ့ချင်ရှာမှာပေါ့။ ပေးတွေ့လိုက်ပါ။ တစ်ခုရှိတာက ဒီအိမ်မှာဆိုရင်တော့ အများအမြင်မတော်ဘူး။ သူရှိရာကို ကြည်ကြည်ဦးလက်ထဲထည့်လိုက်ပြီး ပို့ခိုင်းလိုက်။ သူတွေ့ချင်တဲ့အချိန်တွေ့ပါစေ'

'ရှင် သဝန်မတိုပါဘူးနော်'

'ကလေးကလား စကားတွေ လာပြောမနေစမ်းပါနဲ့ဟာ'

ကလေးက ခိုင်အောင့်ကိုတွေ့တော့ ကြောင်အအဖြစ်နေတယ်။ စိမ်းနေတယ်။ သူက ဖေကြီးမိုက်ခဲ့တာပါဆိုပြီး ချမ်းမြေ့လေးကို ဖက်ဖက်ငိုနေသတဲ့။ ကလေးက ရှောင်ဖယ်ရှောင်ဖယ်။ တဖြည်းဖြည်းတော့ သွေးက စကားပြောလေမလားဘဲ။ ဒီနေရာမှာ ဦးကျော်လှ အရမ်းတော်တယ်။ ကြည်ညိုလေးစားဖို့လည်း ကောင်းတယ်။ ကလေးကို ပေးတွေ့တာ ထူးထူးခြားခြား မဆိုတဲ့အပြင် ခိုင်အောင် အဆင်မပြေတာရှိရင် ကူညီလိုက်ပါတဲ့။ ကျွန်မ တကယ့်ကို မျက်ရည်ဝဲရတာပါ။

ကျွန်မနဲ့ လက်ထပ်ပြီး သူ့အပေါင်းအသင်းတွေ အိမ်ကို မကြာမကြာ လာကြပါတယ်။ ကျွန်မ ချက်ပြုတ်ကျွေးမွေးတာကို သူတို့ စားပြီးတာနဲ့ ကားနဲ့ တစ်နေရာကို ထွက်သွားကြတာပါ။ အဲဒီလိုနေ့မျိုးဆို မိုးချုပ်မှ အိမ်ပြန်ရောက်လာတတ်တယ်။ သူ့အပေါင်းအသင်းတွေက လည်း နိုင်ငံရေးသမားတွေပါပဲ။

'ခုချိန်မှာတော့ ကျော်လှတာဝန်ပေါ့။ ကျော်လှထောင်ထဲဝင်ရင်တော့ နင့်တာဝန်နော်'ဆိုပြီး စ,ကြနောက်ကြတယ်။

'စိတ်ချ၊ ဘာမှမပူနဲ့၊ ကိုယ့်ယောက်ျားနိုင်ငံရေးသမားဆိုတာတောင် ဂုဏ်ယူရဦးမှာ'

❑

၉။

နောက်ထပ်တိုးလာတဲ့ ကြမ္မာဆိုးက ဘယ်ချောင်က ပေါက်ချလာမှန်းမသိတဲ့ အုံ့မောင်။ တစ်ရက်… ကျွန်မ ကုန်စုံဆိုင်လေးမှာ အလုပ်လုပ်နေတုန်း ချမ်းမြေ့က ခပ်လှမ်းလှမ်းကနေ 'အမေရေ လာပါဦး'ဆိုပြီး အော်လို့ ကျွန်မ ကပျာကယာ ထွက်ကြည့်တော့ နှစ်ယောက်ဆော့နေတဲ့နေရာမှာ လူတစ်ယောက်က ဆောင့်ကြောင့်ထိုင်လို့။ အနားကို ပြေးသွားကြည့်တော့ ဖြုန်းခနဲ မမှတ်မိဘူး။ ဆံပင်တွေက ကုပ်ပေါ်ဝဲနေပြီး ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးတွေက အရှည်ကြီး။ သူက မြေကြီးပေါ်က ကောင်မလေးရဲ့ လက်ကို ကိုင်ထားလို့-

'နင်… နင် ငါ့ကလေးကို လွှတ်လိုက်စမ်း'

သူက မော့ကြည့်တော့မှ-

'အမယ်လေး'

အုံ့မောင်ဆိုတာ သိလိုက်ရတာ။ သေမယ်ဆိုသေသင့်တာကြာပါပြီ။ ခုမှ ဘာလို့ ဆိုင်းမဆင့် ဗုံမဆင့် ပေါ်လာရတာလဲ။ ကျွန်မ ကြက်သေသေသွားတယ်။ သူ့ဆီကအရက်နံ့က တထောင်းထောင်း။

'နင် ကလေးကို ဘယ်လိုမွေးလိုက်တာလဲ။ နင် ကလေး မွေးတတ်သေးဘူးလား၊ ကလေးကို ဒီလို ဖြစ်အောင်မွေးသလား သောက်ကောင်မရဲ့'

ကျွန်မ ဒီနေရာက အမြန်ဆုံး ခွာနိုင်ဖို့လိုတယ်ဆိုတာ သိလိုက်ပြီ။ သူ့လက်ထဲက ကလေးကိုလက်သားကို ဆွဲလို့ အိမ်ထဲ ခပ်သွက်



www.burmeseclassic.com

www.burmeseclassic.com

သွက်လျှောက်ပြန်ခဲ့တယ်။ သူက နောက်ကနေ ထက်ကြပ်မကွာ လိုက်လာတယ်။ ဆိုင်ရှေ့မှာ ချွဲထားတဲ့ အထုပ်တွေကို ရိုက်ချပြီး-

'ဟဲ့ ကောင်မ ငါနဲ့ စကားပြောစမ်းပါဦး၊ နင် ငါ မရှိတုန်း နောက်လင် ယူထားသေးတယ်ဆို၊ တော်တော် နန့်ကြောဆွဲချင်တဲ့မိန်းမ၊ လင်တော်တော်မက်တဲ့မိန်းမ။ တွေ့မယ်၊ တွေ့မယ်။ စောင့်ကြည့်နေ နင့်လင်ကို မယားခိုးမှုနဲ့ တရားစွဲပစ်မယ်။ နားလည်လား'

ပြောပြောဆိုဆို ဆိုင်မှာရှိတဲ့ပစ္စည်းတွေ ရိုက်ခွဲတယ်။ ကျွန်မတစ်ကိုယ်လုံး ပူထူနေပြီ။ မတတ်နိုင်တော့ဘူး။ အသံကုန်ဟစ်ပြီးတော့-

'လာကြပါဦး၊ ကယ်ကြပါဦးရှင်၊ ဟော့ဒီမှာ ဟောဒီမှာ…'

ကျွန်မ ဘာတွေအော် လို့ အော်နေမှန်းတောင် မသိပါဘူး။ ခဏနေတော့ အိမ်နီးချင်းတွေ ပြေးလာကြတယ်။ ရာအိမ်မှူးလည်း ပါတယ်။ ယောကျ်ားတွေက သူ့ကို ဖမ်းချုပ်လိုက်တယ်။ အဲဒီတုန်းမှာပဲ ဦးကျော်လှ ကားနဲ့ ပြန်ရောက်လာတယ်။

'ဟော့ မင်း ဟိုကောင်မရဲ့လင်မို့လား။ ထမင်း၀, အောင်စားထား၊ ကြားတယ်နော်။ မင်းကို မယားခိုးမှုနဲ့ တရားစွဲတော့မှာ ဟား… ဟား… ဟား'

'ဟေ့ကောင် အုံမောင်မင်း ဘာတွေလျှောက်ပြောနေတာလဲ။ ဟေ့ကောင်တွေ မြန်မြန်ဆွဲခေါ်လာခဲ့ကြစမ်း'

ရာအိမ်မှူးအမိန့်နဲ့ ကန့်လန့်ကန့်လန့် ပါသွားလေရဲ့။ ဦးကျော်လှချက်ချင်း သဘောပေါက်သွားပြီ။ ထွေထွေထူးထူး မပြောမနေတော့ဘဲ အိမ်ပေါ်ကို ငြိမ်ငြိမ်သက်သက် တက်သွားတယ်။ ညရောက်တော့ ဒီကိစ္စ ဘယ်လိုလုပ်ကြမလဲလို့ အားနာနာနဲ့ မ၀့်မရဲ မေးကြည့်တော့-

'အခုလို ပတ်၀န်းကျင် အလယ်မှာ မကြာမကြာ လာနှောင့်ယှက်မှာပဲ။ မင်းအတွက် စိုးရိမ်တယ်။ ငါ့အတွက် ကိစ္စမရှိဘူး။ သူ တရားစွဲမယ်ဆိုလည်း စွဲပေ့ါ။ တရားဥပဒေအရ ကိုယ် ဖြေရှင်းနိုင်တယ်'

ဒီလိုနဲ့ နောက်ထပ် တစ်ပတ်ကျော်လောက်အကြာ ဦးကျော်လှ ပြန်ရောက်လာလို့ ကားပေါ်က ဆင်းတယ်။ အဲဒီတုန်းမှာပဲ ဘယ်နေရာမှာ ပုန်းနေမှန်း မသိတဲ့ အုံမောင် ဘွားခနဲ နောက်ဘက်က ပေါ်လာတယ်။ လက်ထဲမှာ ဓားရှည်တစ်ချောင်းနဲ့။ ဦးကျော်လှကို အားနဲ့လွှဲပြီး ခုတ်တော့တာပါ။ တစ်ချက်ပြီး တစ်ချက်။ အဲဒီအချိန်မှာ သူဟာ လူစိတ်ပျောက်နေပြီ။ ကျွန်မ လှမ်းမြင်တော့ 'အမယ်လေး' လို့ တစ်ချက်သာ အော်နိုင်ပြီး မေ့လဲသွားတယ်။

ဒီကောင်က ဦးကျော်လှကို ခုတ်လို့ အားရတော့ မေ့နေတဲ့ကျွန်မကို လက်တစ်ဖက်ကဆွဲပြီး မြေကြီးပေါ်မှာ တရွတ်တိုက် ဆွဲသွားသေးတာတဲ့။

❑

၁၀။

အဲဒီနေ့က ကောင်းကင်မှာ မိုးရိပ်တိမ်လိပ်တွေဟာ ခပ်နိမ့်နိမ့် ရွေ့နေကြတယ်။ မိုးက ရွာတစ်ခါ စဲတစ်လှည့်ပါ။ ကျွန်မ ဦးကျော်လှရဲ့ ရှာပနကို ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်ခွင့် ရခဲ့ပါတယ်။ ဒါဟာလည်း သူ့ အသိုင်းအ၀ိုင်းကြောင့်ပါ။ သူ့ရဲ့ကျယ်ပြန့်တဲ့ အသိုင်းအ၀ိုင်းကို သူသေမှ သိလိုက်ရတာ။ သူဟာ ၈၈ အရေး အခင်းက စ,လို့ နိုင်ငံရေးလောကထဲကို စ,ပြီး ၀င်ရောက်ခဲ့သူတဲ့။ နောက်တော့ မြေအောက်လှုပ်ရှားမှု၊ ရွှေ၀ါရောင်တော်လှန်ရေး။ ထောင်ထဲကိုလည်း ၀င်ချည်ထွက်ချည်နဲ့ပါ။ တစ်ခုရှိတာက သူဟာ အများတကာလို ထင်ထင်ပေါ်ပေါ် မနေဘဲ အေးအေးဆေးဆေး နေတတ်ပေမဲ့ စိတ်ဓာတ်ကတော့ ပြင်းတယ်လို့ ဆိုပါတယ်။ သူ့အယူအဆက ပြည်သူတစ်ဦးချင်းစီတိုင်းမှာ အာဏာရှိတယ်။ လုပ်ပိုင်ခွင့်တွေရှိတယ်။ လူ့အခွင့်အရေးတွေရှိတယ်။ ခေါင်းဆောင်ဆိုတာ ကိုယ်အစွမ်းရှိသလောက် မိသားစုတစ်ခုကို ကယ်တင်နိုင်ရမယ်။ ဒါမှ ရပ်ကွက်ကို ကယ်တင်နိုင်မှာ။ နောက်…မြို့၊ ပြီးမှ နိုင်ငံကို ကယ်တင်နိုင်မှာတဲ့။ ပြီးတော့ အပြောနဲ့အလုပ် အချိုးညီရမယ်တဲ့။ ဒါဟာ သူ့ယုံကြည်ချက်ပါတဲ့။ ဘယ်အရာမဆို လျှို့လျှို့ဝှက်ဝှက် နေတတ်တဲ့ ကျွန်မယောကျ်ားရဲ့ကိုယ်ရည်ကိုယ်သွေးတွေကို ကျွန်မလို စာမဖတ်၊ ပေမဖတ် ဈေးသည်မတစ်ယောက်ခုမှ ရှင်းရှင်းလင်းလင်း သိလိုက်ရပါပြီ။ ဂုဏ်ယူပါတယ် ဦးကျော်လှ။

ကျွန်မ ဖြေမဆည်နိုင်ဘဲ သင်္ဂြိုဟ်ခါနီး လေးလေးမြတ်မြတ် ရှိခိုးဦးခိုက်ကန်တော့လိုက်ပါတယ်။ သားလေးကတော့ အော်ကြီးဟစ်ကျယ် ငိုရှာတာပါ။ သူငိုတာကြည့်ပြီး အားလုံးက စိတ်မကောင်းကြဘူး။ ကျေးဇူးရှင်တစ်ယောက် ဆုံးရှုံးသွားတဲ့အတွက် သူလည်း မချိမဆန့် ခံစားရရှာမှာပေ့ါ။

ကျွန်မတို့သားအမိ ရေ၀ေးအဆောက်အဦက ပြန်ထွက်ပြီး ခေါင်းတိုင်က မီးခိုးငွေ့တွေကို မျက်ရည်တွေကြားက ငေးနေတုန်း တစ်ယောက်ယောက်က ကြည့်နေတယ်လို့ ခံစားမိတာနဲ့ ဘေးဘီလှည့်ပတ်ကြည့်တော့ မလှမ်းမကမ်းမှာ ရပ်နေတဲ့ ခိုင်အောင်။ ကျွန်မ သူ့ကို မြင်တော့ တကယ့်ကို စိတ်ပျက်မိတယ်။ တော်ပါပြီ။ ဦးကျော်လှက ကျွန်မကို ခွန်အားတွေ၊ အားမာန်တွေပေးခဲ့ပြီးပြီ။ ကျွန်မ အရွယ်ရှိသေးတာပဲ။ လုပ်ကိုင်နိုင်သေးတာပဲ။ သူချန်ထားရစ်ခဲ့တဲ့ အရင်းအနှီးတွေရှိနေသေးတာပဲ။ ဘာအရေးလဲ၊ ကလေးနှစ်ယောက်ရဲ့အနာဂတ်ကို လှပအောင် ကျွန်မပုံဖော်လို့ရပြီ။ တည်ဆောက်လို့ရပြီ။ သတ္တိတွေ မွေးလိုက်စမ်းပါ့ တင်ကြည်မရယ်။

အဲဒီနောက်တော့ ကျွန်မခေါင်းကို ချာခနဲ ပြန်လှည့်လိုက်ပြီး သားလက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လို့ အသုဘပို့ကားပေါ် ခပ်သွက်သွက်တက်ခဲ့တော့တယ်။

■

**ခေါင်းနေမင်း**

လက်ပံပင်မှာ
ဆက်ရက်သံ ညံသလို
ကျူပ်တို့ရပ်ကွက်မှာ
မနက်တိုင်း၊ ညနေတိုင်း
ဝက်သံဆူဆူညံညံနဲ့
မြိုင်ဆိုင်လှတာ
မြဒင်အိမ်ပဲ။ သူ့အိမ်မှာ
ဝက်တွေဆိုက်စုံရှိတယ်။
အကောင်ကြီးထဲက
ငွေပေါ်မယ့်ဟာ
ထုတ်ရောင်းလိုက်၊
နောက်က ကျင်းတက်
အကောင်ပေါက်လေးတွေ
ထပ်ဖြည့်လိုက်နဲ့
ဝက်ကိုးကောင်၊
ဆယ်ကောင်ဟာ
ပြတ်တယ် မရှိဘူး။
အဲဒီတော့ ဒီဝက်တွေ
စားဖို့သောက်ဖို့အတွက်
အစာကိစ္စအဆင်ပြေရေး
မြဒင်လုံးပန်းရတယ်။
တစ်ဖက်က
အစာကြမ်းဝယ်တာလည်းဝယ်၊
တစ်ဖက်က
အစာစိမ်းအတွက်
ဟင်းနုနွယ်ပင်၊
ပိန်းပင်ရှာတာလည်းရှာ၊
တစ်ဖက်ကတော့
ရပ်ကွက်ထဲမှာ
ထမင်းရည်နဲ့ ထမင်းကျန်၊
ဟင်းကျန်ထည့်ဖို့
ခွက်ပေးထားပြီး
လိုက်ကောက်ရတာပေါ့။
စဉ်းစားကြည့်ရင်ပဲ
ဝက်စာအရေးက
တော်တော် လက်ဝင်
ပါလားဆိုတာတွေ့ရမယ်။

# နဂါးမွတ်အိုင်က အိမ်ရေးတောင်ရေး

**မွန်းရှုး**



www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အဲဒါကြောင့် လူ လိုတယ်။ မြဒင် မိန်းမက မိန်းမရောဂါ တရှောင်ရှောင်နဲ့ နန်းမတော် မယ်နုဆိုတော့ ဆေးပြတ်ရ တယ်မရှိ၊ အိပ်ရာက ခွာရ တယ်မရှိ။ ရှိတဲ့ကလေးနှစ် ယောက်ကလည်း တစ်ယောက် က လေးတန်း၊ တစ်ယောက် က နှစ်တန်းနဲ့ အိမ်အလုပ်မှာ ဘာမှ အကူအညီမရဆိုတော့ မြဒင် လူရှာရပြီ။ မြဒင်က တောသူဖြေးပီပီ လူကပ်စီး။ သူ့အနေနဲ့ တောင်သူလုပ်ငန်း ရယ်၊ ဝက်မွေးတာရယ်၊ ငွေ တိုးပေးတာရယ်နဲ့ ချမ်းသာနေ ပါပြီ။ လူကလည်းထူးပြီး ဘာမှဝယ်ဝတ်တာ မဟုတ် ဘူး။ သူ့ကြည့်လိုက်ရင် အချိန်ပြည့်ဇွပ်ကျယ်ချိုင်း ပြတ်နှင့် ပုဆိုးတိုတို ဒါပဲ။ စားတော့လည်း ငါးလေး ဟင်းလောက်ကို အကောင်း ဆုံးထားစားတာ၊ အရင်က တည်းက လူလိုပေမဲ့ အဲဒီ တုန်းက သူ့မိန်းမကလည်း ဒီလောက်ကြီးမဖြစ်သေးတော့ ကူညီနိုင်သေးတာကိုး။ သူ့ မိန်းမ မကူညီနိုင်တော့လည်း ပိုက်ဆံကုန်မှာ ကြောက်ပြီး တစ်ယောက်တည်းဖြစ်အောင် လုပ်နေတာ။ အခုနောက်ဆုံး ဝက်တွေကလည်း စားလုံး ကြီးတဲ့အရွယ် တွေဖြစ်လာ တော့ ဝက်နဲ့ကို မနိုင်မနင်း ဖြစ်လာပြီ။ ဒီမှာ အပြေး အလွှား လူရှာရတော့တာပဲ။

ဒီနေရာမှာ ပြောစရာ တော့ ရှိတာပေါ့လေ။ မြဒင် တကယ်ကို လူလိုတာလား။ ဒါမှမဟုတ်'သန်းမြ'ကို မြင် လို့ လူလိုတာလားတော့ မေး စရာဖြစ်နေတာပေါ့။ တိုက် ဆိုင်တာပဲ ဆိုပါတော့။

> ဟို
> မုဆိုးမ
> လက်သစ်ကလေး
> ကလည်း
> မြဒင်ကို
> ကျေးဇူးရှင်ကြီး
> အဖြစ်
> သတ်မှတ်
> မြဒင်ကလည်း
> လတ်လတ်
> ဆတ်ဆတ်ကြီး
> ရှိရှာသေးတဲ့
> တစ်နယ်
> တစ်ကျေးက
> ညှိုညှိုချောချော
> လုံးလုံးကျစ်ကျစ်
> မလေးကို
> ဘယ်လို
> သတ်မှတ်
> လေတယ် မသိ

'သန်းမြ'ယောက်ျား စပယ် ယာကောင်လေးက ကား လိုက်ရင်း ကားအက်စီးဒင့်နဲ့ ဆုံးရှာတာ မကြာသေးဘူး။ ကောင်မလေးမှာလည်း မုဆိုးမလက်သစ်လေးဆိုတော့ ဘာလုပ်စားရမှန်းမသိဖြစ်နေ တုန်း မြဒင်က သန်းမြကို ရပ်ကွက်ထဲလှည့်ပြီး မနက် တစ်ခါ၊ ညနေတစ်ခါ ဝက်စာ ကောက်ပေးဖို့ခိုင်းတယ်။ နေ့လယ်နေ့ခင်းတော့ သူ့မိန်းမ သန့်ရှင်းရေးကိစ္စနဲ့ အဝတ် ဟောင်းလေးတွေ လျှော်ပေး ပေါ့။ မြဒင်က နှမြောတတ် တယ်။ ကော်တာရာကပ်စေး နဲ့ကြီးလို့ အမနာပ ပြောနေ လိုက်ကြတာ။ အခု ဘယ်မှာ ဟုတ်လို့လဲ။ သန်းမြကို တစ်လ သုံးသောင်းကြီးများ တောင် ပေးပစ်လိုက်တာပါ လား။

ဟို မုဆိုးမလက်သစ် ကလေးကလည်း မြဒင်ကို ကျေးဇူးရှင်ကြီးအဖြစ် သတ် မှတ်၊ မြဒင်ကလည်း လတ် လတ်ဆတ်ဆတ်ကြီး ရှိရှာ သေးတဲ့ တစ်နယ်တစ်ကျေး က ညှိုညှိုချောချော လုံးလုံး ကျစ်ကျစ်မလေးကို ဘယ်လို သတ်မှတ်လေတယ်မသိ။ အခုတော့ မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ဝက်တွေရဲ့ အစာတောင်းသံ ညီုးညီုး ညံညံကြီးတွေရယ်၊ မြဒင်ရဲ့ 'ယို့ယို့' 'အို့အို့' အော်သံ ခေါ်သံတွေရယ်၊ 'ဟဲ့ သန်းမြ ရဲ့ကူပါဦး၊ ဝိုင်းပါဦး'ဆိုတဲ့ အသံတွေဆူညံနေတော့တယ်။

မြဒင်ရဲ့မိန်းမ မသိန်းက တော့ အိပ်ရာထဲကနေ ကြားရ တဲ့အသံတွေကိုပဲ ပုံဖော်ကြည့် နေရတဲ့ဘဝဆိုတော့ မြဒင်ရဲ့ အသံက မြူးဆွယ်တဲ့အသံ လား၊ ဟိုကလေးမ အသံက ရော ကျေနပ်တဲ့အသံလားဆို တာ မျက်နှာရိပ်မျက်နှာကဲပါ မြင်အောင် အရောင်ခြယ် ကြည့်နေရတယ်။

မသိန်းမှာ သားနဲ့သမီး လေးတို့ကိုပဲ အဖော်လုပ်စရာ ရှိရှာတာပါ။ ဒီကလေးနှစ် ယောက်ကလည်း ကျောင်း ဖွင့်ရက်မှာ ကျောင်းနဲ့အချိန် ကုန်ပြီး ကျောင်းပိတ်တော့ လည်း ကစားတာနဲ့ အချိန် ကုန်ချင်တဲ့ အရွယ်ကလေး တွေဆိုတော့ မအေနဲ့ တီတီ တာတာ လုပ်ချိန်မရှိ။ မြဒင်နဲ့ ကလည်း လင်ခန်း၊ မယား ခန်း ရပ်ခဲ့ကြရတာ ကြာခဲ့ပြီ။ ဒါတွေ တွေးမိတိုင်းလည်း အားငယ်စိတ်၊ ကြောက်စိတ် တွေနဲ့ နှလုံးခုန်တွေမြန်ကာ အိပ်မရပေ။ ယောက်ျားဆိုတာ က မုန့်ယိုတဲ့ဆင်လို ဆန္ဒပြင်း ပြရင် အဆီးအတားမရှိ အဆင်အခြင်မရှိ ဖြစ်တတ်ကြ တာ။ အဲဒါတွေ ကြားဖူးသိဖူး ထားတော့ မသိန်းမှာ စိတ် ဝေဒနာပါ ဖိစီးနေတယ်။ ဒါပေမဲ့ မြဒင်ကိုတော့ အပြစ် မဆိုရက်ပါဘူး။ မသိန်းကိုယ် တိုင်က ပါရမီဖြည့်ဖက်မပီသ တော့ပေဘူးလေ။ ဒါကြောင့် နောက်ဆုံး အဆိပ်တက်လွန်း မက တက်လာရင် သူတို့ မိသားစုလေး သုံးယောက်ကို ပစ်သွားမှဖြင့် ဘဝကတစ်ခု တည်း ပျက်မှာမဟုတ်ဘူး။ သုံးဘဝလုံး ပျက်ရချေရဲ့။

အခုကိုပဲ မြဒင်က 'သန်းမြရေ' ဆိုရင် 'ရှင်'တဲ့ ခပ်နွဲ့နွဲ့ထူးသံက အရန်သင့်၊ တစ်ခါတလေ ဝက်စာသွား ဝယ်ရင် နှစ်ယောက်အတူ၊ 'သန်းမြကို ပြန်လွှတ်ပြီး ငါ က တောင်မြို့ထိသွားရှာရမှာ' လို့ မြဒင်က အကြောင်းပြ ရှာပါတယ်။ ဒါပေမဲ့ သူတို့ ပေါင်းသင်းနေကြပြီဆိုတာ အရပ်ထဲက ပြောလှပါပြီ။ မသိန်းမှာလည်း အ,ချင် ယောင်ဆောင်ပြီး ပြုံးပြနေရ တာ ပါးတွေညောင်းပါပြီ။ ဒါကြောင့် အကောင်းဆုံးလမ်း ကို ရွေးလိုက်ပါတယ်။

ဒီလမ်းက ငိုတော့ ငိုရ တာပါပဲ။ ငိုရတာချင်းအတူ တူ မျက်ရည်ကျရတာ နည်း မယ်ထင်ပါရဲ့။ အခိုကက တော့ သူ့ကလေးနှစ်ယော မျက်နှာမငယ်ရဘဲ မကွဲ သိုက်မပျက် ရှိစေချင်တဲ့ ဆန္ဒ

www.burmeseclassic.com

www.burmeseclassic.com

ပါပဲ။ အဲဒါက မြဒင်နဲ့ သန်းမြတို့ မသိန်းသဘောတူ ပေးအားလိုက်ခြင်းပေါ့။ ကိုယ့်အိမ်ရာဘေးမှာ ကိုယ့်ယောကျ်ားနဲ့ တခြားမိန်းကလေးကို ခေါ်ပြီး အတူနေကြဖို့ သဘောတူခွင့်ပြုပေးရတာ နှလုံးသားတွေ နာကျင်လှပေမဲ့ မသိန်းက တကယ့်ကို စေတနာအပြည့်မှန်မှန်နဲ့ လိုက်လျောပေးလိုက်တယ်။ သန်းမြကို သူ့ရဲ့အတွင်းပစ္စည်းလေးတွေပါ ဆင်ပေးလိုက်တာပါ။ သန်းမြအနေနဲ့လည်း နဂိုကတည်းက မသိန်းအပေါ် အစ်မကြီးတစ်ယောက်လို မြှုစုပေးနေတာရယ်၊ သူ့ကလေးနှစ်ယောက်ကိုလည်း တကယ့်သူ့သားသမီးကလေးတွေလို သံယောဇဉ်ရှိပြီးသားမို့ သူတို့မိသားစုလေးဟာ ပွင့်ပွင့်လင်းလင်းနဲ့ အရင်ကထက်တောင် စိုစိုပြည်ပြည် ကြည်နူးစရာကောင်းနေတော့တယ်။ ❑

ငမိုးရဲ့
မိန်းမလေးက
ကာလည်း
ဘာထူးလဲ
ငမိုးနဲ့
သွေးတူမွေးတူ
ဆိုတဲ့အထဲကပဲ
မြဒင်ကိုခေါ်တဲ့
'အစ်ကိုရေ'
ဆိုတဲ့
အသံကတစ်မျိုး၊
ကျာ(နှာ)သံ
ပါတယ်
ခေါ်ရမလားဘဲ
တော်ရုံတန်ရုံ
လူတော့
အသံနဲ့တင်
ကြွေသွား
နိုင်တယ်

'အစ်မရေ့ ငါပြန်လာပြီဟေ့'

ဒီအသံ ကြားလိုက်တော့ မသိန်းခေါင်းနားပန်းကြီးသွားတယ်။ အဖေနဲ့ အမေတို့ မျက်ကွယ်ပြုသွားကတည်းက မောင်နှမနှစ်ယောက်သာရှိတဲ့ မသိန်းမှာ ဒီမောင်လေးကို အလိုလိုတာဝန်ယူနေရတယ်။ တစ်ယောက်တည်းသာရှိတဲ့ မောင်လေး 'ငမိုး'ကလည်း ပြောစမှတ်တွင်အောင် ဆိုးတယ်။ ငယ်ကတည်းက ကျောင်းကိုလည်း သုံးတန်းလောက်ထိသာ နေခဲ့ဖူးပြီး ကျောင်းနဲ့သေခန်းပြတ်သွားတယ်။ အဖေနဲ့ အမေက ကိုရင်ဝတ်ပေးတယ်၊ မမြိဘူး။ သူဆိုးတာ ထည့်မပြောဘူး၊ ဘုန်းကြီးက ရိုက်လို့ဆိုပြီး ထွက်လာတယ်။ အဖေက အိမ်အလုပ်တွေ သင်ပေးတယ်။ အဲဒီအချိန်က အဖေ့မှာ ဒန်အိုး၊ ဒန်ကရားလုပ်ငန်းက တော်တော်တွင်ကျယ်နေတဲ့အချိန်မို့ ကျောင်းမနေတော့တဲ့အတူ အဲဒီလုပ်ငန်းကို ဦးစီးစေချင်တယ်။ ငမိုးကတော့ ကောင်းတဲ့အလုပ် ငွေရမယ့်အလုပ်မှန်သမျှနဲ့ သူနဲ့မတည့်ဘူး၊ လက်မခံဘူး ဖြစ်နေတယ်။ ဒါပေမဲ့ အရက်သောက်၊ ဖဲရိုက်တဲ့ပညာကိုတော့ ဆရာမရှိဘဲ တတ်သွားလေသလားအောက်မေ့ရတယ်။ တော်တော်ကျွမ်းကျင်နေပြီ။

ဒီလိုနဲ့ အဖေ၊ အမေတို့ ရှေ့ဆင့်နောက်ဆင့် ဆုံးရော၊ အမိုက်တိုက်မှာ ပက်လက်မျောနေတော့တယ်။ ဒါပေမဲ့ အံ့ဩစရာတော့ အကောင်းသား။ ချိုကုပ်ရှိရာ ချိုပွဲကတော့ လာသေးတာပဲ။ ငမိုးကို ကြိုက်တဲ့ ကောင်မလေးကတော့ ရှိသေးရဲ့။ ဒီတော့လည်း အစ်မကြီး အမိအရာ တောင်းရမ်းပေးခဲ့ရတယ်။

အလို သူ့ကုသိုလ်နဲ့ပါလား။ ဒင်း(သင်း)ကို ထိန်းကျောင်းပဲ့ပြင်မယ့်သူ ပေါ်လာပြီလို့ မျှော်လင့်မိပေမဲ့ တစ်ယောက်တာဝန်ကနှစ်ယောက်တာဝန် ပိုလာတာသာ အဖတ်တင်တယ်။ ဘာမှ ထူးမလာပေဘူး။ အဖေ ထားရစ်ခဲ့တဲ့ စီးပွားရေးကလည်း ရေစုန်မျောချေပြီ။ နောက်ဆုံး မသိန်းလည်း မြဒင်နဲ့ အိမ်ထောင်ကျပြီး ငမိုးတို့လင်မယားလည်း ဟိုးအောက်ပြည်အောက်ရွာတွေဘက်က ဆီအုန်းစိုက်ခင်းဆိုလား၊ နေထိုင်ရေးစားသောက်ရေးအကုန်တာဝန်ယူတယ်ဆိုတဲ့နောက်ပါသွားကြတာ။ လေး,ငါး, ဆယ်နှစ် ရှိခဲ့ပြီ။

ကြည့်စမ်း၊ အခု သူ့ရဲ့ ခြောက်သလိုပေါ်လာတယ်။ မသိန်းကတော့ ဒင်း(သင်း) အသံ ကြားကတည်းက ခေါင်းကြီးသွားလိုက်တာ မြင်ရပြန်တော့လည်း မသက်သာ။ ဒီကပါသွားတုန်းက တစ်ယောက်၊ အခုပြန်လာတော့ နောက်တစ်ယောက် ဘယ်လိုဖြစ်တာလဲဆိုတော့ ဟိုကောင်မလေးက ဟိုမှာ ငှက်ဖျားနဲ့ဆုံးသတဲ့။ ဒီကောင်မလေးကလည်း မုဆိုးမလေးပဲ။ နှစ်ဦးသဘောတူ လက်ထပ်ပြီးခေါ်လာခဲ့ပါသတဲ့။ ဟိုမှာ လုပ်ကိုင်စားနေကြပါတော့လားဆိုတော့ အနေအထိုင် အစားအသောက်အကုန် ဒုက္ခရောက်တယ်။ ကြာရင် သူတို့လည်း ငှက်စာမိမှာပဲတဲ့။

တချို့က လူ့လောကကြီးထဲကို အလှဆင်ဖို့ ရောက်လာကြတာ။ တချို့ကတော့ ဒုက္ခတွေပေးဖို့ ရောက်လာကြတဲ့ အတိုင်းပဲ။ အဲဒီလူတွေထဲ ငမိုး ပါတယ်။ မြဒင်ကလည်း ငမိုးအကြောင်းကို အူမချေးခါး သိပြီးသားဆိုတော့ ချိုတယ်၊ ခါးတယ်သာ ဝင်မပြောတာ၊ နည်းနည်းမှ ဘဝင်မကျဘူး။ ချေးထုပ်နှစ်ထုပ် ရောက်လာသလို မျက်နှာကြောက တင်းသွားတယ်။

ငမိုးကလည်း ဒါမျိုးကျတော့ နပ်ပါတယ်။ ပါးစပ်က 'အစ်ကို' ချင်း မိုးမွှန်အောင်ခေါ်တဲ့ပြီး မြဒင်မနိုင်တဲ့ အလုပ်တွေ အကုန်သိမ်းကျုံးလုပ်တော့တာပဲ။ ဥပမာ ကွမ်းခြံ ရေတင်တဲ့အလုပ်တွေ၊ ဝက် သားတင်တဲ့အလုပ်တွေ ထောင့်စေ့အောင် လုပ်ပေးတော့ မြဒင်လည်း 'ညီလေး' ဖြစ်ကရော။ ဖြစ်ရမယ်လေ ကွမ်းခြံ ရေတင်တယ်ဆိုတာလည်း လွယ်တာမှတ်လို့၊ မော်တာမောင်းပြီး ပစ်ထားလို့ရတာ မဟုတ်ဘူး။ တစ်ကန့်ပြည့်ရင် ပိတ်၊ နောက်တစ်ကန့်ပြည့်ရင်ပိတ်နဲ့ ကွမ်းခြံထဲက ကွမ်းပေါင်ရှိသမျှ ရေမျှမျှတတသောက်နိုင်ဖို့ လုပ်ရတာ။ ပေါင်လန်မကျဖို့၊ ပပ်ကြားအက်ထဲ ရေဝင်မသွားဖို့ အပြေးအလွှားပိတ်ရဆို့ရသေးတယ်။ ဝက် သား

www.burmeseclassic.com

တင်တာကလည်း ကိုယ့်အိမ်မှာရှိတဲ့ ဝက်သိုးကြီးကို ဟိုရွာဒီရွာက သားတင်မယ့်ရက် လာချိတ်ထားကြတာ ရှိတယ်။ အဲဒါ မပျက်မကွက် ဝက်ကြီးမောင်းပြီး သွားရလာရတာ။ ပိုက်ဆံကတော့ ရပါရဲ့ လူလည်း တော်တော်ဖားတဲ့ အလုပ်ပေါ့။

ငမိုးရဲ့ မိန်းမလေးကကလည်း ဘာထူးလဲ။ ငမိုးနဲ့ သွေးတူမွေးတူဆိုတဲ့အထဲကပဲ။ မြဒင်ကို ခေါ်တဲ့ 'အစ်ကိုရေ' ဆိုတဲ့ အသံကတစ်မျိုး၊ ဇာ့ာ(နှာ)သံ ပါတယ်ခေါ်ရမလားဘဲ။ တော်ရုံတန်ရုံလူတော့ အသံနဲ့တင် ကြွေသွားနိုင်တယ်။ မြဒင်ကလည်း လာထား အာဘွားထဲကပဲမို့လား။ ငမိုးရဲ့မိန်းမ 'လှမွေး' ရှေ့မှာ သူ့မိန်းမ သန်းမြလေးနဲ့ ပရောပရည်နေပြတယ်။ ပိုးစိုးပက်စက်နေပြတယ်။ ငမိုး မရှိတဲ့အချိန်ပေါ့လေ။ မြူဆွယ်တဲ့ သဘောနေမှာပေါ့။ သူတို့အိမ်နားမှာ ဝက်ချေးနံ့ကိုရှူ၊ ဝက်ဝမ်းခေါင်းသံ ဝက်နှာမှုတ်သံတွေကို နားထောင်ပြီး ပါရမီ ဖြည့်နေရတဲ့ ကျုပ်ဘော်ဒါတစ်ယောက်က ကျုပ်ကို လာသတင်းပေးတယ်။ 'ခြသေ့်ကြီးကတော့ တစ်ကောင်တည်း သုံးဂူအောင်းမယ့်ပုံဗျ'တဲ့။ ကျုပ်လည်း ကြားမိသား၊ ဒါကြောင့် အငေါ်တူးပြီး-

'သူလည်း 'ကေမိုဗစ်' သောက်လို့နေမှာပေါ့' လို့ ပြောပြီး လက်မောင်းကြွက်သား ညှစ်ပြလိုက်တယ်။ ကေမိုဗစ်ဆိုတာ ဝက်အားတိုးဆေးလေ။ သူ့အိမ်မှာရှိတဲ့ ဟိုဝက်သိုးကြီးနဲ့အပြိုင်

ကျုပ်ဘော်ဒါ
တစ်ယောက်က
ကျုပ်ကို
လာသတင်း
ပေးတယ်
'ခြသေ့်ကြီးကတော့
တစ်ကောင်တည်း
သုံးဂူ အောင်းမယ့်
ပုံဗျ' တဲ့
ကျုပ်လည်း
ကြားမိသား၊
ဒါကြောင့်
အငေါ်တူးပြီး
'သူလည်း
'ကေမိုဗစ်'
သောက်လို့နေမှာ
ပေါ့' လို့ ပြောပြီး
လက်မောင်း
ကြွက်သား
ညှစ်ပြလိုက်တယ်

သောက်နေကြဟန်ပါပဲ။ မြဒင်တို့ အချိုးပြောင်းပုံက အခု သန်းမြကလေးကို ဟိုအင်းကြီးဘက်သွားပြီး ဝက်စာ ပိန်းရွက်ခူးခိုင်းတယ်။ သန်းမြက ပိန်းရွက်ခူး၊ ငမိုးက ကွမ်းခြံထဲ သွားကြတာနဲ့ မြဒင်က ဝက်ပေါက်ကလေးတွေ လိုက်ဖမ်းတော့တာပဲ။ လူစုံတဲ့အချိန်ဖမ်းပါလားမဟုတ်ဘူး။ အကွက်သမားဆိုတော့ သူနဲ့ လှမွေးနှစ်ယောက်တည်းရှိမှ ဖမ်းကြတာ။ ဝက်ပေါက်ကလေးတွေဆိုတာလည်း သိတဲ့အတိုင်းပဲ။ တအားသန် တအားပြေးကြတာဆိုတော့ 'လိုက်ပါဟ၊ ဖမ်းပါဟ၊ ဆီးပါဟ'နဲ့ ဝက်နဲ့လူနဲ့ လုံးထွေးနေကြတာ။ သူတို့ကတော့ ဝက်တခြား လူတခြား အလဲလဲအကွဲကွဲ။ လူချည်းပဲ ဖမ်းနေတယ် ထင်ပါရဲ့။

လှမွေး ဆိုတာကလည်း ငမိုးနဲ့ယူမှတော့ 'ဇ' သေးပုံမရဘူး။ အလုံးအဖန်ကောင်းတယ်။ အရှက်အကြောက်နည်းတယ်။ ကျုပ်သူများသားသမီးအကြောင်း မကောင်းမပြောချင်ပါဘူး။ ဒါပေမဲ့ ခုတော့ ပြောလိုက်ရဦးမယ်။ အပြင်မှာ အစားတစ်လုတ်စားရတာ 'ရဲ' ကြောက်နေရသေးတယ်ဆိုပြီး လိုက်လာဟန်တူတာပါပဲ။ ရပ်ခံရွာခံကောင်မတွေတောင် သူ့လောက်မရဲဘူး။ သူကဖြင့် ရောက်ကတည်းက အချေသန် (ဟပ်ချိုး)၊ အရီ(ရယ်)သန် (ဟားဟား)တာ နှစ်ခုနဲ့တင် သူ့စရိုက်ကို ခန့်မှန်းလို့ ရလိုက်ပါရဲ့။ တကယ်ဗျာ ဟပ်ချိုးဆိုတဲ့ သူ့ချေသံကြီးဟာ ရပ်ကွက်လန့်လောက်တယ်။ အဲ သူ့ရယ်သံကြီးကလည်း အကျယ်ကြီးနဲ့ ဖင်ဆောင့်ရယ်တာ။ အောချလောက်တယ်။

တစ်နေ့တော့ မြဒင်က ဝက်စာဝယ်ဖို့ ဟိုးမြောက်အရပ်ဆီ ခရီးသွားနေတုန်း ငမိုးက ဟိုးတောင်ဘက်အရပ်ဆီကို သန်းမြလေး ခိုးပြေးပါလေရော။ ကျုပ်တို့မှာ ပရီးမီးယားလိဂ်က 'မန်ယူ' ပွဲကို ကြည့်ရသလိုပဲ။ ရှေ့တန်းမှာ ရွှန်းနီက အဝင်ကြမ်းကြမ်း၊ အထွက်ကြမ်းကြမ်း လိမ်ကာခေါက်ကာနဲ့ ဂိုးရှူးတော့မယ် ထင်နေတာ မထင်မှတ်ဘဲ နောက်တန်းက ဖာဒီနန်က ကျုံလာတဲ့ဘောလုံးကို ကွင်းလယ်လောက်ကနေ ဂိုးသမားရှေ့ထွက်နေတာကို အခွင့်ကောင်းယူပြီး လှမ်းကန်ထည့်လိုက်တာ ဂိုးသမားလည်း ဘာမှမတတ်နိုင်ဘူး။ ဂိုးပါလေရော။

ကျုပ်တို့ကတော့ မန်ယူပရိသတ်ပဲလေ။ ဘယ်လိုဂိုးဂိုး ဂိုးတယ်ဆိုတာနဲ့ လက်ခုပ်လက်ဝါးတီးကြတာပ။ အင်း …အိမ်ပေါ်က မသိန်းကတော့ ဒိုင်လူကြီးရာထူး အလိုလိုရနေပြီ ထင်တာပဲ။ ပွဲကလည်း စိတ်ဝင်စားစရာကောင်းနေပြီ။ ပွဲက သူတင်ကိုယ်တင် ကြမ်းလည်းကြမ်းလာတာမို့ စိတ်မရှည်တဲ့ ဒိုင်လူကြီးဆိုရင် မလွယ်ဘူး။ အခု အခြေအနေမှာကိုပဲ အဝါပြမလား၊ နှစ်ဝါတစ်နီလား ဒါမှမဟုတ် တစ်ခါတည်း အနီနဲ့ ထုတ်လေမလား။ မသိန်း ဘယ်လိုထိန်းလေမလဲ။

ဝင့်ကြီးလိုက်တဲ့ မသိန်းရယ်။ ဥမကွဲ သိုက်မပျက်ဆိုတဲ့စကားက အပြောလွယ်သလောက် စောင့်ထိန်းဖို့ ခက်ပါလား။ ဘာပဲဖြစ်ဖြစ် သူနဲ့ရင်အုပ်မကွာရှိရှာသေးတဲ့ (သားနဲ့သမီး) ငှက်ကလေးနှစ်ကောင် အတောင်အလက်စုံတဲ့အထိတော့ မျက်ရည်ကိုသိမ်းရင်း မိခင်မေတ္တာနဲ့ ခန္တီပါရမီ စောင့်ထိန်းရပေဦးတော့မှာပေါ့။ မသိန်း သိနေတယ်လေ။ သူ့ခမျာ သက်ပြင်းတွေ အကြိမ်ကြိမ် အခါခါချရင်း သူ့ခေါင်းအုံးအောက်က ကျန်တဲ့ လက်ကောက်တစ်ကွင်းနဲ့ နားကချွတ်ထားတဲ့ နားကပ်တစ်ရန်ကို ငေး ကြည့်နေမိတယ်။ ■

**မွန်အေး**



www.burmeseclassic.com

www.burmeseclassic.com

# စာနဒီစာအုပ်တိုက်

RIVER
HOUSE

## စာအုပ်တိုက်မှ ထွက်ရှိပြီး စာအုပ်များ

**ရွှေဝိုင်ဝိုင်ဝိုရိယ(တောင်ငူ)**
ညီမှုအောင်ပွဲနှင့် အာဇာနည်တို့လာရာလမ်း / ၉၀၀ိ -
ခြင်းကိုပြောင်းလဲစေခဲ့သောသာမဏေနှင့်
တွေ့ဆုံ / ၂၀၀ိ -

**သန္)**
ပညာအရုံခံစားမှုနှင့် အနုပညာဝေဖန်ရေး
Aesthetics and Philosophy of Art Criticism
Jerome Stolnitz / ၂၂၀ိ -

**ကာလ မပွင့်သေးသောဘုရားများအား**
နှင့် ဘာသာရေးဖြတ်ထုံးများ / ၁၂၀ိ -
နှင့် သီဟိုဠ်ဓမ္မဝတ္ထုတိုများ / ၁၅၀ိ -

**(ဝန်ကြီးဟောင်း)**
အပျက်စေဆရာကြီး ရုပ်စပြုတင် / ၂၀၀ိ -

**ကြီးဦးတင့်ဆွေ**
ရေစီးစိတ်ထား / ၇၀ိ -

**(ဓမ်းချောင်း)**
လက်ဆင့်ကမ်း Message to Teen / ၂၀၀ိ -
တော့တို့ ဆုံးဖြတ်ရမည့် အရေးကြီးဆုံးအချက်(၆)ချက် / ၂၀၀ိ -
စကားများ IMMORTAL WORDS / ၃၅၀ိ -

**နွှင့်ကေ**
တနက်သားကြောင်နက်ရုပ်နှင့်သည်းထိတ်ဖွယ်ဝတ္ထုတိုများ / ၁၆၀ိ -

**ကွမ်းခြံကုန်း**
ကြီးကတောင်ကန်မြောက်ကန် / ၁၂၀ိ -
ရင်ခက်မယ် / ၁၅၀ိ -

**ဆည်မောင်မောင်**
လွတ်လပ်ရေးသမိုင်းဝင်စစ်မြေပြင်စရီးကြမ်းနှင့်
တွေ့မှတ်တမ်း / ၂၅၀ိ -

**မိုး**
ကလေးနဲ့ မနီ / ၃၀၀ိ -
တောက်မှ သရဇီသို့ / ၁၂၀ိ -
မိုး ၈၀ ကဗျာ ၈၀ / ၂၀၀ိ -

**ဝေနိုင်(ဟင်္သာတ)**
ရှင်တို့စကား အရှင်တို့တရား / ၁၅၀ိ -

**ပြိုမ်း**
ကြောင်းရေးတစ်ကြောင်းခြစ် / ၃၅၀ိ -

**တာအရှင်သာမိန**
ဗုဒ္ဓ၏ ခြေတော်ရာစက်(၁၀၈)ကွက် / ၃၀၀ိ -
ချက်ရည်တွေဘယ်ကိုရောက်နှင့်
ဘာသာရေးအတွေးဆောင်းပါးများ / ၂၀၀ိ -

**ထွန်းသစ်**
ရာဇဝင်ကိုထွန်းညှိခြင်းနှင့် သမိုင်းရှိသောနေ့စွဲများ / ၂၅၀ိ -
နှင့်ကံနှင့်လူငယ်တွေကာရိုက်တာပြပွဲ (နတ်စည်) / ၂၅၀ိ -

- **သာထက်အောင်**
တွေးမိသမျှ ငေးမိသမျှ ရေးမိသမျှ သူတို့ဆီက ကျွန်တော့အတွေ့အကြုံ (ပြစ်ပေးလူအတွေ့အကြုံဆောင်းပါးများ) / ၃၅၀ိ -
- **အဂုန်တာရာ**
ကိုအောင်ဆန်း (ဗိုလ်ချုပ်အတ်ပုံအတ္ထုပ္ပတ္တိ ပုံပါင်း ၄၀၀ ခန့်ပါဝင်သည်) / ၄၅၀ိ -
- **ဒေါက်တာရန်မျိုးသိမ်း**
၂၀၁၅ ခုနှစ်အလွန် NLD နှင့် သမ္မတဇာတ်လမ်း / ၂၅၀ိ -
- **မောင်သိဒ်**
ရုပ်ပွားတော်ကိုးကွယ်မှုနှင့်အကျိုးအာနိသင်များ / ၂၅၀ိ -
- **ဝဏ္ဏသိရိ**
ချုပ်ရာပြိမ်းရာ / ၁၀၀ိ -
- **နှစ်ဖက်လှ ဦးကျော်လွင်**
ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာအမေးနှစ်ရာအဖြေနှစ်ထောင် / ၂၅၀ိ -
နှစ်ဘက်လှ တတ္တသိုလ်တရားများ / ၄၀၀ိ -
မျက်မှောက်ခေတ်ဘာသာရေးနှင့်ကျွန်ုပ်တို့၏သုံးသပ်ချက် / ၁၂၀ိ -
- **တင်မောင်မြင့်**
ကန်သာရေရိပ်မှာ In the Pond by Ha Jin / ၁၅၀ိ -
- **ပေလေးပင်နှင့်မိုးတောရ အရှင်ဆန္ဒာဓိက**
မေတ္တာစစ်သည်တော် / ၁၅၀ိ -

## ယခုထွက်ရှိသည့် စာအုပ်များ

- **နေလင်းဝင်း**
ဝိဘတ်လိုက်သော အသုံးများ စကားလုံးများ / ၁၀၀ိ -
ကြိယာရေးနည်းများ VERB PATTERN / ၃၀၀ိ -
- **နှစ်ဘက်လှဦးကျော်လွင်**
ဗုဒ္ဓဝင်အမြုတေ / ၄၀၀ိ -
- **လင်းထိုက်**
တရားမျှတလွတ်လပ်ခြင်းနဲ့ မသွေ ဒို့ပြေဒို့မြေ / ၁၀၀ိ -
- **တင့်ခိုင်**
မိုင်းစာ မိုင်းဘဝ မိုင်းစိတ်ဓာတ် / ၂၅၀ိ -
- **ရဲသျှမ်း**
အန်ချလိုက်တဲ့စာတွေ ပညာ့ခေတ်ဆောင်းပါးများ / ၁၂၀ိ -
- **တင်မောင်မြင့်**
နိုဘယ်ဆုရစာရေးဆရာ ဂျွန်စတိန်းဘတ်၏
ဂန္ထဝင်မှနှင့် အခြားဝတ္ထုတိုများ / ၁၅၀ိ -
- **ကျော်စွာမိုး**
ပြည်သူတွေကို တောင်းပန်ရမယ်နှင့်
ဗိုလ်ချုပ်ခင်ညွန့်ကိုလုပ်ကြံရန်ကြံစည်သူတစ်ဦးရဲ့ဖွင့်ဟချက်
အပါအဝင်အခြားအင်တာဗျူးများ / ၃၅၀ိ -




ဆက်သွယ်ရန် - စာနဒီစာအုပ်တိုက်၊ အမှတ် - ၉၇၃၊ ပျဉ်းမမြိုင်လမ်း၊ ၃၄ ရပ်ကွက်၊ မြောက်ဒဂုံ ၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၀၇ ၁၁၉၆၊ ၀၉ ၅၀၇ ၁၁၉၇။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်တွင် ကဗျာမှတ်စုစာအုပ်တစ်အုပ် ရှိပါသည်။ ထိုအထဲတွင် ကျွန်တော် ကြိုက်နှစ်သက်သော ကဗျာများကို တခုတ်တရရေးမှတ်ထားလေ့ရှိပါသည်။ တစ်နေ့တွင် ပြန်လှန်မဖတ်ရှုတာကြာပြီဖြစ်၍ ထိုစာအုပ်ကို ရှာကာ ဟိုလှန်ဒီလှန်ကြည့်မိပါသည်။ ထိုအခါ နေရာတော်တော်များများ၌ ကဗျာဆရာတစ်ဦး၏ကဗျာများက တော်တော်နေရာယူထားတာကို တွေ့လိုက်ရပါသည်။ သူ့ကဗျာများက ပြောစရာမရှိအောင်ကောင်းမွန်လှသည်ကို ထပ်မံခံစားလိုက်ရပါသည်။ ဒါကြောင့်လည်း သူ နာမည်ကြီးခဲ့ပေတာကိုး။ ဒါကြောင့်လည်း သူ့ကဗျာဖတ်ပရိသတ်က သူ့ကို ချစ်ခဲ့တာပဲကိုး။ ဒါကြောင့်လည်း သူ့ကဗျာများ မဂ္ဂဇင်းစာမျက်နှာများမှာ နေရာရခဲ့တာပဲကိုး။

ထို့နည်းတူ ကျွန်တော်လည်း သူ့ကဗျာပရိသတ်၊ သူ့ကဗျာများကို တမ်းတမ်းစွဲခဲ့သူ၊ သူ့ကိုလေးစားသူ၊ သူ့ကို အားကျခဲ့သူပါတကား။

သူကား နိုင်ငံကျော်ကဗျာဆရာ မောင်ခိုင်မာ ပင်တည်း။

သူ့အကြောင်းကို သူ ကွယ်လွန်သည့်အခါ ပြန်ဝေသည့် ဖိတ်စာလက်တစ်ရွက်မှ သူ၏ကိုယ်ရေးအကျဉ်းကို ဖော်ပြလိုက်ပါသည်။

# မောင်ခိုင်မာရဲ့ ဘဝကထာ၊ ဘဝကဗျာ

## ဖိုးဆိုင်

ကဗျာဆရာ မောင်ခိုင်မာ
(၁၉၄၃-၂၀၀၄)

အမည်ရင်း-ဦးကြည်နိုင်။
ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ်၊
ကာဒမှနရွာတွင် မွေးဖွား။
အဖ ဦးသွင်၊ အမိ ဒေါ်နု၊
မွေးချင်း ၉ ယောက်အနက်အကြီးဆုံး။
၁၉၆၈ မှ စတင်၍ ကဗျာများကို
မကွယ်လွန်မီအထိ စွဲစွဲနှစ်နှစ် ရေးဖွဲ့ခဲ့။
သစ်ထုတ်လုပ်ရေးတာဝန်ဖြင့် ပျဉ်းမနားမြို့သို့
ရောက်ရှိစဉ် ပျဉ်းမနားမြို့သူ ဒေါ်ခင်မြဝင်းနှင့်
အိမ်ထောင်ကျ။
၁၉၈၈ တွင် ရန်ကုန်သို့ ပြောင်းရွှေ့ပြီး
ကဗျာရေးသားခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြု။
၁၆-၁၀-၂၀၀၄၊ အသက် ၆၂ နှစ်၊ ကွယ်လွန်ချိန်တွင်
ဇနီးဖြစ်သူနှင့်သား ၂ ဦးကျန်ရစ်။

၁၉၇၀ တွင် မြည်သူ့ကဗျာ၊ မြည်သူနှလုံးသား၊ ၁၉၈၈ တွင် သင်္ကြန်ရှုခင်းများ၊ ၁၉၉၀ တွင် ရွှေလမင်းကို နမ်းတဲ့ည၊ ၁၉၉၁ တွင်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

**နဒီငါးသွယ်**၊ ၁၉၉၁ တွင် **ဓဝရက်တောင်ထိပ်က တောင်ဆိတ်တစ်ကောင်**၊ ၁၉၉၄ တွင် **ဖြစ်တည်မှုပလူတစ်ကောင်**၊ ၁၉၉၇ တွင် **ညှော်ခန်းများကိုဖြတ်သန်းခြင်း ကဗျာခံစားမှုဆောင်းပါးများ**၊ ၁၉၉၇ တွင်ပင် **ရှင်မရေ(၁)**၊ **ပဋိစ္စသမုပ္ပါဒ်ရုပ်ရှင်**(၁၉၉၈)၊ **အဲ့လီဓမ္မရသကဗျာပန်း**(၁၉၉၉)၊ **မနုဿပေဒနီဒါန်း**(၁၉၉၉)၊ **ရှင်မရေ(၂)**(၂၀၀၀)၊ **စိတ်မှန်တစ်ချပ် သမီးဖတ်ဖို့**(၂၀၀၁)၊ **မင်္ဂလာအလင်္ကာ**(၂၀၀၂)၊ **ချစ်တတ်သူတွေနဲ့အတူ**(၂၀၀၂) စသည့် ကဗျာစာအုပ်များ၊ ကဗျာဆောင်းပါးများကို အသက်ထင်ရှားရှိစဉ် စဉ်ဆက်မပြတ်ရေးသားထုတ်ဝေခဲ့သည်။

ထိုပန်းဖလက်စာရွက်မှာပင် ပါရှိသော သူ၏ **ပိုးမင်းသား** ကဗျာမှ ကောက်နုတ်ချက်ကိုလည်း ဖော်ပြလိုက်ပါသည်။

*အသည်းရောင်အသည်းဝါ*
*တွယ်လိုတွယ်*
*တတိယအရွယ်*
*ရောက်လာကတည်းက*
*ကြောက်စရာရောဂါဆိုးနှစ်ခုက*
*မဟာမိတ်အဖြစ် ပူးပေါင်းပြီး*
*သူ့ကို*
*ဝက်ခေါင်းထိုးတိုက်ခိုက်ကြတဲ့*
*အငိုက်မိလို့ အရှိက်ထိသွားပြီ*
*သူ သိပ်ကြိုက်ခဲ့တဲ့*
*ပိုးမင်းသားဇာတ်လိုက်မျိုးတော့*
*မဟုတ်*
*အဆုတ်နာရောဂါပိုးနဲ့*
*ဆီးချိုရောဂါဆိုး*
*ထိုနှစ်မျိုးကြောင့်*
*ပိုးမင်းသားတော့*
*ပိုးမင်းသားပေါ့ ရှင်မရယ်...*
*အင်း...ဒါပေမယ့်လဲ*
*အတွင်းအားတွေ*
*ကင်းသွားတယ်။ ။*

အဲဒီလို ဆရာ မောင်ခိုင်မာဟာ သူ့အရွယ်တရားနဲ့ ဇရာက ပေးလာတဲ့ ရောဂါဝေဒနာအကြောင်းကို ကဗျာနဲ့ လှလှပပ စာလုံးပေါင်းပြသွားပါတယ်။

အဲဒီလိုပဲ ကျွန်တော့်ကဗျာမှတ်စု စာအုပ်ထဲမှာ သူ့ကဗျာအချို့ဟာ သက်ဝင်လှုပ်ရှားဆဲ၊ ဆွဲဆောင်နိုင်ဆဲ၊ ရသအပြည့် ပေးနိုင်ဆဲဆိုတာကို တွေ့ရတဲ့အတွက် မှျဝေလိုက်ပါတယ်။ သို့သော် ကဗျာတွေက ရှည်တဲ့အတွက် အနှစ်ချုပ်ကိုပဲ ဖော်ပြပါရစေ။

*ကြားနေရတယ်*

*ကာတွန်းဆရာက ပြောတယ်*
*'ကမ္ဘာ့ရေနံဈေးခင်း*
*ကျဆင်းနေတဲ့သတင်း*
*ဖယောင်းတိုင်မီးအလင်းနဲ့*
*မင်း မမြင်ဖူးလား'တဲ့၊*
*စပယ်ယာက ပြောတယ်*
*'အတွယ်အတာ ရမယ်*
*လောင်စာဆီ ရှားတယ်*
*ဒီနားပိုနား တစ်ကျပ်'တဲ့၊*
*ဝတ္ထုထဲက ပြောတယ်*
*'သံယောဇဉ်ကိုကိုရာ*
*ကိုကို ညာနေတာကြာပြီ*
*တို့ ရေနံဆီ*
*သောက်ပစ်လိုက်မယ်'တဲ့၊*
*မဒမ်ခိုင်မာက ပြောတယ်*
*'ဒီသူ စာစာပြန်လာပါ*
*စာမှုခကြိုတောင်းပြီး*
*ဖယောင်းတိုင်တစ်ထုပ်နဲ့*
*သားဖို့ ကျောင်းစာအုပ်နော်'တဲ့၊*
*ကျွန်ုပ် အိမ်ပြန်*
*စိမ်မခံနိုင်*
*နိုင်ငံတကာဘာသာစကား*
*အသံတွေ ကြားနေရတယ်*
*အသံတွေ ကြားနေရတယ်...။*
*(ချယ်ရီ၊ ဇူလိုင်၊ ၁၉၈၆)*

သူ့ကဗျာက ခေတ်မီတုန်းပဲ။ အဲဒီတုန်းကလည်း မီးပျက်တာပဲ။ နှုတ်ခမ်းနီပါးနီကြိုက်စာအုပ်တွေကလည်း အရေအတွက်များများ ထွက်နေတုန်းပဲ။ ကုန်ဈေးနှုန်းကလည်း တက်နေတုန်းပဲ။ ဘတ်စ်ကားတွေကလည်း ကျပ်နေတုန်းပဲ။ ခေတ်ပြယုဂ်၊ စနစ်ပြယုဂ်ကို ထင်ဟပ်ထားတယ်။ နိုင်ငံတော် ပြည်အရေး သာလှတယ်လေးပေါ့နော်။ ထားပါတော့။

*သဗ္ဗေသတ္တာ*

*တစ်ချို့က*
*ပို့မှ ကြိုက်၏*
*တစ်ချို့က*
*ကျို့မှ ကြိုက်၏*
*တစ်ချို့က*
*ညှို့မှ ကြိုက်၏*
*တစ်ကွေ့နှစ်ကွေ့*
*ပွေ့မှ ကြိုက်*
*တစ်လမ်းနှစ်လမ်း*
*ထမ်းမှ ကြိုက်သူ*
*တစ်ကျော့နှစ်ကျော့*
*ချော့မှ ကြိုက်သူ*
*စရိုက်မတူ*
*သူ...သူ...ငါ...ငါ*
*သတ္တဝါငှဲ*
*ကြိယာမဲ့ဘာသာဗေဒ*
*ဓားရှထားသည့်နှလုံးသား*
*ဆူးမျက်သည့်ခြေထောက်*
*ကြေခြောက်သည့်အတ္တ*
*ကပ္ပဋ္ဌီတိ တည်စေဘိဂှာ*
*ကြီဘဝသရဖူကို*
*အမိအရ ချူနိုင်ပါ့မလား။*
*(အောင်လံ၊ ၁၉၈၅၊ သြဂုတ်)*

သူ့ကဗျာက လူ့နှလုံးသား၊ လူ့စိတ်၊ လူ့သဘာဝ၊ လူ့စရိုက်ကို ဖော်ကျူးသွားလေရဲ့။ အဖွဲ့လည်း ကောင်း၊ တင်ပြပုံလည်း ကောင်းပြီး စွဲငြိထိမိ အသိနဲ့သတိကို ဖြစ်စေပါရောလား။

*ငွေလမင်းကို နမ်းတဲ့ည*

*ကျွန်ုပ် အိမ်မပြန်မီ*
*အပုပ်ချိန်ကို ကြံစည်မိ*
*အပူနာ မဟူရာညမှာ*
*သူရာကို ပူဇာစမိတော့*
*ဟာသလေး တရွှင်ရွှင်*
*ဟဒယလေး တငင်ငင်*
*မြင်မြင်ရာ အကုန်ငြိ*
*ကြုံမိကြုံရာ အကုန်သောက်*
*မှတ်ပုံတင်ပျောက်၊*



www.burmeseclassic.com

www.burmeseclassic.com

*ဘောလ်ပင်ပျောက်*
*ပိုက်ဆံပျောက်၊ မျက်မှန်ပျောက်*
*ခေါက်ထီးပျောက်၊ မီးခြစ်ပျောက်*
*ပဲ့ဆိုင်ရောက် ဒီဆိုင်ဝင်နဲ့*
*ရန်မမြင်*
*ဂန္ထဝင်ဝက်အူရစ်တို့*
*ဘက်တူချစ်ဆွေ။*
*တစ်ညခင်း*
*လမင်းကို အဖော်ပြုလာခိုက်*
*ပျော်မှုတွေ အကုန်ပျောက်*
*သောက်ခဲ့တာ အကုန်ပြေ*
*ထွေခဲ့တာ အကုန်ပျက်*
*မိုးသက်လေတဟဲဟဲ*
*မိုးစက်လေတရွဲရွဲ*
*လျှပ်စီးတွေ တရဲရဲ*
*ခေတ်မီးတွေ မသဲကွဲ*
*သရဲကြောက်တဲ့မောင်ဟာ*
*မြို့လယ်ကောင် သူရာတန်းက*
*ရွာမအိမ်အပြန်လမ်းမှာ*
*ကျောချမ်းလို့ရင်ခုန်။*
*'ခင်ရေ…ခင်ရေ…*
*ခင်ရေ…တံခါးဖွင့်'။*
*'မောင်*
*သန်းခေါင်တောင် ကျော်ပြီတဲ့*
*မှောင်တွေတွေ မျက်နှာထားနဲ့*
*တံခါးပေါက်မှာ*
*ခါးထောက်ခါ ခင် လာရပ်လေမှ*
*မြင်တတ်သူ ကဗျာဆရာရဲ့*
*အလက်ာချိုချို နုပါဘိ*
*အို…ခုမှပဲ*
*ပျိုနုဆဲငွေလမင်းပါလား…လို့*
*တံခါးအကွယ် တစ်ညသားမှာ*
*လပါးပြင် အသာနမ်းတော့*
*(အဟမ်း)*
*ကြာပန်းတွေ ပွင့်…။*

*(မဟေသီ၊*
*၁၉၈၆၊ ဩဂုတ်)*

ဒီကဗျာက ကဗျာဆရာတွေရဲ့ 'ညနေ ညနေ၊ စည်တယ်လေ စည်တယ်လေ၊ ရီဝေဝေပါးစပ်ဒိုးနဲ့ နတ်ကိုးသံ မိုးပျံနေ'ဆိုသလို ရတဲ့ စာမူခလေးတွေထဲက တစ်ယောက်တစ်ဖဲ့စုပြီး ယမကာမှီဝဲကြပုံကို သရုပ်ပေါ်အောင် ရေးဖွဲ့ထားတာပါ။ ကဗျာဆရာတွေရဲ့ အပုပ်ချိန်ကို နှလုံးအိမ်မှာ အရက် စိမ်ပြီး လက်တွေ့ဘဝ အဆင်မပြေမှုတွေထဲက တဒင်္ဂထွက်ပေါက်ရှာကြတဲ့အဖြစ်ကို ဖတ်ရတာ ရင်နာနာနဲ့ ရယ်မောမိပြန်အောင် ဆွဲဆောင်နိုင်ခဲ့တယ်။ ဆရာရဲ့ ဟာသဓာတ်က ကဗျာဓာတ်မှာ စိမ့်ဝင်နေရဲ့။ နောက်တစ်ပုဒ်မှာလည်း ဆရာရဲ့ ကဗျာဆန်တဲ့ဟာသသံနဲ့ လှောင်သံ၊ သရော်သံငွေ့ငွေ့ကို တွေ့ရပါဦးမယ်။

***ကျွန်ုပ်နှင့်ဖောင်တိန်စောင့်ဘီလူး***

*တစ်ညနေခင်း*
*ပျင်းပျင်းရှိတာနဲ့*
*စာကြည့်ခုံမှာထိုင်*
*ငိုင်ငိုင်ငေးငေး*
*တောင်တွေး မြောက်တွေး*
*ဖောင်တိန်လေး ပွတ်သပ်*
*စိတ်လွတ်လပ်နေတုန်း…*
*ဖြုန်းခနဲ…*
*ဝုန်းခနဲ…*
*မီးခိုးလုံးတွေထဲက*
*မဲမဲအကောင်ကြီး ထွက်လာ…*
*'မကြောက်ပါနဲ့ အရှင်*
*(အကျွန်ုပ်ဟာ)*
*သခင့်ရဲ့ဖောင်တိန်ကို*
*အချိန်မရွေးစောင့်ရတဲ့*
*ဖောင်တိန်စောင့်ဘီလူးကြီးပါ'*
*'သခင်*
*ဘာလိုချင်ပါသလဲ*
*ဒိန်ခဲ၊ မာဂျရင်း*
*ပီကင်း ဘဲကင်*
*ကြက်ဆင်သားပေါင်း*
*မလစ်လပ်စေရပါ'*
*'သူများ အဆီအသား*
*မစားကောင်းဘူးကွယ်'*
*'သခင်*
*ဘာသောက်ချင်ပါသလဲ*
*ကျောက်ဆူးဘီယာ*
*စကော့ဝီစကီ*
*ဂျော်နီလမ်းလျှောက်*
*ကြိုက်ရာ ရောက်စေမယ်'*
*'သူများ မျက်ရည်ပေါက်*
*မသောက်ကောင်းပါဘူးကွယ်'*
*'သခင်*
*ဘာစီးချင်ပါသလဲ*
*ခရီးတွင်လှ*
*ငှက်သွင်ကြွတဲ့*
*'ထ'ဆင်ထူး'ဒ'ဒွေး*
*ကြိုက်ရာ ရွေးပါ'*
*'သူများ ကျောကုန်း*
*အသုံးမချရက်ဘူးကွယ်'*
*ကျွန်ုပ်ရဲ့ဖောင်တိန်စောင့်*
*သကောင့်သားဘီလူးဟာ*
*ပြုံးတူးကြောင်တောင်နဲ့*
*မျက်မှောင်ကြုတ်*
*ကျွန်ုပ်ကို ကျိန်ဆဲပြီး*
*ဖောင်တိန်ထဲရောက်*
*ပြန်ပျောက်သွား…။*

*(ရုပ်ရှင်အောင်လံ၊ ၁၉၈၇၊*
*စက်တင်ဘာ)*

ကဲ သူ့ကဗျာဖတ်ပြီး မပြုံးမိဘူးလား။ ကဗျာဆရာရဲ့ဆန်းပြားတဲ့ စိတ်ကူးက အထူးအချွန် အမွန်အမြတ်ပါပဲ။ အဲဒီလိုကတ်သီးကတ်သတ် ရှာရှာ ပေါက်ပေါက်တွေးတတ်၊ ရေးတတ် လို့ နာမည်ကျော်တာပါ။ တကယ်တော့ ကဗျာဆရာဟာ အကောင်းစားအရက်လည်း မသောက်နိုင်သလို၊ ကိုယ်ပိုင်ကားလည်း မစီးနိုင်ပါဘူး။ ဒိန်ခဲ၊ မာဂျရင်း၊ ပီကင်းဘဲကင်တို့ကတော့ ဝေလာဝေး။ ပဲပြုတ်နဲ့ချဉ်ပေါင်ကြော်တောင် အနိုင်နိုင်။ အညတရဘဝတွေနဲ့ မိုးနဲ့မြေလို အလှမ်းဝေးတဲ့အရာတွေကို ချင်ခြင်းတပ်သလား မသိပါဘူး။ ဒီမှာတင် ဖောင်တိန်စောင့်ဘီလူးနဲ့ တွေ့တာပဲ။ သဘောတွေ့ မနောခွေ့ရတဲ့ ကဗျာတစ်ပုဒ်ပေပဲ။

ဆရာ မောင်ခိုင်မာ ကွယ်လွန်သွားတာ ၁၀ နှစ်ကျော်ပါပြီ။ ဒီဆောင်းပါးဟာ ဆရာရဲ့ဂုဏ်ပြောင်တဲ့ ကဗျာဆရာဘဝကို အမှတ်တရအနေနဲ့ အလေးပြုပြီး ဆရာ့ကဗျာများကို ဖော်ထုတ်ကာ ဂုဏ်ပြုရေးသားလိုက်ရခြင်းပါပဲ။ ဆရာ ကောင်းရာသုဂတိ လားပါစေ။

■

**ဖြိုးဝိုင်**



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်အောက်မှာ
တဒုန်းဒုန်း
ဆောင့်ထိုးနေသံနှင့်အတူ
နဂိုမခိုင့်တခိုင်
အိမ်ကလေးပါ
သိမ့်သိမ့်ခါအောင်
တုန်နေသလား
ထင်ရသည်။
ညသန်းခေါင်ယံ
လူခြေတိတ်ချိန်ကြီးမို့
ပတ်ဝန်းကျင်ကိုလည်း
မချစ်ဖြင့်
အားနာလွန်းလှပြီ။
ကိုယ်တွေအကြောင်း
သိနေသည့်
ပတ်ဝန်းကျင်ကောင်းမို့သာ
တော်ပါသေးရဲ့
အောက်မေ့ရပါ၏။
နို့မို့ဆို
ဖိုးကို လုပ်ပုံနှင့်
အရပ်ထဲမှ
နှင်ထုတ်ခံရတာ
ကြာပြီဖြစ်လိမ့်မည်။
ပတ်ဝန်းကျင်က
အခုထိ
သည်းခံနေသေးပေမဲ့
သူ့အစ်ကို
ကိုထွေးကဖြင့်
တက်တခေါက်ခေါက်
လုပ်နေလေပြီ။
အိပ်ရာထဲ
လူးလိမ့်နေရုံအဆင့်မှ
ငုတ်တုတ်
ထထိုင်ကာ
လက်သီးတပြင်ပြင်
အဆင့်ကို
ရောက်နေပြီ။
မချစ် ကိုယ်တိုင်လည်း
မတ်ဖြစ်သူ
ငမူးလုပ်ပုံကို
စိတ်ထဲက တကျိတ်ကျိတ်
အူယားလာနေပြီပေမဲ့
ကိုယ်က မိန်းမသား

ဒီကောင့်ကို
သူ့ဝေစု ပေးပြီး
တစ်ယောက်တည်း
နေခိုင်းလိုက်လို့
ကတော့
နေစရာအိမ်
မပြောနဲ့
ဖဲရိုက်
အရက်သောက်နဲ့
သူ့ဝေစု
တစ်လတောင်
ခံမှာမဟုတ်ဘူး





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ဆိုတော့ ကိုယ့်စိတ်ကို လွှတ်ပေးလိုက်လျှင် ယောကျ်ားသားဖြစ်သည့် ကိုထွေးကိုပါ ထိန်းမရတော့မည်စိုး၍ အောင့်အည်းသည်းခံနေခြင်းပင်။

'ကဲပါ သူ့ဘာသာ ဘာပြောပြော ကိုထွေးရယ်၊ ဘာမှ မကြားသလိုသာ ဥပေက္ခာပြုပြီး အိပ်တော့။ ရှင်က မနက်အလုပ်သွားရဦးမှာ။ သမီးလေးလည်း ကျောင်းသွားရဦးမှာ။ ရှင့်ညီငရစ်အကြောင်း ရှင်မသိတာလည်း မဟုတ်ဘဲနဲ့။ ပြန်ပြောရင် တစ်ညလုံး ပြီးတော့မှာ မဟုတ်ဘူး၊ ပတ်ဝန်းကျင်ကိုလည်း အားနာရတယ်'

'ဟ မင်းမကြားဘူးလား။ အောက်ကနေ ကြမ်းပြင်ကို တုတ်နဲ့ဆောင့်ထိုးနေတာ။ ဘယ်လိုမကြားယောင်ဆောင်နေလို့ရမှာလဲ။ မိုက်ရိုင်းတဲ့ကောင်၊ စော်ကားတဲ့ကောင်'

တကယ်ဆို သူတို့ညီအစ်ကိုမောင်နှမ ငါးယောက်ထဲမှာ ဖိုးကိုအထက် ကိုထွေးက အနေအေးဆုံး၊ သဘောကောင်းဆုံးဖြစ်သည်။ တစ်နေ့လုံးနေ၍ စကားဆယ်ခွန်းပြည့်အောင်ပြောသူ မဟုတ်သဖြင့် လူချစ်လူခင်လည်း များသည်။ ဇနီးမချစ်ကလည်း ကိုထွေးနည်းတူ အနေအေးသမားပဲ ဖြစ်တာကြောင့် ယခင်က စုပေါင်းနေထိုင်ခဲ့ကြသည့် မိဘပိုင်အိမ်ကြီးကိုရောင်းပြီး သူ့ဝေစုကိုယ့်ဝေစု ခွဲဝေယူကြရာမှာ မောင်နှမတွေအနက် အငယ်ဆုံးလည်းဖြစ်၊ တစ်ဦးတည်းသော လူပျိုလူလွတ်လည်း

> ဖိုးကို
> ဆိုးမျိုးကို
> ခံလာရသူတွေမို့
> အစပိုင်း၌
> အင်တင်တင်
> ဖြစ်နေမိကြသည်
> ဖိုးကိုကိုလည်း
> ကြောက်နေ၏
> ဖိုးကိုကလည်း
> အလည်အနှပ်
> ဖြစ်သည်
> သူလည်း
> ရသည့်ငွေကို
> အကုန်လုံး
> အိမ်ဝယ်
> ပစ်လိုက်ပြီး
> သုံးဖြုန်းစရာ
> မကျန်မည်ကို
> စိုးရိမ်နေသည်

ဖြစ်သည့် ဖိုးကို၏ တာဝန်က သူတို့လင်မယားခေါင်းပေါ် ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ကျလာတာဖြစ်သည်။

'ဒီကောင့်ကို သူ့ဝေစုပေးပြီး တစ်ယောက်တည်း နေခိုင်းလိုက်လို့ကတော့ နေစရာအိမ်မပြောနဲ့ ဖဲရိုက်၊ အရက်သောက်နဲ့ သူ့ဝေစု တစ်လတောင် ခံမှာမဟုတ်ဘူး။ မင်းတို့လင်မယားကလည်း အိမ်ရှာဝယ်ရမယ့် အတူတူ သူနဲ့ပေါင်းဝယ်လိုက်တော့ လုပ်ကိုင်စားသောက်ဖို့ ငွေရင်းလေး ကျန်တာပေါ့'

အစ်ကိုကြီးစကားကို ကျန်မောင်နှမတွေကလည်း တညီတညွတ်တည်း ဝိုင်းထောက်ခံကြသည်။ အားလုံးကလည်း အိမ်ထောင်ခွဲတွေချည်းမို့ အမွေစုပိုက်ပြီး ယောက္ခမအိမ်ပေါ် တက်နေရုံသမားက တက်နေ၊ နဂို အိမ်ရှိပြီးသားလူတွေကလည်း အိမ်ဝယ်ရန် မလိုအပ်ရာ။ တက်စရာ ယောက္ခမအိမ်ကလည်း သူများလိုမရှိသည့် မချစ်တို့မိသားစုအဖို့တော့ အိမ်က သေချာပေါက် ဝယ်ရမည်ဖြစ်နေသည်။ ရသည့်ငွေကလည်း အိမ်တစ်လုံးရောင်းပြီးမှ ငါးပုံတစ်ပုံသာမို့ နောက်ထပ် အိမ်တစ်လုံးရှာဖို့က ရှိသည့်ငွေနှင့် လောက်ငရုံ ဝယ်မည်ကိုပင် မနည်းရှာရမည်ဖြစ်သည်။ ဒီတော့ ကျန်မောင်နှမတွေ အကြံပြုသလို ဖိုးကိုနှင့်အတူ ပေါင်းဝယ်ရလျှင်တော့ မဆိုးဟုဆိုရမည်။ ခက်သည်က တစ်သက်လုံး တစ်အိမ်တည်း အတူနေလာကြပြီး ဖိုးကိုဆိုးမျိုးကို ခံလာရသူတွေမို့ အစပိုင်း၌ အင်တင်တင် ဖြစ်နေမိကြသည်။ ဖိုးကိုကိုလည်း ကြောက်နေ၏။

ဖိုးကိုကလည်း အလည်အနှပ်ဖြစ်သည်။ သူလည်း ရသည့်ငွေကို အကုန်လုံး အိမ်ဝယ်ပစ်လိုက်ပြီး သုံးဖြုန်းစရာ မကျန်မည်ကို စိုးရိမ်နေသည်။ ပြီးတော့ သူ့လိုပေပေတေတေ နေတတ်သူတစ်ယောက်အတွက် အရေးကြုံလာသည့်အခါ စိတ်ရှည်သည်းခံ ပြုစုပေးမည့်သူ လိုအပ်တာလည်း သူကောင်းကောင်းသိသည်။ ထိုသူတွေကလည်း ကျန်မောင်နှမတွေထက် သူ့အပေါ် အနိုင်တာခံနိုင်သည့် လူအေးမောင်နှံ ကိုထွေးတို့ လင်မယားမှလွဲ၍ အခြားသူ မဖြစ်နိုင်တာ သူသိသည်။ ဒီတော့ ပေါင်းဝယ်ရအောင်ဟုဆို၏။

အစ်ကိုကြီးကလည်း ပြောသည်။

'ဖိုးကိုဆိုးတာ ငါတို့လည်း သိပါတယ်ကွာ။ အခုကလည်း အားလုံးက ခေါင်းရှောင်ချင်လို့ မင်းတို့ခေါင်းပေါ် ဝိုင်းတင်ပြီး မျက်နှာလွှဲ ခဲပစ်ပြုလိုက်ကြတဲ့ သဘောမျိုး မဟုတ်ပါဘူး။ မင်းတို့နှစ်ဦးနှစ်ဖက်အတွက် အဆင်ပြေစေချင်လို့လည်း ပါပါတယ်။ တကယ်လို့ ဖိုးကိုတစ်ခုခုဖြစ်လာရင်လည်း ငါတို့က မင်းတို့နဲ့ချည်း ပစ်မထားပါဘူး။ စိတ်ချပါ'

စိတ်ချပါဆိုပေမဲ့ တကယ်တမ်း ဖြစ်လာတော့ ဖိုးကိုဆိုးကျိုးကို ဒူပေနာပေ ခံရတော့သည်ကလည်း မချစ်တို့ လင်မယားပင်။ အိမ်စ,ဝယ်ကတည်းက နှစ်ဖက်သဘောတူညီချက်အရ အစ်ကိုကိုထွေးတို့ မိသားစုက အိမ်ပေါ်ထပ်တွင်နေပြီး ညီဖြစ်သူ ဖိုးကိုတစ်ယောက်တည်းသမားက အောက်ထပ်ကိုယူမည်။ ခုရှုပ်မှ နောင်ရှင်း သဘောအရကော၊ လက်ကြောမတင်းသည့် ဖိုးကိုက ရေရှည်မှာ သူ့တာဝန် သူမယူမည်စိုးသည့်အတွက်ပါ ထည့်တွက်စဉ်းစားပြီး မောင်နှမတွေ အားလုံးက ဝိုင်းဆုံးဖြတ် စီစဉ်ပေးကြတာဖြစ်၏။ အိမ်ခွဲနေသလို အစားအသောက်ကိုလည်း ကိုယ့်အိုးနှင့်ကိုယ် ခွဲစားခိုင်းသည်။ မခွဲ



www.burmeseclassic.com

www.burmeseclassic.com

စားခိုင်းလို့လည်း မရ။ မိဘပိုင်အိမ်တွင် အားလုံးစုနေကြစဉ်ကတည်းက ဖိုးကိုက အလုပ်ကို လက်ကြောတင်းအောင် မလုပ်ဘဲ ဟိုအခန်းဝင်နှိုက်၊ ဒီအခန်းဝင်စားဖြင့် အချောင်ခိုစားလာသည်က များများလေ။ ကိုထွေးတို့မှာက စားနိုင်သောက်နိုင်သည့်အရွယ် လူပိုတစ်ယောက်ကို ရေရှည်တင်ကျွေးသွားနိုင်လောက်အောင် ချောင်လည်ရှာသူတွေမဟုတ်။ ကိုထွေး၏ လက်သမားဆရာ ဝင်ငွေလေးဖြင့် ကလေးကျောင်းစရိတ်၊ မိသားစုစရိတ် လောက်အောင် ချွေချွေတာတာ နေနေရသူတွေ ဖြစ်သည်။ ဖိုးကိုက လူကသာ အလုပ်လက်ကြော မတင်းပေမဲ့ သန်သန်မြန်မြန် သုံးဆယ်ကျော် အရွယ်ဆိုတော့ သူ တစ်ခါတစ်ခါ သူများထမင်းအိုး ဝင်နှိုက်လျှင် တော်ရုံမိသားစု တစ်နပ်စားစာ လောက်တော့ အသာလေး ကုန်လေ၏။ ဒီတော့ သူ့တစ်လုတ်တစ်ဆုပ်ကြီးကို မချစ်မှာလည်း မျက်ခုံးလှုပ်ရ၏။ လှုပ်လည်း အတူနေနေရပြီဆိုမှတော့ ရှောင်လွှဲ၍က မရ။

'နှင့်ကို ငါတို့က မကျွေးချင်လို့ မဟုတ်ပါဘူး ဖိုးကိုရယ်။ အစားတစ်လုတ်တစ်ဆုပ်အတွက် ပြောရတာလည်း ငရဲကြီးပါတယ်။ ဝင်ငွေလည်းမှာလည်း ကြောက်မိပါရဲ့။ ဒါပေမဲ့ နင်စားတာက သူများတစ်မိသားစုစာဆိုတော့ ငါတို့လည်း အမြဲတော့ ဘယ်ကျွေးနိုင်တော့မှာလဲ။ အလုပ်လေးမှန်မှန်လုပ်ပြီး မပြတ်မလပ်အောင် ဆန်ဆီဆားလေး ဝယ်ထည့်ထားလေဟယ်။ ဒါမှမဟုတ်လည်း ငါ့ကို ပိုက်ဆံပေးထား။ ငါဝယ်ဖြည့်ပေးမယ်'

နားလည်အောင် ပြောတော့လည်း ဖိုးကိုကမကြိုက်။ သူများလုပ်စာ စားသည်က စားသည်ပဲ၊ မာနက အပြည့်။

'နှင်တို့က ငါ့များ အစားတစ်လုတ်တစ်ဆုပ်တောင် မသထာဘူး ဟုတ်လား'ဟု ရန်လုပ်၏။ မစားဘဲနေလား ဆိုတော့လည်း မနေ။ အချိန်တန်လျှင် ထမင်းအိုးလာဖွင့်၏။ သူရှာသည့်ငွေကျတော့ နေ့စားအလုပ်မှအပြန် အိမ်အထိပင် ပါမလာတော့ဘဲ လမ်းထိပ်အရက်ဆိုင်၊ ဖဲဝိုင်းမှာတင် အပေါင်းအသင်းတွေနှင့် သောက်စားသုံးဖြုန်းပြီး ကုန်လာသည်။ ကျန်မောင်နှမတွေ အိမ်ကိုလည်း အလှည့်ကျ ဆိုသလို သူများပေးချင်ချင် မပေးချင်ချင် ဆန်သွားနှိုက်၊ ဆီသွားနှိုက်ဆိုပေမဲ့ တစ်အိမ်တည်းနေ မချစ်တို့လောက်တော့ သူ့ဒဏ်ကို မခံကြရ။ ကိုယ့်ရှိစုမဲ့စုစားအိုးထဲ လာလာနှိုက်ပြီး ကျေးဇူးတင်သလားဆိုတော့လည်း မူးလာလျှင် အိမ်အောက်ထပ်မှ ဆဲဆိုရန်လုပ်တာပင် ခံရပါသေး၏။

'ဘာ့အစ်ကိုလဲ။ ညီလေးတစ်ယောက်ရှိတာ၊ မကျွေးချင် မမွေးချင်။ သူ့မိန်းမစကားပဲ နားထောင်တယ်'

ကိုထွေးကတော့ နဂိုအနေအေးတာကော၊ ပတ်ဝန်းကျင် ကြားမည်စိုးသည်ကိုပါ ပေါင်းကာ သူ့ညီမူးကို တတ်နိုင်သလောက် သည်းခံရှာသည်။ သိပ်ပြီး တုဖက်မပြောချေ။ ဒီလိုအေးသည့်သူတွေက ဒေါသထွက်လာလျှင်လည်း သူများနှင့် မတူတတ်တာမို့ မချစ်က ကြားမှ ထိန်းနေတာကြောင့်လည်း ပါသည်။ ဒါကို ဖိုးကိုက နားမလည်။ သူတို့ညီအစ်ကိုကြား မချစ်က သွေးထိုးသည်၊ ကျန်မောင်နှမတွေ သူ့ကိုမြင်တာနှင့် ဝိုင်းဆူအောင် မချစ်က သူ့မကောင်းကြောင်းတွေ လိုက်ပြောထားသည်ဟု စွပ်စွဲ၏။ သူ့အကြောင်းများ ရပ်သိရွာသိဖြစ်ရာ မချစ် မပြောလည်း သူတို့ ကြားနိုင်သိနိုင်တာ သူ မသိ။ သူ့လုပ်ပုံတွေကလည်း တစ်ခါတစ်ခါ တော်တော် တရားလွန်သည်။ တွေ့ကရာအပေါင်းသင်း အိမ်ခေါ်ကာ အရက်ဝိုင်းဖွဲ့၊ ဖဲဝိုင်းဖွဲ့ရုံထားလိုက်ဦး၊ တစ်ခါတစ်ခါ ထိုအပေါင်းအသင်းတွေနှင့် စပ်လျဉ်းပြီး အိမ်ကိုပါ လာတတ်သည့် မဟုတ်တရုတ်မိန်းမတွေလည်းရှိရာ မချစ်တို့မှာ စိတ်ညစ်ရသည်။ ပတ်ဝန်းကျင်ကိုမျက်နှာပူရသည်။ တစ်ခါတလေလည်း ဘယ်က ကြက်အရှင် ငှက်အရှင်တွေမှန်းမသိယူလာပြီး သတ်ဖြတ်စားသောက်နေကြ၍ အိမ်ပေါ်မှလူတွေမှာ နားမချမ်းသာ၊ စိတ်မချမ်းသာ ရှိရတာလည်း ခဏခဏ။ မွေးထားသည်က သမီးမိန်းကလေးမို့ ဖိုးကို လုပ်ပေါက်တွေက စိတ်ညစ်စရာကောင်းလှတော့သည်။ ပြောလျှင်လည်း မကြိုက်။ သူ့ဘာသာ လုပ်ချင်ရာလုပ်၍ အရက်နာကျကာ၊ နေထိုင်မကောင်းဖြစ်ပါပြီဆိုလျှင်တော့ အားကိုးပါပြီ မချစ်ကို။ ဆေးဝယ်ပေးပါဦး၊ ဆေးခန်းသွားဖို့ ဆေးဖိုးဝါးခလေး ပေးပါဦး၊ ဆန်ပြုတ်လေး ပြုတ်ပေးပါဦးနှင့်။ မချစ်တို့ကလည်း သူဘယ်လောက် မကောင်းထားထား တန်ပြန်စိတ်ပုပ်နိုင်တတ်သူတွေ မဟုတ်တာကြောင့် လိုအပ်တာ လုပ်ပေးရသည်ပါပဲ။ ဘာပဲဖြစ်ဖြစ် သွေးသားအနေဖြင့် တော်စပ်ပတ်သက်ထားရပြီ မဟုတ်ပါလား။ နေကောင်းပြီဆိုလျှင်တော့ ထိုကျေးဇူးတရားတွေကို သူလွှယ်လွှယ် မေ့လိုက်ပြန်လေသည်။ အိမ်ပေါ်တက်ပြီး အရက်ဖိုးတောင်းတာ မပေးတိုင်း အိမ်ရောင်းမည် တကဲကဲလုပ်၏။

'နှင်တို့နဲ့အတူ ပေါင်းနေမိတော့ ငါ့အမှားပဲ။ ဘာမှအားမကိုးရဘူး။ တခြားမောင်နှမတွေပဲ ငါ့အပေါ်ကောင်းတာ'

'အဲဒါဆိုလည်း သွားနေလေ။ နှင့်ဒဏ်ကို သူတို့တစ်ရက်ခံနိုင်ရင် ငါတို့က နှင့်ကို ရှိခိုးပြီးတော့တောင် တောင်းပန်လိုက်ဦးမယ်'

'နေမယ် နေမယ်။ နှင်တို့သာ အိမ်ရောင်းပေး'

သူကသာ ရောင်းချင်နေသည်။ သူ့အိမ်ကဖြင့် ဘယ်သူမှလည်း ကြိုက်တာမဟုတ်။ ကိုယ်တွေတောင် ရှိတာလေး မကုန်ခင် အဖတ်တင်အောင် ဝယ်ထားခဲ့သည့်နေရာလေး။ ရပ်ကွက်အစွန်အဖျားကျသည့်အထဲ ကမ်းပါးယံဘေးပေါ် မြေဖြန့်ပြီး မေးတင်ဆောက်ထားသည်မို့ အိမ်နောက်မှာက ချုံနွယ်ပိတ်ပေါင်းတွေနှင့် ချောက်နက်နက်က ရှိနေသေးသည်။ ကလေးငယ်ပါသည့်


www.burmeseclassic.com

www.burmeseclassic.com

မိသားစုဆိုလျှင် ပို၍တောင် မဝယ်ဖြစ်သေး။ သူ့ဈေးနှင့်သူ ပေါပေါပဲပဲ ရောင်းမည်ဆိုလျှင် ကိုယ်လိုလူတွေ ဝယ်ချင်ဝယ်နိုင်ပေမဲ့ ဖိုးကိုအကြောင်းသိသဖြင့် ဘယ်သူကမှလည်း လာတောင်း မဝယ်ကြပါ။ အိမ်နီးချင်းတွေကတော့ တစ်နေ့တစ်မျိုး မရိုးရအောင် ဖိုးကိုဒဏ် ခံနေရသည့် မချစ်တို့လင်မယားကိုသာ အသနား ပိုနေကြပေသည်။ ဒီတော့ ဖိုးကိုက တစ်စခန်းထပြန်၏။

'ငါရောင်းမရအောင် နင်တို့ သူများကို လျှောက်တားထားကြတာ မဟုတ်လား။ ငါသိပါတယ်။ ငါသေရင် ဒီအိမ်ကို နင်တို့လင်မယား အပိုင်သိမ်းချင်နေတယ်ဆိုတာ။ ကြည့်ထားပါ။ ငါသေရင် နင်တို့ကို လွှဲခဲ့မယ်ထင်သလား'

'နားငြီးတယ်ဟယ်။ အရည်မရ အဖတ်မရတွေ လျှောက်ပြောမနေစမ်းပါနဲ့။ နင်တကယ် သေမယ်ဆိုမှပဲ ဘယ်သူမှ မဝယ်ချင်တဲ့ နင့်အိမ်အစုတ်ပလုတ်ကို နင်ကြိုက်တဲ့သူကို လွှဲခဲ့လိုက်။ ခုတော့ တိတ်တိတ်နေ'

ဖိုးကို အိမ်တကယ်ရောင်းဖြစ်လျှင် ရှိသည့်ငွေ သုံးဖြုန်းကုန်ပြီး သူတို့ကို ဒုက္ခလှည့်ပေးတော့မည်ကို ကြောက်သည့် ကျန်မောင်နှမတွေကလည်း 'အံမယ်လေး သူ့ဘာသာ ဘာပြောပြော ပူမနေနဲ့။ သူလွှဲပေးလည်း ငါတို့ မယူဘူး။ ခုလို ငါတို့အားလုံးကိုယ်စား ငါတို့ဒုက္ခ နင်တို့ချည်း ကုန်ခံပေးနေတာတောင် ကျေးဇူးတင်လွန်းလှ

**မိဘပိုင်အိမ်တွင် အားလုံး စုနေကြစဉ် ကတည်းက ဖိုးကိုက အလုပ်ကို လက်ကြော တင်းအောင် မလုပ်ဘဲ ဟိုအခန်းဝင်နှိုက် ဒီအခန်း ဝင်စားဖြင့် အချောင်ခို စားလာသည်က များများလေ**

ပြီ။ သူ အိမ်ရောင်းမယ်ဆိုလည်း လက်မှတ် ထိုးမပေးနဲ့။ သူသေရင် နင်တို့သာယူလိုက်။ အားလုံး သဘောတူတယ်'ဟု ဝိုင်းပြောကြသည်။ ဒီလိုနှင့်ပဲ မချစ်တို့လင်မယားမှာ အားလုံး အမွေအညီအမျှ ရကြတာချင်းတူတူ ကိုယ်တွေပေါ်မှာမှ လာစွပ်နေသည့် ဝဋ်ဒုက္ခကြီးကို ရှောင်မရ တိမ်းမရနှင့် လိမ်ပိန်ခံနေရပေတော့၏။

ယခုလည်း ဖိုးကိုဒုက္ခပေးတာကို ခံနေရသည်။ မနေ့တစ်နေ့ကမှ ကိုထွေးဝယ်လိုက်သည့် ဆိုင်ကယ်ကို(သူ့သဘောနှင့်သူ သတ်မှတ်ထားသည့်)သူ့အပိုင်အောက်ထပ်တွင် ထားရပါ့မလားဆိုပြီး တစ်ညလုံး ရန်လုပ်နေသည်။ ဒါကလည်း အကြောင်းရှိ၏။ သူက ကိုထွေးဆိုင်ကယ်ကို ယူစီးချင်နေသည်။ စီးတာက အရေးမကြီး၊ သူလည်း စီးတတ်တာ မဟုတ်ဘဲ သူ့သူငယ်ချင်း အမူးအရူးတွေကို ခေါ်လာစီးတာမို့ ဘယ်အချိန် ပြဿနာ ပေါ်မလဲဆိုပြီး ကိုထွေးက ပြောရမှ သူ့အတွက်ရစ်ရန် အစရသွားခြင်းပင်။

'အေး ငါ့ကို ပေးမစီးဘူးဆိုရင် ငါ့အခန်းမှာလည်း မင်းတို့ဆိုင်ကယ် လာထားစရာ မလိုဘူး'

'မထားဘူးကွာ၊ ခြံထဲမှာပဲ မိုးကာနဲ့အုပ်ပြီး ထားမယ်'

'ခြံထဲလည်း ထားစရာ မလိုဘူး။ ဒီအိမ် စ,ဝယ်ကတည်းက အိမ်ပေါ်ထပ်ကို မင်းတို့ပိုင်တယ်။ အိမ်အောက်ထပ်ကို ငါပိုင်တယ်လို့ အပြတ်ပြောထားပြီးသား။ ခြံထဲလည်း ပေးမထားနိုင်ဘူး'

ဆိုင်ကယ်တစ်စီးလုံး အိမ်အပေါ်ထပ်သို့ လှေကားမှ ယူတက်၍ မရမှန်း သိသိကြီးနှင့် တမင်ညစ်တာပင်။ တစ်ညလုံး ဆဲနေသည်ကို မချစ်တို့ မကြားယောင် ဆောင်နေတော့ အောက်ထပ်မှနေပြီး ကြမ်းကို တုတ်နှင့် တဒုန်းဒုန်း ထိုး၏။ ကြာတော့ ကိုထွေးကို ထိန်းနေရင်းမှ မချစ်ကိုယ်တိုင်ပင် ဒေါသထွက်ချင်လာသည်။ စိတ်ရှိတိုင်းသာ လုပ်လိုက်ရလျှင် ခြံစည်းရိုး ဝါးလုံးရှည်ကို ပြေးနုတ်ယူပြီး 'မှတ်ပလား မှတ်ပလား'ဟုသာ ဖိုးကို နောက်ကျောမှ ကျုံးကျုံးပြီး ရိုက်ပစ်ချင်တော့၏။

'လာယူလို့ ပြောနေတယ်နော်။ လာမယူရင် ငါ ဆိုင်ကယ်ကိုပါ ရိုက်ခွဲတော့မှာ။ တကယ်မလုပ်ဘူးများ ထင်နေလား'

ပြောနေတုန်း 'ခွမ်း'ခနဲ အသံ ကြားလိုက်ရသဖြင့် လင်မယားနှစ်ယောက် ရုတ်ခနဲ ပြိုင်တူ ထထိုင်လိုက်မိကြသည်။ ရုတ်တရက်မို့ မချစ်မှာ ထပြေးသွားသည့် ကိုထွေးကိုလည်း လှမ်းမဆွဲနိုင်တော့။

'ဒီကောင် လွန်လာပြီ။ ကျောင်းမှန်းကန်မှန်းသိအောင်ပြမှ ရတော့မှာ'

ပြောပြောဆိုဆို ကိုထွေးက တံခါးဖွင့်ပြီး ထွက်သွားသည်။

'ဟေ့ကောင် ဖိုးကို၊ မင်း ဘာဖြစ်ချင်နေတာလဲ။ ပတ်ဝန်းကျင်ကို အားနာလို့ ဖက်ပြိုင်မပြောဘဲ နေနေတာကို မင်းကို ကြောက်လို့များ ထင်နေတာလား။ အကြီးကို အကြီးမှန်း မသိတဲ့ကောင်'

'မသိတော့ မင်းက ဘာလုပ်ချင်လို့လဲကွ၊ အလကား မယားကြောက်။ ငါလည်း မင်းကိုမကျေနပ်တာ ကြာပြီကွ'

အလယ်တန်းကျောင်းသူ သမီးကလည်း ရှက်တာကော၊ ကြောက်တာပါပေါင်းပြီး တရှုပ်ရှုပ်ငိုနေ၏။

'ဒုက္ခပါပဲ။ အဒီကိုကြီးကလည်း ဖက်ပြိုင်မနေပါနဲ့ဆိုတာ ပြောမရဘူး'



www.burmeseclassic.com

www.burmeseclassic.com

အပြင်မှာတော့ အပေါ်မှ ဆင်းသွားသည့် ကိုထွေးနှင့် အောက်ထပ်မှ တက်လာသည့် ဖိုးကိုတို့ လှေကားထစ် အလယ်တွင် ဆုံနေကြပြီဖြစ်သည်။

'ကြာတော့ မင်းက ဘာလုပ်ချင်လဲ ဟောကောင်။ တွေ့မယ်၊ ဒီနေ့တော့ မင်းနဲ့ငါ အပြတ်စာရင်းရှင်းမှ ဖြစ်တော့မယ်'

'လာလိုက်စမ်းပါ လာလိုက်စမ်းပါ'

မချစ် အပြင်လိုက်ထွက်သွားတော့ မီးပျက်နေသည့် အမှောင်ထဲမှာ လှေကားပေါ် ပူးကပ်လုံးထွေးနေကြသည့် လူရိပ်နှစ်ခုကိုသာ မြင်လိုက်ရသည်။ ခဏချင်းမှာပင် 'အား'ခနဲ အော်သံကြီးနှင့်အတူ တစ်ယောက်က လှေကားပေါ်မှ တလိမ့်ခေါက်ကွေး ပြုတ်ကျသွားတော့သည်။ ပြီးတော့ မြေပေါ်မှာ မရပ်ဘဲ ဟိုး…ချောက်နက်နက်ထဲထိပါ လိမ့်ကျသွားလေ၏။

'အံမယ်လေး သေပါပြီတော့်။ ကိုထွေးလား၊ ဖိုးကိုလား မသိဘူး။ လာကြပါဦးရှင်၊ ကယ်ကြပါဦး။ ဟော့ဒီမှာ ဘာတွေဖြစ်ကုန်ပြီလဲ မသိလို့ပါ'

ခဏချင်းမှာပင် အပြေးအလွှား ရောက်လာသည့် အိမ်နီးချင်းတွေကော၊ မချစ်တို့သားအမိ၏ ကြောက်အားလန့်အား ငိုသံတွေနှင့်ပါ ဆူညံသွားသည်။ ပတ်ဝန်းကျင်ကလည်း အသံတွေကို အစောကြီးကတည်းက ကြားနေရတာမို့ ချက်ချင်း ရောက်လာကြတာပင်။ ပြုတ်ကျသွားသည်က မူးနေသည့် ဖိုးကိုဖြစ်ပါ၏။ ကိုယ်စီယူလာသည့် မီးအိမ်တွေ၊ ဓာတ်မီးတွေနှင့် ယောကျ်ားသားတွေက ဖိုးကိုကို ချောက်ထဲဆင်းရှာကြသည်။

'သေပြီထင်တယ်။ ဒီလောက်မြင့်တဲ့ အမြင့်ကနေ ပြုတ်ကျမှတော့ သေပြီနေမှာ။ အောက်မှာလည်း ကျောက်ခဲတွေက ရှိနေတာ'

မချစ်မှာလည်း တောင်တွေးမြောက်တွေး စိတ်ပူပန်ရတာကော၊ ကြောက်လန့်စိုးရိမ်ရတာတွေပါ ပေါင်းကာ မျက်ရည်စိုရွှဲ အရူးတစ်ပိုင်း ဖြစ်၍နေသည်။ သို့ပေမဲ့ မကြာလိုက်ခင်မှာဘဲ သဘာဝပေါက်သည့် ချုံနွယ်ပင်တွေကြား သတိလစ်နေသည့် ဖိုးကိုကို တွေ့ကာ ဝိုင်းဝန်းထမ်းပိုးပြီး အိမ်ပေါ်ပြန်ခေါ်တက်လာနိုင်လိုက်ကြပါ၏။ ခန္ဓာကိုယ်မှာ ထိခိုက်အနာတရဖြစ်သည့် သွေးစသွေးနတွေ မတွေ့ရပေမဲ့ ဖိုးကိုက သတိတော့ မရပေ။ လူကလည်း ဘယ်လောက်ခေါ်ခေါ် တုတ်တုတ်မျှပင် မလှုပ်တော့။ တစ်ယောက်က ဖိုးကို၏ လက်ကောက်ဝတ်ကို စမ်းကြည့်၊ လည်ပင်းကို ထောက်ကြည့်လုပ်ပြီး–

'အသက်မရှုတော့ဘူးဗျ'

'အံမယ်လေး ဟုတ်ရဲ့လား။ သေချာစမ်းကြည့်ကြစမ်းပါဦး။ ကျွန်မတို့တော့ ကိုယ်ကျိုးနည်းပြီ ထင်ပါရဲ့ ကိုထွေးရယ်။ အဲဒါကြောင့် ပြောတာ၊ သူမူးတိုင်း ကိုယ်က စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့လို့။ အခုတော့ ဘယ့်နှယ်လုပ်ကြတော့မလဲ'

မချစ်က ကျူကျူပါအောင် အော်ငိုနေသည်။ ကိုထွေးကလည်း ခုမှသတိပြန်ဝင်လာဟန်ဖြင့် 'ညီလေး ညီလေး'ဟု သူ့ညီကို ငိုသံပါကြီးဖြင့် သွေးရူးသွေးတန်း လှုပ်နိုးနေ၏။

'အဲ့ဒါကြောင့် မင်း ငါ့ဒေါသကို လာမဆွနဲ့လို့ပြောတာ ညီလေးရာ။ ခုလိုတွေ ဖြစ်ကုန်တော့ မင်းလည်း မကောင်းဘူး၊ ငါလည်း မကောင်းဘူးဖြစ်ရတယ်။ ကျွန်တော့်ညီကို ကျွန်တော် သတ်တာ မဟုတ်ပါဘူးဗျာ။ သူဝင်လုံးတာကို ရှောင်လိုက်တဲ့အချိန်မှာ သူ့ကိုယ်သူ မဟန်နိုင်ဘဲ ပြုတ်ကျသွားတာပါ။ သူ့ကို ကျွန်တော် တွန်းချပြီး သတ်ပစ်တာ မဟုတ်ရပါဘူး'

သူတို့တွေ ဖြစ်ပျက်နေပုံကို ကြည့်ပြီး ဆွေမျိုးသားချင်းလို ဖြစ်နေသည့် အိမ်နီးချင်းတွေက–

'ကဲကဲ ဖြစ်ပြီးပြီဆိုတော့ မတတ်နိုင်ဘူး။ကိုထွေးနဲ့ မချစ်လည်း ပါးစပ်တွေပိတ်ထားကြတော့။ ဖိုးကိုအကြောင်း ငါတို့အိမ်နီးချင်းတွေအားလုံးလည်း သိနေတာပဲ။ တစ်လျှောက်လုံး သူနှိပ်စက်လာသမျှဒဏ်ကို မင်းတို့လင်မယားပဲ ကုန်းရုန်းခံလာကြရတာ။ သူ့မိုက်ပြစ်နဲ့သူ ဓာတ်သိမ်းသွားတယ်လို့သာ သဘောထားလိုက်ကြတော့။ ဘယ်သူမေးမေး သူ့ဘာသာ မူးပြီး ပြုတ်ကျတာလို့သာ ဖြေလိုက်ကြ'

'ဟုတ်တယ်။ အဲဒီလိုသာဖြေ။ အိမ်နီးချင်းတွေအားလုံးက နားလည်ပြီးသား။ ဆရာဝန်ခေါ်ဦးမလား'

'ဒီအချိန်ကြီး ဘယ်ဆရာဝန် သွားပင့်လို့ ရမှာလဲ။ ပြီးတော့ ဒါမျိုးကိစ္စကို ဆရာဝန်တွေကကော လိုက်ချင်ပါ့မလား။ ကဲ တစ်ယောက်ယောက်က ကိုထွေးတို့ အစ်ကိုကြီးအိမ်လိုက်သွားနှိုးလိုက်ကြ။ သူလာမှ တိုင်ပင်ပြီး ဆေးရုံတင်ဆိုလည်း တင်ကြတာပေါ့'

သို့နှင့် တစ်ယောက်တစ်မျိုး အကြံပြုဆုံးဖြတ်ပြီး အစ်ကိုကြီးကို သွားနှိုးခေါ်လာကြသည်။ အစ်ကိုကြီးက ဘာမှမပြောသေးဘဲ ဘုရားခန်းရှေ့ ဆန့်ဆန့်ကြီး လှဲနေသည့် ညီဖြစ်သူကို လက်ကောက်ဝတ်စမ်းသည်။ ရင်ဘတ်နားကပ်ကာ နားထောင်လိုက်၏။ ပြီးတာနှင့် ဘာမပြော ညာမပြောဘဲ ဖိုးကို၏ ပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန် ရိုက်တော့သည်။

'ဟ ဟ အဲဒါ ဘာလုပ်တာလဲ'

လူတွေ ဝိုင်းအော်၍မှ မဆုံးခင်မှာဘဲ 'နာတယ် အစ်ကိုကြီး မရိုက်နဲ့တော့။ ကျွန်တော်ထပြီ ထပြီ'ဟု ဆိုကာ ဖိုးကို တစ်ယောက် ငေါက်ခနဲ ထထိုင်လာ၍ တအီအီငိုနေသည့် မချစ်တို့လင်မယားပါကြောင်ပြီး အငိုတိတ်သွားသည်။ ပတ်ဝန်းကျင်မှ လူတွေလည်း အံ့အားသင့်ကုန်ကြ၏။ အစ်ကိုကြီးကတော့ ညီဖြစ်သူကို ထပ်ရိုက်ချင်သေးသည့် ပေစောင်းစောင်း မျက်နှာပေးဖြင့် စိုက်ကြည့်နေ၏။ ဖိုးကိုက အားလုံးကို လိုက်ကြည့်ပြီး ဟီး

www.burmeseclassic.com

ခနဲ ရယ်ပြသည်။

'ဟဲဟဲ အားလုံး လန့်သွားကြတယ်မလား။ ဘယ့်နှယ်လဲ ကျွန်တော်သရုပ်ဆောင်တာ ပီပြင်တယ်မလား'

သူ့စကားအဆုံးမှာ တစ်ယောက်တစ်ခွန်း ဝိုင်းဆဲသံတွေနှင့် ဆူညံကုန်၏။ အစ်ကိုကြီးက 'ကဲ အကြောင်းသိပြီဆိုတော့ နောက်တစ်ခါ ဒါမျိုးဖြစ်ရင် ငါ့ကို လာခေါ်မနေနဲ့။ ဆရာဝန်လည်း ခေါ်ပေးမနေနဲ့။ လက်နဲ့လည်း အနာခံ ရိုက်မနေနဲ့။ ခြေထောက်နဲ့သာ နာနာဆောင့်ကန်ပေးလိုက်ကြ။ ပတ်ဝန်းကျင်ကို အလကား အိပ်ရေးပျက်အောင် သက်သက် ဒုက္ခပေးတဲ့ကောင်။ တစ်ရက်တစ်ရက် အသက်သာကြီးပြီး အချိန်က စီးမလာဘူး' ဟု ဆိုပြီး သူ့အိမ်သူ ထ,ပြန်သွားသည်။ စိတ်ပူစရာ မရှိတော့ပြီမို့ အိမ်နီးချင်းတွေလည်းခုမှ သူ့အိမ်ကိုယ့်အိမ် ပြန်အိပ်ခွင့် ရကြတော့သည်။ မချစ်တို့ လင်မယားမှာ အားလုံးကို အားလည်းနာ၊ ကျေးဇူးလည်းတင်စွာ တောင်းပန်စကား အထပ်ထပ် ဆိုလိုက်ကြရပါ၏။ ဘယ်သူမှ မကျန်တော့ဘူးဆိုမှ မချစ်က မတ်တော်မောင် ခေါင်းကို အားရပါးရ 'ဒေါက်'ခနဲ ခေါက်ထည့်ပစ်လိုက်သည်။

'သေနာ ငါတို့မှာ အဟုတ်မှတ်လို့ လန့်သွားတာ လိပ်ပြာတောင် လွင့်တော့မယ်'

'ဟားဟား အစ်ကိုက လည်းငိုနေတာ ရယ်ရတယ်'

သူများတွေကို အရှုးလုပ်နိုင်လိုက်သည်ကိုပဲ အားရဝမ်းသာနေသည့် ညီဖြစ်သူကို ကြည့်ပြီး ကိုထွေးက ရှက်ဒေါသနှင့် လက်သီး တပြင်ပြင် ပြန်ဖြစ်နေသည်။

'နေစမ်းပါဦး၊ နင်က ဘာကိစ္စနဲ့ ငါတို့ကို အဲဒီလို လုပ်ရတာလဲ'

'ဘာလုပ်ရမှာလဲ၊ မချစ်တို့ကို လက်စားချေတာပေါ့'

'ငါတို့ကို လက်စားချေတာ'

'ဟုတ်တယ်လေ။ ကိုယ့်ကိုယ်ကိုပဲ ပြန်စဉ်းစားကြည့်လိုက်ကြပါဦး။ အရက်သောက်ရင် သောက်ပြန်ပြီ၊ ဖဲရိုက်ရင် ရိုက်ပြန်ပြီ၊ ရန်ဖြစ်ရင် ဖြစ်ပြန်ပြီ၊ သူခိုးကြမ်းပိုးတွေနဲ့ပေါင်းရင် ပေါင်းပြန်ပြီနဲ့ တစ်သက်လုံး ငါလုပ်သမျှ ဘေးကကြည့်ပြီး လိုက်ပြောနေလို့ ငါ့ခမျာ ဘယ်တုန်းကများ ကိုယ်လုပ်ချင်ရာကို စိတ်ချမ်းသာသာ၊ လွတ်လွတ်လပ်လပ်နဲ့ လုပ်ခဲ့ရတာ ရှိလို့လဲ။ အဲဒါကြောင့် ငါ့ကို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် အမြဲ ဒုက္ခပေးလာတဲ့ နင်တို့ကို အခွင့်ကြုံတုန်းလေး ပြန်လက်စားချေလိုက်တာ အခု မှတ်ပြီလား'

'ဟေ'

လင်မယားနှစ်ယောက်လုံး ပြိုင်တူ ရေရွတ်မိကာ ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။ ပြောစရာရှိတာ ပြောပြီးသွားသည့် ဖိုးကိုကတော့ အောင်နိုင်သူတစ်ယောက်ပမာ ကျေနပ်အားရနေသော မျက်နှာထားဖြင့် ရင်ကော့ ခေါင်းမော့၍ အိမ်ထဲမှ မြိန့်မြိန့်ကြီး လှမ်းထွက်သွားလေပြီ။ ကိုထွေးနှင့် မချစ်တို့မှာတော့ ဖိုးကို အိမ်အောက်ထပ် ရောက်သွားချိန်အထိ ဟောင်းလောင်းပွင့်နေသည့် ပါးစပ်တွေ ပြန်မပိတ်နိုင်ကြသေး။ ။

■

**ဌေးစင်ယော်ဦး၊မိုးကုတ်၊**




**သင့်ရင်သွေးနာမည်ပေးမယ်ဆိုလျှင် "မုလပထမ"**

**ဗေဒသုခုမ**

**မှာ**

**အပ်နှံမှ စိတ်ချရမယ်။ ဖုန်းတစ်ချက်သာ ဆက်လိုက်ပါ။**

■ သင့်ရင်သွေးအတွက် ပညာထူးချွန်ထက်မြက်ပြီး ဘဝတစ်လျှောက်လုံး ကံကောင်း တိုးတက်အောင်မြင်စေမည့် နာမည်လှလှ ရွေးချယ်စရာများစွာနှင့် ဟောစာတမ်း၊ နာမည်ပေးလမ်းညွှန် ကြိုစက္ကဇာတာများကို ကွန်ပျူတာနှင့်ရွေးချယ်ပေးပြီး အိမ်အရောက်ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။

■ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မိဘပေါင်းများစွာယုံကြည်စိတ်ချအားထားသလို သင်လည်းယုံကြည်စိတ်ချနိုင်ပါသည်။ (နယ်သို့ V.P.L စနစ်ဖြင့် စာတိုက်မှပို့ပေးသည်)

■ ၁၉၉၈ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ယနေ့တိုင် အောင်မြင်လျက်ရှိပါသည်။

**ဒေါက်တာတင်မိုလ်မိုလ်** (နာမက္ခရ ကျွမ်းကျင်ပညာရှင်) ကိုယ်တိုင် နာမည်ပေးသည်။

**(နာမည်ပေးလုပ်ငန်းဆင်တူရိုးမှားများနှင့်မကြာခဏမှားယွင်းတတ်ပါ၍မိဘများသတိပြုကြပါ)**

အမှတ်-၄၆၊ အခန်း-(၆)၊ နံ့သာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၂၂၈၆၆၅၊၀၉-၇၃၀၇၇၇၃၀၊၀၉-၅၀၇၄၂၂၆

**Website: www.baydathukhuma.com**




www.burmeseclassic.com

www.burmeseclassic.com



**ခေါင်းဆောင်ကောင်းတို့၏အရည်အချင်း - ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ**

စီးပွားရေး၊ နိုင်ငံရေးနယ်ပယ်များနှင့် ခေါင်းဆောင်မှု အခန်းကဏ္ဍတွင် ခေါင်းဆောင်ကောင်းဖြစ်လိုသူလူငယ်များနှင့် လူကြီးများအတွက် လိုက်နာ ကျင့်ကြံအားထုတ်နိုင်ရန် ရေးသားထားသော စာအုပ်ဖြစ်ပါသည်။ ခေါင်းဆောင်ကောင်းတို့၏အရည်အချင်းကို ဗုဒ္ဓ၏အဆုံးအမ၊ လမ်းညွှန်ချက်ရှုထောင့်မှ ရေးသားထားခြင်းဖြစ်သည်။ ပင်ကိုအရည်အချင်း၊ ခေါင်းဆောင်ကောင်းတို့၏ အင်္ဂါရပ်များ၊ ခေါင်းဆောင်ကောင်းတို့၏ အပြောအဆို၊ စကားပြောနည်း၊ ခေါင်းဆောင်ကောင်းတို့၏ အမူအရာ၊ မြတ်စွာဘုရားနှင့် ဆရာတော်ကြီးများ၏ အတုယူဖွယ် အမူအရာများ စသဖြင့် ခေါင်းစဉ် ၂၅ ခုဖြင့် လက်တွေ့ကျကျ လိုက်နာကျင့်ကြံနိုင်ရန် လမ်းညွှန်ရေးသားထားသည်။

**မြတ်ဗုဒ္ဓတရားတော်များနှင့် မြန်မာစကားပုံများ - ဓမ္မာစရိယ ဦးအေးနိုင်(ဘီအေ)**



ဓမ္မအတွေ့အကြုံမှ ဖြစ်ပေါ်လာခဲ့သည့်စကားပုံများသည် ဗုဒ္ဓမြတ်စွာ၏တရားဒေသနာတော်များကို အသီးသီးဖော်ညွှန်းလျက်ရှိနေကြသည်။ စကားပုံများမှ ညွှန်ပြထားသော ဗုဒ္ဓတရားတော်များကို သိရှိလိုက်နာကျင့်ကြံ၍လောကီအကျိုး လောကုတ္တရာအကျိုးများရရှိရန် ရည်သန်ရေးသားထားသော စာအုပ်ဖြစ်သည်။ ဆုံးမသြဝါဒများကို ပေးလိုသည့်အခါ ငိုးငိုးစကားဖြင့် ဆုံးမသြဝါဒပေးသည်ထက် စကားပုံများကိုရှတ်ဆိုပြီး၊ သို့မဟုတ် ရေးသားပြီး ဆုံးမသြဝါဒပေးခြင်းက ပို၍ထိရောက်နိုင်စေကြောင်း လမ်းညွှန်ထားပါသည်။



**ဂျပန်နိုင်ငံ၏ အဓိကဘဏ်စနစ် - မောင်ကြည်ညို(ဝါထိုင္ဃ)**

ဒုတိယကမ္ဘာစစ်အပြီး ပြာပုံဘဝမှရုန်းထခဲ့ရသော ဂျပန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အဓိကအကြောင်းရင်း တစ်ရပ်ဖြစ်စေခဲ့သော အဓိကဘဏ်စနစ်(Main Bank System) အကြောင်း ရေးသားထားသည်။ အဆိုပါ အဓိကဘဏ်စနစ်သည် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြင့်မားစေရန် အဓိကမောင်းနှင်အားကို ဖြစ်ပေါ်စေနိုင်သည့် အသင့်လျော်ဆုံးစနစ်ဟုဆိုသည်။ စီးပွားရေးလုပ်ငန်းများနှင့် ဘဏ်များ လက်ပွန်းတတီး လက်တွဲဆောင်ရွက်ပုံကို အသေးစိတ် ဖော်ပြထားပြီး မြန်မာနိုင်ငံအတွက် လမ်းစတစ်ခု ဖော်ညွှန်းထားသည်။ စီးပွားရေးလောကအတွင်းကျင်လည်ကြကုန်သူအားလုံး၊ အသိပညာ၊ အတတ်ပညာမြင့်ဝေသူများ၊ ငွေကြေးဈေးကွက်တွင် လုပ်ရှားသူများ၊ စီးပွားရေးလုပ်ဆောင်သူများက ကြိုဆိုရမည့်စာတစ်အုပ် ဖြစ်သည်။

**အလင်းသစ်ရာထူးဝင်ခွင့်လမ်းညွှန် - အလင်းသစ်စာတည်းအဖွဲ့**



နည်းပြ၊ သရုပ်ပြများ၊ စိမံခန့်ခွဲရေးဝန်ထမ်း(၁)၊ ဥပဒေအရာရှိအဆင့်(၄)၊ ဒုမြို့နယ်တရားသူကြီးများ၊ ဒု-ဦးစီးမှူးများ၊ ဒု-အကောက်ခွန်မှူးများ၊ ဒု-စီမံကိန်းမှူးများ စသည့် ဌာနဆိုင်ရာ အရာရှိငယ်များနှင့် မြန်တမ်းဝင်အရာရှိရာထူးအားလုံးအတွက် ရေးဖြေ၊ နှုတ်ဖြေဖြေဆိုရာတွင် လက်ကိုင်ပြုနိုင်ရန်ပြုစုထားသည်။ အထွေထွေဗဟုသုတနှင့် မြန်မာစာ ဘာသာရပ်များပါဝင်သည်။ ရာထူးဝင် စာမေးပွဲဖြေဆိုမည့်သူများ၏လိုအပ်ချက်များအတွက် အချိန်တိုအတွင်းအကျိုးပြုနိုင်အောင် စေတနာအရင်းခံဖြင့် ပြုစုထားသောစာအုပ်ဖြစ်သည်။



**ထေရုပ်ဒါရှုထောင့် - မင်းနန္ဒ(မော်ကျွန်း)**

လူသားတစ်ယောက်၏ ဝဋ်ကျောင်ပြောင်ရှုန်းသော ဘဝကောင်းဘဝမွန်ကိုရရှိရန် မြတ်ဗုဒ္ဓလမ်းညွှန်ချက်အတိုင်း မိမိကိုယ်တိုင် တိတိပပ လိုက်နာကျင့်သုံးသော ဓမ္မတာသာ ဖန်တီးနိုင်ကြောင်း လမ်းညွှန်ရေးသားထားသည့် စာအုပ်ဖြစ်သည်။ သီလမှုမလုံခြုံလျှင် သမာဓိလည်းမဖြစ်၊ လောဘလည်း ပါးလျား၍မလာ၊ ဘာတရားထူးမှုလည်းမရနိုင်၊ သောတာပန် ဖြစ်ဖို့ဆိုသည်မှာဝေးလေစွ၊ ထို့ကြောင့်လည်း အယူအမြင်မှန်ကန်ခြင်းနှင့် သီလစင်ကြယ်ခြင်းသည်ကောင်းမှုကုသိုလ်တို့၏ အစအမွန်ဖြစ်ကြောင်း ဖော်ပြထားသည်။

**မြတ်ဗုဒ္ဓလက်ထက် ပါရမီရှင်အမျိုးသမီးများ**



အရာရာ၌ ယောက်ျားများသာ စဉ်းစားဆုံးဖြတ်နိုင်သောအသိဉာဏ်ရှိသည်မဟုတ်၊ မိန်းမသားများသည်လည်း ထိုထိုအရာ၌ ဆင်ခြင်ဆုံးဖြတ်နိုင်သော အသိဉာဏ်ရှိသည်သာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစေရန် ဗုဒ္ဓမြတ်စွာလက်ထက် ထင်ရှားထူးချွန်သောပါရမီရှင်အမျိုးသမီး ၁၂ ဦး၏အကြောင်းကိုရေးသားထားခြင်းဖြစ်သည်။ မဟာပဇာပတိဂေါတမီ၊ ယသော်ဓရာဒေဝီ၊ ခေမာဒေဝီ၊ ပဋာစာရာ၊ မိဂါရ မာတာ ဝိသာခါ၊ အမ္ဗပါလီ၊ ရူပနန္ဒာ၊ သုမနဒေဝီ၊ ဒီဃဂေါသီ၊ ဥတ္တရာနှင့် သိရိမာ၊ တပါ၊ ဥပ္ပလဝဏ္ဏာတို့ ပါဝင်ပါသည်။

**အလင်းသစ်**

အလင်းသစ်စာပေ၊ အခန်း-၆၀၁၊ အမှတ်-၁၇၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၀၄၀၉၇၊ ၂၀၄၀၉၈၊ လိုင်းခွဲ-၂၅၄၊ ၀၉ ၅၄၀ ၀၁၀၂။

ထွက်ပြီ

Designed by Lynn Wunna

www.burmeseclassic.com

www.burmeseclassic.com



# ပန်းညိုတောသားများ

## စိုးဖြူ

၁။

'လေးလေးရေ…
လေးလေး'
အိမ်ရှေ့က ခေါ်သံကြား
လိုက်ရလို့
ဦးလူဒင်တစ်ယောက်
အိမ်ထဲက
ထွက်ကြည့်လိုက်တယ်
ဆိုရင်ပဲ သူ့တပည့်ဝမ်းကွဲ
မောင်ဇော်ကို
တွေ့လိုက်ရတယ်။
မောင်ဇော်က
ကျေးလက်ရွာလေးတစ်ရွာမှာ
မူလတန်းကျောင်းအုပ်
လုပ်နေတယ်။
'ဟာ…မောင်ဇော်
ပါလား။ လာလေကွာ'
မောင်ဇော်က နီးစပ်ရာ
ကုလားထိုင်တစ်လုံးပေါ်မှာ
ဝင်ထိုင်လိုက်ရင်း-
'လာမယ့်သာ လာရတာ
လေးလေးရေ၊
လေးလေး အိမ်မှာ
ရှိမှ ရှိပါ့မလားလို့'
'ရှိပါတယ်ကွာ။ ဒီနေ့က
တနင်္ဂနွေနေ့ဆိုတော့
ငါ့ရုံး ပိတ်ရက်ပဲဟာ'
'ဒေါ်လေးရော
မမြင်ပါလား'
'မင်းဒေါ်လေး
ဟိုဘက်ရပ်ကွက်
ခဏသွားတယ်'
'လေးလေး၊ ကျွန်တော်





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

လေးလေးကို အကူအညီတစ်ခု တောင်းစရာရှိလို့'

မောင်ဇော့်စကားကို ကြားလိုက်ရတော့ ဦးလူဒင် နည်းနည်း တုန်လှုပ်သွားတယ်။ ဒီကောင်တောင်းမယ့် အကူအညီက ငွေရေးကြေးရေး အကူအညီမျိုးဆိုရင် ဒုက္ခလို့လည်း တွေးလိုက်မိတယ်။ ဒါပေမဲ့ ဟန်ကိုယ်ဖို့ အနေနဲ့–

'ပြောလေကွာ ဘာအကူအညီလဲ'

'ဒီလို လေးလေးရ၊ ကျွန်တော် အခုစာသင်နေတဲ့ ရွာရဲ့မူလတန်းကျောင်းလေးမှာ စာကြည့်တိုက်ဖွင့်ပွဲ လုပ်ချင်တယ်။ အဲဒီစာကြည့်တိုက် ဖွင့်ပွဲမှာ စာပေဟောပြောပွဲပါမှ ကောင်းမှာပေါ့။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် လေးလေးကို လာပြီး အကူအညီတောင်းတာ။ လေးလေးအနေနဲ့ ကျွန်တော်တို့ရွာမှာ စာပေဟောပြောပွဲ လာဟောပေးဖို့'

မောင်ဇော်ရဲ့ စကားကြောင့် ဦးလူဒင် မျက်လုံးပြူးသွားတယ်။

'ဟ…ငါ့တူရ။ ငါက မြို့နယ်မဂ္ဂဇင်းလေးတွေမှာ စာလေးနည်းနည်းပါးပါးပဲ ရေးဖူးတာ။ စာပေဟောပြောပွဲဆိုရင် နိုင်ငံကျော် စာရေးဆရာကြီးတွေကိုခေါ်ပါလား'

လို့ အကြံပေးလိုက်တော့–

'ခေါ်တော့ ခေါ်ချင်တာပေါ့ဗျာ။ ဒါပေမဲ့ ဟောပြောပွဲ အကျော်အမော် ဆရာကြီးတွေကို ခေါ်ရင် ဥာဏ်ပူဇော်ခ သိန်းချီပေးရတယ်ကြားတယ်။ နောက်ပြီး သူတို့နဲ့ ကျွန်တော်မှ မသိတော့

> ဟောပြောပွဲ
> အကျော်အမော်
> ဆရာကြီးတွေကို
> ခေါ်ရင်
> ဉာဏ်ပူဇော်ခ
> သိန်းချီပေးရတယ်
> ကြားတယ်
> နောက်ပြီး
> သူတို့နဲ့
> ကျွန်တော်မှ
> မသိတော့
> ဘယ်လို
> ဆက်သွယ်ရမှန်း
> မသိဘူး
> အရေးအကြီးဆုံး
> ကတော့
> ရန်ပုံငွေ
> ပြဿနာပဲ

ဘယ်လိုဆက်သွယ်ရမှန်း မသိဘူး။ အရေးအကြီးဆုံးကတော့ ရန်ပုံငွေပြဿနာပဲ။ ကျွန်တော်တို့လက်ထဲမှာ နာမည်ကြီး ဆရာကြီးတွေကို ခေါ်ဖို့ ငွေအလုံအလောက် မရှိဘူး'

ဦးလူဒင် ခဏ တွေဝေသွားတယ်။ ဟောပြောပွဲဆိုတာမျိုးကို သူ တစ်ခါမှ မဟောဖူးဘူး။ ဒီ တစ်ခါ သူ့အတွက် အခွင့်အရေးတစ်ရပ်လို့လည်း တွေးလိုက်မိတယ်။

'နေစမ်းပါဦး မောင်ဇော်ရ၊ ငါက နာမည်မရှိတဲ့ စာရေးဆရာပဲ။ ငါရေးတဲ့စာ အားလုံးပေါင်းလို့မှ ဆယ်ပုဒ်တောင်မပြည့်ချင်ဘူး။ မင်းတို့ရွာက သိပ့်မလား'လို့ မေးလိုက်တော့ မောင်ဇော်က ပြုံးတယ်။

'လေးလေးကလည်း ဒီစာပေဟောပြောပွဲ ဖြစ်မြောက်ဖို့ ကျွန်တော်ပဲ ဦးဆောင်တာ။ ကျွန်တော်တိုက်တွန်းလို့သာ ရွာကလူတွေက သဘောတူတာ။ သူတို့က ဒီခေတ် စာရေးဆရာတွေကို သိပ်ကြားဖူးတာ မဟုတ်ဘူး။ အဘိုးကြီးတစ်ယောက်က ပြောလိုက်သေးတယ်။ ဆရာကြီး ပီမိုးနင်းကို ပါအောင်ခေါ်လို့ မရဘူးလားတဲ့'

မောင်ဇော်ရဲ့ စကားကြောင့် ဦးလူဒင် ပြုံးချင်ချင် ဖြစ်သွားတယ်။

'ကောင်းပြီလေ။ မင်းတို့စာပေဟောပြောပွဲက ဘယ်တော့လဲ'

'ရှေ့အပတ် တနင်္ဂနွေနေ့၊ လေးလေး အားတယ်မဟုတ်လား။ သုံးခွကိုသာ ရောက်အောင်လာခဲ့။ သုံးခွကနေ ကျွန်တော်တို့ရွာကို ဆိုင်ကယ်ကယ်ရီစီးရင် နာရီဝက်ကျော်ကျော်လောက် ကြာတယ်။ အခု ကျွန်တော် ပြန်ဦးမယ်၊ မြို့ထဲမှာ ကိစ္စလေးတွေ ရှိသေးလို့။ လေးလေးသာ လာမယ့်တနင်္ဂနွေနေ့ မနက်ကိုးနာရီလောက် သုံးခွရောက်အောင် လာနော်။ နေ့ချင်းပြန်လို့ရအောင် ကျွန်တော် စီစဉ်ပေးမယ်'

❑

၂။

မောင်ဇော် ပြန်သွားပြီးတဲ့နောက် စာပေဟောပြောပွဲမှာပြောဖို့ အကြောင်းအရာတွေ ဦးလူဒင် တွေးနေမိတယ်။ ဒီအတိုင်းတော့ မဖြစ်သေးပါဘူး။ ဆရာ့ဆရာကြီးတွေရဲ့ဟောပြောပုံတွေကို အတုယူဦးမှာပါဆိုပြီး သူ့မိတ်ဆွေ ကျောင်းဆရာဟောင်းကြီး ဦးမြဆီသွားတယ်။ ဦးမြဆီက ဟောပြောပွဲ အကျော်အမော် စာရေးဆရာကြီးတွေရဲ့ စာပေဟောပြောပွဲ အခွေတွေကို ငှားလိုက်တယ်။ အိမ်ရောက်တော့မှ တစ်ခွေပြီးတစ်ခွေ သေသေချာချာ နားထောင်လိုက်တယ်။ ဆရာကြီးတွေက နိုင်ငံရေးအကြောင်းတွေ ရဲရဲတောက်ကိုဟောတာ။ ကဗျာတွေလည်း ရွတ်တယ်။ သီချင်းတွေဆိုတာလည်း ပါလိုက်သေးတယ်။ တကယ့်ကို အပြောကောင်း၊ အဆိုကောင်း ဆရာကြီးတွေပါလားလို့ သူ စိတ်ထဲက အောက်မေ့မိလိုက်တယ်။ ဗိုလ်ချုပ်အောင်ဆန်း အကြောင်းပြောတဲ့ နေရာမှာလည်း အသက်ဝင်လိုက်ကြတာ၊ ပရိသတ် လက်ခုပ်သံတွေကလည်း တဖြောင်းဖြောင်းနဲ့။ လူတွေကလည်း စည်ကားလိုက်တာ။ ဒီတော့ ဦးလူဒင်က ဒီဆရာကြီးတွေရဲ့ ဟောပြောပုံထဲက ဘာကိုယူရင် ကောင်းမလဲဆိုပြီး စဉ်းစားလိုက်တော့ နိုင်ငံရေး အကြောင်းတွေ၊ စီးပွားရေး အကြောင်းတွေကို ဝေဖန်ရလောက်အောင် သူ့မှာ ဝမ်းစာ မရှိဘူး။ ဒီတော့ သီချင်းဆိုတဲ့နည်းနဲ့ပဲ ပရိသတ်ကို ထိန်းမယ်လို့ဆုံးဖြတ်လိုက်တယ်။ နောက်ပြီး သူ့ပရိသတ်က ... ပရိသတ်ဆိုတော့ ...ရတဲ့ သီချင်းတွေနဲ့ အံဝင်ခွင်ကျ...



www.burmeseclassic.com

www.burmeseclassic.com

သော်လို့လည်း တွေးလိုက်မိတယ်။

ဦးလူဒင် ငယ်ငယ်တုန်းက တွံတေးသိန်းတန်သီချင်းတွေကို သိပ်ကြိုက်တယ်။ သူဆိုတဲ့အသံက တွံတေး သိန်းတန်အသံနဲ့ တော်တော်လေးဆင်တယ်လို့ပြောတဲ့ သူတွေတောင် ရှိသေးတယ်။ ဒါကြောင့်မို့လို့ သူ ဒီရက်ပိုင်းအတွင်းမှာ ရုံးကနေ အိမ်ပြန်ရောက်တာနဲ့ တွံတေးသိန်းတန်သီချင်းတွေ ပြန်ဆိုတယ်။ သူ့ဇနီးကိုတောင် မေးကြည့်လိုက်သေးတယ်။

'မိန်းမ၊ ငါ သီချင်းဆိုတာ အရင်အသံကို မီရဲ့လား'

'တော်ကလည်း မကြီးငယ်နဲ့၊ ဘာတွေ သူငယ်ပြန်နေပြန်ပြီလဲ'

'ငါ့မှာ အကြောင်းရှိလို့ပါဟာ'

စနေနေ့ညလောက်လည်းရောက်တော့ သူလိုချင်တဲ့ အသံအနေအထားကို ပြန်ရသွားတယ်။ ခရီးဆောင်အိတ်ထဲမှာလည်း တိုက်ပုံအင်္ကျီအဖြူနဲ့ ရခိုင်ပုဆိုးအပြာကို သေသေချာချာ ထည့်လိုက်တယ်။

❑

၃။

နောက်တစ်နေ့ မနက်စောစောမှာ ဦးလူဒင်ဟာ အောင်မီဂိတ်ကနေ သုံးခွကားစီးပြီး ထွက်လာခဲ့တယ်။ သုံးခွကိုရောက်တော့ ရှစ်နာရီခွဲပြီးခါစပဲ ရှိသေးတယ်။ ကားပေါ်က ဆင်းဆင်းချင်းပဲ မောင်ဇော်နဲ့ ရွာသားတစ်ယောက် သူ့ကို ဆိုင်ကယ်တွေ ကိုယ်စီနဲ့ လာကြိုတာကို တွေ့လိုက်ရတယ်။

'လာ လေးလေး'လို့ ခေါ်ပြီး မောင်ဇော်က သူနဲ့ အတူပါလာတဲ့ ရွာသားကို သာကျော်နဲ့ မိတ်ဆက်ပေးတယ်။ မောင်ဇော်က သူ့ဆိုင်ကယ်ပေါ်မှာ ဦးလူဒင်ကို တင်လိုက်တယ်။ အဲဒီနောက်မှာ သုံးခွကနေ နာရီဝက်သာသာလောက် ဆိုင်ကယ်စီးရတဲ့ ရွာကလေးဘက် ဦးတည်ပြီး မောင်းခဲ့ကြတယ်။ ဦးလူဒင်က မေးလိုက်တယ်။

'ဟောပြောပွဲက ဘယ်နှစ်နာရီ စ,မှာလဲကွ'

'နေ့ခင်းတစ်ချက်ထိုးဗျ။ လေးလေးကို ကျွန်တော် ရွာလူကြီးအိမ်ကို ပို့ပေးမယ်။ အဲဒီအိမ်မှာ ခဏနားလေ။ နားရင်းနဲ့ ဟောဖို့ပြောဖို့ကိုပဲ တွေးထား လေးလေးရေ။ ကျွန်တော်တို့ ရွာသားတွေက ဟောပြောပွဲအတွက် လူစုတာတွေ၊ နေရာအခင်းအကျင်းတွေ ပြင်ဆင်ရဦးမယ်။ လေးလေး ထမင်းစားဖို့ အဲဒီအိမ်ကပဲ စီမံပေးလိမ့်မယ်'

အဲသလိုနဲ့ ဆိုင်ကယ်လေးဟာ ရွာထဲကို ဝင်ခါစမှာပဲ ရေကန်ကြီးတစ်ကန်ကို တွေ့လိုက်ရတယ်။ နောက်ပြီး အနားမှာလည်း ခရေပင်ကြီးတစ်ပင်ကို တွေ့လိုက်ရလို့ ဦးလူဒင် စိတ်ကူးတစ်ခု ရသွားတယ်။ ဒါကြောင့် လက်ဖျောက်တစ်ချက် တီးလိုက်တယ်။

ရွာကို ရောက်ရောက်ချင်းမှာ မောင်ဇော်က ဦးလူဒင်ကို ရပ်ရွာလူကြီးအိမ်တစ်အိမ်ကို ခေါ်သွားတယ်။ အဲဒီအိမ်မှာပဲ ရေချိုး၊ ထမင်းစားပြီးတဲ့နောက် ဟောပြောဖို့ အကြောင်းအရာတွေကိုပဲ ဦးလူဒင် စိတ်ကူးပတ်ကုံး တွေးနေမိတယ်။ တစ်ခါမှ အတွေ့အကြုံမရှိတော့ စိတ်လှုပ်ရှားမိတာကတော့ အမှန်ပဲ။

စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကတော့ ကျေးရွာမူလတန်းကျောင်းကလေးရဲ့ ခန်းမထဲမှာဖြစ်တယ်။ စာကြည့်တိုက်ကို ဦးလူဒင် အကဲခတ်လိုက်တော့ လကျော်မဂ္ဂဇင်းတွေနဲ့ ဂျာနယ် အဟောင်းတွေကိုပဲ အများဆုံး တွေ့လိုက်ရတယ်။ ဟောပြောပွဲအတွက် စင်တွေ မိုက်ခရိုဖုန်းတွေနဲ့ အတတ်နိုင်ဆုံးတော့ ပြင်ဆင်ထားပေးပါတယ်။ ကုက္ကိုပင်ကြီးအပေါ်မှာလည်း အသံချဲ့စက် တပ်ဆင်ထားသေးတယ်။ နောက်ပြီး လာနားထောင်မယ့် ပရိသတ်တွေထိုင်ဖို့ သမံတလင်းပေါ်မှာ ဖျာကြမ်းခင်းပေးထားတယ်။ ဟောပြောပွဲ စ,မှာ တစ်နာရီဖြစ်ပေမဲ့ ဆယ့်နှစ်နာရီခွဲကတည်းက လူပြည့်နေလို့ ဆယ်မိနစ်လောက် စောပြီးပဲ စ,လိုက်ကြရတယ်။ ပရိသတ်တွေအထဲမှာ ကလေးပရိသတ်ကပဲ တော်တော်များတယ်။ အခမ်းနားမှူးလုပ်တဲ့ ကျောင်းအုပ်ဆရာလေး မောင်ဇော်က ဦးလူဒင်ရဲ့ အတ္ထုပ္ပတ္တိကို စတင်ဖတ်ကြားတယ်။ အဲဒီနောက်မှာ ဦးလူဒင်ရဲ့ ဟောပြောပွဲ စတင်တော့တယ်။ တိုက်ပုံအင်္ကျီအဖြူ၊ ရခိုင်ပုဆိုးအပြာနဲ့ ဦးလူဒင် စင်မြင့်ပေါ်ကို ရောက်လာပြီ။ ဆရာလေးမောင်ဇော်က ဦးရီးတော်ကို ပွဲထုတ်လိုက်တာမှန်ပေမဲ့ တကယ်တမ်း ပွဲစတော့ စိတ်ပူမိတယ်။ တကယ်လို့များ ပရိသတ်တွေက ဦးလူဒင်ဟောတာကို လက်မခံဘဲ ထပြန်ကုန်ရင် ပွဲတော့ ပျက်ပြီလို့ တွေးမိတယ်။ သူစိုးရိမ်နေတုန်းမှာပဲ ဦးလူဒင်ရဲ့ အသံက အောင်အောင်မြင်မြင် ထွက်ပေါ်လာတယ်။

'ပရိသတ်များခင်ဗျာ၊ ကျွန်တော်ဟာ အခု ရန်ကုန်မှာနေပေမဲ့ ဇာတိကတော့ အညာက ရွာလေးတစ်ရွာပါ။ အဲဒီတော့ ကျေးလက်ကို ချစ်ပါတယ်။ ဒီရွာကလေးရဲ့ အဝင်မှာပဲ ရေကန်ကြီးနဲ့ ခရေပင်ကြီးကို တွေ့လိုက်ရလို့ ငယ်ဘဝကိုတောင် ပြန်သတိရမိပါတယ်'

ဦးလူဒင် ပရိသတ်ကို အကဲခတ်လိုက်တော့ ပရိသတ်က ငြိမ်ငြိမ်သက်သက်နဲ့ နားထောင်နေတာကို တွေ့လိုက်ရတယ်။ သူ အားတက်သွားတယ်။ အဲဒါကြောင့်-

'ဒီတော့ ကျွန်တော် ဘာသွားသတိရသလဲဆိုတော့ နိုင်ငံကျော် အဆိုတော်ကြီး တွံတေးသိန်းတန်ရဲ့ *ကိုယ်ရယ်၊ မင်းရယ် ပိတောက်ရယ်*ကို သွားပြီး သတိရမိတယ်။ *ကန်ပတ်လည်... ခရေရိပ်၊ ရွာထိပ်က ကျောင်းတော်သာ နံဘေးဝယ်၊ မခွဲတမ်းကြင်မယ် သည်စကား မေ့ပြီလားကွယ် အချစ်ရယ်...*'ဆိုပြီး အစချီကာ တစ်ပုဒ်လုံးဆုံးအောင် ဆိုပြလိုက်တယ်။ သူကိုယ်တိုင်လည်း သူ့သီချင်းသံမှာ စျာန်ဝင်သွားတယ်။ သူ့သီချင်းဆုံးတဲ့အခါ ပရိသတ် ရုတ်တရက် ငြိမ်နေတယ်။

'လက်ခုပ်တီးကြပါဗျာ'လို့ ဦးလူဒင်က သင်္


www.burmeseclassic.com

www.burmeseclassic.com

ပေးလိုက်တော့မှ ဖြောင်း ဖြောင်းဖြောင်းဆိုတဲ့ လက်ခုပ်သံတွေ ညံနေအောင် ထွက်လာတယ်။ ဦးလှဒင်က သူ့ဟောပြောပွဲကို ပြန်ဆက်တယ်။ ဒီတော့မှ မောင်ဇော်လည်း ဟင်းချနိုင်တယ်။ ဘာပဲပြောပြော ပရိသတ်ရဲ့ လက်ခုပ်သံ ထွက်လာတယ်ဆိုတော့ အဖွင့်ကောင်းပြီလို့ မောင်ဇော်တွက်လိုက်တယ်။ စာပေနဲ့ပတ်သက်ပြီး ဦးလှဒင် ဘာပြောမယ်ဆိုတာကို သူ မသိသေးဘူး။ ပရိသတ်တစ်ယောက်အနေနဲ့ သူစိတ်ဝင်တစား နားစွင့်နေတယ်။ ဦးလှဒင်ရဲ့ လေသံကလည်း လေထုထဲမှာ မျောလွင့်နေတယ်။

'အခုလို မူလတန်းကျောင်းလေးမှာ လာပြီး ကျွန်တော် ဟောပြောရတော့ ငယ်ငယ်တုန်းက ကျောင်းတက်ခဲ့ရတဲ့ ဘဝတွေကို ပြန်လွမ်းမိတာပေါ့'

အဲဒီနောက်မှာ '*ခေါင်းလောင်းသံ တညံ့ညံ့ပေးတဲ့… ရွာကျောင်းကို ပြေးမြင်မိရင် သတိရနေတယ် သူငယ်ချင်းရေ၊ တို့များငယ်ငယ်တုန်းက ရွာဝင်လမ်းဆီကနေ…*'လို့ အစချီလိုက်ပြီး *အသီးတစ်ရာအညှာတစ်ခု* သီချင်းကို အစအဆုံး ဆိုပြလိုက်တယ်။

ပရိသတ်တွေကလည်း တုတ်တုတ်မှကို မလှုပ်ဘူး။ ငြိမ်သက်နေတာပဲ။ ဒီတစ်ခါ သီချင်းလည်းဆုံးရော ဦးလှဒင် ဘာတစ်ခွန်းမှ ပြောစရာ မလိုတော့ဘူး။ ပရိသတ်က တိုင်ပင်ထားတစရာမလိုဘဲ လက်ခုပ်လက်ဝါး တဖြောင်းဖြောင်း တီးကြတယ်။ ဦးလှဒင် ပရိသတ်ကို အထိုက်အလျောက် လွှမ်းမိုးနိုင်တယ်ဆိုတာ မောင်ဇော် တွေ့လိုက်ရတယ်။ ဒါပေမဲ့ သီချင်းနှစ်ပုဒ်တောင် ဆိုပြီးပြီဆိုတော့ တော်လောက်ပြီလို့ မောင်ဇော်ထင်တယ်။

သီချင်းနှစ်ပုဒ်လည်း ဆိုပြီးသွားရော စာပေအကြောင်း ပြောမှ ဖြစ်တော့မယ်လို့ ဦးလှဒင် တွက်ဆလိုက်တယ်။ သူရွေးချယ်ထားတဲ့ အကြောင်းအရာကတော့ ကလေးသူငယ်တွေအတွက် ရည်ရွယ်တဲ့ နှမ်းခိုးစားသောမင်းသားအကြောင်း ပုံပြင်ပါပဲ။ ဒါပေမဲ့ ဒီပုံပြင်က တော်တော်များများ သိပြီးသားဖြစ်တာကြောင့် ပရိသတ်က သီချင်းဆိုတုန်းကလို မငြိမ်ဘူး။ အသံတွေ ထွက်လာတယ်။ နောက်ပုံပြင်တစ်ပုဒ်ကို ထပ်ပြောင်းပြီးပြောတယ်။ ဒီပုံပြင်က မင်းသားငယ်၊ ဆရာရသေ့နဲ့ တမာပင်ငယ်လေးအကြောင်းမို့လို့ လူတွေက သိပ်စိတ်မဝင်စားကြပြန်ဘူး။ အဲဒါနဲ့ သစ်ခုတ်သမားနဲ့ မြစ်စောင့်နတ်ပုံပြင်ကို ပြောလိုက်တယ်။ ဒါပေမဲ့ ထူးမခြားနား ပတ်ပျိုးပဲ။ အရိပ်အကဲကြည့်နေတဲ့ မောင်ဇော်ကလည်း သူ့ဦးရီးတော် ဘယ်လိုကစားကွက် ပြောင်းမလဲဆိုတာ စိတ်ဝင်စားနေတယ်။ တချို့လူတွေဆို နားထောင်နေရာကနေ ထပြီး ပြန်ကုန်ကြတာကို တွေ့လိုက်ရလို့ ဦးလှဒင် တုန်လှုပ်သွားတယ်။ နဖူးမှာလည်း ချွေးတွေသီးနေလို့ လက်ကိုင်ပဝါနဲ့ သုတ်လိုက်တယ်။ ရေချိုင့်ထဲက ရေတစ်ခွက်ကို ခပ်သောက်လိုက်ပြီး-

'ဟာ ငါဒီလူတွေကို အကြောင်းအရာပိုင်းနဲ့ ထိန်းချုပ်လို့ မရတော့ဘူး။ သီချင်းဆိုမှ ဖြစ်တော့မယ်'လို့ အောက်မေ့လိုက်တယ်။

အဲဒါနဲ့ပဲ ဦးလှဒင်က ပုံပြင်ကို ခပ်တိုတိုဖြတ်လိုက်ပြီး-

'တကယ်တော့ လူ့ဘဝကြီးဟာ အချစ်နဲ့ မကင်းဘူးဗျ။ တိုင်းပြည်နဲ့စစ်၊ သစ်ပင်နဲ့အမြစ်၊ လူနဲ့အချစ်တဲ့'လို့ လေသံကိုတင်ပြီး ပြောလိုက်တယ်။ အချစ်ဆိုတဲ့ စကားလုံး ပါလာတာမို့ ပရိသတ်က ငြိမ်သက်သွားတယ်။ အဲဒီမှာတင် ဦးလှဒင်က တွံတေးသိန်းတန်ရဲ့ *လေးဆယ်ကျော်အချစ်*ကို ကောက်ပြီးတော့ ဟဲလိုက်တယ်။ သူက တကယ့်ကို စိတ်ခံစားချက်ထည့်ပြီးတော့ကို ဆိုတာ။ သူကိုယ်တိုင်လည်း သီချင်းထဲကို မျောပါသွားတယ်။ သီချင်းလည်းဆုံးရော တီးလိုက်ကြတဲ့ လက်ခုပ်သံဟာ ကျောင်းခန်းမကြီး ပွင့်ထွက်လုမတတ်ပါပဲ။ ဦးလှဒင်လည်း သီချင်းမဆိုရင် ပရိသတ်ကို မထိန်းချုပ်နိုင်ဘူးဆိုတာကို သိသွားတယ်။

'*လေးဆယ်ကျော်အချစ်* သီချင်းဆိုတာ ကျွန်တော့်ဘဝရဲ့ တစ်စိတ်တစ်ဒေသဆိုရင်လည်း မမှားဘူးဗျ။ ကျွန်တော် ငယ်ငယ်တုန်းက ရည်းစားဦးနဲ့ လွဲခဲ့ဖူးတယ်။ ဒီသီချင်းထဲကလိုပါပဲ။ အသက်လေးဆယ်ကျော်မှ သူ့ကို ပြန်တွေ့တဲ့အခါ ကျွန်တော်ရော၊ သူရော နှစ်ယောက်စလုံးမှာ အိမ်ထောင်တွေကိုယ်စီနဲ့ ဖြစ်ကုန်ကြပြီ။ လွမ်းလို့ဖြစ်နိုင်ပေမဲ့ လှမ်းလို့မဖြစ်နိုင်တော့တဲ့ ဘဝတွေပေါ့ဗျာ။ အဲဒီလို ကျွန်တော့်ဘဝ ခံစားချက်တွေကြောင့် ဒီ*လေးဆယ်ကျော် အချစ်*ဆိုတဲ့ သီချင်းကို ဆိုရခြင်း ဖြစ်ပါတယ်'လို့ ဦးလှဒင်က အတတ်နိုင်ဆုံး လွမ်းသံဆွေးသံနဲ့ပြောလိုက်တဲ့အခါ ပရိသတ်က လက်ခုပ်တီးကြပြန်တယ်။ သူက အနည်းဆုံး တစ်နာရီလောက် ဟောဖို့ ဆုံးဖြတ်ထားတာမို့ နာရီကြည့်လိုက်တဲ့အခါ တစ်နာရီပြည့်ဖို့ ဆယ့်ငါးမိနစ်တောင် လိုသေးတော့ သီချင်းတစ်ပုဒ်လောက် ဆိုလို့ရသေးတယ်။ ဒါကြောင့်မို့လို့-

'စောစောက ရည်းစားဦးနဲ့ ပတ်သက်ပြီး ကျွန်တော့်ငယ်ဘဝကို ပြန်ပြောပြချင်တယ်'လို့ဆိုပြီး စကားစကို ခဏဖြတ် ပရိသတ်ကို ကြည့်လိုက်ပြန်တယ်။ ပရိသတ်တွေက ဘာများ ပြောမှာပါလဲဆိုတဲ့ အကြည့်မျိုးတွေနဲ့ နားစွင့်နေကြတယ်။ ဦးလှဒင်လည်း သူ့စကားက ပရိသတ်တွေရဲ့ စိတ်အာရုံကို ဆွဲဆောင်နိုင်မှန်း သိလိုက်ရလို့ ဒီအနေအထားကို ဆက်ထိန်းဖို့ ကြိုးစားတယ်။

'ငယ်ငယ်တုန်းက ကျွန်တော်တို့ဆင်းရဲတယ်။ ကျွန်တော့်ရည်းစားက ချမ်းသာတယ်။ ဒီတော့ သူ့မိဘတွေက သဘောမတူဘူးပေါ့ဗျာ။ ကျွန်တော်နဲ့ သူနဲ့က ဟိုဘက်ရွာနဲ့ ဒီဘက်ရွာ။ ကျွန်တော်က မယ်ဒလင်လေးတစ်လက်နဲ့ သူတို့ရွာသွားပြီး တွံတေးသိန်းတန်ရဲ့ သီချင်းတွေကို ဆိုခဲ့တာပေါ့။ ကျွန်တော့်ရည်း

www.burmeseclassic.com

းက သူမိဘ သဘောမတူ ို့ ကျွန်တော့်ကို စွန့်ခွာစိမ်း ားသွားခဲ့တယ်။ သူနာမည် ာ နွယ်ပါတယ်ဗျ။ 'ပန်း နွယ်ကစိမ်း' ပြီပေါ့ဗျာ' လို့ ိုင်ဖွင့်လိုက်ပြီး *ပန်းနွယ်က* မ်းကို ဟစ်လိုက်ပြန်တယ်။

*'စုံနှံ့သာမြိုင် ရှာပုံဖွင့်ပါ ို့ရယ်၊ ရင်နင့်အောင်ချစ်ရှာ နှုန်းသူ၊ အပူတပြင်းရှာဖွေ ာကယ်။ ရေမြေဆုံးစေတော့ ×××လှဂမုန်းနွယ်×××ချစ် သက်ဦးရယ်×××ဘဝဆုံး ာကယ်မပစ်ရက်ဘူးကွယ်'*

*ပန်းနွယ်ကစိမ်း* သီချင်း ဆုံးသွားတော့လည်း လက် ခုပ်သံတွေက ညံမစဲဘူး။ ရိသတ်ထဲက တစ်ယောက် ာ 'ကိုသိန်းတန်' ကွဆိုပြီး ထ အော်တယ်။ အကုန်လုံးက သည်း ဝိုင်းရယ်ကြတယ်။ ဟောပြောပွဲဆိုတာ ပျော်ပျော် ွင်ရွှင်နဲ့ စည်စည်ကားကားမှ ကောင်းတာလို့ ဦးလူဒင် ခံယူ ထားတယ်။

ဆရာလေး မောင်ဇော် ကတော့ ဒီဟောပြောပွဲဟာ တစ်ခုခု လွဲချော်သလို ခံစားမိ တယ်။ စာကြည့်တိုက်ဖွင့်ပွဲ အထိမ်းအမှတ်အတွက် ဟော တာဖြစ်ပေမဲ့ အခုဟောပြော ချိန် တစ်နာရီပြည့်ခါနီးတောင် စာကြည့်တိုက်အကြောင်း တစ်ခွန်းမှ မပါသေးဘူး။ သီချင်းတွေပဲ တစ်ပုဒ်ပြီးတစ် ပုဒ် ဆိုနေတာ။ မဟုတ်သေး ပါဘူး။ စာကြည့်တိုက် အကြောင်းတွေ၊ လူတွေ စာဖတ်ဖို့လိုတဲ့ အကြောင်း တွေ ပြောဖို့ ကောင်းပြီလို့ တွေးနေတုန်းမှာပဲ ဦးလူဒင်ရဲ့ အသံက ဟိန်းထွက်လာ တယ်။

'ဒီကနေ့ ကျွန်တော် ဟောပြောတဲ့ ရည်ရွယ်ချက် ကတော့ စာကြည့်တိုက်ဖွင့်ပွဲ အထိမ်းအမှတ်ပါ။ စာဖတ်မှ လူတွေ တိုးတက်မှာပါ။ ဒီ တော့ ရှာသူရှာသားတွေအနေ နဲ့ စာကြည့်တိုက်ကို အားတဲ့ အချိန်တွေမှာ လာပြီး စာပေ တွေ ဖတ်ရှုလေ့လာကြပါလို့ ပြောရင်း နိဂုံးချုပ်ပါတယ် ခင်ဗျား' လို့ လေသံကိုမြှင့်တင် ပြီး ပြောလိုက်တဲ့အခါ ပရိ သတ်တွေရဲ့ လက်ခုပ်သံတွေ၊ လက်ခေါက်မှုတ်သံတွေဟာ တစ်ရွာလုံး ဟိန်းသွားရုံသာ မက မိုးကောင်းကင်အထိ တောင် ပျံ့လွင့်သွားသလို သူ ခံစားလိုက်ရတယ်။

❑

၄။

ဟောပြောပွဲ အောင်မြင် စွာ ပြီးဆုံးသွားလို့ ဦးလူဒင် လည်း စင်မြင့်ပေါ်ကနေ ဂုဏ်ယူဝင့်ကြွားစွာနဲ့ ဆင်း လာခဲ့တယ်။ သူ့ဘဝရဲ့ ပထမ ဆုံး ဟောပြောပွဲမှာတင် ပရိသတ်တွေကို ထိန်းထား နိုင်ခဲ့လို့ ဝမ်းလည်းသာနေ တယ်။ နောက်ပြီး ဒီရွာက ပေးတဲ့ လက်ဆောင်ပစ္စည်း တွေကြောင့်လည်း အိမ်ပြန် ရောက်လို့ ဇနီးသည်နဲ့တွေ့ ရင် မျက်နှာပန်းလှဦးမယ်။ ဘယ်ဘက်က ကြည့်ကြည့် သူ့အဖို့ အောင်မြင်မှုတွေချည်း ပဲ။ ဒါပေမဲ့ အခမ်းအနားမှူး လုပ်တဲ့ ကျောင်းအုပ်ဆရာ လေး မောင်ဇော်ကတော့ ဦးရီးတော် ဦးလူဒင်ကို တစ် ချက်လှမ်းကြည့်လိုက်ပြီး ခေါင်းကိုသာ တွင်တွင် ခါယမ်းနေတော့တယ်။ ဆရာလေးအနားက ရွာသား ကိုသာကျော်က ခေါင်းခါ ယမ်းနေတဲ့ ဆရာလေးကို နား မလည်တဲ့ အကြည့်မျိုးနဲ့ ကြည့်နေတယ်။

■

**နိုင်မြင့်**


Dictionary for All

သာလွန်

အင်္ဂလိပ်-မြန်မာ

အဘိဓာန်

THALUN
Bookstore
Yangon

သာလွန်စာအုပ်တိုက်

၃၆၉၊ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်ဗိုလ်ဆွန်ပက်လမ်းထောင့်၊ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၂၄၁၈၊ ၂၄၉၂၁၈

အမှတ်(၃၇၇/၃၇၉)ဗိုလ်ဆွန်ပက်လမ်း(အထက်)၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၂၄၀၁၅၃၊၂၄၂၀၃၇၊၃၇၂၂၀

၁၆၅/၂ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်၄၅လမ်းထောင့် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၉၂၂၇




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဦးတင့်တယ်နှင့် တွေ့ဆုံခြင်း

ယဉ်ယဉ်နွဲ့ (မန္တလေး)

ကျော်မင်းထွန်း
ညှော်ခန်းစားပွဲပေါ်က
ဝီစကီလေးထောင့်
ပုလင်းကြီးကိုကြည့်ကာ
ရှုံ့မဲ့နေသည်။ ဒုက္ခပဲ၊
ငါတစ်ယောက်တည်း
ဘယ်လို သောက်ရမလဲ။
သူငယ်ချင်းတွေက
ဂျာနယ်လစ်တွေမို့
သူတို့ ဆုံသောက်ရအောင်
ဘယ်လိုပဲ ချိန်းချိန်း
မြေယာကိစ္စတွေ
အရေးပေါ်တာဝန်နှင့်
ပြင်ဦးလွင်သို့
တက်ကြပြီး သူသာ
ဖောင်ပိတ်ရက်မို့
ကျန်နေခဲ့တာ။
အမျိုးသမီးကလည်း
မွေးဖို့ဖွားဖို့
မိဘဆီပြန်နေတော့
ကျော်မင်းထွန်း
လွတ်လပ်ရေး
ရနေသည်မို့
ဒီပိုင်းလေးကို
စီစဉ်ခဲ့တာ။ ခုတော့
ဘုန်းမောင်
တစ်ယောက်တည်းရယ်
ဖြစ်နေသည်။
ဘာဖြစ်လဲကွာ၊
ယောက်ျားပဲ။
တစ်ခွက်ပြီးတစ်ခွက်
မော့လိုက်
အမြည်းစားလိုက်နှင့်
အဖော်မရှိ
တစ်ယောက်တည်း
များရင်းများရင်းကနေ
ညှော်ခန်း
ကုလားထိုင်ပေါ်မှာတင်
သူ အိပ်ပျော်သွားသည်။
ဘယ်လောက်
ကြာသွားသည်မသိ၊
နားထဲမှာ
တောက်…တောက်…
တောက်…
တောက် ဆိုသည့်





www.burmeseclassic.com

www.burmeseclassic.com

အသံက ဘုရားစင်၊ နတ်အုန်းစင် ထားရာ ခေါင်းရင်းဘက်က လာနေသည်။ တစ်စစ်စစ်ကိုက်နေသော နားထင်ကို လက်နှင့်ဖိရင်းက ကျော်မင်းထွန်း မျက်လုံးဖြဲကြည့်သည်။ ဘာသံပါလိမ့်ဟု ကြည့်မိသော ကျော်မင်းထွန်း လန့်ပြီး အမူးပင် ပြေသွားသည်။

'ဘုရား…ဘုရား…သရဲလား'

ဘုရားစင်ကို မျက်နှာမူပြီး အသက်ရှစ်ဆယ်ကျော်ခန့် ခါးကုန်းကုန်း ပိန်ချည့်ချည့် အဘိုးကြီးတစ်ယောက်က ကြေးစည်ထုသော ဘုလေးနှင့် ဘုရားစင်ကို တတောက်တောက် ခေါက်နေသည်။

'ဘယ်သူလဲ၊ ဘယ်ကလဲ။ အိမ်တံခါး၊ ဝင်းတံခါးပိတ်ထားလျက်နဲ့ အိမ်ထဲကို ဘယ်လိုရောက်နေလဲ သူခိုးလား၊ သူခိုးဆိုရင်လည်း တိတ်တိတ်လေး မခိုးဘဲ ဘာလို့ ဘုရားစင်ကို တတောက်တောက် ခေါက်ပြီး အသံပေးနေရတာလဲ' အတွေးတွေနှင့် ကျော်မင်းထွန်း အတော်ခေါင်းစားသွားသည်။ အဘိုးကြီးက ပိန်ချည့် ချည့် မို့ ကျော်မင်းထွန်း ကြောက်စိတ်တော့ မဝင်မိပေ။

'ဘဘက ဘယ်သူတုံး' ဟု ပါးစပ်က လွှတ်ခနဲ ထွက်သွားတော့ အဘိုးကြီးက လှည့်ကြည့်သည်။

'သြော်…မင်း နိုးလာပြီလား'

'ဟုတ်ကဲ့'

'သြော်…လာ လာ ထိုင်'

အဘိုးကြီးက ဆက်တီခုံတွင် ဝင်ထိုင်တော့ ကျော်

ဒကာကြီး
ခင်ဗျား
အုန်းတော်
မပြောနဲ့
ကျုပ်တို့တောင်
မြို့လယ်ကောင်
ဆွမ်းခံမရလို့
မြို့သစ်သွား
ဆွမ်းခံ
နေကြရတယ်
ဟိုမှာလေ
သမဂ္ဂာသုခ
ဆိုတဲ့
ဆွမ်းခံ
ကြိုပို့ကားတွေ
ထူထောင်
ထားရတယ်
မြင်တယ်
မဟုတ်လား

မင်းထွန်း အူကြောင်ကြောင်နှင့် ခေါင်းကုတ်မိသည်။ ဘယ့်နှယ်ဗျာ သူက တစ်ပြန်စီး။ အိမ်ရှင်ကို ပြန်ထိုင်ခိုင်းနေလိုက်သေး၊ ဘိုးတော်နှင့်တော့ ခက်ပါပြီ။

'မင်း တော်တော်နဲ့ မနိုးလို့ ငါက တူသံပေးပြီး နှိုးရတာလေကွာ'

'ဟင် တူသံ၊ ဘဘက ဘယ်သူတုံးဆိုတာ အရင်ပြောပါဦး'

အဘိုးကြီးက သွားကျိုးပါးကျိုးများ ပေါ်အောင် တဟဲဟဲ ရယ်နေသည်။

'ငါက ခွန်အားဗလကြီးမားပြီး တူသံပြင်းထန်လွန်းလို့ တကောင်းဘုရင်က ဖိုကျင်ထိုး အသတ်ခံရတဲ့ ပန်းပဲ မောင်တင့်တယ်လေကွာ'

'ဟင်'

အခုထိ သူ အမူးမပြေဘဲ အိပ်မက်မက်နေသည်ဟု ကျော်မင်းထွန်းက ထင်သည်။ ဘယ့်နှယ်ဗျာ သူ့ကိုယ်သူ ပန်းပဲမောင်တင့်တယ်တဲ့။ လူကဖြင့် အရိုးချည်း။ ပန်းပဲမောင်တင့်တယ်ဆိုရင် အိမ်တွင်းအဖေကြီးပေါ့။ ဒါဆိုရင် သုံးဆယ့်ခုနစ်မင်းနတ်ပေါ့။ မဖြစ်နိုင်တာ။ နတ်က ငါ့ကိုလာတွေ့ရတယ်လို့။ ငါ အမူးလွန်နေတာ ဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ် အရူးတစ်ယောက် အိမ်ထဲရောက်လာတာပဲ။ ဒါပေမဲ့ တံခါးကလည်း ပိတ်လျက်သားဖြစ်နေသည်။ ကျော်မင်းထွန်း အူကြောင်ကြောင်နှင့် ဟိုကြည့်ဒီကြည့် ဟိုတွေးဒီတွေး ဖြစ်နေသည်။ အဘိုးကြီးက ကျော်မင်းထွန်း အတွေးတွေကို သိနေသည်။

'ဟ တကောင်းခေတ်ကတည်းက ဖြစ်တဲ့နတ်ကွ။ ဒီလောက်တော့ အိုပြီပေါ့။ နောက်ပြီး နတ်ဆိုတာ အတွေ့စားတာ မဟုတ်ဘူးကွ၊ အငွေ့စားတာ။ မင်းတို့ အုန်းဆွဲထားတဲ့ အုန်းရည်လေးသောက်ရတာ ပိန်မှာပေါ့ကွ။ ငါက အိမ်တွင်း အဖေကြီး အစစ်ကွ၊ အတု မဟုတ်ဘူး။ ဒါတွေထားစမ်းပါကွာ၊ မင်းဆီကို ပြောစရာရှိလို့ လာတာ။ မင်းက ဂျာနယ်လစ်မို့လို့'

'ဟင် ကျွန်တော် ဂျာနယ်လစ်ဆိုတာ သိလား'

'နတ်တွေ အကုန်သိတယ်။ မင်းသာ မန္တလေးထဲ လျှောက်သွားနေလျက်နဲ့ မန္တလေးအကြောင်း ဘာမှ မသိတဲ့ အကောင်။ ကဲ ပြောစမ်းပါဦး ဂျာနယ်လစ်ကြီးရယ်။ အခုလက်ရှိ မန္တလေးမှာ ဘာဖြစ်နေလဲ'

ကျော်မင်းထွန်း အဘိုးကြီးကို လန့်ဖျပ်ပြီး ကြည့်မိသည်။ နတ်ဆိုတာ တကယ်လက်ခံချင်သလိုလို ဖြစ်လာသည်။ ဒါပေမဲ့ ယောင်တိယောင်ချာနှင့် ပြန်မေးသည်။

'မန္တလေးက ဘာဖြစ်နေလို့လဲဟင်'

'တယ် ဒီအကောင် ဒါတောင် မသိဘူး။ ဒါလား ဂျာနယ်လစ် မင်းတို့ မန္တလေးမြို့လယ်ကောင်မှာလေ အုန်းမရှိတဲ့အိမ်တွေ တော်တော်များနေပြီကွ'

'ဗျာ'

'ငါက တစ်မြို့လုံး ခြေတိုအောင် လျှောက်သွားပြီး ဘယ်အိမ်က အုန်းဆွဲမလဲ၊ ဘယ်အိမ်မှာ ငါ အုန်းရည်သောက်ရမလဲ လိုက်ကြည့်နေရတဲ့ကောင်ကွ။ တွေ့ပါတယ်ဗျာ။ ငါ့အုန်းတော်ကို တစ်ထပ်အိမ်၊ နှစ်ထပ်အိမ်၊ တစ်ထပ်တိုက်၊ နှစ်ထပ်တိုက်၊ နံကပ်တိုက် ဒီလောက်ပဲ။ မြို့လယ်ကောင်က ခြောက်ထပ် အာစီတိုက်ကြီးတွေ ကိုးထပ်၊ ဆယ်ထပ်တိုက်ကြီးတွေမှာ အုန်းမရှိကြဘူးကွ'

'ဟင်'

'ငါ တစ်ခါက မြို့လယ်ကောင် ခြောက်ထပ်တိုက်ကြီးကို လှေကားထစ်တွေ နင်းနင်းပြီး တက်သွားဖူးတယ်။ ဒီလောက်ချီးသာတာ အုန်းတော်လည်း အကြီး

www.burmeseclassic.com

[illegible]မှာပေါ့ဆိုတဲ့ မျှော်လင့်[illegible]တွေနဲ့ကွ။ မောလိုက်တာ[illegible] အပေါ်ဆုံးထပ်လည်း[illegible]ရောက်ရော ဘုရားစင်ကို ငါ[illegible] အရင်ရှာတာကွ။ တွေ့ပါ[illegible]ကွာ၊ ဘုရားစင်ကြီးကို[illegible]ည်းနေတာပဲ။ ပန်းတွေ[illegible]ထားတာများ လှလိုက်[illegible] ဒါပေမဲ့ ဘုရားစင်ရဲ့[illegible]ဘက်ထောင့် ငါ့အုန်း[illegible] ရှိရမယ့်နေရာမှာ အုန်း[illegible]က မရှိဘူးကွ'

'ဟင် မရှိဘူး၊ ဒါဖြင့်[illegible]ရှိနေလဲ'

'ဘယ်ကမှန်း မသိပါ[illegible]ကွာ။ အသားဖြူဖြူ ထိပ်[illegible]ပြောင်ပြောင်၊ ပါးစုံ့ဖောင်း[illegible]အောင်းနဲ့ ပါးစပ်ဖြဲပြီးရယ်နေ[illegible]တဲ့ လူဝကြီးတစ်ယောက်ကို တွေ့တယ်ကွ။ သူက ငါ့ကို 'အော်မိတော်ဖော်' လို့ နှုတ်ဆက်တယ်ကွ'

'ခင်ဗျာ'

'ငါက သူပြောတဲ့[illegible]စကား နားမလည်ဘူးကွ။ ဒါပေမဲ့ ဟန်,ကိုယ့်ဖို့ပေါ့ကွာ။ 'ခင်ဗျားက ဘယ်သူတုံး၊ ဘယ်ကတုံး။ ကျုပ် အရင်က ခင်ဗျားကို မတွေ့ဖူးပါဘူး။ ကျုပ်က အုန်းရည်သောက်ရအောင်လာတာ။ မုန့်ဖြူ မုန့်နီနဲ့ လက်ဖက်ပွဲစုံ စားရအောင်လာတာ' လို့ ပြောချလိုက်တော့ လူဝကြီးက တဟဲဟဲနဲ့ ရယ်နေတယ်။ ပြီးတော့ 'ဘကြီး ဒီနေရာမှာ မုန့်ဖြူ မုန့်နီနဲ့ လက်ဖက်ပွဲစုံတော့ မရှိဘူး။ ဘကြီး ဆာနေရင် ဝက်ပေါင်ခြောက်နဲ့ ပေါက်စီတော့ရှိတယ်' လို့ ပြောတယ်ကွ'

'ဟင် တကယ် ဘဘ တကယ်ပြောတာလား'

'တကယ်ပြောတာပေါ့ကွ၊ တကယ်ပေါ့။ ဒီတော့ ငါ စဉ်းစားရပြီ။ မင်းလည်း စဉ်းစားကြည့်စမ်းကွာ၊ ငါ ဘာလုပ်မယ်ထင်လဲ'

ကျော်မင်းထွန်း မစဉ်းစားတတ်ပါ။ တွေ့နေကြုံနေရတာတွေ ဖြစ်ပျက်နေတာတွေ ဟုတ်ရော ဟုတ်ရဲ့လားဆိုပြီး သူ့လက်ကို သူဆိတ်ကြည့်မိသည်။ နာသွားသည်မို့ တွန့်ခနဲ ဖြစ်သွားသည်။ ဒီရှခင်းကို အဘိုးကြီးက မြင်ပေမဲ့ မမြင်ချင်ယောင် ဆောင်ပြီး ဆက်ပြောသည်။

'မင်းတို့ မန္တလေးမှာ ဖြစ်ခဲ့တဲ့ အရေးအခင်းတိုင်း သံဃာတော်တွေက မနေနိုင်ကြဘူးလေ။ ကိုလိုနီခေတ်ဆို ကိုလိုနီခေတ်မို့၊ ဂျပန်ခေတ်ဆို ဂျပန်ခေတ်မို့ ကုန်ကုန်ပြောမယ်ကွာ။ မီးခဏ ခဏ လောင်တဲ့ မန္တလေးမှာ မီးလောင်ရင် မီးသတ်ကားက အရင်ရောက်တာ မဟုတ်ဘူး။ သင်းပိုင်ကို တိုတိုစည်း၊ ခေါင်းတုံးကို ရေလောင်းထားတဲ့ သံဃာတော်တွေက အရင်ရောက်တာ။ ဒီတော့ ငါ စဉ်းစားတယ်။ အခုလို မန္တလေးက အိမ်တွေ တော်တော်များများမှာ အုန်းမရှိတော့တဲ့ပြဿနာကို သာသနာပိုင် ဆရာတော်ဘုရားများ လျှောက်မှပဲဆိုပြီး သွားလျှောက်တယ်။ ဆရာတော်က ဘာမိန့်လဲ သိလား'

'ဟင် ကျွန်တော်က ဘယ်သိမှာလဲ'

အဘိုးကြီးက ကျော်မင်းထွန်းကို မျက်မှောင်ကုတ်၍ ကြည့်သည်။ ဒါလည်း မင်း မသိပြန်ဘူးလားဆိုသည့်သဘောနှင့် ဘုကြည့်ကြည့်ရင်းက-

'ဒကာကြီး ခင်ဗျား အုန်းတော်မပြောနဲ့၊ ကျုပ်တို့တောင် မြို့လယ်ကောင် ဆွမ်းခံမရလို့ မြို့သစ်သွား ဆွမ်းခံနေကြရတယ်။ ဟိုမှာလေ သမဏသုခ ဆိုတဲ့ ဆွမ်းခံကြိုပို့ကားတွေ ထူထောင်ထားရတယ်။ မြင်တယ် မဟုတ်လားတဲ့။ ငါပက်လက်လန်ပြီး ပြန်လာခဲ့ရတယ်ကွာ'

အဘိုးကြီး၏လေသံကြောင့် ကျော်မင်းထွန်းမှာ ပက်လက်လန်ချင်သလိုလို ဖြစ်လာသည်။

'ဒီမယ် ငါ လက်လျှော့သွားလိမ့်မယ်လို့ မင်း ထင်သလား'

အဘိုးကြီးက သူ့မျက်နှာကို ကျော်မင်းထွန်း မျက်နှာအနီးသို့ တိုးကပ်ပြီး ခပ်ဆတ်ဆတ် မေးလိုက်သဖြင့် ကျော်မင်းထွန်း လန့်သွားသည်။ အဘိုးကြီး မျက်နှာကို အနီးကပ် သတိပြုမိလိုက်ရာ အဘိုးကြီးမှာ ပါးရေနားရေများတွန့်၍ အိုစာနေသော်လည်း မျက်လုံးမှာ တလက်လက် တောက်ပနေကြောင်း သတိထားမိသည်နှင့် ကျော်မင်းထွန်း လန့်လန့်ဖျပ်ဖျပ် ကမန်းကတန်း ဖြေမိသည်။

'မထင်ပါဘူးခင်ဗျ'

'အေး ငါဆိုတဲ့ကောင်ကလည်း နည်းနည်းမှ လက်မလျှော့ဘူး။ သံဃာတော်လျှောက်မရရင် အဖဘုရားကို သွားလျှောက်မယ် ဆိုပြီး မဟာမုနိဘုရားကြီးကို သွားလျှောက်တာပေါ့ကွ။ ဒါပေမဲ့ကွာ ဂေါတမဘုရားရှင်က ရင်ငွေ့လှုံခွင့်ပေးရင်း ညီစောသက်ဝေ ဆိတ်ဆိတ်နေလို့မှာ ခဲ့လို့လား မသိပါဘူး။ ဘုရားကြီးက ဆိတ်ဆိတ်နေတော်မူတယ်ကွ။ အဲဒီတော့ ငါ အကြီးအကျယ် စိတ်ဓာတ်ကျသွားတော့တာ'

အဘိုးကြီးက သက်ပြင်းတစ်ချက်ကို ဟူးခနဲ နေအောင် မှုတ်ထုတ်လိုက်သည်။ ကျော်မင်းထွန်းလည်း အားကုန်သွားသလို ခံစားရ၍ ဟိုကြည့် ဒီကြည့် ကြည့်လိုက်တော့ တစ်ဝက်ခန့် ကျန်နေသေးသည့် ဝီစကီပုလင်းကို မြင်သွားသည်။ တုန်တုန်ယင်ယင်နှင့် ဖန်ခွက်တစ်ဝက်ခန့် ငှဲ့ပြီး ရေနည်းနည်းရော၍ မော့ချလိုက်သည်ကို အဘိုးကြီးက မကြည့်သလို ကြည့်နေသည်။ ပြီးမှ-

'ငါလည်း စိတ်ဓာတ်ကျတာနဲ့ ဘုရားကြီးရှေ့တော်မှာ ယောင်ပေပေလုပ်နေမိတယ်။ အဲဒီမှာ တွေ့တော့တာပဲ'

'ဟင် ဘာတွေ့ပြန်တာတုံး ဘဘရဲ့'

'မင်း မိန်းမတွေ ဘုရားရှိခိုးတဲ့နေရာမှာ ရှေ့ဆုံးက အလူမီနီယံနဲ့ ခြံခတ်ထားတဲ့နေရာကို သိသလား၊ အဲဒါ ဘာလုပ်ထားတာလဲ'

'ဟို အဲဒါက နိုင်ငံတော်အကြီးအကဲ ကတော်တွေ ဘုရားဖူးလာရင် အေးအေးဆေးဆေး ရှိခိုးရအောင် သီးသန့်နေရာ ဖယ်ပေးထားတာ ခင်ဗျ'

'ဩော် မင်းက ဒါတော့ သိသားပဲ။ ငါကြည့်နေတဲ့အချိန်မှာ ဝတ်စုံဆင်တူ ဝတ်ထားတဲ့သူ လေး၊ ငါး



www.burmeseclassic.com

www.burmeseclassic.com

ယောက်က လောပန်းမ,ကြွပါ၊ လောပန်းမ,ကြွပါ/ဆိုပြီး မိန်းမတစ်သိုက်ကို အဲဒီနေရာမှာ ထိုင်ရှိုးခိုင်းနေတာ မောင်'

'ဘယ်လို ဘယ်လို'

ကျော်မင်းထွန်း မျက်စိလည်သွား၍ မေးသည်ကို အဘိုးကြီးက လက်ကာပြသည်။

'အဲဒီ လောပန်းမတွေက အကြီးအကဲကတော်တွေ မဟုတ်တာ သေချာတယ်မောင်။ အသားက နီစပ်စပ်၊ မျက်ပေါက်က ကျဉ်းကျဉ်း၊ ဆံပင်က ကောက်ကောက်တိုတို၊ အင်္ကျီကျပ်ကျပ်၊ ဘောင်းဘီရှည်တွေနဲ့ကွ။ ဘယ်ကမိန်းမတွေမှန်း မသိပါဘူးကွာ၊ ငါလည်း ဆက်မနေချင်တော့တာနဲ့ မန်းစစ်သည်ကားလေးစီးပြီး ဈေးချိုသွားတာပေါ့။ စိတ်ညစ်နေတာတွေကို တစ်ပတ်သျှိုးဆံထုံးလေးနဲ့ ပါးကွက်လေးနဲ့ သနပ်ခါးနံ့သင်းနေတဲ့ ဈေးချိုသူလေးတွေကြည့်ရင်း ပျောက်မလားလို့ပေါ့။ ဈေးချိုကျ ပိုစိတ်ညစ်ရသေးကွာ။ ဆိုင်ပေါ်မှာ ထိုင်နေတာက မြန်မာမလေးတွေ မဟုတ်ကြတော့ဘူး၊ မပီကလာ ပီကလာပြောနေတဲ့ အသားဖြူဖြူကောင်မလေးတွေကွ။ အလုပ်သမားတွေက သူတို့ကို 'ကျဲကျဲကျဲကျဲ' နဲ့ ခေါ်ကြရတယ်။ အောင်မယ် ဈေးချို တစ်ခုလုံး ကျဲကျဲတွေ ချည်းပါပဲကွာ။ ငါ့ဖြင့် စိတ်ညစ်ပါတယ်'

သူ စိတ်ညစ်တာ နည်းနည်း၊ ကိုယ်စိတ်ညစ်တာ များများဖြစ်လာသဖြင့် ကျော်မင်းထွန်း အရက်ငှဲ့မပြန်သည်။ ဒီတစ်ခါတော့ ရေမရောဘဲ မော့ချလိုက်မိသည်။ ဒီအချိန်မှာပင် ဦးတင့်တယ်က ဘာမပြော ညာမပြောနှင့် ညှော်ခန်းစားပွဲခုံကို လက်သီးနှင့် ထုချလိုက်သည်။ 'ဝုန်းခနဲ' အသံနှင့်အတူ အရက်ပုလင်းတွေ၊ ဖန်ခွက်တွေ ခုန်ဆွခုန်ဆွ ဖြစ်ကြသည်။ ခါတိုင်း ဘုရားစင်ပေါ်တင်ထားသော ကြေးစည်ထုသည့် ဘုကလေးက ဦးတင့်တယ်တင်ထားရာ ညှော်ခန်းစားပွဲပေါ်မှ အောက်သို့ ခုန်ချသွားသဖြင့် ကျော်မင်းထွန်းက အမြန်ဆွဲဖမ်းလိုက်ရပြီး ဖန်ခွက်နားတွင် သေသေချာချာ နေရာချထားလိုက်ရသည်။

ဒါကြောင့်မို့
ဗမာဝယ်လက်ကို
မရောင်းချင်တာ
ဟိုလိုဆစ်
ဒီလိုဆစ်နဲ့
လောပန်းတွေကို
ရောင်းရင်
အေးအေး
ဆေးဆေးပဲ
မဆစ်ဘူး
နင်တို့
နှစ်ထပ်အိမ်
ဖျက်ယူသွား
ငါတို့က
တိုက်ကြီး
ဆောက်မှာ
လို့တောင်
ပြောသေး

'ငါ မကျေနပ်ဘူးကွ၊ သိလား'

မျက်နှာတွေ နီရဲနေအောင် ဒေါသဖြစ်နေသော အဘိုးကြီးကို ကြောက်ကြောက်ရွံ့ရွံ့ကြည့်ရင်း ကျော်မင်းထွန်းက 'ခင်ဗျာ ကျွန်တော့်ကိုလား' ဟု မေးသည်။ အဘိုးကြီးက မျက်စောင်းထိုးသည်။

'မင်း မဟုတ်ပါဘူးကွာ၊ မန္တလေးကို တွန်းဝင်လာကြတဲ့သူတွေရယ်၊ တွန်းဝင်လို့ရအောင် ကူညီကြတဲ့ကောင်တွေရယ်၊ နောက်ဆုံးကတော့ ကောင်လေး၊ ဘယ်သူ မပြု မိမိမှုပဲကွ၊ မင်းတို့ မန္တလေးသူ မန္တလေးသားတွေကိုယ်တိုင်ပဲလေ'

'ကျွန်တော် နားမလည်ဘူးခင်ဗျ'

အဘိုးကြီးက ကျော်မင်းထွန်းကိုပါ ဒေါသဖြစ်လာပုံရသည်။ မျက်ထောင့်နီကြီးနှင့် ကြည့်လိုက်တော့ လန့်သွားပြန်သည်။

'ဒီလိုကွာ၊ ငါ ဘာမျိုးမှ ဘာပျောက်ဆိုလား မသိ မမှတ်မိတော့ဘူးကွာ။ အဲဒီလို စားလုံးမည်းကြီးနဲ့ ရေးထားတဲ့ရုံးကို ငါ ရောက်သွားတယ်။ ငါ့ရှေ့မှာ ဝန်ထမ်းတွေက ကုပ်တိုတို၊ ဆံပင်တိုတို၊ ဘောင်းဘီကွာတားနဲ့ အသားနီစပ်စပ်လူကို ကတ်ပန်းရောင်တွေ ထုတ်ပေးနေတယ်။ သူတို့ရေးထားတဲ့ ဆောင်ပုဒ်ကို သူတို့ မေ့နေကြပြီထင်တယ်။ ငါလည်း တော်တော် ဒေါသဖြစ်တာနဲ့ ဟိုလူလည်း ရုံးထဲက ထွက်လာရော ကုပ်ကိုဆွဲပြီး ပြောမိတော့တာပဲ'

'ဟင် ဘာတွေများ သွားပြောတာလဲ'

'ခင်ဗျားတို့ မသိဘူးလား၊ ကျုပ်တို့မြို့က အစဉ်အလာနဲ့ နေတာဗျ။ တစ်ရွာငါးဆယ်ကျော်သွားပြီ၊ မြို့မငြိမ်း ရာကျော်ပြီ၊ နန်းတော်ရှေ့ဆရာတင် ရာကျော်ပြီ၊ လေဘာတီမမြရင်လည်း ရာကျော်ပြီဆိုတော့ ဟိုလူက ငါ့ကို မော့ကြည့်ပြီး စကားတစ်ခွန်းပြောတယ်ကွ'

'ဘာများပါလိမ့်'

'ဟာ ဟုတ်လား အဘိုးကြီး၊ ဒီနားမှာ ထောင်ကျော်တာတွေပဲ များတယ်။ ရာကျော်တာ ကျန်သေးသလား လိုက်ပြပေးစမ်းပါ၊ ရှိသလောက်ယူမယ်။ အဘိုးကြီးကိုလည်း ပွဲခကောင်းကောင်းပေးမယ်တဲ့။ ငါလည်း သေရောကွာ'

အရက်ခွက်ကို ကမန်းကတန်းကောက်မော့ပြီး ကျော်မင်းထွန်း သွေးရူးသွေးတန်း ထ,အော်သည်။

'ဒါ နယ်ချဲ့တာ၊ နယ်ချဲ့တာ။ ကျွန်တော်တို့ မန္တလေးမြို့ကြီးကို သိမ်းမလို့ ကြံနေတာ'

ပြောရင်းက သွေးတဖျဉ်းဖျဉ်းတိုးလာပြီး ဒေါသဖြစ်ဖြစ်နှင့် နောက်တစ်ခွက် မော့မိပြန်သည်။ ဒီတစ်ခါတော့ ဦးတင့်တယ်က ကျော်မင်းထွန်းကို ကြည့်ပြီး ပြုံးနေသည်။

'မင်း မူးနေပြီကောင်လေး'

'မမူးဘူးဗျ၊ ဒါ နယ်ချဲ့တာ သိမ်းပိုက်တာ'

အဘိုးကြီးက တဟားဟား



www.burmeseclassic.com

www.burmeseclassic.com

ဟားနဲ့ ထ,ရယ်သည်။

'ဒါကြောင့် မင်း မူးနေပြီ ပြောတာပေါ့။ မင်းမှာ ငြိုးစားဆင်ခြင်နိုင်တဲ့ဦးနှောက်ရှိတော့ဘူး သိလား။ လက်နက်နဲ့ နယ်ချဲ့တာဆိုရင် အစဉ်အလာကြီးတဲ့ မင်းတို့မန္တလေးက ခံပါ့မလား။ ဓားဓားချင်း၊ တုတ် တုတ်ချင်း၊ သေနတ် သေနတ်ချင်း ခံချမှာပေါ့။ မြေတစ်လက်မတောင် သူများနောက် အပါခံဘူး။ အနိုင်ကျင့်သိမ်းပိုက်တာလည်း မဟုတ်ဘူးဗျာ။ သူတို့က မင်းတို့ကို ငွေနဲ့ဖိပြီး ကြိုက်ဈေးပေးဝယ်ယူတာ၊ မင်းတို့ မန္တလေးသူမန္တလေးသားတွေခေါ်လို့ သူတို့က ရောက်လာတာ။ မင်းတို့ လာပါ လာပါ မခေါ်ရင် ဝင်လို့ကို မရဘူး။ ဒါကြောင့် မင်းတို့ကို ဘယ်သူမပြု မိမိမှုလို့ ငါ ပြောတာပေါ့'

တစ်ခွက် တစ်ခွက်နှင့် ကျော်မင်းထွန်း တော်တော်များနေလို့ တော်တော် မူးနေပြီ။ ဒါပေမဲ့ မကျေမနပ်နှင့် ခွတ်တောင့်ခံထားရရင်း-

'ခင်ဗျား မန္တလေးသူမန္တလေးသားတွေကို မပြောနဲ့ဗျ မပြောနဲ့ဗျ'

'ပြောရမှာပဲကွ မင်းတို့ကိုက အလုပ်မဟုတ်တာ၊ တစ်ရက်က ဈေးထဲမှာ အုန်းတော်ကြီးကို အမွှေးနံ့သာပက်ဖျန်းပြီး ပိုက်လာတဲ့ မိန်းမတစ်ယောက်ကိုတွေ့လို့ ငါ အသာလေး အိမ်လိုက်သွားတာ၊ အိမ်ကျတော့ ဆုတောင်းနေတယ်။ ဘိုးဘွားပိုင်အိမ်ကို သိန်းနှစ်ထောင်နဲ့ ရောင်းရပါစေတဲ့။ ငါလည်း ပြည့်ပါစေလို့ ဆုပေးလိုက်ပါတယ်။ နေ့လယ်ကျတော့ မန္တလေးသူ ပွဲကတော်ကြီး တစ်ယောက်က လာမေးတယ်။ စိန်နားကပ်ကြီးနဲ့ ဘီးကျော်ပတ်မှာလည်း ဆီတွေအိလို့ တကယ့် မြန်မာမကြီး။ ဈေးစကားပြောကြပြီးတော့ ပွဲကတော်ကြီးက ပြောတယ်။ သမီးရယ် နှစ်ရာလောက်တော့ လျှော့ပါ။ ထောင့်ရှစ်ရာထားပါလို့လည်းဆိုရော ဟိုမိန်းမ မျက်နှာပျက်သွားလိုက်တာလေ၊ ကောင်လေး မင်း ငါပြောတာ ကြားလား'

အမှန်က ကျော်မင်းထွန်း တော်တော်မူးနေပြီ။ အဘိုးကြီးစကားတွေက မကြားတစ်ချက် ကြားတစ်ချက်၊ လဲမသွားအောင် အတော်တောင့်ခံထားရင်းက ကြားတယ်၊ ကြားတယ် ဆက်ပြောဟု အော်သည်။ အဘိုးကြီးက ဆက်ပြောသည်။

'အိမ်ရှင် မိန်းမက ပြောတယ်ကွ၊ ဒါကြောင့်မို့ ဗမာဝယ်လက်ကို မရောင်းချင်တာ။ ဟိုလိုဆစ် ဒီလိုဆစ်နဲ့ လောပန်းတွေကိုရောင်းရင် အေးအေးဆေးဆေးပဲ မဆစ်ဘူး။ နင်တို့ နှစ်ထပ်အိမ်ဖျက်ယူသွား၊ ငါတို့က တိုက်ကြီးဆောက်မှာလို့တောင်ပြောသေး။ ရှင့်ကို မရောင်းနိုင်ဘူး။ လောပန်း ဝယ်လက်စောင့်ရောင်းမှာတဲ့လေ။ ကောင်းကြသေးရဲ့လားဗျာ'

ကျော်မင်းထွန်း ခေါင်းငိုက်စိုက်ကျနေပြီ။ အမူးလည်း လွန်နေပြီ။ ဦးတင့်တယ်၏အသံက အခြားကမ္ဘာမှလာနေသလို ဝေးလိုက်၊ နီးလိုက်၊ တိုးလိုက်၊ ကျယ်လိုက်ဖြစ်နေသည်။

'ကောင်လေး မန္တလေး နှစ်တစ်ရာပြည့်တုန်းက မင်း မမီပါဘူး၊ ငါ ပြောပြမယ်။ မန်းရာပြည့်ကွင်းထဲမှာ စည်ကားလိုက်တာမှ ခြိမ့်ခြိမ့်သဲ၊ ရန်ကုန်က၊ မြစ်ဝကျွန်းပေါ်က၊ ထားဝယ်က၊ အနယ်နယ်က လူတွေလူတွေ လာလိုက်ကြတာ အထူးရထားတွေနဲ့။ ပြီးသွားတဲ့ နှစ်တစ်ရာငါးဆယ်မှာလည်း အဲဒီလောက်သာ မစည်တယ်။ နှစ်ဆယ့်ခြောက်ဘီလမ်းပေါ်မှာ ထွက်တော်မူကြီး သရုပ်ပြတယ်လေ။ ရှင်ဘုရင်နဲ့ မိဖုရားနဲ့၊ သားတော်သမီးတော်နဲ့၊ လူပျိုတော်နဲ့ အပျိုတော်နဲ့၊ ဆင်နဲ့ မြင်းနဲ့၊ ကျိုင်းနဲ့သိုင်းနဲ့၊ ငါတို့အရှင် ငါတို့သခင် ထွက်တော်မူရင် ဒီလိုပါလားဆိုတာ အမှတ်တရ ကြည့်ရသေးတယ်။ မင်းတို့ မန္တလေးသူ မန္တလေးသားတွေ ဒီလိုအချိုးအတိုင်းသွားနေကြရင်လေ၊ ကောင်လေး ငါပြောမယ်၊ လာမယ့် မန္တလေး နှစ်နှစ်ရာပြည့်မှာ နဂါးအကနဲ့ ထွက်တော်မူကြီး ထွက်ရမယ်ကွ၊ ကြားလား ကောင်လေး'

ဦးတင့်တယ်၏အသံကို ဝိုးတိုးဝါးတား သဲ့သဲ့လေးသာ ကြားရတော့ပြီး နောက်ပိုင်း ကျော်မင်းထွန်း သတိလက်လွတ် အိပ်ပျော်သွားခဲ့သည်။ ဘာဆို ဘာမှ မသိတော့။ ဘယ်လောက်ကြာသွားသည်မသိ။

'ဟေ့ကောင် ကျော်မင်းထွန်း ကျော်မင်းထွန်း'

'ဟေ့ကောင် ထထ မိုးလင်းနေပြီ'

ပြင်ဦးလွင်မှ ဆိုင်ကယ်နှင့်ပြန်လာကြသော သူငယ်ချင်းဂျာနယ်လစ်များ၏ အော်သံကြောင့် ကျော်မင်းထွန်း နိုးလာခဲ့သည်။ ဧည့်ခန်းကုလားထိုင်ပေါ်တွင် ခွေခေါက်အိပ်ခဲ့ရလို့ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲနေသည်။ သူငယ်ချင်းတွေက ပြောင်နေသော ပုလင်းကြီးကို ကြည့်၍ မေးကြသည်။

'ဟာ မင်း တစ်ယောက်တည်း ပျင်းပျင်းနဲ့ ဖြိုလိုက်တာလား၊ စကားပြောဖော်မရှိ ဘာမရှိ'

'ငါတစ်ယောက်တည်း မဟုတ်ပါဘူး၊ ဦးတင့်တယ်နဲ့ပါ'

'ဘယ်က ဦးတင့်တယ်တုံး၊ တံခါးတွေလည်း ပိတ်ထားတာ၊ ငါတို့လာတော့ ဘယ်သူမှလည်း မတွေ့ပါဘူး၊ မင်း အိပ်မက်မက်နေတာလား'

ကျော်မင်းထွန်း ဇဝေဇဝါဖြစ်နေသည်။

'အေးကွာ၊ အိပ်မက်ပဲထားလိုက်ပါတော့။ အိပ်မက်ပဲ ကောင်းပါတယ်'

ပြောရင်းဆိုရင်း တစ်စုံတစ်ခုကို မျက်စိက လှမ်းမြင်လိုက်သည်မို့ ကျော်မင်းထွန်း တစ်ကိုယ်လုံး တောင့်တင်းသွားပြီး ခေါင်းက ဆံပင်တွေ ထောင်အောင် အံ့ဩထိတ်လန့်သွားသည်။ အမြဲတမ်း ဘုရားစင်ပေါ်တွင်ထားသည့် ကြေးစည်ထုသော ဘုကလေးက ဖန်ခွက်ဘေး စားပွဲပေါ်တွင် ငြိမ်ငြိမ်သက်သက်ကလေး လဲလျောင်းလျက်ရှိနေလေသည်။

■

**ယဉ်ယဉ်နု၊မန္တလေး**

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စူးစူးဝါးဝါး ထွက်ပေါ်လာသော ခွေးဟောင်သံကြောင့် ကိုကျော်ဦး အုတ်ခဲကျိုး ပြေးကောက်ကာ ခြံထဲကနေ ထွက်သွားလေ၏။ သူ ထင်ထားသည့် အတိုင်းပင်၊ နှီပျဉ်းတွဲခွေးမ တစ်ကောင်က အလတ်ကောင်၏ စက်ဘီးနောက်ကနေ အတင်းပြေး လိုက်နေပါသည်။ လက်ထဲက အုတ်ခဲဖြင့် ပစ်ဖို့ရန် တရွယ်ရွယ်။

သူသွားကိုလည်း ထိမှာ စိုးရသေး။

'ဟာ ဒီခွေးမတော့ ကွာ'

အလတ်ကောင် စက်ဘီးကို အရှိန်မလျှော့ဘဲ မြန်သထက်မြန်အောင် ခါးလေးကုန်းကာ နင်း၏။ ကိုကျော်ဦးခြေသံ ကြားသွားလို့ ဖြစ်မည်။ ခွေးမ ဆက်မလိုက်တော့ဘဲ ခြံတံခါးမရှိသည့် ခြံတစ်ခြံထဲသို့ ပြေးဝင်ပျောက်ကွယ်သွား၏။

'ဒုန်း'

သတိလက်လွတ် ကိုင်လာသည့် အုတ်ခဲကျိုးကြီးကို ခြံထောင့်သို့ ပစ်ထုတ်လိုက်၏။ ထို့နောက် အနီးက

# ခြေလေးချောင်းရှိသောမိဘနှင့် ခြေနှစ်ချောင်းရှိသောမိဘ

သျှင်ဆန်းမောင်





www.burmeseclassic.com

www.burmeseclassic.com

ကုလားထိုင်ပေါ် ခြေပစ် လက်ပစ် ထိုင်ချလိုက်၏။ ကိုကျော်ဦး မျက်ထောင့်နီနေဆဲ။

'ဟဲ့ ဟဲ့ ကိုဦး ဘာဖြစ်တာလဲ အုတ်နီခဲကြီးနဲ့'

အခုမှ အိမ်ထဲက ထွက်လာဟန်တူသည့် မနီလာ မျက်လုံးပြူး မျက်ဆန်ပြူးဖြင့်မေး၏။ မျက်လုံးများက ကိုကျော်ဦးကို ကြည့်လိုက်၊ လမ်းမကို ကြည့်လိုက် ဝေခွဲရခက်နေ၏။

'ဟိုခွေးမ နင့်သားကို လိုက်ကိုက်လို့၊ ဒီခွေးမ သေချင်နေပြီ'

သားဆိုသည့်စကားက မနီလာကို ပြူးပြူးပျာပျာဖြစ်သွားစေ၏။ လက်တစ်ဖက်က ထဘီကို မ,ကာ လမ်းမပေါ်သို့ ချာခနဲ ရောက်ရှိသွား၏။ ပါးစပ်ကလည်း စက်သေနတ်အလား။

'ဘယ်မလဲ အလတ်ကောင်၊ ဒီကလေးတွေနဲ့ ဒီခွေးတွေနဲ့ ငါ သေချင်တယ်။ ကိုဦး ထိုင်မနေနဲ့လေဟယ်'

လမ်းမပေါ်မှာ ကလေးရော ခွေးပါ မရှိ၊ ရှင်းလို့ လင်းလို့။ ကိုကျော်ဦး ထိုင်ရာက ထ,ကာ အိမ်ထဲသို့ ဝင်သွားပြန်သည်။ ပြန်ထွက်လာသည့်အခါ သံတူးရွင်းတစ်ချောင်းကို ကိုင်လျက် ပြန်ထွက်လာ၏။ လမ်းတစ်ဖက်ကို လှမ်းကြည့်ပြန်သည်။

'ငါ့ကလေးကို ကိုက်လို့ကတော့ ဘယ်ခွေးမှ အရှင်မထားဘူး။ ဒီသံတူးရွင်းနဲ့ အသေကို ရိုက်သတ်ပစ်မယ်။ ငါက မလုပ်ရင် မလုပ်ဘူး'

တစ်တောင်သာသာ

**တစ်ရပ်ကွက်လုံးနှင့် တစ်ကောင် ဖြစ်နေသည့် ခွေးမကို သူ့သခင်မက နားကုပ်ဟု အမည် ပေးထား၏**

သံတူးရွင်းကို မြင်သာအောင် ထောင်ပြလိုက်သေး။ ရိုက်လို့ကောင်း၊ ပစ်လို့ကောင်းမည့် အနေအထား။ ခွေးမပြောနှင့် လူ့တောင် တစ်ချက်တည်းနှင့် ပုံလဲသွားနိုင်သည်။

'လူတွေကလည်း စည်းမရှိ ကမ်းမရှိ၊ ဒီလိုခွေးမျိုးတွေ မွေးစရာလား၊ ကိုက်လည်းကိုက်ရော ခွေးပိုင်ရှင် မပေါ်တော့ဘူး။ စည်ပင်ကလည်း ဒီခွေးလေခွေးလွင့်တွေကျတော့ မမြင်ချင်ယောင်ဆောင်နေကြတယ်။

အိမ်လေးများ ပြင်မဆောက်နဲ့ လာပါပြီ၊ ယောတစ်ယောက် ယောတစ်ယောက် အရှက်ကို မရှိကြဘူး'

မနီလာ မဆိုင်တာတွေရော၊ ဆိုင်တာတွေရော မပြီးနိုင်မစီးနိုင် မမောတမ်း ပြောနေပါတော့သည်။ ကိုကျော်ဦး အိမ်ထဲပြန်ဝင်ပြန်သည်။ ဒီအခါမှာ သုံးနှစ်အရွယ် သမီးလေး သဇင်ထွေးနှင့် ခြံပေါက်ဝတွင် ဆုံ၏။ အရုပ်မလေးကို ပိုက်လို့။

'သမီး လာလာ အပြင်မထွက်နဲ့ ခွေးတွေ ရှိတယ်။ ကြည့်စမ်း ဒီကလေး ဖိနပ်လည်း စီးမလာဘူး'

သဇင်ထွေး သူ့အဖေကို ပတ်ရှောင်ပြီး လမ်းမပေါ် တက်ဖို့ ပြင်သည်။ အလိုလိုက်ခဲ့ကြတာကိုး။

'ခွေးသေးသေးလေးတွေကို မီးမီး ချစ်တယ်၊ မီးမီးကို ဖမ်းပေး'

ဒီမိုကရေစီခေတ်မှာ မွေးလာသည့်ကလေးမို့ ထင်ရဲ့၊ အကြောက်အလန့် မရှိ။ ကိုကျော်ဦး မနေသာ၊ သံတူးရွင်းကို ချပြီး ကလေးကို ကောက်ချီရတော့သည်။

ဒီအချိန်မှာပဲ စက်ဘီးကို လက်တစ်ဖက်လွှတ်ပြီး စီးနေသည့် အလတ်ကောင် အိမ်အနီးသို့ ရောက်လာ၏။ အရှိန်ကိုမလျှော့။ ရပ်ကွက်ကို လေးငါးပတ်လောက် ပတ်စီးရဦးမှာလေ။

'အလတ်ကောင် အလတ်ကောင် လာစမ်း'

လက်ဖြင့် လှမ်းဆွဲလျှင် တောင်မီသည့် အကွာအဝေးကို မနီလာ ခုနစ်သံချီ ဟစ်နေပြန်သည်။ အလတ်ကောင် ဘရိတ်ကို စုံဆွဲပြီး ဖင်ကို ယမ်းထုတ်လိုက်၏။ အရှိန်ကြောင့် စက်ဘီးက တစ်ပတ်လည်ပြီး မနီလာ ဘေးတွင် ရပ်၏။

'နင့်ကို ခွေးလိုက်ဆွဲလို့ဆို၊ ကိုက်မိသွားသေးလား ပြစမ်း။ ဩော်··· စက်ဘီးပေါ်က ဆင်းပါဦး၊ ငါ လုပ်လိုက်ရ'

မနီလာ ခြေမြန်လက်မြန်ဖြင့် ဘောင်းဘီတွေကို လှန်လှောကြည့်၏။ ချောမွတ်နေသည့် ခြေသလုံးသားပေါ်တွင် ဘာခြစ်ရာမှ မရှိ။ ဖုန်နှံ့ချေးနှံ့တို့က ထောင်းထောင်းထ,လို့။

'သားနဲ့ အဝေးကြီးနဲ့ သား သိတောင် မသိဘူး။ ဘယ်ရမလဲ သားက အမြန်နင်းတာပေါ့'

အလတ်ကောင် စက်ဘီးပေါ်ကနေ လက်မထောင်ကြွားလုံးထုတ်နေပြန်သည်။ အရင်လို သူ့အဖေက မရယ်ပါ။

'သား စက်ဘီးကို သိမ်း၊ နောက်နေ့မှ စီးတော့။ ပြောတာကြားလား။ ဖေဖေ နောက်နေ့ ပေးမစီးဘဲ နေမှာနော်'

အလတ်ကောင် မှုန်တေတေ မျက်နှာဖြင့် သူ့အဖေကို တစ်ချက်ဝေ့ကြည့်၏။ အခြေအနေမလှ။ တစ်ဖန် မနီလာကို မျက်စိမှိတ်ပြပြီး အပြုံးနှင့် လာဘ်ထိုးကာ–

'မေမေ သား ဒီဘက်မှာပဲ စီးမယ်လေ။ ဟိုဘက်မသွားဘူး၊ သွားရင်ရိုက်'

မနီလာကလည်း ပါးသည်။ ကိုကျော်ဦးကို

www.burmeseclassic.com

www.burmeseclassic.com

[...]ချက်စောင်းထိုးပြီး အိမ်ထဲ[...]င်သွား၏။ သဘောက နှင့်[...]ဖေကို ပြောပေါ့လေ။

ဒီအချိန်မှာပဲ စက်သံပြင်းပြင်းဖြင့် ဆိုင်ကယ်တစ်[...]း အိမ်ရှေ့ကနေ ဖြတ်[...]သွား ရှေ့နားအရောက်မှာ ခွေးဟောင်သံ စီခနဲ ထွက်ပေါ်လာပါသည်။

'ဟဲ့ခွေး ဟဲ့ခွေး ဒီခွေးမ[...]ကို ရိုက်စမ်း ရိုက်စမ်း၊ တစ်[...]နေ့လုံး ဒုက္ခလိုက်ပေးနေတာ'

အမြင်မတော်သူတွေ က ခွေးမကို ဝိုင်းမောင်းပေးကြသည်။ ကိုကျော်ဦး [...]လေးကို အိမ်ထဲသွားထားပြီး ခွေးမနောက် ထွက်လိုက်ပြန်သည်။ ခွေးနှင့်တူတာဆိုလို့ ခွေးသားပေါက် သုံးလေးကောင်သာ လှမ်းမြင်ရ၏။

ဆိုင်ကယ် နောက်ကနေ[...]းသွားသည့် ကလေးက ရက်ပ်ပါစတိုင်ဖြင့် ခြေရောလက်ပါ လှုပ်ခါသွားလေတော့ ကိုက်ချင်ချင် ခွေးမ ဘယ်ရတော့မလဲ။ ကိုက်မိဖို့တော့ မလွယ်ပါ။ ခွေးကို အကြောက်လွန်ပြီး လဲပြိုမည်ဆိုရင်တော့ ခွေးကိုက်တာထက် အဆတစ်ရာမက နာပြီသာမှတ်။

ဒီခွေးမ လုပ်နေပုံက ကိုကျော်ဦး ဒေါသကို မီးလောင် ဖုံးနှင့်ပစ်နေပြန်သည်။

တစ်ချိန်လုံး ပျောက်ချက်သားကောင်းနေရာက ထွက်ဟောင်လိုက်၊ ထွက်ဆွဲလိုက်၊ ပျောက်သွားလိုက် ထင်တိုင်းကြဲနေသည့် ခွေးမကို လူတွေက သူ ပြုသမျှ နရတော့မယ့် အတိုင်း။ ရာဇဝင်ရိုင်းလိုက်တာ။

ကိုကျော်ဦး ဆုံးဖြတ်

နားရွက်လေး
နှစ်ဖက်က
ရှေ့ဘက်သို့
ကုပ်ပြီး
ကျနေ
သောကြောင့်
နားကုပ်ကို
အဖေ
ခွေးဝဲစား
အမေ
ခွေးလေးခွေးလွှင့်
တို့မှ
ပေါက်ပွား
လာသလို
အပြင်ပန်း
အားဖြင့်လည်း
သနားစဖွယ်
ရုပ်သွင်
မရှိပါ

လိုက်ပါတော့သည်။ ဒီနေ့တော့ အလုပ်မသွားဘဲ ဒီခွေးမကို အပြတ်ရှင်းရမည်။ အနည်းဆုံး ကျိုးပဲ့သွားအောင်တော့ ဆုံးမပစ်ရမည်။

❑

အခုလို တစ်ရပ်ကွက်လုံးနှင့် တစ်ကောင် ဖြစ်နေသည့်ခွေးမကို သူ့သခင်မက နားကုပ်ဟု အမည်ပေးထား၏။ နားရွက်လေးနှစ်ဖက်က ရှေ့ဘက်သို့ ကုပ်ပြီးကျနေသောကြောင့် နားကုပ်ကို အဖေ ခွေးဝဲစား၊ အမေ ခွေးလေးခွေးလွှင့်တို့မှ ပေါက်ပွားလာသလို အပြင်ပန်းအားဖြင့်လည်း သနားစဖွယ်ရုပ်သွင် မရှိပါ။

နားကုပ်တို့သားအမိတွေကို ကျွေးမွေးပြီး နေစရာနေရာပေးထားသူ ဒေါ်ဝေလွင်က တစ်ကိုယ်တည်း အပျိုကြီးမို့ ခွေးတွေ၊ ကြောင်တွေကို သားသမီးအရာ ထားကာ စကားတပြောပြောနှင့် ရောရောနှောနှော နေတတ်သူ။ ပိုပိုလျှံလျှံ ထားနိုင်သိုနိုင်သူ မဟုတ်သော်လည်း သူစားမည့်ထဲကနေ အချိုးချခွဲဝေကာ နေ့နေ့ညည ကျွေးမွေးမပျက်ပြု၏။

လက်ရှိ ဒေါ်ဝေလွင့်အိမ်မှာ သားပေါက်နေသည့်ခွေးမက နှစ်မ။ သားကျထားသည့် ခွေးလေးတွေက ဆယ့်ငါးကောင်။ ဆယ်ပေမရှိတရှိ ခြံထဲမှာ ခွေးတွေနှင့် အပြည့်။ အိမ်ပေါ်မှာက ကြောင်ဖြူ၊ ကြောင်ဝါ၊ ကြောင်ပြာတာတာ စသဖြင့် ကြောင်ပရိသတ်ကလည်း အိမ်နှင့် အပြည့်။ ပြည်တွင်းစစ် ဘယ်တော့ ချုပ်ငြိမ်းမလဲ။ ဒေါ်ဝေလွင် မသိပါ။ သူ့အိမ်မှာတော့ ခွေးနှင့် ကြောင်တို့ အတူယှဉ်တွဲနေထိုင်လာခဲ့ကြတာ ကြာပါပြီ။ ဘာ စစ်ပွဲမှ မရှိ။

ဒီအနီးအနား တစ်ဝိုက်မှာ ခြံဝင်းမလုံ၊ ခြံတံခါးလုံးလုံး မရှိသည့်ခြံတွေက လေးငါးလုံးမက ရှိနေသောကြောင့် ခွေးများ ပေါက်ပွားရှင်သန်ကြီးထွားဖို့ရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်နေပါသည်။ ဆင်းရဲမွဲတေခြင်းနှင့် စည်းကမ်းမဲ့ ပရမ်းပတာကျခြင်းက ရင်ဘတ်နှင့်ကျော မဟုတ်ပါလား။ ထိုလူတန်းစားသည် မရှိရင်မစား၊ ရှိရင်ရှိသလောက် အကုန်ချက်စား၊ စားမကုန်ပါက တော်ရာမှာ တော်သလို စွန့်ပစ်ကြတာဆိုတော့ နားကုပ်တို့အုပ်စုသည်ကား၊ ဆိုင်ကယ်တိုက်မှပဲ သေမယ်၊ အစာငတ်ပြီးသေဖို့ မရှိ။ ဆူဆူညံညံ ညစ်ညစ်ပတ်ပတ် တော့ရှိမည်။

အခုတော့ ဒေါ်ဝေလွင် အခက်ကြီး ကြုံနေရပါပြီ။ သူမွေးထားသည့် နားကုပ်က သူ့ကိုယ်သူ ခရိုနီမှတ်နေသလား မသိ။ သူ့အိမ်ရှေ့က လမ်း သူ့အဘ ပိုင်သည့် လမ်း။ ဖြတ်သွားဖြတ်လာ ဆိုင်ကယ်တွေ၊ စက်ဘီးတွေက လမ်းတံတားကြေး မပေးကြသူတွေဟု သဘောထားကာ လိုက်ဆွဲနေပါတော့သည်။ မြန်မာလူမျိုးတို့စရိုက်အတိုင်း ဖြစ်တုန်း ခဏသာ သတိမယ်၊ ဖြတ်မယ်လုပ်ကြပြီး တော်ကြာ မေ့မေ့သွားကြလို့ နားကုပ် ဒီလမ်းပေါ်မှာ ဗိုလ်လုပ်ခွင့်ရနေသေးတာ။ ဒါကလည်း သားသမီးထိမ်းကြည့်ဆိုသူနှင့် တွေ့ကြည့်လိုက်ပါလား။ ဒင်း (သင်း) ဆိတ်ကတုံးသား ဖြစ်သွားမှာပေါ့။

ဒီလိုတွေးမိပြန်တော့ ဒေါ်ဝေလွင် ရင်တုန်ပန်းတုန် ဖြစ်ရပြန်သည်။ ဒီအိမ်က ငှားနေတာဆိုတော့ နောက်ခြောက်လမပြည့်ခင် ပြောင်းပြေးရကောင်းမလား အခါခါ စဉ်းစားမိသည်။ အိမ်ပေါ်ကနေ အိမ်အောက် မဆင်း[...]

www.burmeseclassic.com

အထိသာ။ အိမ်ပေါ်က ဆင်းလိုက်တာနှင့် မည်းမည်းပြောင်ပြောင် ခွေးပေါက်စလေးတွေက သူ့ခြေထောက်ကို လက်ကလေးတွေနှင့် လာလာပြီးကုတ်။ ကိုယ်လုံးကလေးတွေ လှုပ်လှုပ် လုပ်ပြပြန်တော့ ရင်ထဲ မချိအောင် သနား။ အစားမကျွေးတော့ဘူးဆိုသည့် စိတ်ထားကို လွှတ်တော်မခေါ်ဘဲ ပြင်ဆင်ရပြန်သည်။

❑

သံတူးရှင်းကို သိုသိုသိပ်သိပ် ကိုင်ကာ ကိုကျော်ဦး နားကုပ် ရှာပုံတော် ထွက်ခဲ့သည်။ ဝေးဝေးလံလံတော့ မဟုတ်။ နားကုပ် ခိုလှုံရာ အိမ်ဘက်ကို မယောင်မလည် သွားကြည့်၏။ ခြံထဲတွင် ဒေါ်ဝေလွင် ခွေးတစ်အုပ်နှင့် အလုပ်ရှုပ်နေ၏။ ကိုကျော်ဦး ခြံထဲကို အတိုင်းသားမြင်ရသည့် သရက်ပင်အကွယ်ကနေ လှမ်းကြည့်နေပါသည်။ ခြံ၏ ရှေ့ဘက်အခြမ်းကို သံဆန်ခါတစ်ဝက် ဝါးကပ်ဖြင့် ကာရံထား၏။ ကိုကျော်ဦးက ဝါးကပ်အခြမ်းကနေ ချောင်းကြည့်နေတာပါ။ ခွေးချေးနံ့တော့ နည်းနည်းနံ့သလိုလို။

ဒေါ်ဝေလွင် အလုပ်မသွားခင် မဖြစ်မနေ လုပ်ရသည့်အလုပ်က ဘုရားဆွမ်းတော်ကပ်သည့် အလုပ် မဟုတ်။ ဒါက ပျက်ရက်ရှိနိုင်သည်။ မပျက်မကွက် လုပ်ဆောင်ရတာက ခွေးတွေ၊ ကြောင်တွေကို အစာကျွေးခြင်းပါပဲ။ ပါးစပ်ရောလက်ရော မအားရသည့် အလုပ်။

'နားကုပ် နင် လူတွေကို ဘာဖြစ်လို့ လိုက်ကိုက်နေတာလဲ… လိုက်ကိုက်နေတာလဲ'

'ဖြန်း…ဖြန်း…ဖြန်း'

'ဂိန်…ဂိန်'

ဒေါ်ဝေလွင် ကိုင်ပြီးရိုက်နေသည့် ဝါးခြမ်းပြားကလက်တစ်လုံးသာသာ နားကုပ် နာမည်မထင်။ အကျင့်ပါလို့သာ အော်နေတာ ဖြစ်မည်။

'နင်တော့ သေချင်နေပြီ။ နင့်နှုတ်သီးကို ကျိုးအောင်ရိုက်ပစ်မယ် ဒီမှာ ဒီမှာ'

နားကုပ် အော်ရင်းကနေ ဒေါ်ဝေလွင့်ကို ဝိုင်းကြီးပတ်ချာလည်လှည့်နေ၏။ ခွေးသေးသေးလေးတွေရော၊ နည်းနည်း ကြီးကြီးလေးတွေပါ နားကုပ်နောက်ကနေ တပူးတွဲတွဲ ရထားတွဲကြီးကဲ့သို့။ တချို့ ခွေးလေးတွေက နားကုပ်၏ ပါးစပ်ကို ညည်းသံလေးတွေပေးကာ လိုက်နမ်းကြ၏။ အဆင်သင့်သည့်အခါ အဲဒီပါးစပ်ကနေ အစားအသောက်တွေ အန်ချတတ်သည်။ ပါးနပ်သည့်ခွေးတွေကနောက်ကနေ နှိုဝိုင်း ဆွဲကြ၏။ ခွေးသေးသေးလေးတွေက အော်သာအော်နေကြတာ မစားလည်းမစားရ။ မစို့လည်း မစို့ရ။ ကိုကျော်ဦး သက်ပြင်းချမိ၏။ ခွေးချေးနံ့ကို သတိမရတော့။

'သနားလိုက်တာ နားကုပ်ရယ်၊ ကိုယ့်ကလေးမှန်း မသိ၊ သူများကလေးမှန်း မသိ အကုန်နှိုတိုက်၊ အကုန်အန်ကျွေး။ ဟိုခွေးမကြီး ဘယ်ရောက်နေလဲ၊ နားကုပ်နင် အရိုးပဲ ရှိတော့တယ်'

မျက်စောင်းထိုးအိမ်ကကောင်လေး ကာတွန်းကားအခွေလေးကိုင်လို့ ခြံပေါက်ဝရောက်လာပါသည်။ ခြံထဲ မဝင်ပါ။

'အန်တီ ဒီခွေးတွေ အကုန်လုံးကို အဲဒီခွေးမက မွေးထားတာလား။ တစ်ကောင်၊ နှစ်ကောင်၊ သုံးကောင်…ဆယ်ကောင် ကျော်တာပဲ'

နားကုပ် နောက်ခြေနှစ်ချောင်းကို မြှောက်မြှောက်ပြီး နို့ဆွဲနေသည့် ခွေးလေးတွေဆီက လွတ်အောင် ရုန်းလိုက်၏။ လွတ်တာနှင့် ခြံနောက်ဘေးပေါက်ကနေ ထွက်ပြေးသွား၏။

'ဒီနားကုပ် မွေးထားတာက ဒီခွေးသေးသေးလေး ရှစ်ကောင်ကိုမွေးတာ။ ကျန်တဲ့ အကြီးတွေက ခွေးဝါမကြီး မွေးတာ၊ ခွေးမကြီး မတွေ့ဘူး'

ကိုကျော်ဦး သမီးလေး သဇင်ထွေးက နောက်ယောင်ခံကာ လိုက်လာ၏။ ဆူမှာစိုးလို့ တိတ်တိတ်လေး အနားကပ်လာ၏။

'သားက နားကုပ် မွေးထားတာ ထင်နေတာ။ ဒီခွေးတွေ အကုန်လုံးကို သူပဲ နို့တိုက်တယ်နော်။ အစာတွေလည်း အန်ကျွေးတယ်။ ဒါပေမဲ့ အန်တီ ဒီနားကုပ် အခု ဆိုးလာတယ်။ ဆိုင်ကယ်တွေ၊ စက်ဘီးတွေကို လိုက်လိုက် ကိုက်တယ်။ ခဏခဏပဲ'

'အန်တီလည်း အဲဒါကို စိတ်ညစ်နေတာ၊ ဒီခွေးတွေကို ဘုန်းကြီးကျောင်း သွားပို့ပေးပါလား။ အန်တီ မုန့်ဖိုးပေးမယ်လေ။ တော်ကြာ လူတွေက သူ့ကို သတ်ကြလိမ့်မယ်။ သနားပါတယ်ဟယ်'

မျက်နှာချင်းဆိုင်အိမ်က အဒေါ်ကြီးတစ်ယောက် စားကြွင်းစားကျန်တွေကို ဒီဘက်လမ်းကူးလာပြီး ခွေးစားခွက်ထဲ လာလောင်းထည့်ပါသည်။ ဒါကို ချောင်းနေကြသည့် ခွေးလေးတွေက ပြေးလာကြ၏။ သံဆန်ခါကွက်ကနေ ထွက်လာကြတာလေ။

'သား မလုပ်ရဲဘူး အန်တီ၊ နားကုပ်ကို ကြောက်တယ်။ သူ့သားလေးတွေကို ကိုင်လို့ မရဘူး၊ အော်သံကြားတာနဲ့ ပြေးပြေးလာတာ'

နားကုပ် နောက်ဖေးပေါက်ကပဲ ပြန်ဝင်လာ၏။ သူ စားလာသမျှကို အကုန်အန်ချလိုက်ပါသည်။ ခွေးလေးတွေက အမြီးလေးတွေနန့်ကာ ပြေးလာကြ၏။

'အန်တီ သား TV ထဲမှာ ကြည့်ဖူးတယ်။ ဘယ်မြို့မှာလဲတော့ မသိဘူး။ အန်တီ့လိုပဲ ခွေးတွေ အများကြီးမွေးထားတာ။ သူတို့ဆီလာပို့တဲ့ခွေးတွေကို အကုန်ခေါ်ပြီး မွေးထားတယ်။ အန်တီ ဒီခွေးတွေ သွားပို့ပါလား'

'ဟုတ်လား၊ ပို့ချင်တာပေါ့ သားရယ် ကားငှားပြီး ပို့မှရမှာလေ။ ကားခက လေးငါးသောင်း ကုန်မှာနော်'

ဒေါ်ဝေလွင် ဝမ်းနည်းဝမ်းသာ မျက်နှာဖြင့် ကောင်လေးကို ပြုံးပြ၏။

ထိုကောင်လေးစကား



www.burmeseclassic.com

www.burmeseclassic.com

...ကြောင့် ကိုကျော်ဦး အတော် ...သောသွားပါသည်။ သူ ...ည်း အဲဒီ အစီအစဉ် ကြည့် ...လိုက်ပါသည်။ သတ်ပစ် ...ခွေးတွေကိုတောင် ခေါ် ...ပြီး မွေးထားသတဲ့။ ဘာပဲ ...ဖြစ် ဒီခွေးတွေကို သွားပို့ ...ဖြစ်အောင် ပို့ရမည်။ ကားခ ...ကျစရိတ်ကို သူ့ဟာသူ ...မည်။ လိုအပ်လာမှ လမ်း ...က အကူအညီတောင်း ...မည်။ ဒီ နားကုပ် မရှိဘူး ...ပြော၊ ဘယ်ကလေးမိဘ ...ဆို အလှူငွေထည့်ဖို့ ဝန် ...မှာ မဟုတ်။

ကိုကျော်ဦး လက်နက် ...ိုင်စရာ မလိုတော့။ သံတူး ...ှင်းကို ချလိုက်ပါပြီ။ ...သနာတိုင်းကို ညင်ညင် ...သာဖြေရှင်းလို့ ရသည်။

ခြံထဲကို ငေးကောင်း ...ကောင်းနှင့် ငေးနေတုန်း ...နောက်ကနေ အမှတ်မထင် ...ရောက်ရှိလာသည့် သဇင် ...ထွေး အစာစားနေသည့် အဝ ...ဖြူဆုံးခွေးလေးကို အတင်း ...င်ဖမ်းလေ၏။

'သမီး မကိုင်နဲ့ ရွံစရာ ...ကြီး ချထား ချထားလိုက်။ သမီးလေးက လိမ္မာပါတယ်။ လွှတ်ပေးလိုက်နော်။ လွှတ်ပေးလိုက် ပြောမရရင် ဖေဖေ ရိုက်မှာနော်'

ခွေးပေါက်စလေးက တအိုင်အိုင် အော်ကာ အတင်း ရုန်းနေပါတော့သည်။ ကိုကျော်ဦး သူ့သမီးကို ဒေါသ မဖြစ်စဖူးဖြစ်မိ၏။ ထိုင်နေလျက်ကနေ တုတ်ကို စမ်းလိုက်၏။ သံတူးရှင်းကိုသာ ကိုင်မိ၏။

'ဝုတ် ဝုတ်'

ဖြစ်ချင်တော့ ကိုကျော်ဦးက နားကုပ်ကို မြင်နေပေမဲ့ နားကုပ်က မမြင်။ ခြံပြင်ကိုပြေးထွက်လာ၏။ စဉ်းစားချိန်မရ။ အချိန်မီဟန့်တားရမည်။ မလိုအပ်ပါဘဲ အင်အားသုံးမိလိုက်သည်။

'ဂိန် ဂိန်'

'ဂိန်'

သားဓောကပ်နေသည့် ကိုကျော်ဦးနှင့် နားကုပ်တို့ စိတ်လိုက်မာန်ပါဖြစ်ကုန်ကြသည်။ ရလဒ်က မဖြစ်သင့်တာတွေပေါ့။ အားပါလှသည့် ရိုက်ချက်က နားကုပ်၏ ငယ်ထိပ်ကို မိမိရရ။ နားကုပ် နှစ်ချက်လောက်သာ ခေါင်းထောင်လာပြီး နေရာမှာတင် သေဆုံးသွား၏။

အစအဆုံး မြင်လိုက်ရသည့် ဒေါ်ဝေလွင် ပါးစပ်ကို လက်ဖြင့် အုပ်ပြီး မျက်ရည်တွေ တွေတွေကျနေသည်။

ကိုကျော်ဦးလည်း သံတူးရှင်းကို ပစ်ချကာ သဇင်ထွေးကို ပွေ့ချီထားလိုက်သည်။ ဒါမျိုး ခုမှကြုံဖူးတာမို့ အသားတွေ တဆတ်ဆတ် တုန်နေ၏။

သေတာမသိ ခွေးသေးသေးလေးတွေက လဲနေသည့် နားကုပ်ကို ခွလိုခွ ကျော်လိုကျော် အခွင့်ကောင်းယူကာ နို့ဝိုင်းစို့နေကြ၏။

ခွေးထီးတွေက နားခေါင်း တရှုံ့ရှုံ့လုပ်ကြ၏။ ခပ်လှမ်းလှမ်းရောက်သည့် အခါ အားလုံး သံရှည်ဆွဲကာ အူလိုက်ကြသည်။ ဝမ်းသာလို့လား၊ ဝမ်းနည်းလို့လား။

■

**သွင်ဆန်းမောင်**


ပွဲတင်သံ ဂျာနယ်
Pae Tin Tharn Journal

နိုင်ငံသားတို့အသံ လွတ်လပ်စွာ ပွဲတင်ထပ်စေမည်

ဘယ်လိုမူနဲ့လဲ
မဏ္ဍိုင်သုံးရပ်ကို
စောင့်ကြည့်ဝေဖန်သုံးသပ်သည့်အပြင်
စတုတ္ထမဏ္ဍိုင်၏ အခန်းကဏ္ဍကို
ပီပြင်စွာကိုယ်စားပြုထင်ဟပ်ကာ
နိုင်ငံသားတို့၏အသံဟူသမျှအား
လွတ်လပ်စွာပွဲတင်ထပ်စေမည်။

ဘာအသံတွေ ကြားရမှာလဲ
လွှတ်တော်အသံ၊ ရုံးတော်အသံ၊
ပါတီအသံ၊တိုင်းရင်းသားအသံ၊
လူငယ်အသံ၊ဈေးသည်အသံ၊
အနုပညာသည်အသံ၊ မြန်မာတစ်လွှားက
နိုင်ငံသားအသံ၊ ကမ္ဘာတစ်လွှားက
မြန်မာများအသံ။

ဘယ်လိုထူးခြားတဲ့သတင်းတွေ ဖတ်ရမလဲ
'ကမ္ဘာ့သတင်းစာမျက်နှာပေါ်က မြန်မာ'၊
'နိုင်ငံတကာမီဒီယာရဲ့ နိုင်ငံတကာသတင်း'၊
'သမဂ္ဂသတင်း'၊ 'သတင်းလူသား'
'သတင်းဝတ္ထု'...
အစရှိတာတွေကို ဖတ်ကြရမှာပါ။

အပတ်စဉ် ကြာသပတေးနေ့တိုင်း ထွက်ပြီ

ကိုယ်စားလှယ်များ မှာယူလိုပါက
ပွဲတင်သံ ဂျာနယ်
အခန်းအမှတ်(၄-၀၁)၊ တိုက်(၁၇)၊ ၃ လွှာ
၅၂ လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ တယ်လီဖုန်း ၀၁ ၉၀၁၀၅၀၁ သို့
ဆက်သွယ်မှာယူနိုင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံအတွက် အလှူ (၁၁) မျိုး၊ ဘက်စုံအလှူ (၁၁၁၀၀၀/-) နှုန်းနှင့် ထာဝရငွေပင် ငွေကျပ် ၅ သိန်းနှင့်အထက် ထူထောင်လှူဒါန်းလိုပါက အောက်ပါနေရာဌာနများနှင့် နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြပါသည်။

## ဆက်သွယ်လှူဒါန်းရန်

စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ ကျုံစွာချောင်
ဖုန်း၀၇၂-၂၂၀၃၄၊၀၇၂-၂၁၅၄၁၊၀၉-၆၄၆၁၆၉၉၊၀၉-၉၁၀၄၁၇၁၇

### မန္တလေး

ဦးမြင့်စိုး(စိုးဂုဏ်ပွဲရုံ) ဖုန်း ၀၉-၉၁၀ ၂၁၇၈၈၊ ဒေါ်တင်ဝင်း(လူထု)ဖုန်း၀၂-၃၉၇၁၇၊ ဒေါ် ရီရီမြင့်(သွင်စက်မှု)ဖုန်း၀၉-၂၀၀၁၇၁၇

### ရန်ကုန်

သီရိသုမင်္ဂလာ ဒေါ်ခင်သန်းမြင့်(ဝေဝင်းရတနာ၊ ဗိုလ်ချုပ်ဈေး။ ဖုန်း၀၉-၇၃၂၈၂၁၁)၊

ဒေါ်ယဉ်သန်း(အမှတ်၁၊ ငွေကြာရံအိမ်ရာ၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း၀၉-၅၁၅၂၂၇၇)

ဒေါ်ခင်စန်း(အမှတ် ၇၊ AMBO Hotel, ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။ ဖုန်း၀၉-၅၁၂၂၀၀၁)

ဒေါ် မြင့်မြင့်ကြည်(အမှတ် ၁၆၊ ကွင်းကျောင်းလမ်း၊ အလုံမြို့နယ်။ ဖုန်း ၀၁-၂၂၀၅၁၉၊၀၉-၇၃၀၇၂၄၉၂)

ဒေါ်မြင့်မြင့်စန်း(အမှတ် ၈၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ်။ ဖုန်း၀၁-၅၁၉၅၀၉၊၀၉-၇၃၁၀၉၁၃၄)

ဒေါ်စန်းစန်းနွဲ့(Real Gems)(အေ-၁၀၊ အမှတ် ၂၃-၂၅၊ ရွှေဂုံတိုင်သာ၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းလာတောင်ညွန့်မြို့နယ်။ ဖုန်း၀၁-၂၅၂၂၇၂၊၀၉-၅၀၈၂

ဒေါ်စန်းစန်းမေ(မဟာမြိုင်ဆေးတိုက်)(အမှတ်-၉၁၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်။ ဖုန်း၀၁-၂၁၀၀၄၂၇၊၀၁-၂၁၀၀၄၂၈)

ကလျာမဂ္ဂဇင်းတိုက်(ရုံးချုပ်)(အမှတ် ၁၆-ပထမထပ်၊ ဦးအောင်မြတ်လမ်း၊ သိမ်ဖြူကွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း၀၁-၂၉၀၁၇၆)

## လှူဒါန်းကြတဲ့ အလှူရှင်များစာရင်း

၁၁၀။ ဦးသန်းညွန့်မောင်နှင့် ဒေါက်တာ ကျော်ကျော်တို့အားရည်စူး၍
ဒေါ်စန်းကြည်၊ (သမီး) ဒေါ်သီတာသန်း၊ ဒေါ်ဥမ္မာသန်းမိသားစုကောင်းမှု — ၁၀,၀၀,၀၀၀/-
အမှတ် (၇၁၈)၊ ဘုတာလမ်း၊ နယ်မြေ (၇)၊ ရပ်ကွက် (၉)၊ လားရှိုးမြို့။ — (ဆယ်သိန်း

၁၁၁။ ဦးပေါ်သစ် + ဒေါ်ဆုံ၊ သခင်ချစ်ထူး + ဒေါ်လှ မိဘနှစ်ပါးနှင့်
(မောင်)ဦးထွန်းအောင်စိုးတို့အား ရည်စူး၍
ဒေါ်လွင်လွင်မြင့်(အထက်တန်း ကျောင်းအုပ်ဆရာမကြီး-ငြိမ်း) — ၅,၀၀,၀၀၀/-
၈၃ လမ်း (၃၁ x ၃၂ ကြား)၊ ဂုဏ်တန်းရပ်၊ မန္တလေးမြို့။ — (ငါးသိန်း

www.burmeseclassic.com

www.burmeseclassic.com

၃၁၂။ ဆရာတော် ဦးဇာဂရအား အမှူးထား၍
ဒေါ်အေး၊ ဒေါ်ထွေး၊ မပေါက် မိသားစုကောင်းမှု
ပွင့်ရတနာ ကျောက်မျက်ရောင်းဝယ်ရေး ၁၂,၀၀,၀၀၀/-
၃၅ လမ်း (၈၇ x ၈၈ ကြား)၊ မန္တလေးမြို့။ (တစ်ဆယ့်နှစ်သိန်း)

၃၁၃။ ဦးဖုန်းမြင့်နှင့် မန္တလေးမြို့ အထက (၁၃) ကျောင်းသား၊ ကျောင်းသူများ၊
ပြင်စာသုခမေတ္တာမိဘမဲ့ကျောင်းသားများကောင်းမှု ၁၅,၀၀,၀၀၀/-
သုခမေတ္တာမိဘမဲ့ကျောင်း၊ ပြင်စာရွာ၊ ပြင်ဦးလွင်မြို့။ (တစ်ဆယ့်ငါးသိန်း)

၃၁၄။ အငြိမ်းစား အင်ဂျင်နီယာချုပ် ၁၀,၀၀,၀၀၀/-
ဦးဘိုကျော် + ဒေါ်ခင်ရီ၊ သားသမီးမြေးမိသားစု၊ Duplex 4/B. (ဆယ်သိန်း)

၃၁၅။ ဦးဇော်ဇော် + ဒေါ်သက်ထားဦး၊ (သမီး) မဇော် (၃ နှစ်ပြည့်မွေးနေ့အလှူ) ၈,၀၀,၀၀၀/-
အမှတ်(၅)၊ မလိခလမ်းသွယ်(၁)၊ မလိခအိမ်ရာဝင်း၊ သဃၤန်းကျွန်းမြို့နယ်။ (ရှစ်သိန်း)

၃၁၆။ ဦးအေး + ဒေါ်ခင်ရီ၊ သားသမီးမြေး မိသားစု ၅,၀၀,၀၀၀/-
အမှတ်(၇)၊ သာယာကုန်း၊ ရှမ်းရွာ၊ ကိုးမိုင်၊ မရမ်းကုန်း။ (ငါးသိန်း)

၃၁၇။ မစိုးစိုးသန်း၊ မခင်ဥမ္မာကျော်၊ ၁၁,၀၀,၀၀၀/-
မစမ်းသီတာလှိုင်၊ မမိမိမိုး၊ မယဉ်ယဉ်နွယ် သူငယ်ချင်းတစ်စု (တစ်ဆယ့်တစ်သိန်း)

၃၁၈။ ဦးကျော်ညွှန့် (၅-၃-၁၀ ကွယ်လွန်)နှင့်
သား ကိုအောင်ကျော် (၂၅-၂-၈၈ ကွယ်လွန်)တို့အား ရည်စူး၍
ဒေါ်အေးသင် မိသားစု၊ တိုက် A(1)၊ အခန်း (၄၀၁၀)၊ ၅,၀၀,၀၀၀/-
ရွှေဂုဏ်သူအိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ်။ (ငါးသိန်း)

(ဆက်လက်ဖော်ပြပါမည်)


စစ်ကိုင်းတောင်ရိုး၊ ဝါးချက်ဗီဇိတဒါနသံဃာ့ဆေးရုံ

ထာဝရငွေပင် - ငွေကျပ်သိန်းငါးထောင်ပြည့် အလှူရေစက်ချပွဲသတင်းအား

ဖိတ်ကြားလွှာ

ဝါးချက်ဗီဇိတဒါန သံဃာ့ဆေးရုံကြီး အရှည်တည်တံ့တိုးတက်စေရေးအတွက် လိုအပ်သည့် ဘဏ္ဍာရန်ပုံငွေ ဖြည့်တင်းပေးနိုင်ရန် ထာဝရငွေပင်များ စိုက်ထူလှူဒါန်းမှုကို အစပျိုးခဲ့ကြပြီး၊ အလှူရေစက်ချပွဲများကိုလည်း အောက်ပါအတိုင်း ကျင်းပပြုလုပ်ခဲ့ကြပြီးဖြစ်သည်ကို အလှူရှင်များ သိရှိပြီးဖြစ်ပါသည်။

| | | | | |
|---|---|---|---|---|
| ပထမအကြိမ် | ( ၃-၃-၂၀၁၃) | ထာဝရငွေပင် သိန်းတစ်ထောင်ပြည့်ရေစက်ချပွဲ | SLDMC၊ ဒဂုံရိပ်သာ | ရန်ကုန်မြို့။ |
| ဒုတိယအကြိမ် | ( ၄-၁-၂၀၁၄) | ထာဝရငွေပင် သိန်းနှစ်ထောင်ပြည့်ရေစက်ချပွဲ | SLDMC၊ ဒဂုံရိပ်သာ | ရန်ကုန်မြို့။ |
| တတိယအကြိမ် | (၁၆-၃-၂၀၁၄) | ထာဝရငွေပင် သိန်းသုံးထောင်ပြည့်ရေစက်ချပွဲ | Royal Irrawaddy | ရန်ကုန်မြို့။ |
| စတုတ္ထအကြိမ် | (၁၉-၁၀-၂၀၁၄) | ထာဝရငွေပင် သိန်းလေးထောင်ပြည့်ရေစက်ချပွဲ | ဝါးချက်ဆေးရုံ၊ | စစ်ကိုင်းတောင်ရိုး။ |

ယခုကျင်းပမည့် ပဉ္စမအကြိမ် ငွေကျပ်သိန်းငါးထောင်ပြည့်ထာဝရငွေပင် စိုက်ထူလှူဒါန်းကြသည့် ရေစက်ချမင်္ဂလာအခမ်းအနားကို ဓမ္မာနုဦးဆောင် ကျွတ်ဆရာတော် ဒေါက်တာဘဒ္ဒန္တလက္ခဏာဓေလရဲ့ သက်တော် ၈၀ပြည့် (စံလွန်တစ်နှစ်ပြည့်)နှင့် တိုက်ဆိုင်စွာ နှစ်စဉ်ကျင်းပမြဲ ကုသိုလ်မျှဝေပွဲကိုပါ ပူးတွဲကျင်းပ မည်ဖြစ်ပါ၍ အောက်ပါအတိုင်း ကြွရောက် ကြည်ညိုသာဓုခေါ်နိုင်ပါစေရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| ကျင်းပမည့်နေ့ရက် | ၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၇ ရက် (၂၄-၅-၂၀၁၅) တနင်္ဂနွေနေ့ |
| ကျင်းပမည့်အချိန် | မွန်းလွဲ (၂း၀၀) နာရီ |
| ကျင်းပမည့်နေရာ | သာသနာ့ရေးဝန်ကြီးဌာန၊ ဗမ္မာ့သီရိဝိမာန်တော်၊ ကဘာအေးလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |


www.burmeseclassic.com

www.burmeseclassic.com

# သိန်းဖေမြင့်

# ရှင်သုမန

'ရှင်သုမနတဲ့'
သူငယ်ချင်း သိန်းတင်(ညိုမြ)၏ဘွဲ့နှင့်
တူနေပေသေးတော့၏။
ဘုန်းတော်ကြီးက ကျွန်တော့်သား
မောင်ဟသ်ာမြင့်အတွက်
ကိုရင်ဘွဲ့ရှာနေစဉ်
ကျွန်တော်က ကျွန်တော့်ကိုရင်ဘွဲ့ကို
ဝင်ပေးလိုက်ချင်သည်။
ရှင်သောဘဏ။ ဤကား
ကျွန်တော့် ကိုရင်ဘွဲ့ပေတည်း။
သို့သော် ဒီကိစ္စမှာ ဘုန်းတော်ကြီး၏
သဘောအတိုင်း ဖြစ်ရပါမည်။
ကျွန်တော်က ဘာမျှ ဝင်မစွက်။
ထို့ကြောင့် မောင်ဟသ်ာမြင့်မှာ
ရှင်သုမန ဖြစ်သွားပါလေပြီ။
ဘွဲ့ပေးခြင်းမှာ မောင်ဟသ်ာ၏
သာမဏေအဖြစ်သို့
ဝင်ခြင်း အစီအစဉ်တွင်
နောက်ဆုံး ဖြစ်လေသည်။
မောင်ဟသ်ာ သာမဏေဘောင်သို့
ဝင်ခြင်း အလှူမင်္ဂလာမှာ အလွန်ပင်
တိတ်ဆိတ်ငြိမ်သက်လေသည်။
ဖိတ်စာမကာမ်း၊ ဗြောမတီး၊
စည်မရိုက်။ ကတိုက်ကရိုက်
လုပ်လိုက်သော
အလှူမင်္ဂလာ ဖြစ်သတည်း။
ကျွန်တော့်အလိုအားဖြင့်ဆိုလျှင်
ဤသို့ တိတ်ဆိတ်သော
အလှူမင်္ဂလာပင် ဖြစ်ခဲ့မည်
မဟုတ်ချေ။ ကျွန်တော့်မှာ
ဘာသာရေး အယူဝါဒ
အစွဲအလမ်းတွေ မရှိတော့ပြီ။
ဘာသာရေး ထုံးစံဓလေ့များကိုလည်း
ကိုယ်ကစ၍ သို့မဟုတ် ကိုယ်က

ရောမ များရာစုကြီးသည်
ဘာသာအယူဝါဒ
အစွဲအလမ်းများ ရှိကြ၏
ဘာသာရေး
ထုံးစံဓလေ့များကို
လိုက်နာကျင့်သုံးကြ၏
သူတို့သည် သူတို့၏
ဘာသာရေး
ရှုထောင့်မှနေပြီး
ကိုယ်ကျင့်တရား
ကောင်းအောင်
ထိန်းသိမ်းနေကြ၏
အကျဉ်းအကျပ်ထဲတွင်
စိတ်သက်သာရာကို
ရှာကြ၏



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ဦးဆောင်၍ ဘာမျှ မလုပ်တော့ချေ။ နောင်ဘဝဆိုသော အစွဲအလမ်း မရှိတော့ပြီဖြစ်ပေရာ သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ်ထွက်မြောက်အောင် ကြိုးပမ်းဖို့လည်း မလိုတော့ချေ။ သို့သော် ဤလူ့ဘောင်လောကတွင် ကျွန်တော့်လိုလူတွေကား လူနည်းစုသာဖြစ်၏။ ကွယ်လွန်လေပြီးသော ကျွန်တော့်အဖေ၊ အမေနှင့် အစ်ကိုများက ဘာသာရေး အယူဝါဒ အစွဲလမ်းတွေ ရှိခဲ့ကြသည်။ ဘာသာရေး ထုံးစံဓလေ့များကို လိုက်ကာကျင့်သုံးခဲ့ကြသည်။ အသက်ထင်ရှား ရှိနေသော ကျွန်တော့်ယောက္ခမ (အမေ)ကလည်း ထိုနည်းလည်းကောင်းပင်။ ဆွေမျိုးသားချင်းအတူနေဖက်တွေကလည်း ထို့အတူ။ ဇရောမ များရာစုကြီးသည် ဘာသာအယူဝါဒ အစွဲအလမ်းများ ရှိကြ၏။ ဘာသာရေး ထုံးစံဓလေ့များကို လိုက်နာကျင့်သုံးကြ၏။ သူတို့သည် သူတို့၏ ဘာသာရေးရှုထောင့်မှနေပြီး ကိုယ်ကျင့်တရားကောင်းအောင် ထိန်းသိမ်းနေကြ၏။ အကျဉ်းအကျပ်ထဲတွင် စိတ်သက်သာရာကို ရှာကြ၏။ ကျွန်တော်ကလည်း ကျွန်တော့်ရှုထောင့်မှနေပြီး အကျင့်သိက္ခာ ကောင်းအောင်၊ စိတ်ချမ်းသာအောင်နေ၏။ ကျွန်တော်သည် ဇရောမ များရာစုကြီးနှင့် ထော်လော်ကန့်လန့် လုပ်နေစရာမလိုပါ။ ဇရောမ များရာစုကြီးက ဤမျှ စွဲမြဲခိုင်မာစွာ သက်ဝင်ယုံကြည်နေမှုကို ကျွန်တော်က လေးစားရပါမည်၊ ရှိသေရပါမည်။ ထို့ကြောင့် ကျွန်တော့်ယောက္ခမနှင့် ဆွေမျိုးသားချင်းများအား လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ပေးထားပါသည်။ သူတို့ထံမှ ကျွန်တော် တောင်းဆိုချက်တစ်ခုသာ ပြုခဲ့သည်။ ကျွန်တော့်အားလည်း ကျွန်တော့် ယူဆခွင့်၊ ယုံကြည်ခွင့်၊ မယုံကြည်ခွင့် လွတ်လပ်ရေး

ကျွန်တော့် ယောက္ခမနှင့် ဆွေမျိုးသားချင်းများအား
လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ပေးထားပါသည်
သူတို့ထံမှ ကျွန်တော် တောင်းဆိုချက်တစ်ခုသာ ပြုခဲ့သည်
ကျွန်တော့်အားလည်း ကျွန်တော့် ယူဆခွင့်၊ ယုံကြည်ခွင့်
မယုံကြည်ခွင့် လွတ်လပ်ရေးပေးကြရန်သာ ဖြစ်လေသည်

ပေးကြရန်သာ ဖြစ်လေသည်။

ကျွန်တော့် သားသမီးများကို မြန်မာအတန်းစာ သင်ပေးသော ဘုန်းကြီးကျောင်းမှာ ထားလိုက်၏။ ငယ်ငယ်ရွယ်ရွယ်က မြန်မာလို တွေးခေါ်တတ်အောင် မြန်မာ့ပတ်ဝန်းကျင်မှာ မြန်မာလူထု၏ အောက်လွှာနှင့် ရင်းနှီးစွာ ဆက်ဆံ၍ စာသင်ကြားနိုင်ရေးသည် မူလရည်ရွယ်ချက်ဖြစ်၏။ ထိုမူလရည်ရွယ်ချက် ထမြောက်လျှင်ပြီးရော။ ဘာတွေ သင်ရသင်ရ သူတို့အား လွတ်လပ်စွာ သင်ကြားခွင့်ပေးထား၏။ သား မောင်ဟသ်ာသည် ဗုဒ္ဓဘာသာ သင်ခန်းစာများ၌ ထူးချွန်၏။ သမ္မတအိမ်တော်သွား၍ ဆုများပင် ယူရလေ၏။ ကျွန်တော့်မိတ်ဆွေတွေက ကျွန်တော့် ပြုမူပုံကို အံ့သြကြသည်။ ဘာသာရေးနှင့်ပတ်သက်ပြီး ကျွန်တော့်ယူဆချက်တွေ ပြောင်းကုန်ပြီဟု ပြောသူက ပြောသည်။ ကျွန်တော်ဟာဖြင့် အကျွတ်တရား ရသွားပြီဟု ငေါ့တော့တော့ ဆိုသူက ဆိုသည်။

'ဘောဒေဝပုတ္တာ- အိုနတ်သား၊ ဗာလာနံ- သူမိုက်တို့ကို၊ ယာအသေဝနာစ- အကြင် မမှီဝဲ မဆည်းကပ်ရခြင်းသည်လည်းကောင်း၊ ပဏ္ဍိတာနံ- ပညာရှိသော သူတို့ကို၊ ယာသေဝနာစ- အကြင် မှီဝဲဆည်းကပ်ရခြင်းသည်လည်းကောင်း၊ ဂါရဝေါစ- ရှိသေထိုက်သော သူတို့အား၊ ရှိသေရခြင်းသည်လည်းကောင်း၊ နိဝါတောစ- မိမိကိုယ်ကို နှိမ့်ချရခြင်းသည်လည်းကောင်း၊ မဇ္ဇပါနာ- သေရည်သေရက်တို့ကို သောက်ခြင်းမှ၊ သံယမောစ- ကောင်းစွာ ရှောင်ကြဉ်ရခြင်းသည်လည်းကောင်း၊ ဥတ္တမံ- မြတ်စွာသော၊ မင်္ဂလံ- မင်္ဂလာမည်၏'

စသည်ဖြင့် ကျွန်တော့်သား တတ်သိနားလည်ရခြင်းတွင် ဘာများ အရှုံးရှိသလဲဟု ကျွန်တော့်မိတ်ဆွေများအား ပြန်လည်ချေပလိုက်ရပေသည်။

ခု သား မောင်ဟသ်ာ ရှင်သာမဏေအဖြစ်သို့ ရောက်ရပြန်လေပြီ။ အံ့သြသူက အံ့သြပေဦးမည်။ အထွေထွေ အထူးထူး ပြောသူက ပြောပေဦးမည်။

ကျွန်တော်က အစကတည်းက ဆွေမျိုးများကြားမှာ ကြေညာထားခဲ့လေသည်။

'သားများအား ကျွန်တော်ကိုယ်တိုင်က ရှင်ပြုလိမ့်မည် မဟုတ်။ ရှင်ပြုပေးလိုသူများ လွတ်လပ်စွာ ပြုနိုင်သည်'။

ကျွန်တော့်ဇနီး ခင်ကြည်ကြည်မှာ ကျွန်တော်နှင့် အတွေးအခေါ် ယုံကြည်မှုများတွင် တူသည်ဖြစ်ရာ ကျွန်တော်၏ ကြေညာချက်ကို ထောက်ခံခဲ့လေသည်။ ယောက္ခမ(အမေ)ကြီးမှာ မြေးများကို ရှင်ပြုရန် အချိန်အရွယ်ရောက်အောင် စိတ်အားထက်သန်စွာနှင့် စောင့်မျှော်နေခဲ့လေသည်။ မြေးအကြီးဆုံး မောင်ဟသ်ာပင်လျှင် ဆယ်နှစ် မပြည့်သေး။

ဇနီး ခင်ကြည်ကြည် မမာမကျန်း ဖြစ်နေသည်မှာ အတော် ကြာသွားပါပြီ။ မိုးတွင်းက စ,ဖြစ်ပြီး ဆောင်းကုန်လို့ နွေကူးခဲ့ပြီ။ သူ့ရောဂါ မပျောက်သေး။

ကျွန်တော့် ယောက္ခမကြီးသည် စိတ်ပူရှာ၏။ သူ့နည်းနှင့်သူ ကုလို၏။ ကျွန်တော်က ကျွန်တော့် စိတ်အချဆုံးသော သိပ္ပံပညာနှင့်ယှဉ်သည့် ကုနည်းများဖြင့် ကုသပေးနေသော ယင်းသို့ ကုသခြင်းကို မနှောင့်ယှက်လျှင်ပြီးရော၊ ဒီပြင်



www.burmeseclassic.com

www.burmeseclassic.com

ကြိုက်တာ လုပ်ကြပါဟု လွတ်လပ်ခွင့် ပေးလိုက်လေသည်။ ယောက္ခမကြီးသည် ဖေဒင်မေး၏။ ဓာတ်ရိုက်၏။ မြေးမောင်ဟသ်ာကို ရှင်ပြုပြီး သမီးအား ဘုရားကု ကုရန် ဆုံးဖြတ်လေသည်။

သို့ဖြင့် မောင်ဟသ်ာ ရှင်သာမဏေဘောင်သို့ ဝင်ခဲ့ရလေသည်။

'ရှင်သုမန'

ဆရာတော်က ဤဘွဲ့ကို မှည့်ခေါ်ပြီးသည်နှင့် တစ်ပြိုင်နက် သား မောင်ဟသ်ာသည် ကိုရင် အပြည့်အဝ ဖြစ်သွားလေပြီ။ သာမဏေ အင်္ဂါရပ်အားလုံး စုံလင်ပါလေပြီ။

သို့ရာတွင် ဘွဲ့ပေးခြင်းသည် ရှင်ပြုခြင်းတွင် နောက်ဆုံးအစီအစဉ်သာ ဖြစ်လေသည်။

အစက ကိုရင်ဝတ်ရာ ဘုန်းတော်ကြီးကျောင်းသို့ ကျွန်တော် မလိုက်တော့ဘူးဟု ပြောထားခဲ့သည်။ သို့သော် ယောက္ခမကြီး စိတ်ကြည်သာအောင်၊ သားတော်မောင်အားမငယ်ရအောင် ဘုန်းတော်ကြီးကျောင်းသို့ လိုက်သွားရလေသည်။

ကိုရင်အတွက် ပရိက္ခရာ ၇ ပါး အစုံအလင်ပါသည်။ သားရေနယ်မှတစ်ပါး အားလုံး အစစ်ချည်း ဖြစ်သည်။ သားရေနယ်မှာကား စက္ကူဖြင့် လုပ်ထားသော သားရေနယ်အတု ဖြစ်၏။

ခမ္မာရုံဝတ်ကျောင်း ကျောင်းထိုင်ဆရာတော်က ဦးပဥ္စင်းတစ်ပါးကို ခေါ်ပြီး မောင်ဟသ်ာအား ခေါင်းတုံး တုံးပေးရန် ပရိက္ခရာ ၇ ပါးထဲမှ သင်တုန်းဓားကို ပေးလိုက်လေသည်။ သင်တုန်းဓားမှာ အကောင်းစား အမျိုးမှန် ဖြစ်သည်ဟု ဆရာတော်က မှတ်ချက်ချလိုက်သေးသည်။

ဦးပဥ္စင်းသည် ကျွမ်းကျင်သော ဆတ္တာသည်ကဲ့သို့ မောင်ဟသ်ာ၏ ဗိုလ်ကေကလေးကို ရိတ်ဖြတ်ပစ်လိုက်လေသည်။ ပြတ်ကျသွားသော ဆံပင်များသည် မြေကြီးပေါ်သို့ မကျစကောင်း။ သို့ကလိုပင် အယူအဆ ရှိကြသည်။ ယောက္ခမကြီးသည် တဘက်ဖြင့် ခံယူ၏။ မနိုင်မနင်း ဖြစ်နေဟန်ရှိ၍ ကျွန်တော်က တဘက်၏ တစ်ဖက်စွန်းကို ကိုင်ပေးရပြန်လေသည်။ ဆရာတော်ကမူ မောင်ဟသ်ာအား တရားပြနေလေသည်။

'မောင်ဟသ်ာ ဆံပင်ကို ရိတ်နေတဲ့အခါမှာ ကေသာ၊ လောမာ၊ ကေသာ၊ လောမာလို့ ဆိုပြီး နေရမယ် ကြားလား'

မောင်ဟသ်ာက ဇက်စင်းခံနေရာမှ အသံအစ်ကြီးဖြင့်…

'တင်ပါ့ဘုရား'

'ကေသာ၊ လောမာ၊ ကေသာ၊ လောမာ၊ ဆံပင် အမွေးအမှင်၊ ဆံပင် အမွေးအမှင်လို့ သတိရှိနေရမယ်၊ နှလုံးသွင်းနေရမယ်၊ ရွတ်နေရမယ်'

သင်တုန်းဓားမှာ ထက်လှ၏။ သို့သော် ဦးပဥ္စင်းသည် တဖြန်းဖြန်းဖြင့် ခြေသလုံးမှာ ခတ်ကာ သွေးလိုက်သေး၏။

နေသည် ထန်းတစ်ဖျားမျှသို့ တက်လာလေပြီ။ သို့သော် ပိန္နဲ၊ ဒူးရင်း၊ တညင်း၊ ကနစိုး၊ ရဲယို၊ ကံ့ကော်၊ အုန်း၊ ကွမ်းသီး စသော အပင်များဖြင့် အုပ်နေသော ကျောင်းဝင်းထဲတွင် နေခြည်တစ်ပြောက်မျှ မကျရောက်သလောက်ပင် ဖြစ်နေပေ၏။

ခေါင်းတုံးပြီးသောအခါ မောင်ဟသ်ာအား ရေတွင်းသို့ ခေါ်သွားရလေသည်။ ရေတွင်းသည် အောက်ချိုင့်ထဲမှာ တည်ရှိပြီး အထွက်လွန်စွာ သန့်သည်။ မောင်းတွင် တပ်ဆင်ထားသော ရေပုံးဖြင့် အလွန်အေးမြကြည်လင်သော ရေကို ခပ်ယူပြီး သာမဏေလောင်းအား ရေချိုးပေးရ၏။ စိတ်ရော ကိုယ်ရော မည်မျှ သန့်ရှင်းကြည်လင် သွားပေလိမ့်မည်နည်း။

ရေချိုးပေးပြီးနောက် သာမဏေလောင်းအား ဆွမ်းစားကျောင်းပေါ်သို့ ခေါ်သွားကြလေသည်။ ကျောင်းကလေးမှာ ကုန်းစောင်းပေါ် မေးတင်၍ ဆောက်ထားသော တစ်ထပ်ကျောင်းကလေး ဖြစ်၏။ နောက်ဖေး ဝါးရုံကြီးကို လေခတ်သံသည် တရှဲရှဲ အော်မြည်နေလေသည်။

သာမဏေလောင်းသည် ပရိက္ခရာ ၇ ပါးထဲမှ သင်္ကန်းလိပ်ကို ယူပြီး ဆရာတော်အား ရှိခိုးကာ တောင်းပန်ရလေသည်။

'သကလ၊ ဝဋ္ဋ ဒုက္ခ၊ နိဿရဏ၊ နိဗ္ဗာနဿ၊ သစ္ဆိကရဏတ္ထာယ၊ ဣမံကာသာဝံ ဂဟေတွာ၊ ပဗ္ဗာဇေထ မံဘန္တေ၊ အနုကမ္ပံ ဥပါဒါယ'

မောင်ဟသ်ာသည် စောစောက ကြိုတင်ကျက်ထားသည့်အတိုင်း အလွတ်ဆိုသွားလေသည်။

ဆရာတော်က…

'ဒါက ရှင်သာမဏေပြုပေးဖို့ ငါ့ကို သင်္ကန်းအပ်တာပဲ ကြားလား။ ကဲ…ပါဠိမြန်မာကို ဆို'

'ဘန္တေ– အရှင်မြတ်ဘုရား။ သကလ ဝဋ္ဋဒုက္ခ နိဿရဏ၊ နိဗ္ဗာနဿ– အလုံးစုံသော သံသရာ ဝဋ်ဆင်းရဲမှ ကင်းလွတ်ထွက်မြောက်အောင် နိဗ္ဗာန်ကို၊ သစ္ဆိကရဏတ္ထာယ–မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ မျက်မှောက်ပြုပါရခြင်းအကျိုးငှာ၊ ဣမံ ကာသာဝံ– အကျွန်ုပ် လက်၌ရှိသော ဤသင်္ကန်းကို၊ ဂဟေတွာ– ယူတော်မူ၍၊ မံ–အကျွန်ုပ်ကို၊ အနုကမ္ပံ– အစဉ်သနားခြင်းကို၊ ဥပါဒါယ– အကြောင်းပြု၍၊ ပဗ္ဗာဇေထ– ရှင်သာမဏေဖြစ်အောင် ပြုတော်မူပါကုန်ဘုရား'

ထိုသို့ တောင်းပန်ပြီးနောက် ဆရာတော်လက်သို့ မောင်ဟသ်ာက သင်္ကန်းကို အပ်လိုက်ရလေသည်။

ဆရာတော်က…

'ဘုန်းကြီးလက်ထဲ သင်္ကန်းရောက်ပြီးတဲ့နောက် သာမဏေလောင်းက ရှင်သာမဏေဖြစ်အောင် ပြုပေးပါလို့ ဆိုပြီး သင်္ကန်းကို ပြန်တောင်းရတော့မယ်။ ကဲ…ဆို…ပါဠိ'

မောင်ဟသ်ာက ကျက်ထားသည့်အတိုင်း 'သကလ၊ ဝဋ္ဋ၊ ဒုက္ခ' စသည်တို့ကို ရွတ်ဆိုသည်။ ပြီးနောက်–



www.burmeseclassic.com

www.burmeseclassic.com

'အရှင်ဘုရား လက်တော်၌ရှိသော ထိုသင်္ကန်းကို ပေးတော်မူ၍ အကျွန်ုပ်အား အစဉ်သနားသည်ကို အကြောင်းပြုပြီး ရှင်သာမဏေဖြစ်အောင် ပြုပေးတော်မူပါ'

ဟု လျှောက်လိုက်လေသည်။

မောင်ဟသ်ာအား ဦးပဉ္စင်းက ကူညီပြီး လူဝတ်ကို ချွတ်စေပြီး သင်္ကန်းလဲစေသည်။ သင်းပိုင်ကို လိပ်ပြီး ခါးပန်းကြိုးပတ်လိုက်သည်။ သာမဏေလောင်းကား ကိုယ့်ကိုယ်ကိုကြည့်ပြီး ပြုံးဖြဲဖြဲကြီး လုပ်နေသည်။ လက်တစ်ဖက် ဖော်ပြီး ကေသီကို ကျကျနန ရုံပေးပြီး နောက်မှ မျက်နှာတည်သွား၏။

ဟာဝေယံရှပ်နှင့် ဘောင်းဘီတိုတို့ကို ဝတ်ဆင်လေ့ရှိသောသား မောင်ဟသ်ာအား သင်္ကန်းဝတ်နှင့် မြင်လိုက်ရသောအခါ တစ်မျိုးကြီး ဖြစ်သွားသည်။ ကြည်နူးသွားသလော၊ ကြေကွဲသွားသလော မသိ။ ရင်ထဲမှာ ဖိုလှိုက်လာသည်။

ဆရာတော်က...

'သင်္ကန်းဝတ်ရုံနှင့် သာမဏေ မဖြစ်သေးဘူးနော်။ သာမဏေအဖြစ် တောင်းပန်ရသေးတယ်'

'တင်ပါ့ဘုရား'

'ကဲ...ဆို'

'ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော၊ မောစနတ္ထာယ၊ ပဗ္ဗဇ္ဇံ ယာစာမိ'

ဤဟာကို မောင်ဟသ်ာက ဒုတိယမ္ပိ၊ တတိယမ္ပိ ရွတ်ဆိုနေစဉ် ကျွန်တော့်စိတ်သည် ငယ်စဉ်တောင်ကျေး ကလေးဘဝတုန်းက ရှင်ပြုခဲ့ရသည့် အခမ်းအနားသို့ ရောက်သွားလေသည်။ မင်းသားကလေးလိုဝတ်ပြီး မြင်းစီးကာ ရှင်လောင်းလှည့်ရသည်။ အစ်ကိုကြီးက ရှေ့မှ၊ ကျွန်တော်က နောက်မှ မြင်းကိုယ်စီနှင့်။

ကျွန်တော့်စိတ်သည် ငယ်စဉ်တောင်ကျေး ကလေးဘဝတုန်းက ရှင်ပြုခဲ့ရသည့် အခမ်းအနားသို့ ရောက်သွားလေသည်။ မင်းသားကလေးလိုဝတ်ပြီး မြင်းစီးကာ ရှင်လောင်းလှည့်ရသည်။ အစ်ကိုကြီးက ရှေ့မှ ကျွန်တော်က နောက်မှ မြင်းကိုယ်စီနှင့်

ကျွန်တော်စီးသော မြင်းကြီးမှာ ဖောင်းဝတ်ရောင် ဖြစ်၏။ သျှိုးထိုး၍ လိုက်သူတွေမှာလည်း အများအပြား။ ရှေ့က ကန်တော့ပွဲ ကိုင်သူတွေကလည်း အများအပြား။ နောက်မှ စီတန်း လိုက်ပါသူများမှာ မျက်စိတစ်ဆုံး။ ဆေးလိပ်ထဲတွင် မူးစေ့၊ မတ်စေ့၊ ရွှေဒင်္ဂါးများ ထည့်ပြီး ဝေသဖြင့် ပရိသတ်တွေ အားတိုက်ခွန်တိုက် အလုအယက်လှည့် လိုက်ကြခြင်းဖြစ်လေသည်။

ကျွန်တော်တို့ကား လူတကာ၏ အာရုံကို ဆွဲငင်နေသော အရေးအကြီးဆုံးသူများ ဖြစ်နေကြလေသည်။ ကျွန်တော့်မှာ မည်မျှ ကျေနပ်အားရသနည်း။ မည်မျှ ကိုယ့်ကိုယ်ကို အထင်ကြီးသနည်း။ မည်မျှ ကိုယ့်ကိုယ်ကို ယုံကြည်သနည်း။ ပြောမပြနိုင်အောင်ပင် ဖြစ်ပေတော့၏။ ကြည့်လိုက်ပါဦး၊ ကျွန်တော့်ဝဲ ယာဘက်တွင် ရွှေထီးများ လိုက်မိုးပေးနေကြသည်။ သို့ကြောင့်လည်း ရှင်လောင်းဘဝက ရွှေထီးဆောင်းခဲ့ရသည်များကို မမေ့ကြခြင်း ဖြစ်ပေ၏။

'ဘန္တေ- အရှင်မြတ်ဘုရား၊ တတိယမ္ပိ- သုံးကြိမ်မြောက်လည်း၊ သံသာရ ဝဋ္ဋဒုက္ခတော- သံသရာ ဝဋ်ဆင်းရဲမှ၊ မောစနတ္ထာယ- ထွက်မြောက် ကျွတ်လွတ်ပါရခြင်း အကျိုးငှာ၊ ပဗ္ဗဇ္ဇံ- ရှင်သာမဏေအဖြစ်ကို၊ ယာစာမိ- တောင်းပန်ပါ၏ ဘုရား'

ဆရာတော်က...

'ကဲ မောင်ဟသ်ာ ကိုရင်ဖြစ်ပြီ'

ဟု မိန့်တော်မူလိုက်သောအခါ ကျွန်တော်သည် အတိတ်အိပ်မက်မှ လုံးဝ နိုးလာလေတော့သည်။ ကိုရင်ဟသ်ာသည် ဆရာတော်အား 'သြကာသ၊ သြကာသ၊ သြကာသ' စသည်ရှိခိုး၏။ ဆရာတော်က 'ပရိယတ္တိ သာသနာ၊ ပဋိပတ္တိသာသနာ နှစ်ဖြာ မယုတ် ကြီးစားပွားများ အားထုတ်နိုင်လွယ်သည် ဖြစ်စေသတည်း' ဟု ဆုပေးတော်မူ၏။ ပြီးတော့...

'သာမဏေဖြစ်ပြီ။ သာမဏေတို့ သီလကို စောင့်ထိန်းရတယ်။ ကိုရင်ဖြစ်ပြီး ကိုရင်တို့ရဲ့ ကျင့်စဉ်အတိုင်း မကျင့်ရင် ကိုရင်အစစ် မဖြစ်နိုင်ဘူး။ ကဲ...သာမဏေသီလ တောင်းရမယ်'

'အဟံ ဘန္တေ၊ တိသရဏေန၊ သဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇ သီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ'

ဆရာတော်နှင့် ကိုရင်မောင်ဟသ်ာတို့သည် ဒုတိယမ္ပိ၊ တတိယမ္ပိ အပြန်အလှန် ရွတ်ဆိုနေကြစဉ် ငယ်ငယ်တုန်းက တွေ့ကြုံခဲ့ဖူးသော ရှင်ပြုတစ်ခုကို သတိရနေလေသည်။ အချိန်မှာ ညနေစောင်းဖြစ်၏။ ရှင်လောင်းကလေးမှာ အသက်ငယ်လှ၏။ ခေါင်းရိတ်ကတည်းက တစာစာ အော်ငိုကြွေးနေလေသည်။ ငြိမ်သက်စွာ ခေါင်းရိတ်ခံစေရန် မုန့်ချောင်းတစ်ခု ပေးထားရလေသည်။ ခေါင်းရိတ်ပြီးတော့လည်း ငိုနေတုန်းဖြစ်၏။ သင်္ကန်းဝတ်ပေးပြီးတော့ မုန့်ချောင်းလက်က ကိုင်ပြီး ရှိုက်နေလေသည်။ သီလပေးပြီးသည်နှင့် တစ်ပြိုင်နက် လက်က မုန့်ချောင်းကြီးကို စားလိုက်သည်။ ထိုအချိန်မှာ နေဝင်ချိန် ဖြစ်လေသည်။

ဆရာတော်က ဆယ်ပါးသီလကို ကိုရင်မောင်ဟသ်ာအား

www.burmeseclassic.com

ပေး၏။ မြန်မာလိုလည်း ရှင်းပြနေ၏။

'ပါဏာတိပါတာ၊ ဝေရမဏီ သိက္ခာပဒံ သမာဒိယာ မိ…အဗြဟ္မစရိယာ…'

မောင်ဟာသ်ာမှာ ထိုသီလအကြောင်းကို နားလည်နိုင်သည့် အရွယ် မဟုတ်။

'ဝိကာလ ဘောဇနာ…'

ဤသီလကိုကား မောင်ဟာသ်ာ ကောင်းကောင်း နားလည်မည် ဖြစ်ပေသည်။

'ဥစ္စာသယန မဟာသယနာ၊ ဇာတရူပ ရဇတာ'

ထို့နောက် ဥပဇ္ဈာယ်ယူခြင်း အစီအစဉ်ကို ကျင်းပလေသည်။

ဆရာတော်က…

'ကိုရင် မောင်ဟာသ်ာ၊ သင်္ကန်းဝတ်တဲ့အခါမှာ ဉာဏ်နှင့်ဆင်ခြင်ဝတ်ရမယ်။ လှဖို့၊ ပဖို့ ဝတ်တာ မဟုတ်ဘူး။ အပူ အအေးတို့မှ ကာကွယ်ဖို့ ဝတ်တာ။ မှက်၊ ခြင်၊ ယင်၊ လေ၊ နေပူ၊ မြွေ၊ ကင်း၊ သန်းတို့၏ အတွေ့တို့ကို ပယ်ဖျောက်ရုံ ဝတ်တာ။ အရှက်ကြီးငယ်ကို ကာကွယ်ရုံဝတ်တာ။ အဲဒီလို နားလည်ရမယ်။ အမြဲ နှလုံးသွင်းရမယ် နားလည်ရဲ့လား'

'တင်ပါ့ဘုရား'

'ဆွမ်းစားရာမှာလည်း ဉာဏ်နှင့်ဆင်ခြင်ပြီး စားရမယ်။ ပိဏ္ဍပါတ်- ဆွမ်းအစရှိသော အာဟာရတို့ကို၊ ပဋိသေဝါမိ- မှီဝဲပါ၏။ ရွာသူရွာသားငယ်တို့ကဲ့သို့ မြူးထူးပျော်ပါးကစားခြင်းငှာ မမှီဝဲပါ။ လက်ဝှေ့ လက်ပန်းသည် စသည်တို့ကဲ့သို့ အားဟူသော မာန်ယစ်ခြင်းငှာ မမှီဝဲပါ။ နန်းတွင်းသူ၊ ပြည့်တန်ဆာမတို့ကဲ့သို့ အရေအဆင်း လှပတင့်တယ်ခြင်းငှာ မမှီဝဲပါ။ ကျွမ်းသမား ကချေသည်တို့ကဲ့သို့ အသားအရေ ပြည့်ဖြိုးခြင်းငှာ မမှီဝဲပါ။ ဤကိုယ်ခန္ဓာ တည်ရုံသာလျှင်၊ မျှတရုံသာလျှင်၊ ပင်ပန်းခြင်း ငြိမ်းရုံသာလျှင်၊ သာသနာ ဗြဟ္မစရိယ၊ မဂ္ဂဗြဟ္မစရိယ နှစ်ပါးကို ချီးမြှောက်ရုံငှာသာလျှင် ဆွမ်းအစရှိသော အာဟာရကို မှီဝဲပါ၏။ ဆွမ်းကို မှီဝဲသဖြင့် အဟောင်းဖြစ်သော ဆင်းရဲဝေဒနာကိုလည်း ပယ်ဖျောက်စေမည်။ အသစ်ဖြစ်သော ဆင်းရဲဝေဒနာကိုလည်း မဖြစ်ပေါ်စေရပါ။ မျှတရုံ၊ အပြစ်မရှိရုံ စားသည်လို့ ဆင်ခြင်အောက်မေ့ရမယ်'

ဤသို့ အဆုံးအမများ ပေးပြီးနောက် နောက်ဆုံး အစီအစဉ်အဖြစ်ဖြင့် ရှင်သုမနဟူသော ဘွဲ့ကို ပေးလိုက်ခြင်း ဖြစ်လေသည်။

'ရှင်သုမန'

ဆယ်နာရီခွဲလောက်ကျတော့ ရှင်သုမနသည် ဆရာတော်ကြီးများနှင့်အတူ အိမ်သို့ ဆွမ်းစား ကြွရောက်လာလေသည်။

ရှင်သုမနသည် ကျန်သားသမီးများအတွက် အထူးအဆန်း ဖြစ်နေလေသည်။ သူတို့သည် ရှင်သုမနအား ဝိုင်းကြည့်ပြီး ပြုံးကြ၊ ရယ်ကြ၊ အချင်းချင်း လက်တို့ကာ မှတ်ချက်ချကြ လုပ်နေကြလေသည်။ ရှင်သုမနသည် သူတို့အပေါ်မှာ တည်တည်ကြီး လုပ်နေရမည်လား။ ရွှတ်တွတ်တွတ်၊ နောက်တောက်တောက် လုပ်နေရမည်လား ခွဲခြား သိပုံမတူ။ ကိုရင့်မျက်နှာမှာ မချိုမချဉ် ဖြစ်နေလေသည်။

ဘုန်းတော်ကြီးများ ဆွမ်းစားနေစဉ် ရှင်သုမနအား စားပွဲသီးသန့်ဖြင့် ဆွမ်းကျွေးရလေသည်။ ကျန်ကလေးများအဖို့ ကိုရင်သုမန ဤလို ရေးကြီးခွင်ကျယ် ထည်ဝါစွာ ဆွမ်းစားရခြင်းသည်ပင် အံ့ဩစရာတစ်ခု ဖြစ်နေပေ၏။

ရှင်သုမနသည် ကိုရင်ဘဝဖြင့် တနင်္ဂနွေတစ်ပတ် နေမည်ဟု ပြောပြီး ကျောင်းသို့ ပြန်သွားလေသည်။ နောက်တစ်နေ့ နံနက် ဆွမ်းခံထွက်ဦးမည်ဟုလည်း ဆို၏။ ခြောက်နှစ်ကျော်၊ ခုနစ်နှစ် အရွယ်ရှိသော သားအငယ် မောင်အာသာမြင့်နှင့် သူ့သူငယ်ချင်း မောင်ပွတို့က ကိုရင်သုမန ဆွမ်းခံကြွလျှင် နောက်က လိုက်ကြမည်ဟု စီစဉ်ကြလေသည်။ ကျွန်တော်သည် နောက်တစ်နေ့ နံနက်ကို ကြိုတင် စိတ်ကူးကြည့်နေမိလေသည်။

ညနေတွင် ရှင်သုမနအား သူ့အဘွားသည် ဆေးရုံသို့ ခေါ်သွားပြီး သူ့အမေအား ပြလေသည်။ ကျွန်တော် လိုက်မသွားနိုင်ခဲ့ချေ။ နောက်မှ ကျွန်တော့်အား ကိုရင်သုမနက-

'အဖေရယ်၊ အမေက ဟာသ်ာကို ကန်တော့တယ်ဗျ' ဟု ရွှင်မြူးစွာ ပြောပြလေသည်။

'ကိုရင်ဝတ်တော့ အဘွားကလည်း ကန်တော့တာပဲကွ'

ဟု သားအငယ်က ဝင်ပြီး ပြောလေသည်။

'ဟဲ့…ကိုရင့်ကို 'ကွ' လို့ မပြောရဘူး 'ခင်ဗျ' လို့ပြော'

ညတွင် ဆရာတော်က ကိုရင်မှာ ငယ်သော ကိုရင်ဖြစ်သဖြင့် အိမ်ပြန်အိပ်လိုက အိပ်ရန် ခွင့်ပြုလေသည်။ သို့သော် ကိုရင်က ကျောင်းမှာပဲ အိပ်မည်ဟု ဆိုလေသည်။ ထို့ကြောင့် သူ့ဦးတော်တစ်ယောက်က သူနှင့် လိုက်အိပ်ရလေသည်။

ထိုညနေနှင့် ထိုညတွင် ကိုရင်အား ဘီလပ်ရည်တိုက်သူတွေ များလှလေသည်။

နောက်တစ်နေ့ နံနက်တွင် ကိုရင် ဆွမ်းခံထွက်လျှင် လိုက်မည်ဆိုသော မောင်ပွသည် ဘုန်းကြီးကျောင်းမှ ပြန်လာပြီး ကျွန်တော့်အား-

'ကိုဟာသ်ာက လူထွက်ချင်တယ်လို့ ပြောတယ်ဗျ' ဟု ပြောပြလေသည်။

ကျွန်တော် ကျောင်းသို့ လိုက်သွား၏။ ကိုရင် သုမနသည် နှစ်ထပ်ကျောင်းကြီး အောက်ထပ်မှာ တစ်ယောက်တည်း လမ်းလျှောက်နေသည်ကို တွေ့ရလေသည်။ သူ့လက်မှာ မနေ့က ဆရာတော် ပေးထားသော ပုတီး ရှိလေသည်။ ကိုရင့်မျက်နှာမှာ သုန်မှုန်နေ၏။

'ဘာဖြစ်လို့ လူထွက်ချင်တာလဲ၊ ထမင်းဆာလို့လား'

'မဟုတ်ဘူး'

ကျောင်းကြီးအောက်ထပ်မှာ သားအဖ နှစ်ယောက်တည်း ရှိပြီး တိတ်ဆိတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

'၇ ရက် မနေနိုင်တောင် သုံးရက်တော့ နေဖို့ ကောင်းတယ်ကွ'

'ဟင့်အင်း… မနေချင်ဘူး၊ ထွက်ချင်တယ်'

'ဘာဖြစ်လို့လဲ'

'ပျင်းလို့'

ဘုန်းကြီးကျောင်းမှာ သာမဏေ ဣန္ဒြေကြီးနှင့် နေရသည့်အတွက် ပျင်းခြင်းဖြစ်သည်ဟု ရိပ်မိလိုက်လေသည်။

'ခု မင်း ကိုရင်ဝတ်တာ မင်းအမေ ကျန်းမာရေးအတွက် ဝတ်တာ။ ဒီလိုလုပ်ကွာ၊ မင်း သုံးရက်ပြည့်အောင်နေ။ ပြီးတော့ အမေ့ကိုပြော၊ ဟသ်ာလည်း အမေ့အတွက် ကိုရင်သုံးရက်ပြည့်အောင် ဝတ်နေတယ်။ အမေလည်း ဆေးရုံမှာ သုံးလပြည့်အောင် တက်နေပါ။ ဆေးရုံမှာ မပျင်းပါနဲ့လို့ ပြော'

ရှင်သုမနသည် ဘာမျှမပြောဘဲ မှုန်ဆိုင်းစွာ မျက်လွှာချ၍ နေလေသည်။

နောက် ငိုသံဖြင့်…

'ပျင်းတယ် အဖေ'

'ပျင်းရင် အိမ်မှာ လိုက်နေ၊ ပြီးတော့ ညကျမှ ကျောင်းပြန်အိပ်၊ အဖေပါ လိုက်အိပ်မယ်'

သူ့မျက်နှာမှာ လင်းထိန်သွားလေသည်။

'အဲဒီလို အိမ်လိုက်နေလို့ ရလား'

'ရတာပေါ့ကွ။ ငါ ဆရာတော်ကို လျှောက်ခဲ့မယ်။ လာသွားကြစို့'

သို့ဖြင့် ဆရာတော်အား လျှောက်ထားပြီး နေ့ခင်း အိမ်မှာနေရန် ကိုရင်အား ခေါ်လာလေသည်။ အိမ်ရောက်တော့ ကိုရင်သည် ညီ၊ ညီမငယ်တို့နှင့် ရယ်လား မောလား စကားပြောလေသည်။ မြှင့်တင်ထားခဲ့ရသော ဣန္ဒြေများကို လျှော့ချလေသည်။ ပြီးတော့ ခါတိုင်းလိုပင် ဆော့ပါလေသည်။ ဇကသီကိုပင် ရုံသည် မရှိတော့ချေ။ ည အိပ်ချိန်ကျမှ ဘုန်းကြီးကျောင်းသို့ ပြန်လေသည်။ ကျွန်တော် လိုက်အိပ်သောအခါ သားအငယ်ပါ ပါလာလေသည်။

ဒီလိုနှင့် သုံးရက်ပြည့်အောင် ရှင်သုမနအဖြစ်နှင့် နေစေရတော့၏။ လူဝတ်လဲပြီးသည် ဆိုလျှင်ပင် သားအဖသုံးယောက် ရေကန်သွား ရေကူးကြလေသည်။

ညနေ ဆေးရုံရောက်သောအခါ ဇနီး ခင်ကြည်ကြည်အား…

'ခင့်သားက ခင့်အတွက် သုံးရက်ပြည့်အောင် ကိုရင်ဝတ်တယ်။ ခင်ကလည်း ဆေးရုံမှာ သုံးလပြည့်အောင် နေပေတော့။ မုချ ကျန်းမာလာမှာပဲ သိလား'

ခင်သည် ပြုံးနေလေသည်။ သုံးလပြည့်အောင် ဆေးရုံတက်ရန်အရင်က ငြင်းခဲ့၏။ အခုတော့ မငြင်းတော့ချေ။ ပြုံး၍သာ ကြည်နူးနေလေ၏။

ကျွန်တော်သည်လည်း ယောဂီမ(အမေ)နှင့်အတူပင် ခင့်အား ဘုရားကူ ကူနေပါပြီကော။ ■

**သိန်းဖေမြင့်**

*ဇွန်လ၊ ၁၉၅၈ ခုနှစ်၊*
*ရှုမဝမဂ္ဂဇင်း။*


ဘာသာစကား သင်တန်း

**English Language Classes**

**U San Lin Tun**

B.E (Metallurgy), Y.I.T
M.A(Thesis), ITBMU

**Basic English Conversation**
**Vocabulary Enrichment Course (Basic)**
**Phonetics**
**Basic Writing Course (Academics)**
**Advanced English/Creative Writing Course**

**Chinese Language Classes**

**Daw Moe Moe Lwin**

B.A (History)
Dip in Chinese ( Y.U.F.L )

နိုင်ငံခြားသွားမည့်သူများအတွက် စကားပြော (၂) လ နှင့်
ပုံမှန် (ရေး၊ ဖတ်၊ ပြော) တန်းခွဲသစ်ရှိသည်၊
ကျောင်းသူ၊ ကျောင်းသား၊ ရုံးဝန်ထမ်းများအတွက်
တရုတ်စာ **4 skills** တတ်မြောက်စေရန်
သင်ကြားပေးသည်၊

သင်တန်းတည်နေရာ

၃၃၇ (စတုတ္ထထပ်)၊ မဟာဗန္ဓုလလမ်း၊ (လမ်း - ၄၀ထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
✆ 01 245211, 01 251850, 09 49329071, 09 250280028




www.burmeseclassic.com

www.burmeseclassic.com

ဝင်ညိုရိပ်တွေနှင့်
မှိုင်းညို့နေသည့်
ခြံဝင်းကျယ်ကြီးထဲ
နေ့မဝေးကနေ
လွင့်ပျံ့လာသည့်
ချိုးကူသံ ချိုချို
အေးအေးလေးကလွဲပြီး
အရာရာက
တိတ်ဆိတ်ငြိမ်သက်နေ
သည်။ ခော်ရွက်တို့
ကြွေကျသံကို
အတိုင်းသား ကြားနေရသည်။
တစ်ချက်တစ်ချက်
ခြံဝင်းကျယ်ကြီး၏
အပြင်ဘက်
မေတ္တာရလမ်းမကြီးပေါ်
ဖြတ်သန်းသွားသည့်
စိမ်ခံကားငယ်တို့ဆီမှ
ကျကျန်ခဲ့သည့်
စက်သံသဲ့သဲ့နှင့် ခြံဝမှာ
လုံခြုံရေးတာဝန်ယူ
ထားသူတွေ၏ချောင်းဟန့်သံ၊
စကားပြောသံ

# ဒါလှဝေါ် ဒါရိုက်တာ



တိုးသဲ့သဲ့တို့က
ခြံဝင်းကျယ်ကြီး၏
ဆိတ်ငြိမ်မှုကို
တိုးမဖောက်နိုင်။
ဒီဆိတ်ငြိမ်မှုတွေကြောင့်
ခြံဝင်းကျယ်ကြီးထဲက
နှစ် ၅၀ ကျော်သက်တမ်းရှိ
နှစ်ထပ်တိုက်
ဝါကြွင်ကြွင်ကြီးက
ပိုပြီး ထီးထီးမားမား
နိုင်လွန်းနေသည်။
'ဆရာ…နေ့လယ်စာ
သုံးဆောင်ဖို့ မမလေးက



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အခေါ်လွှတ်လိုက်ပါတယ်'

ဆိတ်ငြိမ်ခြင်း၏ အရသာကို မြိန့်မြိန့်ကြီး ခံစားနေသည့် ကိုလူကြီးနားထဲ အိမ်ဖော်မကြီး ဒေါ်တင့်အသံက လိုတာထက် ပိုကျယ်လောင်လွန်းနေတာမို့ ဒေါ်တင့်စကားမဆက်နိုင်အောင် လက်ကို အမြန်ကာပြလိုက်သည်။ ပြီးတော့ ခေါင်းကို အသာအယာပင် ၂ ချက် ညိတ်ပြလိုက်ပြီး ကာထားသည့် လက်ဖျားကို ခါပြလိုက်တော့ အလိုက်သိလွန်းသည့် ဒေါ်တင့်သူ့အနားမှ ခြေသံလုံစွာ ချွတ်နင်း ထွက်ခွာသွားသည်။ နေ့လယ်စာတဲ့။ တာဝန်အရ စားရပေဦးမည်။ စားနိုင်မှ လုပ်နိုင်မည်ကိုး။ ကွန်ကရစ်ခင်းလမ်းပေါ် ကြွေကျနေသည့် ရွက်ကြွေတွေအပေါ် ဖြတ်နင်းပြီး ထမင်းစားလေသာဆောင်ဆီ ကိုလူကြီး လျှောက်သွားလိုက်သည်။ လေသာဆောင်မှာ ဖနီးသည် ဆွေက ထမင်းဝိုင်း အရန်သင့်ပြင်ကာ စောင့်နေသည်။

'ဒေါ်တင့်ရေ…ဒီမှာ ကျွန်မပဲ ကြည့်လုပ်ပေးလိုက်မယ်။ဒေါ်တင့်က ငါးသေတ္တာနှစ်ဘူးလောက် ခရမ်းချဉ်သီးလေးနဲ့ မြန်မြန်ချက်ပြီး ခြံစောင့်ရဲဘော်လေးတွေကို သွားပေးလိုက်။ သူတို့ခမျာ စားရေးသောက်ရေး ဒုက္ခရောက်ရှာတယ်။ ဩော်…ဒေါ်တင့် ဂျက်ကီ့အတွက်တော့ နည်းနည်းခပ်ထားနော်'

'ဟုတ်ကဲ့…မမလေး'

'အေးကွာ… တို့ လင်မယားလည်း ဟိုတုန်းကလို ထမင်းလက်ဆုံ စားခွင့်တောင် မရသလောက် ဖြစ်နေပြီ။ အင်းလေ…ကိုယ်က ကိုယ့်ကိုယ်ကိုမှ မပိုင်တော့ဘဲ။ ဘယ်တတ်နိုင်မလဲကွာ၊ ကိုယ့်နိုင်ငံအတွက် ကိုယ်လုပ်နိုင်သလောက်တော့ လုပ်ရမှာပဲ'

အမည်စုံလှသည့် ဟင်းထမင်းတွေကိုကြည့်ပြီး သားသမီး ၃ ယောက်နှင့် နယ်မြို့လေးမှာ ခက်ခဲခြင်းကြီးစွာ ရုန်းကန်ခဲ့ရသည့် နေ့စွဲတချို့ကို ကိုလူကြီး ဖျတ်ခနဲ ပြန်မြင်သည်။ ခုတော့ သားကြီးက ပြည်ပမှာ အလုပ်သွားလုပ်နေပြီ။ သမီးငယ် ၂ ယောက်ကတော့ အဆင့်မြင့်နိုင်ငံခြားဘာသာသင်တန်းတွေမှာ တက်ရောက် ပညာသင်ဆဲ။ သူတို့လေးတွေ၏ အနာဂတ်လမ်း ဖြောင့်ဖြူးအောင် သူ လမ်းခင်းပေးနိုင်ခဲ့ပြီ။ တစ်ချိန်က သူ့နာမည်ကြားရင် ပြက်ရယ်ပြုချင်သူတွေထက် ခေါင်းတစ်လုံးမက ပိုမြင့်သည့်ဘဝဆီ သူ အောင်မြင်စွာ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

'ဆွေရေ…ကိုယ် ဒီတစ်ခေါက် နေပြည်တော်မသွားခင် ဆယ်မိုင်ကအိမ်နဲ့ ခြံကို သွားကြည့်ပြီး ပြုပြင်စရာရှိတာလေးတွေ ပြင်ထားချင်တယ်။ အခု ဒီမှာနေတုန်း အဲဒီအိမ်ကို ပြန်သ,ပြီး နိုင်ငံခြားသားတွေဘာတွေကို ငှားထားရင် ကောင်းမလားလို့'

'ကောင်းသားပဲ ကိုရဲ့။ တစ်ခုရှိတာက အဲဒီဘက် နိုင်ငံခြားသားတွေ ကြိုက်ပါ့မလား'

'ကြိုက်နိုင်ပါတယ်။ ကိုယ့်မိတ်ဆွေတွေရဲ့ အဆက်အသွယ်နဲ့ဆို ဖြစ်သွားမှာပါ။ ဒါနဲ့ ကိုယ်ခရီးသွားနေတုန်းနယ်က ဘယ်သူတွေ လာကြသေးလဲ'

'ဒီတစ်ခေါက်တော့ ဘယ်သူမှ မလာကြဘူး။ တွေ့လား…ဆွေပြောတာတွေ လက်တွေ့ဖြစ်လာပြီလေ'

'ဘာလဲကွ'

'လာသမျှဖုန်းတိုင်းကို လျှောက်မကိုင်နဲ့ဆိုတာလေ'

အင်း…ဒီလိုတော့လည်း ဟုတ်ပေသားပဲ။ လူကြီးတို့ လူကြီးမဖြစ်ခင် ရှေ့နေပေါက်စဘဝတုန်းက လူရာမသွင်းခဲ့သည့် တရားသူကြီးတွေ၊ ရှေ့နေနှင့် ပေါင်းသင်းရတာကိုပဲ နိမိတ်မကောင်းဘူးလေး ဘာလေးနဲ့ ရှောင်ဖယ်ရှောင်ဖယ် လုပ်ချင်သည့်သူတွေ အခုတော့ သူ့တွေ့တာနှင့် ဖုန်းနံပါတ်အတင်း တောင်းကုန်ပြီ။ နိုင်ငံရေးနှင့် ကင်းကင်းရှင်းရှင်းနေချင်၍ ရှစ်လေးလုံး အရေးအခင်းကြီးထဲ ဝင်မပါတာကိုဘဲ နိုင်ငံချစ်စိတ်မရှိဘူး၊ ဒီမိုကရေစီကို နားမလည်သည့်ကောင်ဆိုပြီး လက်ညှိုးငေါက်ငေါက်ထိုး ပြစ်တင်စွပ်စွဲခဲ့သည့် ငယ်သူငယ်ချင်းသီဟလိုကောင်လည်း အခုတော့ နယ်မှာ ကိစ္စတစ်ခုခုရှိတိုင်း ဖုန်းဆက်လိုက်ရတာ အမော။

ဖုန်းက နားရတယ်ကို မရှိတော့ ကိုလူကြီး စိတ်ပျက်လာသည်။ သူလုပ်နေရတာတွေ ဘယ်လောက်အရေးကြီးမှန်း တစ်ဖက်ကမသိ၊ တော်ကြာ လမ်းပြင်ဖို့ အလှူငွေ၊ တော်ကြာ ကထိန်၊ တော်ကြာ ဟိုအမှုက မတရားပါဘူး၊ ဒီအမှုက မမှန်ပါဘူးနှင့် ပြောလာတာတွေက သူ့ထက် အူကိစ္စတွေ။ ဒီတော့ ဆီး သည် အကြံပေးသည့်အတိုင်း ဖုန်းနံပါတ်တွေကို နာမည်နှင့် တွဲကာ မှတ်လိုက်သည်။ ဖုန်း ဝင်လာတာနှင့် နာမည်ကို ကောက်ကြည့်လိုက်သည်။ အရေးကြီးအဆင့် ဖုန်းကဖြ ၍ တော်ရုံဆို ကိုလူကြီး ကိုင် မနေတော့။ တစ်ခါတလေ လည်း ဖုန်းကို လုံးဝ ပါဝါ ပိတ်ထားလိုက်သည်။ အေး ရော…။

'ဒါနဲ့ကိုရေ…အားရင် အမေ့ဆီ ဖုန်းဆက်ဦး။ မဆက် တာကြာပြီ။ တော်ကြာ ဆွေးက မဆက်ခိုင်းလို့ ဖြစ်နေဦး မယ်'

'အေးကွာ…ကိုယ် လည်း ဆက်မယ်ဆက်မယ် နဲ့။ အလုပ်ကများ၊ ခေါင်းက ရှုပ်နဲ့ မဆက်ဖြစ်တာ။ ဒါပေမဲ့ ကွာ…အကြောင်းထူးရှိရင် အမေဆက်မှာပါ။ အလွယ် တကူ ဆက်လို့ရအောင် ဖုန်း လည်း ဆင်ပေးထားတာပဲ'

ဆွေလည်း အမေ့ဖုန်းဆိုရင် ကိုင်နော်။ အမေက ကိုယ့်ဆီ ခေါ်လို့မရရင် ဆွေ့ဆီခေါ်မှာ လေ'

'ကိုင်ပါတယ် ဆွေက၊ အမေ့ကိုလည်း သေချာထပ် မှာဦးနော်။ ဖုန်းကို လူတိုင်း ပေးမဆက်နဲ့လို့။ ဟိုတစ်ခါ မတွေ့ဘူးလား ကိုယ့်သူငယ် ချင်းကြီး ကိုသီဟလေ၊ အမေ့ ဖုန်းနဲ့ လှမ်းပြီး အလှူခံဘာ လျှုလိုက်ရသေးတယ်'

www.burmeseclassic.com

'အေး…အဲဒီမှာလည်း ကို ကိုယ် သတိပေးရဦး အရမ်း လက်မဖွာနဲ့ကွ။ ကြီးတစ်ကောင်တော့ ကြီးဖြစ်ပြီး ချမ်းသာနေပြီ င်သွားရင် ဒီကောင်တွေ ချင်းပေါက်မတတ် ရောက် မှာ'

သူတို့ စားရင်းသောက် စကားပြောနေတုန်း လေ ဆောင်ထောင့် စာရေးစား ပေါ်တင်ထားသည့် ဟန်း က မြည်လာသည်။ ဇနီး ည်က သူ့ကို ဖျတ်ခနဲ ကြည့်သည်။ သူက ကိုင် ကြ်ဆိုသည့်သဘောမျိုး ခေါ့ပြလိုက်သည်။ အီး သ်…တဲ့။ စပီကာဖွင့်ထား တော့ တစ်ဖက်က အသံတွေ ကို အတိုင်းသား ကြားနေရ သည်။

'ဩော်… ဟုတ်ကဲ့ပါ ရှင်၊ ကျွန်မခင်ပွန်း အနားယူ နေလို့ပါ။ ရှင်…ဩော်… ဟုတ်ကဲ့…အဲဒါကို စိတ်မရှိ ပါနဲ့ရှင်။ အစည်းအဝေးတွေ က တစ်ခုပြီးတစ်ခု ဆက်နေ လို့ စက်ပိတ်ထားရတာမျိုး ဖြစ်မှာပါ။ စိတ်မပူပါနဲ့၊ ကျွန်မပြောလိုက်ပါမယ်။ ဟုတ်ကဲ့…အင်း…ညနေ သုံးနာရီလောက် ပြန်ခေါ် လိုက်လေ။ ရှင်…ဩော်… နေပြည်တော်က မသွားရ သေးပါဘူး။ လေးငါးဆယ် ရက်တော့ ကြာဦးမယ်ရှင့်။ ဟုတ်ကဲ့…ဟုတ်ကဲ့… ကောင်းပါပြီ'

ဖုန်းကို တီခနဲပိတ်ပြီး မဆွေက ဘယ်လိုလဲဆိုတဲ့ အကြည့်မျိုးနှင့် ကြည့်လာ တော့ ကိုလူကြီး ခေါင်းညိတ် ပြလိုက်သည်။ ဆက်လာသူ က သိမ်းငှက်ကျော်ဝင်း။ စီးပွားရေးအမြင် စူးရှလွန်းလို့ ဒီလိုဘွဲ့ထူး ပိုင်ဆိုင်ထားသည့် မင်္ဂလာရှိသော အမာခံ မိတ်ဆွေတစ်ဦးပင်။ ခု…ဆက်သွယ်လာသည့် ကိစ္စက လည်း ပြည်ပလုပ်ငန်းရှင် တစ်ဦးက ဘဏ်လုပ်ငန်းလာ လုပ်ဖို့ ဘဏ်လုပ်ငန်းဆိုင်ရာ ဥပဒေရေးရာတွေ၊ လုပ်ထုံး လုပ်နည်းတွေအကြောင်း ဆွေးနွေးချင်လို့တဲ့။ မင်္ဂလာရှိ သော မိတ်ဆွေက မင်္ဂလာ သတင်းကောင်းကို ဆောင် ကြဉ်းလာခဲ့သည်ပဲ။

❑

'ဖေဖေ…ဒီပုဒ်မ ၄၃၆ တို့၊ ၅၉ တို့ကို လွှတ်တော်က ပြင်ပေးဖို့ရှိလား ဖေဖေ'

ဗုဒ္ဓေါ…။ ဒရိုင်ဘာ ကြီး ဦးကံ ကားရေဆေးရင်း ဘုရားတ,မိသည်။ လွန်ခဲ့ သည့် ၂ ရက်တုန်းက ဦးလူ ကြီး သမီး ၂ ယောက်ကို သင်တန်းကျောင်းတွေဆီကို ကားနှင့် လိုက်ပို့တုန်းက အငယ်မ ရွှေစင်က ဦးကံကို ဒီမေးခွန်း မေးခဲ့သည်။ ကိုယ့် အဆင့်က ယာဉ်မောင်းဆို တော့ စိတ်ထဲရှိသည့်အတိုင်း မဖြေရဲ၊ မေးသူကလည်း ဦးလူကြီးသမီးရင်းခေါက် ခေါက်ကြီးကို။ ဒါနှင့် ထမင်းရည်ပူလာ လျှာလွှဲ 'လွှတ်တော်အတွင်းရေးတွေ ဘာဘာထက် သမီးအဖေက ပို နားလည်တယ်။ သမီးဖေဖေ ကို မေးကြည့်ပေါ့'လို့ ခပ်ပေါ့ ပေါ့ ပြောခဲ့သည်။ အခု ဒီ ကောင်မလေးက စာဖတ်နေ သည့်သူ့အဖေ ဦးလူကြီးထံ တဲ့(တည့်)မေးလေပြီကော။ ဦးကံ ဘုရားတ,မိသလို ဦးလူကြီးလည်း ဘုရားတ,မိ လိမ့်မည်။ မသိမသာ အကဲ ခတ်ကြည့်လိုက်တော့ ဦးလူကြီးမျက်နှာပေါ်မှာ ဝေခွဲ ရခက်သည့် အရိပ်အယောင် တချို့ စွန်းထင်းနေသည်။

'ပြင်ပေး မပေးဆိုတာ တော့ ဖေဖေ တပ်အပ်မပြော နိုင်ဘူး၊ ဒါပေမဲ့ အကြီးအကဲ တွေကတော့ သဘောမကျ တာအမှန်ပဲ။ ဘာဖြစ်လို့လဲ သမီးရဲ့'

'ဘာမှတော့ မဟုတ်ပါ ဘူး ဖေဖေရယ်။ အခုက အဲဒါ နဲ့ပတ်သက်ပြီး ဆန္ဒပြတာ တွေ ပိုပိုများလာလို့ပါ။ အဲ… ဟို…ဖမ်းတာတွေလည်း အများကြီးပဲနော် ဖေဖေ'

'တည်ဆဲဥပဒေကို ဖောက်ဖျက်ရင်တော့ ဖမ်းခံရ မှာပဲသမီးရဲ့။ ခက်တာက ဖွဲ့ စည်းပုံအခြေခံဥပဒေကြီးက နှစ်ပေါင်းများစွာ အချိန်ယူပြီး ရေးဆွဲထားတာဆိုတော့ ဦးဖြ ဆိုပြီး ချက်ချင်းပြင်လို့ မရပါ ဘူး။ ပြီးတော့ သူတို့ပြင်ပေး ဖို့ တောင်းဆိုတာတွေက တိုင်းစောင့်ပြည်စောင့် ဥပဒေ ပုဒ်မတွေဆိုတော့ ခက်တာ ပေါ့။ ဟိုဟာပြင်ပေး၊ ဒီဟာ ဖျက်ပေးနဲ့ ပြည်သူတွေက ဘာမှ နားမလည်တော့ ဟိုက ပြောသမျှ အဟုတ်မှတ်ပြီး လိုက်ထောက်ခံနေတာ။ သူတို့သာ သမ္မတတွေ၊ ဝန် ကြီးချုပ်တွေ၊ ဝန်ကြီးတွေ ဖြစ်ကြည့်ပါလား။ အနောက် နိုင်ငံတွေလက်ထဲ သွန်လိုသွန် မှောက်လိုမှောက်နဲ့ တိုင်းပြည် ပျက်သွားမှာပေါ့'

'သမီးအမြင်အရတော့ သမ္မတရွေးချယ်ခွင့်ပေးလိုက် စေချင်တာပဲ။ သမ္မတဖြစ် သွားလို့ အဲဒီအစိုးရအဖွဲ့ လုပ်တာကိုင်တာ ပုံမလာဘူး၊ တိုင်းပြည် ကမောက်ကမနဲ့ဆို စစ်တပ်က အာဏာပြန်သိမ်း ချင်သိမ်းပေါ့။ သူတို့အုပ်ချုပ် ပုံ မဟုတ်ရင် ပြည်သူက လည်း အခုလိုပဲ ဝိုင်းပြောကြ မှာပဲလေ'

'သမီးရယ်…ဖေဖေ တို့နိုင်ငံက ပြည်သူဆိုတာ ဘာမှ ကောင်းကောင်းသိတာ နားလည်တာ မဟုတ်ဘူး။ စင်ပေါ်တက်ပြီး စကားလုံး လှလှလေးတွေနဲ့ ဟောပြော လိုက်၊ စည်းရုံးလိုက်ရင် ဘု မသိဘမသိနဲ့ နားယောင်ကုန် ရော။ နိုင်ငံတော်ကို ဘယ်သူ တွေက လက်တွေ့တည် ဆောက်ခဲ့လဲဆိုတာ သူတို့ နားမလည်ဘူး။ ပြီးတော့ သမီးရယ် စစ်တပ်အနေနဲ့က လည်း နောက်တစ်ခါထပ်ပြီး အာဏာသိမ်းရတာမျိုး အရုပ် ဆိုးအကျည်းတန် မဖြစ်ချင်လို့ အခုလို သံပတ်တင်း ကိုင် တွယ်နေရတာကွ'

'မထူးပါဘူး ဖေဖေ ရယ် အခုလည်း အာဏာက သူတို့လက်ထဲမှာပဲဥစ္စာ။ ဘယ်သူ့ကိုမှ မပေးချင်လို့ တမင်လုပ်နေတာ'

နိပ်ဟ။ တိတ်ဆိတ်နေ သည့် ခြံဝင်းကြီးမို့ ဒီစကား တွေကို ဦးကံ ကောင်းကောင်း ကြားနေရသည်။ ကလိကလိ ဖြစ်လာသည်။ ချက်ကျလက် ကျပြောနေသည့် ရွှေစင့်ဘက် က အလိုလို ဝင်ထောက်ခံနေ မိသည်။ တမင်လုပ်နေတာ

www.burmeseclassic.com

www.burmeseclassic.com

မပြောနဲ့၊ တမင်ညစ်နေတာလို့ ပြောချလိုက်စမ်းပါကွဲ့သမီးရဲ့။ သမီးဖြစ်သူ၏ စကားက ကိုလူကြီးအရှိက်ကို ထိသွားသည်။ မရှုနိုင် မကယ်နိုင် ဖြစ်သွားသည်။ ဒါပေမဲ့ သိတယ်မဟုတ်လား၊ ကိုလူကြီးတို့က လူကြီးလုပ်စားဖို့ မွေးလာသူတွေလေ။ သိသိသာသာ ပျက်သွားသည့် မျက်နှာကို အပြုံးတုတစ်ခုနှင့် ချက်ချင်း ဖုံးကွယ်ပစ်လိုက်ပြီး မဟာဗျူဟာမြောက် စကားလုံးတွေ စတင်ခင်းကျင်းတော့သည်။

'အဟေးဟေး…ငါ့သမီးက နိုင်ငံ့ရေးရာတွေကို အတော့်ကို စိတ်ဝင်စားတာပဲ။ ကောင်းတယ် ကောင်းတယ် သမီးရေ။ ဒါပေမဲ့ နိုင်ငံနဲ့လူမျိုးကို တကယ်ကောင်းစားစေချင်ရင် ထစ်ခနဲရှိ အော်နေရုံနဲ့မပြီးဘူး။ တကယ်အလုပ်လုပ်ပြမှရမယ်။ ဖေဖေဆိုအသင်းအဖွဲ့ကြီး စ,တည်ထောင်ကတည်းက အောက်ခြေက စ,ဝင်ခဲ့တာ။ မြောင်းတူး၊ မြက်ပေါက်၊ ချုံရှင်း အကုန်လုပ်ခဲ့ဖူးတယ်။ ပေးလာတဲ့တာဝန်၊ ပခုံးပေါ် ရောက်လာတဲ့ တာဝန်တွေကို တကယ်ကျေပွန်အောင်လုပ်ခဲ့တော့ အဘတို့က သိတယ်။ ဒါကြောင့် ပိုအဆင့်မြင့်တဲ့ တာဝန်တွေ ပေးရင်းပေးရင်း ကနေ အခုနေရာ ရောက်လာတာပေါ့။ ကဲ…ဖေဖေ အဓိက ပြောချင်တာက ဖေဖေ့တုန်းက ဆင်းရဲတော့ အရမ်းကို ရုန်းကန်ခဲ့ရတယ်။ ကဲ… သမီးတို့အလှည့်မှာတော့ တက်နိုင်သလောက် မြင့်နိုင်သလောက်မြင့်အောင်တက်။ သမီးလို အမျိုးကောင်းသမီး တစ်ယောက် ကောင်းစားတာ နိုင်ငံတော် ကောင်းစားတာနဲ့ အတူတူပဲ သမီးရေ…'

'ဩော်…ဖေဖေ့ကို ဖေဖေ့အဘတွေက ဒီနေရာ ရောက်အောင် တင်ပေးထားတာကိုး။ သိပါဘူး…သမီးတို့က ဖေဖေက ပြည်သူ့ကိုယ်စားလှယ်ဆိုတော့ ပြည်သူက တင်ပေးထားတယ်မှတ်တာ…ဟိဟိ…'

'တယ်…ဒီကလေးမ ကတော့ကွာ…ဖအေကို နောက်စရာများ မှတ်နေလား မသိဘူး။ဟားဟားဟား…'

တဟားဟား အော်ရယ်နေပေမဲ့ ရယ်သံက အဆန်ချောင်နေသည်။ မောင်းကွဲထုသံကြီးလိုလို။ ထောင်တန်သည့်စကားကို ရယ်၍ ဖော့ပစ်လိုက်ခြင်းသာ။ အားရကျေနပ်စိတ်တွေ ရှုပိုးထိုးပြီး ဦးကံ ကားရေဆေးနေတာကို အသာထားပြီး မီးဖိုချောင်ဘက် ပတ်ဝင်လိုက်သည်။ ဒီမီးဖိုချောင်က နှစ်ပေါင်း အစိတ်ကျော် ပေါင်းသင်းခဲ့သည့် ချစ်မယားကြီးမတင့်၏ အလုပ်ရုံကြီး မဟုတ်လား။

'မယ်တင့် ကလေးတွေရော'

'သားကြီးကတော့ အလုပ်သွားပြီ။ တော့်သမီးနှစ်ကောင်ကတော့ သိတယ်မလား…ကျောင်းသွားဖို့ အလှပြင်တုန်း။ ဘာဖြစ်လို့တုံး'

'သမီးတို့ကို မုန့်ဖိုးလေး ၃-၄ ထောင်စီ ပေးမလို့ပါဟာ။ တက္ကသိုလ်ကျောင်းသူကြီးတွေဆိုတော့ လက်ထဲငွေလေး ၄-၅ ထောင်တော့ ထည့်ပေးထားမှ ကောင်းမှာဟ။ ဟူး…အေးကွာ…ဒီသမီးလေးတွေ ဘွဲ့ရပြီး အလုပ်အကိုင်လေးတွေကိုယ်စီဖြစ်ချင်လှပြီဟာ။ အဲဒီကျရင် တို့လည်း တစ်နေရာပြောင်းနေကြရအောင်။ ဒီပုဂ္ဂိုလ်ကြီးတွေနဲ့ ငါ မနေချင်တော့ဘူး။ ဒီပုဂ္ဂိုလ်ကြီးတွေက သူတို့က လွဲရင် ကျန်တဲ့လူကို ဘာမှမသိ၊ ဘာမှနားမလည်တဲ့လူတွေ၊ လူပြိန်းတွေလို့ ထင်နေတာ။ ပါးစပ်ကပြည်သူ့အတွက် ပြည်သူ့အတွက်နဲ့ တကယ်တမ်းကျ ပြည်သူကို သူတို့ဝယ်မွေးထားတဲ့ ဂျက်ကီလောက်တောင် တန်ဖိုးမထားတဲ့ လူ့တိရစ္ဆာန်တွေ'

စကားကို အံကြိတ်ပြောရင်း နောက်ဘက် အစေခံတန်းလျားဆီ လျှောက်သွားသည့်ခင်ပွန်းသည်၏ ကျောပြင်ကို ဒေါ်တင့် ကြေကွဲစိတ်ဖြင့် ဘယ်လောက်ကြာအောင် စိုက်ကြည့်နေမိသည်မသိ။ လူလူချင်း တန်ဖိုးမထား၊ ခွဲခြားဆက်ဆံတတ်သူတွေနှင့် နှစ္စရူဝ ခေါင်းငုံ့စိတ် ဆက်ဆံနေရသည့်ဘဝကို ဒေါ်တင့် ကိုယ်တိုင် အဘယ်မှာ မေ့ပိုက်ပါမည်နည်း။

❑

ဒီတစ်မနက်လုံး ဒီဖုန်းနံပါတ်တစ်ခုက ခေါ်တာ ၃-၄ ကြိမ် မကတော့။ ကိုယ့်စာရင်းထဲမှာလည်း မှတ်မှတ်သားသား မရှိသည့် နံပါတ်ဆိုတော့ ကိုလူကြီး မကိုင်ဘဲ ပစ်ထားလိုက်သည်။ မနေ့ကလည်း ဒီလိုပဲ နံပါတ်အစိမ်း တစ်ခု ၂ ခါလာလို့ ကောက်ကိုင်လိုက်တော့ နေပြည်တော် ကားဂိတ်က ဖုန်းမှားခေါ်တာ ဖြစ်နေသည်။ ထွန်းကားသည့် နည်းပညာခေတ်၏ အံလွဲမှုတွေကို ကိုလူကြီး အတော့်ကို စိတ်ပျက်သွားသည်။ အခုပဲကြည့်၊ ဘာမှန်းမသိသည့် ဒီနံပါတ်က ၃-၄ ကြိမ်မက ဝင်လာနေတော့ ကိုလူကြီး ခဏ စက်ပိတ်ထားလိုက်သည်။

တစ်ချိန်မှာ မိသားစုနှင့် အခြေချနေထိုင်ဖို့ ဈေးကြီးပေးကာ ဝယ်ထားသည့် ဆယ်မိုင်ကုန်းက အိမ်နှင့်ခြံကို ဒီနေ့ သွားကြည့်ရမည်။ အိမ်စောင့်ထားသည့် မောင်ရွှေကို လစာအပြင် ဘောက်ဆူးလေးပါ ဆွေက ပေးမည်တဲ့။ ပေးပါစေလေ။ ဒီလိုထောက်ပံ့မှ ကိုယ့်အိမ်ကိုယ့်ယာကို မောင်ရွှေက ထိန်းသိမ်းစောင့်ရှောက်မည် မဟုတ်လား။

'ကိုကိုရေ… ဆွေတော့ မောင်ရွှေကို ခြံတွေဘာတွေ ရှင်းခိုင်းပြီး မုန့်ဖိုးငါးသောင်းလောက် ပေးလိုက်မလားလို့'

'ဟာ…မလုပ်နဲ့… မလုပ်နဲ့ဆွေရေ။ ငါးသောင်း မပေးနဲ့ပြောတာ မဟုတ်ဘူး ပေးပေါ့။ ဒါပေမဲ့ တစ်[illegible] တစ်သောင်းနဲ့ ငါးခါခွဲပေး[illegible] တစ်ခါတည်း သွားပေးရင် ငွေစကြေးစလေးကိုင်ပြီး ဘဝင်မြင့်သွားလိမ့်မယ်။ နောက် မပေးရင် အပြစ်မြင်[illegible] တတ်တယ်'

သွားဖို့ အသင့်ပြင်[illegible] သည့် အချိန်မှာပဲ [illegible]ပြင်ဘက် က လုံခြုံရေးရုံဘော်တ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ယောက်၏အသံကို ကြားလိုက်ရသည်။ ကိုလူကြီးကို လက်ကာပြပြီး မဆွေ လှစ်ခနဲ အိမ်ရှေ့ခန်း ထွက်သွားသည်။ ဧည့်သည်တဲ့။ ကိုလူကြီး ခန်းစည်းကို အသာဖြဲပြီး အိမ်ခြံဝဘက် လှမ်းကြည့်လိုက်တော့ လူ ၂ ယောက်။ တစ်ယောက်က ငယ်ပေါင်းသီဟ။ ဦးထုပ်နှင့်လူကိုတော့ သိပ်မကျွဲ။ လူငယ်တန်း ဖြစ်ပုံရသည်။

'ကိုကိုရေ…ကိုသီဟကြီး၊ တစ်ခုခုတောင်းဖို့လာတာ။ မထွက်နဲ့…အခန်းထဲမှာပဲနေနော်။ တော်ပါသေးရဲ့၊ ရဲဘော်လေးက ပါးရည်နပ်ရည်ရှိလို့။ ဦးလူကြီးရှိတယ်လို့သာ ပြောလိုက်ရင် ဒုက္ခ'

မဆွေက သူ့လက်ကိုင်အိတ်ကိုယူကာ ကိုလူကြီးကို မှာစရာရှိတာ မှာပြီး အိမ်ရှေ့ခန်းလှစ်ခနဲ ပြန်ထွက်သွားသည်။ ကိုလူကြီး အခန်းတံခါးကို အသာပြန်စေ့ရင်း နားရွက်တောင် မလှုပ်ဘဲ ငြိမ်ကုပ်နေလိုက်သည်။

'တော်သေးတာပေါ့။ ခုပဲ ကျွန်မ အပြင်ထွက်တော့မလို့။ ကဲ ပြော…ဖုန်းမဆက်ဘာမဆက်နဲ့ ဘယ်က လှည့်လာကြတာလဲ'

'ဆက်ပါသော်ကောဗျာ။ မနေ့ကတစ်နေ့လုံး လူကြီးဖုန်းကိုရော၊ ခင်ဗျားဖုန်းကိုရောဆက်တာ။ မကိုင်တာနဲ့၊ မအားတာနဲ့၊ စက်ပိတ်ထားပါတယ်ဆိုတာနဲ့ချည်းပဲ။ ဒီမနက်တင် ကားစီးရင်း ၄-၅ ခါ လှမ်းဆက်တယ်။ ဝင်တယ် မကိုင်တာ'

'ဟုတ်မှာ ဟုတ်မှာ။ ကိုယ်မသိတဲ့ နံပါတ်စိမ်းတွေဆို သူက ကိုင်မှာမဟုတ်ဘူး။ ကျွန်မကိုလည်း မကိုင်ခိုင်းထားဘူး။ အဲဒါများ ကိုသီဟရယ် ကိုလူကြီးအမေ့ဆီမှာ ဖုန်းပေးထားတာပဲ။ အဲဒါနဲ့ ဆက်ပေါ့'

'အာ… အဲဒါက ဒီလို။ အဲဒီဖုန်းက ဒီကလေး မနေ့က ကိုင်ရင်း မြစ်ထဲကျသွားတာ ပြန်မရတော့ဘူး။ ဒီကလေးက လူကြီးရဲ့တူ ကံကြီးမောင်တဲ့။ ဆုံးသွားတဲ့ လူကြီးအစ်ကို ဘိုကြီးရဲ့သားလေ။ ဒါနဲ့ ဟိုကောင် လူကြီးရော'

'တူ'ဆိုသည့် အသံကြားတော့ ကိုလူကြီး ဆတ်ခနဲ နားရွက်ထောင်သွားပြီး အခန်းပြင် ထ,ထွက်မိတော့မလို ဖြစ်သွားသည်။ ဒါပေမဲ့ သီဟအမေးစကားနောက် ကပ်လိုက်လာသည့် မဆွေ၏ အဖြေက ကိုလူကြီးခြေလှမ်းတွေကို လှုပ်မရအောင် ထုးခတ်လိုက်သလိုပင်။

'ထုံးစံအတိုင်းပေါ့ ကိုသီဟရယ် နေပြည်တော်မှာပေါ့၊ လင်မယားချင်းတောင် တစ်ပတ်တစ်ခါ တွေ့ဖို့အနိုင်နိုင်ရယ်'

'ဟင်းဟင်းဟင်း… မရှိဘူးဆိုတော့လည်း မတတ်နိုင်တော့ဘူးပေါ့ဗျာ။ လာရင်းကိစ္စကိုတော့ ခင်ဗျားတူကပဲ ပြောပြလိမ့်မယ်။ ကဲ ငါ့တူ ပြောစရာရှိတာ ပြောပေတော့…'

'မနေ့ကအဘွား အမောဖောက်လို့ ရွာကအမျိုးတွေ ပြန်ခေါ်ရင်း ဖုန်းက ရေထဲပြုတ်ကျသွားတာ။ မြစ်လယ်ကောင်ဆိုတော့ မရတော့ဘူး အန်တီ'

ကံကြီးမောင်၏အသံ။ ဒီကလေးက ကိုယ်ခန္ဓာတင် မမှတ်နိုင်လောက်အောင် ထွားကျိုင်းလာသည်သာမက အသံကလည်း အောအောကြီး ဖြစ်လာသည်။ သူ့အမေ သတင်းကြားတော့ ကိုလူကြီး ရင်ထဲ ထိတ်ခနဲ ဖြစ်သွားကာ ထိုင်ရာက ထရပ်မိသည်။ ဒါပေမဲ့ ဖုန်းအသစ်ဝယ်ဖို့ ငွေလာတောင်းတာ များလားဆိုသည့် အတွေးက အဆွေ့စကားသံနှင့်အပြိုင် ရင်ထဲ တိုးဝင်လာပြန်သည်။

'အေးပေါ့ …ရေက အနက်ကြီးဆိုတော့ ဘယ်တတ်နိုင်မလဲ။ ကဲပါ… အသစ်ပြန်ဝယ်ပေးဖို့ မင်းဦးလေးကို အန်တီပြောလိုက်မယ်။ ကတ်က အန်တီဝယ်ရင် သိန်းကျော်ပေးရမှာ။ မင်းဦးလေးဝယ်မှ ထောင့်ငါးရာ…'

'ကျွန်တော်တို့လာတာ ဖုန်းပြန်ဝယ်ခိုင်းဖို့ မဟုတ်ဘူးအန်တီ။ ပြီးတော့ ဘာမှ တောင်းဖို့ရမ်းဖို့ လာတာလည်း မဟုတ်ပါဘူး။ ဒီလိုတောင်းမှာ ရမ်းမှာကြောက်လို့ ကျွန်တော့်ဦးလေး ကျွန်တော်တို့ကို ထွက်မတွေ့တာလည်း ကျွန်တော်သိတယ်'

'ဟယ်…မဟုတ်ပါဘူး ငါ့တူရယ်။ မင်းဦးလေးက တကယ် နေပြည်တော်မှာပါ'

'ကျွန်တော်တို့ လမ်းထိပ်မှာ ဒီကကားဆရာကြီးနဲ့ တွေ့ခဲ့တယ်။ ဦးကံဆိုလား ဦးသီဟနဲ့ သိတယ်လေ'

မဆွေ ဘာမှ ပြန်မပြောနိုင်တော့ဘဲ ငေါင်ကျသွားသည်။ ကိုလူကြီးကတော့ ဆိုဖွယ်ရာမရှိ။ ကိုယ့်အသက်ရှူသံများ ကြားသွားလေမလားဆိုသည့် စိုးရိမ်စိတ်နှင့် ကိုယ့်တူကိုပင် ကိုယ်ပြန်ကြောက်နေမိသည်။ ဖုန်းပြန်ဝယ်ခိုင်းဖို့ မဟုတ်ဘူးတဲ့။ ဒီလိုတောင်းမှာရမ်းမှာကြောက်လို့ ထွက်မတွေ့တာကို သိတယ်တဲ့။ ဒါဆို ဘာကိစ္စလဲ။ အရေးတကြီး အိမ်အထိ လိုက်လာရအောင် ဒီကိစ္စ ဘယ်လောက် အရေးကြီးလို့လဲ။ တံခါးကို ဝုန်းခနဲ တွန်းဖွင့်ပြီး ထွက်မေးလိုက်ချင်လှပြီ။

ဟော…သီဟ၏အသံ။

'ကဲပါ…ကျန်တာ ထားလိုက်တော့။ လာရင်းကိစ္စ အမိကပြော ကံကြီးမောင်ရာ'

'ဟုတ်ကဲ့…လာရင်းကိစ္စကတော့ အဘွား ညတုန်းက ဆုံးသွားပြီ။ မနက်ဖြန် အသုဘချမှာ။ အဲဒါပဲ။ ဦးလေးလူကြီးကို ပြောလိုက်။ လာချင်ရင်လာ မလာချင်လဲနေလို့။ ကျွန်တော်တို့ ပြန်ပြီ'

ကံကြီးမောင်တို့ကို လှမ်းတားမြစ်လိုက်ပေမဲ့ အသံက ထွက်မလာ။ နေကြပါဦး၊ နေကြပါဦးဆိုသည့် အသံက လည်ချောင်းဝမှာ တစ်ဆို့နေသည်။ အခန်းပြင်ထွက်ဖို့ ကြိုးစားပေမဲ့ ခန္ဓာကိုယ်က တစ်စုံတစ်ရာနှင့် တုပ်နှောင်ထားသလို လှုပ်ရှားလို့မရ။ အတန်ကြာမှ ဆိတ်ငြိမ်နေသည့် ခြံဝင်းကြီးထဲက နေ အသံတချို့ ထွက်ပေါ်လာသည်။ ကိုလူကြီး ငိုသံတော့ မဟုတ်။ ဒေါသူပုန်ထနေသော မဆွေက ဦးကံကို ငေါက်ငမ်းကြိမ်းမောင်းနေသံများပင်တည်း။ ■



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

(၁)
နေ၏ အရောင်သည်
အဖြူရောင်ဖြစ်သလား
သို့မဟုတ် အဝါရောင်
ရှိသလား၊
လိမ္မော်ရောင်လား။
ဒါမှမဟုတ်
အနီရောင်များလား။
ထိုမေးခွန်းနှင့်ပတ်သက်၍
အဖြေပေါင်းများစွာ
လက်ခံရရှိနိုင်ပါသည်။
ပုံစံတူဆေးရောင်ခြယ်
စာအုပ်လေးများကိုယ်စီနှင့်
ဆော့ကစားနေသည့်
ကလေးငယ်လေး
နှစ်ယောက်နှင့်
ကျွန်တော် ကြုံခဲ့ဖူးသည်။
တစ်ယောက်သော
ကလေးငယ်က
စာအုပ်အတွင်းမှ
နေလုံးကြီး၏နေရာ၌
အစိမ်းရောင်ကို
အားတက်သရောနှင့်
ခြယ်သသလို
ကျန်ကလေးငယ်ကတော့
ထိုနေရာ၌

# ရွှေသင်

## နှပေးလေ့ရှိ အမျိုးသား
## နှပေး အမျိုးသမီးရဲ့

စိုလက်သော
အပြာရောင်အား
ခြယ်သလေသည်။
ကလေးငယ်တစ်ယောက်၏



www.burmeseclassic.com

www.burmeseclassic.com

အာရုံများအတွင်း၌ နေသည် အစိမ်းရောင်အဖြစ် ရှိနေနိုင်သည်လား၊ ရှိကောင်းရှိနိုင်ပါသည်။ အပြာရောင်အဖြစ်နှင့်ရော၊ ထိုသို့လည်း ရှိနိုင်သည်ပဲ။ ထိုအချိန်က ကျွန်တော့်ရှေ့မှ မြင်ကွင်းအား ပန်းချီကားတစ်ချပ်စာအဖြစ် ချုံ၍ အယူအဆဟု ခေါင်းစဉ်ပေးကြည့်မိသည်။

လူ့ပတ်ဝန်းကျင်၊ လူ့အဖွဲ့အစည်းနှင့် လူအချင်းချင်း၏ကြား၌ ကွဲလွဲနေသောယူဆချက်ပေါင်းများစွာ ရှိ၏။ အမှန်၊ အမှားဟူသော အရာကို မည်သည့်အပေါ်တွင် အခြေခံ၍များ သတ်မှတ်ကြပါသည်လဲ။ သတ်မှတ်ရပါသည်လဲ။ တိကျသေချာသော အဖြေအား ကျွန်တော် ရလိုပါသည်။

❑

(၂)

အမည်နာမ သတ်မှတ်ပေးရမည်ဆိုလျှင် တစ်ယောက်၏ အမည်မှာ (Y) ဖြစ်၍ အခြားတစ်ယောက်၏အမည်မှာ (Z) ဖြစ်သည်။

'လူတစ်ယောက်ရဲ့ ဘဝထဲကို အဆုံးထိအောင် မဝင်နိုင်ဘဲနဲ့ မျှော်လင့်ချက်တချို့နဲ့ ပျော်ရွှင်မှုတွေ ခဏတာ ပေးပြီး ရှင်သန်ခိုင်းတာဟာ အဲဒီလူကို ပိုပြီးထိခိုက်နစ်နာအောင် လုပ်တာပဲ'

ထိုစကားဆိုသူက (Z)။

'လူတစ်ယောက်ရဲ့ ဘဝက တစ်သက်လုံးအထီးကျန်နေရတာထက်စာရင်၊ ဘာကိုမှ မရလိုက်တာထက်စာရင် ခဏလေးပဲဖြစ်ဖြစ် ရလိုက်တာဟာလည်း သူ့ဘဝအတွက် အဓိပ္ပာယ်တစ်ခု၊ တန်ဖိုးတစ်ခုပဲ။ ငါ ရခဲ့ဖူးတယ်ဆိုတဲ့အသိက သူ့ရဲ့စိတ်တွေအတွက် အကျိုးတစ်ခုတောင် ဖြစ်စေနိုင်တယ်'

ငြင်းခုံသည့် အသွင်မဆောင်သော်လည်း (Y) က သူ့အမြင်အား ထိုသို့ရေရွတ်သည်။

ပြီးနောက် နှစ်ယောက်စလုံး ကျွန်တော့်အား ပြိုင်တူပင် လှမ်းကြည့်ကြသည်။ ကျွန်တော် သိသည်။ အားပြိုင်နေသော အယူအဆနှစ်ခုအတွက် စစ်ကူခေါ်နေကြခြင်းပင်ဖြစ်သည်။ စကားတစ်ခွန်းမျှ မဆိုကြသော်လည်း နှစ်ယောက်စလုံး၏ မျက်လုံးများက မင်းအမြင်ကရောဟု မေးမြန်းနေကြသည်။ တကယ်လို့များ ဒီ့ထက်အချိန်ပေါင်းများစွာစော၍ သူတို့နှစ်ယောက်၏ အယူအဆကို ကြားခဲ့ရမည်ဆိုလျှင် ယခုလို အချိန်၌ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ကျွန်တော် တွေးကောင်းတွေးနေမိပေမည်။ ဒီအတွက်လည်း အချိန်တော်တော်များများ ပေးရမည်ထင်သည်။ သေချာပါသည်။

ယခုတော့ ကျွန်တော် မတွေးတော့။ ထိုအယူအဆနှစ်ခုနှင့် ပတ်သက်၍ တစ်ချိန်က သေချာလေးနက်စွာ စဉ်းစားခဲ့ဖူးပြီးပြီဖြစ်သောကြောင့် ဖြစ်သည်။ ထို့အတွက်လည်း ကျွန်တော့်မှာ ပြောစရာစကား ရှိမနေပါ။ လူတိုင်း လွတ်လပ်စွာ ယူဆခွင့်ရှိကြပါသည်။

❑

(၃)

လူတိုင်း လူတိုင်း သူတို့၏ အယူအဆများအပေါ်၌ ရပ်တည်ကြသည်လားဆိုသည်ကိုတော့ ကျွန်တော် မသိပါ (လူ့တချို့မှာ လူကြားကောင်းအောင်ဆိုသော သူတို့၏အယူအဆက သတ်သတ်၊ သူတို့၏ ရပ်တည်မှုကသတ်သတ် ဖြစ်နိုင်သောကြောင့် ဖြစ်သည်)။ သူတို့နှစ်ယောက်ကတော့ သူတို့၏ အယူအဆများအပေါ်၌ ခေါင်းမာစွာနှင့် ရပ်တည်ကြသူများဖြစ်သည်။ (Y) ၌ ချစ်စရာကောင်းမလေးတစ်ယောက်ရှိသလို (Z) ၌လည်း ချစ်စရာကောင်းသောကောင်မလေးတစ်ယောက်ရှိသည်။ ကွာခြားမှုတစ်ခုမှာတော့ (Y) က သူ၏ချစ်စရာကောင်မလေးနှင့် စိတ်တူကိုယ်တူချစ်နေကြခြင်းဖြစ်၍ (Z) ကတော့ ယခုအချိန်ထိ သူ၏ကောင်မလေးအား ဘာစကားမျှ မဆိုရသေးခြင်းပင်ဖြစ်သည်။ မဆိုရသေးခြင်းဆိုသည်ထက် မဆိုခြင်းဟုဆိုက ပိုမှန်မည်ထင်သည်။ သူ၏ကောင်မလေးသည် သူ့အပေါ်၌အတော်လေးကို သံယောဇဉ်ရှိမှန်း ကျွန်တော် ကိုယ်တိုင်လည်း သိသည်။ ကျွန်တော့်အား (Z)ပြောဖူးသော စကားတစ်ခွန်းရှိသည်။

'ငါ သူ့ကို ချစ်ပါတယ်။ ဒါပေမဲ့ သူက ငါ့အိမ်ထောင်ဖက် ဖြစ်မလာနိုင်ဘူး။ အဲဒါ သေချာတယ်။ ဒါကြောင့် ခဏတာအတွက်နဲ့တော့ ငါသူ့ကို ဘယ်လိုမျှော်လင့်ချက်မျိုးမှ မပေးဘူးလို့ ဆုံးဖြတ်ထားတယ်'

(Z) က ထိုမျှလောက်သာပြော၍ ကျွန်တော်ကလည်း ထိုမျှလောက်သာ နားထောင်ခဲ့သည်။ (Z) သည် တစ်ချိန်၌ သူ၏ ဆွေမျိုးများရှိရာ နိုင်ငံရပ်ခြား၌ အပြီးတိုင်သွားရောက်နေထိုင်မည့်သူဖြစ်သည်။ သူ၏ ဆုံးဖြတ်ချက်သည် ထိုအရာနှင့်လည်း မည်သို့မျှ သက်ဆိုင်မှု မရှိနိုင်ပါ။ ဖြစ်မလာနိုင်ဘူးဟူသော စကားလုံးသည် သူ၏အတွေးတစ်ခုနှင့်သာ သက်ဆိုင်ပါသည်ဟုတော့ (Z) က ဝန်ခံပြောဆိုခဲ့သည်။

(Y) နှင့် (Z) တို့၏ကြား၌ အယူအဆကွဲလွဲမှုမှာ များစွာပင်ရှိတတ်သည်။ ကျွန်တော်ကတော့ သူတို့နှစ်ယောက်၏ အယူအဆများအားမည်သူ့ဘက်မှမလိုက်ဘဲ နားထောင်သူသက်သက်သာဖြစ်သည်။ နားထောင်ရင်းက တစ်ခါတစ်ရံမှာ တွေး၍၊ တစ်ခါတလေမှာတော့ ရယ်သည်။ မသိသေးသောအရာများနှင့်ကြုံလျှင် ကျွန်တော် တွေးမည်။ သိပြီးသားအရာများဆိုရင် ကျွန်တော် ရယ်မည်။ သည်မျှလောက်နှင့်ပင် ကျွန်တော့်အတွက် အဆင်ပြေပါသည်။

❑

(၄)

တစ်ရက်မှာတော့ (Y) က (Z) နှင့် ကျွန်တော့်အား ပြောစရာ ရှိသည်ဟုဆိုကာ ချိန်းဆိုခဲ့သည်။

'ငါ့ကောင်မလေးကို ငါ ဖြတ်တော့မယ်'

ထိုင်ခုံကို ဆွဲ၍ ထိုင်ရုံ ရှိသေးသည်။ ရုတ်တရက်ဆို လာသော (Y)စကားကြောင့် ဖျတ်ခနဲ သူ့ကိုမော့ကြည့်ဖြစ် သည်။ ကျွန်တော့်အကြည့် များအတွင်း၌ မေးခွန်းမျှ တော့ ရှိမနေပါ။ (Z) က လည်း ကျွန်တော့်နည်းပင် (Y)



www.burmeseclassic.com

www.burmeseclassic.com

အား တစ်ချက်လှမ်းကြည့်သည်။ ပြီးနောက် (Y) ပြောသောစည်များကို နားထောင်ရန်အတွက် အေးဆေးငြိမ်သက်စွာပင် ရှိနေသည်။

'သူ့ကို ငါ ချစ်ပါတယ်'

သူ ထပ်ပြောစရာ မလိုလောက်အောင်ပင် ကျွန်တော်ရော (Z) ပါ သိနေသည်ပဲ။

'သူက ငါ လိုချင်တဲ့ အိမ်ထောင်ဖက်မျိုး မဟုတ်ဘူး'

(Y) ၏ စကားအဆုံးတွင် (Z) ၏ နှုတ်ခမ်းများ ဆိုသလောက်လေး တွန့်ကွေးသွား၏။ (Z) ပြုံးလိုက်သည်လား။ (Y) ထပ်ပြောလာမည့် စကားများအတွင်းမှ တစ်ခါတည်းပင် (Z) ကိုပါ ကျွန်တော် မြင်ရနိုင်မည် ထင်သည်။

'ငါ့ရဲ့အိမ်ထောင်ဖက်ဟာ အဓိကက ငါ့ကိုနားလည်နိုင်ရမယ်။ အဲဒီနားလည်မှုဆိုတဲ့အထဲမှာ နက်နဲမှုတွေပါတယ်။ သူက ငါ့ရဲ့စိတ်ကို ဖတ်နိုင်ရမယ်။ သူ…ငါ့ကို သိရမယ်'

ထိုနေရာ၌ ခဏနားလိုက်ပြီးနောက် (Y) က ဟက်ခနဲ တစ်ချက်ရယ်သည်။ ပြီးနောက် ချက်ချင်းပင် ပြန်တည်သွားခဲ့သည်။

'မိသားစု ဘဝတစ်ခုကို ဖန်တီးထားပေမဲ့ အထီးကျန်နေတဲ့သူတွေ၊ ငါ တစ်ယောက်တည်းလို့ ခံစားနေရသူတွေ အများကြီးပါ။ အဲဒါဟာ သူတို့ကို မချစ်တဲ့အိမ်ထောင်ဖက်မျိုးကို ရထားလို့လည်း မဟုတ်ဘူး။ သူတို့ပြောသမျှ လိုက်လျောနေပေမဲ့၊ သူတို့အတွက် ရှိနေပေမဲ့ သူတို့ကို မသိတဲ့ မိန်းမမျိုးကို ရထားလို့ပဲ'

ဒီတစ်ခါ စိတ်ထဲမှ ပြုံးလိုက်မိသူက ကျွန်တော်ပင်။

ကျွန်တော် မြင်နေရသည်က-

(Y),

(Y) ပြီးတော့ (Z),

(Z) ပြီးတော့…

ကျွန်တော်။

'ငါ့ကို ဘယ်လိုပဲ ဝေဖန်၊ ဝေဖန် ငါ ဝန်ခံတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ငါနဲ့စိတ်ချင်းနီးနေမယ့် မိန်းမမျိုးကိုပဲ ငါ လိုချင်တာ'

(Y) က သူ့ကိုယ်သူ ဖွင့်ဟပြခြင်းအား ထိုနေရာ၌ပင် အဆုံးသတ်သည်။ သူ၏ ကောင်မလေးနှင့်ပတ်သက်၍တော့ နောက်ဆုံးစကားတစ်ခွန်းသာ ပြောသွားခဲ့သည်။

'မကြာခင်မှာ သူ့ မိဘတွေရဲ့အစီအမံနဲ့ သူ အေးအေးချမ်းချမ်းလျှောက်ရမယ့်လမ်းက ရှိနေပြီးသားပါ'

လူ တစ် ယောက် ၏ ခံစားချက်အား မိမိသဘောအတိုင်း စီမံ၍ရနိုင်ပါသလား။

ထိုနေ့က ကျွန်တော် စကားတစ်ခွန်းမျှ မဆိုဖြစ်ခဲ့။ ကျွန်တော့်လိုပင် တစ်လျှောက်လုံး ငြိမ်နေသော (Z) က အပြန်လမ်းတွင်တော့ စကားတစ်ခွန်းကို ခပ်အေးအေးဆိုခဲ့သည်။

'ဆန္ဒအလျောက်ရွေ့ဆက်လျှောက်တာပဲဖြစ်ဖြစ်၊ ရပ်လိုက်တာပဲဖြစ်ဖြစ်၊ အစကတည်းကကို မလျှောက်ခဲ့တာဘဲဖြစ်ဖြစ် ဘယ်လိုပဲဖြစ်နေပါစေ၊ ယောကျ်ားတစ်ယောက်အတွက် အဓိကက ပြတ်သားဖို့ပါ'

(Z) ၏ စကားသည် (Y) အတွက်လား၊ ဒါမှမဟုတ် ကျွန်တော့်ကို ပြောခြင်းလား။

သူ့ဟာသူ ပြောခြင်းလည်း ဖြစ်နိုင်ပါသည်။

ထို့အတူ…

အားလုံးအတွက်လည်း ဖြစ်နိုင်ပါသည်။

❑

(၅)

ကျွန်တော်တို့ သုံးယောက် တွေ့ဖြစ်ပြီး တစ်ပတ်ပြည့်မြောက်သောနေ့။ ထိုနေ့က (Y)၏ ကောင်မလေးနှင့် ကျွန်တော် ဆုံခဲ့ရသည်။

'မလာနိုင်ဘဲနဲ့များ ဘာကြောင့် ကျွန်မကို မျှော်လင့်ချက်တွေ ပေးခဲ့ရတာလဲ။ ကျွန်မကို အရမ်းချစ်ပြခဲ့ရတာလဲ။ ခဏပဲ ရမယ်ဆိုရင် ဘာကိုမှ ကျွန်မ…မလိုချင်ဘူး။ ကျွန်မ မကျေနပ်ဘူး'

မကျေနပ်ဘူးဟု ဆိုရင်းက သူမ ငိုပါသည်။ ယောကျ်ားတွေဟာ ဒီလိုပဲလားဟုလည်း ဆိုသည်။ ယောကျ်ားတွေဟူသော စကားနှင့်တော့ မဆိုင်လောက်ပါ။ လူတစ်ဦးတစ်ယောက်ချင်းစီ၏ အယူအဆ သို့မဟုတ် စိတ်တစ်ခုနှင့်သာ ဆိုင်ပါလိမ့်မည်။ သို့သော်လည်း ကျွန်တော် မပြောဖြစ်ခဲ့။ သူမသည်လည်း သူမ၏လွတ်လပ်ခွင့်နှင့် သူမ လွတ်လပ်စွာပေါက်ကွဲခွင့်ရှိပါသည်။

ထိုနေ့က (Y) ၏ ကောင်မလေးနှင့် လမ်းခွဲလာခဲ့ပြီးနောက် ပုဂ္ဂလိကဆေးရုံတစ်ခုသို့ ကျွန်တော် သွားဖြစ်ခဲ့သည်။ ဆေးရုံတက်နေရသော (Z)၏ကောင်မလေးအား သတင်းမေးရန်အတွက်ဖြစ်သည်။ (Z)၏ကောင်မလေးကတော့ ကျွန်တော်နှင့် သူငယ်ချင်းများဖြစ်သည်။ သူမကိုမြင်ရတော့ ကျွန်တော်အားယူ၍ ပြုံးချင်စိတ်ပင်မရှိ။

'သူ ငါ့ကို နားမလည်ဘူး။ ငါ လိုချင်တာ သူ မသွားသေးခင် အချိန်ခဏလောက်တင်ပါ။ ငါ့အတွက် တကယ့်ကို ခဏလေးပဲ ဖြစ်ရင်ရပါတယ်'

သူမက ထိုမျှလောက်သာ ဆိုသည်။ ကျွန်တော်က ရော ဘာစကားများဆိုရမည်လဲ။ ဘာစကားမျှ ဆိုချင်စိတ်မရှိပါ။ သူမသည်လည်း နောက်ထပ်စကားများ ထပ်မဆိုတော့။ အခန်းသည် ပို၍တိတ်ဆိတ်သွားခဲ့၏။ ဆေးရုံသည် ဆေးရုံတစ်ခုနှင့်ပို၍တူလာခဲ့သည်။ ဆေးရုံ၏ အနံ့အသက်တချို့နှင့်အတူ စိတ်တို့လည်း မွန်းကျပ်လာသလို ခံစားရ၏။ နောက်ဆုံးမှာတော့ သူမအား နှုတ်ဆက်၍ ကျွန်တော် ပြန်လာခဲ့သည်။ အပြင်ရောက်မှပင် လေကို တဝကြီး ရှူသွင်းဖြစ်သည်။

ကျွန်တော့် အာရုံများအတွင်း၌ မြင်နေမိသည်က (Y) နှင့် (Z) ။

ပြီးတော့

အယူအဆများ…။

ထို့နောက်

အမှန်နှင့် အမှား…။

… … … … …

… …အမှန်…နှင့်…

… … … … …

… … အမှား… …။

ကျွန်တော်တို့အားလုံးမှာ ကိုယ့်အယူအဆနှင့် ကိုယ် လူပီသကြသူများပင် ဖြစ်သည်။

■ ရွှေအင်း

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

## အောင်ဖြိုးကျော်(ပခုက္ကူ)

# ရေခွင်းဂါံ

'လုပ်ရဲရင်လုပ်ကြည့်၊ မင်းတို့ကို ငါကိုယ်တိုင် သတ်ပစ်မယ်'

အိပ်မက်ထဲမှာ အဖေက ဒေါသတကြီး ဖိုးပိန်တို့ကို အော်နေတော့ လန့်တောင်နိုးရော။ ပြန်အိပ်တော့ တော်တော်နဲ့ အိပ်မရပြန်ဘူး။ ထားဝယ်ဆောင်းက 'မင်းလားကွ သူရဲကောင်းသား' ဆိုပြီး အေးစက်စက်လက်ကြီးနဲ့ ဖွတ်ဖက်ထားတာကိုး၊ မနည်းကြီးကို ပြန်အိပ်ယူရတယ်။

နှင်းတွေက ဖွေးဖွေးလှုပ်နေတော့ နည်းနည်းဆေးနေတဲ့ ရေဆေးခုံကို သေသေချာချာ မမြင်ရသေးဘူး။

'ချမ်းလိုက်တာကွာ'

လက်ကလေးနှစ်ဖက် ပိုက်ထားရင်း ဖိုးပိန် တိုးတိုးလေးညည်းမိတယ်။ ရှေ့က သွားနေတဲ့ ဖိုးလိန်က 'ရေခဲတောင်ပြိုနေတာတဲ့ကွ' လို့ ပြောတော့ ဖိုးပိန်အသံထွက် အောင် ရယ်မိပြန်ရော။ ဖိုးပိန့်အစ်ကိုက ဒီလိုပဲ နွေရောက်လို့ တအားပူရင် 'အပူလှိုင်းဖြတ်နေတာကွ' လို့ ပြောဦးမယ်။

၅ တန်းနဲ့ထွက်ရတာချင်းအတူတူ ဒီကောင်က တစ်လုံးပိုရှုချင်တဲ့ကောင်၊ ကိုယ့်ထက်ကြီးတဲ့လူဆိုတော့ ပြန်မပြောသာဘူးပေါ့။ ဖိုးပိန်တို့ကျောင်းထွက်ရတာ စာမတော်လို့ မဟုတ်ဘူး၊ အမေက ဆက်မထားလို့၊ ကျောင်းထွက်ရတဲ့နှစ်က 'မငိုနဲ့ အဲဒါနင့်အဖေကြောင့်' တဲ့။

❑

ခုံနားရောက်တော့ ညက ဖိုးပိန်တောင်းတဲ့ ဆုမပြည့်တော့ဘူး။ ရေဆေးခုံဘေးမှာ ရပ်ထားတဲ့ ဆိုင်ကယ် ၅ စီးနဲ့ မှန်လုံကားလှလှလေးက ဖိုးပိန်တို့ကို ပြုံးရယ်ပြနေတာ။ အဲဒီလိုရယ်ပြနေပြီဆို သိပ်မကြာခင် ရှုံ့တွနေရတော့မှာ။ မနေ့က ရေညှစ်လှမ်းခဲ့တဲ့ ဘောင်းဘီနဲ့ အင်္ကျီက အစို ခုဝတ်မပျောက်သေးဘူး။ လဲဝတ်တော့ ရေခဲတုံးကြီးအဖက်ခံလိုက်ရသလို တွန့်ခနဲပဲ။

'နင်တို့ညီအစ်ကိုကလည်း စောစောလာပါလို့ မှာထားရက်နဲ့'

အသံအဆုံးမှာ မိန်းမဝဝကြီးလက်က ဖိုးလိန်ခေါင်းပေါ် 'ဒေါက်' ခနဲပဲ ရောက်တော့ အခေါက်မခံရဘဲ ဖိုးလိန်ပါ ရှောနာသွားသလိုပဲ။ ဒါးမိန်းကို ဆွဲချတော့ ကွန်ပရက်စာဘေးကမော်တာက တုတ်တုတ်တောင် မလှုပ်ဘူး။

'ဟဲ့ နင့်အဖေ မီးက ဒီအချိန် ဘယ်တုန်းက လာလို့တုံး။ အင်ဂျင်နှိုး'

သေပြီဆရာလို့ ဖိုးပိန်စိတ်ထဲက အော်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com

အင်ဂျင်က (၅/၆)ဆိုပေမဲ့ မနက်အစောကြီး နှီးလို့ကတော့ လွယ်လွယ်ထ,တဲ့ကောင် မဟုတ်ဘူး။ ဒီကောင်က ဖိုးပိန်တို့ထက်တောင် အအိပ်ကြီးသေးတာ။

ဖိုးပိန် ဟူးဟဲ လိုက်နေသလို ဖိုးလိန်လည်း ဟောဟဲ လိုက်နေပြီ။

ဒီတစ်ခါတော့ ဖိုးပိန် ပတ်ရေမီအောင် အားတင်းပြီး စွတ်လိုက်ပစ်လိုက်တယ်။ လက်ကျိုးကာမှ ကျိုးရောပဲ။

'ဖုတ်…ထုတ်… ထုတ်…ထုံး…ထုံးထုံး'

မီးခိုးတွေ မည်းခနဲ ထွက်လာသလို ဖိုးပိန်တို့လည်း ချွေးတွေရွှဲကရော၊ ရေဘားနဲ့ ပိုက်တွေဆွဲထုတ် ခေါင်းဖွင့်တော့ ရေပန်းတွေက ဖွားခနဲပဲ။ ဂျပန်မ လေအိတ်လှလှလေးက မျက်လုံးလေး အစင်းသားနဲ့ မှိန်းကျသွားတာပေါ့။ ထားဝယ်က လမ်းတွေလည်း တချို့နေရာတွေဆိုတာ ဟိုသီချင်းလိုပဲ။

*'ကားလမ်းကြောင်း တစ်လျှောက် ဖုန်လုံးကြီးတွေ တလိမ့်လိမ့်တက်ခါနေပြန်သေးတော့သည် ထားဝယ်ဌာနီ တစ်ခါလာမည် ကျွန်တော့်အတွက်တော့ မေ့မရနိုင်ပါပြီ'* ဆိုတာမျိုး။ ဆယ်ဘီးကြီးတွေက ဂျပန်ပြည်သားကွလို့ ခါးတောင်းကျိုက်မာန်တင်းနိုင်ပေမဲ့ ဂျပန်မ လေအိတ်လှလှလေးတွေခများမှာတော့ ဖိုးပိန်တို့ဆီရောက်တိုင်း ရင်ဖွင့်ရှာတယ်။

'ထားဝယ်လမ်းမှာ ဘဝဆက်တိုင်း ကား မဖြစ်ပါရစေနဲ့'တဲ့။

(ရှူ…ထုတ်…ထုတ်)

ထားဝယ်တွေက
ဖိုးပိန်တို့
ဗမာတွေကို
ဂံ လို့ခေါ်တယ်
စိတ်တိုရင်လည်း
ပြောတာပဲ
နန့်လို့
ဂံတွေက
အဝင်မကာန်
အထွက်ကာန်
တဲ့
ဘာမှန်း
မသိပေမဲ့
အဲဒီလိုခေါ်ရင်
ဖိုးပိန်
အသည်းနာတယ်

အတွေးတွေ တောင်ရောက်မြောက်ရောက်ဖြစ်နေတုန်း အင်ဂျင်က ရှိုထုတ်…ရှိုထုတ်နဲ့ရပ်တော့ ဖိုးပိန်လန့်သွားတယ်။ အနားမှာရပ်နေတဲ့ ဖိုးလိန်က မလာနဲ့ဆိုတဲ့ဟန်နဲ့ လက်ပြရင်း ခေါက်ကိုင်ပြီး နှီးတော့ ထုံးခနဲ ပြန်နိုးမှ အလန့်ပြေတယ်။

'နှာမိအင်ဂျင်' ဖိုးလိန်ဆီက ထားဝယ်လို ဆဲသံထွက်လာတော့တာပေါ့။ စက်ကတော့ ဘာသိလိမ့်မတုံး၊ သိတဲ့ပိုင်ရှင် ထားဝယ်မကြီး မျက်စောင်းက ဖိုးပိန်တို့ကိုယ်ပေါ် အဖေ့သေနတ်လို 'ဒိုင်း'ခနဲပဲ။

❑

ဖိုးပိန်တို့ရှေ့မှာ ၁၀ တန်း တက်နေတဲ့ အစ်ကိုနဲ့ အစ်မ ရှိတယ်။ အောက်မှာက သူငယ်တန်းနဲ့ သုံးတန်း တက်နေတဲ့ ညီမလေး ၂ ယောက်။ ခြောက်ယောက်မှာ ဖိုးပိန်နဲ့ ဖိုးလိန်တို့က ကြားကောင်။ ရှေ့ရောက်နေတဲ့ဟာတွေက သေချာနေသလို အောက်ကဟာလေးတွေက သေစာရှင်စာတတ်မှဖြစ်မှာဆိုပြီး ပညာရေးကို အမေနဲ့အဖေက ခွဲတန်းချတော့ ဟိုမရောက် ဒီမရောက်ကြား ၂ ကောင် ဖိုးပိန်တို့ ပလုံရော။ ပလုံတာမှ ရေဆေးခုံမှာ တစ်နေ့လုံး တရှိုးရှိုး၊ တဖြန်းဖြန်း၊ တအုံးအုံး၊ တဗွမ်းဗွမ်းကို ပလုံတော့တာ။

'ဟဲ့ ချိန်းဖုံးအတွင်းမှာ မပြောင်သေးဘူး နင်တို့ဟာလေ'

'အံမာ ဂံသားတွေပြောလဲ မှတ်ရမား'

ဖိုးပိန် ဆတ်ခနဲ တွန့်သွားတယ်။

ဒီမှာရှိတဲ့ ထားဝယ်တွေက ဖိုးပိန်တို့ ဗမာတွေကို ဂံလို့ ခေါ်တယ်။ စိတ်တိုရင်လည်း ပြောတာပဲ။ 'နန့်လို့ ဂံတွေက အဝင်မကာန် အထွက်ကာန်'တဲ့။ ဘာမှန်း မသိပေမဲ့ အဲဒီလိုခေါ်ရင် ဖိုးပိန်အသည်းနာတယ်။

တစ်ခါ ဖိုးပိန်တို့ညီအစ်ကို ရေဆေးခုံကို ပညာပြဖူးတယ်။ အလုပ်မဆင်းဘဲ ဆင်ဖြူပြင်ဆိပ်ကမ်းက ကော့သောင်းထွက်တဲ့ အမြန်ယာဉ်ဆိပ် တစ်နေကုန် ငုတ်တုတ်နေလိုက်ကြတာပေါ့။

ညနေရောက်တော့ ဘာပြောကောင်းမတုံး၊ အဖေ့ခါးပတ်စာ မိတော့တာပေါ့။ အဖေက နေညိုရင် လေပြိုပြီလေ။ အဲဒီလိုနေလို့ ရာထူးမတက်တာတဲ့။ အမေပြောတာ။ ဖိုးပိန်တို့ မမွေးခင်တစ်ခါတက်ဖူးဆိုလား၊ ဒါလည်း ကြာကြာမခံဘူးတဲ့။ အဖေ့ရာထူးက ဆင်ဖြူပြင်ချောင်းထဲက ဒီရေလိုနေမှာပေါ့။ အမေကတော့ ထုံးစံအတိုင်းပဲ။

'အဲဒါ နင့်အဖေကြောင့်'တဲ့။

တစ်ခါတော့ ဖိုးပိန် အမေ့ကို အရေးဆိုဖူးတယ်။

'အမေရာ အဖေ့ကို အလုပ်ထွက်ခိုင်းဗျာ'ဆိုတော့ 'ဟဲ့ ဒါ မလုပ်လို့ ဘာနဲ့ စားမတုံး၊ ဘယ်သွားနေမတုံး၊ ထွက်ရင်ထောင်ကျမှာပေါ့'တဲ့။ ၅ တန်းဆိုတော့ ဖိုးပိန်တွေးပေမဲ့ ဉာဏ်မမီဘူး။ စရန်ယူထားလို့ ထင်တယ်လို့ပဲ တွေးဖြစ်တယ်။ နေရထိုင်ရတာ ကျဉ်းကျပ်တော့ ဖိုးပိန်မိသားစုဆီ မပြန်ဖြစ်တော့ဘူး။ ရေဆေးခုံမှာပဲ အိပ်တော့တယ်။

ဖိုးလိန်ကတော့ နှစ်ယောက်စာရတဲ့ လုပ်အားခငွေရှင်းပြီး အမေ့ဆီ ပြန်တာပေါ့။ ညဘက်ကျတော့ ဖိုးပိန်အတွက် ထမင်းထုပ်ပို့ရင်း အိပ်ချင်တဲ့အခါအိပ်၊ ပြန်ချင်တဲ့အခါပြန်ပဲ။ ဖိုးပိန် မော်တာကို မိုးကာပိုင်းခြုံနေတုန်း 'ဟော့ကောင် ဒီမှာထမင်းထုပ်၊ ည ငါ မအိပ်ဘူး။ အမေက ပြန်ခဲ့လို့မှာ လိုက်တယ်။ အမေ နေမကောင်းဘူးကွ။ အန်နေတယ်'



www.burmeseclassic.com

www.burmeseclassic.com

ဖိုးပိန် ဆတ်ခနဲ တွန့်ပြီး အမေ့ရောဂါကို တော်တော်ကြီး ပူသွားမိတယ်။ အဖေနဲ့ အမေ အဖေသွားမယ့် ညက ကိုးတိုးပြောနေတာ ဒီကိစ္စဖြစ်မှာပေါ့။

အပြင်မှာ အမှောင်က ဒူလာသလို အအေးက သိသိသာသာ ပိုလာပြန်ပြီ၊ ဖိုးပိန် တိုးတိုးလေး ဆုတောင်းမိတယ်။ ‘ဒီအချိန် ရောက်မှတော့ ကားတွေ၊ ဆိုင်ကယ်တွေ မလာပါစေနဲ့ ဘုရား’လို့။ ဟင်း…။

❑

‘အဲဒါ အဖေ့ကြောင့်’

အဖေ့ကြောင့်ဆိုသည်မှာ အဖေ မသွားခင်တစ်ညနေက ရေဆေးခုံဘေးက အရက်ဆိုင်ကို ရောက်ချလာတယ်။ ဆိုင်ကယ်တွေ တအားရှုပ်နေတော့ အဖေ အနားရောက်နေတာ ဖိုးပိန် မသိဘူး။ ဆတ်ခနဲ လှည့်အကြည့်မှာ ဘွားခနဲ မြင်ရတာ။ အဖေက စကားတစ်ခွန်းမှ မပြောဘူး။

ကြွက်စုတ်လို ဖြစ်နေတဲ့ ဖိုးပိန်တို့ကို စူးစူးကြီး ကြည့်လို့။ ဒီတစ်ခါ အဖေ့မျက်လုံးတွေ ဝေ့သီနေတာ အရက်ကြောင့် မဟုတ်မှန်း ဖိုးပိန်ဗိုက်ထဲက သေချာ သိတယ်။ စကားမဆိုအားတော့ အဖေ ပြန်သွားတာလည်း မသိလိုက်ဘူး။ အဲဒီနေ့ညက အမေက ဆီးပြောတယ်။

‘ဟဲ့ နင်တို့အဖေ ဒီနေ့ အရက်မသောက်ဘူးတဲ့ဟဲ့’

အင်း ဒါကြောင့် ထားဝယ်ဆောင်းက ဒီနှစ်တအားချမ်းတာနေမှာပေါ့။

အဖေ စိတ်ကောင်းဝင်

ဖိုးပိန်
အမေတို့ကို
မမျှော်မိဘူး
ဦးကျော်ရင်ကြီး
ပြောခဲ့တာပဲ
မျှော်မိတယ်…
မင်းအဖေက
သူ့ရဲ့ကောင်းပါကွာ
မင်းတို့က
သူ့ရဲ့ကောင်း
သားတွေတဲ့
ဖိုးပိန်
တော်တော်ကြီး
မျှော်မိတာ
ဘယ်သူ
လာဂုဏ်ပြုမတုံး
ဘယ်သူက
ဆုချမတုံးပေါ့

ပြီအထင်နဲ့ ရေခဲတောင်ပြိုတဲ့ကောင်က ဘာသွားပြောမှန်း မသိဘူး။ စိတ်ဆိုးမာန်ဆိုး ဝုန်းခနဲ ထ,ထိုးတော့တာပဲ။ အစ်မရော၊ အမေရော၊ အစ်ကိုပါ သုံးယောက်ပေါင်းပြီး မနည်း ဆွဲထားတဲ့ကြားက အဖေ့အသားတွေ ဆတ်ဆတ်တုန်နေလို့။ အဖေ မမူးဘဲ ထိုးတာ ဖိုးပိန်တစ်သက် ဒီတစ်ခါပဲ မြင်ဖူးတယ်။ အင်း… ဒါကြောင့် ဒီနှစ်ထားဝယ်ဆောင်းက တအားချမ်းတာနေမှာပေါ့။

ဖိုးပိန်တို့ညီအစ်ကိုနှစ်ယောက် ခပ်ကုပ်ကုပ် ပြန်ပြေးတော့ အဖေက လှမ်းအော်သေးတယ်။ ‘ဟော့ကောင်တွေ လုပ်ရဲရင်လုပ်ကြည့်၊ မင်းတို့ကို ငါကိုယ်တိုင်သတ်ပစ်မယ်’တဲ့။ အဖေ အရက်မသောက်တော့ ဖိုးလိန်က ‘ရေဆေးခုံမှာ မလုပ်ချင်တော့ဘူး’လို့ ပြောပုံရရဲ့။ မှတ်ကရော…ရေခဲ တောင်ပြိုတဲ့ကောင် ဖူးလို့ ရောင်လို့။

အပြင်မှာ အနေကြာလေ အပြင်က လွတ်လပ်မှုအရသာကို ဖိုးပိန်ပိုသိလေပဲ။ လက်ဖက်ရည်ဆိုင် ညဥ့်နက်သန်းခေါင်ထိုင်လို့ရတယ်။ ဆိုင်ရှင်အိမ်က တီဗွီထိုင်ကြည့်လို့ရတယ်။ ကိုယ်ကြည့်ချင်တာတော့ မကြည့်ရဘူးပေါ့။ စစ်ကားကောင်းနေတုန်း ကာတွန်းကားပြောင်းလည်း ကြည့်နေရတာပဲ။ ဒါပေမဲ့ ဖိုးပိန် ကျေနပ်တယ်။ အိမ်မှာ ဘာမှကြည့်စရာ မရှိဘဲကိုး။

ဒီနေ့တော့ ဖိုးပိန် အထုပ်လေးဆွဲပြီး အမေ့ဆီပြန်တယ်။ မရောက်တာလည်း အဖေ ထွက်သွားကတည်းက ၃ လလောက်ရှိပြီ ဆိုတော့…။

လေအိတ်ကားတွေဝင်လာရင် စားလက်စမုန့်ထုပ်တွေ၊ သောက်လက်စ အချိုရည်ဘူးတွေ ပါလာတတ်တယ်။ ဖိုးပိန် ရေသန့်ဘူးလည်း စုထားဆောင်းထားတာပေါ့။ တစ်ခါတလေ ဘူးသစ်တွေလည်း ရတတ်တယ်။ စပယ်ယာတွေ၊ ဒရိုင်ဘာတွေဆီကတော့ ဆေးလိပ်နဲ့ ကွမ်းယာပဲ ရတာ။

‘အမေ နေမကောင်းဘူးဆို’

အခန်းဝရပ်ရင်း မေးမိတော့ ဖိုးပိန်အမေးကို အမေက ပါးစပ်နဲ့ ချက်ချင်းမဖြေဘူး။ မတ်တတ်ရပ်ပြီးမှ ဖြေတယ်။ အမေ့ဗိုက်ကြီး ပူလို့ ဖောင်းလို့ပါလား။ ‘ကောင်းပဟဲ့’ပြောတော့ အမေနဲ့ ဖိုးပိန် အကြည့် ချင်းဆုံ နေတာ အကြာကြီးရယ်။ ဖိုးပိန် အဖေ့မျက်နှာကြီးကို မြင်မိရင်း ပြုံးစိစိဖြစ်လာတော့ အမေ့မျက်စောင်းက အဖေ့သေနတ်လို ‘ဒိုင်း’ခနဲပဲလေ။

‘အမေ ဒါလည်း နင့်အဖေကြောင့်လို့ ပြောဦးလေ’

ဖိုးပိန် ပြောလည်းပြော၊ ပြေးလည်းပြေးပဲ။ ဒါတောင် –

‘ဟယ် သေနာကောင်’ ဆိုတဲ့အမေ့အသံနဲ့ သနပ်ခါးတုံးက ဝဲခနဲ ပါလာသေးတာ။

❑

*×××အတိတ်တွေက မှုန်ဝါးပေမဲ့×××ကိုယ်တို့နှစ်ဦးဓာတ်လမ်းတွေက×××*

ဟန်းဆက်က ထွက်လာတဲ့ အသံက ကျယ်တာမို့ ဖိုးပိန် ဆိုင်ကယ်အောက်ပိုင်းကို ပိုက်နဲ့တိုးနေရာက မော့ကြည့်လိုက်မိတယ်။

‘အားပါး အတော်ချောတဲ့ကောင်မလေး’လို့ စိတ်ထဲမှာတင် အသံထွက်သွားမိတဲ့အထိ ဖိုးပိန်နဲ့ ရွယ်တူလောက်နေမှာပေါ့။ ထားဝယ်သူတွေက အသားဖြူသလို ဝတ်တာကလည်း ကိုရီးယားမင်းသမီးနဲ့ နင်လားငါလားဆိုတော့ ဒီကောင်မလေးကို အိပ်မက်ထဲ ထည့်မက်မိနေတာကြာပြီ။ တစ်ပတ်တစ်ခါ လာနေကျဆိုတော့ အပြင်ထုတ်တော့ မမက်ဝံ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com

'ဟဲ့ ဂံပုတ် သေချာ လုပ်နော်'

ဖိုးပိန်မျက်နှာ ပြုံးပြုံးကြီးဖြစ်သွားသလို ဂံပုတ်ဆိုတဲ့အသံက စိတ်မဆိုးတဲ့ အပြင် တော်တော်ကြီး နားထဲ ချိုမြသွားတာကလား။ တစ်ခါမှ မဖြစ်ဖူးတဲ့ ရင်ခုန်သံ တတုတ်တုတ်က သေးနားက နှိုးထားတဲ့ အင်ဂျင်လို ပဲ။ ကောင်မလေး ထွက်သွားတော့ စောစောက ဖိုးပိန် ရင်ခုန်သံလေးက ခုံပေါ်က စီးကျတဲ့ရေတွေနဲ့အတူ လမ်းဘေးက မြောင်းထဲ လျှောခနဲ ဆင်းချသွားရော။ သေချာ ကြည့်ချင်ပေမဲ့ ကြည့်လည်း မကြည့်ရဲဘူး။

'ဟဲ့ ဖိုးပိန် ဖိုးလိန်'

ခေါ်လည်းခေါ် လက်ထဲက ရေပိုက်ကို ဆတ်ခနဲ ဆွဲလုမှာ ကြည့်မိတော့ ဒေါ်သန်းကြည်မ။

'ဘာတုံး ဒေါ်ကြီးရဲ့'

'နင်တို့နှစ်ယောက်လုံး နင့်အမေဆီ မြန်မြန်သွားကြ၊ အရေးကြီးတယ်'

အမေ ဒီလောက်နဲ့တော့ မွေးဦးမှာမဟုတ်ဘူးလို့ အရင် တွေးဖြစ်တယ်။ ကောင်မလေးဖီလင်နဲ့ အီနေတာဆိုတော့ ဘာမသိ၊ ညာမသိ(အရေးကြီး)ဆိုတာကြီးကို မသိချင်သလိုဘဲ။ ဒီမိန်းမကြီးဟာလေလို့ စိတ်ကနေ မေတ္တာတွေ ရေပန်းနဲ့ ဒေါ်ကြီးဆီ ထိုးမိ၊ ပန်းမိသေးတာ။

ဒေါ်သန်းကြီးမကြီးက ရေဆေးခုံပိုင်ရှင် ဝတုတ်ကြီးကို ဘာတွေပြောနေမှန်း မသိဘူး။ မိန်းမကြီးက ဖိုးပိန်နားလာပြီး နေ့တွက်ပိုက်ဆံတွေ တွက်ပေးပြီး-

'ဟဲ့ နင်တို့အမေဆီ မြန်မြန်သွားကြ'တဲ့။

ဖိုးပိန် အံ့သြလွန်းလို့ အသံတောင် မထွက်နိုင်ဘူး။ ဒီမိန်းမကြီး သဘောကောင်းတာ ဒီတစ်ခါပဲ ကြုံဖူးတာကိုး။ အင်း…ဒါကြောင့် ဒီနှစ် ထားဝယ်ဆောင်းက အအေးပိုနေတာနေမှာပေါ့။

အခန်းဝရောက်တော့-

အမေက ကြမ်းပြင်ပေါ် လူးလိမ့်ငိုနေတယ်။ အစ်ကိုနဲ့ အစ်မက အသံမထွက်နိုင်တော့သလို ကိုယ်လုံးတုံ့ရုံ ရှိုက်လို့၊ ဘဝပေးအတွေ့အကြုံအရ အဖေ ဘာဖြစ်သွားပြီဆိုတာ ဖိုးပိန် သိလိုက်ပြီ။

'ဟော့ကောင် အဖေ သေပြီတဲ့ကွ'

ဖိုးလိန်က ငိုသံပါကြီးနဲ့ ဖိုးပိန့်အတွေးတွေကို သေချာအောင်လုပ်တော့တာပေါ့။ ဖိုးပိန် ငိုကြည့်တယ်။ မရဘူး။ လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ထားသလို ရင်ဘတ်ကြီးပဲ ဖျစ်ဖျစ်မြည်နေတော့တာ။ အဲဒီနေ့က ဖိုးပိန် အဖေ့အတွက် မျက်ရည်တွေ အကြွေးကျန်သွားတာပေါ့။

❑

အဖေ့အသက်နဲ့လဲခဲ့ရတဲ့ ငွေထုပ်လေးပိုက်၊ မိသားစုလက်ကိုဆွဲပြီး အမေက အညာကျေးလက် ထန်းလက်တဲလေးဆီ ပြန်သွားတော့ ဖိုးပိန်အမေတို့ကို မမျှော်မိဘူး။ ဦးကျော်ရင်ကြီးပြောခဲ့တာပဲ မျှော်မိတယ်…။

'မင်းအဖေက သူ့ရဲ့ကောင်းပါကွာ၊ မင်းတို့က သူ့ရဲ့ကောင်းသားတွေတဲ့'

ဖိုးပိန် တော်တော်ကြီး မျှော်မိတာ၊ ဘယ်သူ လာဂုဏ်ပြုမတုံး၊ ဘယ်သူက ဆုချမတုံးပေါ့။ ကြာတော့ မနေနိုင်ဘူး။ ဖိုးလိန်ကို မေးယူရတယ်။

'မင်းကွာ ဘာတုံးလို့။ ငါတို့လို သူ့ရဲ့ကောင်းသားတွေက အများကြီးကွ၊ ထော်လာဂျီမောင်းတဲ့ အောင်မင်း ညီအစ်ကိုကွာ၊ လမ်းလိုက်လုပ်နေတဲ့ အိဖြူ ညီအစ်မကွာ၊ စာအုပ်လိုက်ရောင်းနေတဲ့ ဦးကြီးစိန်ကြည်သားတွေကွာ။ ဟော့ကောင် ဘယ်သူမှ မလာဘူး၊ လုပ်မနေနဲ့'တဲ့။

ဖိုးပိန် ဒီတစ်ခါတော့ ဖိုးလိန့်စကားကို ယုံလိုက်မိတယ်။ ဟုတ်…မှာ…ပါ…လေ။

အညာသူမလို သနပ်ခါးပါးကွက်ကျားနဲ့ ရိုးရိုးလေးလှနေတဲ့ မြို့ကလေးရဲ့ ည။ သရက်ချောင်းတဲ့။ လတစ်ခြမ်းပဲ့က ပန်းတောအဝိုင်းက မီးဆိုင်းတွေပေါ် တွဲလဲခိုလို့။

လတစ်ခြမ်းပဲ့လို ဖိုးပိန်ရင်တွေလည်း တစ်ခြမ်းပဲ့နေတယ်။ ဖိုးပိန် မိသားစုတွေ တစ်ခြမ်းပဲ့နေတယ်။ လရောင်ရေးရေးအောက်က မြို့ကလေးရဲ့လမ်းတွေပေါ် ဖြည်းဖြည်းလေးလျှောက်နေမိတယ်။

ဖိုးလိန်ကတော့ အဖေ မရှိကတည်းက အဖေ့အမွေကို ဆက်ခံရင်း အရက်ဆိုင်ထဲမှာ ကမ်းရိုးတန်းတစ်ပိုင်းနဲ့ ပြိုင်းနေလောက်ပြီ။ ဖိုးလိန့်အကြောင်းတွေးမှ အဖေသေတဲ့နေ့က မူးမူးနဲ့ ကုန်းအော်တာ အမှတ်ရသေးတယ်။

'ငါ့ကြောင့် အဖေသေရတာကွ၊ မတောင်းကောင်းတဲ့ဆု ငါ တောင်းလိုက်မိလို့'တဲ့။

'ဘာဆုတွေ တောင်းမိတာတုံး' မမေးမိပါဘူး။ ဒါပေမဲ့ တစ်ခုတော့ မေးမိတယ်။ 'အဖေ သွားမယ့်ညက မင်းက ဘာသွားပြောလို့အဖေက လက်သီးနဲ့ ထ,ထိုးတာတုံး'

ဖိုးလိန် တော်တော်နဲ့ မဖြေဘူး။

ဖိုးပိန်ကို မျက်လုံးပြူးကြီးနဲ့ အကြာကြီး ကြည့်နေသေးတာ။ ပြီးမှ-

'အဖေ့လို စစ်ထဲဝင်တော့မယ်လို့ ပြောလိုက်မိလို့ကွ'တဲ့လေ။

ဖိုးပိန် ရင်ထဲဆို့လာတယ်။ (အဲဒါ…နင့်အဖေကြောင့်။) အမေ့လက်သုံးစကားကြီးက အဖေ့အတွက် ကြွေးကျန်မျက်ရည်တွေကို ချူချတော့မှ ဖိုးပိန် ရှိုက်သံက အင့်ခနဲ၊ မျက်ရည်တွေက ရေဆေးခုံတောင် မျောနိုင်တယ်။

❑

'နင်တို့နေခဲ့ ကြဦး၊ အဆင်ပြေမှ အမေ လာခေါ်မယ်'

ညက ဖိုးပိန် အမေ့ကို အိပ်မက်မက်တယ်။ မြို့ကလေးရဲ့ညမှာ ရေမွှန်းငါးနှစ်ကောင်ရဲ့ ရှိုက်သံက တလှိုက်လှိုက်ညံလို့။ လက်ဖက်ရည်ဆိုင်ကထွက်တော့ ဂျာနယ်ဖတ်နေသူတွေဆီက ပြောသံတချို့ ဖိုးပိန် ကြားမိရဲ့ (ရာသီဥတုက တစ်နေရာမကျန် ဖောက်ပြန်နေတာကွ)တဲ့။ ■

**အောင်ဖြိုးကျော်(ပဇုန်ထွား)**



www.burmeseclassic.com

www.burmeseclassic.com

...များသည်
...လိုက်...ရှာသလို
...လိုက...
...သလို
...သည်။
ပါးစပ်မှလည်း သတ်... သား ဟု
သေလှမျှာစါ။
ညည်းပန်းနှိပ်စက်ခံထားရသည့်
ခွေးမကြီးတစ်ကောင်ကဲ့သို့
ညည်းတွား၏။ ဒူးနှစ်ချောင်းကို

...ကိုပေါင်မြေ...
...သည် လောကျိုး
...ကြပါမှ...
...ခေါင်း...
သွားသည်...
သည် မြကြည်၏ရင်ဘတ်
အတွင်းတွင် ပေါက်လှလှ မှ
ဖောင်းကြီးသဖွယ် ရွှန်းကျပ်
တင်းကားကာ လှသည့်
အသက်ရှူမဝ။ 'အမေ...'

# တိမ်ဖုံးတဲ့ လ ရေအား

မတ်မတ်ရပ်နိုင်ရန်
ထောက်ကန်ထားသည့်
အားအင်များသည် ရုတ်ခြည်း
ပျောက်ဆုံးကုန်လျက် လူသည်
မြေကြီးပေါ် ခွေခနဲ လဲကျသည်။

ဟူသော သမီး၏ကြောက်
လန့်တကြားငိုသံကို ကြား၏။
'မကြင်...ဟဲ့ မကြင်၊ သတိ
ထားစမ်းအေ' ဟူသည့် ခေါင်း
ရင်းအိမ်မှ ကြီးတော်၏ စိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

၂၀၁၅ ဧပြီ ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း ဒု

www.burmeseclassic.com

တကြိုးအသံကိုလည်း ကြား၏။ 'ငါ ဘာမှဖြစ်လို့ မဖြစ်ဘူး။ ငါ့သမီးနဲ့ သားအတွက် ငါ ဘာမှဖြစ်လို့မဖြစ်ဘူး' ဟု မမြကြင်သည် စိတ်ကိုတင်း၏။ 'ကျွန်မ ဘာမှမဖြစ်ဘူး ကြီးတော်' ဟု ပါးစပ်မှ အော်ပြောသည်။ သို့သော် လူကိုယ်ကြီးသာ တောင့်တက်လာပြီး အသံသည် စိုးစဉ်းမျှ မထွက်။

'ညကိုးနာရီက လမိုက်၊ မှောင်ကြီးမည်းမည်းအချိန်မှာ သေနတ် ဆယ်လက်ကျော်နဲ့ လူနှစ်ဆယ်နီးပါးလောက်ပါတဲ့ ကေအိုင်အေတွေ ဝင်လာပြီး အားလုံးတန်းစီခိုင်းသတဲ့။ ပြီးတော့ စိတ်ကြိုက်ရွေးထုတ်သွားတာဆိုပဲ။ အမယ်လေးလေး သူတို့ရွေးတာက ဆယ့်ငါး၊ ဆယ့်ခြောက်အရွယ်လေးတွေတဲ့တော်။ ဟိုဘက်ဟဲနရွာကဆိုရင် ဒီနှစ်မှ ကိုးတန်းဖြေထားတဲ့ ကိုရင်လူထွက်ပေါက်စကလေး ပါသွားဆိုပဲ၊ စုစုပေါင်းခြောက်ဆယ်ကျော်သတဲ့ ။ မိန်းကလေးက နှစ်ဆယ်ကျော်တဲ့။ အဲဒီ နမ့်ပမောင်းကလောပန်းတစ်ယောက် ပြောတာကတော့ များပြီးဝင်ဆွဲတာဆိုပဲ။ သူတို့က ပေါ်တာမဆွဲအောင်လို့ တောင်းတဲ့ငွေကိုပေးပြီးသားတဲ့ ။ ပေါ်တာမဆွဲဖို့လည်း သဘောတူပြီးသားတဲ့။

'ကေအိုင်အေဌာနချုပ်ကို ဖုန်းဆက်တော့ သူတို့မသိဘူးလို့ ပြန်ဖြေလိုက်သတဲ့။ သူတို့နဲ့အဆင်မပြေလို့ ခွဲထွက်ပြီးတော့ အောက်ဘက်ကို စုန်သွားတဲ့တပ်စုတစ်စုတော့ရှိတယ်တဲ့။ အဲဒီအုပ်စုများလား မသိဘူးလို့ ပြောလိုက်သတဲ့။

> ညကိုးနာရီက
> လမိုက်
> မှောင်ကြီးမည်းမည်း
> အချိန်မှာ
> သေနတ်
> ဆယ်လက်ကျော်နဲ့
> လူနှစ်ဆယ်
> နီးပါးလောက်ပါတဲ့
> ကေအိုင်အေတွေ
> ဝင်လာပြီး
> အားလုံး
> တန်းစီခိုင်းသတဲ့
> ပြီးတော့
> စိတ်ကြိုက်
> ရွေးထုတ်
> သွားတာဆိုပဲ
> အမယ်လေးလေး
> သူတို့ရွေးတာက
> ဆယ့်ငါး
> ဆယ့်ခြောက်
> အရွယ်လေးတွေ
> တဲ့တော်

လူကြီးတွေလည်း လိုက်ပြီးတော့ စုံစမ်းနေကြတယ်'

သောကကြောင့် ပျော့ပျော့ခွေခွေဖြစ်နေသည့် မမြကြင်သည်တစ်ယောက်တစ်ပေါက်အသံများကို နားထဲ တစီစီကြားလျှင် လူသည် ဒေါသဖက်လျက် ပူလောင်လာပြန်၏။ 'သေခြင်းဆိုးတွေ၊ ကာလနာတွေ၊ မြွေပွေးကိုက်တွေ၊ မိုးကြိုးပစ်ပါစေတော်' ဟု သားကို အတင်းအဓမ္မဖမ်းခေါ်သွားသည့်သူများကို စိတ်ထဲရှိသမျှ ကျိန်ဆဲလိုက်၏။

'ခင်းတို့ဟာ ခင်းတို့ မကျေနပ်လို့ စစ်ဖြစ်တာ သူများသားကို ခေါ်စရာလား။ အမယ်လေး မောင်ကံဆိုးလေးရဲ့ မင်းတော့ မြေစာပင် ဖြစ်ပါပေါ့လား' ဟုလည်း သားကို တ,သည်။ လွန်ခဲ့သည့် သီတင်းကျွတ်လပြည့်ကျော်ကမှ အသက်ဆယ့်ခြောက်နှစ်ပြည့်ခဲ့သည့် သားလေး။ ဒီနှစ်မှ ဆယ်တန်းဖြေထားသည့် အဖိုးတန်သားလေး။ တွေးရင်း မမြကြင်သည် စိတ်ထဲမှ 'အမယ်လေး . . . သားရယ်' ဟု မချိတင်ကဲရွတ်၏။ 'လူ့ငနွား ဖာခေါင်းသားတွေ၊ သားသမီးချင်း ကိုယ်ချင်းမစာ။ ခင်းတို့ သားဆယ့်ခြောက်နှစ်ကို သေနတ်ကိုင်ပြီး စစ်တိုက်ခိုင်းပါလား' ဟု စိတ်ထဲ မကျေနပ်နိုင်။ သားသည် အောင်စာရင်းတွေ မထွက်ခင် မှော်ထဲသို့ သွားချင်ကြောင်း သူမထံ တအီအီ ပူဆာပုံ၊ သူမ ငြင်းမရသဖြင့် အင်တင်တင် လွှတ်လိုက်ရပုံများကို စိတ်ထဲတရေးရေး ပြန်သတိရ၏။ 'နမ့်ပမောင်းများ အမေရယ် ရွာနဲ့ခြောက်မိုင်လောက်ပဲ ဝေးတဲ့ဟာကို။ ပြီးတော့ သူက စစ်ကိုင်းတိုင်းဘက်ပါချင်ချင် အမေရဲ့။ ကေအိုင်အေက စိတ်ပူစရာ မရှိပါဘူး' ဟု သား၏ တက်ကြွသည့်အသံကိုလည်း နားတွင်ကြား၏။ မမြကြင်သည် 'အခုတော့ ဘယ်နှယ်လုပ်ရပါ့' ဟု တဆို့နင့်နင့်တွေးမိသည်။ အားကိုးအားထားလုပ်ရမည့်သူကား သေနှင့်လေပြီဟု လင်ကို ဖျတ်ခနဲသတိရသည်။ သမီးသည် အဖို့ပေါက်၊ အားမကိုးလောက်သေး။ သားသည် ကေအိုင်အေလက်ထဲမှာ။ မဖြစ်ဘူး။ ငါပျော့နေလို့မဖြစ်ဘူး။ တွေးရင်း မမြကြင်သည် အိပ်ရာထက်တွင် ပျော့ပျော့ခွေခွေ ရှိနေရာမှ ဘီလူးသဘက်စီးသလို ဝုန်းခနဲထထိုင်၏။ 'ဟဲ့ မကြင်၊ စိတ်ထိန်းစမ်းပါအေ . . .စိတ်ထိန်း' ဟုအလန့်တကြား ထိန်းရန်ကြိုးစားသည့်လူများ၏ လက်မှအတင်းပင် ရုန်းထွက်လိုက်၏။ ပြီးလျှင် လျော့ရိလျော့ရဲဖြစ်နေသည့် လုံချည်အား ခပ်တင်းတင်း ပြင်ဝတ်၏။ ဖိုးရိုးဖားရား ဖရိုဖရဲဖြစ်နေသည့် ဆံပင်ကို ခပ်တင်းတင်းပြင်ထုံးလိုက်သည်။ ထို့နောက် ပါးတွင် စိုရွှဲနေသည့်မျက်ရည်များကို လက်ဖမိုးဖြင့် ဘယ်ညာလွှဲသုတ်လိုက်ပြီး 'သွားမယ်။ အခု အုပ်ချုပ်ရေးမှူးဆီကို သွားမယ်' ဟု ပါးစပ်မှ ပြောကာ ဆတ်ခနဲ ထရပ်၏။

❑

၂။

'အလကားဘိုးတော်၊ ဘော်လ်ပင်လေးတစ်ချောင်းကိုင်ပြီး ဆန့်ခိုးလေး၊ ပဲခိုးလေးလောက်ပဲ သူ ရှင်းတတ်တာ။ သစ်ကားတွေ အလီလီခိုးနေတာ၊ ဖိုးတွေ ဘိန်းတွေ ပိဿာနဲ့ ချိန်ပြီးရောင်းနေကြတာကျတော့ ပိုက်ဆံယူပြီး မျက်စိမှိတ်နေတာ'

အုပ်ချုပ်ရေးမှူးရုံးမှ ထွက်လာသော မမြကြင်သည် ပါးစပ်မှ ပွစိပွစိဖြင့် မကျေနပ်နိုင်။

'ဟဲ့ . . .ဒီမယ် . . . တော့ မမြကြင် ဘကြီး...ဒီဘောလ်



www.burmeseclassic.com

www.burmeseclassic.com

ပင်လေးတစ်ချောင်းရှိတာ။ သူတို့က သေနတ်တွေနဲ့။ ဒီတော့ ဘာလုပ်လို့ရမှာတဲ့တုံး' ဟု ပြောလိုက်သည့် အုပ်ချုပ်ရေးမှူး၏ စကားကိုကြားမိပြန်လျှင် ဟွန့်ခနဲမျက်နှာကိုရှုံ့၏။ ထို့နောက် မကျေနပ်နိုင်သေးဘဲ 'မလုပ်တတ်ရင်လည်း ဖယ်ပေးလိုက်တော်ရေ။ အရှေ့မှာ ကန့်လန့်ကြီးလုပ်မနေနဲ့' ဟု ပါးစပ်မှအော်လိုက်သေးသည်။ မမြကြင်သည် ထိုသို့အုပ်ချုပ်ရေးမှူးအား ခနဲ့တဲ့တဲ့ အော်ဟစ်ရင်းပင် 'မဖြစ်သေးဘူး၊ ဒီအတိုင်းနေလို့ မဖြစ်သေးဘူး' ဟု တွေးမိပြန်သည်။ လူသည် အိမ်ဘက်သို့ ပြန်လာသော်စိတ်သည် မငြိမ်သက်နိုင်။ 'တစ်ခုခုတော့ လုပ်မှဖြစ်မယ်၊ တစ်ခုခုတော့ လုပ်ရမှာပဲ' ဟုလည်း ပါးစပ်မှ တွတ်တွတ်ရွတ်၏။

ဤသို့ဖြင့် မမြကြင်သည် ပါးစပ်မှ အဆက်မပြတ်ရွတ်ရင်း အိမ်ပြန်ရောက်ခဲ့သည်။ ထို့နောက် လူသည်သာ အိမ်ရှေ့ရောက်လိုက်၊ အိမ်နောက်ပြေးလိုက်ဖြင့် ယောက်ယက်ခတ်နေသည်။ ဘာလုပ်ရမည်ကိုကား မသိ။ ညနေစောင်းချိန်ရောက်လျှင်မူ မမြကြင်သည် အကြံတစ်ခုသတိရ၏။ ဤတွင် ဝုန်းခနဲထိုင်ရာမှထကာ 'ရဲတိုင်ရမှာပဲတော့' ဟု အလန့်တကြားထအော်သည်။ 'ရဲတိုင်ရမှာပဲ၊ သူတို့မှာလည်း သေနတ်နဲ့ဆိုဦး။ ဒီဘက်မှာလည်း သေနတ်ရှိတာပဲ' ဟုတွေးလျက် လူသည် ရဲစခန်းဘက်သို့ ဆိုးခနဲဆတ်ခနဲ ခြေဦးတည်၏။

❑

၃။

'ရဲတိုင်ရမှာပဲ၊ ရဲတိုင်ရမှာပဲ' ဟု စိတ်တွင် ဒေါင်းတည်မောင်းတည်တွေးပြီး ရောက်လာသော မမြကြင်သည် ရဲစခန်း ဟူသော ဆိုင်းဘုတ်ကိုမြင်လျှင် တုံ့ခနဲခြေစုံရပ်၏။ အမှန်စင်စင် ယခုအသက်လေးဆယ်ကျော်လာသည်အထိ ရဲမှုရဲခင်းရယ်ဟုပတ်သက်ဖူးသူမဟုတ်။ ရင်းရင်းနှီးနှီး အကျွမ်းတဝင်မဆက်ဆံဖူးသည့်အပြင် 'ဘယ်ရဲကတော့ ဘယ်သူ့အိမ်မှာပိုက်ဆံတောင်းသွားပြန်ပြီတဲ့၊ ဒီကိစ္စကတော့ ရဲတွေ ကြားက ဝေစားလိုက်ကြပြန်ပြီတဲ့' ဟု ကြားဖူးနားဝလည်း ရှိလေရာ စိတ်တွင် မဝံ့။ 'ဒီကိစ္စ လုပ်ပေးစေချင်ရင်တော့ ပိုက်ဆံဘယ်လောက်တော့ ပေးရမယ်' ဟု ဆီးတောင်းလေမလားဟုလည်း စိတ်တွင် တွေးမိ၏။ 'ဟိုတလောက ဆန္ဒပြတဲ့ဘုန်းကြီးတွေကိုတောင် မီးလောင်ဗုံးနဲ့ ပစ်တယ်ဆိုတာ ငါ့များဆီးပြီး သေနတ်နဲ့ပစ်လိုက်မလား' ဟုလည်း စိတ်တွင် တွေးမိ၏။ ချီတုံချတုံတွေးရင် နောက်ဆုံးတွင်မူ 'ကဲ ဟယ် ဘာပဲဖြစ်ဖြစ်' ဟု တွေးလိုက်၏။ ပြီးလျှင် 'သူ့ခမျာ နားကပ်တောင် မပန်နိုင်ရှာဘူးလို့ သနားသွားအောင်' ဟု စိတ်တွင် တွေးကာ နားမှနားကပ်အား ခပ်သွက်သွက်ဖြုတ်ပြီး ရင်ဘတ်ထဲတွင် ထည့်ဝှက်လိုက်ရသေးသည်။ ထို့နောက် ရဲစခန်းအတွင်းသို့ ခပ်ကုပ်ကုပ်ဝင်ပြီး 'စခန်းမှူးကြီး ရှိလားရှင်' ဟု ခပ်လျှိုလျှို အသံဖြင့်မေး၏။

စခန်းမှူးသည် အသားမည်းမည်းဖြစ်၏။ ဗိုက်ဝဝကြီးသည် မြင်းကျားစွပ်ကျယ်အဖြူညစ်ညစ်၏အောက်တွင် မဖုံးဖိနိုင်။ အဆီပြန်နေသည့်မျက်နှာနှင့် ကွမ်းချေးများ မည်းနက်နေသည့် သွားများကြောင့် လူသည် တကယ့်တောသားကြီးတစ်ယောက်နှင့်တူ၏။ မမြင်ကြင်သည် ထိုစခန်းမှူးအား မြင်လျှင် 'အမယ်လေး ရုပ်က ဆိုးလိုက်တာ၊ သေနတ်မကိုင်ထားတာတောင် အတော်ကြောက်စရာကောင်းနေပြီ' ဟု တွေးမိလျက် လူသည်ပို၍ ကုပ်ကုပ်ရုပ်ရုပ်ဖြစ်သွားသည်။ 'ဘာဖြစ်တာလဲ၊ ဘယ်ကလဲ' ဟူသော ကွမ်းပလုတ်ပလောင်းဖြင့် ထုံ့ပိုင်းထုံ့ပိုင်းမေးသမျှကို 'မမြကြင်ပါရှင့်၊ ပုန်းဟုန်ရွာကပါရှင့်' ဟု အသံတုန်တုန်ဖြင့် ဖြေ၏။ လူသည်ကား ချွေးစေးများ စိမ့်ခနဲစိမ့်ခနဲ။

'ဒါမျိုးဆိုတာက ရပ်ကွက်ထဲ သူခိုးဖမ်းသလိုလိုက်ပါဟ၊ ပြေးပါဟ ဆိုပြီးပြီးသွားတာမျိုးမဟုတ်ဘူး။ ဘိန်းဖမ်းသလို မင်းကို ငါတို့ဖမ်းလိုက်ပြီဆိုပြီး ပြီးသွားတာမျိုးလည်း မဟုတ်ဘူး။ အဲ ဘယ်လိုပြောရမလဲ။ ပြည်တွင်းငြိမ်းချမ်းရေးမရလို့ ဖြစ်ရတာဆိုတော့ အဲဒီလိုလက်နက်ကိုင်တပ်ဖွဲ့တွေနောက်ကိုအထက်က အမိန့်တို့ ခွင့်ပြုချက်တို့မရဘဲလည်း တောနင်းပြီး လိုက်ရှာလို့ မရဘူး။ ဒါက ဘယ်လိုပြောရမလဲ။ ပြည်တွင်းစစ်ဆိုတာ နိုင်ငံတော်အဆင့် ကိုး။ ဒီတော့ ကျွန်တော်က အမည်တွေ၊ ရွာတွေတော့ မှတ်ထားလိုက်မယ်။ ဘယ်လိုလုပ်ရမယ်ဆိုတာတော့ စဉ်းစားရဦးမှာပေါ့။ အားလုံးက လုပ်ထုံးလုပ်နည်းအတိုင်း လုပ်ရမှာလေ'

စခန်းမှူးက ကွမ်းတပျစ်ပျစ်ထွေးရင်း ရှင်းပြသည်ကို နားထောင်ရင်း မမြကြင်သည် ဖင်ကုတ်ခေါင်းကုတ်ဖြင့် စိတ်မရှည်ချင်တော့။ သို့သော် မမြင်ရသည့် သေနတ်ကိုလည်း ကြောက်သေးသည်ဖြစ်ရာ၊ စိတ်မပါဘဲ လူက တအင်းအင်းလုပ်နေရသည်။ ထိုသို့အင်းရင်းပင် 'ဟွန်း၊ စခန်းမှူးဖြစ်နေလို့ပေါ့။ အုပ်ချုပ်ရေးမှူးဆိုလို့ကတော့ ပါးစပ်ထဲက ကွမ်းလေးအရင်ထွေးလိုက်ပါဦးလို့ ပြောပစ်လိုက်ပြီ' ဟု စဉ်းစားလိုက်သေးသည်။ နောက်ဆုံးရဲစခန်းအပြင်ရောက်သွားချိန်တွင် သက်ပြင်းကိုဟင်းခနဲချပြီး 'အမယ်လေး၊ မလုပ်နိုင်ရင် မလုပ်နိုင်ဘူးပေါ့။ ဘယ့်နှယ် ပြည်တွင်းငြိမ်းချမ်းရေးလေး၊ နိုင်ငံတော်အဆင့်လေးနဲ့၊ ဘာတဲ့ လုပ်ထုံးလုပ်နည်းဆိုတာက ပါလိုက်သေးတယ်' ဟု ပွစိပွစိရွတ်သည်။ ထို့နောက် ဘောက်ဆတ်ဘောက်ဆတ်ဖြင့် အိမ်ပြန်လာရင်းပင် မမြကြင်သည် 'အမယ်လေး တောင်မင်းလည်း မကယ်နိုင်၊ မြောက်မင်းလည်း မကယ်နိုင်ပါလားတော်ရေ့' ဟု လမ်းလယ်၌အော်၏။

❑

၄။

တစ်ရက်အချိန်သည် ဖျတ်ခနဲကုန်သွား၏။ နောက်တစ်နေ့ မနက်ခင်းစောစော

www.burmeseclassic.com

တွင်'ပေါ်တာပါသွားတဲ့ကောင်မလေးနှစ်ယောက် ပြန်ပြေးလာသတဲ့'ဟူသော သတင်းသည် မမြကြင်၏ အနားသို့ ရောက်လာ၏။ ထိုအခါ ငြိမ်သက်နေသောအပူမီးသည် လှုပ်လှုပ်ခတ်ခတ်ပြန်ဖြစ်လာသည်။ 'တစ်ယောက်က မဲဇလီကုန်းကတဲ့အေ့'ဟု သတင်းအတိအကျ ရရှိချိန်တွင်ကား မမြကြင်သည် ဆံထုံးကျစ်ကျစ် ထုံးထားသည့် ခေါင်းတွင် ခေါင်းပေါင်းတဘက်ကို ပတ်ပြီးပြီ။ ခပ်တင်းတင်းဝတ်ထားသည့် လုံချည်ပေါ်မှပင် ခါးစည်းကြိုးကို ထပ်ချည်ပြီးလေပြီ။ 'သွားမယ်...အဲဒီကောင်မလေးတွေနဲ့သွားတွေ့ရမယ်။ သတင်းစုံစမ်းရမယ်'ဟု ပါးစပ်မှ တတွတ်တွတ်ရွတ်လျက် လူသည် ဒေါင်းတည်မောင်းတည် ပြန်ဖြစ်နေပြီ။ သမီးက 'ဦးကြီးသာမောင်လည်း သွားပြီပဲ အမေရယ်။ သူတို့ပြန်လာရင်လည်း အကျိုးအကြောင်းသိရမှာပဲကို။ ကိုယ်က နေလည်း ကောင်းသေးတာ မဟုတ်။ လေးငါးခြောက်မိုင်ကြီးဝေးတဲ့ဟာ'ဟု တားသလိုဆိုသည်ကို မျက်ထောင့်ဖြင့်တစ်ချက်စောင်းကြည့်၏။ ပြီးလျှင်'ဟဲ့ သူကသူ့သားပါလို့ သွားတာ။ ငါကလည်း ငါ့သားပါတော့ သွားရမှာပေါ့'ဟု အသံကျယ်ကျယ်ဖြင့် အော်သည်။ ထို့နောက် အရှေ့မှထိန်းထားသည့် ဆိုင်ကယ်သမား၏ ပခုံးကိုဆွဲကာ အတင်းပင်ကုန်းရုန်းတက်သည်။ ဆိုင်ကယ်နောက်မြီးအား ကားရေးခွလျက်ဆောင့်ကြောင့်ထိုင်မိချိန်တွင်ပေါ်လာသည့် ဒူးနှစ်လုံးအားပြန်ဖုံးရန် သတိမရ။ 'အမေ အဆင်ပြေလား'ဟု စိုးရိမ်တကြီးမေးသော သမီးအား 'ပြေတယ်။ ပြေတယ်။ ဒီသူများနောက်က ဆိုင်ကယ်စီးတာများ ဘာခက်တာမှတ်လို့'ဟု ခပ်ဆောင့်ဆောင့်ဖြေပြီး ဆိုင်ကယ်သမား၏ ခါးကိုခပ်တင်းတင်းဖက်ကာ 'ကဲမောင်းတော့'ဟု ရင်ထဲမှဟိုက်နေသောအသံဖြင့်ဆိုသည်။ 'ဝူး'ခနဲ ဆိုင်ကယ်ထွက်မှ လူသည်ငိုက်ခနဲယိုင်လျက်'အမယ်လေး' ဟု အော်မိ၏။ ထိုအခါတွင်မှ မမြကြင်သည် ဆိုင်ကယ်နှင့် သူမ၏တင်ပါး ပထမဦးဆုံးထိခြင်းပါကောဟု သတိရသည်။ သို့သော် လူသည်ကား ဆိုင်ကယ်နောက်မြီးတွင် ကားရေးခွ၊ ခါးဖက်လျက်သား ကော့လန်ကော့လန်ဖြင့်ပါလေပြီ။

ဆိုင်ကယ်လမ်းသည် ကြမ်းလှ၏။ ကျောက်ခဲများသည့် လမ်းပေါ်တွင် ပြူးပြူးပြဲပြဲကျင်းများ ချိုင့်များသည် ဖောခြင်းသောခြင်း၊ တစ်ချက်တစ်ချက် ဆိုင်ကယ်သည် ကျင်းထဲကို ဆောင့်ခနဲဝင်ပြီး မော့ခနဲပြန်တက်လျှင် မမြကြင်သည် လေထဲတွင်မြောက်ခနဲ။ သို့သော် မမြကြင်ကား ဘုရားတ,ရန်ကို သတိမရ။ အင့်ခနဲတစ်ချက်ဖြစ်လျက် အတန်ငယ်စောင်းသွားသောကိုယ်ကို တည့်တည့်ပြန်ပြင်၏။ ပြီးလျှင် ဆိုင်ကယ်သမား၏ ခါးကို ခပ်တင်းတင်းပြန်ပြင်ဖက်ပြီး 'ရတယ်...ရတယ်၊ ဆက်သာမောင်း'ဟူသော စကားကို လောလောဖတ်ဖတ်ပြော၏။ မမြကြင်၏ စိတ်တွင် မယ်ဇလီကုန်းသို့ ရောက်ချင်လှလေပြီ။ သား၏သတင်းကို သိချင်လှလေပြီ။ ရင်ထဲမှ စိုးရိမ်သောကသည် တရှိန်ရှိန်ကြီးလှပြီ။ သို့သော် ထိုမယ်ဇလီကုန်းကိုရောက်၍ ထိုမိန်းကလေးနှင့် တွေ့ပြီးသောအခါတွင်ကား မမြကြင်အဖို့ မထူးခြား။ နောက်ထပ်တစ်ကြိမ် ရှိုက်ကြီးတငင် ငိုလိုက်ရသည်သာ အဖတ်တင်၏။

'အောင်ကျော်ကို သိတာပေါ့။ သူတို့က အသက်ငယ်သေးတော့ ကြောက်တာကော၊ ရိုးတာကောပဲ။ အိမ်ထောင်မကျသေးတဲ့သူ ဒီဘက်လာဆိုရင်လည်း သွားလိုက်တာပဲ။ အသက်နှစ်ဆယ်မပြည့်သေးတဲ့သူ ဟိုဘက်သွားဆိုရင်လည်း သွားလိုက်တာပဲ။ ဘာခိုင်းခိုင်းလုပ်တာပဲ။ လိမ်မယ် ညာမယ်လည်း မရှိဘူး' သားအကြောင်း ဒီလောက်ကလေးကြားရတာကိုပင် မမြကြင်၏ ရင်ထဲတွင် တဒိတ်ဒိတ်။

'သူတို့က ပေါ်တာဆွဲတဲ့ အဲဒီညတွင်းချင်းပဲ ကျွန်မတို့အားလုံးကို ကိုးယောက်တစ်တွဲ၊ ဆယ်ယောက်တစ်တွဲ ကြိုးနဲ့တွဲပြီးခေါ်သွားတာ။ အရှေ့ဘက်ရှူးရှူးကိုပဲ။ တောင်တွေလေ တက်လိုက်ရတာ တစ်တောင်ပြီးတစ်တောင်ပဲ။ ကျွန်မက အစကတည်းက ထွက်ပြေးဖို့အကြံနဲ့ သစ်ရွက်တွေ သစ်ခက်တွေကို မသိမသာ ချိုးသွားတာ။ ညသန်းခေါင်ကျော်လောက်မှ နားရတယ်။ ကျွန်မ အစက ကျွန်မတို့ရွာက ကလေးတွေကိုကော ခေါ်ပြီးထွက်ပြေးဖို့ပါ။ ဒါပေမဲ့ သူတို့က ယောကျ်ားလေးတွေကို စခန်းအလယ်ကောင်က သစ်ပင်မှာ ကြိုးနဲ့စုပြီးချည်ထားတာ။ အစောင့်တွေလည်း နီးတယ်။ ကျွန်မတို့ မိန်းကလေးတွေကျတော့ ဘေးနားနည်းနည်းကျကျမှာ ထားတယ်။ ဒါနဲ့ပဲ ခေါ်လို့မရလို့ မခေါ်ခဲ့လိုက်နိုင်ဘူး။ အမှန်က လမ်းသာမှတ်ထားတာ ပြေးပြီဆိုတော့ ဘာမှမမှတ်မိတော့ဘဲ ရမ်းသန်းပြေးရတယ်။ တော်သေးတာက ကျွန်မတို့ ပြေးတဲ့လမ်းက နမ့်ပမောင်းကို တည့်တည့်ကြီးပြန်ရောက်လို့။ အဲဒါ အဲဒီကတာဝန်ရှိသူတွေကလည်း မထားရဲတာနဲ့ ညတွင်းချင်းပဲ အိမ်ကိုပြန်ပို့တယ်'

မယ်ဇလီကုန်းမှ ပြန်လာချိန်တွင် မမြင်ကြင်သည် နုံးချည့်ပျော့ခွေနေ၏။ လူသည် အားမရှိသလို ပျော့တိပျော့ဖပ်။ စကားလည်း မပြောနိုင်။ စိတ်ထဲတွင် သားအကြောင်းကိုသာ ထပ်တလဲလဲတွေးမိ၏။ သားသည် ကြောက်နေမလားဟု တွေးမိလျှင် ရင်ထဲတွင် မချမ်းမြေ့။ သို့သော် ထိုအခါတွင်လည်း စိတ်သည်သာ ယောက်ယက်ခတ်လာပြီး လူသည် ဘာမှမလုပ်တတ်။ ဤသို့ဖြင့်ပင် ညနေစာစားချိန် ရောက်လာသည်။ မမြကြင်သည် 'အိုအေ မစားချင်ပါဘူး။ ဗိုက်ထဲလေတွေ ကယ်နေလို့' သာ ထမင်းစားရန်ခေါ်

www.burmeseclassic.com

www.burmeseclassic.com

သော သမီးကို ပြန်ပြောပြီး ထိုင်ရာမှ မထ။ တွေတွေကြီး ထိုင်လျက် ဟိုငေး၊ ဒီငေးငေးနေ၏။ အတန်ကြာသော အခါတွင်မူ တစ်စုံတစ်ခုကို သတိရဟန်ဖြင့် တအင့်အင့် ရှိုက်ကာငို၏။ သမီးဖြစ်သူက ထမင်းစားရာမှ ထလာပြီး 'ဘာဖြစ်လို့လဲ အမေ' ဟုမေးလျှင် 'ဒီအချိန်ညည်းမောင် ထမင်းမှ စားရပ့ါမလားတွေး မိလို့ပါအေ' ဟု ဗလုံးဗထွေး ဖြေသည်။

❑

၅။

အချိန်သည် တစ်ပတ်မျှရှိလေပြီ။ မမြကြင်သည် စိတ်ပူရုံအပြင် ဘာထပ်လုပ်ရမည်မှန်းမသိ။ အားကိုးတကြီး အဖေခေါ်စရာလူကလည်း ရှာမရ၊ ကြံမရသည့်အဆုံးတွင် နမ့်ပမောင်းမှော်သို့သွား၏။ လူကျိုးတိုးကျဲတဲနှင့် ချောင်းရေနောက်နောက်ကိုသာ မြင်ရပြီး ဘာမှအဖတ်မတင်။ သားနှင့်အတူ ပေါ်တာပါသွားသည့်ကလေးများ အိမ်သို့ ရွာစဉ်လျှောက်ကာသွားမိ၏။ ထိုအခါ အချို့မိဘများသည် သူ့လိုပင် ကယောင်ချောက်ချားရှိနေကြပြီး အချို့မှုကား 'ပေါ်တာဆွဲသွားတဲ့အုပ်စုက အစက သိရသလိုပဲ သင်းကွဲထွက်လာတဲ့အုပ်စုပဲတဲ့။ သူတို့က ပြောလိုက်သတဲ့။ အချိန်တစ်ပတ်စောင့်ပါ။ တစ်ပတ်ကြာရင်တော့ ငွေနဲ့ပဲအရွေးခံမလား။ လူကိုပဲ ယူမလား သေသေချာချာပြောမယ်တဲ့' ဟု သူတို့ကပဲ ကေအိုင်အေနှင့် တွေ့ခဲ့သလိုလို၊ သူများအပြောများနှင့် ဆီးကြိုကြ၏။ ကနဦးတွင် မမြကြင်သည် 'အမယ်လေး အရွေးခံလိုက်စမ်းပါတော်' ဟု အားတက်သရောဆိုမိ၏။ သို့သော်အချိန်များသည် တစ်ပတ်မှ နှစ်ပတ်၊ နှစ်ပတ်မှ သုံးပတ်ဖြစ်ခဲ့၏။ သား၏သတင်းသည် မထူး။ ထိုအခါ မမြကြင်သည် 'ဟဲ့…ကေအိုင်အေနဲ့က ဘယ်သူတွေ့ခဲ့တာတုံး' ဟု ရေဆုံးရေဖျားလိုက်မိပြန်တော့ သတင်းသည် ဘဲဥအစရှာမရ။ နောက်ဆုံး မမြကြင်သည် 'အမယ်လေး ဓာတ်မျောကြီးဖြစ်မှန်းမသိ ဖြစ်နေပါပြီပဲ' ဟု သက်ပြင်းချ၏။

အချိန်တို့သည် ရုတ်ခနဲကုန်ခဲ့၏။ မမြကြင်သည် ဘာလုပ်ရမည် လမ်းစရှာမရ။ တစ်ခုခုတော့ လုပ်ရမှာပဲ… တစ်ခုခုတော့ လုပ်ရမှာပဲဟု ပါးစပ်မှ အမြဲလိုတတွတ်တွတ်နေပြီး လူသည် မငြိမ်သက်နိုင်။ စခန်းမှူးလူမည်းကြီးပြောလိုက်သည့် အစိုးရအဆင့်ဆိုသည့်စကားလုံးကြီးက နားထဲတွင် ဝေ့လည်နေသည်။ သူ့လို ကျေးတောသူတစ်ယောက်အတွက် ရှိခိုးဦးတင်အပူကပ်စရာ အစိုးရမင်းကိုကား အနီးနားတွင် ရှာမတွေ့။ တစ်ရက်သားတွင်မှ ယောက်ျားဟူက ခေါင်းပေါင်းစ တလူလူ၊ မိန်းမဟူက ပဝါတယမ်းယမ်းနှင့် လူအုပ်ကြီးကို တီဗွီထဲတွင် ရိပ်ခနဲမြင်ပြီး 'မဲသာပေးပါ။ ဘာမဆိုဖြစ်စေရပါမည်' ဆိုသည့် ဟိုလူကြီးအား သတိရ၏။

❑

၆။

မမြကြင်သည် ဟိုလူကြီးကို မြင်မြင်ချင်း 'ပိုဝပြီးဖြူလာတယ်' တွေးမိ၏။ သို့သော် ကိုယ့်ရှေ့တွင် ခေသ္ည့်သည်တစ်ယောက်နှင့်စကားပြောနေလေသော ဟိုလူကြီးကို ရုတ်ခြည်းသွားနှုတ်မဆက်ဝံ့။ ဟိုးယခင်ကတော့ ကိုယ့်ကိုမြင်လျှင် 'ဟာ…မမြကြင်ကြီး' ဟု အာလုတ်သံနှင့် နှုတ်ဆက်တတ်သော်ငြား ယခုကား အရင်လိုဟုတ်သေးလား မသိနိုင်။ ခွေးခြေခုံလေးနှင့်ထိုင်စောင့်ရင်း 'အင်း… ပြည်သူ့ကိုယ်စားလှယ်ကြီးဆိုတော့ အရင်နဲ့မတူဘဲ စိတ်တွေပြောင်းနေမလား' ဟူသော အတွေးသည် ရင်ထဲတထိတ်ထိတ်။ အရင် မဲမပေးခင်ကမူ မမြကြင်တို့ရွာသို့ တရုတ်ဆိုင်ကယ်စုတ်လေးစီးကာ နေ့နေ့ညည ရောက်လာတတ်သည်ကို သတိရ၏။ ထို့နောက် မလာတာ အတော်ကြာခဲ့ပြီဖြစ်သည်ကိုလည်း တွေးမိ၏။ ကြာဆို မဲနိုင်ပြီးကတည်းကပင် နောက်ထပ်ရွာကိုမရောက်ဟု ထင်၏။ 'အင်းလေ။ လူပုံစံပြောင်းပေသည့် စိတ်တော့ မပြောင်းလောက်ကောင်း' ဟု တောင်တောင်ဤဤ ဆက်တွေးမိ၏။

'ကျုပ်ကတော့ ကြည့်စရာရှိ ပြည်သူ့မျက်နှာတစ်ခုပဲ ကြည့်တယ်။ မတရားဘူး၊ ပြည်သူတွေ မကြိုက်ဘူးဆိုလို့ကတော့ လွှတ်တော်နာယကကိုလည်း ချပြီးသားပဲ။ ဟိုတစ်ခါ မီတာခတွေတိုးကောက်တဲ့ကိစ္စဟာကော၊ တချို့က တိုင်းပြည်အတွက် ထိုက်သင့်တဲ့အခွန်အခကို ပေးချေဖို့ တိုင်းသူပြည်သားတွေမှာ တာဝန်ရှိတယ်ဆိုတဲ့စကားလုံးလှလှတွေသုံးပြီး ထောက်ခံကြတာ ကျုပ်ကတော့ ကန့်ကွက်သဗျာ။ ဟို လူသိရှင်ကြား ထမပြောပေမဲ့ လွှတ်တော်နာယကနဲ့ မျက်နှာချင်းဆိုင်မိတော့ 'ဥက္ကဋ္ဌကြီး ကျွန်တော်တော့ သဘောမတူပါဘူး' လို့ ဖြောင်ကို ပြောပစ်လိုက်တာ'

မမြကြင်သည် ဟိုလူကြီး၏ 'ငါသာ ကောင်း' တရားကို နှစ်နာရီနီးပါးကြာအောင်ပင် ခပ်လှမ်းလှမ်းမှ နားလိုက်ရ၏။ ရွာမြောင်းတူးရေးကိစ္စအတွက် အထက်တွင် အကျယ်တဝင့်ဆွေးနွေးခဲ့ပုံများ၊ ဓာတ်ကြိုးများပြတ်ကျပြီး ဓာတ်လိုက်သေဆုံးခြင်းမှ ကင်းဝေးရန်အကာအကွယ်များ လုပ်ဆောင်သင့်ကြောင်း စသဖြင့် ဟိုလူကြီးဆွေးနွေးခဲ့သမျှသည် မမြကြင်၏အမြင်တွင် တိုင်းပြည်ကောင်းကျိုးချည်းသာဖြစ်၏။ အကြောင်းတရားတစ်ခုပြီးတိုင်း မမြကြင်သည် 'မပြောင်းဘူး၊ မပြောင်းဘူး။ အရင်တုန်းကလည်း ဒီလေမျိုး၊ အခုလည်း ဒီလေမျိုးပဲ' ဟု မှတ်ချက်ချ၏။ ဤသို့ဖြင့် လူကြီးထံအကူအညီတောင်းရန် စောင့်ဆိုင်းနေရင်းပင် 'သားသည် မကြာခင်လွှတ်လာတော့မည်' ဟု စိတ်တွင် တထစ်ချထင်လာတော့၏။

'ဒီက ငါ့ညီမ နာမည်က ဘယ်သူ။ အဲ…မမြကြင်၊ မမြကြင်…မှတ်မိပြီ။ ဒီမယ် ငါ့ညီမ…အစ်ကိုက ပြည်သူ့ကိုယ်စားလှယ်ပါကွဲ့။ ပြည်သူတွေရဲ့အသံကို အစ်ကိုကြားပြီးသား။ ပြည်သူတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကျိုးကို လုပ်ဖို့လည်း ဆုံးဖြတ်ပြီးသား။ ဒီကိစ္စမှာလည်း ငါ့ညီမ လာမပြောခင်ကတည်းက အစ်ကိုဆုံးဖြတ်ပြီးသား။ အရွယ်ကောင်းလေးတွေ အယောက်ခြောက်ဆယ်ကျော် ပေါ်တာဆွဲခံရတဲ့ကိစ္စဟာ တိတ်တိတ်ဆိတ်ဆိတ်ပြီးသွားရမယ့်ကိစ္စမှ မဟုတ်တာ။ အားလုံးသိရမယ့် ကိစ္စ။ လွှတ်တော်မှာ တင်ကိုတင်ရမယ့်ကိစ္စပဲ။ အခုလည်း တင်ထားပြီးသား။ နောက်တစ်ခါ လွှတ်တော်ခေါ်ရင်တင်ပြဖို့ အစ်ကိုပြင်ဆင်ထားပြီးပြီ ငါ့ညီမ။ သတင်းစာထဲမှာ စောင့်ဖတ်။ ဒါမှမဟုတ်ရင် တီဗွီထဲစောင့်ကြည့်ပေတော့။ ငါ့ညီမသားတင်မကဘူး အားလုံးလွှတ်အောင် အစ်ကိုလုပ်မယ်။ ဟုတ်ပြီလား'

ကနေဦးတွင် 'ဒီလောက် ရင်းနှီးတဲ့နာမည်ကိုများ မေ့ရတယ်လို့'ဟုစိတ်ကွက်ချင်မိသော မမြကြင်သည်'လွှတ်စေရမယ်'ဆိုသည့်ကတိစကားကိုကြားလျှင်'သူ့ခများ အလုပ်များလွန်းလို့ ရင်းနှီးတဲ့နာမည်တွေတောင် မမှတ်နိုင်တော့ဘူး'ဟုဖြေဖြေလျော့လျော့တွေး၏။ ဤသို့ဖြင့်ပင် ဟိုလူကြီးထံမှပြန်လာပြီးနောက်ပိုင်း၌ မမြကြင်သည် နေ့စဉ်မနက်ကိုးနာရီခန့်တွင် ရွာလမ်းတစ်လျှောက်သွက်သွက်လျှောက်ကာ ဘုန်းကြီးကျောင်းသို့သွား၏။ ကျောင်းရောက်လျှင်'သတင်းစာဖတ်ချင်လို့ဘုရား'ဟု ဆရာတော်ကို လျှောက် ပြီးနောက် သတင်းစာကိုယူသည်။ ပြီးလျှင်တစ်ထောင့်တစ်နေရာတွင် ခပ်ကုပ်ကုပ်ထိုင်၍ သတင်းစာကို ခပ်သွက်သွက်လှန်ကာ တဖျတ်ဖျတ်ဖတ်၏။ ခဏကြာလျှင်မူ ဟင်းခနဲသက်ပြင်းချကာ သတင်းစာကို ဖျတ်ခနဲပိတ်၏။ ထို့နောက် 'ဒီနေ့လည်း မပါပြန်ဘူး' ဟု ခပ်တိုးတိုးရွတ်၏။ နောက်ဆုံး 'ပြန်ဦးမယ် ဘုရား' ဟု ဆရာတော်ကိုမျက်နှာမသာမယာဖြင့် လျှောက်လျက်အလာတုန်းကနှင့်မတူ နှေးကွေးလေးလံသောခြေလှမ်းများဖြင့် အိမ်သို့ပြန်၏။ လမ်းတစ်လျှောက်တွင်မူ 'ဖတ်လိုက်ရသမျှကတော့ ဆီဦးထောပတ်တွေချည်းစုနေတယ် မရေးရုံတစ်မည်ပဲ။ အပြင်မှာ ဖြစ်နေတာနဲ့ကတော့ တခြားစီ။ ဆီနဲ့ရေ။ ပြောတော့ နောက်လွှတ်တော်ဆိုတင်မယ်တဲ့…'ဟု ပါးစပ်မှ တတွတ်တွတ်ရွတ်သည်။

ထို့နောက်တွင် မမြကြင်သည် တစ်ရက်လုံးပင်ငြိမ်ကာ စကားမပြော။ အိမ်ရှေ့စမြင်ကြီးတွင် ငုတ်တုတ်တိုင်ကာ သက်ပြင်းများကို ဟင်းခနဲဟင်းခနဲချလျက်ရှိ၏။ သို့သော် ညနေခြောက်နာရီထိုးခါနီးလျှင်မူ ငြိမ်သက်နေသော မမြကြင်သည် ပြန်၍အသက်ဝင်လာသောအရုပ်ကဲ့သို့ တလှုပ်လှုပ်ဖြစ်လာပြန်၏။ 'ဟဲ့ ခြောက်နာရီထိုးတော့မယ်။ တီဗွီဖွင့်တော့လေ'ဟူသော အသံသည်ကျယ်ကျယ်လောင်လောင်။ သတင်းများကြေညာချိန်တွင် မမြကြင်၏ ခေါင်းသည် တီဗွီထဲသို့ဝင်လုမတတ်။ ထိုသတင်းများပြီးချိန်တွင်ကား မမြကြင်သည် လေထုတ်ခံရသောအရုပ်ကြီးကဲ့သို့ပင် ပုံကျသွားပြန်၏။ ပါးစပ်မှလည်း 'ဘယ့်နှယ်တော်…လွှတ်တော်တဲ့' ဟု အစမရှိ အဆုံးမရှိ တညည်းညည်း တညူညူ ဆို၏။

❑

၇။

'အားလုံးစနစ်တကျ တန်းစီကြပါ။ ပြီးရင် လက်ကို အားရပါးရဝှေ့ယမ်းပြီး ကျွန်တော် တိုင်ပေးထားတဲ့အတိုင်း အော်ကြပါ'

သေနတ်ကို ခါးတွင်ချိတ်ထားသူတစ်ဦးသည် အော်လန်ကို ပါးစပ်တွင်တေ့ပြီးတောင်ဘက်လျှောက်လိုက် မြောက်ဘက်လျှောက်လိုက်ဖြင့် ရှိနေ၏။ ဘေးပတ်ပတ်လည်တွင်လည်း သေနတ်ခါးချိတ်ထားသူတွေ အများကြီး။ မမြကြင်သည် ဟိုဟိုဒီဒီကြည့်ရင်းပင် ချွေးတို့သည် စိမ့်ခနဲထွက်လာကြ၏။ ပြီးလျှင် လက်ထဲမှကတ်ထူစက္ကူလိပ်ကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး'ငါ မလုပ်တော့ရင် ကောင်းမလား'ဟုလည်း တွေးမိ၏။ ချက်ချင်းပင် 'အို…မဖြစ်သေးပါဘူး'ဟု စိတ်ထဲ အာခံလိုက်၏။ ထိုစဉ် 'လာပြီနော်။ လာပြီ။ အားလုံးအဆင်သင့်။ ကဲ…သင်ထားတဲ့အတိုင်းဖြစ်ပါစေ' ဟူသော အသံသည် နားထဲတိုးဝင်လာသည်။ တစ်ပြိုင်နက်တည်းပင် ရှည်လျားသော ကားတန်းကြီးသည် လူတန်းနှစ်ခုကြားမှတဖြည်းဖြည်းတိုးဝင်လာ၏။ ဟော နီးလာပြီ။ သူပဲ…သူပဲ။ မမြကြင်သည် သုံးပုံနှစ်ပုံခန့်ချထားသည့် ကားမှန်ပြတင်းဝမှ မျက်နှာတစ်ခုကို ရိပ်ခနဲမြင်လျှင် လက်ထဲမှစက္ကူလိပ်ကို ဆတ်ခနဲဖြန့်ကာထောင်လိုက်ပြီး ပါးစပ်မှလည်း စကားတစ်ခွန်းကို စူးစူးဝါးဝါးထပ်ခါတလဲလဲအော်လိုက်သည်။

'သမ္မတကြီး ကျွန်မသားကို ပြန်ခေါ်ပေးပါ။ သမ္မတကြီး ကျွန်မသားကို ပြန်ခေါ်ပေးပါ။ သမ္မတကြီး ကျွန်မသားကို…'

ဗုန်းခနဲအသံနှင့် အတူ မမြကြင်၏ ကျောပြင်သည် အောင့်တက်ကာသွား၏။ လူသည် ရှေ့သို့ငိုက်ယိမ်းလျက် လက်ထဲမှ ကတ်ပြားသည်လည်း မြေပြင်သို့ ဖရိုဖရဲကျ၏။ ထို့နောက်'မသာမ'ဟူသော ဆဲသံနှင့်အတူ သေနတ်ကိုင်လူနှစ်ဦးသည် မမြကြင်ကိုတစ်ဖက်တစ်ချက်စီမှ ညှပ်ကာလူအုပ်၏ နောက်ဘက်သို့ဆွဲထုတ်ခဲ့သည်။ မမြကြင်ကား အတင်းဆွဲထုတ်လာသည့် လူနှစ်ဦးကြား မရုန်းမကန်ဘဲ အလိုက်သင့်ပါလာရင်းပင် ပါးစပ်မှ'သမ္မတကြီး ကျွန်မသားကို ပြန်ခေါ်ပေးပါ။ သမ္မတကြီး ကျွန်မသားကို ပြန်ခေါ်ပေးပါ'ဟု အဆက်မပြတ်အော်၏။

မမြကြင်၏ လက်မှ လွှတ်ကျခဲ့သော'တစ်နိုင်ငံလုံး စစ်ပွဲရပ်၊ ကျွန်မသားကို ပြန်ခေါ်ပေး'ဟူသော စာတန်းရေးထားသည့်ကတ်ထူပြားသည်ကား သေနတ်ခါးချိတ်ထားသူတို့ ခြေဖဝါးအောက်တွင် တုံးလုံးကလေး ရှိနေလေ၏။ ■

ရှုအေး

www.burmeseclassic.com

www.burmeseclassic.com

အဖေ ပြန်လွတ်ပြီလို့
ကြားရကတည်းက
သူမရဲ့စိတ်ဝိညာဉ်ဟာ
သွေးပျက်
တုန်လှုပ်လာတယ်။
မကြာခင် သူမ
မုန်းတီးကြောက်ရွံ့နေတဲ့
အနိဋ္ဌာရုံတွေကို
အဖေ သယ်ယူ
လာတော့မယ်။
အဲဒီအခါကျ
ရိုက်ပုတ်
နှိပ်စက်မှုတွေကြားမှာ
ညစဉ်ရက်ဆက်
အမေ ငိုရတော့မယ်။
သူမတို့အိမ်ကလေးဟာ
ရှန့်ရင်းကြမ်းတမ်းတဲ့
ဆဲဆိုသံတွေနဲ့
ဖုံးလွှမ်းနေတော့မယ်။
နောက်ဖေး
ထမင်းစားခန်းထဲက
ပစ်ပေါက်ရိုက်ခွဲသံတွေကို
နားထောင်ပြီး
အခန်းကျဉ်းလေးရဲ့
ထရံထောင့်နား တိုးဝှေ့ရင်း

# ညနေအရိပ်များ

သံလွင်ကို (မော်လမြိုင်)

သူမနဲ့မောင်လေး
တိတ်တိတ်ကလေး
ငိုရှိုက်နေရတော့မယ်။
ပြီးတော့ သူမ…။
သူမကို
အဖေ ဘယ်လို
အပြစ်ပေးမှာလဲ။
သူမ ထိတ်ခနဲ
တုန်လှုပ်သွားမိပြန်တယ်။
သူမ သိနေတယ်။
အမေ့ဘဝဟာ
ရုန်းကန်မှုတွေနဲ့
အဆုံးမသတ်နိုင်သေးတာ





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

တောင်မှ သူမတို့ရဲ့ဆာလောင်မှုကို ကြည့်ပြီး အမေ တိတ်တဆိတ် ငိုကြွေးနေခဲ့ရတဲ့ညတွေ အများကြီးရှိတယ် ဆိုတာ အဖေ နားလည်ပေးနိုင်မှာ မဟုတ်ဘူး။

နေပူကျဲကျဲအောက် အမေ့ချွေးအစက်စက် မြေပေါ် တဖြောက်ဖြောက် ကျနေတဲ့အချိန် သူမကတော့ အမိုးအကာအောက်မှာ သူမစိတ်မဝင်စားတဲ့ စာလုံးတွေကို ဖတ်နေရတဲ့အဖြစ်ကို ဘယ်လိုမှ သည်းမခံနိုင်တော့တဲ့ အဆုံး အဖြူအစိမ်းဝတ်စုံကို သူမ စွန့်လွှတ်ခဲ့တာ အဖေ နားလည်ပေးနိုင်မှာ မဟုတ်ဘူး။ သူမ ဝမ်းနည်းစွာ အင့်ခနဲ ရှိုက်လိုက်မိတယ်။

အိမ်ရှေ့ကပြင်မှာ ငုတ်တုတ်ထိုင်နေတဲ့ အမေက သူမရဲ့ရှိုက်သံကြောင့် နောက်ကို လှည့်ကြည့်တယ်။ အမေ့မျက်လုံးတွေက ခံစားချက်မဲ့နေတဲ့ ကြောင်စီစီ မျက်လုံးတွေ။ သူမကို နှစ်သိမ့်တဲ့ အရိပ်အယောင် မတွေ့ပေမဲ့ အဲဒီမျက်လုံးတွေကိုပဲ သူမ အားကိုးတကြီး ငေးနေမိပြန်တယ်။

သူမထိုင်နေတဲ့ ကြမ်းခင်းက သိမ့်ခနဲ လှုပ်ရှားသွားတယ်။ သူမ ခေါင်းမမော့ဘဲ အိမ်ရှေ့ကို မဝံ့မရဲ မျက်လုံးလှန်ကြည့်မိတယ်။ အေးစက်မာကျောနေတဲ့ မျက်နှာတစ်ခု။ မုတ်ဆိတ်မွေး အနည်းငယ် ဖုံးလွှမ်းထားလို့ ခက်ထန်တဲ့အသွင်က ပေါ်လွင်နေတယ်။ သူမတစ်ကိုယ်လုံး တောင့်တင်း အေးစက်သွားတယ်။ နွေးထွေးရိပ်မရှိတဲ့ မျက်လုံးတွေကြောင့် သူမ

> အိမ်ရှေ့ကို ပြေးထွက်ပြီး 'အဖေ'လို့ ဝမ်းသာအားရ နှုတ်မဆက်တာကို အဖေ စိတ်ကွက်နေမလား ဟင့်အင်း. . . အဖေဟာ သူ့ကိုယ်ထက် ပိုပြီး တခြားဘာကိုမှ ဂရုစိုက်တတ်သူ မဟုတ်ဘူး ဆိုတာ သူမ အသေအချာ သိတယ်

အယောင်ယောင် အမှားမှားနဲ့ အနားက မောင်လေးကို ဆွဲပွေ့လိုက်မိတယ်။

ကြမ်းခင်းက တသိမ့်သိမ့် လှုပ်ရှားလာပြန်တယ်။ ခြေသံက ဆယ်ချက်ကျော်ကျော်အရောက်မှာ ရပ်တန့်သွားတယ်။ အိမ်အောက်က စိုစွတ်စွတ် မြေသားတွေဆီ ရောက်နေတဲ့ သူမအကြည့်ထဲ ညစ်မည်းကျယ်ပြန့်တဲ့ ခြေဖဝါးတစ်စုံ ရောက်လာတယ်။ မောင်လေးကို ပွေ့ဖက်ထားတဲ့ သူမရဲ့လက်တွေ ခပ်တင်းတင်း ဖြစ်သွားတယ်။ သူမ ကြောက်နေပြီ။ သူမလက်ထဲက မောင်လေးက အနေကျဉ်းကျပ်သလို တစ်ချက် လူးလွန့်ပြီး အမေ့ဆီ ပြေးထွက်သွားတယ်။ ပုန်းလျှိုးရာ နေရာတစ်ခု ပျောက်သွားသလို သူမ ဟာခနဲ ဖြစ်သွားတယ်။ ဒူးတစ်စုံကို မျက်နှာရှေ့ ထောင်မတ်လိုက်ပြီး လက်နှစ်ဖက်ကို ယှက်တင်၊ ခေါင်းကို ငုံ့အပ်ထားမိတယ်။ ခန္ဓာကိုယ်ကတော့ အသေးသိမ်ဆုံး အနေအထား။

သူမရဲ့ အသက်ရှူသံက တိုးညင်းလွန်းနေတယ်။ သူမ နည်းနည်းမှ မလှုပ်ဝံ့သေးဘူး။ ရှေ့ကနေ မြန်မြန်သာ ထွက်သွားပါတော့လို့ သူမ ဆုတောင်းနေမိတယ်။ အိမ်ရှေ့ကို ပြေးထွက်ပြီး 'အဖေ'လို့ ဝမ်းသာအားရ နှုတ်မဆက်တာကို အဖေ စိတ်ကွက်နေမလား။ ဟင့်အင်း…။ အဖေဟာ သူ့ကိုယ်ထက် ပိုပြီး တခြားဘာကိုမှ ဂရုစိုက်တတ်သူ မဟုတ်ဘူး ဆိုတာ သူမ အသေအချာသိတယ်။ အဖေနဲ့ပတ်သက်ပြီး သူမ ခံစားမိသမျှက သိပ်ကို အရိုင်းဆန်နေတော့တယ်။

ကြမ်းခင်းကြားက တစ်ဆင့် အိမ်အောက်က မြေသားတွေကို သူမ တစ်ဖန် မြင်ရပြန်တယ်။ နောက်ဖေးဝင်သွားတဲ့ ခြေသံကို ရေတွက်မိရင်း သူမ တိတ်တိတ်ကလေး သက်ပြင်းချိုးချတယ်။ အမေလည်း နောက်ကနေ ဝင်သွားတယ်။ ထုံးစံတစ်ခုကို ကျော်လွှားလိုစိတ်နဲ့ သူမ နားစွင့်ထားမိတယ်။ ခဏအကြာ နောက်ဖေးခန်းထဲကနေ အိုးသံ၊ ပန်းကန်သံတွေ ထွက်ပေါ်လာတော့တယ်။

❑

နောက်တစ်ပတ်ကျ ဖြေရမယ့် စာမေးပွဲအတွက် သူမ စာကို အသည်းအသန် ကျက်ရင်းက ညဦးနက်တဲ့အထိ အိမ်ရှေ့ကို လည်တဆန့်ဆန့်နဲ့ ငေးမျှော်နေတဲ့အမေ့ကို သူမ အထူးအဆန်း ဖြစ်နေခဲ့တယ်။ သူမ စာကျက်ရတာ စိတ်မဖြောင့်တော့ဘူး။ အမေ့ကို စိုးရိမ်စိတ်နဲ့ မကြာခဏ အကဲခတ်နေမိတယ်။ အမေ့မျက်နှာဟာ ဒေါသသွေးတွေနဲ့ နီစွေးနေတယ်။ ညှိုးမှိုင်းမှိုင်းနဲ့ ဝမ်းနည်းနေပုံလည်းရတယ်။ အံတကြိတ်ကြိတ်နဲ့ ခံပြင်းနေပုံလည်း ရတယ်။ ခေါင်းတယမ်းယမ်းနဲ့ သောက ရောက်နေပုံလည်း ရတယ်။ ရုတ်တရက် အမေ့ကို သူမ ဖျတ်ခနဲ မြင်ယောင်မိတယ်။ အဖေ၊ အဖေ တစ်ခုခုတော့ ပြဿနာရှာထားပြီ။ သူမ စာအုပ်ကို ပိတ်လိုက်ပြီး အမေ့ကိုသာ ငေးနေမိတယ်။

ဖယောင်းတိုင်လေးတိုင် ကုန်လုနီးတော့မှ အဖေ အိမ်ပြန်ရောက်လာတယ်။ ရုပ်ပျက်ဆင်းပျက် မဟုတ်ပေမဲ့ အဖေ့ခြေလှမ်းတွေဟာ သိုင်းကွက်နင်းလာတယ်။ ပါးစပ်ကလည်း သူမတို့ တစ်ခါမှ မကြားဖူးတဲ့ နာမည်တွေကို အော်ဟစ်ဆဲဆိုလာတယ်။ အပေါက်ဝမှာ ထီးထီးကြီး ရပ်နေတဲ့ အမေ့ကို မြင်တော့ အဖေ တုံ့ခနဲ တွန့်သွားတယ်။ ပြီးတော့ အပြစ်လုပ်ထားတဲ့ လူတစ်ယောက်လို မလုံမလဲ



www.burmeseclassic.com

www.burmeseclassic.com

ဟန်နဲ့။ ဒါပေမဲ့ ထုံးစံအတိုင်း အကြောတင်းတဲ့ပုံစံက နည်းနည်းလေးမှ မလျော့ဘူး။ မျက်နှာကြော ခပ်တင်းတင်းနဲ့ အမေ့ကိုကျော်ပြီး အိမ်ထဲလှမ်းဝင်တယ်။

'ပိုက်ဆံတွေ ရှင် ဘာလုပ်လိုက်သလဲ'

ဟာ…၊ အမေ့ပိုက်ဆံတွေကို နှိုက်သွားပြန်ပြီ။ အဖေ့ကို သူမ ပိုပြီး စိတ်ပျက်အံ့သြလာတယ်။ သူမတို့အတွက် အဖေ့မှာ 'အဖေ'လို့ အမည်ခံရတဲ့ တာဝန်ပဲ ရှိတယ်။ အဖေက နေနိုင်ပေမဲ့ မနေနိုင်တဲ့ အမေက သူမတို့ ဝမ်းရေးအတွက် ကြုံရာကျပန်း ရုန်းကန်နေခဲ့တယ်။ သူမတို့အတွက် အမေ အလုပ်လုပ်တယ်။ ခြိုးခြံချွေတာတယ်။ ခြစ်ကုတ်စုဆောင်းတယ်။ အဖေကတော့ နို့ဆီဘူးထဲက အမေ့ပိုက်ဆံတွေကိုပဲ မျက်စိကျနေခဲ့တယ်။ ပြီးတော့ လစ်ရင်လစ်သလို ယူသုံးလိုက်တယ်။ သူမတို့အတွက် အဖေ ဘာမှ မစဉ်းစားတော့ဘူးလားလို့ သူမ ဝမ်းနည်းဒေါသ ဖြစ်လာတယ်။

'ဘာပိုက်ဆံလဲကွ… မသိဘူး'

အဖေက နောက်ကို လှည့်မကြည့်ဘဲ ငြင်းတယ်။ ချုပ်တည်းထားတဲ့ အမေ့ဒေါသတွေ ပေါက်ကွဲသွားပုံရတယ်။ အဖေ့ရှေ့မှာ ကာရပ်လိုက်ပြီး–

'ဘာမသိရမှာလဲ၊ ပိုက်ဆံတွေ ကျွန်မ သေချာစုထားတဲ့ ပိုက်ဆံတွေလေ၊ အဲဒါ ဘာလုပ်လိုက်သလဲ'

အမေ့အသံဟာ တုန်ယင်နေတယ်။ ပြီးတော့

> ညဟာ
> မှောင်မိုက်
> လွန်းနေတယ်
> ကြက်သီးဖြန်းဖြန်း
> ထလောက်
> အောင်လည်း
> တိတ်ဆိတ်
> နေတယ်
> မျက်ကန်း
> တစ်ယောက်လို
> သူမ
> ခြေလှမ်း
> နေရတယ်
> အားငယ်
> အထီးကျန်ခြင်းကို
> သူမ
> စတင်
> ခံစားလာရတယ်

နှမြောတသတဲ့ အငွေ့အသက်ကို သူမ ခံစားနေရတယ်။ အမေ့မျက်နှာဟာ ရွံရှာ မုန်းတီးဟန်နဲ့ တစ်ခဏအတွင်း ပြောင်းလဲသွားတယ်။ အဖေကတော့ စိတ်မရှည်ဟန်နဲ့ စုတ်တစ်ချက် သပ်တယ်။

'ကျွတ်…ဟုတ်တယ်ကွာ၊ ဟုတ်တယ်။ ဟိုဘက်ရပ်ကွက်မှာ ဝိုင်းရှိလို့ သွားထိုင်လိုက်တာ ကုန်ပြီ'

'ဘာ…ရှင်၊ ရှင်'

အမေ သည်းခံနိုင်စွမ်း ကုန်သွားပုံရတယ်။ လက်နှစ်ဖက်ကို ဒေါသတကြီး ဆွဲယမ်းပြီး အဖေ့ကို ရိုက်ပုတ်နေတယ်။ အဖေကလည်း သည်းခံစိတ်ကင်းမဲ့စွာနဲ့ အမေ့ကို တွန်းထိုးနေခဲ့တယ်။ သူမ မျက်စိရှေ့မှာပဲ အဖေနဲ့ အမေဟာ ရန်သူတွေလို လုံးထွေးသတ်ပုတ်နေကြတယ်။ အိပ်မောကျနေတဲ့ မောင်လေးက လန့်နိုးလာပြီး သူမကို ဖက်တွယ်ငိုကြွေးနေတယ်။ သူမကတော့ သိစိတ်မဲ့စွာ ထရံထောင့်လေးမှာ ကျုံ့ကျုံ့ကလေး ငြိမ်သက်နေမိတယ်။ ကြမ်းတမ်းတဲ့ရန်ပွဲမှာ သူမရဲ့သေးသွယ်တဲ့ လက်တစ်စုံဟာ ဘယ်သူ့ကိုမှ ဆွဲတားနိုင်မှာ မဟုတ်ဘူးဆိုတာ သူမ သိတယ်။

'ခွပ်…ဒုတ်'ဆိုတဲ့ အသံနဲ့အတူ နောက်ကိုယိုင်ကျသွားတဲ့ အမေ့မျက်နှာမှာ သွေးစတချို့ကို သူမ မြင်လိုက်ရတယ်။ သူမ ကြောက်လန့်တကြား အော်ဟစ်လိုက်တယ်။ တကယ်တမ်း ထွက်လာတာ သေးမျှင်တိုးညင်းတဲ့ ငိုညည်းသံတစ်ခုသာ ဖြစ်ပါတယ်။

ပြိုင်ကွင်းထဲက ထိန်းသူမဲ့ မြင်းတစ်ကောင်လို အဖေဟာ အမေ့ကို စိတ်ရှိလက်ရှိ ထိုးကြိတ်ရိုက်ပုတ်ဖို့ သွေးဆူနေခဲ့တယ်။ ပုံလျက်သား လဲကျနေတဲ့ အမေ့နား တရွေ့ရွေ့တိုးကပ်သွားတယ်။ အမေဟာ အားနွဲ့တဲ့ မိန်းမသားတွေရဲ့ ထုံးစံအတိုင်း အိမ်ပေါက်ဝကနေ ပြေးဆင်းသွားတယ်။ အဖေက မကျေမချမ်းနဲ့ မြင်သမျှကို ရိုက်ခွဲကန်ကျောက်နေတယ်။ အဲဒီညက သူမနဲ့နံရံဟာ တစ်သားတည်း။ ပြီးတော့ ပေါင်ပေါ် အိပ်ပျော်နေတဲ့ မောင်လေးကို သိပ်ရင်း အိပ်ပျော်တစ်လှည့်၊ ငိုက်မျဉ်းတစ်လှည့်နဲ့ အမေ့ကိုစောင့်တာ မိုးစင်စင်လင်းသွားခဲ့တယ်။

❑

နောက်တစ်နေ့ မနက်စောစောကြီး အမေ အိမ်ပြန်လာတယ်။ ညိုမည်းနေတဲ့ ဒဏ်ရာတွေက အမေ့မျက်နှာမှာ မြင်မကောင်းဘူး။ ဒါပေမဲ့ ဘာမှမဖြစ်သလိုနဲ့ လုပ်စရာရှိတာ လုပ်တယ်။ ထမင်းချက်တယ်၊ လျှော်ဖွပ်တယ်၊ ရေဖြည့်တယ်၊ သန့်ရှင်းရေးလုပ်တယ်။ အရာရာဟာ အမေ့အတွက် ပုံမှန်ဖြစ်နေပုံရတယ်။ ဒါပေမဲ့ အမေက ဟန်ဆောင်ဖုံးကွယ်တတ်လွန်းသူဆိုတာ သူမ မေ့လျော့နေခဲ့တယ်။

ညက ဆူညံပွက်လောရိုက်ခဲ့သမျှ ခု တိတ်ဆိတ်လွန်းတယ်။ ချောက်ချားစရာကောင်းတဲ့ ရနံ့ကို သူမ ရနေတယ်။ အကျပ်အတည်းကြောင့် ဖြစ်ပေါ်လာတဲ့ သူမ ကျွမ်းဝင်ပြီးသား ပိတ်လှောင်မှုမဟုတ်ဘူး။ တစိမ့်စိမ့် လိုက်ထွက်နေတဲ့ ပုပ်အဲ့အဲ့ အနံ့ဆိုးကြီးလို မသတီစရာကြီး။ ကျောချမ်းစရာလည်း ကောင်းနေသေးတယ်။

နေက တဖြည်းဖြည်း မြင့်တက်လာတယ်။ သူမ မောင်လေးရဲ့ ကစားဖော်လုပ်ပေးနေတုန်း ခြံထဲကို လူတချို့ ဝင်လာတယ်။ ရပ်ကွက်လူကြီးနဲ့ ရဲသားနှစ်ယောက်။ သူမ အမေ့ကို အံ့သြစွာ လှမ်းကြည့်လိုက်တော့ အမေ့အမူအရာဟာ အေးစက်တည်ငြိမ်

www.burmeseclassic.com

နေတယ်။ လူမြင်မကောင်းအောင် အိပ်နေတဲ့ အဖေကရဲတွေဆွဲခေါ်ရာနောက်ကို ရှုန်းရင်းဆန်ခတ် ပါသွားတယ်။ အမေက ရပ်ကွက်လူကြီးကို စကားတစ်ခွန်းပဲ ပြောတယ်။ 'ကျေးဇူးတင်ပါတယ်'တဲ့။

အဖေကတော့ အမေ့ရဲ့သွေးအေးမှုကို ပေါက်ကွဲနေခဲ့တယ်။ နောက်ပြန်လှည့်ရင်း '…မ၊ ကြပ်ကြပ်သတိထား၊ ငါပြန်လာမှ တွေ့မယ်'လို့ ဒေါသတကြီး ကြိမ်းဝါးတယ်။ သူမကျောထဲ စိမ့်ခနဲဖြစ်သွားပေမဲ့ အမေကတော့ ဘာကိုမှ ဂရုမစိုက်သလို အိမ်ထဲဝင်သွားတယ်။ အဲဒီအချိန် သူမရင်ဟာ တဒိတ်ဒိတ် ခုန်နေတယ်။ ဝမ်းသာတာလား၊ ဝမ်းနည်းတာလား၊ သူမ ဝေခွဲမတတ်ဘူး။ ဘာပဲပြောပြော အလေးချိန်ကြီးကြီးနဲ့ ဖိအုပ်ထားတဲ့ လက်တစ်စုံကနေ လွတ်မြောက်သွားသလို သူမ ခံစားလိုက်ရတယ်။ အဲဒီညကလွဲလို့ ညစဉ်ညတိုင်း သူမ စိုးရွံ့ထိတ်လန့်မှုကင်းစွာနဲ့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့တာ အမှန်ပါပဲ။

❑

ထရံပါးလေးသာ ခြားတဲ့ တစ်ဖက်ခန်းထဲကနေ အဖေ့ဟောက်သံ စည်းချက်မှန်မှန် ထွက်နေတယ်။ ညနေက ဖွယ်ဖွယ်ရာရာမရှိလှတဲ့ ထမင်းဝိုင်းမှာ ထူးထူးဆန်းဆန်း အဖေ စိတ်လိုလက်ရ စားသောက်သွားတယ်။ အမေက ခပ်လှမ်းလှမ်းမှာ ထိုင်ရင်း လိုသမျှ ထလုပ်ပေးနေတယ်။

သူမထင်သလို အဖေဟာ အမေ့ကို အငြိုးတကြီး ရန်ရှာသတ်ပုတ်ဖို့ မပြောနဲ့၊ ရန်စကားတောင် တစ်ခွန်းမှ မပြောဘူး။ အရက်ဆိုင်က ပြန်လာတာတောင် ပုံပျက်ပန်းပျက် မူးယစ်မနေဘဲ အိပ်ရာဝင်တယ်။ အဖေ့ပုံစံက ပုံမှန်ဖြတ်သန်းမှုမျိုး။ သူမကတော့ ပုံမှန်မဟုတ်ဘူးလို့ တထစ်ချ ယူဆနေတယ်။ အခြေအနေဟာ မုန်တိုင်းမကျခင် ငြိမ်သက်နေတဲ့ ပင်လယ်လိုပဲလို့ သူမ ထင်တယ်။

တစ်အိမ်လုံး အိပ်မောကျသွားပြီ။ သူမက အတွေးလွန်နေတုန်း…။ တစ်ချက်တစ်ချက် အဖေ့ရဲ့ ကြိမ်းဝါးသံဟာ သူမနားထဲကို ရောက်ရောက်လာတယ်။ သူမ ကြောက်ရွံ့တုန်ယင်သွားတတ်တယ်။ အဖေ ဘယ်အချိန်ထိ တည်ငြိမ်နေနိုင်မလဲ။ တစ်ရက်လား၊ နှစ်ရက်လား။ ဒါမှ မဟုတ် ဒီတစ်ညတည်းလား။ ပုံရိပ်တွေကို သူမ မြင်လာပြန်တယ်။

နေ့စဉ်လိုလို အဖေ အရက်မူးလာပြီး ဆဲဆိုသောင်းကျန်းမယ်။ မထင်ရင် မထင်သလို အမေ့ကိုပြဿနာရှာမယ်။ အမေ အတတ်နိုင်ဆုံး သည်းခံမယ်။ ဒါမှ မဟုတ် စကားကြီးငယ်များပြီး ရန်ဖြစ်သတ်ပုတ်ကြမယ်။ နောက်ဆုံး 'ခွေးမ…အဲဒါမှတ်ထား၊ နောက်ဆို ဒီထက်ပိုနာမယ်မှတ်'လို့ ကြိမ်းဝါးပြီး အောင်နိုင်သူတစ်ယောက်လို အဖေ အိပ်ရာဝင်မယ်။ အညိုအမည်း ဒဏ်ရာတွေနဲ့ အမေ နာကျင်ငိုကြွေးမယ်။ သူမနဲ့မောင်လေးလည်း အမေနဲ့ထပ်တူ ထိခိုက်ဝမ်းနည်းမယ်။ ဒီလိုနဲ့ ညဟာ ပူလောင်စွာ ကုန်ဆုံးသွားမယ်။ ခြောက်သွေ့လွန်းတဲ့ နေ့တွေကို သူမ ဖြတ်ကျော်ရဦးမယ်။ ပြီးတော့ သူမကို စိုးရွံ့ထိတ်လန့်စေတဲ့ ညတွေ အများကြီး ရောက်လာဦးမယ်။ သူမလိပ်ပြာဟာ ချက်ချင်းကို အေးစက်သွားတယ်။ သူမ ဆတ်ခနဲ ငုတ်တုတ် ထ,ထိုင်လိုက်မိတယ်။

သူမ ဖြတ်သန်းနိုင်ပါ့မလား။ ကာလများစွာ အတွေ့အကြုံ ရှိခဲ့ပြီဆိုပေမဲ့ မွန်းကျပ်မှုတွေကြားမှာ ဆက်လက်နေထိုင်ဖို့ သူမမှာ သတ္တိရှိပါသေးရဲ့လား။ သူမ မသေချာပါ။ သူမရဲ့ အသိစိတ်တွေ လွန်ဆွဲနေကြပြီ။ ဒါပေမဲ့ မျက်စိတစ်မှိတ်အတွင်းမှာပဲ သူမ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်နိုင်တယ်။

မောင်လေးရဲ့မျက်နှာကို ယောင်ဝါးဝါးနဲ့ သူမ လိုက်စမ်းတယ်။ တရွေ့ရွေ့ လှုပ်ရှားနေတဲ့ သူမလက်က ခပ်ဟဟဖြစ်နေတဲ့ ပါးစပ်ထောင့်စွန်းက သွားရည်တချို့ကို ခံစားမိတယ်။ နုငယ်တဲ့ နှလုံးသားမှာ သူမလိုပဲ ဒဏ်ရာ အနည်းနဲ့အများ ရှိနေမှာ သေချာတယ်။ ကြောက်ရွံ့ဝမ်းနည်းစရာကောင်းတဲ့ အချိန်ရောက်တိုင်း အားကိုးတကြီး ဖက်တွယ်ငိုကြွေးဖို့ သူမရင်ခွင်ကို မောင်လေး ဆုံးရှုံးရတော့မယ်။ တကယ်ဆို မောင်လေးနဲ့အတူ ဆက်ပြီး မျှဝေခံစားပေးသင့်တယ်။ ဒါပေမဲ့ သူမ အားလုံးကို ကျောခိုင်းချင်နေတယ်။ သူမ စိတ်ပြတ်သားမှ ဖြစ်တော့မယ်။

သူမ မောင်လေးရဲ့ ပါးကို ခပ်ဖွဖွ နမ်းရှိုက်လိုက်တယ်။ သူမနှုတ်ခမ်းတွေကတော့ တဆတ်ဆတ် တုန်ယင်လို့ နာကျင်နေတယ်။ သူမရင်ဟာ အတိုင်းအဆမရှိ နာကျင်နေတယ်။ သူမ အသာကလေး ထတယ်။ ဒီနေ့တော့ အမေ အိပ်မောကျချင် ကျနေနိုင်တယ်။ သူမ အဖေနဲ့အမေဘက်ဆီ ဦးတည်ရှိခိုးလိုက်တယ်။ အရာရာဟာ ပိုပြီး မှုန်ဝါးလာနေတယ်။

အပြင်မှာ ညဟာ မှောင်မိုက်လွန်းနေတယ်။ ကြက်သီးဖြန်းဖြန်း ထလောက်အောင်လည်း တိတ်ဆိတ်နေတယ်။ မျက်ကန်းတစ်ယောက်လို သူမ ခြေလှမ်းနေရတယ်။ အားငယ်အထီးကျန်ခြင်းကို သူမ စတင် ခံစားလာရတယ်။ ခုချိန် သူမပိုင်ဆိုင်သမျှက ရင်ထဲက ခံစားချက်တစ်ပွေ့တစ်ပိုက်နဲ့ အဝတ်တစ်ထည် ကိုယ်တစ်ခုပဲ ဖြစ်တယ်။

အိပ်မွေ့ချခံထားရသူတစ်ယောက်လို သူမ လွင့်မျောနေတယ်။ နောက်ပြန်လှည့်လိုတဲ့စိတ် တစ်စက်ကလေးမှ မရှိတာကိုတော့ သူမ အံ့သြနေမိတယ်။ မကြာမီ လက်နှစ်ဖက်ကို ကိုယ်မှာ ဘာသာပြန် ပွေ့ဖက်ထားရင်း အမှောင်ထုထဲကို သူမတဖြည်းဖြည်းနဲ့ တိုးဝင်ပျောက်ကွယ်သွားတော့တယ်။

■

**သံလွင်ကိုမော်လမြိုင်**



www.burmeseclassic.com

www.burmeseclassic.com

မင်းလူ

# မုဆိုးတစ်ယောက် မျက်စိလည်နေသည်

နှလုံးသားဆိုတာ တစ်ခါတစ်ရံ တောနက်နက်ထဲမယ် မျက်စိလည်နေတဲ့မုဆိုးတစ်ယောက် လိုပဲထင်ပါရဲ့။ ရည်ရွယ်ရာသားကောင်ကို မရတဲ့အခါ မြင်မြင်ရာ သားကောင်ကိုလည်း ပစ်ခတ်တတ်သေးတာ မဟုတ်လား။ အကောင်ကြီးကြီးသေးသေး ကြေး(ကျိုး)မများရဲတဲ့ အခြေအနေမျိုးနဲ့လည်း ရင်ဆိုင်ရတတ်သေးတာပဲလေ။ ကျွန်တော့်နှလုံးသားက အထီးကျန်ဆန်လှတာမှန်ပေမဲ့ မုဆိုးလိုတော့ မြင်မြင်ရာ သားကောင်ကို မလိုက်ချင်တော့တာ ကြာခဲ့ပြီ။

❑

သားကောင်တွေကို ကျွန်တော် မယုံရဲတော့တာမို့ မြားနတ်မောင်ရဲ့မြားတွေလည်း ချိုးပစ်ထားခဲ့တာ နှစ်တွေ မနည်းတော့။ တကယ်တော့ ကျွန်တော်က မျက်စိလည်နေတာ ဖြစ်မှာပါ။ အချစ်ဆိုတဲ့ မှော်ရုံတောထဲမှာပဲပေါ့။ ဒီတောက နက်တယ်၊ မာယာလည်း များတယ်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

မြားနတ်မောင်ရဲ့
မြားတွေလည်း
ချိုးပစ်
ထားခဲ့တာ
နှစ်တွေ
မနည်းတော့
တကယ်တော့
ကျွန်တော်က
မျက်စိ
လည်နေတာ
ဖြစ်မှာပါ
အချစ်ဆိုတဲ့
မှော်ရုံတောထဲမှာ
ပဲပေါ့
ဒီတောက
နက်တယ်
မာယာလည်း
များတယ်
ပြီးတော့
မမျှော်လင့်တဲ့
အန္တရာယ်တွေ
ဆိုတာကလည်း
ဘွားခနဲ
ပေါ်လာတတ်
သေးတာကိုး

ဘယ်လိုမှ ဖီလင်လာမယ် မထင်။ လူတိုင်းက တခုတ်တရ ပြောကြ၊ မေးကြ၊ ငြင်းခုံကြတဲ့ အချစ်ဆိုတဲ့ အဲဒီအရာရဲ့အပေါ်မှာ ထားတဲ့ သဘောထားကို ပြောပြပါဆိုရင်တော့ ဘဝရှင်သန်ရေးမှာ လက်တွေ့နဲ့ ကင်းဝေးလှတဲ့အရာ၊ စိတ်ကစားခြင်းမျိုး၊ ဒါမှမဟုတ် ကိုယ့်ဘာသာ အရူးလုပ်မိခြင်း၊ သို့မဟုတ် မိုက်မဲစွာ စိတ်အလိုလိုက်မိခြင်းမျိုး တစ်ခုခုပေါ့လေ။ အဲဒါကြောင့် ကျွန်တော့်ကို ရုပ်ဝတ္ထုဆန်လွန်းသူကြီးရယ်လို့ သမုတ်မယ်ဆိုရင်ဖြင့် ဝန်ခံဖို့ရာ အင်မတန် ခက်ခဲပါလိမ့်မယ်။ အချစ်ဆိုတာနဲ့ ဘဝတစ်ခုကို တည်ဆောက်လို့ မရဘူးရယ်လို့ ယုံကြည်သူတစ်ယောက်ပါပဲလို့ပဲ ဖြေချင်သူပါ။

အကြောင်းကြောင်းကြောင့် ဘဝနှစ်ခု ပေါင်းစပ်ပြီးမှ ချစ်သွားကြသူတွေ၊ ချစ်လှပါချည့်ရဲ့ဆိုပြီး အရူးအမူးဖြစ်ကြပြီးမှ ခါးခါးသီးသီး မုန်းတီးသွားကြ၊ ရန်သူတွေ ဖြစ်သွားကြသူတွေ ကျွန်တော်တို့ဝန်းကျင်မှာ မနည်းမနော မဟုတ်ပါလား ခင်ဗျာ။ ကဲ…အဲဒီအချစ်ဆိုတာကြီးက ဘယ်မှာ တစ်သမတ်တည်းရှိလို့လဲ။ ဘာအာမခံချက်များ ပေးနိုင်လို့လဲ။ အနည်းနဲ့အများတော့ ရုပ်ဝတ္ထုပစ္စည်း၊ ရုပ်ပိုင်းဆိုင်ရာ စွဲလမ်းမှု၊ တန်ဖိုးထားမှုတွေက မလွဲမသွေ ပါဝင်ပတ်သက်နေကြတာချည်းပဲလေ။ ဘယ်လိုပုရိသ၊ ဣတ္ထိယ လူစွမ်းကောင်းတွေကများ မစားမသောက်ဘဲ ဗိုက်ဟောင်းလောင်းကြီးတွေနဲ့ တစ်ချစ်တည်း ချစ်နိုင်ကြမှာတဲ့လဲ။ မထင်ပေါင်။ ရုပ်ပိုင်း ဆိုင်ရာ စွဲလမ်းနှစ်သက်စေမှု မပါဘဲနဲ့တော့ ကြာကြာ သည်းခံပြီး ချစ်နိုင်ကြမယ်လို့ မယုံကြည်နိုင်ပါ။ အချစ်ဆိုတာက မီးပုံးပျံလိုမျိုးပဲ ဖြစ်မှာပါ။ မှိုင်းကုန်တဲ့အခါ အောက်ကို ကျဆင်းတတ်တဲ့ အရာမျိုး။ လောင်စာကုန်တဲ့အခါ ခရီးမဆက်နိုင်တဲ့ ယာဉ်တွေနဲ့ အလားတူနေသလား မသိ။

ရှိသေးတယ်။ တချို့ ကိုကို၊ မမတွေ ချစ်ကြပြီးမှ အဆင်မပြေကြတဲ့အခါ အမယ်လေး ရက်စက်လှတယ်၊ အသည်းကွဲပါပြီဆိုပြီး အော်ဟစ်ညည်းညူကြသေးရဲ့လေ။ ခပ်ကြမ်းကြမ်းပြောရရင် အရမ်းပဲ မြင်ပြင်းကတ်စရာ အရူးရောဂါတစ်မျိုးပါပဲ။

မဆင်မချင် ရူးသွပ်ခြင်း၊ စွဲလမ်းရာ မရတော့တဲ့အခါ၊ ထိတွေ့ခံစားခွင့် မရတော့တဲ့အခါ ဖြစ်တဲ့ခံစားမှုကိုပဲ အသည်းကွဲပါပြီတဲ့လေ။ ချစ်ချင်ချစ်၊ မချစ်ချင်နေ အသည်းကွဲကွဲ ဘာပဲ ကွဲကွဲ လက်တွေ့ဘဝမှာ ဆန်အိုးထဲ ဆန်ရှိနေမှ၊ ဆီအိုး၊ ဆားအိုးတွေပြည့်နေမှ၊ မီးဖိုချောင်သာယာနေမှ။ ဒီလို သာယာဖို့ရာ ငွေရှိမှ၊ ငွေရှိဖို့ရာ အလုပ်အကိုင်ရှိမှ၊ အလုပ်အကိုင်ရှိဖို့ရာ၊ လူတမ်းစေ့ဖို့ရာ ပညာတတ်မှသာ မဟုတ်ပါလား။

တချို့မိန်းကလေးတွေ ရှိသေး။ ဒီဘဲကို အသည်းခွဲပြမတဲ့။ ဟင်း၊ ဘာအားကိုးနဲ့ ခွဲမှာပါလိမ့်။ သဘာဝကိုက မိန်းမသား ရှုံးနေပြီးသားချည်း။ တွဲသွားတွဲလာလုပ်လို့ ဟိုဟာ ဒီဟာ ပါမသွားဦးတော့ သိက္ခာက ကျနေပြီလေ။ မိန်းမသားဆိုတာ ရောင်းကုန်၊ ပုရိသတွေဆိုတာက ဝယ်လက်၊ ဒါကိုများ ဘယ်လိုမာန်မျိုးနဲ့ ဣတ္ထိယတွေက အသည်းခွဲသမားအဖြစ် ခံယူချင်ကြသလဲ နားမလည်ပေါင်။ အခုခေတ်ကာလကြီးမှာလည်း အသည်းကွဲတဲ့ ပုရိသဆိုတာ ရှိမထင်ပေါင်။

❑

'နင် ခုထိ မိန်းမ မယူသေးဘူးလား၊ လူက ဘိုးဘွားရိပ်သာပဲ ရောက်တော့မယ်'

စစ်ကိုင်းက ဆေးလိပ်ခုံပိုင်ရှင် အဒေါ်ကြီးက လူတွေ့တိုင်း ဒါပဲ။

'တဲစုတ်ကလေးနဲ့ နေရတုန်း လာကြိုက်တာဆိုရင်တော့ လူကို မေတ္တာရှိလို့လို့ ယုံမိမှာပါ။ ခုနေခါတော့ မယုံရဲဘူး ဒေါ်လေး'

'အေး အဲဒီလို ဇီဇာကြောင်နေ…ဟင်း၊ ဟဲ့ ငါ့အလုပ်သမားတွေထဲမယ် ဟိုမှာ တွေ့လား'

အဒေါ်ရဲ့တိုက်တွန်းမှုကြောင့် ကျွန်တော် မျက်စိထဲရောက်လာကြတဲ့ ဆေးလိပ်သမနှစ်ယောက် တစ်ယောက်က မိုးယုစံလိုလို၊ တစ်ယောက်က မေသက်ခိုင်နဲ့ ခပ်ဆင်ဆင်ကလေး။ ဆင်းရဲတယ်၊ ပညာမတတ်ကြဘူး။ ကျွန်နဲ့တူတဲ့ မယား ဖြစ်နိုင်တယ်ဟဲ့ဆိုတဲ့ အဒေါ့်စကားက ကျွန်တော့်လေးနဲ့ မြားကို ချိန်ရွယ်စေလုလု… အဲ…အဲ ဒါပေမဲ့ သို့သော်လည်း…။

လေ့လာနေခဲ့ရင်း တစ်ရက်သားမှာတော့ ဆေးလိပ်လိပ်ရင်း သူတို့မိန်းကလေးအချင်းချင်း ရင်ဖွင့်နေသံကို ကြားရတဲ့အခိုက်မှာတော့ ကျွန်တော့်ရဲ့ မပေါ့တပေါ စိတ်ကလေးဟာ မုန့်လေပွေ ဆင်အနင်းခံရသလိုမျိုး တစ်စစီတစ်ပုံစီ ကျိုးကြေမွသွားခဲ့ရပြန်ပါရော။



www.burmeseclassic.com

www.burmeseclassic.com

'ဟို ကားထဲမှာ မိုးဟေကို လှချက်အေ၊ ဝတ်ထားလိုက်တာ မျက်စိထဲကကို မထွက်ဘူး။ ဒီတစ်ပတ် ပိုက်ဆံရှင်းရင်တော့ အမေ့ကို ပေးမနေတော့ဘူး။ အဲဒီ ဒီဇိုင်း ပြေးဝယ်မယ်။ ဟင်း... ပိုက်ဆံများ ရှိလို့ကတော့ လားအေ တစ်နေ့တစ်မျိုး မရိုးရအောင်လို့ ပြင်ဦးဝတ်ဦးမှာ။ သူဌေးတစ်ယောက်လောက်ရရင် ကောင်းမယ်'

နောက်တစ်ယောက် ပက်ပက်စက်စက် ရင်ဖွင့်တာလည်းကြည့်။

'မြင့်မြတ်အေ ကြည့်လို့ကို မဝဘူး။ နေမင်းကလည်း အသည်းယားစရာကြီး ဟင်း ဟင်း ငါကတော့ ပိုက်ဆံရှိရှိ မရှိရှိ ချောလို့ကတော့ ယူမယ်။ နှစ်ယောက်ရလည်း ပေါင်းမယ်အေ။ လုပ်ကျွေးဆိုလည်းပဲ ကျွေးလိုက်မယ်'

ကဲ ထွက်သာကြည့်ကြပါတော့။ ၂၀ ရာစု မဖျိုင်းနဲ့ ပဒုမပေါင်တိုဇာတ်ကို ကွက်ခနဲ ပြေးမြင်မိတယ်။ နောက်ရက် မချောနှစ်ယောက်ကို စေ့စေ့ကို မကြည့်ရဲတော့ပါဘူး။ အဒေါ်က-

'နင့်ကိုက ဇီဇာကြောင်တာ။ ဒီလိုပြောတိုင်း ဖြစ်လာမှာမှ မဟုတ်တာဘဲဟာ'

'အဲဒါ သူတို့ စရိုက်နဲ့ ဇီဇကို ဖော်ပြလိုက်တာပဲလေ။ မယ်မင်းကြီးမ,လို၊ မဖျိုင်းလို ပြီးတော့ လင်ကို ဒုက္ခပေးမယ့် အစားထဲကဟာတွေပါ'

နောက်တော့လည်း ပညာတတ် ငွေရှိလို့ လေ့လာမိတဲ့ မဖုရားတွေလည်း တွေ့ရပါရဲ့။ အိမ်ထောင်တော့ ပြု

ဒီလိုနဲ့ပဲ
ခင်တန်း
ကိုလည်း
လွန်ခဲ့
မြိုက်တော
ကိုလည်း
ကျော်ခဲ့ပြီး
မှော်ရုံတောထဲ
ဝင်ခဲ့မိပါပေါ့
ခုထိ
မထွက်
နိုင်သေးဘူး
ဘယ်သားကောင်မှ
မပစ်ခတ်ရသေးဘူး
ဒီမုဆိုးကို
သားကောင်
တွေကပဲ
ဝေးဝေးက
ရှောင်ရှား
လေကြ
ရော့သလား...

ချင်ပါရဲ့။ လင့်ဒုက္ခ ဝတ္တရား ဘာမှ မလုပ်ချင်ပါဘူးဆိုသူ၊ မီးဖိုချောင်လည်း မဝင်ချင်၊ စီးပွားရေးလည်း မလုပ်ချင်၊ ဝတ်စားသုံးဖြုန်းချင်ရုံသက်သက်တွေ။

စာပေအနုပညာ ဝါသနာ ဘာမှမရှိတဲ့ဟာမတွေ။ အိုး... စုံလို့ စုံလို့။ ဒီမှော်ရုံတောထဲမှာ တဝဲလည်လည်နဲ့ ဘာသားကောင်မှ မရနိုင်ခဲ့ဘဲ အသက်က ၃၄ နှစ်ထဲ ချင်းနင်းဝင်ရောက်လာခဲ့တဲ့အထိ။

❑

ကာလပြောင်းပြန် မိန်းမနောက်ပိုးတွေရဲ့ဒဏ်လည်း အလူးအလဲ ခံစားခဲ့ရဖူးတော့ အပျိုလေး၊ အပျိုကြီး၊ တစ်ခုလပ်၊ မုဆိုးမ ဘယ်အိမ်ကိုမှ အပေါင်းအသင်း မလုပ်ရဲတော့ပါ။ ကျွန်တော် ချစ်ချင်တဲ့မိန်းမသားဆိုတာက ခြောက်ပြစ်ကင်း သဲလဲစင် မဟုတ်ပေမဲ့လည်း ဒီလိုဟာတွေထဲကတော့ မစမ်းသပ်ရဲပြန်။

'မချစ်လို့ပါ။ ချစ်ရင် ဘာမဆို နားလည်တယ်၊ ပေးဆပ်တယ်၊ ခွင့်လွှတ်တတ်ပါတယ်'လို့ ဆိုသူက ဆိုရဲ့။ အမယ်လေး အမြဲတမ်း ပေးနေရရင်၊ ယူနေရရင်ကော ဆက်ဆံရေးက အမြဲတမ်း သာယာနိုင်မှာတဲ့လား။ ကျွန်တော် မသေချာပါဘူး။ ကြာရင် စိတ်ပျက်စိတ်နာတွေနဲ့လည်း ဇာတ်သိမ်းသွားနိုင်တယ်လေ။ တချို့က ဆိုတယ်။

'ညှိယူ၊ အပေးအယူနဲ့ နားလည်မှုရအောင်လုပ်ပေါ့'

ဆိုကြသေးရဲ့။ နှစ်ယောက်လုံးက ချစ်တယ်ဆို၊ ဘာလို့ ညှိနေကြရသေးတာတုံး။ ညှိနေရပြီဆိုကတည်းက မချစ်ကြလို့ မဟုတ်ဘူးလား။ ဝါသနာမတူ၊ စရိုက်မတူညီကြတာတွေကို အချစ်က 'တူညီစေ'ဆိုပြီး ဇေတစ်လုံးပိုင် မလုပ်ပေးနိုင်တာ ထင်ရှားမနေပေဘူးလား။ တကယ်တော့ လူဟာ ကိုယ့်ကိုယ်ကိုပဲ ချစ်တတ်တဲ့ သတ္တဝါပါ။ သူတစ်ပါးကို ချစ်တယ်ဆိုတာလည်း တကယ်တော့ ကိုယ့်စိတ်ဆန္ဒပြည့်ဝဖို့ရာက အဓိက ဦးစားပေးဖြစ်နေတာ သတိမပြုကြလို့ပါ။ ကိုယ့်ကို ပြန်ချစ်စေချင်တာ၊ အတူနေချင်တာ၊ ပြုစုတာခံချင်တာ၊ သာယာမှုတွေ၊ ဖသတွေ ခံစားချင်တာ ဒါတွေအားလုံးဟာ ကိုယ့်ကိုယ်ပဲ ပဓာန ပြုနေတာပဲ မဟုတ်ပါလား။ အဲ တစ်ဖက်သားအတွက် ငဲ့ကွက်မှု၊ စာနာမှု၊ ပေးဆပ်မှုပါနေရင်တော့လည်း 'မေတ္တာ'ရဲ့ ရောစပ်မှုက ရှိနေမှတော့ လက်ခံရမှာပါပဲ။

ကျွန်တော်ကတော့ အနည်းဆုံး တစ်နေ့ကို တစ်ခါ ရေမချိုးတဲ့မိန်းမနဲ့ အတူနေဖို့၊ အိပ်ဖို့ရာ မဖြစ်နိုင်ပါ။ ခန္ဓာကိုယ်က မကောင်းတဲ့ အနံ့တစ်ခုခု ထွက်နေသူကို ကျွန်တော်က စိတ်ပျက်တတ်သူလေ။ တစ်အိပ်ရာတည်း အိပ်ကြတော့ ဟိုအနံ့၊ ဒီအနံ့ ဟင်း စဉ်းစားရင်းတောင်မှပဲ ရွံ့စလွှန်မွှန်တွန်ကြီးပါ ဗျာတို့ရယ်။ ချစ်လှချည့်ရဲ့ဆိုပြီး အဲဒီမိန်းမဆီက ထွက်လာတဲ့ လေပုပ်တွေကို ရှူမနေနိုင်ပေါင်။ ကဲ...ဒီတစ်ခါတော့ ကျွန်တော် ဇီဇာကြောင်တာ လွန်ကဲသွားပြီလား။ ပုထုဇဉ်မှန်သမျှ အနည်းနဲ့ အများတော့ ဇီဇာကြောင်ကြသူတွေချည်း။

'တော်တော် အထီးကျန်တဲ့သူ' လို့ တချို့က သမုတ်ကြတာခံရတဲ့ ကျွန်တော်၊ လက်တွေ့ဘဝမှာတော့ အဲဒီ အထီးကျန်ခြင်းဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းချမ်းမှု ရာခိုင်နှုန်းအတော် များများ ပါဝင်ပတ်သက်နေ တာ အသေအချာပါ။ ရန်ဖြစ်၊ ငြင်းခုံ၊ စိတ်ကောက်တဲ့ သဘာဝတွေ ကျွန်တော် မလို လားပါ။ နှစ်ယောက်ဖြစ် လာမှ ရန်ဖြစ်နေရင် ဘဝက ဘယ်မှာ ငြိမ်းချမ်းမှာတုံး။

'လှျာနဲ့သွား'တဲ့။ တင် စားကြတာက ကိုက်မိကြ တော့ နာရော၊ လှျာကပဲ နာတဲ့ဘက်က နေရတာလေ။ ကျွန်တော်က မချော့တတ် တော့ စိတ်ကောက်တဲ့ မယား နဲ့ဆို သေပြီ။ အဲ သူသေမှာ ကိုပြောတာ။ ကျွန်တော်က မချော့လို့လေ။

တကယ် အလိုချင်ဆုံး ဘဝအဖော်ကို ပြောရရင် တော့ ဆရာဝန် စာရေးဆရာ မပေါ့။ ဟဲဟဲ…အဲအဲ အသက်ကြီးလို့တော့ မဖြစ် ဘူးပေါ့နော်ဗျာ။ ပြီးတော့ ကျွန်တော်က ချစ်ပြီးမှ မပေါင်းချင်ဘူး။ ဗိုလ်ဆန် တယ်ပြောပြော ဘာပဲပြော ပြော ပေါင်းပြီးမှပဲ တဖြည်း ဖြည်းကလေး အနေးကလေး နဲ့ ချစ်သွားချင်တာ။ ကျည် ဆန်လို ယာဉ်ကြီး မစီးချင်၊ ငှက်မွှေးကလေး လေထဲလွင့် မျောနေသလိုမျိုး တရွေ့ရွေ့ တငြိမ့်ငြိမ့် စီးမျော နေရတာ မျိုး။

ပြီးတော့ ကြာကို အဖျား ကနေစုပ်ပြီး တဖြည်းဖြည်း အရင်းကို တိုးတိုးသွားလေ ပိုချိုလေ။ အဲဒီအချစ်မျိုး။ ကြာလေ ကြီးလေ အဲ အသက်ကြီးလေ ပိုချစ်လေ ဆိုတဲ့ ဘဝရဲ့ အချိန်တွေနဲ့ တစ်ပြေးညီ ရှင်သန်ပြီး အရသာရှိနေမယ့် အချစ်နဲ့ ဘဝမျိုး။ အဲဒီ အဖော်ဆိုသူ ဟာ ဟာသဉာဏ်လည်း ရှိဖို့ ရာ လိုအပ်ပါတယ်။ အေး လည်းပြုံးပြုံး၊ ပူလည်း မငြို စုတဲ့ စိတ်ထားရှိသူဆိုရင် တော့ အတိုင်းထက်အလွန် ပေါ့။ တစ်ပါးသူကို ကူညီ တတ်တဲ့ ပရဟိတစိတ်ထား ရှိသူဆိုရင်တော့ တန်ဖိုးထား မြတ်နိုးရမှာပေါ့။

ကိုယ်က တစ်ခုခု ပေး လိုက်တဲ့ သက်ရောက်မှုမှာ သင့်တော်ရာတစ်ခုခုနဲ့ ပြန် လည် သက်ရောက်တတ်တဲ့ အပြန်အလှန် သဘောတရား ကို ဝတ္တရားတစ်ခုလို မယူဆ ဘဲ စိတ်ပါလက်ပါ သဘာဝ အလျောက် ပြုမူတတ်သူဖြစ် ဖို့ကလည်း လုံးဝ မရှိမဖြစ်၊ မပါမဖြစ်။ အချစ်ရယ်၊ ရုပ် ဝတ္ထုပစ္စည်း၊ ပညာ၊ ဝါသနာ ဒါတွေအားလုံး စည်းချက် ညီနေတဲ့ 'အချစ်'မျိုးဆိုရင် တော့၊ အဲ…ရှိနေမယ်ဆိုရင် တော့ ကျွန်တော်က အပူပေး ချင်ပါသေးတယ်လေ။ တချို့ မမမူမူတို့က 'အပူမရှာချင် တော့ဘူး'ဆိုလို့ တပ်လည်း ခေါက်ခဲ့ရဖူးပါပကောလေ။

တချို့ကျတော့လည်း Over Confidence ဖြစ်လွန်း၊ တချို့ကျတော့လည်း ဟို သတင်းကြား၊ ဒီသတင်း ကြား မကပ်ရဲ။ ဒီလိုနဲ့ပဲ ခင်တန်းကိုလည်း လွန်ခဲ့၊ ဗိုက်တောကိုလည်း ကျော်ခဲ့ ပြီး မှော်ရုံတောထဲ ဝင်ခဲ့မိပါ ပေါ့။ ခုထိ မထွက်နိုင်သေး ဘူး။ ဘယ်သားကောင်မှ မပစ်ခတ်ရသေးဘူး။ ဒီမုဆိုး ကို သားကောင်တွေကပဲ ဝေး ဝေးက ရှောင်ရှားလေကြရော သလား…။

ဒီအချစ်မှော်ရုံ တော ဆိုတဲ့ ရပ်ဝန်းထဲမှာ ဒီမုဆိုး တစ်ယောက်ကတော့ ဖြင့် မျက်စိလည်ပြီးရင်း လည် ရင်း…။ ■

**လမင်းမောင်မောင်**


# အိမ်ထောင်ရှင်မများခေတ်ကိုအမီလိုက်ပါ

- ◆ ခေတ်တွေပြောင်းနေပြီ အိမ်ထဲမှာနေပြီး အချိန်ကုန်မနေပါနဲ့
- ◆ မိမိခင်ပွန်းဘယ်သူနဲ့တွဲနေလဲ၊ ဘာတွေလုပ်နေလဲ၊ သူ့ဖုန်းထဲ မသင်္ကာစရာဘာရှိလဲ
- ◆ မိမိခင်ပွန်း သူ့ဖုန်းကို မိမိကိုင်မှာဖွင့်ကြည့်မှာ စိုးရိမ်နေပါသလား
- ◆ မိမိအပေါ် အေးအေးစက်စက်ဖြစ်လာပြီး ဂရုစိုက်မှုများလျော့ပါးလာပါသလား
- ◆ အလုပ်ခွင်အကြောင်းပြပြီး အပြင်မှာနေချိန်ပိုများကာ အိမ်မကပ်ပဲ ဖြစ်နေပါသလား

**ဆရာမထက်နွေးစန္ဒီ**

**LL.B, LL.M, DBL, DML**

အမျိုးသမီးသီးသန့်လက္ခဏာဗေဒင်ဟောခန်း

တိုက်(၄၀)၊ (G-2)၊ ဦးဝိစာရလမ်း၄၁ ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ မြောက်ဒဂုံ။

ဖုန်း - ၀၉၅၁၆၄၁၂၆၊ ၀၉၄၁၀၉၄၈၀၆


www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာအောင်နိုင်မြင့်၏ ဤစာအုပ်ပါဆောင်းပါးများသည် သာမန်ဖတ်လိုက်ပါက သာမန်လောက်အကျိုးကျေးဇူးရသည်။

ပို၍လေးလေးနက်နက်ဖတ်ပါက ပို၍အကျိုးဖြစ်သည်။

စဉ်းစားချင့်ချိန် ဆင်ခြင်သုံးသပ်သော ဉာဏ်ဖြင့်ဖတ်ပါက မမျှော်မှန်းနိုင်လောက်သည့် ကျယ်ပြန့်သော အကျိုးကျေးဇူးများကိုရရှိနိုင်ပါမည်။

ဒေါက်တာစံထွန်းအောင်
B.Sc(Engg),M.C.P(Harvard)
D.M.A.,D.E.P.D.Engg




ဖြန့်ချိရေး-မိုးကျော်စာပေ

ဇမ္ဗူတာလူစာပေအတွက်
မိုးကျော်စာပေမှဖြန့်ချိသည်။
အမှတ် (၃၈၅-၃၈၇) ပိုလ်ချုပ်လမ်း(ရွှေဘုံသာလမ်းနှင့်၂၉လမ်းကြား)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၇၃၀ ၂၉၅၉၁၊ ၀၉-၇၃၂ ၄၅ ၂၅၇၊ ၀၉-၅၀၈ ၉၈ ၇၃၊ ၀၉-၄၂၃ ၇၁ ၈၀၀

ထွက်ပြီ

www.burmeseclassic.com

www.burmeseclassic.com

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၀၅ ဧပြီ ၂၀၁၅

ဒီလမှာတော့ အတော်လေး အဆင်ပြေတဲ့စာမူတချို့ တွေ့ရပေမဲ့ တစ်ခုမဟုတ်တစ်ခုမှာ အားနည်းနေတာတွေလည်း အများကြီး တွေ့ရပါတယ်။ ရွှေအသစ်တွေအဖို့ အကြောင်းအရာနဲ့ ဇာတ်လမ်းဇာတ်ကွက်ကိုသာ အားစိုက်ပြီး အရေးအသား၊ တင်ပြပုံနဲ့ ဇာတ်ကောင်စရိုက်တွေကို ထိထိရောက်ရောက် အားထုတ်ပုံဖော်တာ မတွေ့ရပါဘူး။ ဝတ္ထုတိုလက်ရာကောင်းတစ်ပုဒ်အတွက် ဘက်စုံထောင့်စုံက ကောင်းဖို့ လိုတယ်ဆိုတာကို မျက်ခြည်မပြတ်စေချင်ပါဘူး။

၁။ *မိတ်ဆွေကောင်း*

**ကျုံပျော်စိုးလွင်(ပညာရေး)**

စာမူတစ်ပုဒ်ရဲ့ အစပိုင်းတွေဟာ စာဖတ်သူကို စာမူဆုံးသည်အထိ ဆက်ဖတ်ဖြစ်အောင် ဆွဲဆောင်မှုအပြည့်ရှိသင့်ပါတယ်။ ဆောင်းပါးဆန်တဲ့ အတွေးနဲ့အရေးဖြစ်ပြီး ဆွဲဆောင်မှုအားနည်းလှပါတယ်။

၂။ *ပါးတစ်ဖက်၏မျက်ဖြေအလက်ာ*

**နွေချစ်တိုင်း**

အိမ်ထောင်ရေးဇာတ်ရှုပ်တစ်ခုကို လက်စားချေဖြေရှင်းခြင်းနဲ့ ဇာတ်လမ်းဆင်ရေးသားထားတာ ဖြစ်ပါတယ်။ အရေးအသား အားနည်းချက်ကြောင့် ဇာတ်ဟာ ကြွတက်မလာဘဲ စာဖတ်သူအနေနဲ့ ဘယ်ဇာတ်ကောင်ကို စာနာရမယ်ဆိုတာ မကွဲပြားသလို ဖြစ်နေပါတယ်။

၃။ *Pitching*

**စိမ်းလဲ့ညို**

ရေးခဲ့တဲ့အကြောင်းအရာဖြစ်တဲ့ မှတ်တမ်းရုပ်ရှင်တစ်ကားရဲ့ဇာတ်ညွှန်းကို ရိုက်သင့်ကြောင်း သင်တန်းသားတစ်ယောက်အနေနဲ့ တင်ပြရတဲ့အခိုက်အတန့်လေးကို အခြေခံပြီး ရေးထားတာ ဖြစ်ပါတယ်။ ပြောချင်တာတွေ ရှိပြီး အကြောင်းအရာက စိတ်ဝင်စားစရာကောင်းပေမဲ့ အပြန်အလှန် စကားပြောသလို ရေးဖွဲ့ထားတဲ့တင်ပြပုံက အားနည်းသွားရတာ ဖြစ်ပါတယ်။ ကြိုးစားပါဦး။

၄။ *ရီလှမသီ ခက်ရခြည့်*

**အန်တီ**

အရေးအသား အားမကောင်းလှပေမဲ့ ကိုယ်ပိုင်ဟန်ရှိသူဖြစ်ပါတယ်။ အားသာချက်ဖြစ်တဲ့ ကိုယ်ပိုင်ဟန်လေးကို မပျောက်ပျက်စေဘဲ အရေးအသားနဲ့ တင်ပြပုံ အခုထက် ပြေပြစ်သပ်ရပ်လှပအောင် ကြိုးစားပေးပါလို့ အကြံဉာဏ်ပေးလိုပါတယ်။

၅။ *ဒါနစားသူများ*

**မောင်ဇလ**

အရေးအသား ပြေပြစ်ပေမဲ့ တင်ပြပုံအားနည်းနေပါတယ်။ အကြောင်းအရာ ရိုးစင်းနေသလို စာမူအစပိုင်းမှာလည်း ဆွဲဆောင်မှုအားနည်းလှပါတယ်။

၆။ *မြင်းမိုရ်တောင်ကို မြင်တွေ့လိုက်ရသော မြစ်တစ်စင်း*

**ဇော်သစ်(စကုကျွန်း)**

အရေးအသား ပြေပြစ်ပါတယ်။ မိခင်မေတ္တာအခြေခံပြီး ရေးဖွဲ့ထားတာမို့ အကြောင်းအရာရော၊ တင်ပြပုံပါ ရိုးစင်းလွန်းလှပါတယ်။

၇။ *သွေးစက်ပေါ်မှ ဒိုင်ယာရီ*

**ဟိန်းဆက်သွင်**

အပြန်အလှန်စကားပြောကို အားပြုပြီး ရေးထားတဲ့စာမူ ဖြစ်ပါတယ်။ အရေးအသား ပြေပြစ်ပါတယ်။ အကြောင်းအရာပိုင်း ရိုးစင်းလွန်းနေပြီး စာမူအဖွင့်ကစလို့ တစ်ပုဒ်လုံးအနေနဲ့ ဆွဲဆောင်မှုအားနည်းပါတယ်။

၈။ *မပြည့်သောအိုးထဲက လျှံကျလာသော မေတ္တာများ*

**ဆည်းဆာသစ်**

အမေ့မေတ္တာဖွဲ့ဝတ္ထုတစ်ပုဒ်ဖြစ်ပြီး တင်ပြပုံနဲ့ အရေးအသားပိုင်း ဆွဲဆောင်မှုအားနည်းပါတယ်။

၉။ *သီကွာ*

**ဝင်းတင်(ရွှေရောင်မြေ)**

မဂ္ဂဇင်းဝတ္ထုရှည်တစ်ပုဒ်စာထက် ပိုပြီး ရှည်လျားနေတဲ့ စာမူတစ်ပုဒ်ဖြစ်နေပါတယ်။ ရွှေအသစ် စည်းကမ်းများကို ဖတ်ရှုပြီးမှပဲ အဆင်ပြေအောင် ရေးသားပေးပို့စေချင်ပါတယ်။ အရေးအသား ပြေပြစ်ပြီး ရိုးစင်းပါတယ်။

၁၀။ *ငှက်ကလေးတို့တိုင်းပြည်*

**မေသွန်းခေတ်**

စာညွှန့်ဆန်ဆန် အင်မတန်တိုတောင်းတဲ့စာမူတစ်ပုဒ်ဖြစ်ပြီး အပြန်အလှန်စကားပြောကိုသာ အားပြုထားပါတယ်။

၁၁။ *သံယောဇဉ်နှောင်ကြိုး*

၁၂။ *လမ်းခွဲမှသည် အေးရိပ်နန်းသို့*

**ဖြူလေး(လယ်ဝေး)**

အရေးအသား တင်ပြပုံ ရိုးစင်းလှတဲ့စာမူများ ဖြစ်ပါတယ်။ စာမူအဖွင့်တွေအားလုံး ဆွဲဆောင်မှုအားနည်းနေပါတယ်။ စာများများ ဖတ်ပါဦး။

၁၃။ *သူနှင့်ကျွန်မ = ခွေးနှင့်ကြောင်*

**ရေကြည်သူ**

ခေါင်းစဉ်အတိုင်း စာဖတ်သူက မျှော်လင့်ထားနိုင်တဲ့ ဇာတ်ကွက်မျိုးဖြစ်ပါတယ်။ အကြောင်းအရာ ရိုးစင်းပြီး ထူးခြားမှု မရှိပါဘူး။

၁၄။ *နံပါတ်(1)*

**ကေရီဝိုင်း**

ဝေါဟာရအသုံးအနှုန်း အားမကောင်းတဲ့စာမူ ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ စကားပြေ၊ စကားပြော ရောထွေးနေပြီး ၅၂၈ သံယော ဇဉ်ကို ဖွဲ့ဆိုထားတာသာ ဖြစ်ပါတယ်။

၁၅။ *ဘဝတိုက်ပွဲကြားက သူ့ရဲ့ကောင်းနှစ်ဦး*

နွေရိပ်ဖော်

ဆောင်းပါးဆန်တဲ့ အတွေးကို ဝတ္ထုဖြစ်အောင် ဖွဲ့ထားသလို ဖြစ်နေပါတယ်။ စာများများ ဖတ်ပါဦး။

၁၆။ *နှလုံးသားကန်းနေတဲ့ ချစ်သူ*

လင်းသစ္စာဦး

စာအရေးအသား ပြေပြစ်ပါတယ်။ ဒါပေမဲ့ ဖတ်နေကျ တစ်ဖက်သတ်အချစ်ဝတ္ထုမျိုး ဖြစ်ပါတယ်။

၁၇။ *နောက်ဆုံးတစ်စက်*

၁၈။ *ကျွန်တော်နဲ့အမေ ပြီးတော့*

*အနီရောင်၊ အဖြူရောင်၊ အစိမ်းရောင်လေးတွေ*

သုတမောင်

စာအရေးအသား ပြေပြစ်ပါတယ်။ **ကျွန်တော်နဲ့အမေ…** ရိုးစင်းလွန်းလှပြီး **နောက်ဆုံးတစ်စက်** ကိုတော့ ဆရာဦးဝင်းငြိမ်းထံ တင်ပြလိုက်ပါတယ်။

၁၉။ *တစ်ဝမ်းတစ်ခါး*

၂၀။ *အန်တီမြ*

ခင်ခင်

စာအရေးအသား ဆွဲဆောင်မှုရှိပါတယ်။ ဒါပေမဲ့ **အန်တီမြ** မှာ ပြောချင်တာတွေကို ဟိုရောက်ဒီရောက် ပြောထားသလိုမျိုး ဖြစ်နေတာကြောင့် အားနည်းသွားရပါတယ်။ **တစ်ဝမ်းတစ်ခါး** ကိုတော့ ဆရာ ဦးဝင်းငြိမ်းထံ တင်ပြလိုက်ရပါတယ်။

ဆရာ ဦးဝင်းငြိမ်းထံ ထပ်မံတင်ပြပေးလိုက်တဲ့ ဝတ္ထုတွေကတော့- မိုးရည်နိုင်ရဲ့ **လောကပင်လယ်ပြင်ဝယ်**၊ ပိုပိုအောင်(ဝန်းသို)ရဲ့ **နှလုံးသားရှိုက်သံ**၊ ဆုလဒ်ပြည့်ရဲ့ **အကြင်နာနှလုံးသား**၊ မင်းမာန်ရဲ့ မငိုပါနဲ့ မိုးရယ်၊ ခိုင်လေး(ရွှေတောင်)ရဲ့ လက်ချောင်းပြတ်များပေါ်က မျက်ရည်တစ်စက်၊ ဂျူပီတာရဲ့ **တောင်းဆုတွေ ပြည့်ပါစေ** တို့ပဲ ဖြစ်ပါတယ်။

❑

*ဆရာမ မသီတာ(စမ်းချောင်း)စိစစ်တင်ပြလိုက်တဲ့ ဝတ္ထုတို ၈ ပုဒ်ကို ဖတ်ရပါတယ်။ ပထမပြောချင်တဲ့ ဝတ္ထုက ဆရာမ ခင်ခင်ရဲ့ 'တစ်ဝမ်းတစ်ခါး' ဝတ္ထုဖြစ်ပါတယ်။ ကွန်ပျူတာ စာစီပေးထားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ စာလုံးပွိုင့်ကြီးနေတာတောင် စာမျက်နှာက နည်းလွန်းနေပါတယ်။ ပိုပြီးဆိုးတာကတော့ စကားပြေနဲ့ စကားပြောများ ရောနေခြင်းပါ။ ဝတ္ထုရဲ့ရည်ရွယ်ချက်ကတော့ ကောင်းမွန်တဲ့အတွက် ပြန်ကြိုးစားကြည့်စေချင်ပါတယ်။*

*ဒုတိယတစ်ယောက်ကတော့ ဆရာမ ဆုလဒ်ပြည့် ဖြစ်ပါတယ်။ 'အကြင်နာနှလုံးသား' အမည်နဲ့ ရေးထားတဲ့ ဝတ္ထုတိုမှာ လက်ရေးနဲ့ ရေးထားပြီး တော်တော်ကြိုးကြိုးစားစား ဖတ်ရပါတယ်။ ဝတ္ထုတိုတစ်ပုဒ်မှာ သုတများသွားရင် ဝတ္ထုရဲ့ ရသပျက်စီးသွားပါတယ်။ ဆရာမက ရေနံတွင်းတူးတဲ့ အကြောင်း သိထားသမျှ လက်ကုန်ထည့်ရေးထားပါတယ်။ သုတများလွန်းတဲ့အတွက် ရသပျက်စီးသွားပါတယ်။*

*ဆရာမ ပိုပိုအောင်(ဝန်းသို) ရေးသားပေးပို့ထားတဲ့ 'နှလုံးသားရှိုက်သံ' ဝတ္ထုက ခရီးလမ်းပန်း ဆက်သွယ်မှုခက်ခဲတဲ့ နေရာက အမျိုးသားကလေးတစ်ယောက်နဲ့ ရပ်ဝေးကနေ ဝါသနာအရ ကလေးတွေကို ပညာလာရောက်သင်ကြားပေးတဲ့ ဆရာမကလေးတစ်ယောက်တို့ရဲ့ သာမန်မေတ္တာဇာတ်လမ်းသာ ဖြစ်ပါတယ်။ ခွဲမက်စရာ မရှိပါ။*

*ဆရာ သုတမောင်ရဲ့ 'နောက်ဆုံးတစ်စက်' ဝတ္ထုက မိန်းမလျှာကလေးတစ်ယောက်ရဲ့ အချစ်ဇာတ်လမ်း ဖြစ်ပါတယ်။ အဓိကဇာတ်ကောင်ဟာ မိန်းမလျှာဖြစ်ကြောင်း မပေါ်အောင် စာရေးဆရာ ဇာတ်အစမှအဆုံး ဖုံးဖုံးဖိဖိ ရေးထားပေမဲ့ အခုတစ်လော ဒီလိုဇာတ်လမ်းမျိုးတွေ ထပ်လာပြီဖြစ်တာကြောင့် ကျွန်တော် မသုံးဖြစ်ပါ။*

*ဆရာမ ဂျူပီတာရဲ့ 'တောင်းဆုတွေ ပြည့်ပါစေ' ဝတ္ထုက လက်ရေးခပ်စိပ်စိပ်နဲ့ စာမျက်နှာ ၈ မျက်နှာ ရှိပါ တယ်။ ဝတ္ထုတိုတစ်ပုဒ်အနေနဲ့ စာမျက်နှာ များလွန်းပါတယ်။ နောက်တစ်ခုက ဘာကြောင့် ခရစ်ယာန်ဘုန်းတော်ကြီးကျောင်းကို နောက်ခံထားပြီး ရေးသလဲဆိုတာ စဉ်းစားမရပါ။ ဘုရားရှိတယ်ဆိုတာ ဘာသာတရားတိုင်းက ယုံကြည်လက်ခံထားပြီးဖြစ်ပါတယ်။ တချို့ပုဂ္ဂိုလ်များ အကျင့်မကောင်းပေမဲ့ ကြီးပွားချမ်းသာနေကြပြီး တချို့ပုဂ္ဂိုလ်များ စာရိတ္တကောင်းမွန်ပါလျက် ဆင်းရဲနေကြတာ၊ ဆုတောင်းမပြည့်ကြတာတွေကို ဆရာမ ဇာတ်အိမ်ဖွဲ့ထားတာပါ။ ရှည်လွန်းတဲ့အပြင် တချို့အခေါ်အဝေါ်အသုံးအနှုန်းများက သာမန်စာဖတ်ပရိသတ်များ နားမလည်နိုင်မယ့် အသုံးအနှုန်းတွေ ဖြစ်နေတဲ့အတွက် ကျွန်တော် မသုံးဖြစ်ပါ။*

*ဆရာ မိုးရည်နိုင်ရဲ့ 'လောကပင်လယ်ပြင်ဝယ်' ဝတ္ထုကို ဖတ်ရပါတယ်။ ဇာတ်အဖွင့်က အိမ်မှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့တဲ့ သားအတွက် စောနဲ့ပြန်လာတဲ့ မိခင်တစ်ယောက်ရဲ့ခံစားချက်နဲ့ ဖွင့်ထားပါတယ်။ ရပ်ကွက်ထဲမှာ စွာလှတဲ့ ငါးစိမ်းသည်တစ်ယောက်ရဲ့သားကို သူ့သားက ရိုက်ပစ်ခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ ကလေးကို ရိုက်ဖို့ လာခဲ့တဲ့ ငါးစိမ်းသည်ကို အိမ်နီးချင်း သားသမီးမရှိတဲ့ မိန်းကလေးတစ်ဦးက သားဘက်ကနေ ကာကွယ်ပေးနေပုံနဲ့ စ,လိုက်ပါတယ်။ စိတ်ဝင်စားစရာကောင်းတဲ့ ဇာတ်ကွက်ပါပဲ။ ဒါပေမဲ့ ဆက်ပြီးရေးသွားရာမှာတော့ ပထမဇာတ်ကောင်က အဓိကဇာတ်ကောင် မဟုတ်တော့ဘဲ ကလေးကို အကာအကွယ်ပေးခဲ့တဲ့ အိမ်နီးချင်းမိန်းကလေးက အဓိကဇာတ်ကောင် ဖြစ်သွားပါတယ်။ ဒီမိန်းကလေး ပျက်စီးသွားပုံကလည်း အကြောင်းအရာ ခိုင်ခိုင်မာမာ မရှိတဲ့အတွက် စာရေးပုံကောင်းပေမဲ့ ကျွန်တော် ချန်ခဲ့ရပါတယ်။*

*ဒါကြောင့် ဒီလ ရွှေအသစ်များအဖြစ် ဆရာ မင်းတုန်းမောင်စိမ်းလွင်ရဲ့ 'ရေပျော်ငှက်'၊ ဆရာ မင်းမာန်ရဲ့ 'မငိုပါနဲ့ မိုးရယ်'၊ ခိုင်လေး(ရွှေတောင်)ရဲ့ 'လက်ချောင်းပြတ်များပေါ်က မျက်ရည်တစ်စက်' တို့ကို ရွေးချယ်ဖော်ပြပေးလိုက်ပါတယ်။*

■

ဝင်းငြိမ်း



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# နိုင်လေး၊ ရွှေတောင်၊

## သာချောင်းမြစ်မျိုးပေါ်က မျက်ရည်တစ်စက်

နာရီကို ကြည့်ရင်း
ခေါင်းခါလိုက်သည်။
စိတ်ညစ်လှပြီ။
ဒီနေ့အလိုလိုနေရင်း
ကျုပ်စိတ်တွေ
ယောက်ယက်
ခတ်နေသည်။
မည်သည့်
အကြောင်းပြချက်မျှ
မရှိဘဲ စိတ်ထဲ
လေးပင်နေမိသည်။
ကျုပ်မောင်းနေသည့်
စက်မှာ
သတိတစ်ချက်လစ်၍
မရသော စက်အမျိုးစား။
စိတ်တွေသည်လည်း
ဖမ်းဆုပ်ရန်
ခက်ခဲနေသည်။ ညနေ
ငါးနာရီထိုးလျှင်
ပြန်တော့မည်။ အိုတီ
မဆင်းနိုင်တော့ဘူး။
ကျုပ်စိတ်တွေ
ဘာဖြစ်နေမှန်း
မသိပါဘူး။
ထိုင်းမှိုင်းလေးလံပြီး
ခန္ဓာကိုယ်မှာလည်း
အလွန်ညောင်းညာ
ကိုက်ခဲလာတော့
အလုပ်လုပ်
ရသည်မှာလည်း
စိတ်မပါတော့ပေ။
ဖျားချင်နေပြီ ထင်၏။
အလုပ်ကိုလည်း
လုပ်ချင် ကိုင်ချင်စိတ်
မရှိတော့သလို
ဘယ်အရာကိုမှလည်း

အမှတ် ၁၀၅ ဧပြီ ၂၀၁၅



www.burmeseclassic.com

www.burmeseclassic.com

စိတ်မဝင်စားနိုင်တော့လောက်အောင် ဖြစ်နေသည်။ ကျုပ်မျက်လုံးများသည် နာရီကို တကြည့်ကြည့်။ ညနေ ၅ နာရီထိုးဖို့ နီးနေပြီ။

နာရီလက်တံမှ ငါးနာရီကို ညွှန်ပြသည်နှင့် စက်အားသန့်ရှင်းရေးလုပ်လိုက်သည်။ အားလုံး ပြီးစီးသွားချိန်၌ မန်နေဂျာကို ရှာရပြန်သည်။ ဟော တွေ့ပါပြီ။ ရုံးခန်းပေါ်မှ ဆင်းလာသောမန်နေဂျာ။ မန်နေဂျာအနား ရောက်သွားချိန်၌-

'ဘော့စ် နေမကောင်းလို့ ပြန်တော့မယ်'

မန်နေဂျာက ခေါင်းညိတ်ပြသည်။ ပြန်ဆိုသည့်သဘော။ ကတ်ထိုး၍ ပြန်ရန်သာ ရှိတော့သည်။ အသက်ရွယ်လေး ရလာခြင်းကြောင့် သိပ်လည်း အမောမခံနိုင်တော့။ မလေးရှားကို ကျုပ်ရောက်တာ ဆယ်နှစ်ကျော်ပြီပေါ့။ မိသားစုအား အလွန်အမင်း ခင်တွယ်တတ်သူမို့ ခွဲခွာရခြင်း ခံစားချက်သည် ကျုပ်အတွက် အလွန်ဆိုးရွားသော ဝေဒနာတစ်ခုပင်။ မလေးရှား ရောက်လာပြီးသော်လည်း အလုပ်တွင် မပျော်ပိုက်သည်က အမှန်။ မိသားစု စားဝတ်နေရေး၊ သားလေး ရှေ့ရေးအတွက် ကြိတ်မှိတ်နေခဲ့ရသည်။

မိသားစုဆိုလို့ ကျုပ်မိသားစုမှာ ကျုပ်ရယ်၊ ကျုပ်မိန်းမရယ်၊ ကျုပ်သားရယ် ပေါင်း သုံးယောက်ပဲ ရှိတာ။ ဇနီးနှင့်သားက ကျုပ်ဘဝပါပဲ။ သားလေး ကျောင်းစ,နေသည့်အရွယ်ကစလို့ ကျုပ်တို့ရွာမှာ အလုပ်ကိုင်တွေ သိပ်ပြီး မကောင်းလှတော့ဘူး။ ဒါကြောင့် ကျုပ်လည်း ဆုံးဖြတ်ချက်တစ်ခုကို မချချင်ဘဲ ချခဲ့ရသည်။ လက်လုပ်လက်စားဖြစ်တာမို့ စုထားဆောင်းထားတာလည်း များများစားစား မရှိဘူးလေ။ ဒီတော့ ရှိတာလေးရောင်းချ လိုအပ်တာလေး အကြွေးချန်ပြီး နိုင်ငံခြား ဆိုတာကြီးကို ထွက်လာခဲ့ရတာပေါ့။ တောသူတောင်သားလည်းဖြစ်ပြန်၊ စာကလည်း ကောင်းကောင်း မတတ်ဆိုတော့

**နာကျင်သည့် ဝေဒနာတွေက တစ်ကိုယ်လုံး မချိမဆံ့ ကျုပ်ခန္ဓာကိုယ်ပေါ်သို့ ခပ်ပျစ်ပျစ် သွေးရည်များ ဒလဟော လိမ့်ဆင်းကျလာသည် ကျုပ်လက်တွေ မခံရပ်နိုင်အောင် နာကျင်လွန်းလှသည် တဖြည်းဖြည်း ကျုပ် အသိတွေ ဝေဝါးလာသည် အော်ဟစ် ဆူညံသံတွေက ဝေးသွားလိုက် နီးလာလိုက်**

မလေးရှားရောက်ခါစ ကသီလိုက်ပုံများ ပြောမပြောချင်ပါ။ စက်ရုံမှာလည်း တောက်တိုမည်ရအဆင့်ကကို မတက်ခဲ့။ နှစ်တွေသာ ကြာလာသည်။ ကျုပ်ကတော့ ဒုံရင်းဒုံရင်းပါပဲ။

ရသည့် လခလေးမှာလည်း အကြွေးဆပ်ရတာ၊ နေစရိတ် စားစရိတ်ချန်ရတာနှင့် အများကြီး မကျန်လှဘူးလေ။ ရွာမှာနေတာထက် ပိုအဆင်ပြေတာလေးတစ်ခုပါပဲ။ ကျန်တာမှန်သမျှ မိသားစုဆီ ပြန်ပို့ခဲ့ပေမဲ့ ကျုပ်ရသည့်လခကိုက နည်းနေတော့ အိမ်ပြန်ပို့ရသည့် ပိုက်ဆံကလည်း စားစရိတ်အတိလောက်ပါပဲ။ ပိုပိုလိုလို စုနိုင်ဖို့ အခွင့်ရေး မရခဲ့ဘူး။ မလေးရှားမှာ နှစ်လေး အတော်တန်ကြာလာတော့ မလေးစကားလည်း အတော်လေး ပြောတတ်လာခဲ့သည်။ မလေးစကားတတ်ခြင်းကြောင့် စက်ရုံ၌ရှိသော စက်များ အမောင်းသင်ရန် အဆင်ပြေလာသည်။

ဒီထက် ကံကောင်းချင်ပြန်တော့ စိတ်ရင်းကောင်းပြီး စာနာတတ်သည့် မလေးတရုတ် လူမျိုးတစ်ယောက်က ကျုပ်ကို စက်မောင်းသင်ပေးခဲ့သည်။ ဆရာက အလုပ်ထွက်ဖို့ ရည်ရွယ်ချက်ရှိတာမို့ ကျုပ်ကို စိတ်ရှည်လက်ရှည် သင်ပေးသွားသည်။ ဒီတော့မှပဲ ကျုပ်ဘဝလည်း အနည်းငယ် ပြောင်းလဲခွင့်ရခဲ့သည်။ ကျုပ်ဆရာတရုတ် အလုပ်ကနေ ထွက်သွားချိန်မှာ ကျုပ်လည်း အတော်လေးတတ်နေခဲ့ပြီ။ ဒီတော့ ဆရာ့စက်ကို ကျုပ် မောင်းခွင့်ရသွားသည်။ လခလည်း တိုးပေးခဲ့သည်။ လခ စ,တိုးစဉ်ကဆို ပျော်[illegible] ချက်များ လွှတ်ပျော်သကို။ အိမ်ကို ပိုက်ဆံလည်း ပိုပြီး ပို့နိုင်သွားတာကို။ သားလေးကလည်း အရွယ်လေး ရောက်လာပြီဆိုတော့ အိမ်စရိတ်ကလည်း ပိုလာခဲ့ပြီလေ။ ကျုပ်မိန်းမကလည်း တကယ့်အရိုးအအ။ ဘာမှကို မလုပ်တတ် မကိုင်တတ်သူ။ ကျုပ်ပို့ပေးသည့် ပိုက်ဆံကိုပဲ မျှတအောင် သုံးတတ်ရှာသည်။

'ဟိတ်လူ ဘာတွေ ငိုင်နေတာတုံး။ အချိန်ပြည့်နေပြီလေ။ ကတ်မထိုးသေးဘူးလား'

လုပ်ဖော်ကိုင်ဖက် မောင်စိုး၏ အသံကြားမှ အတွေးထဲ နစ်နေရာကနေ ပြန်လည် နိုးထလာမိသည်။ ကပျာကသီ ကတ်ထိုး၍ အိမ်သို့ ပြန်လာခဲ့လိုက်သည်။ အိမ်ပြန်ရောက်လျှင် ရေမိုးချိုး၍ ပြီး အိပ်ရာထက်၌ ပက်လက်လှန်၍ မိန်းမနှင့် သားကို သတိရနေမိသည်။ ထိုစဉ်-

'တီ တီ တီ တီ တီ'

ဘယ်ကဖုန်းများ လာနေပါလိမ့်။ ဖုန်းလာမှ ဖုန်းက ဘယ်နားထားမိမှန်းမသိ။ စိတ်နှင့်လူနှင့် မကပ်ပုံများ ရှာစမ်း ရှာစမ်း။ ဖုန်းကလည်း ဆက်တိုက်မြည်နေသည်။ ဟော တွေ့ပါပြီ။ အလုပ်မှပြန်လာပြီး ချွတ်ထားသော ဘောင်းဘီအိတ်ထဲကနေ မြည်နေခြင်းဖြစ်သည်။ ဘောင်းဘီအိတ်ထဲမှ ဖုန်းအားထုတ်ကာ ဖုန်းနံပါတ်[illegible] ကြည့်လိုက်၏။ [illegible] နိုင်ငံက ခေါ်နေ[illegible]။ ဆက်



www.burmeseclassic.com

www.burmeseclassic.com

တိုက်မြည်နေသည့် ဖုန်းအားကပျာကယာကိုင်လိုက်ရင်း-

'ဟဲလို'

ဟု အသံပြုလိုက်သည်။

ကျုပ်ပြန်ထူးသံ ကြားသည်နှင့် တစ်ဖက်မှ အလျင်စလို ခေါ်သံတစ်ခု ထွက်ပေါ်လာ၏ ။

'အဖေလား'

'အေး ဟုတ်တယ်။ သားပြော'

မိသားစုကို သတိရနေစဉ် သားဆီမှ ဖုန်းလာခြင်းကြောင့် အတိုင်းမသိ ကြည်နူးဝမ်းသာသွားမိသည်။ သားအသံသည် ကျုပ်နားထဲသို့ အလျင်အမြန် တိုးဝှေ့လျက်ဝင်လာ၏။

'အဖေ၊ အဖေ့ကို သားအရေးတကြီး ပြောစရာ ရှိလို့'

'အေး ပြောလေ သား။ ဘာပြောမလို့လဲ'

'ဒီနေ့ ကျွန်တော့် သူငယ်ချင်း ဆိုင်ကယ်ကို တက်စီးလိုက်တာ…'

ပြောနေရင်း သားက စကားကို မဆက်ဘဲ ရပ်နေသည်။ သားတစ်ခုခုကို ကြောက်ပြီး စကားမဆက်ဘဲ ရပ်နေသည်ဟု ထင်လိုက်သည်နှင့် စကားဆက်ရန်-

'အေး…သား၊ အဲဒါ ဘာဖြစ်လို့လဲ။ ပြောလေ'

ဟု စကားလမ်းခင်းပေးလိုက်မိသည်။

'ဟိုလေ…ဟို…ဟိုသားလေ၊ သူများဆိုင်ကယ်ကို တက်စီးလိုက်တာလေ ဆိုင်ကယ်ကို အုတ်နံရံနဲ့ တိုက်မိသွားတယ်'

'ဟေ…သားဘာဖြစ်သွားသေးလဲ'

'သားကတော့ ကြီးကြီးမားမား ဘာမှမဖြစ်ပါဘူး။ ဒါပေမဲ့ သူငယ်ချင်းဆိုင်ကယ်ကတော့ အတော်လေး ပျက်စီးသွားတယ်အဖေ။ ပြီးတော့လေ ဆိုင်ကယ်က အကောင်းစားကြီး။ သူတို့က အသစ်ပဲပြန်လိုချင်တယ်လို့ ပြောနေတယ်။ သူတို့ဝယ်ထားတာလည်း နှစ်ပတ်လောက်ပဲ ရှိသေးတယ်။ သိန်းသုံးဆယ် ပေးရတယ်တဲ့ အဖေ။ အဲဒါ အမေကလည်း စိုးရိမ်ပြီး ငိုနေတယ်။ အမေလည်း ဘာမှ မလုပ်တတ်တာမို့ အဖေ့ဆီကို ဖုန်းလှမ်းဆက်တာ'

'ဟေ…ဈေးကြီးလှချည့်လားသားရယ်'

'ဟုတ်တယ် ဖေဖေ၊ မလျော်ပေးရင် အမှုဖွင့်မယ်တဲ့'

ကျုပ် အံ့ဩစွာ နားထောင်နေမိသည်။ ကျုပ်စိတ်တွေ နောက်ကျူသွားသည်။ သားကို မေးခွန်းများစွာ စေ့စေ့ငငမေးချင်သည့်တိုင် မမေးနိုင်တော့ပါ။ မလျော်နိုင်လျှင် အမှုဖွင့်မည်ဟူသော စကားသံက နားထဲ ပဲ့တင်ထပ်နေ၏။ သားလေးကို ဘာမှု မဖြစ်စေချင်။ ဒါပေမဲ့ ကျုပ်မှာလည်း ဒီလောက်များသည့် ငွေအမောင့်က ရှိမနေ။ ဟူး…။ လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်ရင်း-

'ကဲ သားရေ၊ သားသူငယ်ချင်းကိုပြော ဖေဖေလျော်ပေးပါ့မယ်လို့။ ခုက လဝက်ကြီးဆိုတော့ လကုန်အောင်တော့ စောင့်ပေးပါလို့ သေချာပြောပြနော်'

'ဟုတ်ကဲ့အဖေ၊ ဒါဆိုသား သူတို့ကို သွားပြောလိုက်ဦးမယ်နော်'

'အေးအေး သား။ နောက်ကို သူများပစ္စည်းတွေကို မကိုင်ပါနဲ့သားရယ်'

'ဟုတ်ကဲ့ပါအဖေ၊ ဒါဆို ဒါပဲနော်'

'နေပါဦး သားရဲ့ မင်းအမေကော နေကောင်းရဲ့လား'

'ဟုတ် ကောင်းပါတယ်။ အမေ အိမ်မှာရှိတယ်၊ ငိုနေတာ။ အမေ့ကိုလည်း ပြန်ပြောရဦးမယ်။ ဒါပဲနော် အဖေ ဖုန်းချတော့မယ်'

'အေးအေး… သား'

ကျုပ် အသည်းအသန်စဉ်းစားရပြီ။ လေပန်ကာဖွင့်ထားသည့် အခန်းတွင်းအေးနေပေမဲ့ ရေချိုးပြီးသား ကျုပ်နောက်ကျောမှာ ချွေးစို့နေသည်။ ရင်တွေလည်း တဒိတ်ဒိတ် ခုန်လာ၏။ ကျုပ် ဘာလုပ်ရမလဲ မသိသေးပါ။ ဘာပဲဖြစ်ဖြစ် သား ဘာမှုမဖြစ်ဖို့ အရေးကြီးသည်။ ဒီလောက်များသည့် ငွေတွေကို ဘယ်ကရမလဲ။ ဘယ်ကမှ ရနိုင်စရာမရှိ။ သားကိုလည်း ဘာမှုမဖြစ်စေချင်။ ဒါကြောင့် ဒီနေ့ ကျုပ်စိတ်တွေ လေးနေခဲ့ခြင်းကို ဘယ်လိုလုပ်ရမလဲ။ ဘယ်လိုလုပ်ရမလဲ။ အပြန်ပြန်အလှန်လှန် တွေးတောနေမိသည်။ မဟူရာညသည်သာ တဖြည်းဖြည်း မှောင်လာ၏။ ကျုပ်မှာဖြင့် ရေရာသည့်အဖြေ မရသေး။ အိုတီဆင်းသောသူတွေပင် အိမ်သို့ ပြန်ရောက်လာကြပြီ။ အိပ်ရာပေါ် ငူငူကြီးထိုင်နေသည့် ကျုပ်အနားသို့ တစ်ရွာတည်းနေ မောင်စိုးရောက်လာသည်။

'ဗျို့ ကိုကြီးမိုး ဒီနေ့ အစောကြီးပြန်ချသွားတာ ဘာဖြစ်လို့တုံး'

'အေး ဟုတ်တယ်ကွာ။ ဒီနေ့ အလုပ်လုပ်ရတာ ဘယ်လိုမှ စိတ်မဝင်စားလို့'

'ညနေဘက် သူဌေးလာသေးတယ်။ ကိုကြီးမိုးကိုတောင် မေးသွားတယ်။ အသစ်ဝင်လာတဲ့ ဘဂ်လား insurance အတွက် နာမည်စာရင်းပေးဖို့ လာတောင်းတာ'

'ဪ…'

'ရေချိုးလိုက်ဦးမယ်ဗျာ'

'အေး အေး'

မောင်စိုးပြောလိုက်သည့် insurance ဆိုတာကြီး ကျုပ်အာရုံထဲသို့ ရုတ်ခြည်း ဝင်ရောက်လာသည်။insurance အတွက် ကျုပ်တို့က နာမည်ပေးပြီးတာ ကြာပေါ့။ ကျုပ်ကတော့ မိန်းမနာမည် ပေးလိုက်သည်။ လူပျိုတွေကတော့ မိဘနာမည်တွေ ပေးကြသည်။ တွေးနေရင်း…ဟာ ဟုတ်ပြီ။ အကြံရပြီ။ ကျုပ် သိပ်ကောင်းသည့်အကြံတစ်ခုကို ရလိုက်သည်။ ဟုတ်သားပဲ။ ဒီလိုလုပ်လို့ ရတာပဲ။ သားအတွက် လိုအပ်နေသည့်ငွေရဖို့ နည်းလမ်းကို ကျုပ် သိရှိခဲ့ပြီ။ ကျုပ်စိတ်တွေ ချက်ချင်းဆိုသလို ပေါ့ပါးလန်းဆန်းသွားခဲ့သည်။ မနက်ဖြန် ဆိုတာကြီးကို အလျင်အမြန်ပင် ရောက်ချင်နေမိပါတော့သည်။

❑

မနက်အရုဏ်အလင်း ရောက်သည်နှင့် အလုပ်သွားရန် စိတ်စောနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာသစ် ရေမိုးချိုးကာ ဘုရားဝတ်ပြုလိုက်ပါ၏။ တောင်းသင့် မတောင်းသင့် မတွေးတော့ဘဲ သားအတွက် အဆင်ပြေရန်တစ်ခုသာ ရည်ညွှန်း၍ ဆုတောင်းလေးတစ်ခုအား အကြိမ်ကြိမ် တောင်းနေမိသည်။ ကျုပ်စိတ်တွေက စက်ရုံသို့သာ ရောက်ချင်နေကြသည်။ တခြားသူများအား မစောင့်တော့ဘဲ တစ်ယောက်တည်း ထွက်လာခဲ့လိုက်သည်။

ဒီနေ့ ကျုပ်အလုပ်ဝင်သည့်အချိန် စောသည်။ စက်ရုံရောက်သည်နှင့် လမ်းမှဝယ်လာသော မနက်စာလေးအား စားလိုက်၏။ စားသောက်ပြီး၌ အလုပ်ဝင်ရန် ကတ်ထိုးလိုက်သည်။ ပြီးနောက် ကျုပ်စက်ရှိရာသို့ သွားသည်။ စက်နားရောက်ချိန်၌ စက်ကြီးအား ကြည့်နေရင်း ကျုပ်စိတ်ထဲ တစ်မျိုးကြီး ခံစားလာရသည်။ နေ့တိုင်း အလုပ်လုပ်နေသည့် စက်ကြီးနှင့် မတူတော့သလို ခံစားလိုက်ရ၏။ ဟာ ဘာတွေ လျှောက်တွေးနေတာလဲ။ လုပ်စရာရှိတာကို လုပ်ရမည်။ ခုချိန်ကျမှ တွေဝေနေလို့ မဖြစ်ချေဘူး။ ကျုပ်ကိုယ်ကျုပ် ပြန်လည်သတိပေးရင်း စက်၏ ပါဝါခလုတ်အား ဖွင့်လိုက်ပါသည်။ သံဖြတ်ရန် ဓားကို တပ်ဆင်လိုက်သည်။ ပြီးနောက် စက်ကြီးအား စတင်မောင်း၏။ ကျုပ်အလုပ်လည်း စတင်ရပြီပေါ့။ အလုပ်စပြီး တစ်နာရီခန့်အကြာ၌-

'အား…'

စက်သံအားလုံးအား ကျော်လွှမ်း၍ ထိုးဖောက်ထွက်ပေါ်လာသည့် အသံနက်ကြီးတစ်ခု။ ဟာ ဘယ်သူ့အသံဖြစ်တာလဲဆိုသော အတွေးဖြင့် စက်ရုံရှိလူအားလုံး အသံကြားရာဆီသို့ ပြေးသွားကြသည်။ အရင်ဆုံး ရောက်လာသူမှာ မောင်စိုး။ ကျုပ်အဖြစ်ကို မြင်လိုက်ချိန်၌-

'ဟာ ကိုကြီးမိုးဟေ့၊ ကိုကြီးမိုး လက်ထိသွားပြီ။ ဟေ့ လာကြပါဦးဟ၊ ကိုကြီးမိုး လက်ထိသွားပြီကွ။ တော်တော်များတယ်'

မောင်စိုးတစ်ယောက် ကျန်သည့်သူတွေကို အော်ဟစ် ပြောဆိုနေသည်။ ကျုပ်လက်ကနေကျလာသော သွေးများသည် မြင်လို့မကောင်းအောင် များပြားလွန်းနေ၏။

'ဟာ လက်ချောင်းတွေ ပြတ်ကုန်တာကွ။ ပြတ်ကျသွားတဲ့ လက်ချောင်းတွေ ရှာကြည့်ဦး။ ဆေးရုံမှာ ပြန်ဆက်လို့ရချင်ရမှာ'

နာကျင်သည့် ဝေဒနာတွေက တစ်ကိုယ်လုံး မချိမဆံ့။ ကျုပ်ခန္ဓာကိုယ်ပေါ်သို့ ခပ်ပျစ်ပျစ် သွေးရည်များ ဒလဟော လိမ့်ဆင်းကျလာသည်။ ကျုပ်လက်တွေ မခံရပ်နိုင်အောင် နာကျင်လွန်းလှသည်။ တဖြည်းဖြည်း ကျုပ်အသိတွေ ဝေဝါးလာသည်။ အော်ဟစ်ဆူညံသံတွေက ဝေးသွားလိုက် နီးလာလိုက်။ ရှိသမျှ အသိစိတ်ကလေးဖြင့် မျက်လုံးကို အတင်းပဲ ကြိုးစားရုန်းကန်ပြီး ဖွင့်နေရသည်။ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသံတွေအကြား သတိကို မနည်းထိန်းနေရသည်။ နဖူးမှာ ချွေးသီးတွေ တစ်လုံးချင်း သီးထလာသည်။ ရင်ထဲမှာ တုန်ယင်မောဟိုက်နေသည်။ တဖြည်းဖြည်း ကိုက်ခဲနာကျင်လာသည်။ မျက်လုံးတွေလည်း ပြာလာပြီ။ အသည်းခိုက်အောင် နာသော်လည်း အံကြိတ်ထားမိသည်။ နာကျင်မှုကို အန်တုတွန်းလှန်လျက် သတိကို ထိန်းနေမိသည်။ ဝေဒနာအား ခံစားနေရသည့်ကြားမှ ဖြစ်တည်နေသည့် ခံစားချက်မှာ ကျုပ်လက်တွေ ပြန်မဆက်ချင်ဘူး။

'ကျုပ်လက်တွေ ပြတ်သွားမှ အာမခံကြေးငွေကို ရမှာ'။

ကျုပ်စိတ်ထဲ၌ ထိုစကားကိုသာ ထပ်ကာထပ်ကာ ရေရွတ်နေမိ၏။ ဆေးရုံသို့ သွားရာလမ်းတစ်လျှောက် ကျုပ်လက်ချောင်းများ ဖြတ်လိုက်ရပါစေဟု အကြိမ်ကြိမ် ဆုတောင်းနေမိပြန်သည်။

ဆေးရုံသို့ ရောက်ချိန်၌ ကျုပ်လက်ချောင်းလေး သုံးချောင်းလုံး ဖြတ်လိုက်ရပါသည်။ ဒီအတွက် insurance (အာမခံကြေး) မလေးငွေ RM ၁၂၀၀၀ ရခဲ့သည်။ မြန်မာငွေဆို သိန်းလေးဆယ်နီးပါးပေါ့။ ဒါပေမဲ့ ကျုပ် မလေးရှားမှာ အလုပ်ဆက်လုပ်ခွင့် မရတော့ပါဘူး။ မြန်မာနိုင်ငံကို ပြန်လာခဲ့ရ၏။ ပါလာသည့် ပိုက်ဆံလေးကို သားတိုက်မိသော ဆိုက်ကယ်ဖိုး လျော်ပေးလိုက်သည်။ လျော်ကြေးပေးချေပြီးချိန် ကျုပ်လက်ထဲ ငွေအနည်းငယ်သာ ကျန်ပါတော့သည်။ ဒီနှစ် သားက နောက်ဆုံးနှစ်မို့ တော်ပါသေး၏။ ကျုပ်လက်တွေ မတော်တဆ ဖြတ်ပစ်လိုက်ရသည်ဟုသာ သားအား သိစေခဲ့သည်။ ကျုပ် လိမ်၍ မရသည်မှာ ကျုပ် မိန်းမပင်ဖြစ်သည်။ ကျုပ်၏ ပြတ်နေသော လက်ချောင်းတွေကို ကြည့်လျက် မျက်ရည်တွေ တသွင်သွင် စီးကျနေခဲ့လေသည်။

မြန်မာနိုင်ငံသို့ ပြန်ရောက်ပြီး ရသည့်အလုပ်လေး ဝင်လုပ်၍ မိသားစုအတွက် ရုန်းကန်ရပြန်သည်။ ဒီလိုနှင့် သားလေးလည်း ဘွဲ့ရခဲ့သည်။ ယခုဆိုလျှင် သားသည် အစိုးရဝန်ထမ်း အရာရှိငယ်တစ်ဦးပင် ဖြစ်နေခဲ့ပါပြီ။ အလုပ်ဝင်ပြီး နှစ်နှစ်ခန့်အကြာ၌ သား အိမ်ထောင်ပြုသွားသည်။

ကျုပ်တို့ လင်မယားနှစ်ယောက်လည်း ကိုယ်ဝမ်းကိုယ် ရုန်းရသည်ပေါ့။ သားသူ့အိမ်ထောင်နှင့် သူဆိုတော့ ကျုပ်တို့ကို ပေးချင်ပေမဲ့ လစဉ်လတိုင်း ပုံမှန်တော့ မကြည့်နိုင်ရှာ။ သီတင်းကျွတ်လို အချိန်အခါမျိုးမှာပင် မိသားစုလိုက် လာကန်တော့ရှာပါသည်။

❑

တစ်နေ့ ကျုပ်မိန်းမ အတော်လေး နေမကောင်းဖြစ်သည်။ ဆေးခန်းပြရသည်နှင့် ကျုပ်မှာလည်း စုထားဆောင်းထားတာလေးတွေ အားလုံးနီးပါး ပြောင်သလင်းခါပေါ့။ ဒီတော့ အားကိုးအားထားအဖြစ် တစ်ဦးတည်းသော သားကို သတိရသွားမိသည်။ သားဆီသို့ အကူညီ တောင်းကြည့်မည်ဟူသော စိတ်ကူးနှင့် သားရှိရာသို့ ထွက်လာလိုက်၏။ သားတို့ခြံထဲ ဝင်လိုက်လျှင်ပင် ချွေးမဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com

အား တန်းတွေ့လိုက်ရသည်။ ကျူပ်ကို မြင်တယ်ဆိုလျှင်ပဲ သူမမျက်နှာပေါ်၌ စိုးထိတ်သွားသည့်ပုံမှာ အထင်းသား။ မခေါ်ချင် ခေါ်ချင်ပုံစံဖြင့်-

'အဖေ ဘယ်ကလှည့်လာတာလဲ'

'ဩော် သားကို ပြောစရာလေးရှိလို့ လာခဲ့တာပါကွယ်'

'ဩော် အဖေ့သား တောင် ခုပဲ အလုပ်သွားတော့မှာ'

'အေးပါ၊ အဖေကလည်း ခဏပါပဲ။ ပြောပြီးပြန်မှာပါ'

ချွေးမဖြစ်သူ အထဲဝင်သွားပြီး ခဏအကြာ၌ သားထွက်လာသည်။ ကျူပ်ကိုမြင်တော့ ကျူပ်လက်ထဲသို့ စာအိတ်တစ်အိတ် လာထည့်ပေးသည်။ စာအိတ်ကို လက်ကပေးရင်း…

'အဖေရေ ကျွန်တော်လည်း လာမယ် လာမယ်နဲ့ ရွာကို မရောက်ဖြစ်ဘူး ဖြစ်နေတာ။ ခုလည်း အစည်းဝေးရှိနေလို့ ပြေးရဦးမယ်။ အဖေလည်း ရွာအပြန်ကားမီအောင်ပြန်လေ'

ပြောလည်းပြော ခြေထောက်တွေကလည်း အိမ်တံခါးဆီ ဦးတည်ရွေ့လျားနေပါပြီ။ သားမေမေက သားကိုတွေချင်နေတယ်ဆိုတာလေးကိုလည်း ပြောပြချင်သေးသည်။ သားမေမေ နေမကောင်းဘူးဆိုတာကိုလည်း အသိပေးချင်သည်။ ကျူပ်ကလည်း သားနှင့် စကား ပြောချင်သေးတာကြောင့် ထိုင်ရာမှထ၍ သားနောက်သို့ အမီလိုက်ရသည်ပေါ့။ သားနားကို ကျူပ်ရောက်သွားချိန်မှာ သားကတံခါးဝသို့ပင် ရောက်နေချေပြီ။ ကျူပ်လည်း သားအားစကားပြောချင်ဇောဖြင့် တံခါးအား တွန်းအဖွင့် တံခါးပေါင်အား လက်ထောက်ပြီး ဖိနပ်စီးနေသည့် သားလက်အား တံခါးညှပ်မိသွားလေတော့သည်။

'အား…နာလိုက်တာ။ အဖေတို့ကတော့ လုပ်ပြီဗျာ'

သားဖြစ်သူက ထအော်လိုက်လျှင် ချွေးမဖြစ်သူပါ အနားရောက်လာ၏။

'အဖေတို့ကတော့ ရှေ့နောက်မကြည့်လုပ်ပြီ။ မောင်တော်တော်နာသွားလား။ ဟယ် သွေးခြည်ဥသွားပြီ'

ကျူပ်ရင်ထဲမှာ ကျဉ်ခနဲနေအောင် ခံစားလိုက်ရသည်။ ဘာပြောရမှန်း မသိအောင်ပါပဲ။ ကျူပ် တမင်ရည်ရွယ်ပြီး လုပ်ပါ့မလား။ ယောကျ်ားတန်မဲ့ မျက်လုံးထဲ၌ မျက်ရည်များ ရစ်ဝိုင်းလာရသည်။ သားနှင့်ချွေးမ မျက်နှာအားငေးကြည့်နေရင်း ကျူပ်မျက်လုံးတွေ ပို၍ဝေဝါးလာ၏။ မရိုတင်ကဲ နာကျင်ခံစားနေရသည်။ ကျူပ်အကြည့်များသည် သားနှင့်ချွေးမဆီမှ တစ်ဆင့် ပြတ်နေသော ကျူပ်၏ လက်ချောင်းလေးများဆီသို့ ရွေ့လျားသွားကြကုန်သည်။ ပြတ်နေသော လက်ချောင်းများအား ငုံ၍ ကြည့်လိုက်မိစဉ် မျက်ဝန်းထက်မှ မျက်ရည်တစ်စက်သည် လက်ချောင်းပြတ်များပေါ်သို့ တောက်ခနဲ ကျသွားလေတော့သည်။ ■

**ခိုင်လေး(ရွှေတောင်)**

# ရွှေအသစ်စာမူများအတွက် စည်းကမ်းချက်များ

ရွှေအသစ်ကဏ္ဍသို့ ရောက်ရှိလာသောစာမူများတွင် စာမျက်နှာနှစ်ဖက် ရေးသားခြင်းမျိုး၊ ဘေးမျဉ်းမသားဘဲ စာပိုဒ်လည်းမခွဲကာ သတ်ပုံအမှားအယွင်းနှင့် ပေးပို့လာခြင်းမျိုး များပြားလာသည်ကို တွေ့ရှိနေရပါသည်။ ယခုအခါ ရွှေအသစ်စာမူများမှာ လစဉ်ဖတ်ရှုပြန်ကြားနိုင်သည့် အရေအတွက်ထက်များစွာကျော်လွန်နေသည့်အတွက် စည်းကမ်းနှင့်မညီသည့် စာမူများကို နောင်တွင်ပြန်ကြားချက်၌ ထည့်သွင်းဖော်ပြသွားမည် မဟုတ်ဟု အယ်ဒီတာများမှ ဆုံးဖြတ်ထားပါသည်။ လိုက်နာရန်စည်းကမ်းများကို ရွှေအသစ်စာမူပေးပို့လိုသူများ သိရှိနိုင်စေရန်ဖော်ပြလိုက်ပါသည်။ နောင်လများမှစ၍ အောက်ဖော်ပြပါစည်းကမ်းချက်များနှင့် မကိုက်ညီသည့်စာမူများကို ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြခြင်းမပြုတော့ဘဲ ပယ်လိုက်မည်ဖြစ်ကြောင်း ကြိုတင်အကြောင်းကြားအပ်ပါသည်။

၁။ စာမျက်နှာတစ်ဖက်တည်းသာ ရေးသားပါ။
၂။ ဘေးမျဉ်းသားပါ၊ စာပိုဒ်ခွဲပါ။ စကားပြောများကို မျက်တောင်အဖွင့် အပိတ် ထည့်ပေးပါ။
၃။ လက်ရေးလက်သား ရှင်းရှင်းလင်းလင်း ထင်ထင်ရှားရှား ရေးသားပါ၊ သတ်ပုံမှန်ကန်အောင် စစ်ပေးပါ။
၄။ လက်ရေးစာမူဆိုလျှင် A 4 စာမျက်နှာ ၆ မျက်နှာထက် မပိုစေရပါ။ ကွန်ပျူတာစာစီစာမူဆိုလျှင် A 4 စာမျက်နှာတွင် ၁၃ ပွိုင့်ဖြင့် ၄ မျက်နှာထက် မပိုစေရပါ။
၅။ စာမူအမည်နှင့် ကလောင်အမည်ကို ထင်ရှားစွာဖော်ပြပါ။
၆။ မိမိကိုယ်တိုင်ရေးသားကြောင်း ခံဝန်ချက်ပါရှိရန် လိုအပ်ပါသည်။
၇။ အခြားမဂ္ဂဇင်းတိုက်သို့ ပေးပို့ထားခြင်း မပြုရပါ။
၈။ ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။
၉။ ဝတ္ထုသစ်များသာဖြစ်ရမည်။ အွန်လိုင်းတွင်တင်ပြီးဝတ္ထုမျိုးမဖြစ်စေရ။ မိမိဝတ္ထုတိုစုစည်းမှုတွင် ဖော်ပြပြီးသည့် ဝတ္ထုတိုမဖြစ်စေရ။
၁၀။ စာမူကိစ္စနှင့်ပတ်သက်၍ သိလိုသည်ဖြစ်စေ၊ တစ်စုံတစ်ခုပြောကြားလိုသည်ဖြစ်စေ ရွှေအမြုတေမဂ္ဂဇင်းတိုက်၊ တယ်လီဖုန်းအမှတ် ၀၁-၉၀၁၀၁၁၅ အေးမြတ်မြတ်ချိုနှင့်သာ ဆက်သွယ်ရန်လိုပါသည်။ အယ်ဒီတာများ၏ အိမ်ဖုန်းလ်သို့ဖြစ်စေ၊ ဖေ့စ်ဘွတ်သို့ဖြစ်စေ ဆက်သွယ်ခြင်းမပြုရပါ။

စည်းကမ်းချက်နှင့်မညီ၍ ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြမည်မဟုတ်သည့်စာမူများကို ကာယကံရှင်ထံပြန်လည်ပေးပို့နိုင်မည် မဟုတ်ပါသဖြင့် မိမိတို့၏စာမူများကို လက်ခံမိတ္တူထားရှိကြပါရန် အသိပေးအပ်ပါသည်။ ■

**အယ်ဒီတာ***(ရွှေအမြုတေမဂ္ဂဇင်း)*



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



'မကြာမီ
အချိန်အတွင်းမှာစင်ကာပူ
အပြည့်ပြည့်ဆိုင်ရာ
လေဆိပ်သို့
ဆင်းသက်ပါတော့မယ်ရှင်'
စင်ကာပူလေကြောင်းလိုင်းမှ
လေယာဉ်မယ်လေး၏
ရှင်ပြုံးသောစကားသံ
အဆုံးမှာ ရင်ထဲသိမ့်ခနဲ
ဖြစ်သွားသည်။
လေယာဉ်အများဆုံး
ဆင်းသက်သောအာရှတိုက်၏
အကောင်းဆုံး
လေဆိပ်ကြီးတစ်ခုဆီသို့
ရောက်ရှိဖို့ဆိုသည်မှာ
သူ့ဘဝအတွက်
အိပ်မက်တစ်ခုလိုပင်။
စာအုပ်တွေထဲမှာသာ
ဖတ်ဖူးမြင်ဖူးသော
စင်ကာပူနိုင်ငံတကာ
လေဆိပ်ကြီးမှာ
သူ့အတွက်တော့
အထူးအဆန်းတွေက
အများအပြား
ဆီးကြိုနေ၏။

မလေးရှားနိုင်ငံသို့
ဦးတည်သွားရောက်
ခြင်းဖြစ်သော်လည်း
ဒါရိုက်လေကြောင်းလိုင်းတွင်
လေယာဉ်လက်မှတ်မရရှိ၍
ထရန့်ဆက်စ်လေယာဉ်ဖြင့်
စင်ကာပူမှတစ်ဆင့်
မလေးရှားသို့သွားရန်
အကြောင်းဖန်လာခြင်း
ဖြစ်သည်။
ကမ္ဘာဦးအစကတည်းက
ရေကြည်ရာ မြက်နုရာသို့
ရှာဖွေလာခဲ့ကြသော
လူသားတို့သဘာဝအရ
သူတို့လည်း
စွန့်စားလာရောက်ခြင်း
ဖြစ်သည်။
ဘာသာစကား မတူသော၊
စရိုက်သဘာဝကွဲပြားသော
ရေခြားမြေခြားတွင်
အနာဂတ်အတွက်ဆိုသော
ရည်ရွယ်ချက်ကိုယ်စီနှင့်
သူတစ်ပါးနိုင်ငံတွင်
ကျွန်သပေါက်ဘဝဖြင့်
ဒူးခလောက်ဆန့်အောင်
ရုန်းကန်ရမည်ဆိုသော်လည်း

အမှတ် ၃၀၅ ဆို ၂၀၅



www.burmeseclassic.com

www.burmeseclassic.com

မိမိနိုင်ငံတွင် ဒူးခလောက်ဆန် ချင်ပေမဲ့ မူး၍ ရှူစရာမရှိလောက်အောင် အလုပ်အကိုင်ရှားပါးမှုက သူတို့လို လူတွေအတွက် လေယာဉ်မလောက်ငမှုက သက်သေပြနေသည်။ ❑

'ညီလေး လာပေးတာအကုန်သာစား၊ ငြင်းမနေနဲ့၊ မစားရင် ကိုယ့်အတွက် နစ်နာတယ်' အတူစီးလာသော ဘေးထိုင်ခုံမှ တစ်ခေါက်ပြန်အစ်ကိုကြီးမှ ပြောသော စကား။ လေယာဉ်မယ်လေးများမှ လာချပေးသော ညနေစာမှာ သူ့အတွက် မြင်ဖူးနေကျမဟုတ်။ ရင်ထဲ ပျို့ချင်သလိုဖြစ်နေ၍ ငြင်းမည်ပြုတော့ ဘေးနားရှိ အစ်ကိုကြီးမှ အကုန်ယူထားလိုက်ဆိုတာကြောင့် လာချပေးသောညနေစာကို ယူထားလိုက်သည်။ သူ့ဘေးတစ်ဖက်ရှိ အသားညိုညို ညီငယ်လေးတစ်ယောက်ကတော့ ကော်ဖီခွက်ထဲသို့ ဘေးနားတွင်ချထားသော အထုပ်ငယ်လေး ၂ ထုပ်ထဲမှ ၁ ထုပ်ကို ဖောက်ထည့်နေတာ မြင်လိုက်၏။ ခဏကြာတော့ 'ဖွီး' ဆိုသော အသံနှင့်အတူ ရှုံ့မဲ့နေသော မျက်နှာမှာ သူ့အတွက် ရယ်စရာလည်းကောင်း၊ ငိုစရာလည်းကောင်းဆိုသလိုပင်။ အညာသားဟန် ပေါက်သော ညီငယ်ထည့်သောအထုပ်မှာ ငရုတ်ကောင်းမှုန့်များ ဖြစ်နေတော့ စင်ကာပူလေယာဉ်ပေါ်တွင် လှည်းနှင့် လေယာဉ်များစီးလာပြီဟု စ,ကြသည့်အထိ ဖြစ်သွားတော့သည်။ စင်ကာပူစံတော်ချိန် ည ၉ နာရီတွင် ရောက်ရှိသွားတော့

**မြောက်ကမ္ဘာခြမ်းမှ ဆောင်းခိုငှက်တို့သည် ဆောင်းရာသီတွင် တောင်ကမ္ဘာခြမ်းသို့ ပြောင်းရွှေ့ဆောင်းခိုကြသည် အများအားဖြင့်တော့ ရေပျော်ငှက်တွေများ၏**

မလေးထရန်ဆက်စ်လေယာဉ်ထွက်မည့်အချိန်နှင့်ဂိတ်ပေါက်ကိုလိုက်ရှာရပြန်သည်။ သူတို့၏လက်မှတ်ကို ပြန်ကြည့်လိုက်၊ လမ်းညွှန် LED ဆိုင်းဘုတ်များအား ရှာဖတ်လိုက်နှင့် နာရီဝက်ခန့်ကြာမှ မလေးရှားထရန်ဆက်စ် သတင်းအချက်အလက်များကို ဖော်ပြထားသောဆိုင်းဘုတ်ကို ရှာတွေ့တော့၏။ သူ့မှာ ချိုကျိုးနားရွက်ပဲ့ အင်္ဂလိပ်စာ အခြေခံလေးရှိရာ လယ်ထွန်၊ ကိုင်းထွန်ရာမှ မြက်နုရှာချင်ကြသော ကိုရွှေမြန်မာတချို့က အားကိုးကြသည်။ လမ်းညွှန် LED ဆိုင်းဘုတ်ရှိ သူတို့၏ ထရန်ဆက်စ်လေယာဉ်မှာ မနက် ၇ နာရီဖြစ်တာကြောင့် ဒီညတော့ စင်ကာပူလေဆိပ်ထဲတွင် တစ်ညတာ နားခိုရန်ဖြစ်လာတော့၏။ အပူချိန် ၄၂ ဒီဂရီစင်တီဂရိတ်ကနေ စင်ကာပူလေဆိပ်၏ အရိပ်အာဝါသကို ရောက်လာတော့ သူတို့တစ်ဖွဲ့လုံး အနွေးထည် မပါကြပေ။ ယူလာသော အနွေးထည်များမှာ ခရီးဆောင်အိတ်ကြီးများထဲတွင်သာ။ ကိုယ်နဲ့မကွာ ယူဆောင်လာဖို့ မည်သူမျှ သတိမရ။ သတိရစရာအကြောင်းလည်း မရှိ။ ရန်ကုန်နွေ၏ သေမလောက်ကြောက်ဖွယ် အပူရှိန်ကြောင့် အနွေးထည် မပြောနဲ့ ရှိသည့်အဝတ်အစားပင် ချွတ်ချခဲ့ချင်သည်။ စ,ရောက်ရောက်ချင်း မသိသာသော်လည်း တစ်နာရီခန့်အကြာတွင် ခြေဖျားလက်ဖျားများ အေးလာတော့၏။ စင်ကာပူလေဆိပ်ကြီးထဲရှိ နေရာအတော်များများတွင် အေးသမပိုင်းရာသီဥတုတွင်သာ ပေါက်ရောက်ရှင်သန်နိုင်သော သစ်ခွပန်းများအား မြင်ရုံနှင့် အအေးဓာတ်စံချိန်ကို ခန့်မှန်းသိနိုင်သည်။ အနာဂတ်တွင် လှမလှ မသိပေမဲ့ သူတို့၏ မျက်လုံးထဲတွင် အထူးအဆန်းမှန်သမျှကို မျက်လှည့်ပြသည့်နှယ် မြင်နေရ၍ အံ့ဩနေကြပုံမှာ မျက်နှာပေါ်တွင် ထင်ရှားနေ၏။ တချို့မှာ အိမ်ပေါင်လာသူရှိသည်။ ရှိတာရောင်းချလာသူတွေပင်ပါသေးသည်။ မှုန်ဝါးဝါးသာမြင်ရသော အနာဂတ်အတွက် စွန့်စားလိုကြသူများမှာ လူငယ်များသာမက လူလတ်ပိုင်းများပါ ရှိနေကြသည်။ အချို့က စစ်မှုထမ်းဟောင်းများ၏သားသမီးများပါသည်။ အချို့မှာ ကြံ့ခိုင်ရေးအသင်းဝင်ကာ ကုန်ကျစရိတ်အဝဝကို လစာထဲမှ အဖြတ်ခံ၍ လာကြသူများ ပါသည်။ ထိုသူများမှာ အနည်းငယ်မျှသော စရိတ်စကကို အကုန်ကျခံလာကြသူများ ဖြစ်သည်။ အကျိုးဆောင် ကုမ္ပဏီများ၏ အိုဗာတိုင် အမြဲရှိသည်။ အိုဗာတိုင်ကြေး ကောင်းသည်ဆိုသော နှစ်သက်စရာ မက်လုံးများကို ရေပက်မဝင်ဆွဲဆောင်မှုများကြောင့် ပတ်စ်ပို့ရုံးတွင် တန်းစီတိုးနေကြသော လူငယ်လူရွယ်များမှာ ဘွဲ့ရအလုပ်လက်မဲ့များပါသလို လယ်ယာကိုင်းချောင်းများကို ပစ်ပြီး လာသူတွေက တစ်ပုံတစ်ပင်။ သူသည်လည်း ထိုအတန်းအစားထဲမှ တစ်ယောက်အပါအဝင်ဖြစ်သည်။ 'မင်းက ဘုရင့်နောင် ဖောင်ဖျက်သလို သွားတာနော်' ဟု ဦးလေးတော်သူမှ ဒီလာခါနီး ဆုံးမစကားကို ကြားယောင်မိသေးသည်။

မနက် ၇ နာရီ မထိုးမီ မလေးရှားထရန်ဆက်စ် လေကြောင်းလိုင်း၏ နားနေခန်းထဲသို့ အဝင်မှာတော့ ကိုယ်နှင့် နီးစပ်ရာလူများကို စစ်ဆေးကြည့်မိသေးသည်။ ကိုယ့်မြန်မာအချင်းချင်းဆိုသော အသိကတစ်မျိုး၊ အေးဂျင့်က လွှလွှသူသူ ပေါက်ပေါက်ရောက်ရောက်ရှိသူ သူ့အား တရားခံရှာကာ 'မင်း အားလုံးကိုကြည့်ပြီး ခေါ်သွားပါကွာ' ဆိုသော စကားကလည်းရှိနေပြန်ရာ အနည်း

www.burmeseclassic.com

www.burmeseclassic.com

ငယ် ခေါင်းကြီးရသည်။ စင်ကာပူမှ မလေးရှားအပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးသို့ ကား နာရီဝက်သာသာစီးရင်း ရောက်ရှိသွားသည်။ လေယာဉ်ဆိုက်ကပ်ရာနေရာမှ လျှပ်စစ်ရထားတစ်တန်စီးကာ အဆင့်ဆင့်သောဂိတ်များအား ဖြတ်ကျော်၍ အလုပ်သမားများကို လာကြိုမည့်သူအား စောင့်ဆိုင်းရသောနားနေဆောင်ကြီးတွင် ခဏတစ်ဖြုတ် နားနေကြရသည်။ အလုပ်ရှင်ကုမ္ပဏီမှ လာခေါ်တော့ နေ့လယ် ၁၂ နာရီ ထိုးနေပြီ။

'မင်းတို့အားလုံး ဟက်ပီးဘတ်ကုမ္ပဏီက မဟုတ်လား၊ ဒီက နာမည်ခေါ်ရင် ဒီမှာ လာတန်းစီပါ'

မျက်ပေါက်ကျဉ်းကျဉ်းနှင့် တရုတ်တစ်ယောက်က စာရွက်တစ်ရွက် ကိုင်ကာ နာမည်အစဉ်လိုက် ခေါ်၏။ သူနှင့် သူ့လူများ စုံသောအခါ တံဆိပ်တုံးထု၊ လက်မှတ်ထိုးပြီး ပတ်စ်ပို့စာအုပ်အားလုံးအား သိမ်းဆည်းကာ ခေါ်သွားတော့သည်။ လေယာဉ်ကွင်းပြင်ပသို့ရောက်ရှိသောအခါ မလေးရှား၏အငွေ့အသက်ကို စတင်ထိတွေ့ခွင့်ရတော့၏။ အလုပ်သမားများကို ခေါ်ဆောင်လာသောကားလေးမှာ ဆီအုန်းပင်တောအုပ်များ၊ ရော်ဘာခြံများကို တရိပ်ရိပ်ဖြတ်ကျော်ပြေးလွှားနေသည်။ တချို့နေရာများတွင် တစ်ထပ်တိုက် လုံးချင်းလေးများက အစီအရီ။ မြို့ကြီးတစ်မြို့အား ဖြတ်သန်းကာ ရော်ဘာခြံများအား ထပ်မံဖြတ်သန်းကြရပြန်သည်။ ကားလမ်းသည် ပင်လယ်ကမ်းခြေကို ဘေးချင်းယှဉ်ကာ ဖြတ်ဖောက်ထားသဖြင့် ပင်လယ်ပြင်မှ လေနုအေးအေးကို ခံစားရပြန်သည်။ မကြာမီ ၇ ပေခန့် မြင့်သော အုတ်တံတိုင်းကြီးများဖြင့် သပ်ရပ်ခံ့ညားစွာ ဆောက်လုပ်ထားသော အလုပ်သမားများအဆောင်သို့ ရောက်ရှိသွားကြ၏။ အခန်းတစ်ခန်းလျှင် နှစ်ထပ်ခုတင် ၄ လုံး၊ လူ ၈ ယောက်နေရမည်ဖြစ်သော သူတို့၏အနာဂတ်တွေ၊ အိပ်မက်တွေ ဖန်တီးရမည့်နေရာကို ကျောချရတော့မည်။ နေရာအသစ်၊ လူအသစ်၊ မြင်မြင်သမျှ အသစ်တွေသည် သူတို့နှင့် သူစိမ်းဆန်လှသည်။ ရှေ့မှ ကြိုရောက်နေကြပြီး လေးငါးနှစ်သိက္ခာတော်ရများ၏ သနားစရာသတ္တဝါလေးများကဲ့သို့ အကြည့်စူးစူးများက စောင့်ကြိုနေကြသည်။ သူတို့၏အပြောအရတော့ အိုတီမရှိတာ သုံးလလောက်ရှိပြီဟု သိရသည်။ သူတို့ နေထိုင်ရမည့်အခန်းထဲ ဝင်လိုက်တော့ မွန်းကျပ်မှုအရသာကို ခံစားလိုက်ရသည်။

'မင်းတို့ မနက်ဖြန် အလုပ်ဆင်းရမယ်၊ မနက် ၆ နာရီခွဲ အရောက်လာရမယ်၊ အလုပ်ချိန် ၇ နာရီမှာ စမယ်'

သူတို့အဖွဲ့အား လာကြိုသော တရုတ်လူမျိုးက မပြုံးမရယ်သော မျက်နှာနှင့် ပြောဆိုထွက်သွားသည်။ ရင်ထဲ မွန်းကျပ်လေးလံနေမှုမှာ နေရာအသစ်၏ ထိတွေ့မှုကြောင့်ဟု ထင်သည်။ ချုပ်ချယ်မှုကင်းမဲ့သောနေရာမှ လာခဲ့သူ သူ့အတွက် မျှော်လင့်ချက် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုက လေးလံလွန်းလှသည်။ 'မင်းက ဖောင်ဖျက်ပြီး သွားတာနော်' ဆိုသော ဦးလေး၏စကားကို ပြန်လည်ကြားယောင်ရင်း တစ်ရေးတစ်မော အိပ်စက်လိုက်တော့သည်။

❑

အချိန်နာရီတို့သည် နေ့စဉ်အလုပ်၏ စီးပိုးမှုကြောင့်လား မပြောတတ်၊ အကုန်မြန်လှသည်။ သူတို့ ရောက်ရှိပြီး ၆ လခန့်အကြာတွင် အလုပ်သား ကျသွားသလို၊ နေသားလည်းကျခဲ့ပြီ။ ရှေ့ကရောက်နေသည်မှာ ၇ နှစ်ရှိပြီဖြစ်သော အစ်ကိုတစ်ယောက်မှ-

'မနက်ဖြန်မနက် အလုပ်နားမယ်လို့ ပြောတယ်။ တော့စ်က တို့မြန်မာတွေကို မနက်စာကျွေးမယ်လို့ ပြောတယ်ကွ။ ငါ ဒီကိုရောက်နေတာ ၇ နှစ်ရှိပြီ။ တစ်ခါမှ မကြုံဖူးဘူးကွ။ အခုတလော လုပ်ငန်းလေးလည်း ပြန်အဆင်ပြေလာတဲ့ သဘောနဲ့ တူတယ်။ မင်းတို့အခန်းက ၈ ယောက်နဲ့ ဟိုဘက်အခန်းက ၄ ယောက်၊ မနက်ဖြန် မနက် ၉ နာရီလောက် အဆင်သင့်လုပ်ထားကြနော်' ဆိုပြီး ပြောသွားတော့ သူတို့အဖွဲ့ အံ့သြနေကြသည်။ တရုတ်နှစ်သစ်ကူးလည်း မဟုတ်၊ မည်သည့်ပွဲတော်မှလည်း မရှိ၊ သူတို့မြန်မာအဖွဲ့တွေကို မနက်စာကျွေးမည်ဆိုတော့ အားလုံး အံ့သြနေကြသည်။ ၁ ရက်လောက် ရက်ပျက်တာပင် ရက်မှန်ကြေးမပေးသော သူဌေးမှာ ဘာကြောင့် သဘောလွတ်ကောင်းနေမှန်း မသိကြပေ။ တရုတ်သူဌေးကျွေးသော မနက်စာကို သိန်းဆုပေါက်သလို အချင်းချင်း တွတ်ထိုးနေကြတော့၏။ သူတို့၏ကံစွကြီးငယ် အသွယ်သွယ်တို့ကို ရှေ့မှ ဦးဆောင်ပေးသူမှာ ဒီစက်ရုံတွင် လုပ်သက်အကြာဆုံး စုပါဗိုက်ဆာပင် ဖြစ်နေပြီဖြစ်သော ကိုနေလင်း ဖြစ်သည်။ သူက မော်လမြိုင်သား။ မလေးရှားနိုင်ငံတွင် အလုပ်လုပ်နေသော်လည်း မလေးစကားမပြောတတ်။ တရုတ်စကားကို အတော်ကျွမ်းကျင်နေပြီဖြစ်သည်။ ကိုနေလင်းမှာ မြန်မာအလုပ်သမားများအတွက် စကားပြန်လည်း သူ၊ လုပ်ငန်းကြီးကြပ်တော့လည်း သူပင် ဖြစ်သည်။ ရာသီဥတုကောင်းမွန်၍ မနက်စာကျွေးမည့် သူဌေးလည်း အော်ဒါများများ ရပါစေလို့ ဆုတောင်းရင်း အိပ်ရာဝင်ခဲ့ကြတော့သည်။ ဒီနေ့သည် မြန်မာနိုင်ငံမှ သတင်းကောင်းတစ်ပုဒ်ကို ဖတ်လိုက်ရသောကြောင့် ကျန်ညတွေထက် အိပ်စက်၍ ပိုကောင်းနေ၏။ မနက် မိုးမြန်မြန်လင်းပါစေလို့ ဆုတောင်းရင်း အနာဂတ်ကို မဝံ့မရဲမျှော်ကြည့်မိသေးသည်။

❑

သူဌေးမှ သူတို့အဖွဲ့အား ခေါ်လာသော စားသောက်ဆိုင်မှာ ခမ်းနားလှသည်တော့ မဟုတ်။ သာမန်စားသောက်ဆိုင်အဆင့်ထက်တော့ သာသည်။ ဆိုင်၏အဝင်ဝမှာပင် သူတို့နားမလည်သော တရုတ်စာလုံးများဖြင့် ရေးထားသည်။ မီးနီများမှာလည်း တရုတ်စာများက နေရာယူထား၏။

'မင်းတို့ ကြိုက်တာ စား



www.burmeseclassic.com

www.burmeseclassic.com

ကြက္ခာ'

သူဌေးက ကြိုက်တာမှာပဟု ပြောသော်လည်း သူတို့မှာ ကျီးကြည့်၊ ကြောင်ကြည့် နှင့်နေကြသည်ကို စူပါဗိုက်ဆာ ကိုနေလင်းမှ သဘောပေါက်ကာ သူတို့အတွက် မှာပေးရလေသည်။ စိတ်တိုင်းကျစားကြသောက်ကြရင်း သူဌေးနှင့် ကိုနေလင်းတို့မှာ ပြုံးလိုက်ရယ်လိုက်နှင့် စကားတပြောပြော။ ခဏကြာမှ ကိုနေလင်း စကားစပြောသည်။

'သူ မင်းတို့ကို အခုလိုမနက်စာ ကျွေးတာ မနေ့က ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီး ဒေါ်စု အကျယ်ချုပ်ကနေ လွတ်လာလို့တဲ့ကွ'

'ဗျာ'

သူတို့အဖွဲ့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ သူတို့အဖွဲ့ သူဌေးကို ကြည့်တော့ ကိုနေလင်းကို ပြုံးပြီး စကားတွေပြောနေသည်။

'မင်းတို့ မလေးရှားက မင်းသမီး မီရှဲယိုးကို သိလားတဲ့။ မီရှဲယိုးက ဒေါ်စုအကြောင်းကို ရုပ်ရှင်ရိုက်တော့မယ်တဲ့။ ဒေါ်စုဟာ သူအင်မတန်လေးစားရတဲ့ စံပြပုဂ္ဂိုလ်တစ်ယောက်တဲ့။ မနေ့က ဒေါ်စုကို အစိုးရက အကျယ်ချုပ်ကနေ လွှတ်ပေးလိုက်တော့ မင်းတို့မြန်မာတွေ တော့ မပြောတတ်ဘူး။ သူကတော့ အရမ်းလည်း ပျော်၊ ဂုဏ်လည်း ယူမိတယ်တဲ့။ တို့ရဲ့အရှေ့တောင်အာရှမှာ သူလိုလူမျိုး မရှိဘူးတဲ့။ တိုင်းပြည်အတွက် မိမိရဲ့မိသားစုအရေးထက် ပြည်သူတွေရဲ့အရေးကို အနစ်နာခံပေးဆပ်နိုင်သူတဲ့'

မှုရင်းဒေသ မြောက်ကမ္ဘာခြမ်းတွင် ဆောင်းကုန်လျှင်တော့ ဇာတိဒေသသို့ ပြန်ကြစမြဲပင် သူ ထိတွေ့ခွင့် ရခဲ့သော ရေပျော်ငှက်လေးမှာတော့ ဇာတိနေရပ်သို့ ပြန်ရန် ငြင်းဆိုခဲ့ တော့သည်

သူဌေး၏ပြောစကားများကို ကိုနေလင်းမှတစ်ဆင့် ရှင်းပြနေရသည်။ ကိုနေလင်း၏ ဘာသာပြန်ပေးမှုမှာ ပြည့်စုံမှုရှိမရှိ မသေချာသော်လည်း သူဌေး၏မျက်နှာပေါ်မှ ကြည်နူးရိပ်နှင့် ဝမ်းသာအယ်လဲဖြစ်နေပုံမှာ သူ့အဖို့ ကြက်သီးများပင် ထ,လာတော့၏။ သူတို့အဖွဲ့ စားသောက်ဆိုင်မှ အပြန်တွင်တော့ မလေးရှားနေမှာ အတော်ပူနေပြီဖြစ်သည်။ မနေ့ညက ရွာထားသောမိုးကြောင့် အိုက်စပ်စပ်ဖြင့်ဖြစ်နေသေး၏။ အဆောင်ပြန်ရောက်ပြီး တစ်ရေးတစ်မောအိပ်လိုက်ချိန်တွင် ဘီယာအရှိန်လေးဖြင့် ချက်ချင်းအိပ်ပျော်သွား၏။ အိပ်မက်ထဲတွင်တော့ သူ၏အမေနှင့်တွေ့လိုက်ရသည်။ ပြီးတော့ သူတို့အားလုံး၏အမေနှင့်တွေ့တော့ အပြုံးပန်းတွေ ဝေနေဆဲ။ ရင်ခွင်ထဲတွင်တော့ နှလုံးသားနှင့် စည်းနှောင်ထားသော ပန်းများအား ကိုင်လို့။ ခေါင်းပေါ်မှာလည်း ပန်းတွေ၊ ဝန်းကျင်မှာလည်း ပန်းတွေ၊ ပန်းတွေနှင့်ဝေလျက်သူ မြင်လိုက်ရပြန်သည်။

❑

အလုပ်နားချိန် နာရီဝက်အချိန်ရတိုင်း ကိုနေလင်းနှင့် စကားမကြာခဏပြောသည်။ ဒီနေ့လည်း သူ့ဆိုက်ထဲသို့ ကိုနေလင်း ရောက်လာ၏။

'၈ လလောက်ရှိပြီဆိုတော့ အလုပ်လုပ်ရတာ နေသားကျပြီလား'

ကိုနေလင်းမှ စကားစလာ၏။

'အဆင်တော့ ပြေလာပါပြီ။ ဒါနဲ့ ကိုနေလင်းကို မေးရဦးမယ်။ သူဌေးက ပြည်ကြီးတရုတ်လား'

'မဟုတ်ပါဘူး၊ မလေးတရုတ်ပါပဲ။ တရုတ်သွေးတစ်မတ်လောက် ပါသေးတယ်။ သူဌေးအဘိုးက မလေးအစစ်၊ အဘွားက တရုတ်လေ။ သူဌေးက ငါနဲ့ လုပ်ငန်းကိစ္စတွေကို သွားရင်းလာရင်းနဲ့ သူ့အဘိုးအကြောင်း ပြောပြဖူးတယ်။ သူ့အဘိုး ငယ်ငယ်က မြန်မာနိုင်ငံမှာ အလုပ်လာလုပ်ရတယ်ဆိုပဲ။ အခုတော့ တို့ကလာပြီး ပြန်အလုပ်လုပ်နေရပြီလေ။ စဉ်းစားကြည့်တော့ ဘယ်သူ့အပြစ်တင်လို့ တင်ရမှန်း မသိဘူးကွ။ တို့လို ဘဝတူတွေကပဲ အခု မလေးရှားမှာ သုံးသိန်းကျော်နေပြီလေ။ နှစ်သိန်းလောက်က အမှန်အကန်၊ ပြီးတော့ ကျန်တဲ့တစ်သိန်းလောက်က အိုဗာစတေးလို့ ကြားတာပဲ။ ငါတို့ယောကျ်ားလေးတွေက တော်သေးတာပေါ့ကွာ။ တချို့မိန်းကလေးတွေပါ အိုဗာစတေးတွေ ရှိတာယ်ကွ။ မင်းကို တစ်နေ့ကြုံရင် လိုက်ပြပါဦးမယ်'

ကိုနေလင်းမှ ရှည်လျားစွာ ရှင်းပြပြီး သက်ပြင်းမောကြီးကို လေးပင်စွာ ချလိုက်၏။ သူ့ရင်ထဲတွင်လည်း ဟာခနဲဖြစ်သွားသည်။ အာခေါင်တွေ ခြောက်လာ၏။ အနားရှိ ရေပူရေအေးစက်ထဲမှ ရေအေးတစ်ခွက် ယူသောက်လိုက်မှ အာရှင်းချင်သလိုဖြစ်သွား၏။ အလုပ်စချိန်ဘဲ(လ်)တီးသံကြားတော့မှ နှစ်ဦးသား ကိုယ့်ဆိုင်ရာဆိုက်အသီးသီးသို့ သွားလိုက်ကြတော့သည်။ ကိုနေလင်းမှ မြန်မာတွေ မလေးရှားမှာ အလုပ်လာလုပ်နေရခြင်းအား မည်သူ့ကို အပြစ်တင်ရမှန်း မသိဟု ပြောသွားသောစကားကြောင့် သူ တစ်ချက်ပြုံးမိသွားသည်။ အကျိုးတရား၏ တရားခံမှာ အကြောင်းတရားတစ်ခုပေါ်တွင် တည်မှီနေ၏။ နားမလည်ချင်ယောင်ဆောင်ကာ စကားအဖြစ် ပြောသွားခြင်းလား။ သူ့အနေဖြင့်တော့ အတိတ်သည် အရိပ်တစ်ခုပမာ ရှိနေမှာဖြစ်ကြောင်း လောင်းကြေးပင် ထပ်လိုက်ချင်သေး၏။



www.burmeseclassic.com

www.burmeseclassic.com

မလေးလူမျိုးများ၏ နှစ်သစ်ကူးရုံးပိတ်ရက် ရက်ရှည်ဖြစ်သောကြောင့် ကိုနေလင်းနှင့် ဆီလန်ဂေါကမ်းခြေတစ်နေရာသို့ ရောက်ရှိခဲ့ကြသည်။ 'ဟိုတယ်'ဟု ရေးထားသော ကမ်းခြေရေပေါ် ဟိုတယ်တစ်ခု။

'ကိုနေလင်း ကျွန်တော် မလိုက်ချင်ဘူးဗျာ။ ဒါ...'

'လာပါ ဒါက ခင်ဗျား ထင်နေတဲ့ အပျော်မယ်လေးတွေချည်း သီးသန့်ဟိုတယ် မဟုတ်ပါဘူး။ စားသောက်ဆိုင်ပါ ရှိပါတယ်။ အစားအသောက်လည်း ပင်လယ်စာတွေ ရပါတယ်။ ကျွန်တော် ခင်ဗျားကို ပြောဖူးတယ်မလား၊ မြန်မာမလေးတွေ အိုဗာစတေး ရှိတယ်လို့၊ ဒီဟိုတယ်မှာ ကျွန်တော်နဲ့ပတ်သက်တဲ့ ကောင်မလေးတစ်ယောက် ရှိတယ်။ ခင်ဗျားနဲ့ မိတ်ဆက်ပေးမယ်'

သူ့အနေနဲ့ မငြင်းသာတော့ဘဲ ကိုနေလင်းနောက်မှ အသာလိုက်ခဲ့သည်။ ထောင့်ကျကျစားပွဲတစ်ခုတွင် ဝင်ထိုင်လိုက်စဉ် ဝိတ်တာတစ်ယောက်မှ-

'လင်း ဒီလူ ခင်ဗျား မိတ်ဆွေလား။ ဒီမှာ မြန်မာ၊ ဗီယက်နမ်၊ မလေး၊ အိန္ဒိယ အားလုံးရတယ်'ဟုပြောကာ စားပွဲအား သန့်ရှင်းရေးလုပ်ပေးနေ၏။ သူ၏အဖြေမှာ 'နီး'တစ်လုံးတည်းသာ။ ခဏကြာတော့ အသားမဖြူမညို ဆံပင်ရှည်ရှည်နှင့် မိန်းကလေးတစ်ယောက် သူတို့စားပွဲနား ရောက်လာ၏။ ခါးလယ်လောက်ဆံပင်များကို ဖြန့်ချထားသည်။ ဒူးအထက်နားထိသာ ရောက်သော စကတ်ကျင်းပြာနှင့် လိုက်ဖက်စွာ ကြည်ပြာရောင်မှန်ဇာအင်္ကျီဖားဖားလေးအား ဝတ်ဆင်ထားသည်။ အတွင်းမှ အောက်ခံဝတ်ဆင်ထားသော အောက်ခံအင်္ကျီအား အတိုင်းသား မြင်နေရ၏။

'သူက ကိုနေလင်း ဘော်ဒါလား၊ ဘယ်နေရာကလဲ'

ပြုံးရွှင်နေသော မျက်နှာနှင့် ကိုနေလင်းအနားတွင် မေးရင်း ဝင်ထိုင်လိုက်သည်။

'ကျွန်တော်က အညာကပါ'

'သြော်...တော်သေးတာပေါ့'

သူမ၏ တော်သေးတာပေါ့ဆိုသောစကားကို ကျွန်တော် သိပ်နားမလည်။

'ဒီညီမက ရန်ကုန်ကပါ။ အထည်ချုပ်စက်ရုံမှာ အလုပ်ပါမစ်နဲ့လာတာပဲ။ တစ်နှစ်လောက်နေတော့ စက်ရုံက ဒေဝါလီခံသွားတယ်လေ။ သူလည်း မြန်မာပြည်ကိုမပြန်ချင်တာနဲ့ ရရာအလုပ်ဝင်နေတော့တာပဲ။ ဒီမှာ သူ့ဘဝအတွက် လုံခြုံတယ်လို့ ပြောတာပဲ။ ကိုယ်နဲ့ ရင်းနှီးတာတော့ တစ်နှစ်လောက် ရှိပြီ။ မြန်မာပြည်မှာ အမေအိုတစ်ယောက်နဲ့ မောင်လေးတစ်ယောက်ရဲ့ ကျန်းမာရေး၊ ပညာရေး၊ စားဝတ်နေရေးအားလုံးအတွက် ဒီအလုပ်ကို မရွေးချယ်ချင်ဘဲ ရွေးခဲ့ရတာပဲတဲ့။ အခု ကိုယ် သူ့အတွက် ပတ်စ်ပို့အသစ်လုပ်ပေးထားတယ်။ အခု အိုဗာစတေးတွေကို တရားဝင်ပြန်ပို့နေပြီလေ။ ကိုယ့်ညီမလေးတစ်ယောက်လို သနားလို့ အကူအညီ ပေးတာပါ။ လာမယ့်နောက်တစ်ပတ်ဆိုရင် သူ့ကို မြန်မာနိုင်ငံကို ပြန်ပို့ပေးလိုက်တော့မယ်'

ကိုနေလင်းမှ အကျိုးအကြောင်း ရှင်းပြနေတော့ မိန်းကလေး၏မျက်နှာအောက်ချထား၏။ အရှက်တရားနှင့် အကြောက်တရားတို့အား ငွေကြေးကြောင့် မီးသင်္ဂြိုဟ်ခဲ့သော မိန်းကလေး။ သူ့ကို မျက်နှာချင်းဆိုင် ရဲရဲဝံ့ဝံ့ မကြည့်ရဲ။ သူ့လိုမိန်းကလေးတွေ ဘယ်လောက်ရှိနေပါလိမ့်ဟု အတွေးတို့မှာ စီးမျောနေမိသည်။

'ညီမလေး နောက်တစ်ပတ် လေယာဉ်တက်ရမယ်နော်။ လက်မှတ်အားလုံး ဝယ်ထားပြီးပြီ။ အဲဒီနေ့ကျတော့ ကိုယ် လာခေါ်မယ်'

ကိုနေလင်းမှ စကားလမ်းကြောင်းလွှဲကာ မိန်းကလေးအား ကြည့်လိုက်၏။

'ကျေးဇူးတင်ပါတယ် ကိုနေလင်း၊ ကျွန်မ အလုပ်ရှိသေးလို့သွားလိုက်ပါဦးမယ်'

မဝံ့မရဲအကြည့်နှင့် နှုတ်ဆက်သွားသောသူမအား ကြည့်ကာ သူ့ကိုယ်သူ လိပ်ပြာမလုံသလို ဖြစ်သွား၏။ သူတို့နှစ်ယောက် ဟိုတယ်ထဲမှ ထွက်တော့ နေမင်းကြီးမှာ အက်ဒမန်ပင်လယ်ထဲသို့ တစ်ဝက်လောက် ကျုံကျနေပြီ။ ရေပေါ်ဟိုတယ်ရှိ ရေပျော်ငှက်ငယ်လေးကတော့ အနာဂတ်ဘဝအတွက် ပစ္စက္ခဘဝ ပင်လယ်ပြင်ပေါ်တွင် ပျံသန်းနေရလိမ့်ဦးမည်။

❑

ဒီနေ့ မိသားစုဝင်တစ်ဦးကဲ့သို့ ဖေးမပေးခဲ့သော ကိုနေလင်းမှာ မြန်မာနိုင်ငံသို့ပြန်မည့် မိန်းကလေးအား ပြန်ပို့ရန် ထွက်သွားသည်။ မိမိ၏စားဝတ်နေရေး၊ မိမိ၏အလုပ်ကိုသာ အာရုံစိုက်နိုင်ကြသော အလုပ်သမားများအဖို့ ပရဟိတဆိုသော လူမှုရေးလုပ်ငန်းများမှာ ဆုံးရှုံးလေ့ရှိသည်။ နှစ်များစွာ ကြာလာ၍ ရာထူးအဆင့်အတန်းလေး တိုးလာမှသာ အခွင့်ထူးအချို့ကို ခံစားရတတ်၏။ သူဌေး၏လူယုံတစ်ဦးကဲ့သို့ ဖြစ်လာသော ကိုနေလင်းမှာ သူ ဖေးမကူညီပေးခဲ့သောလူများစွာ ရှိသည်ဟု ပြောဖူးသည်။ ရေပေါ်ဟိုတယ်မှ မိန်းမချောလေးအတွက် ကူညီပေးမှုတွင် ငွေကြေးများစွာ စိုက်ထုတ်ကျခံခဲ့ရသည်။ နိုင်ငံရပ်ခြားတွင် ကိုနေလင်းလိုလူမျိုးမှာ ကန္တာရထဲမှ အိုအေစစ်တစ်ခုနှယ်ပင်။ ကိုနေလင်းတစ်ယောက် ဘဝတွင် ရည်ရွယ်ချက်တို့ အထမြောက်ပါစေဟု သူကတော့ ဆုတောင်းပေးရုံသာ။

❑

ပူအိုက်စွတ်စိုသော ရာသီဥတုကို ပိုင်ဆိုင်ထားသော မလေးကျွန်းဆွယ်တွင် မနက် ၁၀ နာရီခန့်ဆိုလျှင် ကျောကော့မတတ် ပူလာတတ်သည်။ ရာသီဥတု အပြောင်းအလဲအား စတင်ရောက်ရှိချိန်က သိသာစွာ ခံစားခဲ့ရသော်လည်း ယခုမူ နေသားကျသွားခဲ့ပြီဖြစ်သည်။ အလုပ်နားရက်ကြောင့် အေးအေးလူလူ အခန်းထဲတွင် ရှိနေစဉ် ရေပေါ်ဟိုတယ်မှ မိန်းကလေးအား လိုက်ပို့သော ကိုနေလင်း ပြန်ရောက်လာ၏

စာမျက်နှာ(၂၃၀)သို့...

www.burmeseclassic.com



# မငြိပါနဲ့မိုးရယ်

သေးသော်

ပတ်ဝန်းကျင်
ကတော့
ကျွန်မကို
အမြင်မကြည်ကြဘူး
မုဆိုးမဖြစ်ပြီး
ယောကျ်ားတွေနဲ့
တရှန်းရှန်း
ဆိုပြီးပေါ့လေ
ကိစ္စတော့ မရှိပါဘူး
အဓိကက
ကျွန်မ
နေပူစပ်ခါးမှာ
ယောကျ်ား
ရင့်မာကြီးတွေနဲ့
ပြိုင်ပြီး
ငွေရှာနေတာ
သမ္မာအာဇီဝကျဖို့
မဟုတ်ပေဘူးလား

စိုးရိမ်စိတ်တွေ တရိပ်ရိပ် တက်လာတယ်။ မလာပါနဲ့ ကွယ်။ ဒီအချိန်မှာ တွက်ခြေအကိုက်ဆုံးမို့ပါ။ ကျွန်မ ဆုတောင်း မိတယ်။ သို့ပေမဲ့ အစိုးမရသောမိုးက ကျွန်မထံကို တဖြည်း ဖြည်းနဲ့ နီးကပ်လာတယ်။ အဘယ်သို့ ရင်ဆိုင်ရမည်နည်း။ မိုးမရွာခင် လေကြောင့် ဖုန်မှုန့်တွေက မြင်ကွင်းတစ်ခုလုံးကို ဝေဝါးသွားစေတယ်။

နေပြည်တော်မှာက ဆိုင်ကယ်စီးတဲ့သူ တော်တော် များ တယ်လေ။ ဒါကြောင့် တစ်ညနေ တစ်ညနေကို ဆိုင်ကယ် ဆီရောင်းရင် တစ်ရက်ကို အနည်းဆုံး ခုနစ်ထောင်လောက် မြတ်တယ်။ တစ်ခုတော့ရှိတယ်။ ရာသီဥတု ကောင်းကောင်း လေးဖြစ်မှ ပိုတွက်ခြေကိုက်တယ်။ တစ်ရက်ကို ဆီဂါလန် နှစ်ဆယ်လောက် ရောင်းရရင် အနည်းဆုံး တစ်သောင်းမပြည့် တပြည့် မြတ်တယ်။ ကျွန်မလို မုဆိုးမတစ်ယောက်တောင် ကလေးနှစ်ယောက်ကို ဆီရောင်းပြီး ကျောင်းထားနိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

မနက်ခြောက်နာရီလောက်ကနေ ဆယ်နာရီလောက်ရောင်းရင် ကျွန်မအတွက် အမြတ်ကငါးထောင်။ ညနေလေးနာရီလောက်ကစပြီး ရှစ်နာရီလောက်အထိရောင်းရင် အမြတ်က ငါးထောင်ပတ်လည်လောက်ရတယ်။ ဒီတိုင်း အမြတ်ကြီးပဲတော့ မဟုတ်ဘူးပေါ့လေ။ နည်းလမ်းလေးတွေရှိတယ်။

ဝယ်သူတွေလည်း မထိခိုက်၊ ကျွန်မကိုလည်း မထိခိုက်တဲ့ နည်းလေးတွေနဲ့ နည်းနည်းပါးပါးတော့ ဈေးသည်ပါး ဝ,ရတာပေါ့။ ဆီတစ်ဂါလန်ကို ကျွန်မတို့ ငါးဆယ်သားဝင် ပုလင်းနဲ့ချိန်ရင် လေးပုလင်း ပုံမှန်ရတယ်။ ဒါကတော့ ပုံမှန် တစ်ဂါလန်ပေါ့။ ကျွန်မနည်း ကျွန်မဟာန်နဲ့ ချိန်လိုက်ရင် ဆီငါးဂါလန်ကျော်လောက်ဆို ငါးဆယ်သားဘူးနဲ့ ဘူးတစ်ဝက်လောက် ပိုထွက်တယ်။

ဘယ်သူမှလည်း ဆီတစ်ဂါလန်ကို ဘူးနဲ့လေးဘူးပြည့်မပြည့်ကို မတိုင်းကြဘူးလေ။ များသောအားဖြင့် ကျွန်မဆီမှာ ဆီအထည့်များတာက ရုံးဝန်ထမ်းလေးတွေ။ သူတို့က ဘာမှ သိပ်တွက်ချက်မနေကြဘူး။ ဆီတစ်ထောင်ဖိုး တစ်ဘူးပေး။ ဆီတစ်ထောင်ဖိုး နှစ်ဘူးပေး စသည်ဖြင့်ပေါ့။ တချို့တချို့ကလည်း ပန့်ဆိုင်တွေမှာ သွားထည့်ကြတယ်။ ဘယ်လိုပဲပြောပြော ကျွန်မတို့လက်လီသမားလေးတွေလည်း ရောင်းနေရတာပါပဲ။

မနက်စောစောမှာ သမီးကြီးကိုးတန်းက ထမင်းဟင်းချက်ပေးထားတယ်။ ကျွန်မနဲ့သားလေးအတွက်။ သမီးကြီးကိုတော့ ဆီဆိုင်ကို လုံးဝမလာခိုင်းဘူး။ သိတယ်မဟုတ်လား၊ ခုခေတ်က ရှစ်တန်းကော ကိုးတန်းကော ညှာတာတဲ့ခေတ် မဟုတ်ဘူး။ ခေတ်ကိုက မုဆိုးမတောင်အချောင်ရရင် ခဏလောက်နိုက်မြည်းချင်တဲ့ခေတ်။ ဝန်ထမ်း လူငယ်ရှည်ရှည်မွန်မွန်လေးကိုတော့ မဆိုလိုပါဘူး။ ဆီဆိုင်ဆိုတာက လူပေါက်သောက်တွေကို ပြောဆိုဆက်ဆံရတာ။ ကိုယ်လိုမုဆိုးမလေးဆယ်ကျော်အရွယ်ကို

> ဘယ်လောက်
> ကဗျာ
> မဆန်လိုက်သလဲ
> မိုးလေ
> အုံ့မှိုင်းရှာဟန်
> ပြင်နေတဲ့
> မင်းနေပြည်တော်မှာ
> ထဘီကို
> အကာကွယ်
> လုပ်ပြီး
> ဆီဘူးတွေကို
> ကာကွယ်နေတဲ့
> မိန်းမ
> တစ်ယောက်ကို
> ဘေးပတ်
> ဝန်းကျင်က
> မြင်ရင်
> လှောင်ပြောင်
> ကြလိမ့်မယ်

တောင် ဆီထည့်နေတဲ့အချိန် ကုန်းကုန်းကွကွဆို မျက်စိအစာကျွေးချင်တဲ့ ငတိတွေကအများသား။ ဆီထည့်တာက တစ်ထောင်ဖိုး၊ မျက်စိကိုအစာကျွေးတာက တစ်သောင်းဖိုးလောက်။ တစ်ခါတစ်ခါ ရိသဲ့သဲ့နဲ့ အစ်မကြီးဆီက ဖြူဖွေးနေတာပဲနော်ဆိုပြီး အဆီပြန်နေတဲ့ မျက်နှာထားနဲ့ အဖွန့်ခံရတတ်သေးတယ်။ အဲ့လိုအခါမျိုးဆိုရင် ကျွန်မက မျက်နှာကို ခပ်မော့မော့လေးထားပြီး…

'အေးပေါ့ဟယ် ငါ့ဆီက နေမထိရေမထိကိုး ဖွေးတာပေါ့'ဆိုပြီး ပြန်ခံပက်လိုက်တယ်။ အေးရောမို့လား။ ယဉ်ကျေးမပျူငှာတဲ့သူကို နည်းနည်းပတ်ကြမ်းတိုက်လိုက်တာ ကျွန်မ မလွန်ဘူးမဟုတ်လား။

❑

ကျွန်မဆိုင်ဘေးမှာ နေ့ပိုင်းကော၊ ညပိုင်းကော ဆိုင်ကယ် ကယ်ရီသမားတွေက အပြည့်။ သူတို့ကိုကတော့ ကျွန်မ စာရင်းထဲမှာ ရှိတယ်လို့ကို ထည့်မနေတော့ဘူး။ ငွေမရှိလို့ ဆီလေးအမြတ်ရအောင် ရောင်းနေရတဲ့အချိန်မှာ အလှာပေါင်းစုံက ယောက်ျားတွေနဲ့လည်း အံဝင်ခွင်ကျဖြစ်အောင် ဆက်ဆံတတ်ရမယ်လေ။ ဒါကြောင့်လည်း ပတ်ဝန်းကျင်ကတော့ ကျွန်မကို အမြင်မကြည်ကြဘူး။

မုဆိုးမဖြစ်ပြီး ယောကျ်ားတွေနဲ့ တရွန်းရွန်းဆိုပြီးပေါ့လေ။ ကိစ္စတော့မရှိပါဘူး။ အဓိကက ကျွန်မနေပူစပ်ခါးမှာ ယောကျ်ားရင့်မာကြီးတွေနဲ့ ပြိုင်ပြီး ငွေရှာနေတာ သမ္မာအာဇီဝကျဖို့ မဟုတ်ပေဘူးလား။ ဆိုင်ကယ် ကယ်ရီသမားတွေကို အကြွေးထည့်ပေးတန် ထည့်ပေး။

တစ်ခါတလေ တစ်ပတ်လောက်လည်း အကြွေးထည့်ထားပေးရတယ်။ သူတို့က ကျွန်မထက် ပိုကျပ်ကြတယ်။ ကျွန်မဆီဆိုင်လေးနားမှာ ကားတွေရပ်ကြတယ်။ အဲ့တော့ ကားကခရီးသည်တွေကို ဈေးတို့ ရုံးတို့ လိုက်ပို့ရင် အနည်းဆုံး တစ်ထောင့်ငါးရာကနေ သုံးထောင်လောက်ထိ ရကြတယ်။ ဆိုင်ကယ်ကလည်းကောင်း၊ လူကလည်း ကောင်းဆိုရင်တော့ ကိုက်တာပေါ့။ ဆိုင်ကယ်ကလည်း မကောင်း၊ လူကလည်း သောက်တတ်စားတတ်ဆိုရင်တော့ နောက်ရက်ကယ်ရီဂိတ်မှာ လင်မယားနှစ်ယောက်ရဲ့ နောင်ချိန်ပွဲကြည့်ရပြီသာ မှတ်ပေတော့။

တစ်ဦးမေတ္တာ တစ်ဦးမှာဆိုသလို ကျွန်မက ဆီလေးဘာလေးအကြွေးပေး၊ ပြီးရင် ငွေလေးဘာလေး ဆိုင်ကယ်ဘာညာပြင်ဖို့ လိုရင်လည်း ငွေတိုးလေးနဲ့ပေးတော့ အဆင်ပြေတယ်။ အတိုးကတော့ အများကြီး မဟုတ်ပါဘူး။ တစ်ဆယ်တိုးလောက်ပေါ့။ တစ်သောင်းပေးထားရင် ပြန်ဆပ်ရင် တစ်သောင်းတစ်ထောင် အပိုဝင်ငွေလေးရတာပေါ့။

ဆီရောင်းလာတာလည်းကြာတော့ လူတွေကလည်း လူရင်းတွေလိုဖြစ်ပြီ။ သူတို့ကလည်း ကျွန်မ့ရေနွေးစိမ်ထားတဲ့ ဆီဘူးလေး

www.burmeseclassic.com

www.burmeseclassic.com

တွေအကြောင်း ဘယ်သူကိုမှ မပြောကြဘူး။ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီပေါ့။ ဒီတိုင်း ပုံမှန်ရောင်းရင် ဘယ်ကိုက် မတုံး။ ဆီဈေးက ခေါင်ခိုက်နေတာလေ။ ဒါကြောင့် ဆီကို ထည့်ဖို့ ရေသန့်ဘူးတွေ သီးသန့်ရှာဝယ်ထားရတာ။ ပုံမှန်ရေသန့်ဘူးတစ်ဘူးဆိုရင် ငါးဆယ်သား မပြည့်တပြည့်ရှိတယ်။ တချို့ဘူးလေးတွေတော့ လေးဆယ့်ငါးကျပ်သားနဲ့ လေးဆယ်သား ခပ်သာသာလေးတွေ ရှိတတ်တယ်။ တံဆိပ်တွေကိုတော့ ပြောပြတော့ဘူးလေကွယ်။ တော်ကြာ သူတစ်ပါး စီးပွားရေး တုတ်နဲ့ထိုးတယ် ဖြစ်နေဦးမယ်နော့။ ကျွန်မတို့နေရာလေးမှာ ရွှေဈေးဘယ်လောက်၊ စိန်ဈေးဘယ်လောက်ဆိုတာထက် ပုံမှန် နပ်မှန်နေတဲ့ ဆန်အညီရောင် ဈေးလေးနဲ့ တစ်ထောင်ဖိုး ရှစ်လုံးဖြစ်သွားတဲ့ ကြက်ဥဈေးတွေက နေရာယူနေတယ်။

တစ်ခါတစ်ခါ အဆောင်တွေကို ဆိုင်ကယ်နဲ့ ဈေးလိုက်ရောင်းတဲ့ အသားငါး အသီးရွက်ဈေးသည်တွေ ကျွန်မဆိုင်မှာ ဆီလာထည့်ရင်တော့ အပျိုဆောင်၊ လူပျိုဆောင်က အသီးအရွက်ကို အမြုပ်ထွက်အောင် ဈေးဆစ်တတ်ကြပုံလေးတွေကို ကြားရတယ်။ ပုံမှန်လခကို မှန်မှန်စားကြတဲ့အတွက် ချွေတာကြတာမှန်ပေမဲ့ တချို့ဝန်ထမ်းလေးတွေရဲ့ အပြောအဆိုမတတ်ပုံလေးတွေကြောင့် စိတ်ညစ်ကြရတယ်။ လူမှန်ရင် ကြီးကြီးငယ်ငယ် ကျားကျားမမ ကိုယ့်အတွက်ကိုယ်

> မိုးရေစက်စက်ရွှဲနေတဲ့ မိန်းမသား တစ်ယောက်ကို စူးရှပြီး ကြည့်သွားတဲ့ အကြည့်တစ်စုံက ငွေတစ်ထောင်ထက် အာသာရမ္မက် ပိုမိုပြင်းထန် လွန်းလေရဲ့ ယောကျ်ားဆိုတာ ဒါပါပဲလို့ ပြောရင် ကျွန်မကို ယောကျ်ား အများစုက စိတ်ဆိုးကြမယ် ထင်ပါရဲ့

ကြည့်တတ်ကြပါလားဆိုပြီး သံဝေဂကြီးကြီး ရမိပါရဲ့။ ကျွန်မကလည်း လူထဲက လူပဲလေ။ ဒါကြောင့် လေးဆယ်သား ခပ်ကျော်ကျော် ဘူးခွံလေးတွေရှာပြီး ရေနွေးပွက်ပွက်ဆူမှာ ဖင်လေးနဲ့ ခေါင်းလေးကို အနည်းငယ်ကျုံ့သွားအောင်လုပ်ပြီး ဆီနည်းနည်း ခိုးလိုက်တာ ကျွန်မအပြစ် မဟုတ်လောက်ပါဘူးနော။

❑

ဘေးပတ်ဝန်းကျင်မှာ ဘယ်သူမှ မရှိတော့ဘူး။ ကယ်ရီသမားတွေကလည်း သူတို့အိမ်ကို ပြန်ကြကုန်ပြီ။ ကျွန်မမှာသာ ခြင်းတွေထဲကို ထည့်ထားတဲ့ဆီပုံးတွေ တစ်နင့်တပိုးနဲ့ နေပြည်တော်မိုးတွေ နေပြီ။ လေနီကြမ်းတွေကလည်း တဝေါဝေါ အော်နေပြီ။ ဘေးဘယ်ညာ တောင်မြောက်ကို ကြည့်လိုက်တော့ မှိုင်းရီဝေအုံ့နေတဲ့ မိုးသားတွေက ကျွန်မရင်ထဲက အပူမီးကိုဖြစ်စေရန် တရိပ်ရိပ် တက်လာတယ်။ လေနီကြမ်းနဲ့ မိုးဒဏ်ကိုလွတ်အောင် မိုင်ကုန်မောင်းနေတဲ့ ဆိုင်ကယ် တစ်စီးတလေတော့ ဖြတ်သွားပါရဲ့။

ခိုကိုးရာမဲ့ပြီး ကျွန်မတော့ ဒီည ဒုက္ခရောက်ပြီ။ ဆီရောင်းသက်ကြာတော့ ကျွန်မရဲ့ ရေနွေးဖျောထားတဲ့ ဘူးအဖုံးလေးတွေက သိပ်မသေချာချင်တော့။ လူကို မိုးလေဒဏ် ခံရတာအပထား၊ လေကြမ်းရဲ့ အရှိန်ကြောင့် ကျွန်မဆီဘူးလေးတွေ လွင့်ထွက်မသွားအောင် လေလာရာအရပ်ကို ကျွန်မကိုယ်နဲ့ ကာပြီး ခြေထောက်နှစ်ချောင်းကို ကားထားမိတယ်။

ဘယ်လောက် ကဗျာမဆန်လိုက်သလဲ။ မိုးလေအုံ့မှိုင်းရှာဟန်ပြင်နေတဲ့ မင်းနေပြည်တော်မှာ ထဘီကို အကာကွယ်လုပ်ပြီး ဆီဘူးတွေကို ကာကွယ်နေတဲ့ မိန်းမတစ်ယောက်ကို ဘေးပတ်ဝန်းကျင်ကမြင်ရင် လှောင်ပြောင်ကြလိမ့်မယ်။ ဝမ်းရေးက ခက်ခက်မို့ ဘယ်သူ့အကြည့်နဲ့ အပြောကိုမှ အရှက်မထားနိုင်တာတော့ အမှန်ပါ။ ကျွန်မကာကွယ်နေရင်းပင် မိုးတွေက ငိုလေပြီ။ လေတွေကလည်း အပြင်းအထန် တိုက်လာတယ်။

ညနေစောင်းမှာ ရောင်းရမယ့် ဆီတန်ဖိုးလေးကို အမြတ်တွက်ပြီး စိတ်ပူမိတာတော့အမှန်။ တစ်ရက် ခုနစ်ထောင်မှာ သားတွေ၊ သမီးအပျိုပေါက်လေး အဝတ်အစား၊ ကျောင်းစာရိတ်နဲ့ သားငယ်လေးကို လူတမ်းစေ့ထားနိုင်ရန်ကြိုးစားနေရတာ တကယ်ကိုမလွယ်။ ဒီလိုနေ့မျိုးဆိုဝန်ထမ်းတွေ စီးပွားရေးသမားတွေကတော့ အေးအေးဆေးအရိပ်ကောင်းတဲ့ အိမ်ကောင်းကောင်း အဆောင်ကောင်းကောင်းမှာ အေးချမ်းနေပေမဲ့ ကျွန်မကတော့ တကယ် ပူပန်နေမိတယ်။

ဖွဲရာမှသည်း သည်းရာမှ ပိုပြီး ကြမ်းလာတယ်။ ကျွန်မဆံနွယ်တွေကစပြီး တစ်ကိုယ်လုံး စက်စက်ရွှဲကုန်ပြီ။ ကျွန်မသိမ်းနေစဉ်မှာပင် ဆီထည့်ရန် ကျွန်မနဲ့ရွယ်တူ တစ်ယောက်လာတယ်။ အနည်းငယ်တော့ ပျော်သွားမိတယ်။ ဆီတစ်ဘူးဆိုတစ်ဘူး အမြတ်ရနိုင်သေးတယ်လေ။ ဒါပေမဲ့ ကျွန်မ သူ့အကြည့်အောက်မှာ ရှုံးတယ်။ မိုးရေစက်စက်ရွှဲနေတဲ့ မိန်းမသားတစ်ယောက်ကို စူးရှပြီး ကြည့်သွားတဲ့ အကြည့်တစ်စုံက ငွေတစ်ထောင်ထက် အာသာရမ္မက် ပိုမိုပြင်းထန်လွန်းလေရဲ့။ ယောကျ်ားဆိုတာ ဒါပါပဲလို့ပြောရင် ကျွန်မကို ယောကျ်ားအများစုက စိတ်ဆိုးကြမယ်ထင်ပါရဲ့။

'အစ်မ ဆိုင်မသိမ်းသေးဘူးလား။ ဒီလောက် မိုးတွေသည်းနေတာကို'



www.burmeseclassic.com

www.burmeseclassic.com

စနေ တနင်္ဂနွေနေ့တိုင်း သင်တန်းသွားတက်တဲ့ ကျွန်မ ဆီဆိုင်နဲ့ မလှမ်းမကမ်းရုံးက ကောင်လေး ပျဉ်းမနား သင်တန်းကအပြန်မှာ ဆီဝင်ထည့်ရင်းမေးတယ်။

'သိမ်းနေတာပဲဟယ်။ မိုးတွေကလည်းသည်း၊ ဒီနေ့မှ ဟိုကောင်တွေကလည်း စောစောပြန်ကုန်တယ်။ ဘယ်လိုလုပ်ရမလဲကို မသိသေးဘူး'

ကျွန်မအပြောကိုကြားရင် ကောင်လေးက-

'ကျွန်တော် လိုက်ပို့မယ်။ သိပ်တော့ မထူးပါဘူး။ မိုးက ပျဉ်းမနားအပြန်မှာတင် ကျွန်တော်လည်း ရွှဲနေပြီ။ ကဲ ဆီပုလင်းတွေ နိုင်တယ်မို့လား'

ကောင်လေးက ပြောလည်းပြော ဆိုင်ကယ်ခွကြားကို ကျွန်မဆီပုံးကြီးတစ်ပုံး တင်လိုက်တယ်။ နောက်ခြင်းတောင်းထဲထည့်ထားတဲ့ ကျွန်မဆီခြင်းလေးကို ဆိုင်ကယ်နောက်ကထိုင်ပြီး ပေါင်ပေါ်တင်ပြီးစီးဖို့ ပြောတယ်။ ကျွန်မ သိပ်စဉ်းစားမနေပါဘူး။ ကျွန်မဆီမှာ ဆီအမြဲထည့်နေပြီး ရုံးကိုလည်း သိနေတာကို။ သူစိမ်းတစ်ရံဆံထက် ကိုယ်ဖောက်သည်ရဲ့ အကူညီကို ယူလိုက်တာ ပိုအဆင်ပြေလောက်ပါတယ်။

ကောင်လေးက သူရဲ့ စီးရွှဲနေတဲ့ ကျောပိုးအိတ်ကို ရှေ့ကိုပြောင်းလွယ်ပြီး ကျွန်မကို အဆင်ပြေပြေ ထိုင်ရအောင် နေရာကျဲ့ပေးတယ်။ နေပြည်တော် ခြောက်လမ်းသွားကားလမ်းမှာ တိုးဝှေ့နေတဲ့ လေနီကြမ်းတွေနဲ့ အပြိုင်နဲ့ သည်းနေတဲ့ မိုးစက်တွေက အသားတွေတောင်နာလောက်အောင်ပြင်းထန်လွန်းလှတယ်။ တစ်ခါတစ်ခါလေ အဝှေ့မှာ ဆိုင်ကယ်တောင် အနည်းငယ်ယိမ်းသွားလေရဲ့။

မိုးမျက်နှာကို ကျွန်မ သေချာစူးစိုက်ကြည့်ပြီး ဒီအချိန်မှာ ရွာရက်သော မိုးနတ်မင်းကို စိတ်ထဲမှာ ခပ်စပ်စပ်ကျိန်ဆဲလိုက်တယ်။ မိုးယိုလေမလုံတဲ့ အိမ်ငယ်လေးမှာ အဖမဲ့မောင်နှမနှစ်ယောက် မည်မျှ ကြောက်နေကြမလဲ။ ဒါမှမဟုတ် သူ့အသွားအိမ်ကိုများ ရောက်နေကြမလား မသိ။ ဒီအချိန်မှာ ကျွန်မရဲ့ ရေစိုနေတဲ့ ထဘီက အနည်းငယ်နေရာမကျဖြစ်လာတယ်။

ဆီထည့်ထားတဲ့ ခြင်းလေးကို အသာထိန်းပြီး ထဘီကို ခပ်တင်းတင်းအားပြုဝတ်လိုက်တဲ့အချိန်မှာ လေကြမ်းကြမ်းဝှေ့လိုက်တဲ့အရှိန်နဲ့ ကားလမ်းချိုင့်တစ်ခုကို ဆိုင်ကယ်ဆောင့်မိတဲ့အရှိန် ပေါင်းပြီး ကျွန်မရဲ့ဆီခြင်းလေး အောက်သို့ လွင့်ကျသွားတယ်။

'ဟာ'

'ဟာ'

ဆိုတဲ့အသံနှစ်ခု ကျယ်လောင်စွာ ထွက်ပေါ်လာတယ်။ ကျွန်မ-

'မငိုပါနဲ့မိုးရယ်'

လို့ မပြောခင် ဝေ့တက်လာတဲ့ မျက်ရည်တွေကို ကတ္တရာလမ်းပေါ်က မိုးရေနဲ့ ဆီရောပြီး တောက်ပြောင်သွားတဲ့ ခြောက်လမ်းသွား နေပြည်တော်လမ်းမကြီးက လှောင်ပြောင်သွားလေရဲ့။

■

**မင်းမောန်**

# ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှ ၂၀၁၅ ခုနှစ် မတ်လ ၉ ရက်နေ့အထိ

(၁) နေမင်းနွယ် *တိမ်လွှာထက်ကချစ်ရိပ်လေး* ၊စစ်ကိုင်း၊ (၂) နေမင်းနွယ် *ကြွေး* ၊စစ်ကိုင်း၊ (၃) နေမင်းနွယ် *စိတ်ဆိုတဲ့ကောင်* ၊စစ်ကိုင်း၊ (၄) နေမင်းနွယ် *ထူးဆန်းသော အိပ်မက်* ၊စစ်ကိုင်း၊ (၅) ဝင်းတင်(ရွှေရောင်မြေ) *ခြေတစ် လှမ်း* ၊သထုံ၊ (၆) ကိုပန်းစကား *ခြင်ထောင်တစ်လုံး ပုဆိုး ခြောက်တစ်ပုံး* ၊ရန်ကုန်၊ (၇) ငွေအောင်စိန်(အင်းမ) *အထူးကု* ၊ရန်ကုန်၊ (၈) ငွေအောင်စိန်(အင်းမ) *လျှို့ဝှက်သံစဉ်* ၊ရန်ကုန်၊ (၉) ဒိုရာဂျူးနေ *ကျွန်တော့်သမိုင်းမှာ လရောင်နဲ့ကြွေတဲ့နှင်း (ဒဏ္ဍာရီလွှမ်းချင်း)* ၊မကွေး၊ (၁၀) ဆည်းဆာသစ် *ခေတ်က ပဲစီးဆင်းလား၊ စီးဆင်းတာခေတ်လား* ၊ပခုက္ကူ၊ (၁၁) ပတ္တမြားနီနီ *ရာသီပေါ်* ၊ရန်ကုန်၊ (၁၂) ပတ္တမြားနီနီ *ခုတ်လိုက်သွားသည်* ၊ရန်ကုန်၊ (၁၃) ရဲစွမ်းနေ *ယန်းနုရောင်အလွမ်း* ၊ပျော်ဘွယ်၊ (၁၄) အဥ္စန(ညောင်ပင်) *ဒစ္စကိုမီးနဲ့ပွင့်တဲ့ပန်း* ၊ရန်ကုန်၊ (၁၅) အဥ္စန(ညောင်ပင်) *ပုံပြင်လေလား* ၊ရန်ကုန်၊ (၁၆) ကိုဂျီးအဲ *ကြွေဖို့လား ခြွေဖို့လား* ၊မုံရွာ၊ (၁၇) လက်ထော်(ထားဝယ်)*တစ်နေ့တာခရီး* ၊ထားဝယ်၊ (၁၈) လက်ထော်(ထားဝယ်) *နှုတ်ချိုလျှိုတစ်ပါး* ၊ထားဝယ်၊ (၁၉) ကိုပန်းစကား *ခြေတစ်ချောင်းစွမ်းအားရှင်* ၊ရန်ကုန်၊ (၂၀) နေမင်းနွယ် *မှသားတစ်ထောင် ဝက်မှာတောင်* ၊စစ်ကိုင်း၊ (၂၁) ဖြူလေး(လယ်ဝေး) *ကြယ်စင်လှမ်းခေါ် လမင်းအဖော်* ၊နေပြည်တော်၊ (၂၂) ဥညြ(ချယ်ရီမြေ) *မွေးနေ့လက်ဆောင်* ၊ပြင်ဦးလွင်၊ (၂၃) ဇကာရီဝိုင်း *ဂုဏ်* ၊မန္တလေး၊ (၂၄) စုဝေနှင်း *ယန်းခြံ* ၊E-mail၊ (၂၅) မိုးခကျော်သွင် *တစ်ခါတစ်ရံ နှလုံးသားသည်လည်း* ၊ပျော်ဘွယ်၊ (၂၆) ပြိုးနွဲ့နွဲ့ဝါ *ဆောင်းတစ်ညအိပ်မက်* ၊သထုံ၊ (၂၇) ပြိုးနွဲ့နွဲ့ဝါ *ပုံရိပ်များ* ၊သထုံ၊

*အောင်မြတ်မြတ်ချို ပြုစုသည်။*

www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ(၂၃၁)မှ...

ကိုနေလင်း မျက်နှာပေါ်မှ အစဉ်အမြဲတွေ့ရတတ်သော အပြုံးနတို့မှာ စိုးစဉ်းမျှ မရှိ။ အသွားတုန်းက သွက်လက်သော ခြေလှမ်းတို့ အပြန်တွင် မရှိတော့။ ခေါင်းငိုက်စိုက်ချကာ ဝင်လာသော ကိုနေလင်းအား သူ ဆီး၍ လှမ်းမေးလိုက်သည်။

'အဆင် ပြေရဲ့လား ကိုနေလင်း'

နွမ်းလျသော ကိုနေလင်းမျက်နှာမှ 'ဟူး' ခနဲ လေပူတစ်ချက် မှုတ်ထုတ်ပြန်သည်။ ပြီးနောက်-

'ကျွန်တော် မျှော်လင့်ထားသလို ဖြစ်မလာဘူးဗျာ။ ကျွန်တော်ကတော့ ကိုယ့်ရဲ့လူမျိုး မြန်မာမိန်းကလေးတစ်ယောက် ရေခြားမြေခြားမှာ ဒုက္ခရောက်နေလို့ ကူညီပေးတာပဲ။ ပေးတဲ့လူက ပေးတော့လည်း ယူချင်တဲ့သူက လက်ခံဦးမှ မဟုတ်လား'

ကိုနေလင်းမှ ခဏစကားစဖြတ်လိုက်ပြန်၏။ သူက သိချင်စိတ်တို့ လှိုင်းထန်လာ၏။

'ဆက်ပြောပါဦး အဲဒီမိန်းကလေးက ဘာဖြစ်လို့လဲ'

သူက အားမလိုအားမရ ဆက်မေးလိုက်သည်။

'အဲဒီမိန်းကလေးက ရေပေါ်ဟိုတယ်မှာ မရှိတော့ဘူး။ တခြားကမ်းခြေမြို့တစ်မြို့ကို ပြောင်းသွားပြီ။သူ ကျွန်တော့်ကို ဖုန်းလှမ်းခေါ်တယ်။ သူ့ကို အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်တဲ့။ သူ မနေ့က မြန်မာနိုင်ငံက အိမ်ကို ဖုန်းလှမ်းဆက်တော့ ငွေလှမ်းတောင်းတယ်တဲ့။ မြန်မာနိုင်ငံက လှမ်းတောင်းတဲ့ငွေကို သူ အချိန်မီ လှမ်းပို့ရမယ်တဲ့။ သူ့ကိုလည်း ထပ်ပြီး ဆက်သွယ်ဖို့ မကြိုးစားပါနဲ့တော့တဲ့။ အခုလက်ရှိသုံးနေတဲ့ ဆင်းကဒ်ကိုလည်း ဆက်ပြီး သုံးတော့မှာ မဟုတ်ဘူးဆိုပြီး ဖုန်းချသွားတာပဲ'

သက်ပြင်းရှည်ကြီးအား မောပန်းစွာ ကိုနေလင်းက ချလိုက်၏။ သူလည်း ခံစားချက်မရှိသလို တဒင်္ဂ ကြောင်သွား၏။

'ကံတရားအတိုင်းပေါ့ကွာ၊ မြန်မာနိုင်ငံမှာ သူ့အမေအိုနဲ့ မောင်လေးတစ်ယောက်ရှိတယ်ဆိုတာကလွဲလို့ ကိစ္စအားလုံးကို လုံးစေ့ပတ်စေ့ မပြောတော့ ဘယ်လိုမှ မစဉ်းစားတတ်ဘူး။ သူ့ကံအတိုင်းပဲပေါ့လို့ သဘောထားရတော့မှာပဲ။ ကဲ...ငါ့ညီလည်း မနက်ဖြန် အလုပ်ဆင်းဖို့ ရှိသေးတယ်။ အနားယူလိုက်ဦးကွာ'

ကိုနေလင်း နှုတ်ဆက်ထွက်သွားတော့ သူ့အတွေးမျှင်တို့မှာ တိမ်စတွေနှယ်။

မြောက်ကမ္ဘာခြမ်းမှ ဆောင်းခိုငှက်တို့သည် ဆောင်းရာသီတွင် တောင်ကမ္ဘာခြမ်းသို့ ပြောင်းရွှေ့ဆောင်းခိုကြသည်။ အများအားဖြင့်တော့ ရေပျော်ငှက်တွေ များ၏။ မူရင်းဒေသမြောက်ကမ္ဘာခြမ်းတွင် ဆောင်းကုန်လျှင်တော့ ဇာတိဒေသသို့ ပြန်ကြစမြဲပင်။ သူ ထိတွေ့ခွင့်ရခဲ့သော ရေပျော်ငှက်လေးမှာတော့ ဇာတိနေရပ်သို့ ပြန်ရန် ငြင်းဆိုခဲ့တော့သည်။ အတောင်ညောင်း၍လား၊ ရေပြင်ပေါ်တွင် ဆက်လက်ပျော်မြူးချင်၍လား။ သူတို့၏ခြေရာကိုတော့ ရှာဖွေနိုင်ဖို့ရာ အခက်သား။

■

**မင်းတုန်းမောင်စိမ်းလွှင်**






www.burmeseclassic.com

www.burmeseclassic.com



ကလေး မမွေးတော့ဘူးဆိုတာနဲ့ ဘာမှ သည်လောက်ထိ
Hope Less ဖြစ်နေစရာ၊ Depress ဖြစ်နေစရာ မလိုပါဘူးကွယ်
ရှင်တို့ အသက်ကလေးတွေက ဘယ်လောက် ရှိသေးလို့တုန်း၊ ချမ်းသာသထက်
ချမ်းသာချင်တယ်ဆိုတဲ့ American Greed စိတ်နဲ့ စီးပွားရေးထဲမှာချည့် နစ်နေကြတာက
မျက်စိကလေးဘာကလေးလဲ ဖွင့်ပြီး သည်ကနေ့ Modern Age ရဲ့
Advanced Medical Achievements တွေဘက်လဲ ငဲ့ကြည့်လိုက်ကြအုံး

www.burmeseclassic.com

www.burmeseclassic.com

# [illegible]

## အို ဘယ့်ဘယ် အိုဘယ့်အမိငယ်

ပြဿနာတော့
ပြဿနာပဲ။ တခုခုတော့
မှားနေပြီ၊ တနေရာရာမှာ
တယောက်ယောက်က
ချွတ်ယွင်းမေါက်ပြန်နေပြီ
ဆိုတာတော့ သေချာနေပြီ။
ပထမတခါ
မျက်တချဲ့တုန်းကတော့
ဗဟုသုတ မရှိခဲ့ကြတဲ့
ကိုယ့်ဘဝတွေကိုသာ
ကိုယ်ဝေဖန်ပြစ်တင်
ခဲ့ကြတယ်။
သည်လိုဖြစ်မှာမျိုးတွေကို
ကြောက်လို့
ကြိုကြိုတင်တင်
ကိုယ်ဝန်အပ်ထားတဲ့
Oh-ဒုဿ ဆရာဝန်
Dr.Jill Johansson ကလဲ
သူ့လက်ခွဲ Midwife နဲ့
အိမ်တိုင်ယာရောက်
လာကြပြီး သေချာရှာကိုက်
Dante သားအိမ်သန့်စင်ရေး
လုပ်ပေးသွားတာပဲ။
ဘာမှ ထွေထွေထူးထူး
မပြောဘူး။
တချို့သည်လိုပဲ
ကိုယ်ဝန်နှစ်ဥကာလ
မနိုင်မြခင်မှာ
ဖြစ်တတ်ကြပါတယ်တဲ့။
အပြောင်အပြက်သဘောနဲ့
ဆင်ခြင်စရာတွေကိုတောင်
Scarcastically
စ•သွားလိုက်သေးတယ်။
[illegible]တို့ Kyle တို့ကလဲ
တအား
ကလေးလိုချင်နေကြတာ
ဆိုတော့ Dr.Jill
ပြောသွားတဲ့
ဆင်ခြင်စရာတွေကို
ဒေသနာတရားလို
သတိထား
လေးစားလိုက်နာခဲ့ကြတာပဲ။
အရွယ်တွေက
သန်တုန်းမြန်တုန်း
၂၆/၂၇ဆိုတော့သဲ
ရံဖန်ရံခါမှာ
စိတ်လိုက်မာန်ပါကလေးဘွေ
ဖြစ်မိကြောင်း

အာ ခန်း ဆက် ဝ [illegible] ရှည်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်မိမှာပေါ့နော်။ Sorry ပါ။ အပြစ်ကြီးတခုရယ်လို့ မဆို စေလိုတာက လက်မထပ်ခင်ကလဲ သူတို့က သာမန်တခြား Couple တွေလို တအားလွပ်လပ်ပျော်မြူးစွာ မပျော်ရမ်း မကြမ်းတမ်းဖြစ်ခဲ့ကြဘူးရယ်။ Kyle ရော Meg ရောက Master ဆုံးခန်းတိုင် မပြီးကြမီ ကတည်းက မိဘတွေရဲ့ အလုပ် တွေထဲမှာ အချိန်ရသမျှ ဝင်တာဝန်ယူ ကူလုပ်ပေးနေခဲ့ကြရတာ လေ။ ဘဝတွေ တူလိုက်ပုံက Meg ကလဲ တယောက်တည်း သော ရင်သွေး။ Kyle က လဲ မောင်နှမ ညီအကို မွေးချင်းမရှိ။ အမှန်ပြောရရင် Week-end တိုင်းမှာတောင် Date လုပ် မတွေ့ နိုင်ခဲ့ကြဘူး။

အခုလဲ ပထမတကြိမ် Miscarriage က ပေးခဲ့တဲ့ သင်ခန်း စာတွေအရ ဘယ်လိုမျိုးအတတ်ဆန်းတွေမှ မစမ်းသပ်ရဲခဲ့ကြ တော့ဘူးရယ်။ ပြီးတော့လဲ ကိုယ့် Primary ဆရာဝန်တွေနဲ့ကိုယ် လိုအပ်သမျှ သွေးတွေဖေါက်ထုတ်စစ်ဆေးကြပြီးသားပဲ။ ဘာ ရောဂါခံမှ မရှိကြဘူး။ ၂ယောက်စလုံး သန့်။ ၂ယောက်စလုံး ကောင်း။ ကောင်းကြလို့လဲ အရင်တကြိမ်နဲ့ ခုတကြိမ်တောင် ကိုယ်ဝန်တွေ ရလာခဲ့ပြီမဟုတ်လား။ ပြောရရင် အခုလို ပျက် ကျရတာတွေကလဲ တခုမှ Traumatic မဟုတ်ဘူး။ ထိမိခိုက်မိ ရအောင် Meg မှာဖြင့် ဆင်ခြင်လိုက်ရတာ ကိုယ့်ခြေအိတ်ကိုယ် တောင် ခါးချိုး ကုန်းမစွပ်ဘူး။ ပြီး နဂိုအရပ်ကကို ၅ပေ၉ လက္ခဏဆိုတော့ ဒေါက်မြင့်ဖိနပ်တွေလဲ မစီးဖြစ်တော့ဘူး။ ဘယ်ကလာ သည်အရွယ် ဘယ်သွားဘယ်လာလို့ ခလုတ် တိုက်ရမှာလဲ။

ဒါပေမယ့် အခုတကြိမ်လဲ Meg မှာ ကိုယ်ဝန် ၃လထဲ ရောက်လာလို့ ဝမ်းသာနေရတဲ့အချိန်။ သူ့အလုပ်ရုံးခန်းထဲက ဧည့်ခံမှန်စားပွဲဝိုင်းမှာ ခါတိုင်းလိုပဲ နေ့ခင်းစာ Lunch အပြင်ခိုင်း ထားပြီး စားပွဲပြောင်း လာထိုင်စားမယ့်အလုပ်။ ထိုင်နေလက်စ ပင့်ကူခြေထောက် ဘီး၅ဘီးတပ် ဆုံလည်ကုလားထိုင်ကို ထိုင် ရာမထ နေရာမရွှေ့ ဖင်နဲ့ခါးကလေးကို အသာလိမ်ပြီး ထဖို့ အလုပ်လိုက်မှာ ဆီးထွက်ချင်သလိုလို ဖြစ်လာတာရယ်။ သိတယ်နော်…။ ကိုယ်ဝန်ဆောင်ထားရင် ခဏခဏ ဆီးသွား ရတတ်တယ်။ ဆီးပုံးပေါ် သားအိမ်က ဖိလို့တဲ့။ နော့ Meg လဲ မနက်ရောက်ကတည်းက ထိုင်အလုပ်လုပ်နေတာ ကြာမှ ကို။ ဆိုတော့ ရုတ်တရက် မထိန်းလိုက်နိုင်ဘူး။ ထွက်ကုန်ရော။

> Meg က ဟန်မဆောင်နိုင်တော့ဘူး။ ပွေ့ဖက်နှစ်သိမ့်နေတဲ့ Kyle ရဲ့ ရင်ခွင်ထဲကနေ လင်ကို ရှိုက်ကြီးတငင် တောင်းပန်တယ်။ Kyle ရဲ့ အိပ်မက်ကလဲ Meg ရဲ့အိပ်မက် ပါပဲတဲ့။ တအိပ်ရာထဲမှာ အတူတူဆန္ဒပြု ဆုတောင်းခဲ့ကြပါပဲတဲ့။ ဒါပေမယ့် Kyle ရဲ့ အိပ်မက် Kyle ရဲ့ဆန္ဒကို လုံးဝ ဖြည့်စွမ်း မပေးနိုင်တော့တဲ့အတွက် တအားဝမ်းနည်းကြေကွဲရပါတယ်တဲ့

ဒုက္ခပါပဲ။ မစားခင်တော့ အိမ်သာခန်းထဲ အရင်ဝင်ပြီး အောက်ခံ Hipster ကို ချွတ်လဲသန့်စင်ရအုံးတော့မှာပါပဲ။ တော် ပါသေးရဲ့။ ထမင်းပွဲပြင်ရင်း Microwave နဲ့ ဟင်းတွေနွှေးပေး နေတဲ့ P.A မကလေး Shelby က အခန်းထဲမှာပဲ ရှိနေပေလို့။ သူတော့ ရှက်နေစရာ မလိုဘူးလေ။ သူ့ပဲ အကူခိုင်းပြီး သေးစို ဝတ်ကို လဲရမှာပဲ။ Meg မတ်တတ်ရပ်ပြီး Skirt ကို လှပ် Hipster ကို လက်တဖက်လျှိုထည့် ချွတ်လိုက်တယ်။

Oh!my...lord help...ဘယ်ကလာ ဆီးဟုတ်ရမှာလဲ… သွေးမှသွေးတွေ သွေးခဲတွေရယ်…။ Hipster တထည်လုံးလဲ သွေးတွေနဲ့ ရွှဲနစ်လို့ပါလား။ ပေါင်တွေပေါ်မှာလဲ သွေးတွေက စီးကျကုန်ပြီ။ Hipster ကို လက်ခုပ်နဲ့ဆုပ်ထိန်းကိုင်ထားတဲ့ လက်တလက်လုံးလဲ သွေးတွေနဲ့ရဲလို့။ Meg ဆက်ရပ်နေလို့ မဖြစ်တော့ဘူး။ Skirt ပါးပါးကလေး မလုံ့တလုံနဲ့ပဲ ကိုယ့် Sofa ကုလားထိုင်ပေါ်ကိုယ် ပြန်ထိုင်ချလိုက်ရတယ်။

Shelby က သွေးတွေကိုမြင်တော့ အူလျားဖါးလျားပြေး လာပြီး ဖေးမကူညီရှာတယ်။ ရေချိုးခန်း Closet ထဲက တွေ့ သမျှ Hand towel တွေ Wash Cloth တွေ ဆွဲထုတ် ရေဆွတ်ယူ လာပြီး ပွတ်တိုက်သန့်စင်ပေးရှာတယ်။ Shelby ကတော်တယ်။ သူမှာ Meg လို အတွေ့အကြုံမရှိပေမယ့် Panic မဖြစ် ကြောင် နေယောင်မနေဘူး။ ပြီး သွေးတွေက မရပ်သေးလို့ထင်ပါရဲ့။ ဧည့် Settee Couch က ပိုးမွှိုအုံးပျော့ကလေးကို သွားယူပြီး Meg ရဲ့ပေါင်ကြားမှာ ညှပ်ပေးထားတယ်။ သူ သတိကောင်း တယ်။ အလုပ်စားပွဲပေါ်က Intercom ဖုန်းအစိမ်းနဲ့ အဖေ့ကို လှမ်း ဆက်ခေါ်တယ်။ တပြိုင်တည်းပဲ တခြား Regular ဖုန်း အဖြူနဲ့ Kyle ကိုလဲ အမြန်လာဖို့ လှမ်းအကြောင်းကြားတယ်။ Meg ကတော့ ကိုယ့် Cell ဖုန်းနဲ့ ကိုယ်ပဲ 911 ကိုဆက်ပြီး Paramedic Ambulance ကိုခေါ်လိုက်တယ်။

Meg ရဲ့ Ob-gyn အလုပ်ရှိ ရာ ဆေးရုံက E.R ကိုရောက်လို့ Dr.Jill ရဲ့ Patient လို့ Paramedic တွေက ပြောအပ်လိုက်တော့ ဘာ Insurance တွေမှ မေးမနေပဲ Labour ခန်းထဲတန်းပို့ Table ပေါ်တင် အလျင်အမြန် ဝိုင်းဝန်းပြုစုကုသကြတယ်။ Dr.Jill က သည်ကနေ့ တနင်းလာ Day off မို့ သူမရှိပေမယ့် ထုံးစံ အတိုင်း နှလုံး၊သွေးတိုး၊ Oxygen စတဲ့ ပိုက်မျိုးစုံ အကုန် တပ်ဆင်ထားပြီးတဲ့အပြင် ဘာလဲမသိ အိတ်တအိတ်ချိတ်ပြီး I.V နဲ့ Drip သွင်းထားသေးတယ်။ ကောင်းကောင်း Stable ဖြစ်နေပြီဆိုမှ သီးသန့်လူနာခန်းတခန်းထဲ ပို့တယ်။

အခန်းထဲမှာကတော့ Meg ရဲ့အဖေရော အမေရော၊ Kyle ရော၊ Shelby ပါ ရောက်နှင့်ကြိုဆိုနေကြတယ်။ Meg လဲ ... လို့ရှင်လို့ပါ။ မျက်နှာလဲလုံးဝ Pale မဖြစ်ဘူးရယ်။ သ...မန်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com

ဆင်းရဖို့ပါပဲ။ ဒါပေမယ့် Meg က ဆေးရုံပေါ်လဲ ရောက်နေရတယ်။ ဆေးရုံအဝတ်လဲ ပြောင်းဝတ်ထားရတယ်။

အကြောင်းက အခု ပြန်မဆင်းရဘူး။ ဆေးရုံပေါ်မှာ တရက် ဆက်နေရအုံးမယ်တဲ့။ Dr.Jill က နေခိုင်းတာတဲ့။ အခုလို ကိုယ်ဝန်ရှိလာတိုင်း ပျက်ပျက်ကျနေတဲ့ Meg ရဲ့ရာဇဝင်ကို သူ မကြိုက်ဘူးတဲ့။ အပွင့်ပွင့်တိုင်း အသီးမဖြစ်ခင် အကင်းဘဝမှာချည့် ကြွေကျရတယ်ဆိုတာ ပုံမှန်ဓမ္မတာမှ မဟုတ်ပဲတဲ့။ ချွတ်ယွင်းချက် တခုခု ရှိလိမ့်မယ်တဲ့။ သည်တော့ ဆေးရုံပေါ် ရောက်နေတုန်း ရောက်နေခိုက် သူသေချာ Observe လုပ်ကြည့်ချင်တယ်တဲ့။ Defect တွေ့ရင် တလက်စတည်း ရောဂါကင်းစင်သွားအောင် ကုလိုက်မယ်တဲ့။ ဝမ်းသာလိုက်တာ…။ ဒါမှ စေတနာ မေတ္တာ ဆရာဝန်။ ဟုတ်ပါ့ကော။ ဆေးရုံပေါ်မှာကတော့ စက်မျိုးစုံ၊ ပစ္စည်းကရိယာမျိုးစုံ၊ ဌာနပေါင်းစုံ၊ ပညာရှင်ပေါင်းစုံ အဆင်သင့် ရှိတယ်လေ။ ဆေးဝါးလဲ အဆင်သင့်၊ ကုသမယ့်ဆရာဝန်လဲ အဆင်သင့်၊ ပြုစုမယ့် သူနာပြုတွေလဲ အဆင်သင့်။ လိုတာရှိရင်လဲ ချက်ချင်းလက်ငင်း လုပ်လို့ရတာပေါ့။ အိမ်နဲ့ ဘယ်တူမလဲ။

ပထမဆုံးအနေနဲ့ကတော့ အခုလောလောဆယ် အရေးပေါ် D and C လုပ်ပေးနေတဲ့ E.R က တာဝန်ကျဆရာဝန်ကိုပဲ လူနာဖြစ်တဲ့ Meg ရဲ့ Uterus ထဲက Cell တအိတ်ကို ဖြတ်ထုတ်ယူလိုက်ပြီး Lab ကိုပို့ Biopsy လုပ်ခိုင်းပေးထားဖို့ ညွှန်ကြားထားတယ်တဲ့။ အဲသည် Quest Diagnosis က ထွက်လာမယ့် Result ပေါ်မှာ မူတည်ပြီးတော့မှ လုပ်စရာရှိတာ ရှိလာမှာတွေကို မနက်ဖန် သူ Duty ဝင်လာမှ တိုင်ပင်ဆုံးဖြတ်လုပ်မယ်တဲ့။ သည်လိုနဲ့ ဆေးရုံပေါ်မှာ အိမ်ပြန်ချင်စိတ်ကို မျိုသိပ်ပြီး တညအိပ်နေလိုက်ရတယ်။

မနက်ရောက်လို့ Dr.Jill Johansson ဝင်အလာမှာတော့ အဖြေလဲ ရလာပါပြီ။ ကိုယ်ဝန်ပျက်ပျက်ကျနေရခြင်း အကြောင်းရင်းရဲ့ တရားခံကိုလဲ သိရပါပြီ။ Lab ရဲ့ တွေ့ရှိချက်အရ Meg ရဲ့ သားအိမ်အဝ Uterus entrance မှာ မိန်းမတိုင်းရှိနေရ၊ ရှိနေကြမြဲဖြစ်တဲ့ အဖွင့်အပိတ်တာဝန်ကို ဆောင်ရွက်တဲ့ Contraceptive Diaphragm ကကို အလိုအလျောက် Battered ဖြစ် ပျက်ယွင်းစုတ်ပြဲနေတာတဲ့။ သားအိမ်ထဲမှာ သန္ဓေမတည်သေးရင်သည် Diaphragm က ဖွင့်ပေးနေရမှာဖြစ်ပြီး၊ သားအိမ်ထဲမှာ သန္ဓေတည်နေရင် ပိတ်ထားရမှာတဲ့။ မိန်းမတွေရဲ့ကိုယ်ခန္ဓာ ဖွဲ့စည်းပုံသဘာဝက ဖန်ဆင်းထားတာ ဆိုပါတော့။ အခုတော့ အခါခပ်သိမ်း တံခါးမရှိ ဓါးမရှိ မလုံခြုံတော့ဘူးပေါ့။ Diaphragm ဆိုတာကလဲ သိတယ်နော်။ ပတ်တီး ပိတ်စ Mesh လို၊ ပိုက်ကွန် Net လို ပါးပါးလျလျ အလွှာကြည်ကလေးရယ်။ စားနေကြတဲ့ ကြက်သား အမဲသား စသည်မှာလဲ တုံးတစ်ဖြတ်တောက် ဆေးကြောစဉ်ကာလက တွေ့ဖူးမှာပေါ့။ ကိုယ်ခန္ဓာထဲမှာ အစိပ်အပိုင်း တခုနဲ့တခု မရောနိုင်အောင် ကာထားတာပေါ့။(မတရားခုန့်ပေါက် ဆော့ဖန်များရင် Intestines အူအခွေ တွေကလဲ အစာပေါင်းတွေနဲ့ လေးလံပြီး သူ့အောက်က ခံထားတဲ့ Diaphragm ကို ဖြဲဖေါက်ပြီး ကပ်ပယ်အိတ် Scrotum ထဲကို နည်းနည်းချင်း တိုးဝင်တာပဲ။ ဒါကို Hernia အူကျတဲ့ဝေဒနာလို့ ခေါ်တာပေါ့။) အခု Meg ရဲ့ မွေးရာပါ စုတ်ပြဲနေတယ်ဆိုတဲ့ Diaphragm ကတော့ အစိုင်အခဲ Solid တွေကို တားထားတာ ကာရံထားတာ မဟုတ်ဘူး။ ယောကျ်ားနဲ့ ဆက်ဆံတဲ့အခါမှာ သုက်ရည် Semen ထဲ ပါလာတဲ့ သန္ဓေတည်စေနိုင်တဲ့ သုက်ပိုး Sperm ကိုသာ တားတာရယ်။ Contraceptive ဆိုမှတော့ ကိုယ်ဝန်မရှိအောင် သန္ဓေတားတာပေါ့။ ဆိုတော့ကာ Meg ရဲ့သားအိမ်အဝက စုတ်ပြဲနေတဲ့ Diaphragm က တခြားနေရာတွေ က ရိုးရိုး Diaphragm တွေလို အကာအရံ Partition သက်သက် မဟုတ်ဘူး။ အလုပ်လုပ်တဲ့ တာဝန်ရှိတဲ့ Diaphragm ဖြစ်တယ်။ အခု အဲသည် Diaphragm က တာဝန်မကျေပွန်တော့ဘူး။ ပျက်စီးယိုယွင်းနေပြီ။ Dr.Jill ဘာလုပ်မလဲ။ ဘာမှ စဉ်းစားနေစရာ မလိုဘူး။ Double Cavity နဲ့။ ခွဲစိပ်ပြုပြင်ကုသရအောင်ကလဲ အကျိုးအမြတ်ရဖို့က မသေချာဘူး။ ပြီး အန္တရာယ်များမယ်။ အရေးအကြီးဆုံးက မိခင်ရဲ့ အသက်ပဲ။ သည်တော့ အများအားဖြင့် ဆုံးဖြတ်ဆောင်ရွက်ကြလေ့ရှိတဲ့ လုပ်ထုံးလုပ်နည်းအတိုင်း သားအိမ်တခုလုံးကို (အခုလို ကြုံကြိုက်တုန်းမှာ) လုံးဝထုတ်ပစ်လိုက်တာ အန္တရာယ်အကင်းဆုံးနဲ့ အကောင်းဆုံးပဲ။ Meg အနေနဲ့လဲ သည်ဘဝမှာ ကလေးမရနိုင်၊ ကလေးမမွေးနိုင်တော့တာ က လွဲလို့ လူလဲ ကျန်းမာရေး ပိုကောင်းလာဘွယ် ရှိတယ်။ အခုလို သားအိမ်နဲ့ ပတ်သက်တဲ့ ရောဂါဝေဒနာမျိုးလဲ မရနိုင်တော့ဘူး။ မိန်းမတွေရဲ့အလုပ် Periodical ကိစ္စတွေလဲ ငြိမ်းသွားရော။

ဒါပေမယ့် Meg တို့ Kyle တို့ရဲ့ အိပ်မက်ကြီး ပျက်စီးသွားပြီလေ။ မွေးချင်း ညီအကို ညီအမ မောင်နှမ မရှိ။ တကိုယ်ရေ တကာယ ကြီးပြင်းလာခဲ့ကြရလို့…မိသားစု တမြို့တမကြီးနဲ့ အင်မတန် သိုက်သိုက်ဝန်းဝန်း နေချင်ခဲ့ကြတဲ့ လင်မယား။ ခုလိုလဲ မှတပါး တခြားရွေးစရာ လမ်းမရှိ အဖြေထွက်လာရော၊ အရုပ်ကြိုးပြတ် စိတ်ဓာတ်တွေ ပုံကျသွားကြတော့တာပဲ။ တယောက်မျက်နှာကိုတယောက် ငိုင်ကြည့်နေကြရင်း မျက်ရည်တွေတွေ လျှံကျကုန်ကြတယ်။

Meg က ဟန်မဆောင်နိုင်တော့ဘူး။ ပွေ့ဖက်နှစ်သိမ့်နေတဲ့ Kyle ရဲ့ ရင်ခွင်ထဲကနေ လင်ကို ရှိုက်ကြီးတငင် တောင်းပန်တယ်။ Kyle ရဲ့ အိပ်မက်ကလဲ Meg ရဲ့အိပ်မက်ပါပဲတဲ့။ တအိပ်ရာထဲမှာ အတူတူဆန္ဒပြု ဆုတောင်းခဲ့ကြပါပဲ တဲ့။ ဒါပေမယ့် Kyle ရဲ့အိပ်မက်၊ Kyle ရဲ့ဆန္ဒကို လုံးဝ ဖြည့်စွမ်းမပေးနိုင်တော့တဲ့အတွက် တအားဝမ်းနည်းကြေကွဲရပါတယ်တဲ့။ ကိုယ့်ကိုယ်ကိုလဲ နာကြည်းလို့ မဆုံးပါဘူးတဲ့။ Meg ကို ခွင့်လွှတ်ပါတဲ့။ သည်အသုံးမကျတဲ့ မိန်းမကို စွန့်ပစ်ကွာရှင်းပြီး၊ Kyle အလိုကျ သားသမီးတွေ အများကြီး မွေးပေးနိုင်မယ့် မိန်းမငယ်ငယ် ကလေးတယောက်ကို လက်ထပ်ချင်တယ်ခိုး

www.burmeseclassic.com

ရင်လဲ Meg သဘောတူ ကြည်ဖြူပါတယ်တဲ့။ တရားဝင် ကွာရှင်း ပြတ်စဲစာချုပ်ကို လက်မှတ်ထိုးပေးပါ့မယ်တဲ့။

ငိုရင်းရှိုက်ရင်းနဲ့ သူတို့တတွေရဲ့ မျက်စိရှေ့မှာတွင် ကြေကွဲစရာစကားတွေ ပြောနေပြီဆိုတော့ Dr.Jill ကလဲ စိတ်မကောင်းဖြစ်လာတယ်နဲ့ တူပါရဲ့။ Meg ရဲ့လက်ကို ဆုပ်ကိုင်ထားပြီး လက်ဖမိုးကို ၂ချက်၃ချက်ပုတ် အားပေးတယ်။

'သည်လင်မယားကလဲ ဖြစ်နေလိုက်ကြတာ…ကလေးမမွေးတော့ဘူးဆိုတာနဲ့ ဘာမှ သည်လောက်ထိ Hope Less ဖြစ်နေစရာ၊ Depress ဖြစ်နေစရာ မလိုပါဘူးကွယ်။ ရှင်တို့အသက်ကလေးတွေက ဘယ်လောက်ရှိသေးလို့တုန်း၊ ချမ်းသာသထက် ချမ်းသာချင်တယ်ဆိုတဲ့ American Greed စိတ်နဲ့ စီးပွားရေးထဲမှာချည့် နစ်နေကြတာကို၊ မျက်စိကလေးဘာကလေးလဲ ဖွင့်ပြီး သည်ကနေ့ Modern Age ရဲ့ Advanced Medical Achievements တွေဘက်လဲ ငုံ့ကြည့်လိုက်ကြအုံး။ သည်နေ့ ကာလမှာ Surrogate တွေရဲ့ အကူအညီနဲ့ သားသမီးမွေးပေးနေတဲ့ Agency တွေမှ Sky-wide ရှိနေပြီ' တဲ့။

ပြောပြောဆိုဆို လက်မထောင်ပြ အခန်းထဲက ထွက်သွားရော။

Dr.Jill နဲ့အတူ တွဲရက်ပါလာတဲ့ Hospital Staff ခွဲခန်းဆရာဝန်မ General Surgeonက သာ သူ့လက်ထဲက Tablet ကလေးကို တို့ထိကြည့်ပြီး Appointment ပေးတယ်။ တော်နေကြာ မွန်းလွဲ ၂နာရီခွဲတိတိမှာ လာခေါ်မယ်တဲ့။ No heavy lunch...just soup and juice... only before 12noon လို့သာ မှာသွားလေရဲ့။ အပြေးအလွှား။

မစောင့်နိုင်ကြဘူး။ Kyle က သူ့ကားထဲမှ သူ့PCရော Tabletရော ပါလာတယ်ပြောတော့ Meg က သော့တောင်းပြီး Shelbyကို ပြေးယူခိုင်းလိုက်တယ်။ အဖေကလဲ မနေဘူး။ သူ့ကားထဲကစောင့်နေတဲ့ Driver ကို သူ့Briefcase ပါဆွဲလာပြီး တက်လာခိုင်းလိုက်တယ်။ သူ့Briefcase ထဲမှာလဲ သူ့Portable Tablet ပါတယ်တဲ့။ မိသားစုတွေ အပြိုင်ဖွင့်ရှာကြည့်ကြတယ်။

ဟယ်…ဟုတ်ပါ့ကော။ Awesome...Awesome ပါပဲ။ Surrogate မိန်းကလေးရရင် အဲသည် Surrogate ကိုယ်ထဲမှာ သားအိမ်ထဲမှာပေါ့နော်…Kyle ရဲ့ သုက်သွေး semenနဲ့ Kyleရဲ့ DNA ဗီဇပါ Kyle ရဲ့မျိုးဆက်သစ်ကို မွေးယူလို့ ရနိုင်တာပါလား။ ဘာလိုသေးသလဲ။ Meg ရဲ့ကိုယ်စား သူ့ရဲ့သန္ဓေသားဥ သူ့ရဲ့ သားအိမ်နဲ့ ကိုယ်ဝန်ဆောင်ပေးမယ့် အမေငှား ဗိုက်ငှား Surrogate တယောက်သာ လိုတာရယ်။

Dr.Jill ပြောသွားတာကလဲ သည်လို ဗိုက်ငှား ကိုယ်ဝန်ဆောင်ပေးမယ့် မိန်းကလေး Surrogate တွေကို Wanted ကြော်ငြာ၊ welcome ကြော်ငြာခေါ်ယူပြီး သားသမီးမထွန်းကားနိုင်တဲ့ စုံတွဲတွေကို အခကြေးငွေနဲ့ ကူညီနေတဲ့ ပွဲစား Agencies တွေ အများကြီးရှိတယ်ဆိုတာပဲ။ web.site မှာ ရှာကြည့်ရမယ်ပေါ့။ Direct ကြီးတော့လဲ ဘယ်ကြော်ငြာကြမှာလဲ။ 'သားသမီးမရနိုင်ကြသော မိဘစုံတွဲများကို ကူညီပါရစေ၊ ကူညီပေးလိုသူများနှင့် ကူညီရလိုသူများ ဆက်သွယ်နိုင်သည်' ဆိုတဲ့ ကြော်ငြာမျိုးတွေလောက်ပေါ့။ တွေ့ပါ့ တွေ့ပါ့။ တချို့ Woman မဂ္ဂဇင်းတို့၊ Home မဂ္ဂဇင်းတို့၊ Playboy တို့၊ Cover Girlတို့လို မိန်းမနဲ့ပတ်သက်တဲ့ ဂျာနယ်မဂ္ဂဇင်းတွေမှာ ကြော်ငြာတတ်ကြတာပဲ။ ဟန်ကျလိုက်ပါဘိ။ ကိုယ့်လင်ယောကျ်ားလဲရင်တထိတ်ထိတ်နဲ့ စွန့်စားပြီး ပေးအိပ်လိုက်ရတာ မဟုတ်။ ဘာမှလဲ သဝန်တိုစရာ မရှိ။ သည်ကနေ့ ဆေးသိပ္ပံပညာတွေက Test Tube Baby ဆိုတဲ့ ဖန်ပြွန်သန္ဓေသားအဆင့်သာမက သည်လိုတွေအထိကို တိုးတက်နေတာပါကော။

Kyle အနေနဲ့က ဆီးစစ်ဖို့ Urine Sample ပေးရသလိုမျိုး၊ ဆေးခန်းကပေးထားတဲ့ Sterilized ဖန်ပြွန်တောင့်ကလေးထဲကို သူ့သုက်သွေး Semen တွေ သန့်စင်စွာ တိုက်ထုတ်ထည့်ပေးလိုက်ရုံရယ်။ တနေ့ လူကောင်ကလေးဖြစ်လာမယ့် သုက်ပိုးသုက်သွေးတွေ ရှင်သန်နေအောင်ကတော့ ဆေးရုံဆေးခန်းက Freezer ရေခဲခန်းထဲမှာ တာဝန်ယူ ထိန်းသိမ်းထားလိမ့်မပေါ့။ ပြီးအမေစား ဗိုက်ငှား Surrogate ရလာခါမှ အဲသည် Surrogate ရဲ့သားအိမ်ထဲကို သန္ဓေတည်အောင် သဘာဝကျစွာ မျိုးဆက်ထည့်ပေးရတာရယ်။ သည် စပ်ရှက်မျိုးဆက်ပုံ Transfusion Process ကိုလဲ ကျွမ်းကျင်တဲ့ Ob-gyn ဆရာဝန်ကသာ သူ့ Catheter ပိုက်နဲ့ သူ့ Screen မှာ ကြည့်ပြီး ထိန်းချုပ် ကိုင်တွယ်တာပေါ့။ သည် Cathode-ray tubeရဲ့ Stream of electrons တွေက Screen ရဲ့ Fluorescent ငွေရောင်မျက်နှာပြင်ပေါ်မှာ အရုပ်လာထင်တယ်။ Ob-gyn ဆရာဝန်ကိုယ်တိုင်ကတော့ အမေငှား မိန်းမပျိုရဲ့ သားဥတွေနဲ့ Kyle ရဲ့သုက်ပိုးတွေရဲ့ရင်ဆိုင်တိုက်ပွဲတွေကို မြင်နေရတာပေါ့။ မိန်းမပျိုရဲ့ မျိုးဥ တဥတည်းပဲလိုတယ်။ အဲသည် Egg သားဥထဲကို Kyle ရဲ့ သုက်ပိုးတကောင်က နံရံကို ထိုးဖောက် ဝင်ရောက်သွားပြီ ဟော့ဆိုရင် ပွဲပြီးပြီပဲ။ အောင်ပြီ သန္ဓေတည်ပြီပဲ။ အဲဒါ လူကလေးတကောင်ဖြစ်လာဖို့ ကလလရည်ကြည်သန္ဓေတည်ပြီလို့ ဆိုတာပဲ။ အမေငှား ဗိုက်ငှား Surrogate မိန်းမပျိုရဲ့ သုက်ပိုးအင်အားက ပိုသန်စွမ်းများပြားနေလို့ Kyleရဲ့သုက်ပိုးတွေအားလုံးကဖြိုခွင်း အနိုင်မယူလိုက်နိုင်ဘူးဆိုရင် အဲဒါ သန္ဓေမတည်ဘူးပဲ။ တိုက်ပွဲအများအားဖြင့်မှာကလဲ ယောကျ်ားတွေရဲ့ဘက်က အနိုင်မရတတ်ဘူး။ ဒါပေမယ့် ကျွမ်းကျင်လိမ္မာတဲ့ Ob-gyn ဆရာဝန်ရဲ့လက်ထဲမှာက ယောကျ်ားရဲ့သုက်ပိုး Semen တွေလဲ အလုံအလောက်ရှိတယ်။ ဆရာဝန်က သူ့ Catheter Tube က တဆင့် ထိုးထည့်နေတဲ့ Semen တွေကလဲ ယောကျ်ားတွေရဲ့ Orgasm သဘာဝအတိုင်း လွှတ်ထုတ်နေတယ်ဆိုရင် တကြော့မဟုတ်တကြော့ မအောင်မြင်စရာမရှိပါဘူး။

သိတယ်နော်။ ယောကျ်ားနဲ့မိန်းမ သံဝါသပြုကြရင် ယောကျ်ားရဲ့သဘာဝက Orgasm တကြိမ်တည်းသာ ထွက်တတ်ကြပြီး သုက်လွှတ်ရိုးဖြစ်တယ်။ တကြိမ်ပြီးရင်လဲ ယောကျ်ားရဲ့

www.burmeseclassic.com

www.burmeseclassic.com

သဘာဝက Erectile Dysfunction လို့ခေါ်တဲ့ပန်းက ညှိုးကျသွားတတ်ကြတာပဲ။ အတန်ကြီးကြာမှသာ အားအင်ပြန်ပြည့်လာကြပြီး ဒုတိယတကြိမ် ဖြစ်နိုင်ကြတယ်။ မိန်းမသဘာဝနဲ့ မတူဘူး။

ပြောရရင် သဘာဝအရပဲဖြစ်ဖြစ်၊ အခုကြိုးစားကြံဆောင်နေကြသလို သဘာဝလွန်နည်းနဲ့ပဲဖြစ်ဖြစ် သန္ဓေတည်အောင် (လူ့ဘဝတခုကို ရအောင်)လုပ်ရတယ်ဆိုတာ ခက်ခဲနက်နဲသိမ်မွေ့ပါတယ်။ သာမန်လူတွေအနေနဲ့ သည်အခက်အခဲကို နားလည်နိုင်ဖို့လဲ မလွယ်ပါဘူး။ Ob-gynလို သည်ဘက်မှာ ကျွမ်းကျင်တဲ့ ဆရာဝန်တွေကိုယ်တိုင် သိပ္ပံပညာနဲ့ စက်ကရိယာတွေရဲ့ အထောက်အကူတွေကို ယူပြီး အသက်တောင် ပြင်းပြင်း မရှူရဲပဲ ထိန်းကိုင်နေရတာဆိုတော့ အပြင်လူ ဘယ်သူ့ကိုမှ ကြည့်ခွင့် မပြုနိုင်ဘူး။ လက်တွေ့ မပြနိုင်ဘူး။ ခွဲခန်းထဲမှာရှိတဲ့ စားပွဲခုံပေါ်က ကာယကံရှင် ကိုယ်ဝန်ဆောင်မယ့် Surrogate ရဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းကိုလဲ မပြနိုင်ဘူး။ လိုအပ်တဲ့ လက်တဝါးစာ နေရာကလေးသာဖွင့်ထားပြီး ကျန်တကိုယ်လုံး ခြေဆုံးခေါင်းဆုံးကို ပိတ်ဖြူစတွေနဲ့ အလုံဖုံးထားရတာရယ်။

ဘာမှ တွေးတော စဉ်းစားပူပန်မနေနဲ့။ Meg လဲ သူ့ရဲ့ ပင်ကိုယ်အလှ၊ သူ့ရဲ့ မူလ Body shape, ကမ္ဘာပေါ်မှာ ခေတ်အဆက်ဆက် ဘယ်လိုမိန်းမမျိုးကမှ မလိုလား မနှစ်သက်နိုင်တဲ့ ပုံပျက်ပန်းပျက် ဗိုက်ကြီးသယ်ဘဝမျိုးကိုလဲ မကြုံကြိုက်လိုက်ရ။ အဲသည် ဗိုက်ကြီးသယ်ဘဝမှာ ဆောင်လိုက်ရရှောင်လိုက်ရမယ့် ပညတ်ချက်တွေကိုလဲ မလိုက်နာ မကျင့်ကြံရ၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိရပါတော့တယ်။ ဘာဖြစ်သေးလဲ။ ငွေကုန်ရကျိုး နပ်တယ်။ ငွေ ဘယ်လောက် ပုံပေးရပေးရ ပေးမယ်။

ကိုယ်စား အငှားကိုယ်ဝန်ဆောင်ပေးမယ့် သန့်သန့်မာမာ ထွားထွားကြိုင်းကြိုင်း ချောချောလှလှ Surrogateကလေးတစ်ယောက်ကို ရှာမယ်။ မတော် သူက မလှရင် မွေးလာမယ့်ကလေးက အမေနဲ့တူပြီး မလှမှာလဲ ပူတာပေါ့။ မပူဘူး။ စိတ်ကြိုက် လက်ရွေးစင်အလှကို မရမချင်း စောင့်မယ်။ ခုကတည်းကလဲ အရည်အချင်းတွေ စည်းကမ်းတွေ သတ်မှတ်ထားလိုက်မယ်။ သည့်အတွက် တန်ဖိုးပိုပေးရလဲ ပေးမှာပေါ့။

၁။ အိမ်ထောင်မရှိတဲ့ အပျိုစင် ဖြစ်ရမယ်။ Boy friendလဲ မရှိရ။ အိမ်ထောင်ပျက် အိမ်ထောင်ကွဲ၊ တခုလပ်၊ မုဆိုးမ စသည်လဲ မဖြစ်ရ။

၂။ အသက်၂၁နှစ်ထက်မငယ် ၂၇နှစ်ထက်မကြီးရ။(Megကို အခု၂၆နှစ်၊ Kyleက ၂၅နှစ်ရှိနေပြီ။ မိဘနဲ့သားသမီးကြား အသက် သိပ်ကွာလို့လဲ မကောင်းဘူး)

၃။ အရပ်က ၅ပေ၅လက်မနဲ့ ၅ပေ၁၀လက်မကြားတော့ မြင့်ရမယ်။(Megရော Kyleရောက အရပ်တွေ မြင့်ကြတယ်။ Kyle ၆ပေ၂လက်မရှိပြီး၊Meg က ၅ပေ၉လက်မရှိတယ်။)

၄။ ကျန်းမာရေး ကောင်းမွန် သန်စွမ်းရမယ်။ ဆရာဝန်နဲ့ ဆေးစစ်ရာမှာ အောင်ရမယ်။

၅။ တက္ကသိုလ်ပညာ ဆက်လက်သင်ယူရေးအတွက် ငွေကြေးအထောက်အကူလိုအပ်လို့ သည်လိုSurrogateလုပ်ရရိုးမှန်ရင် ဦးစားပေး စဉ်းစားမယ်။ ပညာရေး ဆုံးခန်းတိုင်တဲ့အထိလဲ Bankတွေရဲ့စနစ်လို Student loan ချေးအုံးမယ်။ ခြွင်းချက်အနေနဲ့က ဘွဲ့မရခင်မှာ ကျောင်းမထွက်ရ။ ပြင်ပမှာ အချိန်ပိုင်းအလုပ်တွေ ဝင်မလုပ်ရ။

၆။ စီးပွါးရေးလုပ်ငန်း Small business လုပ်ကိုင်ရန်အတွက် ငွေရင်းငွေနှီး လုံးဝ မဖြစ်စေရ။

၇။ အရွေးချယ်ခံခဲ့ရရင် သတ်မှတ်ငွေကြေးအပေးအယူ ကိစ္စတွေကို ၂ဦး၂ဖက် တိုင်ပင်ဆုံးဖြတ် သဘောတူ တရားဝင် စာချုပ်ချုပ်ဆိုမယ်။ ပြီး မှတ်ပုံတင်ရုံးမှာ မှတ်ပုံတင်မယ်။

အသိသက်သေတွေအဖြစ် အစအဆုံး မီးဖွါးတဲ့အထိ တာဝန်ယူဆောင်ရွက်ပေးမယ့် Ob-gynဆရာဝန်ရယ် ကြားခံ တာဝန်ယူ စီစဉ်ဆောင်ရွက်ပေးတဲ့ Happy home hunters agencyရယ်က လက်မှတ်ထိုးကြရမှာပေါ့။ သိထား နားလည်ကြပြီးသားပါ။ Kyle တို့ ငှားထားတဲ့ Attorney ရုံးကလဲ အဆင်သင့် ပြင်ဆင်ထားပြီးပါ။ Meg မှာ သားသမီးမရနိုင်တော့တဲ့အခြေအနေ၊ သားအိမ်တခုလုံး ထုတ်ထားတယ်ဆိုတာလဲ Megဆေးရုံကဆင်းတဲ့ Discharge sheet ထဲမှာ ဖေါ်ပြထားပြီးပါ။ Diagnosis ရော Post Op.medicationတွေပါ အစုံအလင် ရေးထားပေးလိုက်တာပါ။

Happy home hunters agency ကလဲ ဥပဒေအရ သူတို့အတွက် လုံလောက်တဲ့ အထောက်အထားတွေ ရပြီဆိုတော့၊ Kyleတို့ Megတို့ကို လှမ်းအကြောင်းကြားတယ်။ စောင့်နေကြရတဲ့ ရက်ပေါင်း၆၀အတွင်း Surrogateလုပ်လိုသူ ၅ယောက်ရပေမယ့် Meg တို့ပေးထားတဲ့ Minimum qualifications တွေအရ ပြည့်မီနိုင်လောက်တဲ့ မိန်းကလေးကတော့ တယောက် တည်းပဲ တွေ့ရတယ်။ Megတို့ကိုယ်တိုင် Agency ရုံးကို လာကြပြီး၊ ပထမဆုံး Onlineကပဲ လေ့လာကြည့်ပါအုံး။ ဖြစ်နိုင်ခြေရာခိုင်နှုန်း တော်တော်များတယ်၊ ကြိုက်လောက်ပြီဆိုမှ Personal Interview လုပ်ကြတာပေါ့။ သည်အလုပ်မျိုးက ကာယကံရှင်တွေရဲ့ဘဝမှာ အင်မတန် လျှို့ဝှက်သိုသိပ်ထားရမယ့် ကိုယ်ရေးကိုယ်တာ confidentiality ဖြစ်တဲ့အတွက် သူ့ Agency အနေနဲ့ကလဲ အင်မတန် သစ္စာရှိစွာ တန်ဖိုးထားရပါတယ်။ နောင်တနေ့ ပေါက်ကြားခဲ့ရင် သူ Agency အနေနဲ့ တရားစွဲခံရမှာဖြစ်ပြီး၊ ဘဝပျက်လုမတတ် လျော်ကြေးတွေပေးရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် Personal Interview လုပ်ဖို့၊ သဘောတူညှိနှိုင်းလို့ရရင် စာချုပ်ချုပ်ဆိုဖို့တွေကို Agency ရုံးခန်းမှာပဲ ဆုံကြဖို့ မေတ္တာရပ်ခံရတာပါ။ e-mailနဲ့တောင် အကြောင်းမကြားဘူး။ Phoneနဲ့သာ လှမ်းပြောတယ်။ Kyle တို့ Megတို့ လာနိုင်မယ့် အဆင်ပြေမယ့် ရက်စွဲနဲ့အချိန်ကိုသာ

www.burmeseclassic.com

ပြောပါတဲ့။ Surrogateလုပ်မယ့် သူငယ်မကလေးကို သူ့အကြောင်းကြားပါ့မယ်တဲ့။

H.H.H.Agency ရဲ့ ပိုင်ရှင်လဲ ပိုင်ရှင်၊ အလုပ်တာဝန်ခံလဲ အလုပ်တာဝန်ခံ ဖြစ်တဲ့ အငြိမ်းစား သူနာပြုဆရာမကြီး Ms. Samantha က သူကိုယ်တိုင် ပြောတယ်။ လေးစားကြည်ညိုစရာလဲ ကောင်းပါရဲ့။ ယဉ်လဲ ယဉ်ကျေးသိမ်မွေ့လှပါရဲ့။ အလုပ်မှာ ကျွမ်းကျင်ပုံလဲ ရပါရဲ့။ လည်ပုံလဲ ရပါရဲ့။ Meg က သူ့သမီးငယ်အရွယ်လောက်သာ ရှိတာကို ရိုရိုသေသေပြောနေလိုက်တာများ ကြောက်စရာတောင် ကောင်းလာတယ်။

Kyle တို့ Meg တို့ကလဲ သိလိုက်ပါပြီ။ စောစောကလေးကပဲ Meg ပါးစပ်က မထိန်းနိုင်လိုက်ပဲ ငွေဘယ်လောက်ပေးရပေးရလို့ စကားတခွန်း ကျွံသွားမိသလေ။ အခု သည်အပေါ်မှာ nurseမ သမ္ဘာကြီးက တက်နင်းတော့မှာပေါ့။ Kyle ကအကွက်မြင်တယ်။ Surrogateနဲ့ Agencyနဲ့ ၂ယောက်ပေါင်း လုပ်ကြံကြမှာကို ကြိုမြင်တယ်။ Meg ကိုတော့ နားအနှားကပ် တိုးတိုးသတိပေးလိုက်တယ်။ 'Becareful with our enthusiasm'...။

အကြောင်းက Surrogateလုပ်မယ့်ကောင်မလေးရဲ့ အပြုအမူကို မကြိုက်ဘူး။ အဖွါးကြီး Samantha က Megနဲ့ မိတ်ဆက်ပေးမယ်လို့ မျက်နှာချင်းဆိုင်ဖြစ်အောင် ဦးဆောင်ခေါ်လာရုံ ရှိသေးတယ်။ ကောင်မလေးက အပြေးကလေးပြေးလာပြီး ဦးအောင် Hug လုပ်လိုက်ပြီ။ အခုမှ ပြန်တွေ့ကြရတဲ့ သူငယ်ချင်းလို ညီအမလိုပဲ။ သည်လိုဆိုတော့ Meg ကို Meg မှန်းသိနေပြီပေါ့။ Meg တို့ကဖြင့် သူ့ကို သည် Agency ရုံးက on-line မှာ ပြထားလို့သာ တခါမြင်ဖူးတာလေ။ အခုလူကိုယ်တိုင် တွေ့ရတော့ ကောင်းကောင်းတောင် မမှတ်မိချင်ဘူး။ ပိုလှ ပိုကြည်လင်ပြီး ပိုငယ်နေသလိုပဲ။

ပြောရရင် လှတာကလဲ တအားလှတယ်။ ချစ်စရာကလေး။ မျက်လုံး မျက်ခုံးကလေးတွေကလဲ ကလေးငယ်လိုဘာမှ အတုလဲတပ်မထား ဆွဲမထား ခြယ်မထားပဲနဲ့ သူ့အတိုင်းကို ကြည့်လို့လှနေတာရယ်။ နှမြောစရာ ကောင်းလိုက်ပါဘိတော့။ သည်ကောင်မကလေးကို ပေးဗိုက်ကြီးခိုင်း၊ ပေးကလေးမွေးခိုင်း၊ ပေးသားသည်အမေ ဖြစ်ခိုင်းရမှာတောင် မတရား ရက်စက်ရာ ရောက်မလားလို့ အောက်မေ့ ကြေကွဲမိတယ်။ Meg တို့စိတ်ကြိုက် အရည်အချင်းသတ်မှတ်ထားတဲ့

ကိုယ့်ကိုယ်ကိုလဲ နာကြည်းလို့ မဆုံးပါဘူးတဲ့
Meg ကို ခွင့်လွှတ်ပါတဲ့။ သည်အသုံးမကျတဲ့ မိန်းမကို
စွန့်ပစ်ကွာရှင်းပြီး Kyle အလိုကျ သားသမီးတွေ
အများကြီး မွေးပေးနိုင်မယ့် မိန်းမငယ်ငယ်ကလေး
တယောက်ကို လက်ထပ်ချင်တယ်ဆိုရင်လဲ
Meg သဘောတူ ကြည်ဖြူပါတယ်တဲ့။ တရားဝင် ကွာရှင်း
ပြတ်စဲစာချုပ်ကို လက်မှတ်ထိုးပေးပါ့မယ်တဲ့

အတိုင်းသာ သူ့ပညာဆက်လက်သင်ကြားရေးအတွက် လိုအပ်လို့ မလွှဲမရှောင်သာ သည်အလုပ်ကို လုပ်ရပါတယ်ဆိုရင် နိုင်းတောင် မခိုင်းရက်ချင်ဘူး။ သည်အတိုင်း ကိုယ့်အောက်က ညီမငယ်လေးတစ်ယောက်လို သဘောထားပြီး အလကားသာ ပေးကမ်းထောက်ပံ့လိုက်ချင်တယ်။

ကောင်မလေးနာမည်က Mia Montenegro တဲ့။ အသက်ကလဲ ၂၂နှစ်။

**Mia** ဆိုတဲ့ First name က Okay ပါတယ်။ ဒါပေမယ့် Last name, family name **Montenegro** က ဇာတိပြနေတယ်။ အဲဒါ American နာမည်၊ Christian နာမည်မှ မဟုတ်တာပဲ။ Mexicanနာမည်လား၊ Columbianနာမည်လား၊ Venezwelan နာမည်လား၊ Brazilianနာမည်လား၊ ဒါမှမဟုတ် အရှေ့ကျွန်းသူ Puerto ricon နာမည်လားသာ တိကျမပြောနိုင်တာ။ Espanolစပိန်စကားပြော Latin americaတနိုင်နိုင်ငံကဆိုတာ တော့ သေချာတယ်။ Mia က တအားလှတယ်လေ။ Nina Bonita ခေါ်မှာပေါ့။ သည် Hispanic အပျိုမကလေးတွေ လှကြတယ်ဆိုတာ ကမ္ဘာက သိတာပဲ။

ပြဿနာက Kyleရော Megရောက ဘာသွေးမှမရောတဲ့ ပီဘိ Typical American တွေ။ Mia ရဲ့ရုပ်နဲ့ Meg ရဲ့ ရုပ်ကလဲ ဘာမှမဆိုင်ဘူး။ Meg လဲလှတော့ လှပါတယ်။ ဒါပေမယ့် Meg ရဲ့အလှကို Exquisitely beautiful တရားလွန်လှပါတယ်။ တအားလှတယ်လို့ ပြောရင် Mia ရဲ့အလှကို ဆွဲဆောင်မှုအားကောင်းတဲ့ တပ်မက်ဖွယ်ရာအလှ Gorgeous လို့ ပြောရမယ် ထင်တယ်။ ကြုံမှလဲ ကြုံရပလေတယ်။ Kyle တို့ Meg တို့ သတ်မှတ်ခဲ့ကြတဲ့ အရည်အချင်း '၇' ချက်ထဲမှာ သိသိသာသာ ဖေါ်ပြမထားတဲ့ 'အလှ' နဲ့ပတ်သက်လို့ Mia က သည်လို အို လှနေတော့လဲ ဘာအရေးလဲ။ ပိုကြိုက်၊ ပိုကျေနပ်တာပေါ့။ မွေးလာမယ့် ကလေးက မိန်းကလေးဖြစ်ပြီး Mia လိုများ ရက်ရက်စက်စက်လှခဲ့ရင် ဆိုပြီး တော့တောင် စိတ်ကူးယဉ်လို့ရသေးတယ်။ လုံးဝ ဆန့်ကျင်ကန့်ကွက်စရာ မရှိဘူး။

တခုတော့ ရှိတယ်။ Americanအဖေ Kyleနဲ့ Americanအမေ Meg ရဲ့ ရင်သွေးဆိုတဲ့ကလေးက မျိုးရိုးစဉ်လာ သဘာဝကျစွာ ဆံပင်နီဝါရွှေကလေး၊ မျက်လုံးစိမ်းပြာလဲ့ကလေးနဲ့ ထွက်မလာပဲ··· ကိုယ်ဝန်ဆောင် အမေရင်း Mia ရဲ့Gene ဘက်လိုက်ပြီး မျက်လုံးအညိုကလေး၊ ဆံပင်အနက်ကလေးတွေနဲ့များ ဖြစ်လာခဲ့သည်ရှိသော်···ဘယ့်နှယ်လုပ်ကြရပါ့မလဲ။

ထုတ် မပြောကြပေမယ့် ကလေးအဖေက Kyle ဖြစ်တော့ တန်ရာဘူးလို့ပဲ စွပ်စွဲကြမှာပေါ့။ အကယ်၍ ကိုယ်ဝန်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

အငှားနဲ့ မွေးထားတာသာ ပေါ်သွားရင်တော့လဲ…Meg ရင်နာရပြီပေါ့။ ဘုရားသခင် ကယ်မတော်မူပါ။

Mia Montenegroရဲ့ ကျန်တဲ့ အရည်အချင်းတွေကလဲ perfect ပဲ။ အရပ်ကလဲ ခုနက တွေ့တွေ့ချင်း Hug လုပ်လိုက်ကြတော့ မျက်မြင်ပဲ။ Mia က Brazilion သာ ဆိုတယ်။ Meg ရဲ့ ၅ပေ၈လက်မကိုမီဖို့ တလက်မပဲ လိုတယ်။ ၅ပေ၈လက်မ ရှိတယ်လို့ပြောတယ်။ ပြီး ပိုကြိုက်ဖို့ကောင်းတာက ပညာရေးဘက်မှာ နိပ်တယ်။ တကြော့ပြန် အကျိုးပြုရကျိုးနပ်မယ်။ Mia က အခုမှ ၂၂ရှိသေးတာ…U.C.L.Aမှာ junior ရောက်နေပြီတဲ့။ သဘောက Bachelor Degree ရဖို့သာဆိုရင် တနှစ်ပဲ လိုတော့တာပေါ့။ ဒါပေမယ့် ပေါင်မုန့်ကို အလုံးလိုက်ကိုက်စားချင်တဲ့ လောဘအိုးကလေး Degree Seeking မှာကနဦးကတည်းက M.B.A ကို ရွေးထားတာတဲ့။ ဆိုတော့ Master ရအောင် နောက်ထပ် ၄ နှစ်ကြီးများတောင် ဆက်တက်ရအုံးမှာပေါ့။ ဒါကြောင့်လဲ ငွေလိုတာ ဖြစ်မှာပေါ့။ သနားပါတယ်။ ကြိုးစားတဲ့လူ တော်တဲ့လူမှ သည်လိုဒုက္ခမျိုးနဲ့ ကြုံရပလေတယ်။

ပထမဆုံး ဒုက္ခရောက်ရတာကတော့ Mia ရဲ့အဖေ Corporal Montenegro က Afganistan မှာ ပျောက်နေတဲ့ သတင်းပဲ။ တိုက်ပွဲဖြစ်တယ်။ ရန်သူ့တပ်စု ဆုတ်သွားတယ်။ အလောင်း၂လောင်း ကျန်ရစ်ခဲ့တယ်။ သည်ဘက်ကCorporal ပျောက်နေတယ်။ ကျဆုံးတာလဲ မဟုတ်ဘူး။ ပျောက်နေတယ်။ ဒဏ်ရာရတဲ့ တပ်သားလဲ ၃ယောက်ရှိတယ်။ သူ မပါဘူး။ Missing in action ခေါ်တာပေါ့။ အဲသည်အချိန်တုန်းက Pasadena H.S မှာ Mia က နောက်ဆုံးနှစ်ကျောင်းသူ။ ဘာပဲပြောပြော Mia အောင်တယ်။ ဒါပေမယ့် ပညာရေးလမ်းစ ပျောက်တယ်။

Mia ရဲ့အမေက Walmart မှာ register အရောင်းအကူ ဝန်ထမ်းဝင်လုပ်တယ်။ အဖေ့အတွက် တပ်က ထောက်ပံ့ကြေး ပေးပါတယ်။ အဖေ့ရဲ့ ယာယီလစာတဝက်နဲ့ အမေ့ရဲ့ဝင်ငွေ ပေါင်းပြီး Community College တော့ ဆက်တက်နိုင်ခဲ့တယ်။ Student loan လဲ လျှောက်လို့ရတော့ အဆင်ပြေတန်သ၍ ပြေခဲ့တယ်။ ဒါပေမယ့် ပြန်ပေးဆပ်ဖို့မလိုတဲ့ သည်Short term loan က ၂နှစ်တက်လို့အပြီး Associate Degree ရတဲ့ အခါ၊ အထက်တန်းတွေအတွက် ဆက်မချေးတော့ဘူး။

အဲသည်မှာ ခါးကျိုးပြီး ကျောင်းက လုံးဝ Drop out ထွက်လိုက်ရတော့မယ့် အခြေအနေ ဆိုက်ရတော့တာပဲ။ မတတ်နိုင်တော့တဲ့အဆုံး Mia အလုပ်ထွက်လုပ်ဖို့ ကြံတယ်။ ဒါပေမယ့် Student loan သာ မရဘူးဆိုရင် သည်လို အချိန်ပိုင်း အလုပ်ကလေးတွေ ဝင်လုပ်ရုံမျှနဲ့လဲ Higher Education ကျောင်းစရိတ်တွေကို မကာမိနိုင်ဘူး။ ပညာသင်နှစ် တနှစ်စာ စရိတ်ကိုက ၃/၄သောင်းလောက်ရှိတယ်။ ဒါက Tuition Fees တွင် ရှိသေးတာရယ်။ Class တွေကလဲ Los Angeles မှာ သွားတက်ရမှာလေ။ ဘယ်မှာ နေမလဲ။ ဘာနဲ့ စားမလဲ။ ဘာနဲ့ တက်မလဲ။ ပညာသင်စရိတ်က ကြေးကြီးလှချည်ရဲ့။ ခက်တာက Associate degree ရပြီး၊ ပန်းတိုင်ကို လှမ်းမြင်ရခါမှ ကျောင်းက ထွက်လိုက်ရမှာ တသက်ရင်နာစရာ။

မတတ်နိုင်ပါဘူး။ အဖေမရှိမှတော့ အမေ့တာဝန်ပေါ့။ အဖေက သူတို့စစ်တပ်အခေါ် ပျောက်ဆုံးနေတယ်ဆိုတာကလဲ အလောင်းကို မတွေ့ရလို့နေမှာပါ။ သေတာကတော့ သေပြီနဲ့ တူပါရဲ့။ ပြီး စစ်ရှုံးလို့ နောက်ဆုတ်ထွက်ပြေးရတဲ့ ရန်သူ့ဘက်က စစ်နိုင်နေတဲ့ဘက်က စစ်ခေါင်းဆောင်တယောက်ကို သုံ့ပန်းအဖြစ် ဖမ်းသွားတယ် ယူဆရအောင်ကလဲ ယုတ္တိမှ မရှိပဲ။ တနေ့ ပြန်လာလိမ့်နိုးနဲ့ မျှော်လင့်စောင့်စားနေရအောင်ကလဲ ကျန်ရစ်တဲ့မိန်းမနဲ့သမီးက ငွေစက္ကူထုပ်တွေကို မွေ့ယာလုပ် အိပ်နေကြရတယ်ဆိုရင်တော့ ဘာပြောနေရောလို့မှာတုန်း။ အခု အခြေအနေက ရေလယ်ကောင်မှာ လှေနစ်ရတော့မယ်။ တလျှောက်လုံး ကြိုးစားသင်ယူလာခဲ့လို့ ပန်းတိုင်ရောက်တော့ မယ်ဆိုခါမှ သမီးကလေးရဲ့ဘဝက သဲရေကျ ဖြစ်ရတော့မယ်။ မတတ်နိုင်ပါဘူး။ သည်သမီးကလဲ သူ့သမီးပဲ။ သူ့သွေးပဲ။

အဖေ့ရဲ့သမီးအတွက် အမေကပဲ တာဝန်ယူ စွန့်စားလိုက်တော့မယ်။ နောက်အိမ်ထောင် ပြုချင်လို့လဲ မဟုတ်ဘူး။ ဖေါက်ပြန်ချင်လို့လဲ မဟုတ်ဘူး။ အရွယ်ကလဲ လက်ကျန် တပတ်နွမ်းကလေး ရှိတုန်း၊ ကံအားလျော်စွာ လိုချင်တပ်မက် ချဉ်းကပ်လာနေတဲ့ ယောကျ်ားကလဲ ရှိတုန်း၊ မျက်စိမှိတ်ပြီး ဆုံးဖြတ်လိုက်တော့မယ်ပေါ့။ သမီးကလေး Mia ကတော့ မအေ့မေတ္တာစေတနာကို နားလည်ပြီး၊ တားမြစ်ကန့်ကွက်ရှာ ပါရဲ့။ ဒါပေမယ့် သည်၄ဝကျော်မိန်းမကိုမှ တန်းတန်းစွဲ တပ်မက်လက်ထပ်လိုတဲ့ ၅၆နှစ် တခုလပ်ကြီးကိုပဲ ခေါင်းညိတ် ပစ်လိုက်တယ်။

သည်အရွယ် Mia အမေကလဲ ဘယ်မိုက်မိုက်ကန်းကန်း ဆုံးဖြတ်ပါ့မလဲ။ သည်၅၆နှစ် တခုလပ် Sandoval ကြီးကို နှစ်သက်လို့ မဟုတ်ပေမယ့်…နည်းနည်းတော့ မိန်းမမာယာ သုံးလိုက်တယ်။ Sandoval က လူချမ်းသာ သန်းကြွယ်သူဌေး မဟုတ်ပေမယ့်၊ အတန်အသင့်တော့ ရှိပုံရရဲ့။ ကွာရှင်းပြတ်စဲခဲ့တဲ့ မိန်းမကိုလဲ တရားရုံးရဲ့အဆုံးအဖြတ်အတိုင်း ပေးခဲ့ကမ်းခဲ့ပြီ တဲ့။ အဲသည်မိန်းမက Sandoval ထက် လျှင်တယ်။ သူ့ထက် ငယ်တဲ့နောက်တယောက်နဲ့တောင် အတူတအိမ်ထဲ နေနေကြပြီ။

သည်၅၆နှစ် Sandoval ကြီးကလဲ အမှန်တကယ် ချစ်မချစ်တော့ မသိဘူး။ ဂုဏ်တုဂုဏ်ပြိုင် ကြွားချင်ဝါချင်တာလဲ ပါကောင်းပါလိမ့်မယ်။ အရင်မိန်းမက သူ့ထက် ၅နှစ်၆နှစ် လောက် ငယ်တဲ့ယောကျ်ားကို ယူပြတော့၊ သူကလဲ သူ့ထက် ၁၅ နှစ်လုံးလုံးငယ်တဲ့ Miaအမေကို ယူပြတယ်ပေါ့။ မကြီး မငယ်နဲ့ Church ကျောင်းမှာတောင် လက်ထပ်ပွဲ လုပ်လိုက် သေး။ ပြီးတော့လဲ ဘယ်လို ယှဉ်ယှဉ် Miaအမေက အပြတ် အသတ် ပိုလှတာပေါ့။ လှရုံ ချောရုံ ဘယ်ဟုတ်မှာလဲ။ Mia အမေက လုံးဝ ဗိုက်မရွဲဘူး။ နို့လဲ မတွဲဘူး။ နဖူးရေ မျက်…



www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင့်ရေ လည်ပင်းရေတွေလဲ မတွန့်ချင်သေးဘူး။ ပြည့်တုန်း ဖွံ့တုန်းရယ်။ နော့ ယူခဲ့တဲ့လင် Mia ရဲ့အဖေကလဲ စစ်သားလေ…။ အိမ်မှာ အတူနေရတယ်ကလဲ သိပ်မရှိတော့ ပီဘိ လင်မယားလိုမှ ဟုတ်တိပတ်တိ မနေခဲ့ရပဲကို…။ ဒါက လဲ Sandovalအဖို့ အသားယူ ကြွားစရာ တကွက်ပေါ့။ မယား ပေါင်းကိုလဲ နင့်ထက် ပိုငယ် ပိုလှတဲ့ မိန်းမကိုရတယ်၊ ရင်ကော့ပြမှာပေါ့။

လက်တွေ့မှာလဲ Sandoval ကြီးက မဆိုးပါဘူး။ Mia ရဲ့ အမေက ကြင်နာချစ်ခင်ရှာတယ်။ Super market က ရတောင့်ရခဲ အလုပ်မျိုးကြီးကိုလဲ စွန့်လွှတ် ထွက်ခိုင်းလိုက်တယ်။ လက်ရှိ အောင်မြင်တွင်ကျယ် ဝင်ငွေမှန်နေတဲ့ Pasadena က ဆိုင်ကို Mia အမေ့နာမည်နဲ့ လွှဲပြောင်းအပိုင်ပေး အုပ်ချုပ်ခိုင်းလိုက်တယ်။

ပြီး Mia ရဲ့ ပညာရေးစရိတ်ကိုတော့…မူလ အခြေတည်ခဲ့တဲ့၊ အခုလဲ သူ့အမေအိုနဲ့ယောက်ဖ တာဝန်ယူ Run လုပ်ပေးနေတဲ့…Santa Clarita မြို့က သည်လိုမျိုး သူ့နာမည်နဲ့ဆိုင်ကို Mia ရဲ့နာမည်နဲ့ အပြီးအပိုင် လွှဲပေးမယ်လို့ ဆိုတယ်။ Mia M.B.A ပြီးရင် ကိုယ်တိုင်အုပ်ချုပ် လုပ်ကိုင်နိုင်အောင် အခုကတည်းက ဆိုင်ကို တစတစ တိုးချဲ့နှင့်မယ်ပေါ့။ သည်စိတ်ကူး သည်စီမံကိန်းနဲ့ Sandoval တို့လင်မယား ညားခါ… Santa Clarita ကို ခရီးထွက်ကြလေရဲ့။

Mia ကတော့ Los Angeles မြို့ကြီးမှာ ရောက်နေပြီလေ။ Miaအမေက နောက်အိမ်ထောင်ပြုလိုက်တော့ အဖေ Sgt. Montenegroနဲ့ ပတ်သက်ပြီး စောစောက ရနေတဲ့ အထောက်အပံ့ အခွင့်အရေးကလေးတွေလဲ ဆက်မရတော့ဘူး။ နောက်တခါ Community College မှာ တက်နေတာကလဲ Associate ရပြီဆိုတော့ ပြီးပြီပေါ့။ ဘာပဲ ဆက်ပညာသင်သင် Higher Educationတွေအတွက်က Student Loan ထပ်လျှောက်လို့ မရ တော့ဘူးလေ။ Mia အမေက နောက်အိမ်ထောင်ပြုလိုက်ပြီး Fast food menu ဆိုင်ပိုင်ရှင်ကြီး ဖြစ်သွားတော့ ဘယ်ဘဏ်က မှ ချေးလို့ငှားလို့လဲ မရနိုင်တော့သလို၊ ချေးဖို့ငှားဖို့လဲ မလိုအပ်တော့ဘူး ပြောပါတော့။ အခုတော့ ယောကျ်ားယူလိုက်တဲ့ အမေ့ ရည်ရွယ်ချက် အထမြောက် အောင်မြင်ပြီ ဆိုပါတော့။

အမေက လက်မှိုင်ချ ငိုင်လို့ချည့်နေတဲ့သမီးကို သမီးအတွက် သူ ဘာလုပ်ချင်တယ်ဆိုတာ ပထမဆုံး ဖွင့်ပြောတိုင်ပင်ပါတယ်။ Mia ကလဲ သူ့ဘဝရှေ့ရေးအတွက် သက်သက်မဲ့ အနစ်နာခံ နောက်အိမ်ထောင်ပြုမယ်မှန်းသိတော့ ငြင်းဆန်ကန့်ကွက်ခဲ့ပါတယ်။ အမေနဲ့သမီး ၂ယောက်တည်း နေလာခဲ့တာပဲ။ အမေ့မေတ္တာကို နားလည်တာပေါ့။

ဒါပေမဲ့ တခြားတဖက်က Mia တွေးမိတာတကွက်ကလဲ အမေ့ဘဝကို စာနာမိလာတယ်။ အမေ့ခမျာ H.S ကျောင်းပြီးပြီးချင်း ၁၈နှစ်က Class mate သူငယ်ချင်းကို လက်ထပ်ပေါင်းသင်းခဲ့ပြီး၊ စစ်ထဲဝင်သွားတဲ့ လင့်ကွယ်ရာမှာ သမီးကလေးကို မွေးခဲ့ရတာရယ်။ ပြီး သမီးကလေးတသက် အခုထက်ထိလဲ လင်နဲ့မယား တပျော်တပါး ကြည်နူးသာယာစွာ ရက်ကြာကြာ နေခဲ့ရတယ်မှ မရှိပဲ။ သည်အထဲ Mia ရဲ့ကျောင်းစရိတ်နဲ့ အပျိုကလေးဖြစ်လာတော့ မလွှဲမသွေသုံးစွဲကြရတဲ့ Cosmetics ဖိုးတွေနဲ့ စားဝတ်နေရေးက ကြပ်လာတဲ့အခါ အမေ့ခမျာ အလုပ်ကာလဲ ပြုတ်တောင်းပြုတ်တောင်း ထွက်လုပ်လိုက်ရရှာသေးတာရယ်။

သိတယ်နော်…။ စစ်သားမယား ဘယ်ဘော်ကြော့နေနိုင်လိမ့်မလဲ။ အခုတော့ ပိုဆိုးပြီလေ။ တပ်ကပေးတဲ့ မုဆိုးမ တပိုင်းထောက်ပံ့ကြေးနဲ့ သားအမိ ဘယ်ရပ်တည်လို့ ရမှာလဲ။ တဖက်ကကျတော့ Mia ရဲ့ အားငယ်စိတ်နဲ့ ကြိုးစားမှုကြောင့် Mia က စာတော်တယ်။ H.S မှာသာမက College မှာလဲ Credit က ကောင်းတယ်။ သည့်အတွက် အမေကလဲ Super market မှာ အလုပ်ဝင်လုပ်တယ်။ ဒါပေမယ့် University အဆင့်ရောက်လာတဲ့အခါမှာတော့ မတတ်နိုင်တော့ဘူး။ သည်မှာ စာတော်တဲ့ သမီးကလေးကို ဆုံးခန်းတိုင် ပညာသင်စေချင်တဲ့ မေတ္တာ စေတနာနဲ့ အိမ်ထောင်ပြုမယ်လို့ တိုင်ပင်တယ်။ အရွယ်ကလေးကလဲ ရှိတုန်း။ တပတ်နွမ်းအလှ ကလေးကလဲ ကျန်တုန်း။ ကြိုက်တဲ့လူ ယူမယ့်လူကလဲ အဆို ပြုတုန်း။

အေးလေ…။ ဘဝတလျှောက်လုံး ဆင်းရဲနွမ်းပါးလာခဲ့ရသမျှ အခုမှ ပြည့်ပြည့်စုံစုံ တင့်တင့်တယ်တယ်နဲ့ နေခွင့်ရလာမှာဆိုတော့၊ အမေလဲ ကိုယ်နဲ့ထပ်တူ စိတ်လက်ကြည်သာ နေခွင့်ရသခိုက် နေပါ့စေလေ။ သည်အသက်အရွယ်ရောက်လာခါနဲ့ Loveတွေ Faith တွေ Dream တွေကိုလဲ မြတ်နိုးကိုးကွယ်ချင်မနေနဲ့တော့။ သမီးလဲ ဆုံးခန်းတိုင် ပညာသင်နိုင်ခွင့်ရလာမှာ …MBA ပြီးလို့ အလုပ်နဲ့ ရာထူးနဲ့ EZဖြစ်လာရင်လဲ အမေ့ကို နားခိုင်းပြီး တလှည့်ပြန်ပြုစုခွင့်ရလာမှာ ဆိုတော့၊ သမီးဝမ်းသာ ရသလို အမေလဲ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိပါစေတော့။ Mr.Sandoval က ကိုယ့်ထက် အသက်ကြီးလဲ မိန်းမတွေ ခြောက်သောက်ယူတဲ့လူမဟုတ်ရင် ပြီးတာပဲ။ ကြားရတာကတော့ ပထမအိမ်ထောင် ပျက်ရတဲ့အကြောင်းက တခြားကိစ္စ ပါ။ Sandoval ဘက်က Decent ဖြစ်ပါတယ်။ Sandoval အသက်ကြီးတာ ဘာဖြစ်ရမှာလဲ။ ကိုယ့်အပေါ် ကြင်ကြင်နာနာ နဲ့ ချစ်ချစ်ခင်ခင် ပေါင်းနေရင်ပြီးတာပဲ။ ယူသင့် မယူသင့်၊ သမီးအနေနဲ့ ကြည်ဖြူ မကြည်ဖြူ၊ ပထမဆုံး အမေ ဖွင့်ပြော တိုင်ပင် မေးမြန်းခဲ့စဉ်က ရုတ်တရက်ဆိုတော့ ငြင်းဆန်ကန့်ကွက်ခဲ့မိတာကိုလဲ မေ့ထားလိုက်။ အမေလဲ သိသားနဲ့။ ဘယ်သား ဘယ်သမီးတွေကများ သူတို့ရဲ့ Step…တွေကို အလွယ် တကူ လက်ခံတတ်ခဲ့ကြလို့တုန်း။

အခုတော့ Mia လဲ မငယ်တော့ဘူးလေ။ နားလည်ပါတယ်။ ပြီးတော့ အမေ့ရည်ရွယ်ချက်က အမေ့အတွက်ထက် သမီး ပညာသင်ယူနိုင်ရေးက အဓိက။ နောက် အခု ပထမဆုံး လိုက်လျောမှုမှာကိုပဲ Sandoval ကြီးက Generous ဖြစ်ပါတယ်။ အမေက လက်ထပ်ခွင့် ပေးမှာ မပေးမှာနဲ့ မဆိုင်ဘူး။ သား

www.burmeseclassic.com

သမီးရဲ့ပညာရေးကို အားပေးကူညီရမယ် တဲ့။

အရေးအကြီးဆုံးကတော့ အမေ့ကိုလဲ လိုလားနှစ်သက် ချစ်ခင်စုံမက်ပုံ ရပါတယ်။ အမေကလဲ ၁၅နှစ်၊ ၁၆နှစ်ကြီး များတောင် ငယ်တော့ ပိုကြိုက်မှာပေါ့။ ကိုယ့်အမေမို့ ပြောလို့ ပြောတာ မဟုတ်ပါဘူး။ အမေက လှလဲ လှ၊ ခန္ဓာကိုယ်က လည်း တပ်မက်စရာ ကောင်းဆဲကို…။ အမေ့ Walmart မှာ… အမေတို့ချင်း စ,မဆုံမိကြဖူးစဉ်ကတော့ အမေကလဲ လင်စိတ်သားစိတ်တွေ ကုန်ခမ်းပြီး ပစ္စုပ္ပန္နရကြီး နေနေတာ ကို…။ ဒါကိုပဲ အမေရဲ့ Camouflaged Beautyကို မြင်ပြီး နေ့စဉ်လိုလို ချဉ်းကပ် Date လုပ် တန်းတန်းစွဲ Propose လုပ်လာတော့၊ အမေဆိုတဲ့ သစ်ငုတ်တိုကြီးလဲ လှုပ်လာတော့ တာပေါ့။ မိန်းမတွေက သိသာတယ်လေ။ အမေနဲ့သမီး ၂ယောက်တည်း အတူ နေတာဆိုတော့ ၂၀ကျော် Mia လဲ ရိပ်မိတာပေါ့။ ကျစ်ဆံမြီး ၂ဖက်ခွကျစ်ပြီး၊ တနေ့ ရင်ဘတ် ပေါ်မှာ တွဲလောင်းချ။ တနေ့ ငယ်ထိပ်ပေါ်က စုစည်း။ တနေ့ အတုတ်ကြီးတချောင်းတည်း ကျစ်ချထားပြီး အဖျားမှာ ဖဲပွင့်ချည် နှင်းဆီတပွင့် ထိုးလို့။ တနေ့တမျိုး မရိုးအောင် ငယ်ရုပ်ဆင်နေတာရယ်။ အင်း… Proactive လိမ်းထားတဲ့ မျက်နှာမှာလဲ Shadow တွေ ဆွဲ၊ Color တွေ ခြယ်၊ Cream Puff တွေ ရိုက်လို့။ အစွမ်းကုန် သ, ထားတာများ သမီးနဲ့ အလှချင်း ပြိုင်နေလေရော့လား အောက်မေ့ရတယ်။

ပြီး…အမေ့ရဲ့ Walmart အလုပ်ချိန်က ပုံမှန် 6am to 2p.m ပါ။ ဆောင်းတွင်းဆို မိုးမလင်းသေးဘူး အမေ အိမ်ကထွက် ပြီ။ သမီးကို အိပ်ရာထဲမှာပဲ ရှိသေးတယ်၊ လာ ငုံ့နမ်းပြီး နှုတ်ဆက်သွားပြီ။ တခန်းလုံး မွှေးကျန်ရစ်ခဲ့တာပဲ။ ဒါပေမဲ့ ညနေဘက် ကျောင်းကနေ သမီး အိမ်ပြန်ရောက်တော့လဲ… နောက်အကျဆုံး 5pm မှာတောင် အမေ အိမ်ပြန်မရောက်တတ် သေးဘူး။ တခါတရံဆိုရင် ညကြီးမိုးချုပ်လို့ 9pmလောက်မှ ပြန်ရောက်လာတတ်တယ်။ ဒါတောင် သားအမိ ၂ယောက် ပေါင်းမှ တစင်းတည်းရှိတဲ့ကားကို အမေသာ သုံးနေတာရယ်။ သမီးမှာ ကားမရှိဘူး။ ကျောင်းသွားကျောင်းပြန်လဲ ဘတ်စ်နဲ့။ H.Sတုန်းကလဲ School busနဲ့ပဲ တက်ခဲ့ရတာဆိုတော့ ရိုးနေပါ ပြီ။ သည် Pasadenaထဲမှာကလဲ ဘတ်စ်က မဆိုးပါဘူး။

ဒါပေမယ့် အမေ့ကိုချစ်ရတာက ဘယ်တော့မှ ငြိုငြင်ချင် လို့ မရတာက အမေကလဲ သမီးကို ဘယ်တနေ့မှ မမေ့တာ ကြောင့်ပဲ။ ဘယ်အချိန်မှာ ပြန်ရောက်ရောက် သမီးစားဖို့ရာ တခုခုတော့ ဖေါ့ဗူးကလေးနဲ့ ကြွပ်ကြွပ်အိတ်ကလေးနဲ့ မမေ့ မလျော့ ဝယ်လာတတ်တာချည့်ပဲ။ တခါတရံမှာဆို( save mony ဆိုတဲ့ Store logo အရ)ဈေးသက်သာတဲ့ သူ့ Walmartက မဟုတ်တဲ့ Macy တို့ J.C.Penny တို့ Sears တို့ကတောင် အဝတ်အထည် အသစ်အဆန်းကလေးတွေ တကူးတကနဲ့ ဝယ်လာတတ်သေးတယ်။ အလှပြင် ၂ယောက်သုံး Cosmetics တွေဆို ရင်လည်း အမေချည့် ဝယ်လာတာပဲ။

*(ဆက်လက်ဖော်ပြပါမည်)*

■

မောင်သာရ

